www.burmeseclassic.com

# သင်းရုရုပိမ်း

ကျော့...

ညပန်းချီလင်းရိပ်ဦး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ရှင်သန့်ခြင်းစာအုပ် (၂)

# ကျော့ ... ညပန်းချီလင်းရိပ်ဦး

သင်းစုစုညိမ်း

ရှင်သန့်ခြင်းစာပေ
အမှတ် (၄၈)၊ ဒုတိယထပ်၊ ဝါးခယ်မလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ကျော့ . . . ညပန်းချီလင်းရိပ်ဦး

■ စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
{ ၇၁၆/ ၂၀၀၄ (၇) }

■ စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၁၀၈၂/ ၂၀၀၄ (၁၀) ]

■ မျက်နှာဖုံးဒီဇိုင်း
ကိုဆန်း

■ ရေးစံဒီဇိုင်း
နေဝင်းအောင်

■ ပထမအကြိမ်၊ ရှင်သန်ခြင်းစာပေ၊ ဒီဇင်ဘာ၊ ၂၀၀၄ခုနှစ်။
အုပ်ရေ (၅၀၀)

■ စီစဉ်သူ
ဆွေဘောင်းဖြူ

■ ဦးခင်မောင်သိန်းဆွေ (၀၇၄၇) သလ္လာဝတီစာပေ
အမှတ်(၂၄၀)၊ အခန်း(၃)၊ ဗေယျာသုခလမ်း၊ (၂၅)ရပ်ကွက်၊
သုဝဏ္ဏမြို့နယ်၊ ရန်ကုန်မြို့မှထုတ်ဝေ၍
ဦးကျော်ယဉ် (၂၉၅၂) ဇမ္ဗူမော်ပုံနှိပ်တိုက်
အမှတ်(၁၂၁)၊ (၃၈)လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

■ တန်ဖိုး
( ၇၅၀ ) ကျပ်

## အခန်း(၁)

ကြည့်နေရင်း ကြည့်နေရင်းက မိုးကောင်းကင်မှာ အလင်းတွေပေါ်လာတာ ကျော့မသိလိုက်ရပါလား။ တိမ်တွေပြိုကွဲစပြုပြီ။ တိမ်တွေရဲ့အလင်းဟာ အက်ကြောင်းလား။

နက်မှောင်သောကတ္တီပါရောင်မိုးကောင်းကင်သည် ညဥ့်နက်လာသော် မိုးသားတိမ်ထုတို့ တဖြည်းဖြည်းပြိုကွဲ၍ အလင်းဖျော့ဖျော့ကို ဆင်ယင်လာသည်။

တကယ်ဆို မေလ၏ညတစ်ညသည် ဤမျှတိမ်ထူနေဖို့မကောင်း၊ မိုးများသည့်ဒေသဖြစ်၍ သကြ်န်ရက်ပြီးကတည်းက မိုးရိပ်ဆင်နေတာ သိပ်တော့မဆန်းပါ။ မနက်ဖြန်မှာတော့ ရာသီဥတုသာယာပါစေဟု ကျော့ဆုတောင်းမိသည်။

ကျော့သည် အိပ်မပျော်နိုင်ဘဲ အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်ရှိနေရာမှ ခုတင်ပေါ်မှ အသာလျှောဆင်းကာ ပြတင်းပေါက်ဆီသို့ လှမ်းလာခဲ့သည်။ အိပ်ခန်းထဲတွင် မှောင်နေသော်လည်း ကောင်းကင်၏ အလင်းရောင်ကြောင့် သဲသဲကွဲကွဲ မြင်ရသည်။ လျှပ်စစ်မီးလည်း ပြတ်တောက်သွားပြီဖြစ်သည်။ အိမ်ရှေ့လမ်းမပေါ်မှ လူငယ်တချို့ အိမ်ပြန်သံ၊ သီချင်းဆိုသံတို့ကို တစ်ချက်တစ်ချက် ကြားရသည်။ တစ်အိမ်လုံး မှောင်နေ၏။ အိမ်သားများလည်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်စပြုပြီ။ ခပ်ဆောဆောကတော့ မေမေ့အခန်းမှ ဖယောင်းတိုင်အလင်းရောင်ကို မြင်ရသေးသည်။ ပြီးတော့ စာရွက်လှန်သံ၊ ဗီရိုဖွင့်သံ၊ ပိတ်သံ၊ အိပ်ရာဝင်ဖို့ ပြင်ဆင်သံ၊ ညင်သာသည့် မေမေ၏လှုပ်ရှားမှုနှင့် အဝတ်အစားပွတ်သံသဲ့သဲ့ တို့ကို ကြားရသည်။

အိပ်ရာပေါ် ခေါင်းချသည်နှင့် အိပ်ပျော်တတ်သည့် မေမေက ခပ်ဆော ဆောကပဲ အိပ်မောကျသွားပုံရသည်။ မေမေကမူ ဟိုတွေးဒီတွေးနှင့် တော်တော် နှင့် အိပ်ပျော်မည်မထင်။ မေမေ ပူပန်တတ်သည့်အကြောင်းအရာတွေမှာ ကျော့ မပါလျှင် ကောင်းပေမပေါ့။

မှန်ပြတင်းပေါက်ကို အသံမမြည်အောင်ဖွင့်လိုက်သည်။ အေးမြသော လေသည် အခန်းတွင်းသို့ ဝင်ရောက်မွှေနှောက်သည်နှင့်တစ်ပြိုင်နက် ည၏ ကျယ်ပြန့်မှု၊ တိတ်ဆိတ်အထီးကျန်မှုတို့ကို ကျော့ ချက်ချင်းခံစားလိုက်ရသည်။

ကတ္တီပါကဲ့သို့ နက်မှောင်စိုလက်သော ကောင်းကင်သည် ကျော့နှင့် တဖြည်းဖြည်း နီးကပ်လာသလားအောက်မေ့ရသည်။ သစ်ပင်တို့ စုံလင်လှသည့် ကျယ်ဝန်းသောခြံကျယ်ကြီးထဲသို့ မျက်လုံးဖြန့်ကျက်ကြည့်မိသည်။ လပေါ်တွင် တိမ်တွေဖြတ်သွားသဖြင့် လင်းတစ်ချက်မှောင်တစ်ချက် ဖြစ်နေ၏။ ကောင်းကင် ကြီး မှောင်နေလျှင်တော့ ကျော့ကြောက်သည်။ အခုလို ညမှာ ကြယ်ပွင့်ကလေး တွေ တွေ့ရတာ ချစ်စရာကောင်းနေပါသည်။

**"ညဟာ ဝန်းရှိကားတစ်ချပ်ဆိုလျှင် ကျော့တတော့ စိန်ကြယ်ပွင့် ကလေးတွေပါ ပါအောင်ထည့်ဆွဲချင်သည်။"**

ရွှတ်တရက် တိမ်စိုင်တိမ်မည်းတို့ကို ဆေးငွေရောင်ဖြင့် ပဌလက် ဆန်ဆန် ပက်ဖြန်းဖန်တီးလိုက်သည့်အလား လင်းလက်သောငွေမျှင်တန်းတို့ ဟိုမှဒီမှ ပေါ်ထွက်လာသည်။ တိမ်လွှာထုသည် တောင်ဘက်သို့ တအိအိ ခရီး နှင်စပြုသည်။

ကျော့ငယ်ငယ်က ကောင်းကင်ပေါ်ကတိမ်တွေစီးကာ ခရီးနှင်လိုက်ရ လျှင် လမင်းကြီးဆီရောက်နိုင်ကောင်းရဲ့ဟု တွေးမိသည်။ မကြာခဏလည်း တိမ်တွေအကြောင်း အိပ်မက်မက်ဖူးသည်။ အိပ်မက်ထဲမှာ တိမ်တွေစီးရသည်က ပျော်စရာ၊ ကျော့က တိမ်ထုပေါ်မှနေ၍ ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်ကာ ကမ္ဘာ မြေကို ငုံ့ကြည့်လျက် မြို့တွေလည်းဆိုင်းကာ မှုန်ဝါးဝါး၊ ပြီးတော့ အေးမြမြ။



စိတ်ချမ်းသာလိုက်ပါဘိ၊ ပျော်စရာတွေချည်းပဲ၊ ကျော့ရဲ့ ပျော်ရွှင်မှုကို နှောင့်ယှက်မည့် တစ်စုံတစ်ရာမှ မကြုံရ။ မေမေ၏ အပြစ်တင်သံနှင့်ဆင်ဆင် မပြောနှင့် ကျော့ အင်မတန်နှစ်သက်သော မေမေ၏ နက်မှောင်သောဆံထုံးကို ဖြည်ချလိုက်၍ ဆံမျှင်ချင်းထိတွေ့ပွတ်မိသည့် ညှံ့သက်လှသောအသံမျိုးပင် မကြားရ။

အောက်မှ လေတွေပင့်တိုက်လျှင် အပြင်မှာ တကယ်မရှိသည့် ကျော့ရဲ့ ဆံပင်ရှည်တွေက လေမှာ တလွင့်လွင့် နှင့်တဲ့၊ ခရီးကလည်းရှည်သည်။ အိပ်မက် ကလည်း ရှည်သည်။ ဖျတ်ခနဲနိုးသွားလျှင် ကျော့သည် အိပ်မက်ပြန်မက်ဖို့ တောင့်တသေးသည်။

အိပ်မောကျနေသည့် အစ်မဖြစ်သူ ပွင့်ဦးမောင်ကို ခပ်ငေးငေး ကြည့်မိ သည်။ ပွင့်၏ဇာခြင်ထောင်သည် လိုင်းတွန့်ကလေးများ တလွန့်လွန့်လှုပ်နေ၏။ ပွင့်ဟာ တိမ်တွေကပေးတဲ့အိပ်မက်ကို သိပါ့မလား၊ သစ်ရွက်စိမ်းတွေပေါ် လရောင် ဘယ်ပုံဖြာတယ်ဆိုတာ သိပုံမရ၊ မိုရေးဗီးယားကိုလည်း မသိ၊ ချက်ကော့ကိုလည်းမသိ၊ မသိဆို ခြံထဲကရောက်ပွင့်ကလေးတွေ၊ ငှက်သိုက်ထဲ က ငှက်ပေါက်ကလေးတွေကိုလည်း မသိပါဘူး။ ငယ်ငယ်ကပဲ ကစားရင် သူ့အနိုင်ရဖို့ပဲသိတာ၊ အခုလည်း အိပ်နေတာတောင် နှစ်နှစ်ခြိုက်ခြိုက်၊ အိပ်မက် မက်ဖို့လည်း တတ်သိမည်မဟုတ်၊ သနားစရာတော့ အကောင်းသား။

ကြည့်စမ်း အခုမှပဲ လကို မြင်ရတော့တယ်။

အခန်းထောင့်တစ်နေရာတွင် ကျော့ယူသွားရန် ပြင်ဆင်ထားသော အထုပ်အပိုးများကို ဝေ့ဝဲကြည့်မိသည်။ များပြားလိုက်တာ၊ တစ်အိမ်သားလုံး ဘယ်သူမှမနေရဘဲ တစ်ယောက်တစ်လက် ထုပ်ပိုးထားရသောအထုပ်အပိုးတွေ ဖြစ်သည်။ ဒါတောင် မစုံသေး။ အောက်ထပ်မှာ စားစရာသောက်စရာတွေက ခြင်းကြီးခြင်းငယ်နှင့် ရှိသေးသည်။ ကျော့သဘောအတိုင်းဆို အိပ်ရာလိပ် သေတ္တာနှင့် စာအုပ်မှလွဲ၍ တခြားဘာမှအပိုသယ်မည်မဟုတ်။ မေမေက ကျော့ စိတ်တိုင်းကျမထည့်ရ၊ အဝတ်အစားထည့်ရာမှာလည်း မေမေနှင့်ကျော့ သဘော ချင်း မတိုက်ဆိုင်။

"ကျောင်းတက်ဖို့သွားတာ အဲဒီလောက်အကောင်းတွေမလိုပါဘူး မေမေရယ်"

www.burmeseclassic.com



"ပွဲနေ့ပွဲထိုင်လိုတာပေါ့၊ သူများတွေဝတ်ရင် ကိုယ်လည်းဝတ်ရမယ်"
သူများဝတ်တိုင်းဝတ်ရမယ်တဲ့လား၊ ကျော့နှာခေါင်းရှုံ့သည်။

"ကျော့သိပါတယ်၊ သက်သက် သေတ္တာလေးရုံပဲရှိမှာ၊ ဟိုကျ ရှပ်အင်္ကျီတစ်ထည်နှစ်ထည် လဲလှယ်ဝတ်ရင်းပြီးသွားမှာ"

ကျော့ပါးစပ်ကပြောသာပြောနေသော်လည်း လက်က မေမေယူနိုင်းတာတွေ ထည့်ပြီးနေပြီဖြစ်သည်။ အိမ်နေရင်းတီရှပ်ပွပွဖရိုဖရဲ၊ ညှပ်တာတိုလွန်းသဖြင့် တမင်ဖွာနေအောင် လက်ဖြင့်ထိုးဖွထားသည့် ဆံပင်တိုတို၊ ရှုပ်ပုပ်ကျော့မျက်နှာထားကိုကြည့်၍ မေမေတစ်ခုခုပြောတော့မှာကြောင့် လှစ်ခနဲ အပြင်ပြန်ထွက်ခဲ့သည်။

တစ်နေ့လုံး ကျော့တို့အိမ်မှာ ဆွေတွေမျိုးတွေ တရုန်းရုန်း၊ ဝမ်းကွဲမောင်လေးတွေ၊ အနီးအနားမှကလေးတွေကအစ လူတွေစုရုန်းတာကြည့်ပြီးပျော်နေကြသည်။ ကိုကို တက္ကသိုလ်သွားရသည့်နှစ်တွေမှာလည်း ကျော့တို့အငယ်တွေ ဒီလိုပဲ ပျော်ခဲ့ကြတာပဲ။

ကျော့မှာ ကျောင်းသူတစ်ယောက်အနေနှင့် ပစ္စည်းတွေများနေတာ၊ ယူစရာတွေများနေတာကို ဘယ်သူမှ များတယ်လို့မပြောကြပေ။ လူကြုံလာပါးသည့်ပစ္စည်းတွေလည်း သယ်ရမည်။ ဖေဖေ့အစ်မကြီး ဒေါ်ကျော့နုက ရန်ကုန်ရောက်ဆွေမျိုးတွေအတွက် ထုပ်ပိုးထားသည့်ပစ္စည်းတွေကလည်း မနည်းမနော။

"ကျောင်းဆောင်ရောက်ရင် အိမ်မှာလိုမစားရတော့ဘူး။ များများသာထည့်ယူ။ ဟိုရောက်မှ ကိုယ့်ဆီကအစားအစာ ပြန်တောင့်တလို့မရဘူး"

ကျော့ယူသွားဖို့ အရီးနုစာရင်းချတာတွေကို မနည်းတားယူရသည်။

"ကျော့ကဂျီးမများပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်စားတတ်တယ်၊ အဆောင်မဝင်ရခင် ဘကြီးတို့အိမ်မှာ တစ်ပတ်လောက်နေရဦးမှာဆိုတော့ တချို့ဟာတွေက ခံမှာမဟုတ်ဘူး"

"အဆောင်ရောက်ပြီး ဝိုင်းစားရင်ကုန်မှာပဲ၊ တစ်ယောက်တည်းမဟုတ်ဘူး၊ မိတ်နဲ့ဆွေနဲ့စားရမှာ များများသာထည့်ယူ"

ဘယ်နေမှန်းမသိသော ကျော့သူငယ်ချင်းတွေကိုပါ စေတနာပိုလိုက်သေးသည်။ အရီးနုမှာ လက်ကလည်း လုပ်စရာရှိတာလုပ်၊ ပါးစပ်ကလည်း လာသမျှစည်သည်ကို တတွတ်တွတ်နှင့် ပြောဆိုစည်ခံနေသည်။ သူ့ခန္ဓာကိုယ်



က ဝဖိုင့်ဖိုင့်၊ အသက်ခြောက်ဆယ်ရှိပြီဖြစ်သော်လည်း ပေါ့ပေါ့ပါးပါး ဖြတ်ဖြတ်လတ်လတ်ရှိတုန်းပင်။ မျက်လုံးနက်နက်နှင့် အမြဲစုထားသောနှုတ်ခမ်းများကြောင့် မျက်နှာထားတင်းသယောင်ရှိသည်။ ဦးခေါင်းတွင် ဆံပင်ကျဲသော်လည်း အဖြူတစ်ပင်မှ မရောသေးသည့် ဆံစုမျှင်မျှင်ကို ဆင်စွယ်ရောင်ခေါင်းဖီးသေးသေးလေးနှင့် တစ်နေကုန်မပြေအောင် ဘီးစပတ်ပတ်ထားလေ့ရှိသည်၊ လူကြီးပီပီ မီးဖိုထဲဝင်လာလျှင် သူ့မျက်စိရှုးရှုးတွေက ချွတ်ယွင်းချက်တစ်စုံတစ်ရာကိုလည်းကောင်း၊ တူမတွေ၏ အပြစ်အနာအဆာကိုလည်းကောင်း ထောင့်စေ့အောင်ကြည့်ရှုနိုင်သည်။ နေရာတကာ သူ့ခြေသူ့လက်လုပ်ရမှ စိတ်တိုင်းကျသူ။ အရီးနု၏ မျက်လုံးများသည် ဖြေရှင်းချက်တစ်စုံတစ်ရာကို အမြဲတောင်းနေတတ်၏။ သို့သော် ဖြေရှင်းချက်တိုင်းသည် အရီးနုဆီရောက်လျှင် ဆင်ခြေအဖြစ် ပြောင်းလဲသွားတတ်လေ့ရှိသည်။

လူငယ်တွေကိုလည်း သူတို့ကြီးပြင်းခဲ့ရသည့်ခေတ်ကာလစည်းစနစ်တွေနှင့်ပဲ နှိုင်းယှဉ်ကာ နေရာတကာ ကန့်သတ်တတ်သည်။

ထမိန်တိုတိုဝတ်သည့်ခေတ်ရောက်ပြန်တော့

"မိန်းကလေးတွေတဲ့ အံ့ပါရဲ့၊ ဘယ်လိုခေတ်ကာလကြီးပါလိမ့်နော်"

ဟု အရီးနု တအံ့တသြပြောမဆုံး။

"ခေတ်ကာလသားသမီးတွေများ အနေအထိုင်ကို မတတ်ကြဘူး၊ ငါတို့ငယ်ငယ်ကများ ကြမ်းပြင်ပေါ်လှဲအိပ်ရင် နင်တို့ဘိုးဘိုးက ခြေထောက်နဲ့ကန်ပစ်တာ၊ အိမ်ရှေ့ကြမ်းပြင်မှာ မိန်းကလေးတွေ အိပ်စရာလား၊ လမ်းလျှောက်ရင်လည်း ခြေသံလုံလုံနဲ့ လျှောက်ပေါ့၊ အခုတော့ ဝုန်းဒိုင်းကိုကျဲနေတာပဲ၊ ဘာလုပ်လုပ် ညင်ညင်သာသာကိုမရှိဘူး၊ လက်သံတွေကလည်း ပြောင်ပ"

ကျော့တို့အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်၊ အိမ်ကကျယ်သလို ကြမ်းပြင်ကလည်း ပျဉ်းကတိုးပျဉ်တွေဖြစ်သဖြင့် အဝတ်နှင့်ပွတ်တိုက်ထားရုံနှင့် ချောမွေ့ပြောင်လက်နေသည်။

အပေါ်ထပ်ဧည့်ခန်းတွင် ရှေ့ဟောင်းပရိဘောဂတစ်ချို့သာရှိသဖြင့် ပြောင်ရှင်းနေသည်။ အလှူအတန်းလုပ်လျှင် လူတစ်ရာလောက်တော့ အသာလေး ဆန့်သည်။ လှေကားတွေကလည်း ကျယ်သဖြင့် ကျော့ဆို ပြေးတက်ပြေးဆင်း လုပ်နေကျ။ ငယ်ငယ်တုန်းကဆို ကစားပြီးမောလာလျှင် အေးစက်

www.burmeseclassic.com

www.burmeseclassic.com



မာကျောတဲ့ကြမ်းပြင်ရဲ့အထိအတွေ့မှာ တစ်ကိုယ်လုံးပစ်လှဲပြီး ဆန့်လိုက်ရမှ ကျေနပ်သည်။ ကြမ်းနှင့်နားကပ်၍ ကိုယ့်နှလုံးသံ ကိုယ်နားထောင်ရတာ အရသာတစ်မျိုးပင်။

ဘိုးဘိုးက စည်းကမ်းကြီးသော်လည်း မြေးတွေကိုတော့ သိပ်မပြော။ အရီးနုက ဖေဖေ့သားသမီးတွေကို အလိုလိုက်တာကိုလည်း နည်းနည်းမှ ကြည့်မရဆေး ဖေဖေကမူ "ဆုံးမဖို့မလိုပါဘူး မမနုရယ်၊ လိမ္မာပြီးသားတွေပဲ"ဟု ကျော့တို့မျက်နှာကို အပြုံးနှင့်ကြည့်၍ ခပ်အေးအေးပင် ပြန်ပြောလေ့ရှိ၏။

ဖေဖေတို့မှာ မောင်နှမလေးယောက်ရှိသည့်အနက် ဖေဖေက အငယ်ဆုံးဖြစ်သည်။ အရီးနုအောက် ဘကြီးဦးမင်းနောင်မှာ ဆရာဝန်တစ်ယောက်အဖြစ် အနယ်နယ်အရပ်ရပ် လှည့်လည်တာဝန်ထမ်းဆောင်ပြီး ယခုအခါ ရန်ကုန်၌ အခြေချနေထိုင်နေပြီဖြစ်သည်။ ဖေဖေ့အထက်မှ အရီးဒေါ်ကျော့စံမှာ မန္တလေးတက္ကသိုလ်တွင် ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည်။

ကျော့၏ဖေဖေသည် တက္ကသိုလ်ဝင်တန်းအောင်ပြီးနောက် ရုံးတစ်ရုံးတွင် အလုပ်စဝင်သည်။ တက္ကသိုလ်ပညာသည် သူ့အတွက်မလိုဟု ဆိုသည်တဲ့။ သို့သော် သားသမီးတွေအားလုံးကိုတော့ တက္ကသိုလ်ရောက်အောင်ပို့ဖို့ဆန္ဒရှိကြောင်းကို အမြဲထုတ်ဖော်ပြောတတ်သည်။ ကျော့ကတော့ ဖေဖေ၏ ထိုစကားတစ်ခွန်းနှင့်ပင် ဆယ်တန်းကို လွယ်လွယ်ကူကူ အောင်ခဲ့သည်ထင်သည်။

အရီးနုကမူ သူတို့ခေတ်ကမိန်းကလေးဆိုလျှင် ပညာတတ်စရာမလို အလုပ်လုပ်စရာမလိုဟု ခံယူကြသောခေတ်အခါဖြစ်၍ သူသည် ကြေးရတတ်သမီးပီပီ ဂုဏ်ပျက်ခံကာ ပညာမသင်ခဲ့ပေ။ အရီးစံလက်ထက်ရောက်တော့ ခေတ်ကပြောင်းလာသည်။ မိန်းကလေးတွေ ပညာသင်လာကြပြီး ပညာတတ်မိန်းမတွေ ပေါ်ထွန်းကာ ကိုယ့်နယ်ကျဉ်းကျဉ်းလေးမှာပင် အပြိုင်အဆိုင်ဖြစ်လာကြသည်။

'မိန်းကလေးတွေ ဘာလို့ ပညာသင်နေမှာလဲ၊ အရွယ်ရောက်ရင် မီးဖိုချောင်ထဲသွင်းပေါ့'ဟု ပြောတတ်သော ဘိုးဘိုးပင် လေသံပျော့လာသည်တဲ့။ အရီးစံမှာ သူကိုယ်တိုင်ကလည်း ပညာရေးကို လိုလားသည်။ သူ့ဘဝတွင် အသက်ရှူခြင်းနှင့် စာဖတ်ခြင်းသာ လုပ်စရာရှိသည့်အလား ထင်မှတ်ရသည်။ ပညာတတ်မိန်းမတစ်ယောက်အဖြစ် ပွဲလည်တင့်ချင်သူဖြစ်သည်။ တောနယ်မှာ



ဖဲ သူ့ဘဝကို မကုန်ဆုံးစေချင်။ သူ့ဉာဏ်ရည်၊ သူ့အစွမ်းအစတို့သည် လူ့ဘဝအစ်ခေါက်ရောက်လာပြီး ရိုးရိုးသာမန်တိမ်မြုပ်သွားဖို့ မထိုက်တန်ဟု သူယူဆသည်။ ပညာတွေတတ်သွားတော့ အဖေကိုထားခဲ့ပြီ။ မိသားစုကိုထားခဲ့ပြီ။ ကိုယ့်ဇာတိရပ်ရွာကို တော်တော်နှင့်ပြန်မရောက်တော့ပေ။

ကျော့တို့ကလေးဘဝက အရီးစံပြန်လာတာ တစ်ခါနှစ်ခါ ကြုံဖူးသည်။ နောက်ပိုင်းပုံတွေကိုတော့ ဓာတ်ပုံထဲမှာသာ မြင်ဖူးသည်။ အရီးစံက စကားနည်းသည်။ အားလုံးနှင့် ဖာသိဖာသာနေတတ်သည့်အထဲ တင်းမာဟန်ရှိသည့် သူ့မျက်နှာထားကလည်း အားလုံးနှင့်ဝေးစေသကဲ့သို့ ဖြစ်နေသည်။ ကျော့ငယ်ငယ်က အရီးစံကို တော်တော်ကြောက်ခဲ့သည်။ ကျော့မသိသည့် တက္ကသိုလ်က ဆရာမကြီးဆိုတာနှင့်ပင် သူ့ကို တော်တော်ရှိန်နေပြီ။ နောက်ပိုင်းနှစ်များတွင် အရီးစံသည် သူ့ဖာသာသူ နေသားကျကာ အိမ်ကိုလည်း အဆက်အသွယ် မလုပ်ပေ။ သူ့စာတွေ သူ့အလုပ်တွေထဲမှာသာ နစ်မြုပ်ပြီး အသေးအဖွဲဟု သူထင်သည့်အရာတွေကို ဂရုမစိုက်ဖြစ်တာများ၍ ကြာတော့ အကျင့်ပါသွားတာ ဖြစ်နိုင်သည်။

အရီးနုက ညီမဖြစ်သူကို တစိမ်းဆန်လွန်းရကောင်းလား၊ အသည်းနှလုံးတွေ တင်းမာခက်ထန်ရကောင်းလားဟု မကျေမနပ်ပြောတတ်၏။ သို့သော် ညီမဖြစ်သူကြိုက်တတ်သော ဒေသထွက်အစားအသောက်များကိုတော့ လူကြုံတိုင်း ထည့်ပေးဖို့ သတိရတတ်သည်။ ယူသွားပေးသည့်သူကိုလည်း "မင်းမောင်ထည့်ပေးလိုက်တယ်ဆိုတာ ထည့်ပြောနော်" ဟု စိတ်မလုံတလုံနှင့် မှာတတ်သည်။ ဖေဖေကမူ ပြုံးနေတတ်၏။

ဖေဖေတို့မောင်နှမအားလုံး မျက်နှာထားဆင်ကြသည်။ မေးရိုးပေါ်နှာတံပေါ်၍ အလွန် ရခိုင်ပီသသောမျက်နှာများ ဖြစ်ကြသည်။ မာနကြီးကြီး၊ သိက္ခာကြီးကြီးနှင့် နေထိုင်ကြသည်။

ဖေဖေကမူ အားလုံးထဲတွင် ထူးခြားသည်ဟု ဆိုရမည်။ ဖေဖေမှာပင်ကိုယ်သဘာဝအရ လွတ်လပ်မှုကို မြတ်နိုး၏။ စိတ်သဘောထားကြီးမြင့်၍ ခွဲသန်၏။ ရိုးသားဖြောင့်မတ်သည့်သဘောကိုကား မျက်လုံးအကြည့်စကားပြောသည့်လေသံလောက်နှင့်ပင် လူတိုင်းသိမြင်နိုင်သည်။ အဝတ်အစားအဆင်တန်ဆာနှင့် အနေအထိုင် ရိုးစင်းသည်။ သူ့ရုံး၊ သူ့မိသားစု၊ သူ့ဥယျာဉ်ခြံမြေနှင့်

www.burmeseclassic.com



ပင် ပျော်ရွှင်ကြည်နူးနေတတ်သည်။ အားလပ်၍ ခဏတစ်ဖြုတ်ထိုင်ချိန်မှာ ဆေးပေါ့လိပ်ရှိုက်ဖွာရင်း ကော်ဖီကျကျတစ်ခွက်သောက်ရသည်နှင့်ပင် အားရကျေနပ်နေတတ်သည်။

ဖေဖေဖတ်ဖူးသောစာအုပ်မှာ ကျော့သိသလောက် အနည်းအပါးသာရှိသည်။ ကျော့တို့ ကြီးပြင်းလာပြီးမှ ဖေဖေ့အား စာဖတ်နေတာမျိုး၊ အချိန်ကြာမြင့်စွာ အိမ်ထဲမှာထိုင်နေတာမျိုး မတွေ့ဖူးချေ။ နေမကောင်းလျှင်ပင် အိပ်ရာထဲမှာ နေသူမဟုတ်။

မိတ်ဆွေအပေါင်းအသင်းအပေါ်တွင်လည်း အလွန်အလေးအနက် ဂရုထားတတ်၏။ မိတ်ဆွေဖြစ်သည်နှင့် ဖေဖေ့အတွက် ထိုသူသည် ရာသက်ပန်မိတ်ဆွေဖြစ်လေတော့သည်။ မိတ်ဆွေဖြစ်ပြီးမှ ပြန်လည်စိမ်းကားပြတ်တောက်သွားခြင်းမျိုး မရှိပေ။ မည်သည့်အရာ မည်သူတစ်ဦးတစ်ယောက်အပေါ်မှာမှ အမျက်ဒေါသမထွက်ခြင်းသည် ဖေဖေ၏ အင်မတန်ထူးခြားကောင်းမွန်သော အရည်အသွေးတစ်ရပ်ပင်။

ဖေဖေသည် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ယောက်မဟုတ်၊ လူအများက သူ့အား လေးစားချင်မှလေးစားမည်။ သူ့ဘဝမှာ ပြောင်မြောက်သောလုပ်ဆောင်ချက်တွေ မရှိခဲ့။ သို့သော် သူနှင့်ပတ်သက်နေသော မည်သည့်အလုပ်ဌမဆို အလွန်တတ်သိ၍ တာဝန်ကျေပွန်သောသူတစ်ယောက် ဖြစ်ပါသည်။

အတ္တကိုယ်စီရှိကြပြီး စိတ်မာန်ကြီးသော ဆွေမျိုးများအလည်တွင် ဖေဖေသည် သံအပိုင်းအစငယ်များ တစ်စုတစ်ဝေးတည်း စုစည်းတွယ်ကပ်နေသည့် သံလိုက်တုံးသဖွယ် အစွမ်းရှိသည်။ အနည်းငယ်ခေါင်းမာခက်ထန်သယောင်ရှိသော်လည်း အားလုံးကို သိမ်မွေ့နူးညံ့စွာ ခံစားတတ်သူလည်းဖြစ်သည်။ ကျိုးပျက်များ၍ ပစီပစပ်နိုင်လှသော အစ်မအပျိုကြီး၏အတ္တကိုလည်း ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်။ ဖေဖေရှိသောတစ်ခဏသည် အိမ်ရှိအရာအားလုံး ညီညွတ်ခြင်းသဘောကိုဆောင်စေ၏။

နှစ်ဖက်မိဘဆွေမျိုးများကိုလည်း ဖေဖေပဲ ဂရုတစိုက်ရှိလှသည်။ အနည်းဆုံး မေမေသည် သူ့အစ်ကိုကြီးမွေးနေ့ကို သတိမထားဘဲ အမှတ်မရတော့ဘဲရှိချိန်မှာ ဖေဖေက ထိုအိမ်မှ မုန့်စားပြီးပြန်လာကာ "အစ်ကိုကြီးကိုဘာလက်ဆောင်ပေးရရင်ကောင်းမလဲဟေ့"ဟု မေးတတ်၏။ ရန်ကုန်သို့



ရောက်လျှင်လည်း ဆွေမျိုးများအိမ်သို့ အိမ်တိုင်းစေ့ သတိတရဝင်လည်ကာ လက်ဆောင်ပါးဖို့ သတိရတတ်၏။ အိမ်မစေ့သေးပါက တည်းခိုခန်းခ၊ နေစရိတ်၊ စားစရိတ် အပိုကုန်ခံကာ တစ်ရက်တန် နှစ်ရက်တန် ဆက်နေလိုက်သေးသည်။

ယောက်ျားဘက်ကဆွေမျိုးများကို မကျေနပ်သော ဘကြီးဦးမင်းနောင်၏ဇနီး ကြီးကြီးအေးခိုင်ဖုံနှင့်လည်း ဖေဖေက အဆင်ပြေသည်။ အရီးနုကလည်း ကြီးကြီးတို့မိသားစုကို ယခုတိုင် အမြင်ကြည်လင်ပုံမရ။ ဘကြီးနှင့် ကြီးကြီးမယူခင်က နှစ်ဦးနှစ်ဖက် ပြဿနာအကြီးအကျယ် ဖြစ်လိုက်ကြသည်ဟုသာ ကျော့တို့သိလိုက်ရသည်။ ကြီးကြီးတို့ဘက်မှ လူကြီးများက ကြီးကြီးကို ဘကြီးနှင့် သဘောမတူ၊ ခါးခါးသီးသီးငြင်းခဲ့သည်။ အရီးနုကလည်း သူတို့ဖက်မှ ပြောခဲ့ဆိုခဲ့တာတွေကို ဘယ်တော့မှမမေ့ပေ။

"ဒီကောင်နဲ့သာယူရင်တော့ ငါတို့နဲ့အပြတ်ပဲ"ဟု တစ်ဖက်ကကြိမ်းသော စကားသည် အရီးနုရင်ထဲ ဆတ်ဆတ်ခါနာကျည်းစရာဖြစ်ခဲ့သည်။ အမျိုးနှင့်တောင် ကော်တုတ်သတဲ့၊ ယောက္ခလောင်းတွေကလည်း သူတို့အိမ်နားလာလျှင် ရိုက်မည်တွယ်မည်ဟု တုတ်ဓားဆွဲကာ စောင့်ကြသည်တဲ့။ ဘကြီးမှာ ထိုစဉ်က ချောင်းရိုက်ခံရတာလည်း အကြိမ်ကြိမ်တဲ့။

"သူတို့စိတ်ဓာတ်၊ စရိုက်တွေကို နဂိုကမှမကြိုက်ရတဲ့အထဲ သူတို့က ပြောခဲ့သူတွေ ငါတို့ကခံရတဲ့သူတွေ ဘယ်မေ့မလဲ၊ တစ်နယ်တည်းသားတွေလေ၊ နောက်မတွေ့ရတော့မယ့်လူတွေလည်းမဟုတ်ဘူး၊ ကိုယ့်ညီမကိုတော့ မထိန်းနိုင်ကြဘူး၊ အင်မတန်ဂုဏ်မက်တဲ့ဟာတွေ၊ အဲဒီတုန်းက နင့်ဘကြီးက အခြေအနေမကောင်းဘူး၊ ပေတေနေတာ၊ သူတို့ညီမကို သူဌေးတစ်ယောက်နဲ့ ပေးစားချင်နေကြတာလေ၊ ဆရာဝန်ဖြစ်မှ ညီမကို ထိုးပေးတာ၊ ပြောရရင်မကောင်းပါဘူး၊ နင့်ဘကြီးကလည်း ဒါဆိုဒါမှ၊ ကတိတည်လိုက်တာ၊ ယောက်ျားပီသလိုက်တာ နှစ်ယောက်မရှိဘူး၊ ဒီကတော့ ပညာတွေသင်ပေးလိုက်ရတယ်၊ မြေတောင်မြှောက်ပေးလိုက်ရတယ်၊ ဒင်းတို့အမျိုးတွေ မျိုးဖို့ဆို့ဖို့ဖြစ်သွားတာပေါ့။ သူတို့ကတော့ စားရက်မှာပေါ့၊ ငါတို့ကတော့ ကိုယ့်မောင်မို့လို့ သူ့လုပ်စာတစ်ပြားတစ်ချပ်မှ မစားရက်ပါဘူး၊ ဓားကိုင်ပြီးကြိမ်းတဲ့ဟာတွေလည်း အခုတော့ ရွှေယောက္ခ၊ ငွေယောက္ခပေါ့၊ အရှက်ရှိကြတာတွေမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးကမူ ပြတ်သားသည့်နေရာမှာ နှစ်ယောက်မရှိ၊ သူ့ခမည်းခမက်မိသားစုကို ရှိတယ်တောင် အမှတ်မထားတော့။ ဘယ်တော့မှ နှုတ်ဖျားပေါ်တင်မပြောပေ။ ချွေးမကိုတော့ သားနှင့်တိုက်ရိုက်ပတ်သက်သူဖြစ်သဖြင့် ကြည်ကြည်ဖြူဖြူရှိသည်။ နောက်ပိုင်းတွင် ဒီအကြောင်းကို ဘယ်သူမှ မပြောကြတော့။ အားလုံးက ဆွေစိတ်မျိုးစိတ်ကြီးကြတာအမှန်ပင်။ ဆင်းရဲဒုက္ခမှန်သမျှကို အေးတူပူမျှ ခွဲဝေခံစားဖြေရှင်းတတ်ကြသလို သံယောဇဉ်ကြီးကြသည်ကိုလည်း မာနအလျှော့နှင့် သိုသိပ်စွာ လွှမ်းခြုံတတ်ကြသေးသည်။

သူတို့ဆွေမျိုးထဲသို့ ဝင်ရောက်ပတ်သက်လာသည့် သူစိမ်းတရံစာတို့သည် သူတို့စကားတစ်ခွန်းကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရအောင် စကားပြောလုံခြုံကြသည်။ ဒါသည် သူတို့မိသားစု၏ သိက္ခာဖြစ်သည်။

* *

ညနေက ဖေဖေ့ကားကလေး အိမ်ရှေ့လမ်းကြားထဲသို့ ချိုးဝင်လာသည့်အသံကြားသည်နှင့် ကျော့ အပေါ်ထပ်မှ အပြေးဆင်းခဲ့သည်။ ဖေဖေအလာ ညနေစောင်းရောက်ဖို့ တထင့်ထင့်နှင့် စောင့်နေခဲ့ရသည်မဟုတ်လား၊ ဖေဖေက အသင့်ပြင်ထားလို့သာပြောသည်။ လေယာဉ်လက်မှတ်ရမရကို ယခု ဖေဖေပြန်ရောက်မှ အတိအကျသိရမည်ဖြစ်သည်။

"သမီး အားလုံးပြင်ပြီးပြီလား၊ ဘာတွေကျန်သေးလဲ"

"ပြီးပြီး ဖေဖေ"

ကျော့ ဖေဖေ့ကို မော့ကြည့်လိုက်တော့ ဖေဖေက အိတ်ထဲမှ လေယာဉ်လက်မှတ်ကိုထုတ်ကာ ပြုံးပြသည်။ ကျော့ ချက်ချင်း ဘာမှမပြောနိုင်လောက်အောင် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ မနက်ဖြန် ကျော့တစ်ယောက်တည်း အိမ်ကခွာရမည့်ခရီးစဉ်အတွက် ရင်တဒိတ်ဒိတ်ခုန်လာလေသည်။

မီးဖိုထဲတွင် ကျော့ယူသွားရန် ပြင်ဆင်ချက်ပြုတ်ကြော်လှော်နေသည့် ညော်နံ့က အိမ်ရှေ့ထိ ပျံ့လွင့်လာသည်။ ဖေဖေ မီးဖိုထဲဝင်သွားသဖြင့် မနက်ဖြန် လေယာဉ်လက်မှတ်ရကြောင်း အားလုံးသိသွားပြီဖြစ်သည်။ မီးဖိုခန်းထဲမှ စကားပြောသံတွေကို နားစွင့်ရင်း ကျော့သည် ကျော့မျှော်လင့်သလိုမဖြစ်သေး



ဆိုတာ တွေးနေမိသည်။ အားလုံးက အခါတိုင်းထက်တော့ ရွှင်ရွှင်ပျပျရှိကာ စကားပိုပြောနေတာ သတိထားမိသည်။ ဘိုးဘိုး၏ အစ်မဖြစ်သူ အသက်ရှစ်ဆယ်ကျော် ဘွားဘွားကြီး ဒေါ်မြနုကလည်း မီးဖိုနားလာရပ်သဖြင့် ထိုင်ခုံတစ်လုံးယူကာ ထိုင်နိုင်းထားရသည်။ ဘွားဘွားကြီးက သွားတွေကျိုးကုန်ပြီဖြစ်သဖြင့် စကားသိပ်မပီတော့၊ သို့သော် ရခိုင်သံနှောင်းနှောင်းနှင့် အသံမာမာပြောတုန်းပင်၊ အိပ်ရာထဲမှနေ၍လည်း အစစအရာရာ စီမံနိုင်တုန်းပင်။

ကျော့ သူတို့ပြောတာ မကြားတစ်ချက်ကြားတစ်ချက်၊ ကျော့အကြောင်းတော့ မပါပေ၊ မေမေက ကျော့တစ်ယောက်တည်း အိမ်မှခွဲခွာသွားရမည့်ကိစ္စကို အလေးထားပုံမရဘဲ ဘာကြောင့် ငပိကြော်ကို အရေးကြီးနေရပါသနည်း။ မေမေဟာ လုပ်လက်စအလုပ်တွေကိုထားခဲ့ပြီး ဒီအချိန်မှာ ကျော့ကိုရှာနေသင့်သည်မဟုတ်လား။ ဖေဖေကကော အခါတိုင်းထက် စောစောရောက်အောင် ဘာကြောင့်ပြန်မလာခဲ့သလဲ။ လူတွေသည် ကျော့ကို လျစ်လျူရှုလွန်းသည်ဟု တစ်ဖက်သတ်စဉ်းစားမြဲဖြစ်သော ငယ်ရွယ်သူတို့ဓမ္မတာ ကျော့တွေးနေမိသည်။ အပိုလို့သတ်မှတ်ထားသော်လည်း စိတ်ထဲမှ လိုအပ်ချက်လေးတစ်ခုကိုတော့ ဖေဖေ့ဆီမှလည်းကောင်း၊ မေမေ့ဆီမှလည်းကောင်း အိမ်သားတစ်ယောက်ယောက်ဆီမှလည်းကောင်း လိုချင်သား။

ကျော့ရင်ထဲမှာ မုန်တိုင်းခတ်သံတစ်ခု ကြားနေရသည်။ ဖုန်တစ်စက်မှမရှိအောင် ရေနံနှင့်ဖယောင်းချက်၍ ပွင့်တိုးတိုက်ထားသဖြင့် ပြောင်လက်နေသော ပျဉ်းကတိုးသားနီညိုညိုကြမ်းပြင်သည် ကျော့ခြေထောက်အောက်တွင် အေးစက်လျက်ရှိသည်။ ကျွန်းဗီရိုကြီးများမှ မှန်ချပ်များသည် ရောင်ပြန်ဟပ်ကာ ကျော့ကို တိတ်တဆိတ် စကားလှမ်းပြောနေကြသည်။ ဗီရိုထဲတွင် စီစီရီရီထည့်ထားသော ငယ်ငယ်က ကစားခဲ့သည့် ပလပ်စတစ်ရုပ်တွေ၊ ခရုခွံ၊ ဂုံးခွံဖြင့် ပြုလုပ်ထားသော အရုပ်တွေ၊ ပန်းခိုင်တွေ၊ ပုဂံမှ အမှတ်တရ ဖေဖေဝယ်လာသော ကစားစရာယွန်းထည်ပစ္စည်းလေးတွေက သူတို့နေရာမှနေ၍ ကျော့ကိုဝိုင်းကြည့်နေကြသည်ဟု ခံစားမိသည်။

ကျော့ အိမ်ရှေ့သို့ တဖန်ရှောင်ထွက်လာပြန်သည်။ ကြမ်းပြင်ချောချောကို ခြေဖျားဖြင့်ပွတ်ရင်း တစ်ခုပြီးတစ်ခု စဉ်းစားနေမိသည်။ မီးဖိုထဲမှ ညော်နံ့ကိုလည်း တစ်ချက်ရှိုက်လိုက်သည်။ အပြင်မှ အသံဗလံတွေကို နားစွင့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေတွင်းမှရေခပ်သံ၊ ရေချိုးရင်း ကလေးတွေ နောက်ပြောင်ကျီစယ် သံ၊ နိုးနိုးခစ်ခစ်ရယ်သံတွေ ကြားနေရသည်။ အိမ်ရဲ့အငွေ့အသက်တွေပဲဖြစ်သည်။

“ဘာလုပ်နေတာလဲကျော်၊ ပစ္စည်းတွေစစ်ဦးလေ၊ မနေ့ကလျှော်တဲ့ အဝတ်တွေက ယူသွားမှာမဟုတ်လား၊ မီးပူတိုက်ပြီးမှယူ၊ ခေါင်းအုံးစွပ်၊ မျက်နှာသုတ်ပုဝါတွေကော ပါပြီလား”

ဘယ်အချိန်ကရောက်လာမှန်းမသိသောအရီးနုက ပြောလိုက်သဖြင့် ရုတ်တရက် လန့်သွားသည်။ ကျော့ကိစ္စ ကျော့သိတာပေါ့နော်။

“ပြီးပါပြီ”

“စည်းမဲ့ကမ်းမဲ့နေတတ်တဲ့အကျင့်ကို ဖျောက်နော်၊ ဟိုရောက်ရင် ကိုယ့်အိမ်လိုမဟုတ်ဘူး၊ လူအများနဲ့နေရမှာ၊ မိန်းကလေးတန်မဲ့ စည်းမရှိကမ်းမရှိဆိုရင် ဘယ်လောက်ရှက်စရာကောင်းလဲ၊ လူတွေနဲ့လည်း သင့်အောင်နေဦး၊ ရေချိုးပြီးရင်လည်း မျက်နှာပြောင်နဲ့မနေနဲ့၊ မင်္ဂလာမရှိဘူး၊ မိန်းကလေးဟာ မိန်းကလေးနဲ့တူအောင်နေ”

မနက်အိပ်ရာထပြီးနောက် မျက်နှာပြောင်နှင့်နေလျှင် အရီးနုက မကြိုက်ပေ။ အပျင်းကြီးသည့်ကျော့က သနပ်ခါးရေးကျဲပဲ အမြဲပွတ်သည်။ ကလေးတုန်းကသာ အရီးနုက မနေနိုင်မထိုင်နိုင် သနပ်ခါးသွေးကာ ရေးချိုးပြီးထွက်လာလျှင် တစ်ယောက်ပြီးတစ်ယောက်ဖမ်းကာ လိမ်းပေးတာကြောင့် သူ့ပုံသွင်းထားလို့ရသည်။ ကြီးလာတော့ မရတော့။

“ပိုက်ဆံတွေကို တစ်နေရာတည်းမှာ မထည့်နဲ့၊ ခွဲထည့်၊ ခါးပိုက်နှိုက်ခံရလို့ အားလုံးပါသွားဦးမယ်၊ ရန်ကုန်မှာ ခါးပိုက်နှိုက်က ပေါပါဘိနဲ့၊ ခါးပိုက်နှိုက်ခံရရင် လူကိုပြောဖို့တောင် ရှက်စရာကောင်းတယ်”

ဆိုကာ အရီးနုသည် သူပထမဆုံး ရန်ကုန်ရောက်ဖူးစဉ် ခါးပိုက်နှိုက်ခံရသည်ကို ကျော့အထင် တစ်ရာ့ရှစ်ကြိမ်မြောက်ပြောသည် ထင်လိုက်သည်။ ဒီဇာတ်လမ်းကို ကျော့တို့ ငယ်စဉ်ကတည်းက ဖန်တစ်ရာတေအောင် ကြားရပြီးပြီ။ အခုလည်း အသစ်အဆန်းတစ်ခုလို သူ့ခန္ဓာကိုယ်ကြီးသိမ့်သိမ့်တုန်အောင် ရယ်ပြန်သည်။ ပြီးတော့လာဦးမယ်၊ သူ့မှာငွေငါးရာနှင့် ပုလဲလော့ကတ်သီးတစ်ခု ပါသွားတာ၊ ငွေငါးရာဆိုတာ နင်တို့ကို ဖို့သတ်လို့ရတယ်၊ ရွှေတစ်ကျပ်မှ တစ်ရာကျော်ဆိုတာရယ်၊ ခါးပိုက်နှိုက်က အဖိုးတန်တာတွေယူပြီး အရေးကြီးတဲ့



ကတ်ပြားတွေ၊ တစ်ခြားစာရွက်စာတမ်းတွေကို စာတိုက်ကနေပြန်ပို့လိုက်တယ် ဆိုတာ၊ ခါးပိုက်နှိုက်တောင်မှ သူ့ခါးပိုက်နှိုက်ကမှ တော်ရှာပါတယ်ဆိုတာရယ် နှင့် အဆုံးသတ်မှာ သိပြီးသား။

* *

ကျော့သည် ယခုမှ မိသားစုနှင့်ခွဲ၍ ကျောင်းသွားတက်ရခြင်း မဟုတ်ချေ။ စစ်တွေကောလိပ်မှာ ပထမနှစ်နှင့် ဒုတိယနှစ်ကို တက်ခဲ့ပြီးဖြစ်သည်။ ဒုတိယနှစ်မှာ ဂုဏ်ထူးတန်းဝင်၍ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့တက်ရမည် ဖြစ်သည်။ ထိုစဉ်က စစ်တွေမှာ ဒီဂရီကောလိပ်အဆင့်သာ ရှိသေးသည်။ မေမေကတော့ ရန်ကုန်ကို တစ်ခေါက်မှမရောက်ဖူးသေးသည့်ကောလိပ်ကျောင်းသူ သူ့သမီးကို တစ်ယောက်တည်းလွှတ်ဖို့ စိတ်ချမည်မဟုတ်။

မောင်နှမတွေထဲမှာ ကျော့က ခပ်အေးအေး၊ စိတ်ပျော့ပျော့၊ ကျော့စိတ်က ငယ်ငယ်ကတည်းက အထိအနိုက်မခံတာ၊ ဝမ်းနည်းလွယ်တတ်တာ သတိရသည်။ မေမေ၏အထင်အမြင်သည် ကျော့အပေါ် အတော်ကြီးကို သက်ရောက်လွှမ်းမိုးမှုရှိသည်။ ကျော့ငယ်ငယ်က အမေမှအမေပင်၊ မေမေနှင့် မခွဲနိုင်၊ မေမေသွားရာတစ်ကောက်ကောက်၊ မေမေနှင့်သာ နီးစပ်မှုရှိသည်။ ကကျိုကပတ်နိုင်၍ ဒိုကြောရှည်သည့်ကလေးကို မေမေမှလွဲ၍ တခြားဘယ်သူမှ စိတ်မရှည်။ အရီးနုက ပိုဆိုးသည်။ သူက အပျိုကြီးမို့ ကလေးကရိကထ သာ၍ မခံနိုင်။ အရီးနုက သူသွားလေရာ ပွင့်ကိုသာ ခေါ်သွားတတ်သည်။ ပွင့်က လူတောတိုးသည်။ လူလည်းမကြောက်၊ သူစိမ်းတွေနှင့်လည်းပျော်သည်။ ကျော့လိုမဟုတ်၊ နွေကျောင်းပိတ်ရက်တွေမှာလည်း ဆွေမျိုးတွေနှင့် လိုက်လည်တတ်သည်။ အိမ်နှင့်ခွဲနိုင်သည်။ ကျော့က အိမ်နှင့် တစ်ညမှမခွဲနိုင်၊ မေမေမပါဘဲနှင့် ဘယ်နေရာမှ ညအိပ်လိုက်မသွားစဖူး။

အိမ်မှာ ကျော့က အားလုံးနှင့် ဖာသိဖာသာဖြစ်လာသည်။ မေမေက ခေါင်းမာမာ ဂျစ်ကန်ကန်နှင့်ဟု ဆိုသည်။ ကျော့က မေမေ့အရိပ်အာဝါတော့ ကောင်းကောင်းခံစားတတ်သည်။ မေမေ့ကိုချစ်၍ထင်သည်။ မေမေ တစ်ခုခု ပြောတိုင်း သိပ်ခံစားရသည်။ အငယ်မ မြတ်ဖူးမောင်ကိုရပြီး မေမေနှင့် ကျော့ ပိုစိမ်းသွားသည်ဟု ထင်သည်။ မြတ်ကို မနာလိုဖြစ်မိတိုင်း ကျော့ စိတ်ဆင်းရဲ

www.burmeseclassic.com



ရသည်။ ကလေးတုန်းကတော့ မြတ် မေမေ့ရင်ခွင်ထဲမှာနေရတာကို မနာလိုတာ အမှန်ပင်။ ဒီစိတ်ဟာ မကောင်းမှန်းတော့ ကလေးဘဝဆင်ခြင်ဉာဏ်နှင့်ပင် ကောင်းကောင်းသိသည်။ အပြစ်ကြီးမှာ ငရဲကျမှာ ကြောက်လိုက်ပြန်သေးသည်။ ကျော့ အချစ်မခံရတော့ဘူးဟုလည်း ကိုယ့်ကိုယ်ကို မလုံမခြုံဖြစ်လာသည်။ ကိုကိုဆိုတာက ညီမတွေကိုချစ်သော်လည်း အသက်ကွာသည်။ အနေဝေးသည်။ ကျော့တို့ လေးငါးတန်းလောက်ကတည်းက ကိုကိုက ဆယ်တန်းအောင်ပြီး ကောလိပ်သွားတက်နေပြီဖြစ်သည်။

ပွင့်ကတော့ မိန်းကလေးတွေထဲမှာ အကြီးဆုံးလည်းဖြစ်ပြန်၊ ငယ်ငယ်ကပဲ သွက်သွက်လက်လက်ရှိကာ အငိုအရယ်လည်းနည်းတော့ အားလုံးက ဝိုင်းချစ် ဖူးဖူးမှုတ်ကြသည်။ မြတ်ကိုဆိုလည်း အငယ်ဆုံးလေးမို့ ဝိုင်းချစ်ကြမှာ သေချာသည်။ ကျော့သာ အလယ်အလတ် လပ်နေသည်။ ကိုကိုဆိုတာတော့ တစ်ဦးတည်းသောသားယောကျ်ားမို့ ပြောမနေနှင့်တော့။ ကျော့က စာအုပ်တစ်အုပ်နှင့် တစ်ယောက်တည်း ချောင့်ကုပ်နေတာများသည်။

ပြီးတော့ ကျော့မှာ ကြောက်စရာတွေလည်း များလိုက်သေးသည်။ လူတွေရန်ဖြစ်သံကြားလျှင် ကျော့သည် ချောင်ကလေးတစ်ချောင်မှ ချောင်းကြည့်နေတတ်သည်။ ခွေးနှစ်ကောင်ကိုက်လည်း ကြောက်သည်။ ကျော့ သုံးတန်းနှစ်က ကျော့နှင့်ရွယ်တူကောင်လေးနှစ်ယောက် ဆော့ကစားနေရာမှ လုံးထွေးသတ်ပုတ်ကြသောအခါ ကျော့ကြောက်လန့်တကြားငိုကြွေး၍ ထွက်ပြေးဖူးသည်။ သူများ ရန်ဖြစ်လျှင် ကြောက်တတ်သော၊ ရန်လိုသူများ ကစားဝိုင်းထဲပါလျှင် ဝင်မကစားရဲသော၊ ရှက်တတ်သော ငယ်ငယ်ကတည်းက အတွေးများသောကျော့သည် တစ်ကိုယ်တည်း စိတ်တိုင်းကျ ဖန်တီးကစားနိုင်သော အရုပ်ကလေးများ၊ အိမ်ဆောက်ပစ္စည်းကစားစရာလေးများနှင့် ပိုမိုရင်းနှီးခဲ့သည်။ အရုပ်ကလေးများမှာ ကျော့ရန်ဖြစ်ခိုင်းလျှင်ပင် ရန်မဖြစ်ကြပါ။

သူများကလေးတွေ ပြေးလွှားပျော်ရွှင်စွာ ကစားနေစဉ် "ငါလည်းပါမယ်၊ ငါ့ကိုခေါ်"ဟု ဘယ်တော့မှ အောက်မကျို့ခဲ့ပါ။ ကျော့ကို ငြင်းပယ်လိုက်မှာ၊ မလိုလားမှာ သိပ်ရှက်သည်။ သို့နှင့် ကျော့သည် အားလုံးကို ဝမ်းနည်းစွာကျောခိုင်း၍ တိတ်ဆိတ်ခြောက်သွေ့စွာ ကစားတတ်ခဲ့သည်။ ကိုယ်မပါဝင်ရတဲ့ ကစားဝိုင်းမှာ သူများတွေပျော်ရွှင်တာကို အားကျနေရမှာလားဟူသည့်



ဘလေးတို့၏ မသဒ္ဒါနိုင်သည့်စိတ်နှင့် မာနလေးလည်းရှိသည်။

ကျော့အသက်ဘယ်နှစ်နှစ်ထိ ပျော်ရွှင်ခဲ့သည်မသိ၊ ပျော်ရွှင်ခြင်းကို သိတတ်စအရွယ်မှစ၍ မပျော်ရွှင်ခဲ့တာဖြစ်ရမည်။ ကလေးဘဝဆိုတာလည်း သို့ရာပြည့်မှ ပျော်ရွှင်စမြဲဖြစ်ရာ ကျော့လိုချင်သမျှသည် အကြီးဖြစ်သူ ပွင့်လိုချင်သောအရာများ အမြဲဖြစ်နေတတ်ရာ သူ့ကို အနိုင်မရခြင်းသည် ကျော့ကလေးဘဝ၏ မပျော်ရွှင်ခြင်းအစပင်ဖြစ်သည်။

နှစ်ယောက်သားဆော့ကစားရင်းမှ ကတောက်ကဆဆူညံသံကြား၍ မေမေလာစစ်လျှင် ပွင့်၏ စွာကျယ်ကျယ်လေသံအောက်တွင် အမှန်တရားသည် ပျောက်ဆုံးသွားသည်ကို ကြိမ်ဖန်များစွာပင် အသည်းထဲစွဲအောင် မှတ်မိ၏။ မခံချင်စိတ်ဖြင့် ကျော့ရင်ထဲမှာ မွမ်းကျပ်လျက် စကားတစ်ခွန်းမှ ပြန်မချေပနိုင်ပေ။ ပွင့် မေမေ့အား တိုင်းတမ်းတာမှာ ဟုတ်တာလည်းပါသည်။ မဟုတ်တာလည်းပါသည်။ သူ့စကားကို ခွန်းတုံ့ပြန်၍ မချေပနိုင်ခြင်း၊ မေမေအထင်မှားမှာ ကြောက်ရွံ့ခြင်းနှင့် နောက်ဆုံးမှာ ကျော့ရရှိသည့်အရှုံးအတွက် မျက်ရည်ပေါက်ကြီးငယ်ကျရခြင်းသာ အဖတ်တင်သည်။

ကြာသော် အများအမြင်တွင် ကျော့သည် အေးစက်ထုံပေ၍ ပြောရခက်သော ခေါင်းမာသောကလေးတစ်ယောက် အလိုလိုဖြစ်လာခဲ့သည်။ ပွင့်၏ အောင်မြင်သောလူကြီးလေသံက ကျော့ကို ပြက်ရယ်ပြုသလို ခံစားမိကာ ချောင်တစ်ချောင်မှာ လက်ငါးချောင်းလုံး ပါးစပ်ထဲထည့်၍ အသံမထွက်ဘဲ သည်းသည်းထန်ထန် ငိုကြွေးခဲ့ဖူးသည်။ ထိုစကားသံများနှင့် မေမေ၏ မှတ်ချက်ချသံများသည် အမှတ်သည်းချေကြီးသော ကျော့နှလုံးသားထဲသို့ ဆုံးရှုံးနိမ့်ကျမှု အမှတ်တံဆိပ်များအဖြစ် တစိမ့်စိမ့် အသွင်ပြောင်းခိုဝင်သွားကြသည်။ ကျော့သည် ကျော့မကြိုက်သော ထိုအခိုးအငွေ့များကို ကျော့ရဲ့ အေးစက်စက်အပြုံး၊ ခပ်ဆိတ်ဆိတ်နေခြင်းတို့နှင့်သာ အသေသတ်ဖို့ ကြိုးစားတတ်သည်။

ကြာသော် ကျော့သည် အရာရာကို မဝံ့မရဲနှင့် ယုံကြည်စိတ်နည်းပါးလာ၏။ ချစ်ခြင်းမေတ္တာသည်လည်း ကျော့အဖို့ သံသယဖြစ်စရာ၊ အတ္တကျနစ်စိတ်သည် ကျော့မဖိတ်ခေါ်ရဘဲနှင့် ကျော့ကို အင်အားတကြီး လွှမ်းမိုးအနိုင်ယူတတ်၏။

ရန်ကုန်ရောက်လျှင်တော့ ကျော့တစ်ယောက်တည်း လှုပ်ရှားရတော့

www.burmeseclassic.com

www.burmeseclassic.com



မည်။ စစ်တွေမှာတုန်းကလို အစ်မဖြစ်သူပွင့်ကိုလည်း မရဲတရဲအားကိုး၍ မရတော့။ မနှစ်က စစ်တွေမှာ မိဝေးဖဝေးသွားတက်ရသော်လည်း ညီအစ်မနှစ်ယောက်ဖြစ်၍ ပွင့်အားကိုးနှင့် ကျော့လုံခြုံသေးသည်။ ပွင့်က ကျော့ထက်နှစ်နှစ်ကြီးသော်လည်း ဆယ်တန်းကို တစ်နှစ်တည်း အတူတူအောင်သဖြင့် ကောလိပ်သို့ အတူတူသွားရခြင်းဖြစ်သည်။

ပွင့်က ဂုဏ်ထူးတန်းမဝင်သဖြင့် စစ်တွေမှာပဲ လေးနှစ်ပြီးအောင် တက်ရပေမည်။ ရန်ကုန်မှာတက်ခွင့်ရသည့်ကျော့ကို စိုးစဉ်းမျှအားကျဟန်မပြ။ ဂုဏ်ထူးတန်းတက်ခွင့်ရရေး မရရေးသည် ပွင့်အဖို့ အရေးမကြီး၊ သို့သော် သူ့လေသံ ဟန်ပန်အမူအရာ ဆောင့်ဆောင့်အောင့်အောင့်ဖြစ်နေတာက ကျော့ပယောဂမကင်းတာ သေချာသည်။ ဘယ်ကိစ္စမဆို သူမလိုလျှင် မလိုသလိုတင်းမာခက်ထန်လွန်းသည့်ပွင့်ကို မေမေကအစ စကားပြောဆင်ခြင်ရသည်။ တစ်ခါတစ်ခါ ပွင့်ကို ကျော့ မဆက်ဆံတတ်တာအမှန်ပင်။ ပွင့်၏ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများသည် မဟုတ်မခံသည့်သဘောကို ဆောင်သည်။ ဇွတ်တရွတ်နိုင်ဟန် ကိုယ့်ကိုယ်ကိုယ်သာ အလေးထားဟန် ဘာကိုမှ ဂရုမစိုက်ဟန် ပြနေသည်။

ကျော့နှင့်ပွင့် စကားရှည်ရှည်ဝေးဝေး မပြောဖူးတာအမှန်ပင်၊ တခြားညီအစ်မတွေလို အိပ်ခန်းထဲမှာ နှစ်ယောက်တည်း တကျိကျိနှင့် တခိခိ ရယ်စရာတိုးတိုးဝှက်ဝှက် ပြောစရာဘာမှမရှိ။

နေ့လည်က လေ့ကားအဆင်းတွင် ပွင့် မေမေ့ကိုပြောနေသံ ကျော့ကြားသည်။

“ဒီလောက်အစောကြီးသွားစရာမလိုပါဘူး၊ ဖရက်ရှာ ( Fresher ) လည်း မဟုတ်ဘဲနဲ့၊ မေမေ့သမီးကိုက ကဲပါတယ်။ သူများထက်ထူးတယ်”

ကျော့ အောက်ထပ်သို့ ဆက်မဆင်းတော့ဘဲ အပေါ်ထပ်ပြန်တက်ကာ တစ်ယောက်တည်းထိုင်နေမိသည်။

ကျော့က ကျောင်းမဖွင့်ခင် လုပ်စရာရှိတာတွေလုပ်ရအောင် ကြိုသွားမည်။ ကျောင်းအပ်တာ ကျောင်းဆောင်ဝင်တာတွေ နောက်ကျနေလျှင် ကျော့ပဲစိတ်ညစ်ရမည်။ အတူတက်ခွင့်ရသည့် စစ်တွေကောလိပ်မှသူငယ်ချင်းတွေကိုလည်း မတွေ့မှာစိုးသည်။ တစ်ယောက်တည်းဆို မသွားတတ် မလာတတ်၊



ဘာမှမလုပ်တတ်ဖြစ်နေလျှင် ခက်ရချည်ရဲ့။ ကျော့ပူပန်စိတ်ကို ပွင့်လှောင်မှာစိုး၍ မရိပ်မိအောင်နေရသေးသည်။

“ဒီလောက်လေးတောင် အသုံးမကျဘူးလား”ဟု ပွင့် ကြည့်လာမှာ ခံချင်။ ဖေဖေ၊ မေမေတို့ရှေ့မှာ သာ၍အပြောမခံနိုင်၊ ပွင့်စကားဆို သိပ်မစဉ်းစားဘဲ လက်ခံလွယ်သည့် မေမေ့ကိုလည်း သွားခါနီးလာခါနီးမှာ ကျော့အတွက် ကြောင့်ကျမကင်းမဖြစ်စေချင်။

ရခိုင်ကမ်းရိုးတန်း၏ မုတ်သုန်လေသည် သာယာကြည်လင်သော နွေနှောင်းကို မွှေနှောက်တတ်သကဲ့သို့ အိမ်တွင်လည်း ပွင့်ဦးမောင်၏ ခက်ထန်ခိုင်မာသောလေသံသည် တစ်အိမ်လုံးကို ဟုတ်သော်ရှိမဟုတ်သော်ရှိ မွှေနှောက်တတ်စမြဲ။ ဒါကို ဖေဖေလည်းသိသည်။ ဒါပေမယ့် ဖေဖေက မသိသလိုနေသည်။ မေမေကတော့ စိတ်ပျော့သည်။ ခံနိုင်ရည်သိပ်မရှိ။ မေမေ့အနားမှာ ဖေဖေရှိလျှင်ရှိ၊ ဒါမှမဟုတ် တစ်ယောက်ယောက်ရှိမှ အဆင်ပြေသည်။ သူ့သမီးကြီးပွင့်ကိုတော့ မေမေအားကိုးစိတ်ရှိသည်။ မေမေ တစ်စုံတစ်ခုအတွက် ခေါင်းခြောက်နေချိန်မှာ ပွင့်က “မေမေ ဒါဒီလိုလုပ်”ဆိုပါက ‘အေးပါပွင့်ရယ်’ဟု မေမေညည်းတွားပြီး ဘာမှန်းမသိခင်ပင် ပြီးမြောက်သွားရသည်။ ဒါကြောင့် မေမေသည် တတ်သိချေလည်သည့် သူ့သမီးကြီးကို အားကိုးတာမဆန်း။

ဖေဖေသည် မေမေ့လောက်လည်း ဘုရားတရားလုပ်ချိန်မရ၊ ဘုန်းကြီးကျောင်းသို့သွား၍ ဥပုသ်ပင် မှန်မှန်မစောင့်နိုင်သော်လည်း ဗုဒ္ဓဘာသာတရားနှင့်အညီ အသင့်အတင့် နှလုံးသွင်းနိုင်မှုမှာ လူတိုင်းထက်သာလွန်သည်။ ဖေဖေ၏ သိမ်မွေ့သောအပြုံး၊ သိရခက်သောမျက်လုံး၊ အရာရာပြီးမြောက်စေသော ခြေလက်နှင့် လုံခြုံစိတ်ချရသော နှုတ်ခမ်းတို့ကို ကျော့ပိုင်ဆိုင်ချင်သည်။

ကျော့သွားပြီးသည်နှင့် ပွင့်သည် ဝရုန်းသုန်းကားပြင်ဆင်ကာ စစ်တွေသို့ သွားမည်ကို ကျော့ကြိုသိသည်။ သူ့သူငယ်ချင်းတွေနှင့် ကျောင်းမဖွင့်ခင် ကျောင်းဆောင်သို့ စောစောလာရန် မြောက်ဦး၊ ကျောက်တော်သို့ ဘုရားဖူးသွားရန် ကြိုတင်ချိန်းဆိုထားပြီးဖြစ်တာ ကျော့သိသည်။ သူ့အဝတ်အစားတွေ တိတ်တိတ်ကြိတ်ပြင်ဆင်နေတာကိုလည်း တစ်ခန်းတည်းအတူနေသည့်ကျော့မြင်နေရတာပဲ။ ပြီးတော့ ဖေဖေ့ကိုလည်း မတိုင်ပင်ဘဲ လေးသာဥ်ရှိသည့်နေ့ ရောက်အောင်မစောင့်ဘဲ သူငယ်ချင်းတွေနှင့်စုပြီး သင်္ဘောလက်မှတ်ဝယ်ပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ မိုးဦးလေဦးမှာ လှိုင်းလေကြမ်းသည့်ပင်လယ်ပြင်က သွားချင်သွားဦးမည်၊ သူစိတ်ထင်သလိုလုပ်မည်။

မေမေကမူ "အရေးကြီးလို့သွားတာပဲ၊ ရောက်အောင်သွားရမယ်ဆိုလည်း သွားပေါ့"ဆိုကာ ပုတီးစိပ်ချင်စိပ်နေမည်။ ဖေဖေက သင်္ဘောဆိပ်သို့ လိုက်ပို့ကာ သင်္ဘောထွက်အောင် မစောင့်နိုင်ဘဲ သူ့ကို စောင့်နေသည့်အလုပ်တွေရှိရာရုံးသို့ ပြေးပေမည်။

ကျော့အလည့်မှာတော့ ဖေဖေလိုက်ပို့ပေးဖို့ အတင်းပူဆာဖို့ စဉ်းစားခဲ့သော်လည်း အလုပ်များသည့်ဖေဖေ့ကို ဒုက္ခပေးရာရောက်မည်ဖြစ်သလို ပွင့်၏ "ဒီအရွယ်ကြီးရောက်မှ"ဟုပြောသံ၊ မေမေ၏ ပွင့်နောက်မှ "အေးလေ"ဟု လိုက်ပြောသံတို့ကို ကျော့မကြားလို၊ ငယ်ငယ်ကတည်းက မေမေ ဘာခိုင်းခိုင်း အပေါက်အလမ်းတည့်အောင်မလုပ်တတ်သည့် ကျော့အတွက်မူ မေမေက "ကိုယ့်အားကိုယ်ကိုးဦးမှပေါ့၊ ဘယ်အချိန်ထိလိုက်လုပ်ပေးနေရဦးမလဲ၊ စိတ်ချရတယ်လို့ တစ်ခါမှမရှိဘူး၊" "မြတ်ကလေးဆိုလည်းကြည့်ဦး၊ နင်ငယ်ငယ်ကနဲ့ တခြားစီ၊ ပွင့်ဆိုလည်း ဘာမှလိုက်ပုပန်နေစရာမလိုဘူး" စသည့်စကားတွေကို ဖောဖောသီသီ သုံးတတ်သည်။ ရှက်တတ်သည့်အရွယ်မှာ လူရှေ့သူရှေ့မှာ အပြောခံရလျှင် ကျော့ရှက်တာ ကိုယ့်ကိုယ်ကိုယ် အပြစ်မမြင်ပါ။ မေမေ ငါ့ကို ဖြစ်စေချင်လို့ပဲဟု မေမေ့ကို သဘောထားကြီးဖို့ ကြိုးစားရသည်မှာလည်း ထိုအသက်အရွယ်မှာ ပင်ပန်းလှသည်။

ဖေဖေပဲကောင်းတယ်၊ ဖေဖေပဲကောင်းတယ်ဟု ကျော့တွေးမိသည်။ ဖေဖေသည် သူ့ပိုင်နက်မှအရာမှန်သမျှကို စိတ်ချယုံကြည်စွာ ခပ်ဝေးဝေးမှ ကြည့်တတ်သည်။

* *

လရောင်သည် တဖြည်းဖြည်း အရှိန်မြင့်လာသည်။ အုန်းလက်များကြားမှ ဖြာကျလာသော လရောင်ကွက်သည် တစ်မျိုးတစ်ဖုံ ဆန်းကြယ်နေသည်။ ကျော့တို့အိမ်သည် ကုန်းမြင့်ပေါ်မှာဆောက်ထားသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်သဖြင့် အပေါ်ထပ်မှကြည့်လျှင် ရွာအရှေ့ဘက်ရှိ တလက်လက်ဖြာနေသော သံတွဲမြစ်ရေပြင်ကျယ်ကို လှမ်းမြင်ရသည်။ ဆက်ကြည့်လျှင်



ရခိုင်ရိုးမ၏ အဆွယ်အပွား မှိုင်းပြာပြာတောင်စွယ်၊ တောင်တန်းများကို မြင်ရသည်။ ကျော့ငယ်ငယ်က နေလုံးကြီးသည် ထိုတောင်တန်းထဲမှထွက်လာသည်ဟု ယုံကြည်ခဲ့သည်။ ထိုတောင်တန်းကြီးပြီးလျှင် ဘာမှရှိမည်မထင်။

ကျော့ငယ်စဉ်က ဘိုးဘိုး၏ ဌာအိမ်ကြီးသည် အပေါ်ထပ်ရောအောက်ထပ်ပါ နေ၍မကုန်နိုင်၊ နေ၍မနှံ့နိုင်။ ဘိုးဘိုး၏ ခြံကျယ်ကြီးက ကျယ်လှသည်။ ပြေးလွှားလို့မဆုံးနိုင်၊ တောင်တန်းတွေကြားမှ သံတွဲမြို့သည် ကျော့အတွက် မြို့တော်ကြီး၊ မျှော်မဆုံးသောပင်လယ်ပြင်နှင့် မဆုံးနိုင်သော တောင်တန်းတို့သည် ကျော့ကို အတွေးများစွာပေး၏။ လယ်ကွင်းတို့ တစ်မျှော်တစ်ခေါ်၊ မိုးရာသီတွင် လယ်ကွင်းတို့၏ နုသစ်မှုနှင့် တောတန်းတောင်တန်းတို့ စိမ်းစိုမှု၊ ရာသီမရွေးတိုက်ခတ်သောလေ၏ သန့်ရှင်းလတ်ဆတ်မှုအားလုံးသည် ကျော့ အတွက် ကျယ်ပြန့်လှ၏။ သို့သော် အချိန်ကာလသည် ကျဉ်းမြောင်းမှုကို ယူဆောင်လာလေသလော။ ကျော့သည် မလွတ်လပ်တော့။ ကလေးသဘာဝ ဘာမှမသိတတ်သော ပျော်ရွှင်မှုသည် ကျော့အား လှောင်ပြောင်ကာ ထွက်ပြေးလေသည်။

ကျော့သည် လရောင်ကို ဖမ်းဆုပ်၍မရသဖြင့် ငိုချင်သည့်ကလေးတစ်ယောက်လို သူ၏ ကြီးပြင်းမှုကို အကွက်ချအရောင်ဆိုးကာ တစ်ကန့်စီ ဖြန့်၍ အစီအစဉ်ချလို့မရဘဲ ခံစား၍သာရတော့သည့်အဖြစ်ကို ဝမ်းနည်းနေမိသည်။ ကျော့သည် ပြတင်းပေါက်ဘောင်ကိုမှီကာ တိတ်ဆိတ်စွာရပ်နေ၏။ လေတိုက်မှန်းသိလျက်နှင့် တမင်ပေကာရပ်နေ၏။ ကျော့အသက်နှစ်ဆယ် ပြည့်တော့မည်။ ယခင်က မိမိအသက်အရွယ်အကူးအပြောင်းကို မသိလိုက်မသိဘာသာရှိသော်လည်း ယခု ဆယ့်ရှစ်၊ ဆယ့်ကိုး၊ ဆယ့်ကိုးမှ နှစ်ဆယ် အကူးအပြောင်းကို သိမ်မွေ့စွာသိနေ၏။

၁၉၉၅ ခု၊ မေလပိုင်းညတစ်ည၏ သန်းခေါင်သို့ကူးခါနီးအချိန် ဖြစ်သည်။ ကျော့တစ်ယောက်တည်းပဲရှိသလား ထင်ရလောက်အောင် အတိုင်း ဆိတ်ကြီး တိတ်ဆိတ်နေသည်။ လကလည်း ထိန်ထိန်သာနေသည်။ ကျော့သည် ဝန်းချီကားတစ်ချပ်နှယ် ကြည့်ကောင်းလှသော ခြံဝင်းကြီးကို ငေးမောမိ၏။ ခြံထဲတွင် ပြတ်ပြတ်ထင်ထင်မြင်ရသည့်နေရာတွေသာ ငေးကြည့်သည်။ မှောင်ရိပ်နှင့် ဝိုးတဝါးနေရာတွေကို ကျော့မကြည့်ရဲ၊ ကျော့ဘယ်တုန်းကမှ

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ကို ရဲရဲမကြည့်ရဲခဲ့။

မေမေ့အခန်းမှ မီးရောင်လည်းပျောက်ကွယ်တာကြာခဲ့ပြီ။ ဒီအချိန်ထိ မအိပ်သေးတာတွေ့လျှင် မေမေပြောပေတော့မည်။ ခပ်စောစောကတော့ ဖေဖေနှင့် မေမေ ကျော့အကြောင်းပြောချင်ပြောနေကြမည်။

မေမေက 'စိတ်ချရပါ့မလား' ဟု ပြောချင်ပြောမည်။ ဖေဖေကတော့ "သူ့ဟာသူဖြစ်သွားမှာပေါ့၊ ပူမနေနဲ့ ဒီလိုပဲသွားကြရတာပဲ" ဟု ပြောမည်ထင်သည်။

ခြံထဲတွင် အုန်းလက်တွေယိမ်းထိုးနေသည်။ ဒီနှစ်နွေသရုပ်သည် စောစီးစွာကွယ်ပျောက်သွားသည်။ သံတွဲမိုးသည် အစကထဲက အားကြိုးမာန်တက်နှင့်လာသည်။ ယခု ကျော့သွားမည့်သီတင်းပတ်မှ မိုးလေဝသ ပြန်ကောင်းတာ ကျေးဇူးတင်ရမည်။

ယင်ယင်က ကစားခဲ့သည့် ခေါင်းရင်းဘက်မြေပြောင်ပြောင်မှာ မြက်နုတို့ ပေါက်စပြုနေပြီ။ မိုးနှောင်းပိုင်းရောက်လျှင် ဘိုးဘိုးသည် ထိုနေရာ၌ ပေါင်းမြက်တွေကို ရှင်းစမြဲ။ နွေရာသီမှာ နံနက်စောစောထ၍ သစ်ရွက်ခြောက်များကို တရှမ်းရှမ်းသိမ်းကာ မီးရှို့စမြဲ၊ ဘိုးဘိုးက အင်မတန် အလုပ်လုပ်နိုင်သည်။ ယခုအသက်(၈၀)အရွယ်ထိ သန်သန်မာမာနှင့် အလုပ်တွေတကုပ်ကုပ်လုပ်တုန်းပင်။ ယခုလည်း ပေါက်ပြဲနေသည့်ခြံစည်းရိုးတွေကိုကာရန် ဝါးကပ်ရက်နေသည်မှာ တစ်နေကုန်တစ်နေခန်းပင်။ ဘိုးဘိုးကို အလုပ်မလုပ်ဖို့ကို ဘယ်သူမှပြော၍မရ။ ကျော့ကတော့ ထိုအသက်အရွယ်ထိ အလုပ်မလုပ်နိုင်၊ ကျန်းမာရေးလည်း ကောင်းမည်မဟုတ်၊ အသက်လည်း ရှည်မည်မထင်။

ဤအိမ်ဤခြံနေရာတိုင်းသည် ဘိုးဘိုး၏လက်နှင့်မကင်း၊ ခြံထဲတွင် အပင်တွေက စုံလင်လှသည်။ အဓိကက အုန်းပင်၊ ကွမ်းသီးပင်တွေများသည် တစ်နှစ်တစ်နှစ်ကို ကွမ်းသီးတွေ ထွက်တာမှမနည်း၊ တခြားလည်း မကျည်း၊ သရက်၊ ဒူးရင်း၊ မာလကာ၊ ရှောက်၊ သံပုရာ စသဖြင့် အပင်တွေ စုံလှသည်။

ချောင်းလက်တက်ကလေးတစ်ခုက ကျော့တို့အိမ်နောက်ဖက် ခြံစည်းရိုးစပ်ထိ စီးဝင်နေသည်။ ဖျားပြည့်လာလျှင် ထိုချောင်းကလေးထဲ ရေပြည့်နေတတ်သည်။ လှည်းတွေကားတွေပါ သွားလို့ရအောင် ဘိုးဘိုးက ထိုချောက်ကြောင်းကို ဖြတ်၍ တံတားတစ်ခု ခိုင်ခိုင်မာမာဆောက်ထားသည်။



ဖေဖေက တံတားပျက်လျှင်ပြင်သည်။ စိတ်လိုလက်ရရှိလျှင် သက်ရမ်းတွေဘာတွေကို ဆေးသုတ်တတ်သည်။ ဘိုးဘိုးလုပ်ထားသည့် လမ်းတွေကို ကောင်းသထက်ကောင်းအောင် ပြုပြင်သည်။ ဘိုးဘိုးနှင့် ဖေဖေသည် စကားများများပြောတာမတွေ့စဖူး။ စကားများများပြောစရာမလိုဘဲ နှစ်ဦးကြားမှာ ညီညွတ်မှုရှိသည်။ ဘိုးဘိုးက ညနေစောင်းလို့ ဖေဖေရုံးမှ ပြန်လာချိန်မှာ တံတားကို ဖြတ်မောင်းလာမည့် ဖေဖေ့ကားသံကို သူ့ညောင်စောင်းပေါ်မှာ မေးထိုင်ရင်း နားစွင့်သည်။ ခြံထဲသို့ တဝှမ်းဝှမ်းပြေးဝင်လာမှ အသာတစ်ချက်စောင်းငဲ့ကြည့်ပြီး ဆေးတံကြီးကို တွင်တွင်ဖွာနေသည်။ ပြီးလျှင် သူ့ရှေ့တည့်တည့်မှ ဝင်လာသောသားကို မမြင်သလိုနေသည်။

"အဖေ ထမင်းစားပြီးသွားပြီလား" ဖေဖေကမေးမှ

"အင်း ... အင်း" ဟု သံရှည်ကြီးဆွဲကာ မဖြေချင့်ဖြေချင်ဖြေသည်။

ထိုအခါမှ ဘိုးဘိုး၏ တစ်နေကုန်ကုပ်ထားသောမျက်မှောင်နှင့် ချက်ခုံးတို့မှာ သိသိသာသာ ပြေလျော့သည်။ အိုမင်းသဖြင့် နှုတ်ခမ်းများ ခွက်ဝင်တာ ခပ်မဲ့မဲ့အနေအထားဖြစ်နေသောမျက်နှာမှာ ကျေနပ်နှစ်သိမ့်သော အရိပ်အယောင်တို့ ပေါ်လာသည်။ အိမ်မှာ မိန်းမသားတွေသာကျန်ရှိနေပြီး မိန်းမသားတွေရဲ့ စကားပြောသံတွေကိုသာ ကြားနေရသည့် တစ်နေ့တာအတွက် ဖေဖေပြန်ရောက်လာသော ထိုအခိုက်သည် ဘိုးဘိုး၏ အကြောအခြင်တို့ စတင်ပြေလျော့သော အချိန်ဖြစ်သည်။

* *

ဘိုးဘိုးသာထွန်းဖံသည် သူအစပြုခဲ့သော ဤခြံဤမြေကို အလွန်တွယ်တာ၏။ သူ့အသွေးအသားပမာပင်။ ဘိုးဘိုးသည် သူ့ဘဝကို အောက်ခြေမှ၍ ယခုလိုအခြေအနေရောက်အောင် ကြိုးစားမြှင့်တင်ခဲ့သူဖြစ်သည်။ ဤနေရာတဝိုက်တွင် ဘိုးဘိုးပိုင်ဆိုင်သည့် ဥယျာဉ်ခြံမြေများသည် ဧကပေါင်းများစွာရှိသည်။

ဤနေရာ သဘာဝပတ်ဝန်းကျင်က တည်ငြိမ်၏။ လေညင်းကအစ ညှင်းညှင်းသုန်သုန်၊ ချောင်းရိုးတလျှောက်လည်း သာယာစိုပြည်၏။ ရေလမ်းခရီးလည်း အချက်အချာကျသောနေရာဖြစ်သည်။ စွန့်စားသွားလာဖို့ ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးသော ဘိုးဘိုးသည် ကုန်ကူးသန်းရောင်းဝယ်သည့်အလုပ်ဖြင့် အစပြုခဲ့သည်။ ဖနီးသည်သေဆုံးပြီးနောက် လူမမယ်ကလေးတွေနှင့် သွားလာနေဖို့ မသင့်ဟု အစ်မဖြစ်သူ ဒေါ်မြနုက အကြံပေးသဖြင့် အခြေတကျနေနိုင်အောင် ခြံမြေတွေ လိုက်ဝယ်သည်။ ဘိုးဘိုးသည် ကုန်းမြင့်များပေါ်တွင် နေရာမရတော့သဖြင့် ချောင်းနှင့်မနီးမဝေး မြေမာမာတွေကို ရွေးချယ်ကာ သူ့မိသားစုအိမ်ကို တည်ဆောက်သည်။ အများမလိုချင်သော ခြံမြေတော်တော်များများကို ဝယ်ယူလိုက်သည်။ ခြံ၏အနောက်ဖက်ခြမ်းမှာ တောင်ပေါ်မြေဖြစ်၍ စိုက်ပျိုးရကောင်းသည်။ သုံးပုံတစ်ပုံလောက်က မြေနိမ့်ပိုင်း ရွှံ့မြေဆန်သည်။ ချောင်းရေလျှံလျှင် ခြံဘေးရှိချောင်းလက်တက်ထဲမှတဆင့် ခြံထဲသို့ ရေရောက်တတ်သည်။ ကိစ္စမရှိ။ မြေထပ်ဖို့၍ အသေအချာပြုပြင်သည်။

"ဒီနေရာ ဒီလမ်းတွေက နင်တို့ဘိုးဘိုး လုပ်ထားပြုပြင်ထားလို့ ဒီလောက်ကောင်းနေတာ၊ အရင်က အိမ်ရှေ့မှာ ခြေတစ်ချစာ လူသွားလမ်းကြောင်းလေးပဲရှိတာ၊ ခြံစည်းရိုးလည်း နောက်ဆုတ်ပေးပြီး လမ်းကို ကောင်းကောင်းပြင်ထားတာ၊ အရင်က ရွာတည်စဆိုတော့ အိမ်တွေကို ဆောက်ချင်သလို ဆောက်ကြတယ်၊ လမ်းတွေဘာတွေလည်း ကောင်းကောင်းရှိတာမဟုတ်ဘူး"

အရီးနုကပြောပြသည်။ အရီးနုတို့ သိတတ်စအရွယ်မှ နောက်ပိုင်း တဟုန်ထိုးစည်ကားသိုက်မြိုက်လာသည့် ရွာကလေးဖြစ်သည်။ တဖြည်းဖြည်းမှ လူနေအိမ်ခြေများလာသည်။

အိမ်ရှေ့မှ မြေနီလမ်းသည် ခပ်လှမ်းလှမ်းအိမ်စုစုရှိရာ တောင်ပေါ်ပိုင်းသို့ ကွေ့ကွေ့ကောက်ကောက် တက်သွားသည်။ မိုးရာသီတွင် တောင်ပေါ်မှ ရေနီနီတွေ ပြေးဆင်းလာတတ်သည်။ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ခြံစည်းရိုးများမှာ ပုဏ္ဏရိပ်ပင်အုပ်အုပ်နှင့် အနီရောင်မြေလမ်းကလေးမှာ ချစ်စရာကောင်းလှသည်။ လမ်း၏အဆုံးမှာ လယ်ကွင်းတွေက တမျှော်တခေါ်ရှိကာ တစ်ရာသီတွင် အရောင်တစ်မျိုးစီနှင့် ရှိသည်။ ဟိုးအဝေးမှာတော့ မှိုင်းပြာပြာတောင်တန်းတွေကို မြင်ရသည်။

ကင်းမော်ရွာအရှေ့ဘက် နေလုံးကြီးပေါ်ထွက်ရာတောင်တန်းကြီးနှင့် ပေါ်ထွက်စ ပတ္တမြားရောင်ရဲရဲတို့ ဖိတ်စင်လျှက် တလက်လက်တောက်ပသော သံတွဲမြစ်၏ တငြိမ့်ငြိမ့်စီးဆင်းမှုကိုမြင်တိုင်း ကျော့စိတ်နှလုံး ချမ်းမြေ့ရသည်။



ဤမကျဉ်းမကျယ်မြစ်၏ သာယာပြေပြစ်မှု၊ ငြိမ်သက်မှုနှင့် နေရောင်နုနုတို့ ၏ကျမှုကို နှစ်သက်သည်။ ဤနေရာသည် ပြာလွင်၏။ ဖျော့တော့၏။ သိမ်မွေ့၏။ အစိမ်းရောင်တို့သည် နက်မှောင်၍မနေ စိမ်းရုံသာရှိ၏။ ပင်လယ်လေပြင်းတို့ တိုက်ရိုက်ထိတွေ့ခြင်းမရှိအောင် တောင်စဉ်တို့က ကာဆီးပေးထား၏။ တောင်စဉ်တို့ကို ဖြတ်သန်းလာရ၍ အားပျော့ညံ့သက်သော လေပြေသည် ကျော့တို့ရင်ခွင်သို့ ချစ်စဖွယ်တိုးဝှေ့သည်။

ကျော့၏ဖေဖေသည် ဖခင်၏ အသားအရောင်၊ ကြံ့ခိုင်ကြီးမားသော အဆစ်အပေါက်နှင့် ခန့်ညားထည်ဝါမှုတို့ကို အမွေရထားသည်။ ကျောက်သားပြင်ကို ထွင်းထုထားသလို အချိုးတကျ လှပသော ဘိုးဘိုး၏မျက်နှာပေါက်ပေါ်တွင် အထင်ရှားဆုံးမှာ စူးရှသောမျက်လုံးအစုံဖြစ်သည်။ ထိုမျက်လုံးတို့သည် သခုတိုင် စိတ်မာန်မကျသေးကြောင်းနှင့် တစ်ချိန်တုန်းက သူ၏ ဗွဲသတ္တိတို့ကို ဆော်ကျူးနေသည်။

ကျော့၏ဖေဖေ ဦးမင်းမောင်သည် မိခင်ဖြစ်သူဆုံးသည့်အခါ ငယ်သေးသဖြင့် မိခင်ကို ကောင်းစွာမှတ်မိလိုက်ခြင်းခြင်းမရှိပေ။ လူတွေက သူ့အား အမေမရှိတော့ဘူးဟု ပြောကြသည်။ အိမ်မှာ လူတွေစုနေတာကို ထလေးပီပီ ပျော်သလိုဖြစ်ပြီး အမေ့အား အိပ်ပျော်နေသည်ဟု ထင်လိုက်သည်။ အမေ ခဏပျောက်သွားသည်။ မကြာမီ တစ်နေရာရာမှ အမေပြန်ရောက်လာမည်။ အမေမရှိခြင်းသည် ခဏမျှသာဖြစ်သည်ဟု သူထင်လိုက်သည်။

တဖြည်းဖြည်းနှင့် အမေ့ပုံရိပ်တို့ အာရုံမှာ မှေးမှိန်စပြုသည်။ ပြီးတော့ နေ့တွေညတွေတောင် ကောင်းကောင်းမသိလိုက်ရဘဲ ဖခင် အစ်ကိုတို့နှင့်အတူ ခရီးရှည်ကြီးတစ်ခုကို စတင်ရသည်။ အဖေသည် သွားလေရာသို့ သူတို့မောင်နှမ ဘစ်တွေကို ခေါ်သွားလေ့ရှိသည်။

လမ်းခရီးတွင် အဖေ့လက်မောင်းများ၏ အင်အားကြီးမှုနှင့် အဖေ့ရင်ခွင်၏ ကျယ်ပြန့်နွေးထွေးမှုများကို အံ့ဩရသည်။ ဖခင်၏ပေါင်တို့ တင်းကျပ်စွာဖက်၍ မျက်နှာဝှက်ထားစဉ် သူကြောက်သည့်အရာမှန်သမျှကို အဖေက ရင်ဆိုင်ဖြေရှင်းသွားသည်။ သူသည် လမ်းမှာတွေ့ရသော တောရိုင်းတောင်များ၊ မိုးသီးမိုးပေါက်များ၊ ကမ်းကိုမမြင်ရသည့် ရေပြင်ကျယ်၏ တိတ်ဆိတ်မှု၊ ရုတ်တရက် မုန်းတိုင်းထန်ဖောက်ပြန်တတ်သည့် လှိုင်းလုံးကြီးများ

www.burmeseclassic.com

www.burmeseclassic.com



မျှော်မဆုံးသော ပင်လယ်ပြာ၊ ကောင်းကင်ပြာ၊ လရောင်ကြယ်ရောင်တို့နှင့် တိတ်ဆိတ်သောညတွေမှာ လင်းတစ်ဝက်မှောင်တစ်ဝက်နှင့်မြင်ရသော အဖေ၏ ခန့်ညားထည်ဝါသောမျက်နှာ အဝေးသို့မျှော်ကြည့်နေသော မျက်လုံးရူးရူးများနှင့် သူမသိနိုင်သော အဖေ၏ ပြင်းပြတောင်းဆိုသော နှလုံးတို့ကို သူစိတ်ဝင်စားခဲ့သည်။ ထိုစဉ်ကတည်းက အဖေသည် သူ့အတွက် သူ့ရဲကောင်းကြီးတစ်ဦးပင်။

သားသမီးတွေထဲတွင် ဘိုးဘိုးသည် ဖေဖေ့အား ပိုချစ်ပုံရသည်။ ကျွန်တို့ သိတတ်ပါပြီဆိုကတည်းက ဘိုးဘိုး၏မျက်နှာပေါ်တွင် တစ်ဦးတစ်ယောက်အပေါ်ထားသော ချစ်ခြင်းမေတ္တာကို မတွေ့စဖူးပါ။ သို့သော် ဖေဖေသည် ဖခင်၏ အချစ်ကို ကောင်းကောင်းတတ်သိခံစားနိုင်သော သားတစ်ယောက်ဖြစ်သည်။

ဘွားဘွား၏အကြောင်းကိုပြောလျှင်တော့ အားလုံးသည် သတိအနေအထားနှင့် တိုးတိုးသက်သာပြောကြရသည်။

"နင်တို့ဘိုးဘိုးက အစွဲအလန်းသိပ်ကြီးတာ၊ မဟုတ်ရင် သူဒီမှာ အခြေမချဘူး၊ ငါသိတယ်၊ သူ့မိန်းမ ဒီမှာခေါင်းချလို့ သူတစ်သက်လုံးနေဖို့ ဆုံးဖြတ်လိုက်တာ၊ အဲဒီတုန်းက အရှုံးတစ်ပိုင်းပဲ၊ နင်တို့အဘွားကို စိတ်ဆင်းရဲအောင်လုပ်ခဲ့လို့ နောင်တလည်းရတယ်နဲ့ တူပါတယ်၊ အရင်တုန်းက ပေပေတေတေကြမ်းကြမ်းတမ်းတမ်းနေတာ၊ အရက်လည်းသိပ်သောက်တယ်၊ နင်တို့အဘွားလည်းဆုံးရော တစ်ခါတည်း ပြောင်းလဲသွားတော့တာပဲ၊ ဟိုက သူ့ကို သိပ်ချစ်သိပ်သည်းခံတာ၊ အသက်ရှင်စဉ်က စိတ်ချမ်းသာအောင်မထားခဲ့ရလေခြင်းဆိုပြီး ယူကျုံးမရလည်းဖြစ်တာပေါ့။ သားသမီးတွေကြောင့် ဘဝကို ကောင်းကောင်းရင်ဆိုင်တာလို့တောင် ပြောလို့ရတယ်၊ မဟုတ်ရင် နင်တို့ ဒီလိုအခြေအနေမျိုးနဲ့နေရမှာမဟုတ်ဘူး"

ဘွားဘွားကြီး ဒေါ်မြနုက စိတ်လိုလက်ရရှိလျှင် ပြောပြတတ်သည်။

ဘိုးဘိုးအသက်ကြီးလာပြီဖြစ်၍ ဥယျာဉ်လုပ်ငန်းများကို ယခင်ကလိုမလုပ်နိုင်တော့၊ အစစအရာရာ ဖေဖေ့တာဝန်ဖြစ်လာသည်။ ဖေဖေ့မှာ ရုံးကပြန်ရောက်သည်နှင့် တောင်သို့သွားရသည်။ တောင်ခြေအထိ ကားလမ်းပေါက်၍ တော်သေးသည်။ ရာသီအချိန်ဆိုလျှင် ပို၍အလုပ်ရှုပ်သည်။ ဘိုးဘိုးလုပ်နိုင်စဉ်ကတော့ ဖေဖေက ပြန်ကြည့်စရာမလို၊ အလုပ်သမားတွေကလည်း ဘိုးဘိုး



သက်ထက်ကလူတွေဖြစ်သဖြင့် စိတ်ချယုံကြည်ရသည်။ ခေတ်ကာလကလည်းကောင်းသည်။ လူတွေကလည်း ရိုးသားသည်။

မေမေက စာရင်းဇယားတွေ၊ တောင်မှာအလုပ်သမားမိသားစုကိစ္စတွေထိ ကြည့်ရသည်။ သူတို့မှာပြဿနာတစ်ခုခုဖြစ်လာလျှင် အိမ်သို့ ရောက်လာတတ်သည်။ မကျန်းမမာဖြစ်လာလျှင် ဆေးခန်းသို့ လိုက်ပို့ရသည်။ သူတို့ရဲ့ ကလေးတွေအတွက် ကျွန်တို့ဝတ်ခဲ့သော အဝတ်ဟောင်းများကို ပြုပြင်ဖာထေး၍ ပေးရသည်။ သူတို့ကျောင်းနေဖို့ စာအုပ်ခဲတံလေးများမှအစ ထောက်ပံ့ရသည်။ သူတို့တွေက ရာသီတောင်ခြေတပိုက်ရှိ ရွာကလေးတွေမှဖြစ်သည်။ နေ့လည်တွင် မိသားစုလိုက် တောင်ပေါ်တက်ပြီး အလုပ်လုပ်ကာ ညရောက်မှ ရွာသို့ ပြန်ကြရသည်။

ကျွန်မ့ကလေးဘဝက အရာရာပြည့်စုံပြီး ကစားခုန်စားရင်း ပျော်နေခဲ့တာပဲ၊ ဒါဟာ တကယ်လားဟု စဉ်းစားမိတိုင်း ဖေဖေ့ကိုယ်ထဲရှိ ဘယ်တော့မှ မကုန်ခမ်းသော လန်းဆန်းမှုကိုလိုချင်မိသည်။ မေမေကမူ ဟိုတုန်းကလို မဟုတ်တော့၊ ဟိုးငယ်ငယ်လေးကတော့ ကျွန်မ့အတွက် အင်မတန် လုံခြုံတဲ့မေမေပဲ။

ဖေဖေက ဘယ်လောက်ပဲအလုပ်ပင်ပန်းပါစေ၊ ဘယ်တော့မှ အပြုံးမပျက်။ လေကလေးတချွန်ချွန်နှင့် ဘယ်တော့မှလည်း မနွမ်းနယ်သည့် ဖေဖေ့စိတ်ကို အားကျ၏။ ပြီးတော့ ဖေဖေသည် ဘယ်အရာအတွက်မဆို သူ့စိတ်ကို မထိခိုက်အောင် ရှင်းရှင်းလင်းလင်းနေတတ်သည်။ ဘယ်လောက်ပဲ အပြင်မှာ စိတ်ပန်းလူပန်းဖြစ်ပါစေ၊ အိမ်ပြန်ရောက်လျှင် ဖေဖေသည် ထူးဆန်းဖွယ်ရာ အပျော်ရွှင်ဆုံးလူတစ်ယောက်၊ အလန်းဆန်းဆုံးလူတစ်ယောက် ဖြစ်နေတတ်ပါသည်။ အိမ်ဟာ ... အိမ်ဟာ လူတစ်ယောက်အတွက် သိပ်အရေးကြီးတဲ့ အရာတစ်ခုပဲ။

ဖေဖေက ဘိုးဘိုးကဲ့သို့ပင် ဤမြေသည် သူ့ဘဝတစ်စိတ်တစ်ပိုင်းဟု ခံယူသည်။ ဖေဖေ့တွင် မိဘကို ခွဲထွက်သွားဖို့ စိတ်ကူးမရှိ။ သူ့အဖေကို မြတ်နိုးသကဲ့သို့ပင် သူ့အဖေ၏လက်ရာ၊ သူ့အဖေ၏ ပိုင်ဆိုင်သမျှကို သူမြတ်နိုးသည်။ အချို့မိသားစုတွေက ကြီးပွားချမ်းသာလျှင် မြို့ကြီးများသို့ ပြောင်းရွှေ့သွားကြသည်။ ပညာတတ်သွားလျှင်လည်း ကိုယ့်မြို့ကိုယ့်ရွာသို့ ပြန်မလာကြတော့ပေ၊ လာချင်လျှင်တောင် တော်တော်နှင့်မရောက်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် အေးချမ်းငြိမ်သက်၍ ရိုးစင်းလှသော သူ့ဘဝကို ဘယ်အရာနှင့်မျှ လဲမည်မဟုတ်။ သားသမီးတွေကြီးပြင်းလာ၍ အတောင်အလက်စုံလင် လာမည့်နေ့တွေအတွက်လည်း ဘိုးဘိုးကဲ့သို့ပင် ခံနိုင်ရည်ရှိပေမည်။

* *

နောက်ပိုင်းတွင် ကျော့သည် လူတွေကို ဖေဖေနှင့်ယှဉ်၍ ဆုံးဖြတ်တတ်သည်။ ဖေဖေ့စံချိန်တစ်ပိုင်းတစ်စမျှမမှီလျှင် ကျော့သည် အထင်မကြီးတော့။

ရပ်ရွာမှာ သြဇာရှိ၍ မိဘအရှိန်အဝါနှင့် မြို့ပေါ်ထိအောင် ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင် ဦးသာနိုးကိုလည်း ကျော့ အထင်မကြီး။ သူစကားပြောသည့် အထက်စီးလေသံကိုမကြိုက်၊ ဖေဖေသည် သူ့အလုပ်သမားများကို မည်သည့်အခြေအနေမျိုးမှာမှ သြဇာအာဏာမပေးစဖူး၊ ဖေဖေသည် လက်အောက်ငယ်သားများကို အမြဲညှာတာစိတ်ရှိသည်။

ပြီးတော့ ရပ်ရွာအသင်းအဖွဲ့အစည်းတွေ ဂေါပကအဖွဲ့အစည်းအဝေးတွေမှာ စကားပြောလျှင် လိုရင်းမရောက်ဘဲ သူ့သားသမီးတွေအကြောင်းကြွားတတ်သည့် ဦးလှထွန်းကိုလည်း သိပ်မလေးစားချင်၊ ဖေဖေနှင့်တကွ ကျော့တို့မိသားစုကို မသိမသာ လိုက်ပြိုင်တတ်သည်။ သားသမီးပညာရေးမှာ လိုက်ပြိုင်သည်။ ဖေဖေကမူ တစ်ခါတစ်ခါ သူ့သားသမီးတွေ ဘယ်နှစ်တန်းရောက်ပြီလဲတောင် မေ့မေ့နေတတ်သည်။

ကျော့ရှစ်တန်းတက်ရမည့်နှစ်က "သမီးရှစ်တန်းတောင်ရောက်ပြီလား၊ ဖေဖေက ခြောက်တန်းလို့ထင်နေတာ"ဟု တအံ့တသြပြောသည်။

ကလေးတွေကျောင်းကိစ္စနှင့် စာသင်ပြရသည့်အလုပ်မှာ မေမေ့အလုပ်သာဖြစ်သည်။ မိဘဆရာအသင်းအစည်းအဝေးပွဲတွေကို ဖေဖေမတက်စဖူး၊ ဖေဖေက ရုံးကိစ္စနှင့် ခရီးသွားလျှင် သွားနေရတတ်သည်။ တောင်နှင့် ရာဘာတွေ ရောင်းရန် ရန်ကုန်သို့ သွားချင်သွားနေရတတ်သည်။ တစ်ခါတစ်ခါ ကျော့တို့ကလေးတွေသည် ဖေဖေ့အား ရက်ဆက်ပင်မတွေ့ရဘဲနေရတတ်သည်။ ကျော့တို့အိပ်ချိန်မှ ဖေဖေပြန်လာရသည်။ မနက်ကျတော့လည်း ကျော့တို့ မနိုး



ခင် ထသွားရပြန်သည်။ မေမေတစ်ယောက်တည်းသာ မှန်အိမ်ထွန်းလျက် ဖေဖေပြန်လာသည်ကို စည့်ခန်းမှာထိုင်လျက် သားမွေးထိုးရင်း၊ အစုတ်အပြဲတွေကို ချုပ်ရင်း စောင့်နေတတ်သည်။ ရံဖန်ရံခါ ကျော့သည် အိပ်မှုန်စုံမွှားနှင့် ထကြည့်ရင်း မြင်လိုက်ရသည်ကို အိပ်မက်ထဲမှာလိုလို ထင်တတ်သည်။ ကျော့ကလည်း အိပ်သာအိပ်နေရသည်၊ ဖေဖေပြန်မလာမချင်း ကောင်းကောင်းအိပ်မပျော်ပေ၊ မေမေတံခါးဖွင့်ပေးသံ၊ ဖေဖေ၏ အသံခပ်တိုးတိုးနှင့် ကလေးတွေအိပ်ကြပြီလားဟုမေးသံ၊ အလုပ်ကိစ္စပြောသံတွေကို ကြားရသည်။ ဆောင်းလေအေးအေးကြောင့် ဖေဖေ့ပါးစပ်မှ တချီးချီးမြည်သံပြုသံတို့ကို သံတွဲဆောင်းရဲ့ ချမ်းအေးမှုကြောင့် စောင်ခြုံအထပ်ထပ်အောက်မှ ကြားယောင်စမြဲ။

"တစ်ရုံးလုံးလည်း သူ့အလုပ်ချည်းပဲလားမသိဘူး၊ သူ့ခေါင်းထဲမှာလည်း အလုပ်တာဝန်တွေပဲရှိတာ၊ သူ့အလုပ်နဲ့စာရင် မိသားစုဟာ အသေးအမွှားဖြစ်သွားတာပဲ၊ ငါတော့နင့်အဖေအစား မောပါတယ်"

ဖေဖေက အလုပ်မရွေးပေ။ မည်သည့်အလုပ်မဆို လိုအပ်ရင်လိုသလို အောက်ခြေသိမ်းကအစ လုပ်တတ်သည်။ အလှူအတန်းပွဲလမ်းများတွင် ဖေဖေ့အား ရှေ့ဆုံးမှ ရခိုင်လုံချည်၊ တိုက်ပုံသစ်၊ ခေါင်းပေါင်းစတာလှလှနှင့် ဘယ်တော့မှ မတွေ့ရ။ လူကြီးလူကောင်းစကားဝိုင်းမှာ ဝင်မထိုင်အား၊ နောက်ဖေးကဝေယျာဝစ္စတောထဲမှာပဲ ချွေးတလုံးလုံးနှင့် ပြီးသွားတတ်သည်။ မိသားစုကိုလည်း စိတ်ချမ်းသာစရာစကားမှလွဲ၍ ဖေဖေ့မှာ ပြောစရာတခြားမရှိ။

ကျော့သည် အိပ်မက်တစ်ချို့မှလွဲ၍ ငယ်ငယ်ကအဖြစ်အပျက်တွေကို သိပ်တောင်မမှတ်မိချင်တော့၊ ကျော့သည် ဖေဖေနှင့် ကျော့ငယ်ငယ်က ချစ်ခင်ရင်းနှီးမှုများ၊ ဖေဖေ့အချစ်များ၊ အလိုလိုက်မှုများကို ဝိုးတဝါးဖြစ်နေသည်။ ကျော့မှတ်ဉာဏ်က ကောင်းမလိုလိုနှင့် တစ်ခါခါတစ်မျိုးပဲ၊ အိပ်မက်လိုလိုဖြစ်နေတတ်သည်။ ကျော့ကြီးပြင်းလာတော့ ငယ်ငယ်ရွယ်ရွယ်နှင့် အသိဉာဏ်ပိုတာ၊ ခံစားမှုပိုတာ သတိထားမိသည်။ ဖေဖေ့စိတ်ကို လိုက်မမှီနိုင်သောကျော့သည် ဖေဖေ့နှင့်ဝေးသွားသလို စိတ်မှာခံစားရသည်။

ကျော့သည် ကိုယ့်အိမ်မှာ ကိုယ့်မိသားစုနှင့်တောင် မနေတတ်ဘူးထင်၏။ ဖေဖေ့လိုစိတ်ထားတတ်ဖို့၊ သဘောထားကြီးဖို့ ကြိုးစားသော်လည်း စိတ်ပျော့သူဖြစ်သလို သတ္တိလည်းမကောင်းတာကြောင့် မအောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မအောင်မြင်။ ငယ်စဉ်ကတည်းက ကျော့ကို အငြိုးကြီးစွာနှိပ်စက်တတ်သည်မှာ ကျော့၏ စိတ်အားငယ်တတ်မှု၊ ကိုယ့်ကိုယ်ကိုအသုံးမကျဘူးဟု အမြဲထင်မြင်ပြီး အကြိမ်ကြိမ် စိတ်ဓာတ်ပျက်ပြားမှုအတွက် ကျော့၏ ကျရှုံးမှုများ ဖြစ်ပါသည်။ သို့သော် ကျော့တွင် ဖေဖေ၏စိတ်ဓာတ်၊ ဘိုးဘိုး၏သွေးတို့ ပျက်သုဉ်းသွားမှာ အကြောက်ဆုံး။

* * *

## အခန်း (၂)

မနက်စောစောတွင် ရန်ကုန်မှ ဆွေမျိုးများအတွက် လက်ဆောင်ပစ္စည်းတွေကို ထုပ်ပိုးကြရာ ဖေဖေတားယူမှရတော့သည်။ မေမေက ဈေးမှ ဝယ်လာသော ရာသီစာသီးနှံများကို ထည့်နေသည်။ ရန်ကုန်ရောက် ရခိုင်တွေကလည်း ကိုယ့်ဒေသထွက်ဆို ဘာပဲရရ မက်မက်ရက်ရက်ရှိလှသည်။ ငရုတ်သီးစိမ်းလေးတစ်ဆုပ်၊ ခရမ်းသီးလေးတစ်တွဲလောက်ရလည်း ကျေနပ်ကြသည်။ တချို့က ကင်းမော်ရွာကရေမှ သောက်ချင်ပြန်သတဲ့။ ဘကြီးတို့အိမ်သားတွေအတွက်မူ ငါးပိ၊ ငါးခြောက်ကအစ၊ မြေပဲဆီ၊ နှမ်းဆီတို့ကို အချိန်ရောက်တိုင်း ပို့ပေးရသည်။

ဘကြီးက "အနယ်နယ်အရပ်ရပ်ရောက်ဖူးတယ်၊ တောင်ပို့မှိုစားရမေခယ့် တို့ဆီကတောင်ပို့မှိုနဲ့ ဘာမှမဆိုင်ဘူး" ဟု ဆိုတတ်သည်။

"မှိုဟာမှိုပဲ အတူတူပေါ့"ဟု သိကြားမင်းဆင်းပြောတောင် ရမည်မဟုတ်။

ငရုတ်သီးစိမ်းကျပြန်တော့လည်း "ရန်ကုန်ကငရုတ်သီးနဲ့ တို့ဆီကငရုတ်သီး လုံးဝမတူဘူး၊ တို့ဆီက ငရုတ်သီးက ချိုချိုလေး" တဲ့။

မေမေက ဘကြီးကြိုက်တတ်သော ငါးကုန်းညို (ငါးသတ္တာငါး)တွေကို မြေအိုးတစ်လုံးမှာ ရခိုင်ချက် ခြောက်ကပ်နေအောင်ချက်၍ ဆီနှင့်ပြန်ကြော်

www.burmeseclassic.com

www.burmeseclassic.com



ကာ ထည့်ပေးသည်။ အားလုံးပြင်ဆင်ပြီးတော့ သူများကိုပေးရမည့်လက်ဆောင်တွေပင် ကြိမ်ခြင်းတောင်းနှင့် နှစ်ခြင်းရှိနေပြီ။ ဖေဖေတောင် ရေချိုးပြီး၍ အိမ်ပေါ်တက်လာပြီ ထုပ်ပိုးလို့မပြီးနိုင်။

"ကလေးက တစ်ယောက်တည်းသွားရမှာ၊ ပစ္စည်းတွေမများလွန်းဘူးလား"

အရီးနုနှင့်မေမေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နှုတ်ဆိတ်နေသည်။ ပြန်ထုတ်ယူစရာ ဘာရှိသလဲကြည့်တော့လည်း ဘာမှတွေ့ပုံမရ။

"စားစေချင်လို့ထည့်ပေးတာပါအေ၊ ကျော်စွာတို့ နိုင်တို့ ကြိုက်တာတွေချည်းပဲ၊ တစ်ခါကြုံမှ တစ်ခါပေးရတာ၊ အလုပ်သမားတွေသယ်ရတာပဲ၊ ကိုယ်သယ်ရတာမှမဟုတ်တာ"

မတတ်နိုင် အားလုံးထုပ်ပိုးပြီးနေပြီ။ ယူသွားရတော့မှာပေါ့၊ ဖေဖေကလည်း မပြောသာတော့ဘဲ ပြန်ထွက်သွားရလေသည်။

ဖေဖေနှင့်ကျော့ အိမ်ကထွက်တော့ မနက်(၉)နာရီထိုးပြီဖြစ်သည်။ လေယာဉ်ကွင်းချိန်က (၁၀)နာရီဖြစ်သည်။ ဖေဖေက ကျော့အား ပေလီလေဆိပ်သို့ လိုက်ပို့ပြီးမှ ရုံးသို့သွားမည်ဖြစ်သည်။ ဂျစ်ကားနောက်ခန်းထဲတွင် ကျော့ ပစ္စည်းတွေနှင့် ပြည့်နေသည်။

ဘိုးဘိုးက ဆေးတံကြီးရှိုက်ဖွာလျက် ကျော့တို့ကို မမြင်သလိုကြည့်နေသည်။ ကျော့က အိမ်ပေါက်ဝမှ အိမ်သားအားလုံးကို စေ့စေ့မကြည့်ဘဲ ခပ်ဝေ့ဝေ့ကြည့်ကာ ပြုံးသည်။ ဘွားဘွားကြီးက "မိုးလေဝသသာယာပါစေ"ဟု ဝင်ပြောလိုက်သဖြင့် တစ်ယောက်တစ်ပေါက်ဝင်ပြောရင်း ဆူညံသွားသည်။ မေမေ့အသံတော့ မကြားလိုက်ပါ။

ကျော့နှုတ်မဆက်ချင်၊ ကျော့က ခွဲထွက်မသွားချင်၊ ကျန်ရစ်သူအတွက် စိတ်မကောင်းဖြစ်သလို ကျော့ကိုယ်တိုင်လည်း ကျန်ရစ်သူမဖြစ်ချင်။ နောက်ကြည့်မှန်ထဲမှာ မေမေ ခြံပေါက်ဝမှာ ရပ်ကျန်ရစ်သည့်ပုံရိပ်ကို မြင်ရသည်။ ကျော့မျက်လုံးလွှဲလိုက်သည်။ မေမေလိုက်ပို့လျှင် လေယာဉ်ပေါ် မတက်ချင်သလို၊ ပြုံးရခက်သလိုဖြစ်နေဦးမည်။

"ကျော့ ငါ့ဆီစာရေးနော်၊ ဟိုရောက်ရင် ဒိုင်ယာရီတစ်အုပ်ရယ်၊



အိတ်လှလှလေးတွေရယ်၊ ဝယ်ထည့်ပေးလိုက်စမ်းပါ"

မြတ်က အိမ်ပေါ်မှ လှမ်းမှာသည်။

မြတ်တောင် (၁၀)တန်းရောက်ပြီ။ ဒီကောင်မလေး ရည်းစားထားတော့ပြီ။ စာဖတ်သလိုလိုနှင့် ရည်းစားစာခိုးရေးတတ်နေတာ ကျော့သိသည်။

"ဘာလုပ်မလို့လဲ နင်က"

"ဘာလုပ်လုပ်ပေါ့"

မြတ်က ကားစက်သံကို လှမ်းအောင်အော်သည်။

ကောင်းကင်သည် ကြည်လင်ပြာလဲ့နေသည်။ ဖေဖေက ကားကို အိမ်ရှေ့မြေနီလမ်းမှ ကွေ့ကွေ့ဝိုက်ဝိုက် မောင်းထွက်ကာ သံတွဲမြို့ဆီသို့ ဦးတည်လိုက်သည်။ ကင်းမော်နှင့်သံတွဲက ငါးမိုင်ခရီးရှိသည်။ ကားလမ်းဘေးရှိ မြက်ခင်းနှင့်ချုံပုတ်များမှာ မိုးဖြန်းထားသဖြင့် စိမ်းမြနေသည်။ ရွာငယ်ကလေးတွေ တစ်ရွာပြီးတစ်ရွာ ဖြတ်လာရသည်။ လယ်ကွင်းများကို ဖြတ်တိုက်လာသောလေမှာ အေးမြလတ်ဆတ်နေသည်။ ချောင်းရေဝင်နေသဖြင့် ပြည့်နေသောမြောင်းလေးများမှရေများသည် တစ်ဖက်ရှိ ခနိတောထဲသို့ စီးဝင်သွားသံ ကြားရသည်။

ချောင်းကမ်းစပ်တလျှောက်တွင် ခနိတောတွေ တန်းစီနေသည်။ တစ်ညီတည်းဖြစ်ကာ လေတွင်ယိမ်းနွဲ့နေသဖြင့် အလွန်ကြည့်၍ကောင်းလှသည်။ ငှက်ကလေးတွေကလည်း ယိမ်းနွဲ့နေသောအုန်းပင်ထိပ်များဝယ် လေဟုန်စီးနေကြသည်။ တချို့မှာ ဟုတ်ကနဲ၊ ဟုတ်ကနဲ၊ ဟိုးအဝေးသို့ ဘဟုန်ထိုး ပျံသန်းသွားကြသည်။ တချို့က အုပ်စုလိုက်၊ တချို့က တစ်စုံတွဲ၊ တချို့က တစ်ကောင်တည်း။

ကျော့သည် ငှက်ကလေးများပျံသန်းသည်ကို သဘောကျစွာ လိုက်ကြည့်တတ်စမြဲ။ ငှက်တွေထဲမှာ အမြင့်ပျံငှက်တစ်ကောင်ကောင်ကို တွေ့မသားလိုက်ကြည့်၏။ ဘကြီး၏ စာအုပ်ဟောင်းတွေထဲမှ ယောနသံဇင်ယော်စာအုပ်ကို ဖတ်ပြီးကတည်းက ဖြစ်နိုင်သည်။

ကားပေါ်တွင် ဖေဖေ့ဘေးမှ ခပ်မတ်မတ်ထိုင်လိုက်လာသော ကျော့နှာကိုယ်သည် ငြိမ်သက်သလောက် စိတ်ထဲမှ လှုပ်ရှားနေသည်။ မျက်လုံးများသာ ရှေ့သို့ ကြည့်နေသော်လည်း ဖေဖေ့ပုံရိပ်ကို မျက်လုံးထောင့်မှ မြင်နေရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေက တစ်ချက်စောင်းငဲ့၍ မေးဆတ်ပြသည်။ အားပေးသည့်သဘော လည်းပါသည်။ ကျော့က ရုပ်အကျီကော်လံကိုပြုပြင်ရင်း ဟက်ကနဲတစ်ချက် ရယ်လိုက်သည်။ သက်ပြင်းတစ်ချက်လည်း ကြိတ်ချလိုက်သည်။ နည်းနည်း တော့ တစ်မျိုးပဲဖေဖေရဲ့။ ကားအဟုန်ကြောင့် လွင့်တက်လာသည့် ရေညှိ ရောင်လုံချည်ပြောင်စကို လက်ချောင်းရှည်များဖြင့် ဖိညပ်ရင်း မျက်နှာကို မော်ထားလိုက်သည်။ ချောင်းရဲ့အနောက်ဘက်တောင်တွေဆီကလာတဲ့ လေကလေး၊ ဖေဖေရဲ့ ရာဘာတောင်တွေနှင့်ဆို ဝေးသေးသည်။

ဖေဖေ၏ ဖြောင့်စင်းသောနှာတံမြင့်မြင့်၊ ပေါ်လွင်သော မေးရိုးတို့ကို ဘေးတိုက်အနေအထားမှ မြင်ရသည်။ သေသပ်၍ အမြဲမေတ္တာလွှမ်းသောစကား တွေသာပြောတတ်သော နှုတ်ခမ်းများသည် ပါးစပ်ထဲရှိ ကွမ်းယာအကြွင်း အကျန်များကြောင့် အနည်းအငယ် လှုပ်ရှားနေသည်။ ပါဝါမျက်မှန်ထူထူ အောက်မှ မျက်ဝန်းအစုံက ရှေ့သို့ စူးစိုက်၍ သတိထားကာ ကားမောင်းနေ၏။

ဖေဖေ့နဖူးပြင်က ကျယ်ဝန်းသည်။ ပါးလွှာသော ခပ်ကြမ်းကြမ်းအညို ရောင်ဆံပင်တွေရှိသည်။ ဖေဖေ၏ ရှည်လျားသောခြေတံလက်တံတို့၏ လှုပ်ရှား မှုသည် ဘယ်တော့မှ အဆောတလျင်မရှိဘဲ အမြဲတမ်း တည်ငြိမ်၏။ ဖေဖေနှင့် ပတ်သက်၍ စိတ်စနိုးစနောင့်ဖြစ်ရခြင်းသည် ကျော့ဘဝမှာ မရှိခဲ့။ ကျော့လည်း ဖေဖေနှင့်တူပါရဲ့ဟုပြောရမှာ မရဲတရဲရှိလှသော်လည်း ကျော့လည်း ဖေဖေ့သမီး ပဲဟု ဂုဏ်ယူစမြဲပင်။ ပြီးတော့ ကျော့က အိမ်မှာ ယောကျ်ားလေးတွေပြီးလျှင် မိန်းကလေးတွေထဲမှာ အရပ်အမြင့်ဆုံး။ ဖေဖေနှင့်တူရခြင်း၌ ကျော့၏အရပ် အတွက်ပါ ကျော့ဂုဏ်ယူသည်။

ကျော့ကလည်း ဖေဖေ့ကို ကျော့ကြောင့် စိတ်စနိုးစနောင့်မဖြစ်စေချင်၊ ကျော့တစ်ယောက်တည်းသွားရမှာ ခပ်ကြောက်ကြောက်ဖြစ်နေတာ ဖေဖေ့အား ပြောထွက်မည်မဟုတ်။ ဖေဖေမသိနိုင်သည့်အတွက် ဝမ်းနည်းရ၏။ ဖေဖေသိပါ တယ်လေ၊ ဖေဖေသိမှာပါလေ၊ ကျော့စိတ်သက်သာမှုရအောင် မသိသလိုနေတာ ပါဟု ထင်မိပြန်သည်။ ဖေဖေပြောသားပဲ။

"ဒီတစ်လ ရုံးမှာအလုပ်တွေအရမ်းများနေလို့ သမီးကို ဖေဖေ လိုက်မပို့ နိုင်တော့ဘူး၊ လကုန်ထိ သမီးစောင့်နိုင်မလား။ ကျောင်းနောက်ကျနေလို့လည်း ခဖြစ်ဘူးထင်တယ်"



"ဒီကကလေးတွေ ဘယ်လောက်ဝေးဝေး ဒီလိုပဲသွားကြရတာပဲ၊ အဓော ကြီးကိုက ကဲပါတယ်"

မေမေက ဝင်ပြောသည်။

ထိုစဉ်က "တစ်ယောက်တည်းလည်းဖြစ်ပါတယ်"ဟု အသံကျယ် ကျယ် နှင့်ပြောရင်း ဖေဖေ့မျက်နှာမော်ကြည့်ကာ ယုံကြည်မှုယူသည်။ ဖေဖေက ကျော့အား ဖြစ်ပါ့မလားဟု မယုံသင်္ကာကြည့်မနေ၍ ကိုယ့်ကိုယ်ကိုယ် စိတ်ချ ယုံကြည်သလို ဖြစ်သွားသည်။

"ရပါတယ် ဖေဖေရဲ့"

ခိုင်ခိုင်မာမာဆိုလိုက်မှ ဖေဖေက လေယာဉ်လက်မှတ်ဝယ်ပေးတော့ သည်။

မေမေက စောစောသွားကာ စာကျက်နိုင်းနေလေပြီ။

တက္ကသိုလ်ဝင်ခွင့်လျှောက်ရာတွင် လိုင်းကောင်းကောင်းမရတော့ သည့်နောက် ကျော့သည် ကောလိပ်ဆိုတာ စာမေးပွဲအောင်ရုံပဲမှန်းတော့၏။

"ရပါတယ်မေမေရာ၊ စာနောက်ကျတာထက် ကျောင်းဆောင်မဝင်ရ သေးခင် အပြင်မှာမနေချင်ပါဘူး။ သူများအိမ်မှာတော့ ကျော့မနေတတ်ဘူး"

မျက်လုံးလေးပြူး၍ သွားဖြူတန်းလေးပေါ်အောင်ရယ်၍ မေမေ့အား ပြောလိုက်သည်။

"ဘယ်အိမ်မှာနေရမှာမို့လို့လဲ၊ ဘကြီးအိမ်မှာနေရမှာ၊ နင်တို့အမျိုး အရင်းကြီး"

"ဘကြီးအိမ်ပဲ အမေ့အိမ်မှမဟုတ်တာ"

မေမေ ဒီလိုအပြောတွေမကြိုက်မှန်းသိ၍ မေမေ့ကို စချင်စောဖြင့် တမင်ပြောနေမိသည်။ မေမေအပြစ်တင်တာ မကြိုက်နိုင်သော်လည်း တစ်ခါ တစ်ခါ မေမေ့နှုတ်မှ တဖျစ်တောက်တောက်ပြောသံကို စိတ်ကြည်ကြည် လင်လင်နှင့် ပြုံးစစနှင့် နားထောင်ချင်တတ်သည်။

ဖေဖေက ရုံးနောက်ကျခံကာ လေယာဉ်ထွက်ချိန်ထိ စောင့်နေသည်။ ဆေဖေက လေယာဉ်ပေါ်ထိ လိုက်မပို့ရုံတမယ်၊ ကျော့က ဘာမှမလုပ်တတ်၊ ဖေဖေလုပ်တာကိုပဲ ထိုင်ကြည့်နေသည်။ ဖေဖေက နိုင်ငံသားကတ်တောင်းလျှင် ထုတ်ပေးလိုက်သည်။ ဖေဖေပြန်ပေးသည့် စာရွက်တွေကို ယူထားလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



"သမီး အဲဒါအရေးကြီးတယ်နော်"ဆိုလျှင် ရုပ်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည်။ ခရီးသွားနေကျမို့ လေဆိပ်မှာလည်း ဖေဖေ့အသိတွေချည်းပင်။

ကျော့သည် လေယာဉ်ပေါ်ရောက်ပြီး မှန်ပေါက်မှကြည့်ရာ လေဆိပ်အဆောက်အဦးကို ခပ်သေးသေးသာ မြင်ရသည်။ လေယာဉ်သည် ပြေးလမ်းအဆုံးသို့သွားပြီး တစ်ပတ်ပြန်လည်ကာ ပျံသန်းဖို့အရှိန်ယူနေသည်။ လေထုထဲ ထိုးအတက် ကျော့ရင်ထဲ သိမ့်ခနဲအေးသွားသည်။ အဆောက်အဦးတွေ အုန်းပင်တွေ သဲဖြူဖြူတွေ လျှင်မြန်စွာကျန်ရစ်သည်။ ကားရပ်သည့်နေရာရှိ အုန်းပင်တွေကြားမှ ဖေဖေ့ကားနီလေးကို အလျှင်အမြန်ရှာသည်။ ကျယ်လောင်မြည်ဟီးသော စက်သံနှင့်အတူ လေယာဉ်တဖြည်းဖြည်း မြင့်တက်သွားရာ ကားစက်ဖုံးပေါ်လက်တင်၍ ရပ်ကြည့်နေသော ဖေဖေ့သဏ္ဌာန်သည် ကျော့မြင်ကွင်းမှ မြန်စွာကွယ်ပျောက်သွားလေသည်။

အောက်တွင် သန္တာကျောက်တန်းများကို တဝုန်းဝုန်းရိုက်ခတ်နေသော ရေလှိုင်းများဖြင့် အော်မြည်နေသော ပင်လယ်ပြင်သည် ကျော့ငယ်ငယ်ကကြားနေကျအတိုင်းပင်၊ ပင်လယ်ပြင်ကိုမြင်လျှင် ကျော့ရင်ထဲ ဆူဝေစမြဲ၊ လှိုင်းဒဏ်၊ လေဒဏ်၊ နေဒဏ်တို့ကို အံတုလျက် အမြဲတည်တံ့ရပ်တည်နိုင်သော ကျောက်ဆောင်ကျောက်သားတို့ကို ကျော့ချစ်သည်။ ငါးဖမ်းသင်္ဘောများ၊ လှေငယ်များ၊ ရေတိမ်ပိုင်း၊ ရေနက်ပိုင်းနှင့် ရေအောက်ရှိ ကျောက်ဆောင်များကိုလည်းကောင်း ကွဲကွဲပြားပြားမြင်ရသည်။ သောင်ပြင်ဖွေးဖွေး ကားလမ်းနှင့်အုန်းပင်စိမ်းစိမ်းများသည် လျင်မြန်စွာ ဝေး၍ဝေး၍ ကျန်ခဲ့ကြသည်။ မျက်လုံးမှိတ်လိုက်စဉ် မျက်တောင်ဖျားတို့ စိုစွတ်ကာ အေးခနဲဖြစ်သွားတာ သတိပြုမိသည်။

တိမ်မျှင်တို့ကို အနီးကပ်မြင်လာရသည်။ နေရောင်ကြောင့် တိမ်ထုများသည် ငွေရောင်တောက်ကာ အလွန်ချစ်စရာကောင်းနေသည်။ ထိုင်ခုံ၊ ခါးပတ်ကို ခပ်တင်းတင်းဆုပ်ကာ ကျော့သည် အသည်းတယားယားဖြစ်နေ၏။ လေယာဉ်စီးရတာလည်း ခပ်ကြောက်ကြောက်မို့ လေယာဉ်ဘီးတွေ ကွင်းပေါ် ဒုတ်ခနဲကျမှ ကျော့အသက်ရှူချောင်လေ့ရှိသည်။ ကျော့ကဲ့သို့ ကျောင်းသွားတက်မည့်ရှယ်တူကောင်လေး၊ ကောင်မလေး လေးငါးယောက်ကိုလည်း တွေ့ရသည်။



သူတို့က တစ်ဖွဲ့တည်းမို့ ကျွက်စီကျွက်စီ ဆူညံနေကြသည်။

ဆံပင်တိုကပ်ကပ်ကို လက်ဖြင့်သပ်တင်ပြီး ခေါင်းကို နောက်သို့ မှီချလိုက်သည်။ သက်တောင့်သက်သာ လျောထိုင်ရင်း မျက်စိကိုအသာမှိတ်လိုက်မှ ကျော့နှလုံးသွေးတို့ တဒိတ်ဒိတ်တိုးနေတာ သတိထားမိသည်။ လက်ကောက်ဝတ်ရှိ သွေးကြောလေးလှုပ်ရှားနေတာပင် ခံစားမိ၏။

အမှန်တော့ ကျော့အိမ်မှာ ပျော်လှချည်ရဲ့လို့မဟုတ်။ တကယ်တော့ အိမ်ပါ၊ အဖေရှိသည်၊ အမေရှိသည်၊ မိသားစုရှိသည်။ နေထိုင်ကြီးပြင်းခဲ့သည်။ အချိန်တန်လျှင် ပြန်ရမည့်နေရာဖြစ်သည်။ အိမ်ကထွက်လာရသည်ကို သွတ်လပ်သည်ဟု ယူဆမိသည့်ကြားက ဝမ်းနည်းမှုက ရင်မှာလှိုက်လှဲဆူဝေ၏။

ကျော့သည် ငယ်ဘဝကို ခြောက်သွေ့သည်ထင်ကာ မတမ်းတချင်၊ ကျော့လိုလားသော နွေးထွေးသာယာမှု၊ ကြည်လင်မှုတို့မရှိဟုထင်သဖြင့် အိမ်နှင့်ဝေးတတ်သက်လျှင် ကျော့ခံစားချက်သည် လေးလံလှ၏။ သို့သော် နမြောတသစွာ ကွယ်ဖက်ထားချင်သည်။ ဖေဖေ့အနားကပ်ကာနေလိုသော်လည်း မရှင်းသော စိတ်ကြောင့် ဖေဖေနှင့်လည်း စကားဟဟမပြောမိချေ။ ဖေဖေကလည်း ကျော့ချောင်ကုပ်ပြီး တစ်ယောက်တည်းနေတာကို စိတ်ချမ်းသာသည်၊ ပျော်သည်ဟုထင်သည်။ ဖေဖေက သားသမီးကို ပျော်သလိုနေစေသော အင်မတန်ချစ်စရာကောင်းသော ဖေဖေဖြစ်သည်။

ဖေဖေနှင့် မေမေကတော့ အနည်းနှင့်အများ လွမ်းကျန်ရစ်မည်ထင်သည်။ ပွဲလည်းသွားလျှင် အိမ်မှာ အငယ်မ မြတ်ဖူးမောင်တစ်ယောက်ကျန်သေးသဖြင့် ဖေဖေ မေမေတို့ သိပ်တော့အထီးကျန်ခံစားရမည်မဟုတ်၊ ကိုကိုကျောင်းသွားတက်တုန်းက ကိုကိုပြန်လာမည့်ရက်ကို မျှော်ကြသည်။ လာလျှင် ကိုကို့အနား ဝိုင်းနေကြသည်။ ကျော့တို့အတွက် ပလပ်စတစ်ဖူးဖီးကွက်ရုပ်ကြီးတွေ ဝယ်လာသဖြင့် ပျော်ကြသည်။ ကိုကိုပြန်သွားလျှင် လွမ်းကျန်ရစ်ပြန်သည်။ အခုဆို ကိုကိုက နိုင်ငံရပ်ခြားအဝေးကြီးမှာ တော်တော်နှင့် ပြန်မဆုံနိုင်တော့။

ဘဝဆိုတာဒါပဲလား၊ ကျော့စိတ်ထဲတွင် ရှင်သန်ရခြင်းအပေါ် အနည်းငယ် ထွေပြားစိတ်ပေါ်သည်။ မပြောင်းလဲဘူးထင်လျက်က အိမ်မွေ့နူးညံ့စွာ ပြောင်းလဲနေသော စိတ်အစဉ်ကို တစတစ သတိပြုမိနေသည်။ အတွေးအခေါ်

www.burmeseclassic.com



တို့ အနည်းငယ်ပြောင်းလဲစပြုသည်။ ဘဝဆိုတာကို သတိတရားတစ်ခု ဝင်လာသည်။ ကျော့စိတ်တို့ ပြောင်းလဲလေးနက်လာသည့်အတွက် ကျော့ရင်ထဲမှာ လှိုက်လှဲစွာ ခံစားရသည်။ ငယ်ဘဝကို ပြန်လွမ်းရသလို၊ ကလေးလေး ဒါမှမဟုတ်၊ ငါးတန်းခြောက်တန်းအရွယ်ထိ မေမေနှင့် ညတောင်ခွဲမအိပ်နိုင်ဘဲ ရင်ခွင်ထဲ တိုးဝင်လျက် လုံခြုံစိတ်ချစွာ အိပ်မောကျချင်သည်။

ရှေ့ကိုမျှော်ကြည့်လျှင်တော့ ကျော့သည် ဘာမှမမြင်သေးပေ။ ကျော့ငယ်စဉ်ဘဝကထဲက ဘဝမှာ ဘာမှမဖြစ်ခဲ့၊ ဘာမှမလုပ်ခဲ့ရဘဲ သေသွားမှာ သိပ်ကြောက်သည်။ ကျော့သည် ရန်ကုန်မြေကို ခြေမချရသေး၊ ကျော့၏ အခန်းလေးကို လွမ်းစပြုသည်။ ငယ်ငယ်ကဖတ်ခဲ့သော မိုးသောက်ပန်း၊ ရွှေသွေး၊ တေဇစာအုပ်တွေကအစ ဝတ္ထုမဂ္ဂဇင်းစုံလှသည့် ကျော့၏ စာအုပ်ဗီရို၊ နွေကျောင်းပိတ်ရက်တွေမှာ အပြင်မထွက်ဘဲ စာအုပ်ဗီရိုမွှေကာ ဖတ်တော့သည်။ ပြီးတော့ ကျော့မယူဘဲထားခဲ့ရသည့် အိပ်ရာဟောင်းလေးကို လွမ်းသွားသည်။ အိပ်လို့သိပ်ကောင်းသည့် အိပ်ရာပါးလေး။ မေမေကိုယ်တိုင် လဲသွပ်၍ ချုပ်ထားသည်။ ကိုကိုဆယ်တန်းနှစ်ထိ အိပ်ခဲ့သောအိပ်ရာဖြစ်သည်။ ကျော့ခုနစ်တန်းနှစ်မှ စအိပ်ရသည်။ ယခု ယူလာချင်ပေမယ့် ဟောင်းလွန်းသဖြင့် ထားခဲ့ရသည်။ မေမေအသစ်ချုပ်ထားပေးသော ထူထူတောင့်တောင့် အစိမ်းရောင်မွေ့ရာကြီးကို ယူလာရသည်။ စောင်တွေ၊ ခေါင်းဦးတွေပါထည့်ပြီး လိပ်လိုက်တော့ အိပ်ရာလိပ်က ကြီးသွားသည်။ အင်း…၊ ဒီအိပ်ရာလိပ်မြင်တာနှင့် အဆောင်ရောက်ရင် ငါ့ကို တော်တော်ဇိမ်ခံမယ့်ပုံလို့ မြင်ကြတော့မှာပဲ၊ ဟုတ်လည်းဟုတ်တာပဲ၊ ကျော့က အင်မတန် အအိပ်မက်သည်။ မနက်ဘယ်အချိန်ထိအိပ်ရမလဲ အိပ်နိုင်သည်။ ဘယ်တော့မှ ကျော့မတောင့်၊ စာအုပ်တစ်အုပ်သာရှိပါစေ။

ညလုံခြုံစွာမအိပ်ရမှာကိုတော့ ငယ်ငယ်ကပဲ ကြောက်သည်။ ကျော့အမှောင်ကို ကြောက်သည်မဟုတ်လား။

ယခင်ကတော့ အပူအပင်ကင်းကာ ကျော့၏ ကြောက်စိတ်မှန်သမျှကို အကာအကွယ်ပေးနိုင်သည့် ဖေဖေ မေမေရင်ခွင်ကြားမှာ ကျော့သည် ဆီးနှင်းထုထပ်သော အေးစက်လှသော ညများ၊ ပူပြင်းသောညများ၊ မိုးသည်းထန်ကာ မိုးချုန်းသံမြည်ဟီး၍ မှောင်မည်းသောညပေါင်းများစွာကို ဖြတ်ကျော်ခဲ့ရဖူးပါသည်။

* * *

## အခန်း (၃)

အဆောင်စာရင်းထွက်တော့ ကျော့ အင်းလျားဆောင်မှာ နေခွင့်ရသည်။ ကျောင်းအပ်ပြီး တစ်ပတ်လောက်ကို ဘကြီးအိမ်မှတက်လိုက်ရသေးသည်။ အစ်မဝမ်းကွဲ မမခိုင်က ကျော့ကို ကျောင်းကိစ္စတွေ လိုက်လုပ်ပေးရသည်။ ကျောင်းအပ်သည့်ကိစ္စတောင် တစ်ယောက်ယောက်မပါလျှင် ကျော့က အဖြစ်ရှိတာမဟုတ်။ တစ်ယောက်တည်းနှင့် ပြေလည်သူမဟုတ်သဖြင့် စစ်တွေမှာ အတူတက်ခဲ့သည့် သူငယ်ချင်းတွေကို လိုက်ရှာသော်လည်း တစ်ယောက်မှ မတွေ့ပေ။

ကျောင်းသူတွေများသဖြင့် အမှတ်များသူကိုသာ အဆောင်နေခွင့်ဦးစားပေးသည်။ တော်သေးသည်။ ကျော့က နောက်ဆုံးအဆောင် ရမှတ်နှင့် ကပ်ပါသွားသည်။

ဘကြီးအိမ်ရှိရာ ရှစ်မိုင်နှင့် ကျောင်းကိုတော့ ကားစီးတက်နေပြီ၊ မမခိုင်က ကြည့်မြင်တိုင်ကောလိပ်မှာ ကျူတာပေါက်စ၊ သူကလည်း နေ့တိုင်းလိုက်မပို့နိုင်၊ အစ်ကိုဝမ်းကွဲကျော်စွာနှင့်လည်း ကျောင်းချင်းမတူ၊ သူက နည်းပညာတက္ကသိုလ်၊ တစ်ခါတစ်ရံတော့ လာကြိုပေးရသည်။ ကျော့

www.burmeseclassic.com



အင်းလျားဆောင်ရ တော့ အားလုံးဝမ်းသာကြသည်။

"အင်းလျားဆောင်က အထင်ကရပဲ၊ မမနိုင်တို့ဆို ကျောင်းသာပြီးသွားတယ်၊ အဆောင်ကျောင်းသူဘဝကို မခံစားလိုက်ရဘူး၊ အဆောင်က သူငယ်ချင်းတွေဆီ သွားလည်ရရင်သိပ်ပျော်တာ၊ တကယ်ပဲ၊ မမတို့အတွက် အင်းလျား၊ မာလာ၊ ရတနာ ဆိုတာတွေဟာ ဒဏ္ဍာရီထဲကနာမည်တွေလို အလွမ်းဝေးတာ"

မမခိုင်က ဝမ်းသာအယ်လဲဆိုတော့ ထူးပြီးပျော်ရွှင်သလို မခံစားရတဲ့ ကျော့တောင် ဘာမဆိုင်ညာမဆိုင် ရင်တဒိတ်ဒိတ်ခုန်လျက် ရယ်ချင်သလို၊ ငိုချင်သလိုဖြစ်နေသေးသည်။

အားလုံးက မတွေ့ရတာကြာပြီဖြစ်၍ ကျော့ရောက်လာသဖြင့် ပျော်ကြသည်။ ကြီးကြီးက ကျော့မျက်နှာကို မော်ကြည့်ကာ တပြုံးပြုံးနှင့် စကားပြောသည်။ ဘကြီးက ကိုယ့်ဒေသအကြောင်းတွေ၊ မိသားစုအကြောင်းတွေ မေးသဖြင့် စကားနည်းသည့်ကျော့ အတော်ကလေးပြောလိုက်ရသည်။ လူအသစ်တစ်ယောက် ပြောလိုက်တိုင်း ဘကြီးမသိတာများနေသည်။

"နောက်ပိုင်း ပြောင်းလာတဲ့လူသစ်တွေ ဘကြီးဘယ်သိတော့မှာလဲ၊ ဘကြီး ရွာကထွက်ခဲ့တာ ကြာပြီပဲလေ"

"အေးလေ၊ ကိုယ့်ပြည်ကိုယ့်ရွာတော့ အောက်မေ့သား၊ ဒါပေမယ့် ဝေးကွာနေကြတာတော့ သူ့အကြောင်းနဲ့သူပေါ့၊ အရင်တုန်းကထက် ဘာတွေတိုးတက်ပြောင်းလဲနေလဲ"

ဘကြီးက သူတို့ခေတ်အခါက ပညာတတ်တွေပေါ်ထွန်းသောကင်းမော်ကျောင်းကို သတိရသလိုတွေးငေးကာ ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"မတတ်သာတဲ့လူတချို့ကလွဲပြီ ပညာတတ်သွားရင် ကင်းမော်မှာပြန်နေတဲ့သူ နည်းတယ် ဘကြီးရဲ့၊ ကျော့ကတော့ ကျော့အိမ်ကို တော်တော်နဲ့ ခွဲနိုင်မှာမဟုတ်ဘူး"

ဘကြီးက ဆေးခန်းသွားရန် ကြီးကြီးပြင်ပေးသည့်အိတ်ကို ဆွဲယူရင်း ကျော့ကိုပြုံး၍ကြည့်သည်။ ကြီးကြီးက ကျော့လက်ကိုဆွဲကာ သူ့ဘေးနားမှာ ထိုင်ခိုင်းသည်။



"ပြောမနေနဲ့ကျော့ရေ၊ ပြန်မယ်တကဲကဲပြင်တာနှစ်တိုင်းပဲ၊ မပြန်ဖြစ်တာတစ်ခုပဲ၊ အစားအစာဆိုလည်း သူပဲတောင့်တောင့်တတရှိလှတယ်၊ ကြီးကြီး အဲဒီလောက်မဟုတ်ဘူး၊ အိမ်မှာ ကျော်စွာတစ်ယောက်ပဲအားတော့ သူ့ဝဲ နေရာတကာရောက်နိုင်တယ်"

"သူတောင် မရောက်တာနှစ်နှစ်ရှိပြီ"

"ရန်ကုန်သားဖြစ်ပြီး ရန်ကုန်မှာပျော်နေပြီလေ၊ လည်ရတာကို မနှံ့တော့ဘူး၊ ကိုယ့်မောင်ကို စစ်ဦးနော်၊ ကြီးကြီးတို့တော့ သူလိုမ့်သမျှခံနေရတယ်"

ဘကြီးတို့အိမ်မှာ နွေးထွေးမှုတစ်မျိုးခံစားရသည်။ အားလုံးက ကြည်ကြည်လင်လင် ရယ်မောနေကြတာများသည်။ ဘကြီးက သူ့ဆေးရုံ ဆေးခန်းမှာ အချိန်ကုန်တာများသည်။ အိမ်မှာရှိလျှင်လည်း ဘကြီးက အနေအေးသဖြင့် ရှိမှန်းမသိရ။ ကြီးကြီးက ကိစ္စပေါင်းစုံ တပျစ်ပျစ်ပြောနေတာကို နားထောင်ကောင်းကောင်းနှင့်ထောင်နေတတ်သည်။ ကြီးကြီး ဘာပဲလုပ်လုပ် ဘကြီးသဘောကျသည်။ ဘကြီးနှင့် ကြီးကြီးကြည့်ရတာ တော်တော်ချစ်ကြပုံရပါသည်။ ဒါကြောင့် ဆွေမျိုးတွေဘယ်လောက်ပဲ သဘောမတူပါစေ သူတို့နှစ်ယောက် မကွဲကွာခဲ့တာဖြစ်မည်။

ကြီးကြီးမှာ တစ်ရက်တစ်ရက် ဘကြီးဝေယျာဝစ္စနှင့်သာ အချိန်ကုန်နေတတ်၏။ ဘကြီးကြိုက်တတ်သည့် အစားအသောက်တွေ စဉ်းစားစီစဉ် ချက်ပြုတ်နေသည်မှာ မနက်နှင့်ည ဆက်သွားတတ်သည်။

ထမင်းချက်ပြုတ်စီမံနေရင်း မီးဖိုထဲမှနေ၍ "နင့်အဖေရေချိုးတာကြာလှချည်လား ခိုင်ခိုင်ရေ"ဟု လှမ်းအော်ချင်အော်နေသည်။ မမခိုင်က ရယ်မောလျက် "အခုမှဝင်သွားတာ၊ မေမေပြောပြောချင်း ရေချိုးတာမဟုတ်ဘူး" တစ်ဆက်တည်း "ဖေဖေရေ မြန်မြန်ချိုးနော်" ပြောသည့်အသံကြားမှ ကြီးကြီး အလုပ်လုပ်ရတာ စိတ်ဖြောင့်သည်။ တဖန် ဆီပေလက်ကြီးနှင့်ထွက်လာကာ "ယူစရာတွေစုံပြီလား"၊ "အဲဒီဖိနပ်မစီးနဲ့တော့လေ"၊ "ကားကိုဂရုစိုက်မောင်းဦး" တစ်ခုပြီးတစ်ခုပြောပြီး ဘကြီးကား ခြံပြင်ထွက်ပျောက်ကွယ်သွားတော့မှ မီးဖိုထဲ ပြန်ဝင်တတ်သည်။ ထမင်းစားတာ၊ ရေချိုးတာကအစ ကလေးတစ်ယောက်လို ဂရုစိုက်သည်။ မမခိုင်က သူ့အမေကိုကြည့်ကာ တခိခိနှင့်ရယ်နေတတ်သည်။

www.burmeseclassic.com



သူတို့အိမ်မှာ နေ့နေ့ညညပြောစရာစကားတွေရှိနေတာ ကျော့အံ့သြသည်။ ကြီးကြီးက ဈေးကပြန်လာလျှင် သားငါးဈေး၊ ဆီဈေး၊ ဆန်ဈေး၊ ဟင်းသီးဟင်းရွက်ဈေးတွေအကြောင်း ပြောသည်။ သံတွဲမှ ပဲဆီစစ်ကို မှာစားသောကြောင့် သူတို့ကျန်းမာရေး ဒီလောက်ကောင်းနေကြောင်း ပြောသည်၊ သူတယုတယပြုစုထားသည့် ခြံထဲမှ စိုက်ခင်းအကြောင်းပြောသည်။ ခြံထဲမှ စားပင်သောက်ပင်တွေကြောင့် မီးဖိုချောင်စရိတ် တော်တော်ကာမိကြောင်း ပြောသည်။

သူတို့အိမ်သားတွေ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြင်နာကြတာက လေသံအပြုအမူတွေမှာ ပေါ်လွင်နေသည်။ တစ်ယောက်သည် တစ်ယောက်အတွက် လိုအပ်နေ၏။ ကျော့လိုချင်သော မိသားစုအနေအထားမျိုးလေး။ ဘကြီးမရောက်မချင်း ထမင်းမစားကြ။ လူစုံမှ ထမင်းစားလေ့ရှိသည်၊ ကျော်စွာသာ သူ့အကြောင်းကြီးငယ်တွေကြောင့် ရောက်လေ့ရောက်ထမရှိတတ်၊

ကြီးကြီးက စကားပြောကောင်းသည်။ အကြောင်းအရာတစ်ခုကို သေးသေးဖွဲ့ဖွဲ့ကာအစ နားထောင်ချင်အောင်ပြောတတ်သည်။ မမနိုင်ကလည်း သူ့အမေပြောသမျှကို ငြီးငွေ့သည်မရှိ နားထောင်နိုင်တာ ချီးကျူးစရာကောင်းသည်။

ကျော်စွာကတော့ မိုးလင်းကမိုးချုပ်အပြင် ထွက်လည်နေတာ များသည်။ သူလာမှ အိမ်မှာ ဆူဆူညံညံအသံကြားရသည်။ သီချင်းသံကလည်း ဆူဆူညံညံ၊ အမေကိုစ၊ အစ်မကိုစနှင့် ဘယ်သူမှ အကောင်းမနေရ။ သူလာမှ မမနိုင်၏ အသံစူးစူးလေးကို ကြားရသည်။ ဘကြီးရှိခိုက်ဆိုလျှင် မျက်မှန်အောက်မှ မျက်လုံးများနှင့် ဝင့်ကနဲကြည့်ဖော်ရသည်။ နှုတ်ခမ်းကခပ်မဲ့မဲ့ပြုံးလျက် သူ့သားကိုကြည့်ကာ ဘာမှမပြော၊ အဖေကြည့်လျှင် ကျော်စွာကလည်း မှင်သေသေ၊ သားအဖတွေဟာ စကားပြောတာ သိပ်မတွေ့ရ။ သို့သော် အမေအမတွေ ဘယ်လောက်ပဲပြောပြော၊ ပြောမရတဲ့ကိစ္စကို အဖေပြောလျှင်တော့ တစ်ခွန်းနှင့်တင် လုံလောက်သည်။ သားအဖတွေဟာ အဲဒီလိုပဲထင်ပါရဲ့။ ဖေဖေနှင့် ကိုကိုလည်း အဲဒီအတိုင်းပင်။

ညဘက်တွင် ကျော့က ကျော်စွာနှင့်အတူ လက်ဖက်ရည်ဆိုင်လိုက်ထိုင်တတ်သည်။



"အိမ်မှာ သီချင်းနားထောင်တာနဲ့ ဆိုင်မှာနားထောင်တာ မတူဘူး တာဟားဟားအော်လည်း ဆိုင်မှာ ဘယ်သူမှ မကြားရဘူးမဟုတ်လား၊ အိမ်မှာ ခိုင်ကိုကြည့်ပြီးရယ်ရမှာ အားနာတယ်"

ကျော်စွာနှင့်တော့ လွတ်လပ်သည်။

နှစ်ယောက်သား ဆိုင်ထဲဝင်လာသူတွေကို ကြည့်သည်။ လမ်းသွား န်းလာတွေကိုကြည့်ကာ တိုးတိုး တိုးတိုးပြောကြသည်။ ရယ်စရာရှိ ရယ်လိုက်ကြသည်။

"ဘယ်လိုလဲ ရန်ကုန်မှာပျော်ရဲ့လား"

"ပျော်တယ်ရယ်လို့လည်းဘယ်ဟုတ်မလဲ"

"အမယ်၊ ငါ့ညီမက အဲလိုစကားမျိုးတောင်ပြောတတ်ပြီ"

ကျော်စွာကရယ်သည်။

"နည်းနည်းတော့ မလွတ်လပ်ဘူးပေါ့၊ တစ်ခါတစ်လေလည်း ကစားချင်တယ်၊ ကျောင်းပိတ်လို့ ငါပြန်ရင် လိုက်ခဲ့ပါလား၊ သောင်ပြင်မှာ ကစားကြမယ်"

"ငါ့သူငယ်ချင်းတွေကိုလည်း ငါလိုက်ပို့ပေးမယ် အာမခံထားတယ်ဟ၊ အဆင်ပြေရင် သွားတာပေါ့၊ အနီးအနားကမ်းခြေတွေရောက်ဖူးတယ်၊ ငပလီလောက် ငါ့ကိုမဆွဲဆောင်နိုင်ဘူး၊ မောင်တော်ကျောက်ကြီးကိုမြင်ရင် စိတ်ထဲတစ်မျိုးပဲ"

"နှင့်သူငယ်ချင်းတွေပါမယ်ဆိုရင် သိပ်ပျော်စရာကောင်းမှာပေါ့၊ ငါလည်း အဆောင်ရောက်ရင် သူငယ်ချင်းတွေရဦးမှာပါ"

ကျော်စွာနှင့်ကျော့ ညကိုးနာရီလောက်မှ အိမ်သို့ဝင်သည်။ ကြီးကြီးက ဘုရားရှိခိုးနေပြီ။ မမနိုင်က တံခါးလာဖွင့်ပေးသည်။

"မမက မိန်းကလေးတစ်ယောက်တည်းဆိုတော့ ညီမလေးတွေ သိပ်လိုချင်တာပဲ၊ မောင်ဆိုရင်တော့ တစ်ယောက်တည်းနဲ့ ဆလံပဲ၊ မျက်စိနောက်လွန်းလို့၊ တစ်အိမ်လုံးလည်း သူဖွတာပဲလိုက်သိမ်းနေရတယ်၊ ဖေဖေတို့မသိအောင် တံခါးထဖွင့်ပေးရတာနဲ့၊ အခု ကျော့နဲ့သွားလို့ ဒီအချိန်ပြန်ရောက်တာ၊ သူ့ယောက်ဖတွေနဲ့ဆိုရင် သန်းခေါင်တိုင်လို့တိုင်မှန်းမသိဘူး"

"မမအကုန်ယူမှာလား၊ မလုပ်ပါနဲ့၊ ကျွန်တော့်သူငယ်ချင်းတွေ နန့်

www.burmeseclassic.com



ငယ်ငယ်လေးတွေ သနားပါ မမရယ်”

ကျော်စွာက မမခိုင်ကိုစပြီး မမခိုင်သဘောမပေါက်နိုင်မီ အိမ်ပေါ် ပြေးတက်သွားသည်။ အပေါ်ထပ်လှေကားလက်ရမ်းကိုကိုင်ကာ မျက်လုံးပြူးပြူ မှ မမခိုင် ရှူးရှူးရှားရှားဒေါသဖြစ်သည်။

မမခိုင်ပြောမှ ကျော့တော်တော်စည်းကမ်းရှိနေပါလားဆိုတာ သတိရ သည်၊ သူများအိမ်မှာကိုး....၊ ဒီလောက်တော့ရှိမှာပေါ့။

ယခင်က ကိုကိုကျောင်းပိတ်၍ပြန်လာတိုင်း ကျော်စွာကင်းမော်သို့ လိုက်လည်တတ်သည်။ သူလာတိုင်း သူနှင့် လိုက်ပြိုင်ပြီးဆော့နိုင်တာ ကျော့ပဲ ရှိသည်။ သစ်ပင်တက်မလား၊ ရေငုပ်မလား၊ တစ်နေကုန်ပင်လယ်ထဲမှာ ရေစိမ် မလား၊ ကမ်းခြေတစ်လျှောက် ကျောက်ဆောင်အကြိုအကြားတွေ သွားကြည့် မလား၊ ကျောက်ရေအိုင်ငယ်လေးတွေထဲက သတ္တဝါဆန်းဆန်းတွေ သွားကြည့် မလား၊ သောင်ပြင်မှာ ဘောလုံးကန်မလား အကုန်ရသည်။

ကျော့ကို တွေ့တွေ့ချင်း ကျော်စွာက “အရပ်ကအစ ငါ့ကိုမှီအောင် လုပ်လာတယ်”ဟု စသည်။ ကျော့ကလည်း ငါးပေရှစ်လက်မရှိတဲ့ သူ့အရပ်ရဲ့ နားရွက်အထက်ငယ်ထိပ်နားမှာ ဝေ့နေတာကိုး၊ ကျော့စပ်ဖြဲဖြဲလုပ်နေလိုက် သည်။

“ရှားပါ့ ရှားပါ့ ကျော့ရာ နင်ဒီအရပ်ကြီးနဲ့ မိန်း (ပင်မတက္ကသိုလ်) ထဲမှာ ဘာမှလုပ်လို့မရဘူး၊ မဟုတ်တာလုပ်မယ်မကြံနဲ့ကလေးမ၊ နင်ဘာလုပ် လုပ် လူသိမယ်”

“ဘယ်သူမှလုမယူနိုင်တဲ့ ထင်ပေါ်ကျော်ဇောမှုနော်၊ ပါရမီဘုန်းကံ ကြောင့်ထင်ပေါ်နေတာ၊ ဘယ်နှစ်ယောက်ရှိမလဲ ရှာကြည့်လေ”

ကျော့က ကျော့၏ လက်သုံးစကားကို ဆိုသည်။

“ဒါနဲ့တင် ကျိန်းကျေသွားပြီ၊ နင်ဘာလုပ်လုပ် အောင်မြင်မှာမဟုတ် ဘူး”

မမခိုင့်ကတော့ အေးအေးချမ်းချမ်း၊ သိမ်သိမ်မွေ့မွေ့ စကားလည်း နည်းသည်။ မျက်နှာထားချိုသည်။ ပွင့်တို့နဲ့များ တခြားစီ၊ မမခိုင်ရဲ့ ဆယ်ပုံ တစ်ပုံလောက် ကျော့အပေါ်စိတ်ရှည်လျှင်တော်ပါပြီ။ ကျော့က ဘာမှ ဂရုဂကျောင် ဂျီးများနေတာလည်းမဟုတ်ပါဘူး။ မမခိုင်လိုအစ်မအရင်းတစ်ယောက်



လောက်ရှိလျှင် ဘယ်လောက်ကောင်းမလဲ။ အငယ်မမြတ်ကလည်း ကျော့ကို အရေးလုပ်သူမဟုတ်။ သူက ပွင့်ကိုလိုက်တုကာ အခုကတည်းက ပွင့်လေသံ အတိုင်း၊ အငယ်ဆုံးမို့လို့လားမသိ ဆောင့်ကြွားကြွားနှင့် ကြီးလာလေလေ မြတ်ကိုလည်း ကျော့တစ်စက်မျှ ကြည့်မရ။

အိမ်မှာဆို ကျော့မှာ စကားပြောဖို့အဖော်မရှိ။ ကျော့စကားကို ဘယ်သူ မှ စိတ်ဝင်တစားနားထောင်လိုခြင်းမရှိကြ။ ပွင့်က အငေါ်တူးတူးနှင့်ဟားမည်၊ မြတ်က ထိမထင်၊ မေမေက ခေါင်းရှုပ်မခံ၊ အားလုံးကတော့ ကျော့တစ်မျိုး ပြောလျှင် တစ်မျိုးအဓိပ္ပာယ်ပေါက်ကာ ကျော့စကားကို ဆန့်ကျင်ဖို့အဆင်သင့်၊ ထိုလာသော် ကျော့သည် ကိုယ့်ခံစားချက်ကို လူမသိအောင် သိုသိုဝှက်ဝှက် နေတတ်လာသည်။ ကိုယ့်ခံစားချက်နှင့်ပတ်သက်လျှင် ကိုယ်ကိုယ်တိုင်မှလွဲ၍ ဘယ်သူ့မှမယုံကြည်။ ကိုယ့်သမာဓိမှလွဲ၍ ဘာကိုမှ အားမကိုးချင်။

တစ်ခါတစ်လေ ကျော့သည် အားလုံးကိုချစ်သွားသလို ခံစားမိလျှင် ကိုယ့်ကိုယ်ကို ကျေနပ်၏။

ကျော့ဟာ စိတ်ကြည်ကြည်လင်လင်လေးနှင့် ကိုယ်နှင့်မဆိုင်သလို သဘောထားကာ သူတို့ကို ခပ်ဝေးဝေးမှနေ၍ ချစ်စိတ်ဝင်လျှင် ဖေဖေနှင့် တူလာပြီ၊ ငါဖေဖေနှင့်တူလာပြီဟု ထပ်မံဝမ်းသာမိသည်။

* *

အဆောင်မဝင်ခင်တစ်ရက် မမခိုင်က ကျော့အတွက် လိုအပ်သည့် ပစ္စည်းအတိုအထွာတွေ လိုက်ဝယ်ပေးသည်။

“စတိုးဆိုင်မှာဝယ်မယ် မမ၊ ကျော့ဈေးမသွားချင်ဘူး”

မမခိုင်က ဈေးထဲရောက်လျှင် တစ်ဆိုင်ပြီးတစ်ဆိုင် ဈေးမေး၍ စိမ်ပြေ နပြေရှာဝယ်ကာ တော်တော်နှင့် ပြန်မထွက်နိုင်သဖြင့် ကျော့စိတ်မရှည်။

ကျော့အလိုကျ မမခိုင်က ရူပါမားကက်ကြီးတစ်ခုကို ခေါ်သွားသည်။ ကျော့စိတ်တိုင်းကျပစ္စည်းတွေဝယ်သည်။ ကိုယ်လိုချင်သည့်ပစ္စည်း ကောက်တာ သွားပြီး ကိုယ်ကြိုက်တာကို လက်ညှိုးထိုးလိုက်ရုံသာ။ စကားလည်း များများ ပြောစရာမလို၊ ကျော့ ဒီလိုတစ်ခါမှဈေးမဝယ်ဘူး၊ အိတ်ထဲမှ ပိုက်ဆံထုတ်ရတာ ကိုလည်း သဘောအကျကြီးကျပြီး အရသာတွေ့နေ၏။ အဖေရှိငွေရှိတယ်၊

www.burmeseclassic.com



အစ်ကိုရှိခွင့်ရှိတယ်"ဟု စိတ်ထဲမှဆိုကာ ပြုံးချင်သွားသည်။ အင်း… ဒီအကြောင်း ကိုကို့ဆီ စာရေးဦးမှပဲ။

ကြီးကြီးက ဝယ်လာသမျှပစ္စည်းတွေကိုကြည့်၍ ဘာမှမပြော။ မေမေ့လို "ဒီထက်ကောင်းတာ မရွေးတတ်တော့ဘူးလား"၊ "ဈေးကများလိုက်တာ"၊ "အရောင်ကြီးကလည်း မှိုင်းလိုက်တာ"၊ မပြီးနိုင်မဆုံးနိုင် ပြောသံမကြားရ၍ စိတ်ချမ်းသာရသည်။

အဝတ်အစားဝယ်တော့ ကျော့က ရုပ်အင်္ကျီတွေ၊ တီရှပ်တွေသာ ဝယ်တော့ မမခိုင်က အံ့သြနေသည်။

"အစလှလှလေးတွေ ဖြတ်ပါဦးလား၊ မမသူငယ်ချင်းဆိုင်လိုက်အပ်ပေးမယ်၊ ပုံကောင်းတယ်၊ မြန်လည်းမြန်တယ်၊ အင်္ကျီပုံဆန်းလေးတွေ ချုပ်ဦးမှပေါ့၊ ဘယ့်နှယ် တက္ကသိုလ်ကျောင်းသူကြီးကလဲ"

"ဟင့်အင်း၊ အဲဒီကရိကထမခံချင်လို့ ကျော့က ရယ်ဒီမိတ်ပဲဝတ်တာ၊ စက်ချုပ်သမားက ပေကြိုးကြီးကိုင်ပြီး ကိုယ့်အနားကပ်လာရင် သိပ်စိတ်ပျက်တာပဲ၊ အင်္ကျီအပ်ရ ပိတ်စရွေးရ ဘာတစ်ခုမှ ကျော့စိတ်မရှည်ဘူး"

မမခိုင်က ကျော့ကို အဆန်းချည်းပဲမြင်နေသည်။

အဆောင်ဝင်ရမည့်ရက် နီးလာပြန်တော့ မမခိုင်တို့နှင့်ပဲ နေချင်သေးသလို ဖြစ်ရပြန်၏။ ဟိုရောက်ရင် ဘယ်လိုလူတွေနှင့်တွေ့ရမလဲ၊ သူစိမ်းတွေကြားမှာ မနေတတ်မထိုင်တတ်ဖြစ်ဦးမှာပဲတွေးကာ စိတ်ပူနေ၏။

စစ်တွေမှာတုန်းကလည်း ကျော့မှာ သူငယ်ချင်းဆို၍ ဘယ်တစ်ယောက် ညာတစ်ယောက်သာရှိသည်။ တစ်ယောက်က ကျောင်းဆောင်မှာတစ်ခန်းတည်းနေသည့် မေဂျာလည်းတူသည့် သိမ့်သိမ့်။ သိမ့်သိမ့်က အေးလိုက်တာမှ ကျော့ထက်သာသည်။ တစ်နေ့လုံးနေလို့ စကားတစ်ခွန်းမပြော။ ဒီတော့ ကျော့နှင့် အဖွဲ့ကျသည်။

နှစ်ယောက်သား မလှုပ်တလှုပ်နှင့် ကျောင်းသွားသည်။ အတန်းထဲရောက်လျှင် နောက်ဆုံးတန်းမှာ အတူတူထိုင်သည်။ ကျော့တို့နှစ်ယောက်ကြားသို့ အားမလိုအားမရဖြင့် စကားတတွတ်တွတ်ပြောဖို့ ဝင်လာတာက အမြဲပင်မျက်စိနောက်လောက်အောင် ပျာယာခပ်ပြီး အမြဲရယ်မောနေတတ်သည့် ချမ်းမြေ့ဦး ဖြစ်သည်။



"နင်တို့နှစ်ယောက်မှာ ဘာမှပြောစရာမရှိတာ အံ့ပါရဲ့၊ ကျောက်ရုပ်တွေကျနေတာပဲ"

"လေကုန်တယ်၊ ငါတို့က အကျိုးမရှိရင်မပြောဘူး"

ချမ်းမြေ့ဦး အမြဲရယ်မောနေနိုင်တာ အံ့သြပါရဲ့။ သိမ့်သိမ့်ကလည်း လှသာအေးသည်။ ရယ်သည့်နေရာမှာ သိပ်တော်သည်။ သူရယ်လျှင် အုလိုက်သည်းလိုက်ရှိကာ တစ်ဖက်သားလိုက်ရယ်ချင်လာအောင် ရယ်နိုင်သည်။ အဆောင်က မိန်းကလေးဝိုင်းမှာလည်း ကျော့ ဝိုင်းမဝင်နိုင်ဘဲ ခပ်တောင့်တောင့်၊ သိမ့်သိမ့်ကတော့ ဝင်မပြောနိုင်သော်လည်း ပါးစပ်အဟောင်းသားဖြင့် နားထောင်ဖော်ရသည်။ ရသမျှသတင်းကို ဒိုင်ခံပြောသူက ချမ်းမြေ့ဦး။ ကျော့ နားငြီးလာလျှင် အေးချမ်းရာရှာ၍ ထွက်လာတတ်သည်။ သူတို့တွေ တဟားဟားပွဲကျနေတာမှာလည်း ကျော့အဖို့ ပြုံးချင်စရာမရှိ။ တစ်ခါတစ်ခါမှာ ကျော့သည် သံပတ်ပေးထားသည့်အရုပ်တစ်ရုပ်နှယ်၊ ပြုံးလိုက်သည်၊ ရယ်လိုက်သည်၊ သို့သော် ပျော်ရွှင်ခြင်းအနှစ်သာရသည် ကျော့ကိုယ်ထဲမှ ဘယ်ပုံဘယ်နည်းနှင့်မှ အသွင်ပြောင်း၍ ထွက်မလာ။

ကိုယ်နှင့်ရွယ်တူတွေ နေရာတကာ တတ်သိချေလည်ကာ လူမှုဆက်ဆံရေးကျင်လည်သည်ကို အားကျသော်လည်း တစ်ဖက်က ဟန်ဆောင်တာပဲဆိုကာ နှာခေါင်းရှုံ့ချင်ပြန်သည်။ ကျော့ဟာ လူတွေကို လိုက်လိုက်လှဲလှဲခင်ချင်သော်လည်း ခင်ဖို့မတတ်တာလား၊ သူငယ်ချင်းတွေကြားရောက်လျှင် ပြေလျော့နီးစပ်ဖြစ်ခြင်းမရှိတာက အမှန်ပင်။ သူတို့မရိပ်မိအောင် ဟန်ဆောင်နေရသည်။ အဆုံးမှာ ကျော့သည် တစ်စုံတစ်ရာအားနည်းချက်ရှိသူအဖြစ် သူတို့မြင်သွားမှာ စိုးရိမ်မိပြန်၏။

သူငယ်ချင်းတွေကြားထဲမှာနေရင်း ကျော့သည် တစ်ကိုယ်တည်းအပြင်ရောက်ကာ သူတို့နှင့် ဝေးကွာသလို ခံစားရသည်။ ကိုယ့်ကိုယ်ကို နားမလည်နိုင်၊ ကြီးပြင်းဖို့မတတ်။ လူတစ်ယောက်ဖြစ်ရတာ၊ ကြီးပြင်းရတာသိပ်ခက်ပါလားဟု တစ်ကိုယ်တည်းတွေးမိသည်။

တကယ်တော့ ကျော့သည် လှုပ်လှုပ်ရှားရှားနှင့် ပူပင်စရာတွေရောပြွမ်းတဲ့ဘဝကိုလည်း တမ်းတမိပါရဲ့။ ဘဝမှာ ဘာတွေအရေးကြီးသလဲ ကျော့မစဉ်းစားတတ်သေး။ တွေးစရာလို့တွေးကြည့်လျှင် ဆုံးစမမြင်၊ နည်းနည်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ရှုပ်ထွေးထွေးဖြစ်သည်။ ဘဝဆိုတာ တဖြည်းဖြည်း ဝန်ထုပ်ဝန်ပိုးဆန်ချင်လာသည်၊ ဒါတောင် ကျော့ဟာ ဘဝမှာ လောကဓံတွေ၊ ဒုက္ခသုခကြီးကြီးမားမားတွေကို တွေ့ကြုံဖူးသေးသူမဟုတ်။

ကိုယ်နှင့်ရွယ်တူမိန်းကလေးတွေ ပြုံးရယ်ပျော်ရွှင်နေကြတာ တကယ်စိတ်ရင်းထဲက ပြုံးပျော်မှုလား၊ တစ်ယောက်ချင်းစီ၏ နှလုံးသားတံခါးပေါက်ကို လှစ်ဟကြည့်ချင်မိသည်။ သူတို့နှင့်ကျော့ ဘယ်နေရာက တူနိုင်မလဲပေါ့။

ကျော့ကိုယ်ထဲတွင် ဘာမထီ၊ ဘာကိုမှဂရုမစိုက်ဘဲ ထင်ရာစိုင်းတတ်သည့် ဘိုးဘိုး၏သွေးက တစ်ခါတစ်ခါ ဆူပွက်တတ်သလို မေမေ၏ ငြိမ်သက်မှုနှင့် အနှောင့်အယှက်ကင်းသော သဘောကလည်း အနိုင်ယူသွားတတ်ပြန်သည်။ ဒါကြောင့်ထင်သည်၊ ကျော့မျက်နှာမှာ လွန်ဆွဲမှုတွေနှင့် မျက်ခုံးနှစ်ဖက်က အမြဲတွန့်ချိုးနေတတ်သည်။ ကိုယ့်ကိုယ်ကိုနားလည်ဖို့ ကြိုးစားသည့်တိုင် ကျော့ကိုယ်ကျော့ ကောင်းကောင်းနားမလည်။

ကျော့စကားပြောချင်လာလျှင် ဆရာဦးဘုန်းမြင့်ကို သတိရသည်။ စကားနည်းသောကျော့သည် ဆရာနှင့်စကားပြောရင်း ရင်းနှီးခဲ့တာ အံ့ဩစရာကောင်းသည်။ ပို၍အံ့ဩစရာကောင်းသည်မှာ ကိုယ့်အကြောင်းကိုယ် ဖွင့်ဟခဲ့သော ပြောခဲ့သောကျော့သည် ကျော့အကြောင်းတွေ ဆရာ့အား ပြောပြရင်း ခင်မင်ရင်းနှီးခဲ့တာဖြစ်ခြင်းပင်။

စစ်တွေမှာတုန်းက ဆရာက ကျော့တို့ ပရယ်တီကယ် ( Practical ) ဆရာဖြစ်သည်။ ကျော့ ဒုတိယနှစ်တစ်ဝက်စာသင်ပြီးနောက် ဆရာက ရန်ကုန်သို့ ပြောင်းရသည်။ ဆရာ့ကို ဌာနတစ်ရက်သွားရှာမည်စဉ်းစားသော်လည်း ယခုတိုင် ကိုယ့်ဌာနကိုကိုယ်မကျွမ်းလည်သေးတာကြောင့် တစ်ယောက်တည်းသွားရမှာ မဝံ့မရဲဖြစ်ကာ မသွားဖြစ်သေးပေ။ ရောက်စဖြစ်၍ ပင်မတက္ကသိုလ်နယ်မြေတစ်ဝိုက်သည် ကျယ်ဝန်းလွန်းနေကာ ကိုယ့်နယ်မြေလို ရင်းရင်းနှီးနှီး မခံစားရသေးတာကြောင့်လည်းဖြစ်မည်။ ကျော့ ဂုဏ်ထူးတန်းတက်ခွင့်ရတာ ဆရာသိလျှင်လည်း ဝမ်းသာပေမည်။

"ဆရာ့ကိုသိလား မမခိုင်"ဟုမေးတော့ မမခိုင်က ဆရာ့ကို သိတော့ သိသည်။ သို့သော် ခင်ခင်မင်မင် သိကျွမ်းခြင်းမရှိဟုဆိုသည်။

"မမတို့ထက် စီနီယာကျတယ်၊ ဒါပေမယ့် ကျောင်းမှာ နာမည်ကြီးလို့



သိပါတယ်၊ ရခိုင်အသင်းကပွဲတွေမှာ ခဏခဏဆိုဖူးတယ်၊ သူက လူတစ်မျိုးနော်၊ ကြည့်လိုက်ရင် မျက်နှာထားတင်းတင်းနဲ့၊ အနုပညာဘက်မှာတော်လို့ သူ့ကို ခင်ချင်တဲ့မိန်းကလေးတွေမှ အများကြီးပဲ၊ သူက တော်ရုံလူကို အဖက်လုပ်တာ မဟုတ်ဘူး၊ ဂုဏ်လည်းနည်းနည်းမောက်သလားလို့"

ကျော့က တဟားဟားအော်ရယ်ရင်း "ဆရာ့ကိုပြန်ပြောဦးမှပဲ"ဟု ပြောတော့ မမခိုင်က အဝတ်တွေခေါက်နေရင်းမှ မျက်လုံးလေးပြူးကာ ကြည့်သည်။

"ကျော့နဲ့အားကြီးခင်တယ်မမရဲ့၊ ဆရာက ရုပ်လည်းချော သဘောလည်းကောင်း၊ ဆရာ့လိပ်စာနဲ့ဖုန်းနံပါတ် ကျော့ဆီမှာရှိတယ်၊ ဒါပေမယ့် မဆက်တော့ဘူး၊ ဆရာအံ့ဩသွားအောင် ကျောင်းမှာပဲ သွားတွေ့လိုက်မယ်၊ လောလောဆည် အဆောင်ဝင်ဖို့ ထုပ်ပိုးရဦးမယ်"

ကျော့သည် မမခိုင်ကုတင်ပေါ်မှ ခုန်ထကာ ဝယ်လာသောပစ္စည်းများကို ထုပ်ပိုးဖို့ပြင်သည်။ သို့သော် ချက်ချင်း စိတ်မပါသလိုဖြစ်ကာ ပျင်းလာသည်နှင့် လုပ်လက်စတွေကိုထားခဲ့ပြီး ဘကြီး၏စာအုပ်စင်ကို မွှေရန် စာဖတ်ခန်းထဲသို့ ဝင်ခဲ့သည်။

"အဆောင်ဝင်တဲ့နေ့ မမခိုင်လိုက်ပို့ရမယ်နော်"

"ပို့မှာပေါ့ကျော့ရဲ့"

ကျော့ဖွထားခဲ့သောပစ္စည်းတွေကို ကောက်သိမ်းရင်းကျန်ရစ်ခဲ့တဲ့ မမခိုင်ရဲ့ နုံ့ညှို့ရှိုသာတဲ့အသံလေးကို ကြားရသည်။ စိတ်ချမ်းသာလိုက်ပါဘိ၊

* *

ကျော့သည် စာကြည့်ခန်းပြတင်းပေါက်မှရပ်ကာ အပြင်ရှိ သစ်ပင်၊ ကောင်းကင်နှင့် အိမ်ခြေတိုက်တာတို့ကို ကြည့်နေမိသည်။ ဘကြီးတို့ရပ်ကွက်သည် အနည်းငယ်ချောင်ကျပြီး တိတ်ဆိတ်အေးချမ်းသည်။ ညနေစောင်းသည့်နေကို မမြင်ရဘဲ အုံ့ပျက်ပျက်ရှိရာ နာရီကိုမှုမသိရဘဲ အချိန်ကာလပင် ရပ်တန့်နေသယောင်ထင်ရကာ အနည်းငယ်ကြောင်စီစီနိုင်လှသည့် နေ့တစ်နေ့ဖြစ်သည်။

စစ်တွေမှာတုန်းက ဒီလိုပဲ တစ်နေ့မှာ ကျောင်းရှေ့ရှိ ( two stars )

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ တစ်နေကုန်သီချင်းနားထောင်ကာ အချိန်ဖြုန်းပြီး ပရယ်တီကယ်ချိန်ရောက်မှ ကျောင်းသို့ ပြန်ကပ်စဉ် လေးလံပျင်းရိထိုင်းမှိုင်းနေရာမှ ကျော့သည် ဘာကြောင့်မှန်းမသိလိုက်ရဘဲ တမဟုတ်ချင်း ရှင်လန်းတက်ကြွမှုကို ရရှိဖူးတာအမှတ်ရသည်။ တစ်ယောက်ယောက်တွေ့လျှင် ပြုံးပြနှုတ်ဆက်ဖို့အသင့်ဖြစ်နေလေသည်။ အဆောင်မှာ ညနေဟင်းကောင်းမှာကိုလည်း ကြိုတင်မသိရ၊ သိလည်းမသိချင်ဘဲ ဗိုက်ဝနေချိန်လည်းဖြစ်သည်။

ကောင်းကင်တွင် မိုးသားတွေပြိုကွဲ၍ အက်ကြောင်းတွေပေါ်လာကာ စူးရှရှအလင်းရောင်သည် ညောင်ရွက်တွေ၊ စိန်ပန်းပွင့်တွေပေါ်သို့ စိုက်ဆင်းလာလေသည်။ ညနေအဆောင်မပိတ်မီ ဘယ်နေရာလမ်းလျှောက်ထွက်ရမလဲ၊ မရေမရာစဉ်းစားရင်း ဒီနေ့ Practical ကို ဆရာဦးဘုန်းမြင့်နှင့် ပြုလုပ်ရမည်ဟု သတိရသွားသည်မှလွဲ၍ ဆရာ့အကြောင်း ရေရေရာရာစဉ်းစားမိတာမရှိပေ။

ထိုသို့ တခြားဘာမှထူးထူးခြားခြားမရှိသော မနှစ်ကလည်း ကြုံခဲ့ဖူးဟန်တူသော ရာသီဥတုမျိုးရှိသည့်တစ်နေ့မှာ ကျော့သည် ဆရာနှင့် ခင်မင်ခွင့်ရလိုက်သည်။ Practical ခန်းထဲမှာ ဆရာနှင့် လေးငါးကြိမ် စာသင်ဖူးသော်လည်း ကျောင်းသားများစွာထဲမှ ကျော့ကို ဆရာမှတ်မိနိုင်မှာမဟုတ်ပါ။ သဘောကောင်းပြီး ကျောင်းသားများနှင့် လိုက်လျောညီထွေရှိလှသည့် ဆရာ့ကို ကျောင်းသားတိုင်း ခင်မင်နှစ်သက်ကြတာတော့ အမှန်ပင်။

ကျော့ ပထမနှစ်စတက်ကတည်းက ဆရာသဘောကောင်းတာ၊ ရုပ်ချောတာ၊ မိဘတွေက ရန်ကုန်မှာနေကြတာ၊ သားတစ်ယောက်တည်းရှိပြီး သိပ်ချမ်းသာတာ၊ အိမ်ထောင်မရှိသေးတာ စသဖြင့် ကျောင်းသူတွေနှင့် ဆရာမငယ်ငယ်တွေကြားမှာ ဆရာ့သတင်းက ရေပန်းစားလှသည်။ ဆရာ့အကြောင်းဆိုသိပ်ပြောချင်၊ စပ်စုချင်ကြသည်။ ကျော့တို့ ဆရာမှန်းသိတော့ အဆောင်မှနောက်ဆုံးနှစ်က အစ်မကြီးတွေက လာလာစပ်စုကြသည်။ သူတို့မေးလျှင် ကျော့ဘာပြောရမှန်းသိပ်မသိ၊ သိတာကိုလည်း ပြောမပြတတ်ဘဲ စိတ်ရှုပ်သည့်အပြုံးနှင့် ရှိနေတတ်၏။ ဆရာ့အကြောင်းလည်း သိပ်မသိချင်လှဘဲ ရှေ့ဆုံးတန်းမှကျောင်းသူတွေ ဆရာနှင့် စကားလက်ဆုံကျပြီး ရယ်မောနေကြတာကိုလည်း စိတ်မဝင်စားဘဲ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေတတ်သည်။

သို့သော် လူတွေကို ခင်မင်သော်လည်း လှိုက်လှိုက်လှဲလှဲခင်မင်ရင်းနှီး



နှိုကို သံသယဖြစ်ကာ ကန့်သတ်တတ်သည့်ကျော့အတွက် ဆရာသည် မိဘဆွေမျိုးမောင်နှမများပယ်၍ အပြင်လူများထဲမှ ကျော့ပထမဆုံးယုံကြည်စိတ်ချနှာ ခင်မင်မိသော ပုဂ္ဂိုလ်ဆိုလျှင် မမှားပေ။

ထိုနေ့က ကျော့သည် စာတွေမပြီးဘဲ တစ်ယောက်တည်းနောက်ကျကျန်ခဲ့သည်။ တစ်ယောက်ယောက်ဆီမှ ကြည့်ကူးဖို့ စိတ်ကူးမိသော်လည်း နောက်ဆုံးနှစ်ယောက်တောင် ဆရာ့ဆီမှာ စာရွက်တွေထပ်ကာ ထွက်သွားကြပြီနို့ လက်လျော့လိုက်ရသည်။

ကိုယ့်ဘာသာ ရှိန်းရှိန်း ဂရပ်ဆွဲကြည့် ချတွက်ကြည့်လုပ်နေသဖြင့်အားဘီကိုတောင် ဂရုမစိုက်မိလိုက်၊ တဖြည်းဖြည်းချွေးပြန်လာသည်။ စောစောတုံး သူများဆီကကြည့်ကူးလိုက်ရင် ပြီးနေတဲ့ကိစ္စ၊ လုပ်ချင်ဦးကိုယ့်ဟာကိုယ်။ နောက်ဆုံးနှစ်ယောက်အပ်ခဲ့သည့် ဂရပ်စာရွက်တွေကိုကိုင်ကာ ဆရာ ကျော့ခုံသို့ လျှောက်လာသည်။

“ဘာလို့နောက်ကျတာလဲ၊ ဆရာရှင်းပြတာနားမလည်လို့လား”

“ဆရာရှင်းပြတာရှင်းပါတယ်၊ ကျော့နားမလည်လိုက်တာပါ၊ နားတော့ထောင်နေတာပဲ၊ နားမလည်လိုက်တာ ကျော့လည်းမသိဘူး”

ကျော့ ဆရာ့ကို မသက်မသာပြုံးပြလိုက်မိသည်။

“ကျွန်မ”လို့ပြောမလိုလုပ်သော်လည်း ဘယ်တုန်းကမှ ကိုယ့်ကိုယ်ကိုယ် “ကျွန်မ” နာမ်စားသုံးပြီးမပြောခဲ့ဖူးတာကြောင့် ချက်ချင်း နှုတ်မှမထွက်ဘဲ ကျော့ လိုလို ကျလိုလို ဟိုမကျဒီမကျအသံဖြစ်နေသည်။

“နာမည်ဘယ်လိုခေါ်လဲ”

“ကျော့ထူးမောင်ပါဆရာ”

“ပရူ(4)၊ ဟုတ်လား”

ကျော့စာရွက်ထိပ်မှ ခုံနံပါတ်ကိုကြည့်၍ ဆရာကမေးသည်။

“ဟုတ်ကဲ့”

“တော်သားပဲ၊ တစ်ပြည်နယ်လုံးမှာ အသက်မွေးဝမ်းကျောင်းတွေပြီးရင် မေဂျာလိုင်းမှာ မင်းထက်တော်တာ သုံးယောက်ပဲရှိတယ်”

“မဟုတ်ဘူးဆရာ၊ အမှတ်အများဆုံးတစ်ယောက်က ဖီးဆင်(Physics) မလျှောက်ဘဲ သင်္ချာအဓိကလျှောက်တယ်၊ မြန်မာစာလျှောက်တဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



လည်းရှိတယ်၊ ရန်ကုန်ပြောင်းတက်တဲ့သူလည်းရှိတယ်၊ ကျော့က ကံကောင်းလို့ ခုံနံပါတ်လေးနေရာရောက်သွားတာပါ"

ကျော့ ရှက်ရှက်နှင့် ရှင်းပြရသေးသည်။

"ကျော့ ဒီဂရပ်တွေဆွဲရတာ သိပ်စိတ်ကုန်တယ်၊ အကွက်စိပ်ကလေးတွေကြည့်ပြီး ခေါင်းကိုမူးနေတာပဲ၊ တကယ်တော့ လက်တွေ့ ခန်းထဲဝင်ဖို့ကို စိတ်ကုန်နေတာ၊ ကင်မက်စထရီပရက်တီကယ် (Chemistry Practical) ဆိုရင် သာတောင်ဆိုးသေး။ ဘာတွေမှန်းကိုမသိဘူး၊ နှုတ်ဖြေလည်းမေးလိုက်သေးတယ်၊ နှစ်နာရီလုံးလုံးသင်သွားတဲ့စာတွေကို ဘယ်လိုလုပ်ပြီး မှတ်မိနိုင်ပါ့မလဲ၊ ကျော့တော့ မမှတ်မိနိုင်ပါဘူး၊ ဖြေနိုင်ရင်လည်း အခန်းပြန်ရောက် မေ့သွားတာပဲဟာ၊ တစ်သက်လုံးမှတ်မိနေနိုင်လို့ မေးတယ်ဆိုလည်း တစ်မျိုးပေါ့"

"အနုမြူဖုံးလည်း မထုတ်ချင်ပါဘူး ဆရာရယ်၊ အိုင်စတိုင်းနဲ့တင် Physics က မပြီးမြောက်နိုင်ဘူးလား၊ သူ့မှာဆို ပစ္စည်းကိရိယာဆိုလို့ ခဲတံတစ်ချောင်းနဲ့ မှတ်စုစာအုပ်တစ်အုပ်ပဲရှိပြီး သူ့ရဲ့ဓာတ်ခွဲခန်းက သူ့ကက်ဦးထုပ်အောက်မှာပဲဆို၊ ဒါတောင် အဏုကြည့်မှန်ပြောင်းထက်ပိုပြီး ဝေးတဲ့နေရာတွေ နက်နက်ရှိုင်းရှိုင်းသိမြင်ခဲ့တယ်။

"($E = mc^2$)ကနေ အဏုမြူဖုံးတောင်ဖြစ်သွားပြီပဲ၊ ကျော့တို့နဲ့ ဘာဆိုင်တာမှတ်လို့၊ ဆရာ့ကိုတော့ ကျော့ စာမသင်ချင်တာ ပြောရတာအားနာပါတယ်"

ဆရာရယ်မောလိုက်တော့ ညီညာဖြူဖွေးသည့် သွားတန်းလေးတွေ ပေါ်လာသည်။ အသားဖြူလွန်းသည့်မျက်နှာက သွေးရောင်လွှမ်းသွားသည်။ ဆရာရယ်လိုက်တော့လည်း သိပ်ချောပါလား၊ လူငယ်လေးတစ်ယောက်ဟန်ပန် ပေါ်လာသည်။ တချို့နောက်ဆုံးနှစ်ကျောင်းသားတွေထဲမှာ ဆရာ့ထက်အသက်ကြီးသူတွေတောင် ရှိသေးသည်။ ကျောင်းဆောင်မှာဆို ဆရာ့ကို သူတို့က ဆရာခေါ်သည်မှလွဲ၍ သူငယ်ချင်းပေါင်းပေါင်းကြသည်ဟု ကြားရသည်။

"ဘာလို့ သိပ္ပံဘာသာတွဲယူတာလဲ"

"မသိပါဘူးဆရာရယ်၊ ရလို့တက်လိုက်တာပဲ"

"တစ်မျိုးပါလား၊ ဝါသနာပါတာပြောင်းတက်လိုက်ရောပေါ့"

"ခပ်စောစောကပြောင်းရင်ရပါတယ်ဆရာ၊ ဒါပေမယ့် သတ္တိမရှိပါဘူး၊ ကျော့က နောင်တရတတ်လွန်းလို့"



"ကျော့ထူးမောင်စကားပြောတာမှာ အသံတစ်သံပါနေတယ်၊ အဲဒီအသံကို ဆရာလည်းသိပါတယ်၊ ဘယ်ကလဲ သံတွဲကလား"

"ဆရာက ရခိုင်ပြည်နယ် နေရာအသီးသီးကအသံတွေ ခွဲသိနေဝါသား၊ သံတွဲမှာနေဖူးလို့လား ဆရာ"

"နေဖူးတာပေါ့၊ ဆရာ အထက်တန်းကို သံတွဲကအောင်တာ၊ ဆရာ့အမေကလည်း သံတွဲသူလေ"

"ဟာ ဟုတ်လား"

ဆရာ့ကို တစ်နယ်တည်းသားမှန်းသိလိုက်ရ၍ စိတ်ထဲမှာ ပို၍ရင်းနှီးသွားသလို ခံစားလိုက်ရသည်။

"ကျော့က ကင်းမော်က၊ ကင်းမော်ကို ဆရာသိလားဟင်"

ကျော့သည် ဖေဖေ့လိုနေရာဒေသပြောသည့်အခါ "သံတွဲ၊ ကင်းမော်" ဟု ထည့်ပြောတတ်တာ အကျင့်ပါနေသည်။ ကင်းမော်ကလို့ ထည့်ပြောမှ ပြည့်စုံသလိုပင်။

"ဆရာ့ကို ရန်ကုန်ကလို့ထင်နေတာ"

"တောသားပါကွာ၊ ဘယ့်နယ် ရန်ကုန်သားရုပ်ပေါက်ရမှာလဲ"

"ဆရာစကားပြောတာ ရခိုင်သံလုံးဝမပါဘူး၊ မျက်လုံးမျက်နုံးကတော့ ရခိုင်နဲ့တူပါတယ်၊ ဆရာ့အသားက ဖြူလွန်းတယ်"

"ကျော့ထူးမောင်တို့လည်း ဖြူသားပဲ၊ အသားဖြူတဲ့ရခိုင်တွေ အများကြီးပါ"

"ကျော့တို့ကညိုပါတယ်၊ ဒါမှ ရခိုင်ရောင်တဲ့ ဘိုးဘိုးက၊ ကျော့ ယယ်ယယ်က အိမ်မှာအသားအညိုဆုံးဆိုတော့ ဘိုးဘိုးနှစ်သိမ့်တဲ့စကားလေး၊ ယယ်ယယ်က ဘာမှန်းမသိပေမယ့် ကျေနပ်သွားတာပဲ"

ဆရာ့ကို ကျော့ ထူးထူးခြားခြား မကြောက်ရွံ့ဘဲ စကားတွေဆိုနေမိသည်။ ပြန်ခါနီးတော့ ကျော့ ဆရာ့ပစ္စည်းတွေကို ကူသိမ်းသည်။ ထိုနေ့က ဆရာနှင့်ကျော့ Physics ဌာနအပေါ်ထပ်မှ ရယ်မောရ၍ ဆင်းလာသည်။ ကျောင်းသူတစ်ချို့ တအံ့တသြလှည့်ကြည့်တာတောင် သတိမထားမိဘဲရှိနေ၏။ ထိုနေ့သည် ကျော့အဖို့ ထူးထူးခြားခြားရှိသည့် နေ့တစ်နေ့၊ အခါတိုင်းထက် ဆန်းသစ်သောနေ့တစ်နေ့ဟုတော့ အသိအမှတ်ပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကိုခင်မင်ပြီးနောက် ကျော့မှာ လုပ်စရာလေးတွေရှိလာသလို လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ အဆောင်မှာပြောချ်မရသောစကားကို ဆရာနှင့်ပြောဖြစ်သည်။ စာသင်ခန်းပြင်ပမှာဆိုလျှင် ဆရာ့ကို ကျော့ သူငယ်ချင်းဟုတောင် ထင်ချင်သည်။

ဆရာက ကျော့ကို "ဂုဏ်ထူးတန်းဝင်အောင်ကြိုးစားနော်"ဟု မှာသွားသည်။

"အိပ်မြေပြမယ်" ကျော့ပြောတော့

"အပြောကတော့ အရပ်အတိုင်းပဲ" ဟု ဆရာကဆိုသည်။

"တကယ်ဝင်အောင်ကြိုးစားဖို့ ဆရာ့ကို ကတိပေးစမ်းပါ"

ကျော့သည် တစ်စုံတစ်ယောက်ကို ကတိပေးဖို့ ဝန်လေးမြဲဖြစ်သည့်အတိုင်း ဆရာ့အပေါ်လည်း ချက်ချင်းစိတ်ထားပြောင်းလဲမရဘဲ ရှိနေသည်။

"ကျော့ ဝင်ချင်စိတ်ရှိရင် ဝင်ကိုဝင်ပါတယ်၊ ဒါတော့ ကျော့ကိုယ်ကျော့သိတယ်၊ ကျော့လည်း ရန်ကုန်တက္ကသိုလ်မှာတက်ချင်သေးတာပေါ့"

ဆရာက ကျေနပ်ပြုံးပြုံးကာ ကျော့အား ကလေးတစ်ယောက်ကိုကြည့်သလိုကြည့်နေ၏။

ချက်ချင်းပင် ကျော့သည် ဆရာနှင့်တွေ့ကာ စကားတွေပြောချင်လာသည်။ တယ်လီဖုန်းစင်နားမှအဖြတ် အလွတ်ရနေသည့် ဖုန်းနံပါတ်ကို နှိပ်မလိုလုပ်ပြီးမှ မနှိပ်ဖြစ်တော့။ ကျော့မှာ တစ်နှစ်စာအတွေ့အကြုံတွေ ဆရာ့ကိုပြောရန် အပြည့်ရှိနေသည်။

နေပါဦး၊ ဆရာ့အတွက် ဘာလက်ဆောင်များ ပါပါလိမ့်၊ စဉ်းစားမိတော့ ဆရာ့အတွက်ရည်စူးပြီးသား ဘာမှမပါ။ အိုး၊ ဘာလို့သတိမရတာပါလိမ့်။ ဘကြီးတို့အိမ်အတွက် ယူလာတာတွေထဲက သီးသီးသန့်သန့်ပေးလို့ရတာ ဘာရှိသလဲ၊ ဘာကောင်းမလဲ၊ အပြေးအလွှားစဉ်းစားရသည်။ ဆရာနှင့်တွေ့လျှင် ပြန်ကိုပြောရမည်ဟုတွေးကာ ပြုံးမိသည်။ ဆရာက ကျော့ ဘာပြောပြောရယ်မောနေမည်သာ။

* * *

## အခန်း (၄)

ဆရာမလာလျှင် ပျော်မြဲဖြစ်သည့် ကျောင်းသားတို့ထုံးစံအတိုင်း ဒီနေ့က ဆရာမဝင်သောတစ်ချိန်မှာ ကျော့လည်း တခြားကျောင်းသူကျောင်းသားများနှင့်ရောကာနောက်ကာ ပျော်ရွှင်စွာပင် အတန်းအပြင်သို့ ထွက်ခဲ့သည်။ ကျော့တို့တက်ရသော အပေါ်ဆုံးထပ်မှကြည့်လျှင် သစ်ပုပ်ပင်ကို ကောင်းကောင်း မြင်ရသည်။ မိုးတစ်ချိန့်စ်ချိဖြန်းပြီးဖြစ်သဖြင့် သစ်ပုပ်ပင်သည် ရွက်နုတို့ဖြင့် စိမ်းစိမ်းဝေဝေဖြစ်နေ၏။ အခန်းထဲမှာ ပူအိုက်နေသော်လည်း အပြင်ထွက်လိုက်သည်နှင့် လေပြည်အေးက ချစ်စဖွယ်တိုးဝှေ့လာသည်။

ကျော့သည် စာတွေ၊ ကဗျာတွေ ရုပ်ရှင်တွေထဲမှာသာ မှန်းဆသိမြင်နေသည့် သစ်ပုပ်ပင်ကြီးကို ဟိုးဟိုးငယ်ငယ်ကပဲ ရင်းနှီးသိကျွမ်းသလို ငေးကြည့်နေမိသည်။ ဒီနေရာဒီကာလကိုရောက်ဖို့ တွန်းပို့ပေးသည့် ငယ်စဉ်က သင်္ကြာရာဇ်ဆွဲကို အောက်မေ့မိသည်။ နောင်တစ်ချိန်ရောက်လျှင် ကျော့လည်း မျက်မှန်ကြီးတဝင်းဝင်းနှင့် ဘီးဆံထုံးကြီးထုံးလျက်ရှိကာ ဒီနေရာဒီရာစုကို တစ်မျိုးတစ်ခုပြန်ပြောင်းရှုမြင်ရဦးမည်ထင်သည်။

ဒီနေ့လည်း ချမ်းမြေ့နှင့် သိမ့်သိမ့်ကို မတွေ့ရပေ။ မောနင်ဆက်ရှင် (Morning Section) ရသွားသဖြင့် နေ့လည်တစ်နာရီမှတက်ရသော ကျော့နှင့်သွဲ့နေတာများလားဟု တွေးမိပြန်သည်။ Section က သုံးခုခေါင်ခွဲထားရသည်၊

www.burmeseclassic.com



Physics မေဂျာက လူများသည်။ အမှတ်မြင့်ပြီး ဆေးတို့ စက်မှုတို့ မမီတဲ့သူတွေ ထိုစဉ်က မေဂျာထဲမှာ အမှတ်အမြင့်ဆုံးဖြစ်သည့် Physics မေဂျာမှာ လာ စုပြုံနေသည်။ အသက်မွေးဝမ်းကြောင်းတစ်ခုခုရမလားလို့ ကြိုးစားခဲ့တဲ့ ကျွ တို့လည်း အပါအဝင်ပေါ့။

စစ်တွေမှာတုန်းက မျက်မှန်းတန်းမိသည့် မျက်နှာဆင်ဆင်လေး နှစ်ယောက်ကို သွားတွေ့သည်။ ဟိုမှာတုန်းက စကားတောင်မပြောဘူး၊ ရန်ကုန် မှာတွေ့တော့ သူတို့ကလည်း ဖက်လှဲတကင်း၊ ကျွန်ုပ်ကလည်း ဝမ်းသာအားရနှင့် ပြုံးပြမိသည်။ သူတို့နှစ်ယောက်က လူချင်းကွဲသွားမှာစိုးသည့်အလား လက်တွဲ မဖြုတ်တမ်းချိတ်ထားကြသည်။

"သိမ့်သိမ့်ကိုတွေ့မိလား" မေးတော့

"ဩော်၊ တအားရယ်တဲ့ကောင်မလေးလား"

"အသားညိုညို၊ မျက်လုံးပြူးပြူးလေးနဲ့ နှင့်ဘေးနားမှာထိုင်တဲ့ တစ်ယောက်လား"

ပြိုင်တူမေးကြသည်။ သူတို့ပြောမှပဲ သိမ့်သိမ့်ပုံစံကို မြင်ယောင်သည်။ မျက်တောင်မွေးတိုတိုနှင့် မျက်လုံးပြူးပြူးလေးများကိုပါ တဆက်တည်း မြင်ယောင်မိသည်။ သူတို့နှင့်တွေ့တော့ ပျော်ရွှင်သည့်စိတ်ကလေးနှင့် ကျွ အသံထွက်မရယ်မိအောင်ထိမ်းရင်း

"အေးဟုတ်တယ်၊ တွေ့မိလား"

အားတက်သရောမေးမိပါမှ

"ဟင့်အင်း၊ မတွေ့မိပါဘူး"ဟု အဖြေရသည်။

"ဘယ်ကလာတက်ရတာလဲ"

"ငါတို့ ကျောင်းဆောင်မရလို့ အပြင်ဘော်ဒါဆောင်မှာနေတယ်"

တယ်ဟုတ်ပါလား၊ ဘော်ဒါဆောင်တွေဘာတွေရှိတာသိပြီး ငှားတောင်ငှားနေတတ်ကြပြီ။

"အဲဒီလိုအဆောင်တွေ ကျောင်းနဲ့နီးနီးနားနားမှာရှိလား"

"ရှိတာပေါ့"

တစ်ယောက်က သူသိကြောင်းကို အားရပါးရပြောသည်။

"ရှိတာမှ အများကြီးပဲ၊ လူတွေလည်းအများကြီးပဲ၊ ဘာလာလုပ်နေကြ



သိဘူး၊ နေရာလပ်ကိုမရှိတာ၊ ရှာလိုက်ရတာ လှည်းတန်းတစ်ဝိုက် အကြွ ကြားမကျန် စုံနေတာပဲ၊ ဒီအတိုင်း အစိမ်းသက်သက်သွားမေးရင် မရဘူးဟ၊ ဘူးပြောလွှတ်တယ်၊ ခြံထဲဝင်လာရင် လူကို သူခိုးကြည့်ကြည့်တယ်၊ သိပ်ရိုင်း ပဲ၊ အဆက်အသွယ်ရှိမှရတာ၊ ငါတို့အစ်မသူငယ်ချင်းတစ်ယောက်နေတဲ့ ဆောင်ရောက်မှပဲ ရတော့တယ်၊ နင် ကျွန်ုပ်ထူးမောင် မဟုတ်လား၊ အဆောင် ထဲမှာ နင့်နာမည်တွေ့လိုက်တယ်၊ အင်းလျားဆောင်မှာ ပျော်နေပြီလား"

"မဝင်ရသေးဘူး၊ ချမ်းမြေ့ဦးကို ရှာနေတာ၊ သူလည်း အင်းလျားပဲ၊ တူတူဝင်ရအောင်လို့လေ"

"နင်တို့က ကျောင်းဆောင်ရတော့ဖိမ်ပဲပေါ့၊ ကံကောင်းတယ်နော်၊ ငါတို့တော့ အပြင်ဆောင်မှာ သိပ်ကျဉ်းကျပ်တာပဲ၊ ပြီးတော့ လူပေါင်းစုံတယ်၊ ကျောင်းသူတွေရော ကျောင်းသူမဟုတ်တာတွေရောပေါ့"

"ဟုတ်လား၊ နောက်မှရောက်ဖူးအောင် လိုက်လည်ဦးမယ်"

ချမ်းမြေ့ဦးကို ကျွန်ုပ်အထင်မကြီးသော်လည်း မသိမသာ အားကိုးစိတ် သည်။ ကျွန်ုပ်တစ်ယောက်တည်း မပြေလည်နိုင်တာကို ချမ်းမြေ့ဦးက ပြေလည် သည်ကိုး။ ကျောင်းဆောင်ဆိုတာစဉ်းစားကြည့်တော့ စိမ်းတိမ်းတိမ်းကြီး၊ နယ်နယ်အရပ်ရပ်ကလာတဲ့ တစိမ်းတွေကြားမှာနေရမှာ။ ကျွန်ုပ်ကိုတော့ ပေပေအေးစက်စက်ရယ်လို့ ခင်ပဲခင်ချင်ပါ့မလား၊ ကျွန်ုပ်မောသွားသည်။

ကျောင်းသူတွေ ကိုယ့်အုပ်စုနှင့်ကိုယ် အုပ်စုဖွဲ့ကာ တစ်သုတ်ပြီး တစ်သုတ် ကျွန်ုပ်ကို ဖြတ်ကျော်သွားကြသည်။ စာကြည့်တိုက်ရှေ့နားရောက် တော့ အပန်းဖြေနားနေသူတွေနှင့် ပို၍စည်ကားနေသလို။ "အင်းလျားဆောင်"ဟု စွန်နားဖျားကြားလိုက်၍ ကြည့်မိတော့ လွယ်အိတ်ကလေးတွေကိုယ်စီနှင့် ရှိုးရှင်းရှင်းမိန်းကလေးသုံးယောက် အင်းလျားဆောင်ဘက်သို့ ချိုးကွေ့သွား တာ တွေ့လိုက်ရသည်။

ကံ့ကော်ပင်အကိုင်းအခက်များကြားမှ နေရောင်က ဟိုတစ်ကွက် ဒီတစ်ကွက် ဖြာကျနေသည်။ ထိုနေ့က ကျွန်ုပ်သည် စာကြည့်တိုက်ထဲသို့ စာအုပ် ငှားကတ်လုပ်မည်ဟုဝင်သွားပြီးမှ ဓာတ်ပုံ(၆)ပုံလည်းပါမလာ၊ လောလောဆယ် သည်း လုပ်လို့မရသေးတာကြောင့် စိတ်ပျက်လက်ပျက်ပြန်ဆင်းလာတာ သတိ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် မိုးဦးလေဦးနှင့် ဘာမှမဆိုင်စွာ ကြည်လင်ပြာလဲ့သော ကောင်းကင်နှင့် နေရောင်တောက်ပသော နေ့တစ်နေ့လည်းဖြစ်သည်။ အပူရှိန် မြင့်၍ အိုက်စပ်စပ်လည်းနိုင်နေသည်။

အတန်းသို့လည်း ပြန်မသွားချင်တော့ဘဲ လူလွတ်သည့်အုတ်ခုံတစ်ခုံမှာ ဝင်ထိုင်ရင်း ဖြတ်သွားဖြတ်လာတွေကို ငေးကြည့်နေမိသည်။ တချို့က အုပ်စုလိုက် ရယ်ပွဲဖွဲ့လာသည့်ကျောင်းသူတွေ၊ တချို့က သူငယ်ချင်းအုပ်စုမှ နှစ်ယောက်တည်း လက်ချင်းချိတ်ကာ ခွဲထွက်လာသူတွေ၊ ကျော့ ဘယ်လောက်ကြာကြာ ထိုင်နေမိသည်မသိ၊ ငယ်ရွယ်သူတွေ ပေါ့ပါးလွတ်လပ်စွာ စုဝေးနေတာကြည့်ပြီး မပျော်တတ်တဲ့ကျော့တောင် သူတို့ကိုကြည့်ရင်း ပျော်လာသလို တက္ကသိုလ်ပဲလေ ဒီလောက်တော့ရှိမှာပေါ့၊ ပုံပြင်တွေ၊ ဇာတ်လမ်းတွေ မှတ်မကုန် အောင် အများကြီးနေမှာပေါ့ဟု တွေးမိသော်လည်း ကျော့လည်း တစ်ချိန်မှာ ကိုယ်တိုင်ပါဝင်ပတ်သက်လာလိမ့်မည်ဟု နည်းနည်းမှ စိတ်ဥပါဒ်မဖြစ်မိ။ ကျော့ကို အင်အားတကြီးရိုက်ခတ်မည့် လှိုင်းတံပိုးများလို အချစ်ဆိုသောအရာကို ယူဆောင်လာသူနှင့် တွေ့လိမ့်မည်ဟုလည်း ယောင်၍မျှပင် မစဉ်းစားမိသော အချိန်အခါဖြစ်သည်။

ထိုရက်များ၏ နောက်ပိုင်းတွင် ကျော့သည် အချစ်ဆိုသောအရာကို အံ့သြတုန်လှုပ်စွာ သံသယဖြစ်စွာ ကိုယ့်ကိုယ်ကိုယ်လည်း စိုးရိမ်ပူပန်မှုများစွာကို ရင်မှာပိုက်ကာ မမိုတ်မသုန် စောင့်ကြည့်နေခဲ့သည်ဟု ထင်ပါသည်။ ကျော့၏ စိတ်ခံစားရမှုများကို တစ်စုံတစ်ယောက်က ချုပ်ကိုင်လွှမ်းမိုးတာခံလိုက်ရပြီဟု သိကာ ဝမ်းနည်းမဆုံးရှိသောအချိန်များလည်း ဖြစ်ခဲ့ပါသည်။

တကယ်တော့ ထိုနေ့က ကျော့နှင့်သူ တွေ့ဆုံမှုဟာ ဘာမှမဆန်းကြယ်ပါ။ အနည်းငယ်ရိုးစင်းသော သာမန်မျှသာဖြစ်သော တွေ့ဆုံမှုတစ်ခုသာ ဖြစ်သည်။ တကယ့်ကို တွေ့ဆုံမှုသက်သက်သာဖြစ်သည်။ ဘယ်သူကမှ စကားနှင့် အသိအမှတ်မပြုခဲ့သော ဆုံတွေ့မှုဖြစ်သည်။ သို့သော် နောက်ပိုင်းအကျိုးဆက်များကမူ ကျော့ဘဝတစ်ခုလုံးကို လွှမ်းမိုးနိုင်စွမ်းရှိခဲ့၏။

အချစ်သည် သဘာဝတရားကြီးမှ ပြဋ္ဌာန်းထားသော အမြဲဆန်းသစ်ပြီး ဘယ်သူမှ သင်ကြားစရာမလိုဘဲ အလိုလို တတ်မြောက်နိုင်သော သင်ရိုးတစ်ခုပင်။



ကျော့သည် အုတ်ခုံ၌ထိုင်ကာ အသိမိတ်ဆွေတွေတွေ့နိုး၊ ဆရာတို့ လည်း တွေ့လိုတွေ့ငြား ဟိုဒီငေးရင်းနှင့်ရှိနေ၏။ အနီးအနားမှာ ကျော့လို တစ်ယောက်တည်းထိုင်နေသည့် မိန်းကလေးက ရှားသည်။ ထိုစဉ်ခဏ စာကြည့် တိုက်ထဲမှ ထွက်လာသော မိန်းကလေးတစ်သိုက်ကိုကြည့်မိစဉ် စာကြည့်တိုက် လှေကားအုတ်ခုံမှ ခြေတွဲလောင်းချထိုင်ကာ ခပ်တည်တည်နှင့် ကျော့ကိုကြည့်နေ သော မျက်ဝန်းတစ်စုံနှင့် သွားတိုးမိသည်။ ကျော့အသိထဲကများဖြစ်နေမလားဟု ကျောန့်ပိုင်းမျှ ကြာကြာကြည့်မိသည်။ မသိပါ။ တစ်ခါမျှမမြင်ဘူးသော မျက်နှာတစ်ခု။

သူကလည်း အကြည့်လွှဲမသွား၊ ကျော့ကိုကြည့်မြဲ။

ဪ၊ သူကြည့်တာနှင့် မိန်းကလေးတစ်ယောက် ရှက်ပြီး မနေတတ် မထိုင်တတ်ဖြစ်သွားမယ် ထင်နေသလားမသိ၊ ငေးသေး။ သူ့မျက်ဝန်းကလည်း မျက်လုံးချင်းဆုံ ရင်ခုန်ရလောက်အောင် ကျော့ကို မဆွဲဆောင်နိုင်ပါဟု မျက်မှောင်ကုပ်ကာ ပြန်စိုက်ကြည့်မိသည်။ သို့သော် ကျော့သည် ကမန်းကတမ်း မျက်လုံးလွှဲလိုက်ရပြီးမှ ရင်ထဲမှာ ရူးရူးရှရှ ခံစားမှုတစ်ခုကို သတိပြုမိသည်။ ဒီ လှိုက်ခနဲဖြစ်သွားတဲ့ ခံစားမှုကို ဘယ်လိုသရုပ်ဖော်မလဲ။ ဘုရား၊ ဘုရား ဒါတောင် ကျော့ဟာ သူ့ဆီက အကြည့်ကလေးတစ်ချက်သာ ရသေးတာ၊ အဲဒီကတည်းကပဲ သူ့မျက်ဝန်းကို စတင်ထိတ်လန့်ခဲ့တာဖြစ်မည်။

သူက အနက်ရောင်ကချင်လွယ်အိတ်ကလေးကို သိုင်းလွယ်ထားသည်။ ဖြူရော်နေသည့် ဂျင်းဘောင်းဘီနှင့် နီညိုရောင်နှင့် အနက်ကွက်စိပ် ရှပ်အင်္ကျီကို ဝတ်ထားသည်။

နေပါဦး။ ဒီအင်္ကျီရောင်နှင့် ဒီလွယ်အိတ်ကို စောစောတုန်းက ကျော့ လိုင်ဗရီပေါ်မှ ကသောကမျောပြေးဆင်းလာတုန်းကလည်း မြင်လိုက်ရတာပဲဟု ချက်ချင်းသတိရလိုက်သည်။ ကျော့ကို လိုက်ကြည့်နေတာတော့ မဖြစ်တန် ကောင်းပါဘူးဟု တွေးမိသည်။ သူထိုင်နေသည့်နေရာနှင့် အနေအထားတ နည်းနည်းတော့ သံသယဖြစ်စရာကောင်းနေသည်။ ဟိုဘက်နည်းနည်းလေး ရွှေ့ထိုင်ရင် သူထိုင်ရတာ ပိုပြီးအဆင်မပြေဘူးလား။ ဒါပေမယ့် ကုံးဘာဝင် တစ်ပင်ကြောင့် ကျော့ကို လုံးလုံးကွယ်သွားနိုင်သည်။ အခုအနေအထားကတော့ အရေးကြုံလျှင် သူ့မျက်လုံးတွေကို ပင်စည်နှင့် ဖျတ်ခနဲ ကာကွယ်၍ရနိုင်သော အနေအထားဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော့ပုံစံက တခြားမိန်းကလေးတွေနှင့်မတူဘဲ ဝတ်စားဆင်ယင်ပုံ ကွဲလွဲနေတာကြောင့်လည်း ဖြစ်နိုင်သည်။ ငါဘယ်နေရာကများ လှနေပါလိမ့်ဟု မှန်တောင်ပြေးကြည့်ချင်စိတ်ပေါက်သည်။

နောက် သူ့ကိုပြန်ပြောပြတော့ သူက ပြုံးသည်။ "ကျော့ရဲ့အဲဒီပုံစံလေးကို ဘယ်လိုချစ်သွားမှန်းမသိဘူး"ဟု သူ့နှုတ်ခမ်းတွေမှ စီးမြောလာတာကိုလည်း ကျော့ ချိုမြစွာပင် ကြားခဲ့ရ၏။ ထိုနေ့က ကျော့သည် စိမ်းဖန့်ဖန့်မှာ အနက်ရောင် ကွက်စိပ်ကလေးတွေပါသော ရှပ်အင်္ကျီလက်တိုပွပွကြီးနှင့် ရေညှိစိမ်းရောင် လုံချည်ပြောင်ကို တွဲဝတ်ထားခဲ့သည်။ သိပ်မကြာခင်မှာပဲ ကျော့သည် သူနှင့် စတွေ့သည့်နေ့က ဘယ်ဝတ်စုံပါလိမ့်ဆိုတာ မေ့မသွားအောင် ပြန်စဉ်းစားယူကာ ထိုဝတ်စုံလေးကို မြတ်နိုးမဆုံးရှိ၍ ဝတ်လိုက်တိုင်း ပျော်ရွှင်ပီတိလေးတွေ ဖြာဝေနေခဲ့တာ သတိရသည်။

တဖြည်းဖြည်းနှင့် သူ ကျော့ကို စောင့်ကြည့်နေမှန်း သေချာသထက် သေချာလာသည်။ ဒီလိုတော့မဖြစ်ချေဘူး၊ အရေးရယ်အကြောင်းရယ်ဆို ကျော့ကတော့ ပြေးမှာပဲဟုတွေးကာ ရယ်လည်းရယ်ချင်မိနေသည်။

ထလည်းမထရဲတော့ဘဲ သူမသွားသရွေ့ မထတော့ဟုဆုံးဖြတ်ကာ ပေ၍ထိုင်နေမိသည်။ နောက်ပိုင်းမှာတော့ ကျော့အကြည့် သူ့ဆီ ဖျတ်ခနဲ ရောက်သွားလျှင် သူက သိသိသာသာ မျက်နှာလွှဲသွားတတ်သည်။

နောက်မိနစ်အနည်းငယ်ကြာတော့ သူက ကျော့ကို သိနားလည်သလို ထပြန်သွားတာကို ကျေးဇူးတင်စိတ်နှင့် လိုက်ကြည့်မိသည်။ သူ့ဖာသာသူ ထပြန်သွားတာကို ဘာကြောင့်များ ကျော့ကို သိနားလည်တယ်ရယ်လို့ ရဲရဲတင်းတင်း ကောက်ချက်ချမိရပါလိမ့်နော်။

သူ အဓိပတိလမ်းပေါ်ရောက်သွားတော့မှ သူအရပ်မြင့်တာကိုရော၊ သူလမ်းလျှောက်ပုံက ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသူတစ်ယောက် လမ်းလျှောက်ပုံမျိုးဖြစ်တယ်ဆိုတာကိုရော ကျော့သတိထားမိခဲ့ပါသည်။ သူလမ်းလျှောက်ပုံနှင့် ကိုယ်ဟန်အနေအထားက ကျော့သိပ်သဘောကျတဲ့ပုံစံမျိုးပဲ။

တကယ်ဆို ယုံကြည်စရာမကောင်းလှပါ။ ကျော့လိုမိန်းကလေးတစ်ယောက်အဖို့ ဒီဖြစ်ရပ်ဟာ အတော့်ကို ပေါ့တန်နေမှာအမှန်ပင်။ ဘယ်သူမှန်းမသိ၊ သူဘယ်မှာနေမှန်းလဲမသိ၊ ဘယ်မေဂျာ ဘယ်အတန်းကလဲမသိ၊



ဘာစ်ခါမှလည်း မတွေ့မမြင်ဘူးသော တစ်စိမ်းယောက်ျားလေးတစ်ယောက်ဆီမှာ ကျော့အဖို့ စွဲလန်းတပ်မက်မှုယ်ရာ ဟန်ပန်အမူအရာတွေစုနေတာ နည်းနည်းတော့ အံ့သြစရာကောင်းနေသည်။

နောက် ကျော့ကျောင်းဆောင်ဝင်ပြီးမကြာခင်မှာပဲ ကျော့ကို သူ့ထံမှာ ခိုလှုံဖို့ တွန်းပို့သော တိုက်ဆိုင်မှုတွေကို ကျော့ အမှတ်မထင်ကြုံတွေ့ရပါသည်။ ထိုအဖြစ်အပျက်တို့ကို ကျော့သည် အနည်းငယ်ရယ်မောဖို့ ကြိုးစားကြည့်သော်လည်း စိတ်ထဲမှာ လှောင်ပြောင်၍မရဘဲ မျက်ဝန်းမှာ မျက်ရည်တစ်စနှစ်စ ခိုတွဲလာတာကိုသာ တို့သုတ်ခဲ့ရဖူးသည်။

* *

နောက်တစ်နေ့မှာပဲ ကျောင်းမှ စောစောပြန်ကာ ညနေအဆောင်ဝင်ရအောင် စီစဉ်သည်။ ကျော့က သွားချင်လျှင်လည်း ချက်ချင်းပင်။

မမခိုင်က "စနေ၊ တနင်္ဂနွေတောင် မစောင့်တော့ဘူး" ဆိုတာကို ဂရုမစိုက်နိုင်ဘဲ "ကျော့ဝင်ချင်စိတ်ရှိတုန်း မြန်မြန်ဝင်မှ တော်ကြာ စိတ်ပြောင်းသွားရင်ခက်မယ်"ဟု ပြန်ပြောလိုက်သည်။ ကျောင်းကအပြန် ကားကျပ်သဖြင့် ဘတ်စ်ကားစီးပြီး ကျောင်းတက်ရတာကို ပထမဆုံးအကြိမ် စိတ်ပျက်မိသောနေ့လည်းဖြစ်သည်။ ဘယ်လောက်ဝေးဝေး အလှမပျက်အောင် ကားစီးနိုင်သောရန်ကုန်သူတွေကို ချီးကျူးမိသည်။

မမခိုင်နှင့် ကျော်စွာပဲ ကျော့ကို အဆောင်သို့လိုက်ပို့သည်။ ညနေအဆောင်ပိတ်ချိန်မရောက်မီ စောစောဝင်ရမည်။ ချမ်းမြေ့ဦးကိုတွေ့အောင် စောင့်မနေနိုင်တော့ တစ်ရက်ရွှေ့တစ်ရက်ရွှေ့နှင့် တဖြည်းဖြည်း နောက်ကျနေပြီ၊ အဆောင်တကယ်တန်းဝင်မည်ဆိုတော့ ကျော့ စိတ်လှုပ်ရှားရပြန်သည်။ ဘကြီးကတော့ အလုပ်မပျက်၊ တူမတစ်ယောက် အဆောင်ဝင်ရမည့်ကိစ္စ မလှုပ်မယှက်နေနိုင်လွန်းပါ့ဟု မဆီမဆိုင် ဘကြီးကို မကျေမနပ်ဖြစ်လိုက်သေးသည်။

ကျော်စွာက "တစ်ခုတော့မှာရမယ်ကျော့ရေ၊ မိန်းထဲက ငါ့သူငယ်ချင်းတွေဆီကို ငါခဏခဏရောက်တယ်နော်၊ အစ်ကိုက ဘွဲ့သိက္ခာကြီးသလောက် ညီမက ပြောစရာဖြစ်နေရင် မကောင်းဘူး၊ ပြီးတော့ မိန်းထဲမှာ အပင်တွေလည်းပေါတယ်၊ ဟိုအပင်တက် ဒီအပင်တက် လုပ်မနေနဲ့ဦး"ဟု သြဝါဒချွေသည်။

www.burmeseclassic.com



ညနေတွင် မိုးရွာတော့မလို လေပြင်းတိုက်လာသည်။ အင်းလျားဆောင်ထဲမှာ သစ်ပင်တွေ လေတိုက်သဖြင့် တရှဲရှဲအော်မြည်နေကြသည်။ ပန်းပင်ကလေးတွေလည်း လေသရမ်းကြောင့် လူးလွန့်ယိမ်းထိုးနေကြသည်။

အဆောင်ဆင်ဝင်အောက်တွင် ကားထိုးရပ်လိုက်တော့ ညနေငါးနာရီထိုးခါနီးနေပြီ။ ဧည့်ချိန်ဖြစ်၍ ဧည့်ဆောင်မှာ လူတွေများနေသည်။ ကောင်မလေးတွေကလည်း ရေချိုးပြီးစ သပ်သပ်ရပ်ရပ်၊ တချို့က အိမ်မှာနေသလို သနပ်ခါးဘဲကြားနှင့် ဆံပင်ရှည်ကိုဖြန့်ချလျက် ကိုယ့်ဧည့်သည်နှင့်ကိုယ် စကားပြောနေကြသည်။ တချို့ကလည်း မိဘတွေပြန်ခါနီးမို့ မျက်နှာတွေက မိုးသားလို ညို့ကာ ငိုမဲ့မဲ့။ ကျော့လိုပဲ ဒီနေ့မှ အဆောင်ဝင်လာသူတွေလည်း ရှိသည်။

ကဲ အဆောင်တော့ရောက်ပြီ၊ အခန်းကဘယ်မှာလဲ၊ အဆောင်မှူးဆီ အရင်သွားရမှာလား။ ကျော့ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ဩော် ဒီမှာ စာရင်းနှင့်ကပ်ထားပြီးသားပဲ။ ထိုစဉ် အဆောင်မှအလုပ်သမားတွေ ရောက်လာကြသည်။

"ရှစ်ဆယ့်ခွန်တဲ့ ဦးလေးရေ၊ ဘယ်အခန်းလဲ"

"လာ လာ ..."

ဦးလေးကြီးတွေက သေတ္တာတွေ၊ အိပ်ရာလိပ်တွေထမ်းကာ ဝင်သွားကြသည်။

"လာ မမခိုင်၊ ဦးလေးကြီးတွေကို မှီအောင်လိုက်ရမယ်၊ ဘယ်ဘက်သွားရမှန်းမသိဖြစ်နေဦးမယ်"

နှစ်ယောက်သား ပေါ့ပေါ့ပါးပါးပစ္စည်းတွေဆွဲပြီး နောက်မှ အပြေးလိုက်သွားသည်။

"ကျော်စွာ ဝင်မလာနဲ့နော်"

ဆိုးဆိုးဆတ်ဆတ်နှင့် စပ်စပ်စုစုနိုင်သည့် ကျော်စွာကို မှာရသေးသည်။

ကျော့သည် အထဲမှာမြင်တွေ့လိုက်ရသည့် အဆောင်ဖွဲ့စည်းပုံကြောင့် လှိုက်ကနဲ ပျော်သွားသည်။ အင်းလျားဆောင်က ဒီလိုတဲ့လား။

စတုရန်းပုံဆောက်ထားသည့် အဆောင်ကြီး၏အလယ်မှာ စိမ်းစိုလှပသော မြက်ခင်းပြင်ရှိနေသည်။ ဟိုဘက်တောင်ပံ ဒီဘက်တောင်ပံကူးဖို့ အပေါင်း



...တာကွန်ဂရက်လမ်းကြောင်းလေးက အလယ်မှာရှိနေသည်။ ဘေးတစ်ဖက်...ချက်ဘောင်တွေမှာ အလှစိုက်အပင်နှင့် ရောင်စုံပန်းပင်လေးတွေ စိုက်ထား...သည်၊ မြက်ခင်းထောင့်မှာ စိန်ပန်းပင်တွေနှင့် ခုံတန်းလေးတွေ၊ ဒန်းကလေးတွေ ...သည်။ ကျော့ သိပ်သဘောကျသွားသည်။ အဆောင်ပိတ်ချိန်ရောက်ပေမယ့် ...ခင်းပေါ်မှာ လွတ်လွတ်လပ်လပ် နေ၍ရသေးသည်။ 'စောပြည့်ညိုဆောင်...တုန်းကလို မခံစားရတော့။

ကျောင်းဆောင်ကြီးက စိန်ရတုနှစ်ဖြစ်သဖြင့် အသစ်ပြင်ဆင်မွမ်းမံမှု...နှင့် ပို၍သစ်လွင်ကာ ခန့်ညားထည်ဝါနေ၏။ စိမ်းမြမြအပင်တွေ အုံ့ဆိုင်း...တ် မြက်ခင်းစိမ်းတွေကြားမှ တည်ငြိမ်ရင့်ကျက်သည့် ဆေးနီရောင်ကြောင့်...၍ လှပခန့်ညားထည်ဝါနေ၏။

အဆောင်မှာ လူတွေ တော်တော်စုံနေပြီ။ အခန်းတွေက ကျောချင်း...ဝ်ရက်ဖြစ်သည်။ နှစ်ယောက်ခန်းတွေများသည်။ တချို့က ကော်ရစ်တာမှာ ...ရပ်နေကြသည်။ တချို့က မြက်ခင်းပြင်ကိုဖြတ်၍ ထမင်းစားဆောင်မှ ...လာကြသည်။ တချို့က အခန်းထဲမှာ တရုန်းရုန်း၊ တချို့က ခုတင်ပေါ်မှာ ...တ်သောင့်သက်သာ၊ တချို့က နှစ်ကြီးသမားလူဟောင်းတွေ ထင်သည်။ ...တို့ လူသစ်ကလေးတွေကို အရေးမလုပ်ကြ။ ကျော့တို့လို အသစ်ကလေး...တွေက မျက်စိသူငယ်နှင့် ဟိုကြည့်ဒီကြည့် ကြည့်ကြသည်။

ကျော့တို့ လွန်သွားမှ နောက်မှ တီးတိုးစကားပြောသံတွေ ကြားရသည်။ အင်းလျားရဲ့ လှုပ်ရှားသက်ဝင်နေတာက ကျော့ကို ရင်ခုန်သံမြန်စေသည်။ ကျော့က ဦးလေးကြီးတွေကို နောက်မှ မှီအောင်ပြေးလိုက်ရင်း ...ဆောင်ပံတစ်ခုရဲ့ အပြင်ကော်ရစ်တာတစ်ခုသို့ ရောက်သွားသည်။ အင်း၊ ဒီဘက်အခြမ်းက စိမ့်စိမ့်မှောင်မှောင် အပင်တွေအုပ်ပြီး နေရောင်ပဲရောက်ပါလေစ။

ဒီနေရာကိုကျော်သွားပါစေ၊ သို့သော် ကျော့ ဆုတောင်းမပြည့်။ ကျော့ ...ခေါင်းရှုံ့မိသည်။

"မြက်ခင်းပြင်ကို မျက်နှာစာလှည့်ထားတဲ့ အခန်းတွေလေ...မကောင်းဘူးနော်၊ ချောင်ကျလိုက်တာ"

"အခန်းထဲဝင်ကြည့်လိုက်ရင် အတွတ်တွပါပဲကျော့ရယ်၊ ဒီ...ကဲ အသွားအလာနည်းတော့ အေးချမ်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ တစ်ယောက်ရောက်နှင့်နေပြီ။ သူက အရင်ရောက်တော့ နှစ်ယောက်ခန်းမှာ နေရာကောင်းသည့်နေရာ ရထားပြီပေါ့။ တစ်ယောက်တို့ ဗီရိုတစ်လုံး၊ စားပွဲခုံတစ်လုံး၊ ထိုင်ခုံတစ်လုံးစီရသည်။ မမခိုင်နှင့်ကျော့ သန့်ရှင်းရေးလုပ်ပြီး ပစ္စည်းတွေနေရာချပြီးသည်အထိ အခန်းဖော်ကို မတွေ့ရသေး။ တံခါးဟောင်းလောင်းဖွင့်ပြီး ဘယ်သွားနေပါလိမ့်။ သူ့နေရာမှာ အသုံးအဆောင်ပစ္စည်းတွေက နေသားတကျ အားလုံးသပ်သပ်ရပ်ရပ်၊ အိပ်ရာသိမ်းထားတာထအစ သန့်ပြန့်နေသည်။

အမယ် လူလောက်ရှိတဲ့ ဝက်ဝံမွှေးပွရုပ်ကြီးနှင့် အလှပြင်ပစ္စည်းတွေကိုလည်း ဘူးကြီးဘူးငယ်နှင့် စီစီရီရီ၊ ပြီးတော့ ယွန်းခွက်၊ ယွန်းဘူးကလေးတွေ ဘာတွေထည့်ထားမှန်းမသိ၊ ပန်းအိုးကလည်း ရှည်ရှည်တစ်မျိုး၊ ပုပုတစ်မျိုး သပြေခက်ကတစ်မျိုး၊ ပြီးတော့ အရုပ်သေးသေးလေးတွေ၊ လက်တစ်ဆုပ်စာရှိတဲ့ ပိုက်ဆံအိတ်သော့ချိတ်ကလေးတွေ၊ အမလေးဟဲ့ စီထားလိုက်တာ စတိုးဆိုင်ကျနေတာပဲ။

ကျော့ပြုံးမိသည်။ ငါနဲ့တော့ကိုက်မယ့်ပုံပဲ။

မမခိုင်က မပြန်ခင် သူ့သူငယ်ချင်းဟောလ်ကျူတာတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

"မမက သစ်သစ်ဆွေပါ၊ လိုအပ်တာရှိပြောပေါ့၊ ဒီဘက် (extension) မှာနေတယ်၊ ခိုင့်ညီမလေးသာဆိုတယ် ခိုင်နဲ့မတူဘူးနော်၊ အဆောင်မှူးနဲ့ မတွေ့ရသေးရင် မမလိုက်ပို့ပေးမယ်"

အဆောင်မှူးနှင့်တွေ့ပြီး ပြန်ဆင်းလာတော့ ကျော့အနည်းငယ်ငြိမ်ကုပ်နေခဲ့သည်။ အဆောင်ပိတ်ခါနီးလေ မမခိုင်ကို မပြန်စေချင်လေဖြစ်လာသည်။ ဒါမှမဟုတ် ဒီတစ်ညကို အိမ်မှာပဲ ပြန်လိုက်အိပ်ချင်သလို ဖြစ်လာသည်။ စိတ်လှုပ်ရှားပြီး လက်ဖျားတွေ မသိမသာ အေးစက်နေသည်။

မမခိုင်တို့ကလည်း လိုက်ပို့တယ်ဆို လိုက်ပို့တာပဲသိတယ်၊ "ကျော့ ဘယ်လိုလဲ၊ နေခဲ့မလား၊ ပြန်လိုက်ချင်နေလား" ဘာလားတော့စကားအဖြစ်မေးသင့်တာပေါ့။ ဒီလိုဆို ကျော့လည်း မျက်ရည်လည်ဖို့ မရှက်တော့ဘဲ "လိုက်တော့လိုက်ချင်သား၊ ဒါပေမယ့် မလိုက်တော့ပါဘူး"လို့ ပြန်ပြောနိုင်ရင် ကိုယ့်ကိုယ်ကိုယ် အားပေးသလိုလည်း ဖြစ်မှာပေါ့။



ပါလာတွင် မမခိုင်နှင့်ကျော်စွာကို လက်ပြနှုတ်ဆက်ပြီး ကျော့နှင့် မမသစ်သစ်ဆွေ အဆောင်ထဲပြန်ဝင်လာခဲ့သည်။ သူက စကားတွေပြောလာသည်။ ဘာတွေပြောမှန်းတောင် ကျော့ မမှတ်မိတော့၊ ကျော့ စကားပြောဖို့ စိတ်မပါ။ "ဟုတ်ကဲ့" "အင်း" မှလွဲ၍ ဘာမျှပြန်မပြောဖြစ်ခဲ့၊ ကြာတော့ ကျော့သူ့ကို အားနာလာသည်။ ကျော့ကို အရိုင်းလေးလို့ ထင်တော့မှာပဲ၊ ကျော့က လူသစ်တစ်ယောက်နှင့်တွေ့လျှင် ရင်းနှီးဖို့ ခက်ခဲသည်။ သိကျွမ်းပြီးသားလူတွေနှင့်တော့ ခပ်စိမ်းစိမ်းဖြစ်ဖို့ လွယ်ကူတာ ကျော့၏ အရည်အချင်းဖြစ်သည်။

ဒါကြောင့် ကျော့အကြောင်း အတော်အတန်သိပြီးဖြစ်သည့် ဆရာကတွေ့တိုင်း "ကျော့အဆင်ပြေရဲ့လား"ဟု အမိပွာယ်ပါပါ မေးတတ်သည်ကို သတိရသည်။

မြက်ခင်းပြင်တွင် လင်းနေသေးသည်။ ကျော့တို့အခန်းရှိရာ ကော်ရစ်ဒါသည် အပင်ရိပ်ကြောင့် မှောင်စပြုသည်။ အခန်းထဲမှ မီးရောင်သည် အပြင်မှအလင်းရောင်ညိုညိုနှင့် တစ်မျိုးကြီးဖြစ်နေသည်။ ကျော့ရင်ထဲမှာလည်း တစ်မျိုးကြီး၊ ချက်ချင်းပြန်ထွက်လာကာ မြက်ခင်းပြင်ဆင်းသည့် လှေကားတွင် တစ်ယောက်တည်း ထိုင်နေမိသည်။ အဝတ်အစားလည်းမလဲရသေး၊ ကျော့ ဘာမှလည်း မလုပ်ချင်။

မြက်ခင်းအလယ်က ခရမ်းနှင့်အဖြူ ကြွေပန်း၊ နှင်းပန်းလေးတွေပေါ်မှာ လိပ်ပြာတွေ ပျံဝဲနေသည်။ ကျော့စိတ်က အိမ်ကိုရောက်သွားသည်။ လွမ်းရခက်သွား၏။ လွမ်းလည်းမလွမ်းချင်။ ဖေဖေရုံးမှပြန်ရောက်မည့်အချိန်ဆိုတာ သတိရသွားသည်။ အခုလောက်ဆို ပွင့်လည်းသွားပြီပေါ့။ မေမေကလည်း ပွင့်အားကိုးမရှိတော့ အလုပ်တွေနိုင်ပါ့မလား၊ မေမေလည်း သနားစရာတော့ အကောင်းသား။

မြတ်ကတော့ အစ်မတွေမရှိ၍ ထင်တိုင်းကျဲနေမည်ထင်သည်။ မြတ်မှာ ပွင့်နှင့်သာ တီးတိုးတိုင်ပင်စရာရှိပြီး ကျော့နှင့် ဘာမှတိုင်ပင်စရာမရှိ။ ပွင့်ရည်းစားထားတာကိုလည်း စစ်တွေမှာအတူနေခဲ့သည့် ကျော့ မသိဘဲ အငယ်မမြတ်က အရင်သိနှင့်သည်။ ကျော့ကပဲ အရွယ်မရောက်၊ လိုက်စမှီသေးတဲ့ ကလေးတစ်ယောက်လို သူတို့က အရေးမလုပ်ကြ။

ကျော့က ကိုးတန်း၊ ဆယ်တန်းနှစ်ထိ ခုန်ပေါက်တုန်း ပွင့်နှင့်မြတ်က

www.burmeseclassic.com



ခုနစ်တန်းနှစ်ကတည်းက မဆော့ကြတော့၊ မြတ်ကမူ ပွင့်ကိုအတုခိုးကာ အရှို လုပ်တတ်ပြီ။ သူတို့ ဘာကြောင့်မကစားလဲ ကျော့ အံ့သြမဆုံး။ ငါတော့ တစ်သက်လုံး ကစားသွားမှာပဲဟု အခိုင်အမာတွေးထားသည်။ ကြီးလာတော့ လည်း အလုပ်အားရင်ကစားမှာပေါ့၊ အခုအချိန်ထိ အိုးပုတ်ချိုးရုပ်၊ အဝတ်စရုပ် တွေကို တခြားကလေးတွေကို ပေးပစ်ဖို့ နှမြောတုန်း။

ကိုကိုနှင့်တော့ အဆင်ပြေသည်။ ကိုကို ကျောင်းပိတ်ရက်တွေမှာ ကျော်စွာလိုက်လာတိုင်း ဥယျာဉ်ရာဘာတောင်တွေကို ကျော့ လည်ပတ်ခွင့်ရ သည်။ စိမ်းမြတဲ့တောင်ကြားမှာ မြူနှင်းဝေဝေနှင့် ဆောင်းနံနက်များကို ကျော့ ဘယ်တော့မှမမေ့။ ကိုကိုက ကျော်စွာနှင့်ကျော့ကို ရေကူးသင်ပေးလေ့ရှိသည်။ ငပလီကမ်းခြေရောက်၍ ကားပေါ်မှ ခုန်ပေါက်ဆင်းကာ ပင်လယ်ကြီးနှင့်အပြိုင် ရင်ပွင့်အောင်အော်ဟစ်ရသည့်အရသာကိုလည်း ကျော့မမေ့။ ပင်လယ်အော်သံ ထဲမှာ ကျော့အသံကို ဘယ်သူမှမကြားဘဲ ပဲ့တင်ထပ်သံသဲ့သဲ့လေးနှင့် ပျောက်ဆုံးသွားတာ သဘောကျလှသည်။

ပင်လယ်ကမ်းခြေက သောင်ပြင်ပေါ်ရောက်သည်နှင့် ကျော့ အလိုလို ခုန်ပေါက်ချင်သည်။ ပေလီမှာ လသာညတွေဟာ သိပ်လှသည်။ ကျော့တို့တတွေ မောမောနှင့် လရောင်အောက်သဲပြင်ပေါ်မှာ မေးစက်အနားယူရသည့်အရသာကို ဘယ်တော့မှမမေ့။ သို့သော် ထိုစဉ်ကတော့ ကျော့သည် ပြင်းထန်လှုပ်ရှားသည့် ကမ်းခြေကို ကျော်လွန်၍ ဟိုးအဝေးက အေးချမ်းငြိမ်သက်သော အပြာရောင် ပင်လယ်ပြင်ကို မကြည့်တတ်သေးပါ။

* *

ကျော့ဟာ မလွမ်းတတ်သလိုလိုနှင့် တော်တော်လွမ်းတတ်သားပဲ၊ မျက်ဝန်းမှာ မျက်ရည်စလေးတွေတောင် စို့စွတ်နေပြီ။ မောင်နှမတွေကိုလည်း လွမ်းသားပဲ၊ ဘိုးဘိုးရဲ့ ဆေးတံငွေ့တောင်ပါသေးသည်။ ဖေဖေ၊ မေမေကိုတော့ ပြောမနေနှင့်တော့။ ရေခြားမြေခြားမှာရောက်နေသည့် ကိုကို့ကို ပိုသတိရစရာ ပေါ့။ ကိုကိုကလည်း အခုချိန်မှာ သင်္ဘောတစ်စီးစီးပေါ်ကနေ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးကို ကြည့်နေမလားမသိ၊ ကျော့ကတော့ အင်းလျာ ရဲ့ မြက်ခင်းပြင်ကနေ ကောင်းကင်ပေါ်က လမင်းကြီးကို ငေးကြည့်လို့။



ရှစ်နာရီထိုးပြီ။ ဗိုက်လည်းဆာဆာတွေ့လာသည်။ မသိသူတွေနှင့် ...စားဦးမည်။

ဒီအချိန်မှာ ကျော့လို အိမ်နှင့်ဝေးယံဘဝကိုလွမ်းသည့် မိန်းကလေး ...နှစ်ဦးများ ရှိနေမလဲ၊ ကျော့လို အပြင်ထွက် လကိုကြည့်ပြီး လွမ်းမည်တော့ ...ဆောင်။ အခန်းထဲမှာ ကျိတ်ငိုချင်ငိုနေမည်။ အဲဒီလို တစ်ယောက်ယောက် ...တွေ့လျှင် ကျော့ နှစ်သိမ့်နိုင်စွမ်းတော့ ရှိပါသည်။ ကျော့ ခေါင်းတစ်ချက်ခါ ...တော့ မျက်ရည်တစ်စ လွင့်ပါသွားသည်။

အဆောင်ကြီးမှာ မီးရောင်ထိန်ထိန်ကြောင့် ထိန်လင်းကာ ပို၍လှနေ ...။ ဩော်... အပြင်ကလေကလေးတော့ ရှူချင်သား။

ကော်ရစ်တာမှာ ရှေ့ကလျှောက်သွားတဲ့တစ်ယောက် မြင်ဖူးလိုက်တာ၊ ...ယ် ချမ်းမြေ့ပါလား၊ ဘယ်တုန်းက အဆောင်ဝင်လိုက်တာပါလိမ့်၊ ကျော့ ...သာအားရ ခြေသံလုံလုံနှင့် ပြေးလိုက်ကာ သူ့ပခုံးကို ဆွဲလှည့်လိုက်သည်။

"ဟိတ်"

"အမလေး၊ လန့်လိုက်တာ"

ချမ်းမြေ့က မျက်လုံးပြူး၊ ရင်ဘတ်ဖိ၍ အော်သည်။ ကျော့မှန်းသိတော့ ...သာအားရထခုန်သည်။ အခန်းထဲမှ လုံးနေအောင်ဝသည့်တစ်ယောက်က ...တ်နှာသုတ်ပုဝါခြုံလျက် ပြူးတူးပြဲတဲထွက်ကြည့်သည်။ ကော်ရစ်တာမှာ အဝတ်တွေသိမ်းနေသူ စီနီယာမမတစ်ယောက်က မျက်မှောင်ကုပ်၍ကြည့်သည်။

"ကျော့ ဘယ်တုန်းကအဆောင်ဝင်လိုက်တာလဲ"

"ခုညနေကမှ၊ ချမ်းမြေ့တို့ကို ကျောင်းမှာရှာနေတာ၊ ကျောင်းမတက်ဘဲ အဆောင်မှာနပ်နေတာပေါ့လေ"

"ကျောင်းအပ်ပြီးကတည်းက အဆောင်တန်းဝင်လိုက်တယ်၊ ဒါပေ ...ယ့် စာသင်ခန်းကို လုံးဝမရောက်သေးဘူး၊ မေမေတို့က မပြန်သေးဘူးလေ၊ ...ဒီဘာဆွေမျိုးတွေနဲ့ လျှောက်လည်တိုင်း ချမ်းမြေ့လည်း ပါပါသွားတယ်၊ ဒီက ...ည်း ကျော့အဆောင်ရမှန်းသိတော့ အဆောင်က ထိုင်မျှော်နေတာပေါ့"

သူများတွေမှာ အမေရော၊ အမေပါလိုက်ပို့တယ်တဲ့၊ အားကျလိုက် ...တာ။

"သိမ့်တော့ အဆောင်မရတော့ဘူးနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျော့ဘယ်အခန်းလဲ"

"ရှစ်ဆယ့်ခွန်"

"အမလေး၊ ဟန်ကျလိုက်တာ၊ ဒီထက်ကောင်းတာရှိဦးမလား၊ ချမ်းမြေ့တို့နဲ့ နှစ်ခန်းပဲခြားတယ်၊ ပျော်စရာပဲ"

ချမ်းမြေ့က သူ့ဟန်အတိုင်း အသံကျယ်ကျယ်နှင့် ရယ်မော၍ဆိုသည်။

"နှစ်ယောက်ခန်းပဲလား၊ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ကျော့အခန်းဖော်တော့ ဘယ်လိုလာမလဲမသိဘူး"

"သိပါတယ် ရဝေကို၊ ရိုးလ်ကောပြီးပြန်လာကတည်းက အခန်းထဲမှာပစ္စည်းတွေပဲတွေ့ပြီး လူကိုမတွေ့လို့ ရဝေကပြောသား၊ သူက ဒီည အိမ်ပြန်လိုက်သွားတယ်ထင်နေတာ၊ ကျော့မှန်းလည်း ချမ်းမြေ့မသိဘူး"

အခန်းထဲဝင်တော့ တစ်ဖက်ခုတင်မှာ ကျောဆန့်နေသူက ဝေါက်ခနဲထထိုင်သည်။ ကျော့ကို သေသေချာချာ အကဲခတ်ကြည့်တာသည်းခံပြီး မသိသလို နေရသေးသည်။ ကျော့ သူ့ကို ပြုံးမပြမိ၊ သူကလည်း ဟန်ဟန်ပန်ပန်မျက်နှာထားလေးက ခပ်စူစူ၊ မိန်းကလေးထဲက မိန်းကလေးပဲ ဘယ်တတ်နိုင်မလဲ။

ကျော့က သေတ္တာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ခုနကချောင်းကြည့်သည့်မျက်နှာသုတ်ပုဝါခြုံထားသော လုံးနေအောင်ဝသည့် ဝတုတ်က ပြုံးဖြဲဖြဲနှင့် ကြည့်သည်ကို ပြန်ပြုံးပြရသေးသည်။

"ဘယ်သွားနေတာလဲ"

ရဝေက ကျော့ကို ခပ်ပိုင်ပိုင်မေးသည်။

သေတ္တာမှာရေးထားသည့် နာမည်ကိုမြင်လျက်နှင့် "ကျော့ထူးမောင်ဆိုတာလား"ဟု သိသိကြီးနှင့်မေးတာကို စကားပြန်ရသေးသည်။

ခဏနေတော့ ချမ်းမြေ့ဦး၏အခန်းဖော် မေဖြိုးဦးလည်း ရောက်လာသည်။ သူတို့ကတော့ သိနှင့်ကြပြီပေါ့။ ကျော့သာ လူတွေများသဖြင့် စိတ်ရှုပ်ကာ ဘာမှမလုပ်ချင်တော့။ စကားတွေလည်း တစ်ယောက်တစ်ပေါက် ပြောကြ



သည်၊ လူသစ်ကို လာအကဲခပ်ကြတာလားမသိ။ ကိုယ့်ဘာသာကိုယ် အဆောင်ထင်တာတောင် အေးအေးဆေးဆေး မဝင်ရပါလား။

"ကျော့ နင်ဘာလိုသေးလဲ" ချမ်းမြေ့ကမေးသည်။

"မလိုဘူး"

ကျော့၏ တုံးတိတိဖြေသံကို တခြားလူတွေ သတိမထားမိသော်လည်း သေိမသာ အကဲခပ်နေသည့် ရဝေက သတိထားမိပုံရသည်။ ချမ်းမြေ့ဦးပဲ အားလုံးကို ညှိခံစကားပြောနေသည်။ ကျော့နှင့်သူ စစ်တွေမှာ အတူတူတက်ခဲ့သည့်အကြောင်း၊ ခင်ခင်မခင်ခင် အရမ်းခင်သည့်အကြောင်း နောက် ကျော့အပြင်ထွက်သွားလျှင်တော့ ကျော့ဟာ ဘယ်လိုဘာညာဆိုတာတွေ ပြောမှာပေါ့၊ စိတ်ရင်းကောင်းတယ်၊ ခင်စရာကောင်းတယ်ဆိုတာတွေတော့ ပါမယ်မထင်ပါဘူး၊ ချမ်းမြေ့မှာလည်း သူ့များကောင်းကွက်ကို ထုတ်ဖော်ပြောနိုင်လောက်အောင် အရည်အချင်းမရှိပါဘူး။

ကျော့ အင်္ကျီချွတ်လဲချင်ပေမယ့် မချွတ်ရဲသေး။ ဗိုက်ကလည်းဆာလှပြီ၊ သူတို့ရှေ့မှာလည်း ထမင်းချိုင့်ဖွင့်ကာမစားချင်။ သို့သော် မနေနိုင်တော့။ ကြီးကြီးထည့်ပေးလိုက်သော ထမင်းချိုင့်ကို ထယူလိုက်သည်။ ရဝေက သူ့ချိုင့်ထဲမှ ကြက်သားကြော်နှစ်ဖဲ့ကို လာချပေးသည်။

"ဟင့်အင်း၊ မစားဘူး"

အားနာပါးနာပြုံးပြရင်း စကားဆက်ရပြန်သည်။

"အိမ်ကဟင်းတွေပါတယ်၊ ကုန်မှာတောင်မဟုတ်ဘူး၊ ပြန်သိမ်းထားလိုက်ပါ"

အားနာစိတ်များပြီး အတင်းငြင်းလိုက်တာ အမိုက်ဟယ်တစ်မျိုးပေါက်သွားမလား၊ ရိုင်းရာကျမလားတွေးပြီး မျက်နှာခပ်ပူပူဖြစ်နေ၏။ အင်း၊ သူတို့ကို စားပါဦးလို့တောင် မခေါ်ရသေးဘူး။

"စားကြဦးလေ"

ဆိုတော့ အားလုံး လှုပ်လှုပ်ရွရွဖြစ်ကာ ကိုယ့်မှာပါသည့် ဘာတွေညာတွေ ယူသူကယူသည်။ ချမ်းမြေ့အခန်းဖော် မေဖြိုးဦးက သူလည်းမစားရသေးဘူးဆိုကာ ညနေက မတ်ခွက်နှင့် အပြည့်အသိပ်နိုးတင်ထားသော ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ယူလာသည်။

"ဖြိုး အဲဒါ နှစ်ယောက်စာနော်၊ ငါက အိပ်ခါနီးမှစားမလို့၊ အခုတော့ နှင့်ကို စိတ်မချဘူး"

ချမ်းမြေ့က ဖြုတ်ဆို ထမင်းဝိုင်းနားရောက်လာသည်။ ရဝေကတော့ ဘာဟင်းတွေလဲဆိုကာ နောက်ဆုံးမှထသည်။

"လက်ဖက်လည်းရှိတယ်" ဖြိုးက သွားယူရန်ပြင်သည်။

"ကြာကြာခံတာတွေထားလိုက်စမ်းပါ၊ ကျော့ဟင်းတွေကုစားပေးဦး"

"အဆောင်ရောက်မှ ထမင်းစားလို့ အရမ်းကောင်းတာပဲ"

"အိမ်ကပါလာတဲ့ရိက္ခာတွေရှိသေးတာကိုး၊ ကုန်မှသိမယ်"

"ဖြိုးကတော့ ဒီလိုပျော်ပျော်ပါးပါးဝိုင်းဖွဲ့စားရရင် ကောင်းမယ် ထင်တာပဲ၊ အိမ်မှာဆို ဘယ်လောက်ပဲကောင်းကောင်း တစ်ယောက်တည်းစား တာ စားလို့မဝင်ဘူး၊ ပျင်းစရာကောင်းတယ်"

ပိန်ပိန်သွယ်သွယ်နှင့် ရယ်လိုက်လျှင် ကလေးတစ်ယောက်လို ပွင့်လင်းဖြူစင်ပုံရသော မဖြိုးဦးက တစ်ဦးတည်းသမီးတဲ့၊ ညီအစ်ကိုမောင်နှ တွေနှင့် သိုက်သိုက်ဝန်းဝန်း မနေဖူးဘူးဟု သိရသည်။ ပွင့်နှင့်မြတ်ကို သူ့ကို ပေးလိုက်ချင်ပါရဲ့၊ ပျော်နိုင်မလား မရွှေချော။

"အဆောင်ထမင်းကို ညညလည်း ခိုးမတင်ရရင် မနေနိုင်ဘူး"

ကျော့ကိုကျော်ပြီး ချမ်းမြေ့နှင့်ဖြိုး စကားတွေပြောနေကြသည်။ ရဝေ ကတော့ ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်း မြည်းစမ်းရင်း တစ်ထပ်စား နှစ်ထပ်စား ဝမ်းဗိုက်အကျင့်ပါမည်စိုးသလို ဣန္ဒြေနှင့်နေသည်။ ဝဝဖြိုးဖြိုးလည်း မဟုတ်၍ ဝိတ်လျှော့နေပုံလည်း မဟုတ်ပါဘူး။

မဖြိုးဦးက ရခိုင်ဟင်းတွေစားကောင်းတယ်ဆိုကာ ခေါင်းမဖော်တော့ ကျော့ချိုင့်ကို သူနှင့်ချမ်းမြေ့ အပြောင်ရှင်းသည်။ ကျော့ကတော့ ဘယ်လိုဟာတွေ နှင့် တွေ့ရဦးမလဲ တွေးနေမိသည်။ ချမ်းမြေ့ကတော့ ကျော့အကြောင်း အနည်း အပါးသိပေမည်။ ကျော့မျက်လုံးတို့ နူးညံ့သိမ်မွေ့သော်လည်း ကျော့နှုတ်ခမ်း တွေက ရုံဖန်ရုံခါ ခက်ထန်တတ်တာ ချမ်းမြေ့သိသည်။ ရဝေကတော့ အကင်း



ဘာ တတ်သိချေလည်ပုံရဖြင့် ကျော့ကိုလည်း ရုတ်တရက်အမြင်နှင့်ဆုံးဖြတ် ာ စားသွားလိုထက်မြက်ပါးလွှာသူဟု ထင်ချင်ထင်နေရှာမည်။

ရဝေက အသားလတ်လတ်၊ မျက်နှာပြည့်ဝိုင်းဝိုင်းနှင့် လူကြီးလေးနှင့် ူသည်။ မျက်လုံးလေးက ကြည်လင်တောက်ပသည်။ ဆံပင်အကုပ်ကလေးကို ောက်မှ မမို့တမိစုစည်းထားသည်။ ကိုယ်လုံးကိုယ်ပေါက်ကလေးက ခပ်ဝိုင်း ိုင်း၊ သူ့အရပ်နှင့် အနေတော်ဖြစ်သဖြင့် ကြည့်ကောင်းသည်။

ဖြိုးက ကလေးဆန်ဆန် ပျော်ပျော်နေတတ်မည့်ပုံလည်းပေါက်သည်၊ ာကလည်း ပိုက်ဆံရှိ၊ ဆယ်တန်းလည်းအောင်လာ၊ စားဝတ်နေရေး နောင်ရေး ာမှပူစရာမရှိဘဲ အိမ်မှာ အိပ်လိုက်စားလိုက်မနေလို၍ အပျင်းပြေကောလိပ် ာသည်နှင့်တူသည်။ သူလည်း သူ့နည်းသူ့ဟန်နှင့် စာမေးပွဲ မှန်မှန်အောင်မည့် ူဖြစ်သည်။ စကားတတွတ်တွတ်ပြောတတ်တဲ့ ချမ်းမြေ့နဲ့တော့ ကိုက်မယ် င်တာပဲ။

ဝတုတ်နာမည်က ဇင်မာကျော်ကျော်၊ သူက ဘေးခန်းက၊ ရဝေနှင့် ာစ်မြို့တည်းကဖြစ်သဖြင့် မေဂျာမတူသော်လည်း ဒီအခန်းမှာ လာစုရုံးသည်၊ ခန္ဓာကိုယ်လုံးလုံးမှာ အကျီလုံချည်ကို ကောင်ညှင်းထုပ်စည်းသလို တင်းကျပ်စွာ ဝတ်ထားသည်။ လက်မောင်းတုတ်တုတ်၊ နဖူးပြောင်ပြောင်၊ နှုတ်ခမ်းကလေး ခပ်ထူထူမို့ မီးရောင်အောက်မှာ ကြည့်ရနည်းနည်းဆိုးသည်။ ခန္ဓာကိုယ်နှင့် ိုက်အောင် အသံကျယ်သည်။ သူက ဆယ်တန်းတုန်းက အမှတ်လေးရာကျော် ရပြီး လိုင်းကောင်းကောင်းမဝင်သဖြင့် စိတ်နာနာနှင့် ဖူးမေဂျာယူကာ ဆေး ကျောင်းမှာ ဆရာမပြန်လုပ်မည်ဟုဆိုသည်။

သူတို့က ကျောင်းစဖွင့်သည့် နှစ်ပတ်စာအတွေ့အကြုံတွေကို ဖလှယ် နေကြသည်။ တခြားအခန်းမှာလည်း ရယ်မောဆူညံသံတွေကြားနေရသည်၊ ကျော့က ဝတ်ထားသည့်ရုပ်အကျီလက်ရှည်ကို မချွတ်ရသေး၊ စိတ်အိုက်လှုအိုက် ဖြစ်နေသည်။

သူတို့က ယခုမှ ရန်ကုန်မှာ ကျောင်းလာတက်ဖူးသော်လည်း ဆရာ တွေအကြောင်း ကိုယ့်ဌာနအကြောင်းကို နောကျေနေသူလို စကားပြောနေကြ သည်။ ပြီးတော့ ဘယ်ဆရာဆီမှာ ကျူရှင်တက်မယ်ဆိုတာတွေ Section (A)က ဆရာတွေကောင်းသဖြင့် ချမ်းမြေ့က ဖြိုးနှင့်အတူ မနက်ပိုင်းအတန်းလိုက်တက်

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာတွေ၊ ဒါတွေ ကျော့လိုက်မမှီပါဘူး။ ကျောင်းတစ်ပတ်တက်ခဲ့ပြီးပြီ။ ဘာမှမစီစဉ်ရသေး၊ ဒါတွေကို နောင်ဘယ်တော့မှလည်း စီစဉ်တတ်မှမဟုတ်၊ ညနေပိုင်းအတန်းရတာ ညနေပိုင်းပဲတက်မှာပေါ့၊ တစ်မနက်လုံး အိပ်ချင်သလောက်အိပ်စမ်း၊ Morning Section တော့ တစ်သက်လုံးမလိုချင်ပါဘူး။ ကျောင်းအပ်တာနောက်ကျတာတောင် ကျော့အတွက် ခပ်ကောင်းကောင်း။ ဘစ်ချို့က Morning Section မရလို့ ငိုသတဲ့။

သူတို့ပြောတာနားထောင်ရင်း ကျော့က ကိုယ့်အခန်းမှာ ညွှံသည် ပြန်ဖြစ်နေသည်။ ကျော့တောင် လှဲမအိပ်ရသေးတဲ့အိပ်ရာမှာ အခန့်သားတက်လှဲနေတဲ့ ဇင်မာကျော်ကို မကျေမနပ် တစ်ချက်စေ့ကြည့်မိသည်။ ကျော့ ဘာလုပ်ရမှန်းမသိ ယောင်ချာချာ။ ကျော့ မူမပျက်အောင် ထိန်းထားပါတယ်ဆိုမှ အကင်းပါးသည့်ရဝေက လှမ်းကြည့်နေတာ သတိထားမိသည်။ အဲလိုပဲ၊ အဲလိုပဲ၊ ကျော့ဟာ လူမခင်အောင်ပြင်ပေါ်ပြန်ပြီလား၊ မလုံမလဲနှင့် ရဝေ့အား ပြုံးပြလိုက်သည်။

"ကျော့ထူးမောင်က အေးတယ်နော်"

အနားမှာထိုင်နေသည့်ဖြိုးက စကားစသည်။

ကျော့နာမည်ကို အပြည့်အစုံခေါ်လျှင် ခပ်တောင့်တောင့်မို့ ကြားရတာတစ်မျိုးကြီး၊ ကိုယ့်နာမည်ကိုယ်ပြန်ကြားရတာပင် လန့်သွားသည်။

"အင်း၊ ကျော့လို့ပဲခေါ်ပါ"

"အမလေး ကျော့လားအေးမှာ၊ ကြည့်နေပေါ့၊ ဘယ်လိုဘယ်ပုံ အေးတယ်ဆိုတာ"

ချမ်းမြေ့က ပါလာပြန်သည်။ ဒီကောင်မလေးဟာ နေရာတကာ လူရှေ့က ကြိုပြောလိုက်ရမှ သူအသိ သူအတတ်လုပ်လိုက်ရမှ သဘောကျတာ။

ကျော့ ပန်းကန်ဆေးရန် ရမယ်ရှာပြီး အပြင်သို့ထွက်ခဲ့သည်။ ကျော့ ထွက်သွားလျှင် ကျော့ဟာ ယောကျ်ားရှူးလား စိုင်းစပ်စုကြတော့မယ်။ အဲဒီတော့ တိုးတိုးတိုးတိုး ဘာညာပေါ့။ "မဟုတ်ပါဘူး၊ ဒါပေမယ့် ခပ်တေတေရယ်"ဆိုပြီး ချမ်းမြေ့က ယူတော့မှာပေါ့။ တစ်ယောက်ထသွားလို့မှ အဲဒီတစ်ယောက် အကြောင်းကို ဒီမိန်းကလေးတွေ မပြောဘဲမနေနိုင်ပါဘူး၊ ဒါတော့ ခေါင်းဖြတ်ပြီးတောင် လောင်းရဲတယ်။



ကျော့တို့အခန်းနှင့်ကပ်လျက်ရှိသော လေးယောက်ခန်းမှာလည်း အလယ်ကခုတင်မှာ ဝိုင်းအုံနေကြသည်။ လေသည် ဘယ်ကဘယ်လို ကွေ့ဝင်လာသည်မသိ၊ ပန်းကန်ဆေးရာဘေစင်နားထိ ရောက်လာသည်။ အပြင်မှာ မိုးရောင်နှင့် ဝါထိန်နေသည်။ အင်းလျားဆောင်ဝင်းထဲရှိ သစ်ပင်များ၊ ချုံနွယ်များကြားသို့ ရောက်သောအခါ အညိုဖျော့မှ အညိုရင့်ရောင်သို့ ကူးပြောင်းသွားသည်။ အင်းလျားရဲ့ ပထမညမှာ ပုစဉ်းအော်သံလေးကအစ ကျော့ မှတ်မိနေမှာ သေချာသည်။ သူတို့တွေ ဘာတွေဘယ်လိုသိပါစေ၊ အမြင်ကျယ်ပါစေ ကျော့လို အရာရာကို မတတ်သိပါဘူး၊ အသေးစိတ် ခံစားနိုင်စွမ်းမရှိပါဘူးဟု ရွယ်တူမိန်းကလေးတွေကြားမှာ ကျော့ဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစမြဲပင်။

အားလုံးလူစုခွဲဖို့ပြင်သော် ကျော့သည် ချမ်းမြေ့ကို နေခဲ့စေချင်သေးသည်။ စိတ်ထဲမှာ နည်းနည်းတော့ အထာမကျနိုင်သေး၊ နှစ်ယောက်တည်းနေရတာထက် သုံးယောက်နေရတာ သဘောကျသည်။ သူတို့နှစ်ယောက်ကို လွှတ်ထားပြီး ကျော့က ဘာသိဘာသာနေနိုင်သည်မဟုတ်လား။ ညတွင် မီးရောင်အောက်မှာ မိန်းကလေးတွေ ပျားပန်းခပ် လှုပ်ရှားသွားလာနေကြတာ စကားပြောနေကြတာ၊ ရယ်မောနေကြတာ တစ်ခုချင်းလိုက်ကြည့်ရင်း တအံ့တဩ စိတ်ဝင်စားနေမိသည်။ သူတို့ပျော်လားမပျော်လားကိုပေါ့။

* *

မနက်စောစောတွင် ရဝေ ရေချိုးပြီးပြန်လာတာ၊ သနပ်ခါးသွေးသံ ကြားနေရသည်။ ကျော့ကတော့ ဒီအချိန်နှင့် အိပ်ရာကထရိုးထုံးစံမရှိ။ ကျော့ အိပ်ရာကထကာ အစောဆုံးရှစ်နာရီ၊ တစ်ခါတစ်ခါ ကိုးနာရီ၊ ဆယ်နာရီ ထိုးသွားသည်။ ကျော့အတန်းက နေ့လည်(၁)နာရီမှ စမည်ဖြစ်သဖြင့် အေးအေးဆေးဆေးအိပ်၍ ရသေးသည်။ ချမ်းမြေ့လည်း ဖြိုးနှင့်အတူ မနက်ပိုင်းအတန်း လိုက်တက်ရန် ပါသွားသည်။

"ကျော့ နိုးပြီလား၊ ကျော့အတွက် ထမင်းယူထားခဲ့တယ်၊ နောက်ကျသွားရင် မရလိုက်မှာစိုးလို့"

"ဩော် ဟုတ်လား၊ ရပါတယ်"

ရဝေ့ကို ကျေးဇူးတင်စကားမဆိုမိ။ ခြင်ထောင်ထဲမှ ခေါင်းပြူကြည့်

www.burmeseclassic.com

www.burmeseclassic.com



တော့ မချောက အလှပြင်ပြီးနေပြီ။ တယ်မြန်ပါလား၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပါးနီ အပြည့်အစုံချယ်သထားသည်။ ပန်းခရမ်းရောင် အပွင့်စိပ်စိပ် ဝမ်းဆက်ကလေးနှင့် ကျောင်းသွားမှာ၊ ပွဲသွားမှာကျနေတာပဲ။ ဆလင်းဘက်အိတ်လွယ်၍ စာအုပ်တွေလက်ထဲမွေ့ထားသည်။ များပဲများလှချည့်၊ ဘယ်ဆရာကများ သူ့ကို အဲဒီလောက် စာသင်မှာတုန်း၊ တခွပ်ခွပ်အသံကြား၍ကြည့်လိုက်တော့ အံမယ် ဒေါက်ဖိနပ်နှင့်။

"သွားပြီနော်၊ ကောင်းကောင်းဆက်အိပ်လိုက်ဦး" ဆိုကာ တောက်တောက် တောက်တောက်နှင့် ထွက်သွားလေသည်။ တစ်ခန်းလုံး မွှေးကြိုင်ကျန်ရစ်သည်။

တခြားအခန်းတွေလည်း အသံဗလံတိတ်ဆိတ်ပြီး ကျော့တစ်ယောက်တည်းလားဟု ကျေနပ်သွားသည်။ အင်း... အေးချမ်းလိုက်တာ၊ "ခုတောင် မထသေးဘူးလား"ဟု မေမေ့အသံမကြားရတော့၊ မေမေ ပါးစပ်ညောင်းသက်သာသွားတာ ဝမ်းသာစရာပဲ မေမေရေ။

မနက်ပိုင်းရေချိုးတဲ့အကျင့် ပြန်လုပ်ရဦးမယ်၊ ကျောင်းဆောင်နေမှ ဒီအကျင့်ဖြစ်တာ၊ အိမ်ရောက်ရင် ပြန်ပျောက်သွားတာပဲ။

ခေါင်းစုပ်ဖွားနှင့် အိပ်ရာကထရုံရှိသေးသည်။ ခပ်သွက်သွက်လှမ်းလာသော ခြေသံကြား၍ ကြည့်လိုက်တော့ မေဖြိုးဦး၊ ပါတိတ်ဝမ်းဆက် အရောင်ခပ်မှေ့ာမှော့နှင့် ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ်ထားကာ ကပိုကရို၊ တောက်တောက်ပပပြင်ဆင်ထားခြင်းမရှိ၊ မျက်နှာမှာလည်း သနပ်ခါးရေကျဲနှင့် လွယ်အိတ်တစ်လုံးလွယ်၍ ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာနေသည်။

"အတန်းသွားတက်တာမဟုတ်လား၊ ဘာလို့ပြန်လာတာလဲ"

"မတက်ချင်တော့လို့ ချမ်းမြေ့ကိုအပေါ်ထပ်ကလူတွေနဲ့ ထည့်လိုက်တယ်၊ ကျော့က ဘာဖြစ်နေတာလဲ"

"အိမ်မှာလိုထင်ပြီး ကော်ဖီဖျော်သောက်မလို့လုပ်တာ ရေနွေးမရှိဘူး"

"ဟင်၊ မျက်နှာလည်းမသစ်ရသေးဘဲနဲ့"

"အလုပ်ရှုပ်မခံနိုင်ဘူး၊ ရေချိုးတော့မှ တစ်ခါတည်းရှင်းမယ်"

"ဖြိုးမှာ ဓာတ်ဘူးနဲ့အပြည့်ယူထားတာရှိတယ်၊ သွားယူလိုက်မယ်" ဟုဆိုကာ ခပ်သွက်သွက်လှည့်ထွက်သွားသည်။



"ကောင်းတာပေါ့" ကျော့ပြုံး၍ ပြောလိုက်သည်။

"အတူတူသောက်ကြမယ်လေ"ဟုလည်း လှမ်းအော်လိုက်သည်။

ပထမဆုံးအကြိမ် စိတ်ထဲမှာ သက်တောင့်သက်သာပြေလျော့၍ ပျော်သလိုဖြစ်လာသည်။ ဖြိုးပြန်လာတော့ ကျော့မှာ ကော်ဖီဖျော်ရန်အဆင်သင့်။

"ဟာ မတ်ခွက်ကြီးနဲ့၊ ကျော့က ဒီအချိန်မှ ကော်ဖီသောက်တော့ ထမင်းဘယ်တော့စားမှာလဲ"

"ထမင်းက လိုအပ်မှ၊ သိပ်အစွဲမထားဘူး၊ ကျော့က ကော်ဖီဖျော်တာမှာ ကျွမ်း(စ်) စွဲသွားစေရမယ်၊ ဖြိုးသောက်တယ်မဟုတ်လား"ဟု ခပ်ရွှင်ရွှင် ပြောလိုက်သည်။

"သောက်တော့သောက်တယ်၊ သိပ်အကြိုက်ကြီးတော့ မဟုတ်ဘူး"

"ကျော့ပြောတာက ရိုးရိုးတန်းတန်းသောက်တာကို ပြောတာမဟုတ်ဘူး၊ တဖြည်းဖြည်း တစိမ့်စိမ့်အရသာခံပြီးသောက်တာ၊ ကော်ဖီသောက်ခြင်းနိယာမနဲ့ နားလည်မှပြောရတာကောင်းမယ်၊ ဒီအတိုင်းဆို ဖြိုးသိမှာမဟုတ်ဘူး၊ ဘဖြည်းဖြည်းချင်း ကော်ဖီထဲမှာ စိတ်ကိုနှစ်၊ ဓိမ်ဆွဲပြီးသောက်ကြည့်၊ လာ ကျော့နဲ့အတူတူသောက်မယ်၊ ဒီတစ်ခါသောက်ပြီးရင် ဖြိုးနားလည်သွားလိမ့်မယ်"

"ကျော့ကလည်း ကြံကြံဖန်ဖန်"

ကျော့က အာဇွတ်ရုံတစ်ငုံလေးငုံပြီး ဖြိုးကိုကြည့်သည်။ သူ့ခမြာ ကော်ဖီခွက်ကိုင်ပြီး ကြောင်တက်တက်လေးထိုင်နေသည်။ ကျော့က ခုတင်ပေါ်မှာ တင်ပလင်ခွေထိုင်လို့ သူက ခုံပေါ်က။

"ကျော့ကိုကြည့်လေ၊ ဟုတ်ပြီ တစ်ငုံငုံလိုက်၊ အရသာခံကြည့် ကောင်းတယ်နော်၊ ကောင်းတယ်မဟုတ်လား"

တကယ်တော့ မေဖြိုးဦး ကော်ဖီကိုသောက်လေ့သောက်ထမရှိ၊ ကြိုက်လည်းသိပ်မကြိုက်၊ ကျော့က အတင်းဇွတ်ကောင်းနေသဖြင့် သူ့ကောင်ကောင်းချင်သလိုလို၊ နောက်တစ်ငုံငုံပြန်သည်။ သူလည်း လိုက်ငုံသည်။

ကျော့က ဖြိုးကိုကြည့်၍ရယ်သည်။ ကျော့စိတ်ထဲမှာ မဖြစ်စဖူး ကြည်ကြည်လင်လင်၊ ဖြိုးကလည်း လိုက်ရယ်သည်။ ဆယ်ကျော်သက်ရဲ့ ရယ်ချင်တတ်တဲ့အငွေ့အသက်တွေက နှစ်ဆယ်ပြည့်ခါနီးထိ ကျော့မှာရှိတုန်း၊

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးမှာလည်း ရှိသေးတာတွေ့ရ၍ ဝမ်းသာသွားသည်။ ကျော့က ဒီလိုလူကို လိုက်ရှာနေတာ။

ကျော့မျက်နှာလေးက အိပ်ရာထစဖြစ်၍ ပို၍လန်းဆန်းနုနယ်နေသည်။ ဖြိုးက ခုမှ ကျော့ကိုသေချာစွာကြည့်မိသည်။ ကျော့၏ မျက်လုံး၊ နှာတံ၊ မေးရိုးနှင့် နှုတ်ခမ်းတို့သည် မျက်နှာတွင် ရှင်းလင်းပြတ်သားကာ ထင်ရှားပေါ်လွင်လှသည်။ အထူးသဖြင့် ဆံပင်တိုတိုကပ်ကပ်ကလေးကြောင့် အမြောင်းအခွေလေးတွေပေါ်ကာ အကြောစိမ်းကလေးများကိုတောင် ဖောက်မြင်ရသည့် ကျော့နားရွက်ကလေးများက ထင်ထင်ရှားရှား လှနေသည်။ နားပေါက်လည်း မရှိ။

ကော်ဖီသောက်ရင်း စာအုပ်တစ်အုပ်လှန်ဖတ်ကာ ကျော့က ဖြိုးကို အရေးမလုပ်တော့၊ အနားမှာ တစ်ယောက်ယောက်ရှိနေတာ မသိတော့သည့်အလား၊ ကော်ဖီတစ်ငုံငုံလိုက်၊ စာရွက်တစ်ရွက်လှန်လိုက် လုပ်နေသည်။ ဒီပြင်လူဆို ဖြိုးစိတ်ဆိုးပြီး ထပြန်ဖြစ်မည်။ အခုတော့ ကျော့ကိုခင်တာနှင့် ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။ ကော်ဖီကုန်မှ ကျော့၏စာအုပ်လှန်ခြင်းအမှုလည်းပြီး၏။

"ကော်ဖီကို ဇိမ်ခံသောက်တယ်ဆိုပြီး စာအုပ်ကြီးနဲ့"

"ကော်ဖီသောက်ခြင်းအမှုမှာ အဲဒါလည်းပါတယ်၊ မဟုတ်ရင် မပြည့်စုံဘူး၊ ဒီညလာခဲ့ဦး သောက်ဦးမယ်"

"မအိပ်နိုင်ရင်ကော"

"စာအုပ်ဖတ်တာပေါ့"

ကျော့ရေသွားချိုးစဉ် ဖြိုးက ကျော့ခုတင်မှာလှဲ၍ စာအုပ်ဖတ်ကျန်ရစ်သည်။ ဆူဆူညံညံစကားပြောသံတွေကြားရပြီးနောက် မနက်ပိုင်းအတန်းတက်သူတွေလည်း ပြန်ရောက်လာကြသည်။

"ဝတ္တရားကရှိသေးတယ်၊ သွားဦးမှပဲ"

ကျော့ကျောင်းသို့သွားရန်ပြန်ဆင်သော် မနက်က အတန်းမတက်ချင်သူဖြိုးက ငေါက်ခနဲထထိုင်ကာ

"ဖြိုးလည်းလိုက်မယ်၊ နောက်နေ့တွေလည်း ကျော့နဲ့အတူ ညနေပိုင်းအတန်းပဲလိုက်တက်တော့မယ်"ဟု ဆိုလေသည်။



ချမ်းမြေ့နှင့်ရဝေ အခန်းဝမှာ တအံ့တသြကြည့်ကျန်ရစ်သည်၊

* *

"ဒီဘက်နောက်ပေါက်ကထွက်ရအောင်၊ ဟိုဘက်ကဆို ကျောင်းကို တစ်ခါတည်းတန်းရောက်သွားမှာ ပျင်းစရာကြီး"

"ဒီဘက် ကျော့မရောက်ဖူးသေးဘူး၊ နည်းနည်းပါးပါးလိုက်ပြပါဦး"

"စစ်ကိုင်းလမ်းလေ၊ ဟိုမှာ ကျော့အခန်းတည့်တည့်ကမြင်ရတဲ့လမ်းက ပုဂံလမ်းလေ"

"ဟုတ်လား၊ ရင်ခုန်စရာပဲ"

အဆောင်နောက်ဘက်ဝင်းသည် သစ်ပင်ကြီးများ စိမ်းညို့အုံ့ဆိုင်းနေ၏၊ ပိန္နဲ၊ သရက်၊ ဒူးရင်း၊ မာလကာ၊ လက်ပံ၊ သစ်ပင်တို့ မျိုးစုံလှသည်၊ သစ်ပင်များကြားမှ အဆောင်ပတ်လမ်းကလေးသည် အေးချမ်းဆိတ်ငြိမ်၍ ချစ်စဖွယ်ဖြစ်နေ၏။ ကျော့အခန်းမှကြည့်လျှင် ပုဂံလမ်းကို မြင်ရသည်၊ နောက်ပေါက်မှထွက်လျှင် ကုံကော်ရိပ်နှင့် စစ်ကိုင်းလမ်းတည့်တည့်မှာ ထီးထီးကြီးမြင်နေရတာက ဂျက်ဆင်၊ အဓိပတိလမ်းရဲ့အဆုံးမှာ ဘွဲ့နှင်းသဘင်အဆောက်အဦ၊ ပြီးတော့ အင်မတန်မှ ဆင်းလို့တက်လို့ကောင်းတဲ့လှေကားထစ်တွေနှင့် လိုင်ဗရီအားလုံးက အနီးမှာ ဝန်းရံနွေးထွေးနေတာ ကျော့ရင် တစ်မျိုးခုန်ရပြန်သည်။

စာသင်ခန်းထဲရောက်လျှင် ဝါးရအောင် နေကြာစေ့ထုပ်ဝယ်ရသေးသည်။

"ကျော့ ဒီဘက်တွေမရောက်ဖူးသေးဘူး၊ အိမ်ကတက်တုန်းက မာလာမှတ်တိုင်နဲ့ ကိုယ့်အတန်းရှိတဲ့အဆောင်ပဲသိတယ်၊ တစ်ယောက်တည်း မျက်စိလည်နေမှာစိုးလို့ မသွားတာ၊ လူတွေက သိပ်များတာပဲနော်၊ ပွဲတော်ကျနေတာပဲ၊ အပျင်းပြေထိုင်ကြည့်ရင် ခေါင်းတောင်မူးတယ်"

"မိန်းက အစည်ဆုံးပဲလေ၊ ဒီမှာ ဖိုင်နယ်တွေရော၊ မေဂျာပေါင်းစုံက ဂုဏ်ထူးတန်းကျောင်းသားတွေ၊ ပြီးတော့ နယ်ကောလိပ်မှာမရှိတဲ့ မေဂျာတွေလည်းရှိတော့ များတာပေါ့"

"ညနေပိုင်းကျောင်းဆင်းချိန်ဆို အရမ်းစိတ်ချမ်းသာတယ်၊ လူလည်းရှင်းသွားတယ်၊ ကျောင်းဝင်းကြီးက အမြဲစိမ်းစိမ်းစိုစိုနဲ့ သိပ်သာယာကျတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အရင်က ရုပ်ရှင်တွေထဲမှာပဲ မြင်ဖူးတာ၊ ကိုယ်တိုင်ရောက်ဖူးတော့ ခံစားမှုတစ်မျိုးပေါ့၊ တက္ကသိုလ်ဆိုတာ ဒါပဲလားပေါ့၊ ကျောင်းပြီးသွားတဲ့တစ်ချိန်ကျရင် လွမ်းမယ်ဆိုလည်း လွမ်းလောက်ပါတယ်"

"ကျော့က လွမ်းတတ်တယ်ပေါ့"

"သက်တမ်းဘယ်လောက်ကြာကြာ အမြဲသစ်လွင်နေတဲ့နေရာပဲ၊ တက္ကသိုလ်ဆိုတာ နုသစ်သူတို့နယ်မြေပဲ၊ လူတွေအများကြီးထဲမှာ ကျော့သိတဲ့လူတစ်ယောက်မှ မတွေ့သေးဘူး။ ဖြိုးအသိကောပါလား၊ အနယ်နယ်အရပ်ရပ်က လူငယ်လူရွယ်တွေ ကိုယ့်ဘဝတစ်မျိုးတစ်ကွေ့မှာ ဒီမှာလာဆုံဆည်းကြတယ်၊ ဒီကိုရောက်ဖူးတဲ့လူတိုင်းဟာ တစ်ချိန်မှာ ဒီကိုပြန်ကြည့်ရင် လွမ်းစရာချည်းပဲရှိမှာ"

"အခုဆို စိန်ရတုနှစ်တောင်ရောက်ပြီနော်၊ စိန်ရတုပွဲကျရင် သိပ်ပျော်စရာကောင်းမှာပဲ၊ အဆောင်လာကြတဲ့ မျိုးဆက်ဟောင်းတွေဆိုလည်း သိပ်ပျော်နေပုံပဲ၊ ကိုယ်တောင် သူတို့ကိုကြည့်ပြီး ငိုချင်သလို၊ ရယ်ချင်သလိုဖြစ်တာ၊ နောင်နှစ်တစ်ရာပြည့်ရောက်ရင် ဖြိုးတို့လည်း အဲဒီလိုပဲနေမယ်ထင်တယ်"

ဖြိုးက အိပ်နေရာမှ ထလိုက်လာသဖြင့် တွန့်ကျေနေသောအင်္ကျီကို ဆွဲဆန့်သည်။ ပြီးတော့ ကျော့ရဲ့ ခပ်မတ်မတ်ကိုယ်နှင့်လိုက်ဖက်သော ရှပ်အင်္ကျီလက်တိုဖားဖားကိုကြည့်သည်။

"ကျော့က ရှပ်အင်္ကျီပဲဝတ်တာလား"

"ဒါမှ ကိုယ့်ကိုယ်ကိုယ် လွတ်လပ်လုံခြုံသလို ခံစားရတယ်"

ကျော့က အဖြူမှာအနက်ရောင်အစင်းကြောင်းလေးတွေပါသည့် ရှပ်လက်တိုနှင့် လုံချည်ပြောင်အနက်ကို ဝတ်လာသည်။ ကတီပါဖိနပ်အညိုရောင်ကို စီးသည်။ လက်ထဲတွင် မှတ်စုလိုက်ရန် ဗလာစာအုပ်တစ်အုပ်ကို ပေါ့ပေါ့ပါးပါးကိုင်လာသည်။ ရိုးစင်းလွန်းသည်။ စီတင်ဇင်ရွှေရောင်နာရီလေးပတ်ထားသည်မှလွဲ၍ အဆင်တန်ဆာဘာမှမရှိ။ ဖြိုးက မနက်ကလွယ်အိတ်ကိုပဲ အလွယ်တကူ ကောက်လွယ်လာသည်။

ကျောင်းသားရေးရာမှာ သိမ့်သိမ့်ကိုတွေ့ရ၏။ မန္တလေးကဆွေမျိုးတွေဆီ သွားနေ၍ အခုမှကျောင်းအပ်ရသည်ဟုဆိုသည်။ ကျော့တို့နှင့်အတူ လာနေချင်တယ်ဆိုကာ မျက်ရည်လည်သလို စိတ်မကောင်းဖြစ်ရသည်။



"လောလောဆယ် အစ်မအိမ်ကနေလာတက်ဦးမယ်၊ အိမ်ကလည်း ...ခန်းဆိုတော့ သိပ်ကျဉ်းကျပ်တယ်၊ မနေတတ်ဘူး၊ အပြင်ဆောင်မှာလည်း ...ယောက်တည်းသွားမနေရဲသေးဘူး၊ အခုလည်း အစ်မနဲ့ယောက်ဖလိုက်ပို့ ...ကားလည်းမစီးတတ်သေးဘူး၊ သိပ်စိတ်ညစ်တာပဲ"

"ကျော့တို့နဲ့ ကျောင်းမှာအမြဲတွေ့နေမှာပဲဟာ၊ အဆောင်လည်းရချင် ...မှာပါ၊ စောင့်ကြည့်လိုက်ပါဦး"

ကျော့က သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။ သိမ့်သိမ့်က ...ပြုံးနိုင်သည်။ ဖြိုးက သွက်သွက်လက်လက်ဝင်ပြောသည်။

"ဖြိုးက တောင်ကြီးမှာဆယ်တန်းအောင်တယ်၊ မိဘတွေက နယ်တွေ ...ခဏပြောင်းနေရတယ်၊ ရန်ကုန်မှာက အိမ်ရှိတယ်၊ အဆောင်နေဖူးချင်တာ ...နဲ့ အိမ်ကမတက်တာ၊ အဆောင်မှာ နေရာလွတ်တွေရှိသေးတယ်၊ စိတ်မပျက် ...နဲ့ အဆောင်ရနိုင်ပါသေးတယ်"

"ယောက်ဖက ဘယ်သူ့ကိုပြောတာလဲ"

ဖြိုးက သိမ့်သိမ့်နှုတ်ဆက်ထွက်သွားတော့မှ တစ်ချိန်လုံး အောင့်အည်းထားရသလို မေးသည်။

"ဒါတောင်မသိဘူးလား၊ သူ့အစ်မယောကျ်ားပေါ့"

"လုပ်ပြီ ကျော့တို့ကတော့"

"ဘာရယ်တာလဲ၊ ဒီလိုပဲခေါ်တာအလေ့အထပဲ"

ကျော့က ခပ်တည်တည်ပြောလိုက်သည်။ ဖြိုးက "ဟုတ်လား"ဆိုပြီး အသံတိတ်သွားသည်။

အတန်းထဲရောက်တော့ နှစ်ယောက်သား နောက်တန်းမှာ ခပ်ကုပ်ကုပ် ...င်ထိုင်ကာ နေကြာစေ့တစ်ဖောက်ဖောက်ကိုက်ရင်း ဟိုဒီငေးကြသည်။ တချို့က ...နောက်မှ ခပ်တည်တည်ဝင်လာကြသည်။ ရန်ကုန်သူတွေ အပြင်အဆင်ကလည်း အများငေးကြည့်ချင်စရာကောင်းသည်။

ဟိုဘက်ရိုးလ်မှာ ကောင်လေးတွေ၊ ကောင်မလေးတွေ စုရုံးစုရုံးနှင့် ...ကားတွေဖောင်ဖွဲ့နေကြသည်။ ပါးစပ်ပိတ်ထားသူမရှိ၊ တချို့တချို့ ဝါး... ...ယ်သံတွေက လန့်စရာ၊ ကျော့သတိထားမိသလောက် အတန်းထဲမှာ သူတို့အဖွဲ့က ထင်ပေါ်သည်။ အဖွဲ့လည်းတောင့်သည်။ မိဘတွေပိုက်ဆံရှိကြပုံ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခေတ်ကာလသားသမီးတွေ ဘာတွေဝတ်စားသလဲ၊ ဘာတွေ ခေတ်စား နေသလဲ သူတို့ဝတ်ဆင်ယင်ပုံကြည့်၍သိနိုင်သည်။

ကိုယ်ပိုင်ကားနှင့် ကျောင်းလာတက်ကြသည်။ ကောင်မလေးတွေက လည်း စကပ်ရှည်တွေဘာတွေနှင့်၊ အင်္ကျီတွေကလည်း ကျပ်လိုက်တာ၊ သူငယ် တန်းတုန်းကအင်္ကျီ ပြန်ဝတ်လာသလားအောက်မေ့ရသည်။ ကောင်လေးတွေက လည်း ဘောင်းဘီပွပွတွေနှင့် ဝတ်တော့လည်း ကျွတ်ကျတော့မယ့်အတိုင်း၊ ဖိနပ် ထူကြီးတွေနှင့် ခြေကိုဆောင့်၍ လမ်းလျှောက်သည်။ ဘောင်းဘီအဖျားက မြေမှာ လူးနေသည်။

တချို့က ဆရာဝင်ပြီးမှ ခပ်တည်တည်ဝင်လာကြသည်။ ကျော့ဆို မဝင်ရဲပါဘူး၊ လူတွေအားလုံးက ကိုယ့်ကိုပဲ ဝိုင်းကြည့်နေကြမှာ ရှက်စရာ ဆရာ့ကိုလည်း အားနာရသေးသပေါ့၊ မသကာ နောက်ပေါက်က အသာလေး ဝင်ထိုင်တာက တော်ဦးမယ်၊ တချို့က ကိုယ့်ကို လူတွေသတိထားမိအောင် တမင်ဝင်လာကြသလားထင်ရသည်။

"Physics ကမိန်းကလေးတွေချောတယ်နော်"

ဖြိုးက မနေနိုင်မထိုင်နိုင် နားနားကပ်၍ပြောသည်။

"နောက်တစ်ခါ ဟိုဘက်ရီးလ်ကထိုင်ရမယ်၊ ပန်းခြံရှိတယ်၊ ဗြူးကောင်းမယ်"

ဖြိုးက သူ့စာမဟုတ်သလို ဟိုငေး၊ ဒီငေး ကျော့ကလည်း စာကို စိတ်ဝင်စားလှသူမဟုတ်။

စာသင်ချိန်တစ်ချိန်ပြီးတော့ ဖြိုးက "အင်းလျားသွားရအောင်"ဟု အကြံကောင်းပြုသည်။ ကျော့က အင်းမလှုပ် အဲမလှုပ်၊ နေကြာစေ့ကိုက်နေ လိုက်သည်။ သွားရကောင်းနိုးနိုး။ ဖြိုးက နောက်တစ်ကြိမ်ထပ်ဆိုသည်၊ ဒီကလေးမ တော်တော်ဆန္ဒပြင်းပြနေတယ်ထင်ပါရဲ့၊ လိုက်ပို့ရဦးမှာပေါ့။

"သွားလို့ ..."ဟု စကားစဖြတ်ကာရယ်နေပြီးမှ "ကောင်းပါတယ်လေ" ဟု ခပ်မြန်မြန်ဆိုချလိုက်သည်။

ဖြိုးက ငေါက်ခနဲထပြီး စာအုပ်တွေသိမ်းသည်။ ကျော့က ချက်ချင်း အတန်းပြင်ရောက်သွားသည်။ ဒီလိုသွားရလာရတာ ကျော့က ဝါသနာသိပ်မှ မပါလှဘဲလေ။

* * *

## အခန်း (၅)

အတန်းပြီး၍ ကျော့တို့ အပေါ်ဆုံးသုံးထပ်မှဆင်းလာစဉ် ဒုတိယထပ် လှေကားတစ်ဆစ်ချိုးမှာ ဆရာဦးဘုန်းမြင့်ကို တွေ့လိုက်ရလေသည်။ ဆင်းလာ သည့် ကျောင်းသူအုပ်စုမှလွတ်အောင် ကျော့တို့ ဘေးကပ်ပေးလိုက်ရသည်။

ဆရာက လည်ကတုံးရှပ်အင်္ကျီ၊ နံ့သာရောင်တိုက်ပုံနှင့် အညိုရင့် ရောင်ပုဆိုးကို တွဲဖက်ဝတ်ဆင်ထားရာ ဆရာ့ရုပ်သွင်မှာ ထင်ထင်ရှားရှား သိမ်မွေ့ခန့်ညားလျက်နေသည်။ ကျော့တို့ကိုမြင်လျှင် ဝမ်းသာအားရပြုံးပြသည်။ ဆရာ့အပြုံးက ယခင်ကကဲ့သို့ပင် ရွှင်လန်းအားတက်စရာ။

"ဆရာနေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဘယ်လိုလဲ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား၊ ပျော်ရဲ့လား"

ကျော့သည် ဆရာမေးတာကို မဖြေအားဘဲ

"ဆရာနဲ့တွေ့တော့မယ်လို့ထင်နေတာ၊ ဘယ်နေ့ဘယ်နေ့ရာမှန်းသာ မသိတာ"

ဟု အရယ်တွေနှင့်ပြောမိသည်။

"ဖုန်းကလေးတောင်မဆက်ဘူး"

"ဆရာအံ့သြသွားအောင်လို့ ကျောင်းမှာပဲ ဆရာ့ကိုရှာပြီးလာတွေ့မလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အခန်းမှာတက်ရလဲ၊ ညနေပိုင်းပဲပေါ့ဟုတ်လား"

ဆရာက ရယ်ဟဟနှင့်မေးသည်။

"ညနေပိုင်းမှာတောင် Section (C) ဆရာရဲ့"

ကျော့ပြောလိုက်တော့ အားလုံးရယ်မောကြသည်။ ကျော့အကြောင်း သိစပြုသူ မေဖြိုးဦးရဲ့အသံလေးက ပိုလို့တောင်ကျယ်သွားသည်။

"ကိစ္စရှိရင်လာခဲ့ကြလေ၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့၊ ဆရာအတန်းဝင်စရာရှိသေးလို့ သွားမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာ့ရှေ့မှာ အားလုံးက ရိုရိုကျိုးကျိုးလေး။

ဆရာက သူရှိမည့်အခန်းနံပါတ်ကိုပြောသည်။ မျက်နှာသိဖြစ်နေသည့် ချမ်းမြေ့ကိုလည်း နှုတ်ဆက်ရင်း တဆက်တည်း မေဖြိုးဦးကိုလည်း ပြုံးပြသည်။

"ဆရာ ဘယ်အတန်းတွေဝင်ရလဲမသိဘူး၊ ငါတို့သင်ရရင် သိပ်ကောင်းမှာနော်"

ချမ်းမြေ့က ကျော့တို့အုပ်စုကို နှုတ်ဆက်၍ အပေါ်ထပ်တက်သွားသည့်ဆရာ့ကိုကြည့်၍ ပြောလိုက်သည်။

"ဆရာစာသင်ကောင်းလား"

"ဆရာက စာသင်လည်းကောင်းတယ်၊ သဘောလည်းကောင်းတယ်၊ စစ်တွေမှာတုန်းက ကျော့တို့ဆရာလေ၊ နောက်မှ ဖြိုးနဲ့မိတ်ဆက်ပေးမယ်"

"ဆရာက ချောလိုက်တာနော်"

"အဲဒါနံပါတ်တစ်ပဲရှိသေးတယ်၊ ဆရာ့မှာ တခြားပေါ်ပြူလာဖြစ်တာတွေ အများကြီးရှိသေးတယ်နော် ကျော့"

ဆရာ့အကြောင်းသိချင်နေသည့် မေဖြိုးဦးကို ကျော့နှင့်ချမ်းမြေ့ သိသမျှ တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြရာ မေဖြိုးဦးက "သြော် ဆရာက ဒီလိုဆို စတားပေါ့"ဟု ခေါင်းကလေးငြိမ့်ကာ မှတ်ချက်ချလေသည်။

ဘွဲ့နှင်းသဘင်နှင့်ခပ်နီးနီးရှိသည့် ထိုင်ခုံဝိုင်းမှာ ထိုင်ကြသည်။ ကျော့သည် ဂျင်းဘောင်းဘီမိုးပြာရောင်ဖြူယော်ယော်နှင့် ကချင်လွယ်အိတ်အနက်ကလေးတွေကို မသိမသာလိုက်ကြည့်နေမိသည်။ သြော်... သူက နေ့တိုင်းပဲ



ဒီဘောင်းဘီ ဒီဝတ်စုံကိုပဲ ဝတ်မတဲ့လား၊ ရယ်စရာကောင်းနေပြီ။

သူ့ဘောင်းဘီအောက်နားစတွေ ဖွာနေတာတော့ သတိထားမိခဲ့သည်၊ ဂျင်းဘောင်းဘီနှင့် အရပ်ရှည်ရှည်ကောင်လေးတွေတွေ့ပေမယ့် သူ့လောက် ဘယ်သူမှ စမတ်မကျပါဘူးနော်။

ကျော့ဟာ မှတ်ဉာဏ်လည်း ထင်သလောက်မကောင်း၊ လူတစ်ယောက်ကို တစ်ခါမြင်ဖူးတိုင်း မှတ်မိချင်မှမှတ်မိတတ်ပေမယ့် သူ့ကိုမှ မျက်စိအရော စိတ်ကရော မြင်တာနှင့်မှတ်မိဖို့ အသင့်ဖြစ်နေ၏။ သူလာဖို့ကောင်းတာပေါ့၊ လာသင့်တာပေါ့၊ စိတ်ထဲက မရဲတရဲမျှော်လင့်တာ ရက်ဆက်ဖြစ်သော်လည်း အဆောင်ဝင်ပြီး ရက်သတ္တနှစ်ပတ်ထိ သူ့ကို မတွေ့မြင်ခဲ့ရပါ။

ကျော့က ဒါဟာ စိတ်ဖွဲလန်းမှုတစ်ခုသာဖြစ်သည်။ အချိန်တန်လျှင် ပျောက်သွားလိမ့်မည်ဟု မျှော်လင့်၏။ ကိုယ်နှစ်သက်သည့်အရာဆိုလျှင် သူတိုင်း သဘောကျတတ်သည်မှာ သဘာဝပင်။ သူ့သွင်ပြင်မှာ ကျော့နှစ်သက်နှစ်လန်းဖွယ်ရာတွေစုနေလို့ သဘောကျတာ သဘာဝကျ၏။ လက်မခံနိုင်စရာ အကြောင်းမရှိ။

သို့သော် ကိုယ့်ကိုယ်ကိုယ် သဘောမတွေ့ချင်စရာတစ်ခုကို ထိုတစ်ခဏမှာပင် တွေ့သိခံစားလိုက်ရသည်။ အကြောင်းမှာ စာကြည့်တိုက်ရှေ့မှ ဖြတ်လျှောက်စဉ် သူ့ကို အမှတ်ရစွာ ဘေးဘီကိုကြည့်ချင်သော်လည်း ကိုယ့်ကိုယ်ကိုယ် မလုံမလဲစိတ်နှင့် ကောင်းကောင်းတောင်မကြည့်ဖြစ်ခဲ့ချင်ပင်။ သူမရှိနိုင်မှန်းသိလျက်နှင့် အနည်းငယ် ရှက်ရွံ့ပူထူနေခဲ့တာ နည်းနည်းမှမကြိုက်နိုင်ပါ။

ကျော့သည် မိန်းကလေးအဖော်များနှင့်သွားလာရင်း ကျောင်းဝင်းတစ်ခွင် တော်တော်ကို နံ့နံ့စပ်စပ်ရှိနေပြီဖြစ်သည်။ ကျောင်းသားကတ်ထုတ်ပေးသည်နှင့် လိုင်ဗရီမှာ စာအုပ်ငှားဖတ်သည်။ ကျော့ကြားသာကြားဖူးပြီး မဖတ်ဖူးသည့်စာအုပ်တွေ အများကြီးတွေ့ရသဖြင့် စိတ်လှုပ်ရှားကာ ပျော်နေ၏၊ အားကျန်အချိန်များတွင် ကျော့သည် စာဖတ်ခန်းထဲတွင် မှတ်စုစာအုပ်တစ်အုပ်နှင့် ရှိနေတတ်သည်။ မေဖြိုးဦးကတော့ သူတို့မပါဘဲ ကျော့စာကြည့်တိုက်သို့ တစ်ယောက်တည်းခွဲထွက်သွားတာ အံ့သြနေ၏။

ကျော့ဟာ သူတို့ခင်သလို မခင်ဘူးဟု စိတ်မှာ ထင်မိသော်လည်း ကျော့အမှုအရာထဲမှာတော့ သံသယဖြစ်စရာမတွေ့ရသဖြင့် ပါးစပ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြောဖြစ်တော့။ ကျော့အကြောင်းကိုသိပြီးဖြစ်သည့် ချမ်းမြေ့ဦး၏ အလိုက်အထိုက်ကိုကြည့်ကာ သူလည်း ရယ်မောစပြုသည်။

နောက်တစ်ကြိမ် ဆရာနှင့်တွေ့သောအခါ ဆရာက ကျော့တို့အဖွဲ့ကို ကင်တင်းမှာ ထမင်းကျွေးသည်။ ထိုကိစ္စသည် ဆရာ့ပတ်ဝန်းကျင်တက္ကသိုလ်နယ်မြေထဲမှာ အတော်ကလေးထူးဆန်းပုံရသည်။

နောင်တွင် ဆရာနှင့်ကျော့ ခင်မင်မှုများသည် သားပတ်ဝန်းကျင်တွင် တစ်မျိုးတစ်ဖုံရိုက်ခတ်နေခဲ့သည်ဟု သိရသည်။ နောက်ပိုင်းတွင် ထိုရိုက်ခတ်မှုများ အရှိန်မသတ်အောင်ဖြစ်ခဲ့သည်ဆိုလျှင် ဆရာ့အပေါ် ကျော့၏ခင်မင်မှုများ၊ ယုံကြည်အားထားမှုများ၊ စိတ်ပိုင်းဆိုင်ရာအားဖြင့် လုံခြုံအားတက်စွာ ခံစားရမှုများနှင့် တခြားဘာမှမသိသော ကျော့၏ ကလေးဆန်မှုတော်တော်များများသည် အဓိကနေရာက ပါဝင်ခဲ့ပေမည်။

ဆရာက ကျော့ကို ညီမအရင်းတစ်ယောက်လို ဂရုစိုက်သည်ပင်။ ကျော့က ဆရာ့ဆီမှ စာအုပ်တွေ မှန်မှန်ငှားဖတ်သည်။ ဆရာအားသည့်အချိန်တွင် ဆရာ့ဆီသွားကာ စိတ်ထဲမရှင်းတာ မကျေလည်တာတွေကို သွားဆွေးနွေးသည်။ ဆရာက သိပ္ပံဘာသာတွဲသာယူခဲ့သော်လည်း မြန်မာစာမှာလည်း နံ့နံ့စပ်စပ်ရှိသည်။ ကျော့ကို ပထမဆုံး ဆရာဖတ်ဖို့ပေးသည့်စာအုပ်က ဦးလတ်၏ 'စပယ်ပင်' နှင့် သခင်ကိုယ်တော်မှိုင်း၏ 'မှာတော်ပုံ' စာအုပ်တို့ဖြစ်သည်။ ကျော့ တစ်ခေါက်ဖတ်ဖူးပြီးနောက် ထပ်ဖတ်ရဦးမည်ဟု စိတ်ထဲမှာသိနေသော်လည်း စကိုင်ရန် အနည်းငယ်ပျင်းနေသည့်စာအုပ်တွေဖြစ်သည်။

ဆရာ့ကိုအားနာ၍ 'ပျင်းစရာကြီး' ဟုပြောထွက်တော့မည်ကို မပြောဖြစ်အောင် ခပ်ဆိတ်ဆိတ်ပြုံးနေလိုက်၏။ သို့သော် 'ကြာမယ်နော်ဆရာ' ဟုတော့ ပြောဖြစ်သည်။

"စာတွေကောဘယ်လိုလဲ လိုက်နိုင်ရဲ့လား"

"ကျော့တို့အဖို့ စာမေးပွဲတော့အောင်ပါတယ်ဆရာရယ်၊ ကျော့တို့ကို သင်ပေးတဲ့ဆရာကလည်းပြောပါတယ်၊ မပူပါနဲ့တဲ့၊ ကျူရှင်ယူချင်တဲ့ သူတွေတောင်မယူခိုင်းဘူး"

ဆရာနှင့်တရင်းတနှီး ဘယ်လောက်ပဲပြောပြော ဆရာ့ကိုလေးစားစိတ် ကျော့မှာလျော့မသွား၊ ဆရာက အမြဲတည်ငြိမ်အေးဆေးပြီး လေးစားစရာ



ဆောင်းနေတာပဲ၊ သေချာသည်။ နောင်နှစ်ပေါင်း(၅၀)လောက်ကြာလည်း ဆရာ ဒီအတိုင်းပဲနေမှာ။

"ဟုတ်လား၊ ကျော့တို့အကြိုက်ပေါ့၊ ဆရာ့စကားဆို မြေဝယ်မကျ အောင်မယ့်တပည့်ပဲ၊ အိပ်နေလိုက်ဦး"

"ကျော့ အရင်လောက်မအိပ်တော့ပါဘူး၊ ခုမှ ဖတ်စရာစာအုပ်တွေ အများကြီးရှိနေသေးပါလားဆိုတာ ပိုသိလာတယ်၊ လုပ်စရာတွေလည်း များလာသလိုပဲ"

ကျော့သည် တစ်ညနေလုံးကုန်အောင် ဆရာနှင့် စကားပြောနိုင်သည်၊ တစ်ခါတလေ ဆရာပြန်ခါနီး ကျော့ကလည်း အဆောင်အပြန် တဖြည်းဖြည်း လမ်းလျှောက်ရင်း ဆရာက အဆောင်ပေါက်ဝထိလည်း လိုက်မပို့ဘဲ အဓိပတိလမ်းနှင့် စစ်ကိုင်းလမ်းထောင့်တွင် ရပ်လျက် အကြာကြီးစကားတွေပြောဖြစ်သည်။ ဆရာနှင့်စကားပြောရတိုင်း ကျော့သည် ပေါ့ပါးလတ်ဆတ်၍နေသည်၊

တစ်ခါကလည်း ဆရာ့ကားနှင့် လမ်းကြုံလိုက်လာရင်း ကိုယ်သွားဖို့နေရာလည်းမသိတော့ဘဲ ဆရာ့ဘေးမှာ စကားတွေထိုင်ပြောရင်း ဆရာ့အိမ်ရောက်မှ "ဒါ ဘယ်သူ့အိမ်လဲ" ဟု မေးမိရသည်။ ဆရာက တစ်လမ်းလုံးပြုံးထားသမျှ အသံထွက်အောင်ရယ်မော၏။ ဒီတော့မှ စိမ်းစိုလတ်ဆတ်သည့် ဆရာ့အိမ်ခြံဝင်းနှင့် တိတ်ဆိတ်အေးချမ်းသောပတ်ဝန်းကျင်လေးကို သဘောကျစွာ လှည့်ပတ်ကြည့်ရှုဖို့ သတိရတော့သည်။ ဆရာအလိုက်သိစွာ ကျော့စကားကို မဖြတ်ဘဲ တိတ်တဆိတ်လိုက်လာတာ ကျေးဇူးတင်ရသည်။

ဆရာ့အိမ်နှင့် ခြံဝင်းကလေးသည် အစိမ်းရောင်တွေများများသုံးထားသည့် ပန်းချီကားလေးတစ်ချပ်နှယ် ကြည့်ကောင်းလှသည်။ တစ်ထပ်ခွဲတိုက်ကလေးကိုလည်း စိမ်းဖန့်စေကာ အောက်ခြေတစ်ဝိုက်တွင် အုတ်ကွက်များကို အနီရောင်ဆေးဖြင့် ခပ်ထင်းထင်းဖော်ထားသည်။

"ဟား၊ ကောင်းလိုက်တာဆရာရယ်၊ သိပ်လှတဲ့ခြံကလေးပဲ၊ ဒီရွက်မှ စိမ်းစိမ်းတွေက ဆရာပြုစုထားတာတွေပေါ့"

"ဘယ်ကလာ၊ ဆရာ့ဦးလေးလက်ရာတွေပါ"

အိမ်မှာ ဆရာ့အမေနှင့် ဆရာ့ဦးလေးသာရှိသည်။ လူကြီးတွေချည်း ရှိသည့် အိမ်ဖြစ်သဖြင့် တိတ်ဆိတ်ခြောက်ကပ်နေသည်။ ဆရာ့အမေထ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားချိုချို၊ ပိန်ပိန်ပါးပါးတည်ငြိမ်အေးချမ်းသည်။ ရန်ကုန်မှာ အနေကြာပြီဖြစ်သော်လည်း သံတွဲလေသံမပျောက်သေးပေ။

ခြံဝင်းတစ်ခုလုံးတွင် ပန်းပင်တစ်ပင်မှမရှိဘဲ ရွက်လှ၊ ဂမုန်းတို့ဖြင့် စိမ်းမြနေသည်။ ကျောက်တုံးလေးတွေကိုလည်း ဟိုတစ်ပုံ ဒီတစ်ပုံ ပုံကာ အလှဆင်ထားသည်။

“ကျော် သိပ်သဘောကျတာပဲ၊ ဒီနေ့ကံကောင်းတယ်၊ ဆရာ့အိမ်ကလေးကိုလည်း ရောက်ဖူးသွားတယ်၊ ဆရာ့အိမ်ကို မထင်မှတ်ဘဲ ရောက်လာရတာ တစ်မျိုးပျော်စရာပဲ၊ ကျော်က မရောက်ဖူးသေးတဲ့နေရာတွေဆို သိပ်ရောက်ဖူးချင်တာ၊ မမြင်ဖူးတဲ့အရာတွေကိုလည်း သိပ်ပိုင်ဆိုင်ကြည့်ချင်တာပဲ၊ ခဏပါ အမြဲမပိုင်ချင်ပါဘူး၊ စိတ်ကူးနဲ့တော့ နေရာတကာရောက်ဖူးတယ်”

“ကျော့ငယ်ငယ်က ဘယ်လိုခရီးသွားခဲ့သလဲဆိုတာ ဆရာ့ကို ပြောပြရဦးမယ်၊ ကျော့က ခရီးသွားဖို့ ဝါသနာပါတယ်၊ ကျော့တို့ဒေသကလူတွေက အပျော်ခရီးတွေဘာတွေ ထွက်လေ့ထွက်ထမရှိဘူးလေ၊ တစ်နေရာက တစ်နေရာကို အပင်ပန်းခံပြီး သိပ်မသွားချင်ကြဘူးမဟုတ်လား၊ ခရီးသွားမယ့်အစား ကိုယ့်အိမ်မှာပဲ မိသားစုနဲ့ အေးအေးဆေးဆေး နေလိုက်ကြတာပဲ၊ နေရာကလည်း ကမ်းမြောင်ဒေသဆိုတော့ ကျဉ်းတယ်၊ ချောင်းတွေမြောင်းတွေနဲ့ သွားရလာရ မလွယ်ဘူးလေ၊ ဖေဖေ့ညည့်သည်တွေ နွေရာသီအပန်းဖြေဖို့ ပေလီလာရင်ဖြစ်ဖြစ် ကိုကိုပြန်လာရင်ဖြစ်ဖြစ် လေဆိပ်မှာသွားကြိုရတယ်၊ လေယာဉ်ပျံစက်သံ နားကွဲမတတ် အော်မြည်ပြီး မှန်ပြတင်းတွေဆီက လက်ကနဲ လက်ကနဲ နေရောင်ပြန်ပြီး ကောင်းကင်ထဲ ထိုးတက်သွားရင် သိပ်လိုက်သွားချင်တာပဲ၊ ငိုတောင်ငိုချင်တယ်၊ အဲဒီတုန်းက ရှားရှားပါးပါးမြင်ရတဲ့ ကမ္ဘာလှည့်ခရီးသည်တွေကိုလည်း သိပ်အားကျတာပဲ”

“ဒါပေမယ့် ဘယ်ရမလဲ၊ အိမ်ရောက်တာနဲ့ စာအုပ်တွေထဲကနေ ကျော့သွားချင်တဲ့ဆီသွားတော့တာပဲ၊ သိပ်ထူးဆန်းတယ်၊ စာအုပ်တွေက ကျော့ကို အိပ်မက်ပေါင်းများစွာပေးတယ်၊ တကယ်တော့ ကျော့ရဲ့အိမ်ဟာ သံတွဲမြစ်ကမ်းဘေးက ရွာကလေးတစ်ရွာပဲ၊ စာအုပ်တွေခေါ်ဆောင်တဲ့ နေရာမှန်သမျှ ကျော့ရောက်သွားတာပဲ၊ ငယ်ငယ်က ရှားလော့ဟုမ်းစာအုပ်ကို စောင်ခြုံထဲမှာ ဖတ်ရပြီဆိုရင် သံတွဲဆောင်းဟာ လန်ဒန်ဆောင်းလားအောက်မေ့ရတယ်၊ ကျောင်း



ယ်အိတ်ကို ဘုတ်ကနဲချပြီး မနက်ကဖတ်လက်စနဲ့ မှောက်ရက်ထားခဲ့တဲ့ အုပ်ကို ကောက်ကိုင်လိုက်ရရင် ဘယ်လိုပျော်မှန်းမသိဘူး။ ခံစားမှုတစ်မျိုးက ကိုယ်ထဲစီးဝင်ပြီး နွေးထွေးသွားတာပဲ၊ အဲဒါကို ဘယ်တော့မှမေ့လို့မရဘူး”

“တကယ်မဟုတ်တဲ့ ကမ္ဘာတစ်ခုကို ကျော့သွားချင်နေတာ၊ အဲဒီအထဲ လူတွေက ကျော့ရောက်လာမှ ပြန်လည်အသက်ရှင်သန်ကြရမှာ၊ အပြင် ကနဲ့ တဖြည်းဖြည်းဝေးကွာပြီး စာအုပ်ထဲကကမ္ဘာကိုသာ အစစ်အမှန်လို့ င်ချင်လာတယ် ဆရာရဲ့၊ တိတ်ဆိတ်တဲ့ ညကောင်းကင်မှာ လင်းလက်နေတဲ့ ယ်တွေကိုကြည့်ပြီး ကျော့စဉ်းစားတတ်လာတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း င်းဖောက်သိလာသလိုပဲ၊ ကျော့ဟာ ဘယ်လိုလူစားလဲ၊ ဘာတွေဖြစ်ခဲ့ချင်လဲ၊ တွေလုပ်ခဲ့ချင်တာလဲ၊ ဘယ်လောက်ထိ ကြီးကျယ်ခမ်းနားချင်တာလဲ၊ ဒါတွေ ို စာအုပ်တွေက ကျော့ကို ပေးသွားတာ”

ကျော့ ခပ်ယဲ့ယဲ့လေး ပြုံးလိုက်သည်။

“ကျော့ရဲ့ ပဥ္စလက်ဆန်တဲ့ လက်ဖျစ်တစ်တွတ်မှာ တုန်လှုပ်နေတဲ့ ကမ္ဘာကြီးကို ကြည့်ချင်မြင်ချင်လာတယ်၊ လူငယ်တစ်ယောက်မှာ လွတ်လပ်စွာ ဘဝင်မြင့်နိုင်တယ်၊ ဟုတ်တယ်မဟုတ်လား ဆရာ”

“ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လုပ်ချင်တာ ဘာလဲဆိုတာသိရင် လူတစ်ယောက်မှာ အောင်မြင်ဖို့လမ်းစပေါ်ပြီပေါ့၊ ဒါပေမယ့် ကိုယ်ရွေးချယ်တဲ့လမ်းဟာ မှန်ဖို့လိုလိမ့်မယ်”

“လောကကြီးမှာ အမှားအမှန်ခွဲခြားရတာလောက် ခက်ခဲတဲ့ကိစ္စ မရှိဘူး၊ ခက်တာက စာဖတ်တဲ့သူကိုဆို လူတွေရဲ့အမြင်ကတစ်မျိုးလေ၊ လူ့ဌစာ သိုလို၊ အစဉ်အလာအတိုင်းပဲ ကျော့လည်း လူတွေနဲ့မတည့်ဘူး၊ သူတို့က ကျော့တို့ကို ဘာကြောင့်မှန်းမသိ အမြင်မကြည်ဘူး၊ သူတို့ထားသလိုနေ၊ ကျွေးသလိုစားပြီး အေးအေးနေတာကို မကျေနပ်ချင်သေးဘူး”

“အိမ်က ပါလာရပြန်ပြီ”

“ပါလာရမှာပေါ့ဆရာရဲ့၊ ကျော့ကို ဘယ်သူမှအထင်မကြီးဘူး၊ မေမေ က ကျော့သိပ်အပျင်းကြီးတယ်၊ လက်ကြောမတင်းဘူး၊ ဘာမဟုတ်တာနဲ့ အချိန်ကုန်ခံပြီး အလကားလေးလံထိုင်းမှိုင်းနေသတဲ့၊ အရီးနုကတော့ တာမတိုးဘူးတဲ့၊ ပွင့်ကဆို အခြောက်တိုက် ဘဝင်မြင့်နေတာတဲ့၊ သူတို့ပြောရင် သိပ်နာတာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို သိပ်ချစ်လို့လားမသိဘူး၊ သူတို့က ကလေးတစ်ယောက်ရဲ့စိတ်ကို နားလည်အောင်မကြိုးစားဘူး၊ နားလည်ရကောင်းမှန်းလည်းမသိဘူး၊ ထားပါ တော့လေ၊ ကျော့ကတော့ လုပ်ချင်တာကိုလုပ်မှာပဲ၊ အဲဒီအတွက်တော့ မကြောက်ဘူး"

ကျော့မှာ အိမ်နှင့်ပတ်သက်ပြီး ပွင့်လင်းနိုင်သူမှာ ဆရာတစ်ယောက်သာရှိသည်။ ဆရာ့ကို ပွင့်ပွင့်လင်းလင်းပြောပြီးလျှင်တော့ ကျော့သည် မျက်နှာအနည်းငယ်နွေး၍ နေတတ်သေးသည်။ ပြီးလျှင် အားပေးမှုတွေရောစွက်နေသည့် ဆရာ့မျက်လုံးနွေးနွေးကို ရင်ဆိုင်ကာ ဆရာ့ရယ်မောသံမှာ ကျော့ရယ်မောသံသဲ့သဲ့လေးရောစွက်သွားတာကို လိုလားမြဲလိုလားနေခဲ့သည်။

"အဆောင်မှာနေသားကျပြီလား" ဟု ဆရာမေးတာကို "နေသားကျပြီ" ဟု တော်တော်နှင့်မဖြေနိုင်ဘဲရှိနေသည်။

"သူငယ်ချင်းတွေနဲ့တော့ အဆင်ပြေပါတယ်၊ ပျော်စရာလည်းကောင်းပါတယ်"

"တကယ်ကောပျော်ရဲ့လား"

"ဒီလိုပါပဲဆရာ"

ကျော့အသံက ခပ်ဖျော့ဖျော့လေး အဖျားခတ်သွားသည်။

ကင်တင်းမှာ နေ့လည်စာစားချိန်တွေမှာ ဆရာနှင့် မကြာခဏဆုံသော်လည်း ဆရာ့မှာ မိတ်ဆွေဆရာတစ်ယောက်မဟုတ်တစ်ယောက်ပါသဖြင့် ကျော့ ဆရာ့ဝိုင်းသို့မကူးဖြစ်တော့ ဆရာကလည်း အဝေးမှသာ ပြုံးပြနှုတ်ဆက်တတ်၏။

ကျော့အတွက် ဆရာပေးထားသည့်စာအုပ်တစ်အုပ် ဆုံးအောင်ဖတ်ပြီးလျှင်တော့ ဆရာ့ဆီသွားကာ မှန်မှန်ဆွေးနွေးမြဲဖြစ်သည်။

* *

ကျော့သည် ကျောင်းဆောင်၌ မိန်းကလေးအဖော်များနှင့် နေသားတကျဖြစ်ဖို့ မနည်းအချိန်ယူခဲ့ရသည်။

မနက်တွင် အိပ်ရာထနောက်ကျတာကြောင့် မနက်စာကို အဆောင်မှာ မစားဖြစ်၊ ကျောင်းရောက်မှပဲ သူငယ်ချင်းတွေနှင့် စုစားသည်။ ညနေစာက်



သည်း ထမင်းစားခန်းမှာ စားလေ့မရှိ။ ထမင်းဟင်းခိုးမတင်ရရင် နေမထိုင်မသာ၊ ညထမင်းဝိုင်းလောက် ပျော်စရာကောင်းတာ အဆောင်မှာရှိပါ့မလား နှာရှိသမျှ ကိုယ့်မှာရှိသမျှ ဘူးတွေခွက်တွေအားလုံးတန်းစီ၊ မရှိတဲ့လူကခါးဆပ်ပဲစိုက်၊ ရသည်။ လက်ဖက်သုပ်တစ်ပန်းကန်တော့ မပါမဖြစ်ပါရှာ။ လက်ဖက်ကိုတော့ ရဝေက စားကောင်းတယ်ဆိုတာထက် ကောင်းအောင်သုပ်တတ်သည်။ လက်ဖက်မကြိုက်တဲ့ကျော့တောင် ရဝေ့လက်ဖက်သုပ်ကို ကောက်မမြည်းဘဲ မနေနိုင်။ ကျော့က ကော်ဖီသမားမို့ ရေနွေးတစ်ဘူးတော့ မှန်မှန်ယူသည်။

ဝိုင်းဖွဲ့စားလိုက်ရရင်ဖြင့် အဆောင်မှာ ထမင်းဟာ အရသာရှိလိုက်ပါဘိ၊ တဝါးဝါးရယ်လိုက်ကြတိုင်း ထမင်းလုပ်က ချောခနဲ ချောခနဲ မိုက်ထဲရောက်သွားသည်။ ဘာဟင်းမှန်းမသိ လိုက်ရ၊ အားလုံးထသွားမှ အမေကြော်ပေးလိုက်တဲ့ ငါးခြောက်ကြော်တစ်ပုလင်း ဟာ နှစ်ရက်နှင့် ပြောင်ပါလားဆိုတာသိရသည်။

"အဆောင်မှာ ညဘက်ထမင်းခိုးစားရမှ စားဝင်တာ၊ အားရှိမှ ကျောင်းသူတွေ စာကြည့်နိုင်မှာကို အဆောင်မှူးမမ သိဖို့ကောင်းတယ်"

ညစာစားပြီးချိန်တွင်လည်း အခန်းလည်ကာ တွတ်ထိုးစရာ၊ ကော်ရစ်ဒါတစ်လျှောက် လတ်လျားလတ်လျားလုပ်စရာ၊ မြက်ခင်းပြင်ထွက်ပြီး စကားပြောစရာကိုယ်စီရှိ၍ စာဖတ်ခုံမှာမထိုင်အား၊ စာဖတ်ချင်သူတောင် ဖတ်ခွင့်မရရှာ၊ အနားမှာ စကားလာပြောသူ၊ နားရွက်လာလိမ်သူ၊ စာအုပ်ဝှက်ထားသူစသဖြင့် ကောင်းချီးပေးသူတွေ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာတတ်သည်။ ဟောလ်ကျူတာတွေအသံကြားလျှင် ပြေးပုန်းရတာလည်း အရသာတစ်မျိုး၊ စာကြည့်ချိန်မှာ အခန်းမလည်ရစည်းကမ်းကြောင့် ဖိုင်းကြေးမပေးရအောင် ကော်ရစ်တာတစ်လျှောက်မှာ ခြေသံလုံလုံနှင့်ပြေးတတ်ပြီ။

ည(၁၀)နာရီလောက်မှ လူက နေသားတကျဖြစ်သည်။ စာဖတ်ခုံမှာတော့မဟုတ်၊ အိပ်ရာပေါ်မှာဖြစ်သည်။ စာအုပ်ဖတ်လိုက်၊ ဘေးတစောင်းလှည့်ကာ ကော်ဖီတစ်ငုံငုံလိုက်နှင့် ကျော့ ညဥ့်နက်အောင်နေမြဲ။ စာကျက်သံ၊ သီချင်းညည်းသံ၊ တံခါးပိတ်သံ၊ အိပ်ရာဝင်ပြင်ဆင်ကြသံ၊ တီးတိုးစကားဆိုကြသံ၊ အားလုံးအားလုံးသည် ညံ့သက်တိုးတိတ်ပြီး တိတ်ဆိတ်အေးချမ်းစွာ ကျန်ရစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ကျော့သည် ညကို နှမြောတသဖြစ်မြဲ။ ခေတ်မီးရောင် ဝါထိန်ထိန်ဖြာကျနေတဲ့ မြက်ခင်းစိမ်းစိမ်းအလယ်မှာ လမ်းလျှောက်ရင်း မြက်ပင်လေးရဲ့မှောင်ရိပ်ကို ရှုချင်လာသည်။

ဘာပဲဖြစ်ဖြစ် ကျော့က အလွမ်းခေတ်ခံရှိလို့ပဲလားတော့မသိ၊ ဒီလို ညမှာ အဆောင်ကြီးတိတ်ဆိတ်ငြိမ်သက်စွာ တင့်တယ်နေလျှင် အင်းလျားရဲ့ ရှေးအစဉ်အဆက်ကိုပင် တသမိတတ်၏။

အင်းလျားလမ်းပေါ်မှာ ကားတွေ ဝေါခနဲ ဝေါခနဲ ဖြတ်သန်းသွားသံ ကြားနေရသည်။ လေသည် ညင်းညင်းသုန်သုန်ရှိကာ စိမ့်မြ၍နေ၏။ တစ်ည တော့ အရဲစွန့်ကာ ပါလာမှနေ၍ အင်းလျားလမ်းကိုရှုသည်။ အဆောင်ဝင်ပေါက် ရှေ့လမ်းပေါ်မှာ စကားပြောသံ၊ သီချင်းဆိုသံ၊ ဂီတာသံတွေ ကြားနေရသည်။ သူတို့အာရုံက ဖရန့်ဝင်းအပေါ်ထပ်သို့ ရောက်နေသည်။ အင်း... အပေါ်မှာတော့ မီးမှိတ်အိပ်သယောင်နှင့် ပျော်စရာတွေဖန်နေသည့် အခန်းတစ်ခန်းတော့ရှိနေမှာပဲ။

ကျော့ အိပ်ရာမှထလျှင် ရဝေက အခန်းထဲမှာ တရစပ်လှုပ်ရှားနေပြီ။ မနက်(၆)နာရီမှာ ရေမိုးချိုးပြီးပြီ။ သူမို့ ဒီလောက်စောစောကြီး ထချိုးနိုင်တယ်၊ နာရီဝက်လောက်ကြာအောင် သနပ်ခါးကို စိမ်ပြေနပြေ ခြေဆုံးခေါင်းဆုံး လိမ်းသည်။ သူမသွားခင် "ကျော့"ဟု တစ်ခွန်းခေါ်ခဲ့သည်။ ထမင်းစားပြီး ပြန်လာလျှင် ပန်းကန်တွေဆေးသည်။ တလက်စတည်း ဘူးတွေခွက်တွေ သိမ်းပြီး လက်ကလည်းလုပ်သလို ပါးစပ်ကလည်း စကားပြောစပြုပြီ။

ကျော့ အိပ်မှုန်စုံမွှားနှင့် ကင်းမော်အိမ်ကို သတိရကာ မေမေ့အသံလား၊ ဖဝေဖဝါဖြစ်သေးသည်။ ကျော့ခြင်ထောင်ကိုဆွဲလှန်ပြီး "ကျော့ထတော့လေ"ဟု ဆိုသည်။ ပြီးလျှင် ဖိနပ်သံတဘတ်ဘတ်နှင့် ထွက်သွားပြန်သည်။ ခြေလှမ်း စိပ်စိပ် ခပ်သွက်သွက်လှမ်းတတ်သူ သူ့ခြေသံကို ကျော့အလွတ်ရနေပြီ။ ကျော့ အိပ်ရာက စောစောမထနိုင်တာ ရဝေအံ့ဩသည်။

"ကျော့ အာရုံကြောနည်းနည်းအားနည်းတယ်၊ ဘာမှတော့မဟုတ်ပါဘူး၊ ညဘက်ဆို မျက်စိကြောင်တတ်တယ်၊ ရဝေကဖြင့် (၈)နာရီဆို သိုးနေပြီ"

"ညညဆို ကျော့မအိပ်ဘဲ ဘာလုပ်နေတာလဲ"

"ကျော့ စောစောအိပ်ဖို့အကျင့်လုပ်လို့ကိုမရဘူး၊ စာအုပ်ဖတ်ရင်း



ဖတ်ရင်း ညဥ့်နက်သွားတာပဲ"

မနက်ပိုင်းအိပ်ရတာ ဘယ်လောက်ဇိမ်ရှိလဲ ရဝေ့ကို သိမ်းသွင်းရှီးသည်၊ ဒါပေမယ့် ဒီကလေးမက စည်းကမ်းကြီးပြီး ဩဇာညောင်းသောအမေနှင့် အိမ်ကြီး၏ သွန်သင်မှုအောက်မှာ ပုံစံခွက်ထဲဝင်ပြီးသားဆိုတော့ တော်တော်နှင့် ယူမည်မထင်။ ဒါပေမယ့် သူလုပ်ချင်သည့် ပျော်စရာအကွက်တွေဆို မတိုက်တွန်းရဘဲ ဝင်နွှဲတတ်သည်။

ချမ်းမြေ့နှင့်ဖြိုးကို ရှေ့ကသွားနှင့်ဟုပြောလိုက်ပြီး ကျော့အဆောင်မှ အဖော်ကလေးနောက်ကျပြီးမှ ထွက်ဖြစ်သည်။ တစ်ယောက်တည်း အတန်းထဲ ဝင်ချင်တော့။ ဆရာလည်းဝင်နေလောက်ပြီ၊ ဘယ်သွားရကောင်းမလဲ၊ တစ်ယောက်တည်း ယောင်ချာချာနှင့် စာကြည့်တိုက်ရှေ့သို့သာ ရောက်လာသည်။ ဟဲ၊ စာနှင့်ပေနှင့်နီးစပ်လာပြီ၊ ပညာဗဟုသုတဆိုတာ စာဖတ်မှမဟုတ် ရလာနိုင်ရင်လည်း ရနိုင်သားပဲ စဉ်းစားမိကာ ကုံကော်ပင်အောက်က နှစ်ယောက်တွဲတွေကို မျက်လုံးဝေ့ကြည့်မိသည်။

နောက်ဆုံးတော့ စာကြည့်တိုက်ပဲ ဝင်လာလိုက်သည်။ စာကြည့်တိုက်ရဲ့ အေးချမ်းမှုကို ကျော့ သဘောကျသည်။ များသောအားဖြင့် ကျော့ စာဖတ်ခန်းထဲမှာ တစ်ယောက်တည်းလာထိုင်နေတတ်သည်။ ခေါင်းထဲမှာ ဘာမှမရှိလျှင်တော့ မျက်နှာကြက်မှာ လည်နေသည့်ပန်ကာကို ငေးကြည့်နေတတ်သည်၊ စာကြည့်တိုက်နံရံရှိ မှန်ပြတင်းပေါက်တစ်ဖက်မှ အင်္ဂတေကွက်ကလေးများကို လိုက်လံရေတွက်နေတတ်သည်။ ပြီးလျှင် မှတ်သားထားတာလည်းမဟုတ်၊ ရေပြီးတာနှင့် ပြန်မေ့သွားတတ်သည်။

ကျော့ ရှေ့ကခုံမှာ အတွဲတစ်တွဲလာထိုင်သည်။ ကျော့တို့ထက်ကြီးသည်၊ ဘွဲ့ရပြီးသားအရွယ်တွေပင်။ အမျိုးသားမှာ အသားနီစပ်စပ် မျက်မှန်နှင့်၊ အမျိုးသမီးက ခပ်ပုပု ကိုယ်လုံးတုတ်တုတ်နှင့် ကြည့်ပျော်ရှုပျော်ဖြစ်သည်၊ အမျိုးသားက ရှေ့နှစ်ခုံကျော်မှာ စကားတီးတိုးဆို၍ စာလုပ်နေကြသော ကောင်မလေးများကို ကြည့်သည်။ အမျိုးသမီးမှာ စာအုပ်ထူကြီးတစ်အုပ်မှ အင်္ဂလိပ်စာများကို ကူးနေသည်။ အမျိုးသားမှာ ဂီတသင်္ကေတ notes တွေနှင့်တူသော

www.burmeseclassic.com

www.burmeseclassic.com



စာရွက်တစ်ထပ်ကိုကိုင်ထားသည်။ နှစ်ယောက်သား ခေါင်းချင်းပူး၍လ... စကားတီးတိုးပြောကြသည်။ အမျိုးသားက လည်လိမ်ကာ နောက်သို့ မလုံမ... ကြည့်ကြည့်နေသည်။ သူ့လည်ပင်းကိုဆန့်၍ နောက်သို့လှည့်၍ကြည့်တို... စာအုပ်မပါဘဲထိုင်နေသောကျော့နှင့် မကြာခဏ အကြည့်ချင်းဆုံ၏။ ကြာ... စိတ်တိုလာသဖြင့် နှုတ်ခမ်းလှုပ်ရုံ "မကြည့်ပါဘူး"ဟု သူ့အား စေ့စေ့ကြည့်... ရေရွတ်လိုက်သည်။ မျက်နှာထားပြုံးယောင်ယောင်နှင့် ပြန်လှည့်သွား... နောက်ထပ်လှည့်မကြည့်တော့။

သူများရှေ့လာပြီး အာရုံနောက်အောင်လာလုပ်တယ်၊ ကိုယ်လုပ်စရာ... တာမလုပ်ဘူး၊ တချို့ယောကျာ်းတွေဟာ လူရော မျက်လုံးရော ဂနာမငြိမ်... ဘူး။ လမ်းလျှောက်ရင် ရှေ့တည့်တည့်ကကောင်းမလေးတွေကို မျက်လုံးမှာ... ပြီး ပြိတီတီလိုက်ကြည့်တတ်တဲ့ ယောကျာ်းတွေရဲ့လက်ကိုချိတ်ပြီး ဘေး... ပါလာတဲ့ ကောင်မလေးတွေကိုမြင်ရင် ကျော့ အင်မတန်သနားတာပဲ။

စိတ်ညစ်သွားပြီ၊ အပြင်ထွက်တာပဲကောင်းတယ်။

ထိုစဉ် ကင်းမော်မှ ကျော့သူငယ်ချင်း ယုဝေကို အပန်းဖြေရိပ်သာထဲမှ... ထွက်လာတာ လှမ်းမြင်လိုက်ရသည်။ မတွေ့တာကြာလို့လားမသိ အသားတွေ... ဖြူကာ ပိုလှနေသည်။ ယခင်က ဖြောင့်စင်းသောဆံပင်တွေက ကျော့လည်... လောက်မှာ ကွေ့ကွေ့ဝိုက်ဝိုက်ဝဲနေပြီ။ မျက်နှာမှာခြယ်သထားတာကလည်း... ငေးယူရသည်။ ကျော့တို့နှင့် ဘာမှမဆိုင်။

အံ့မယ်၊ တစ်ယောက်တည်းမဟုတ်ပါလား၊ ကျော့ အခုမှသတိထား... သည်။ စာအုပ်တွေ ထီးတွေကိုင်ပေးမယ့်သူ၊ ကိုယ်ပြုံးရယ်လျှင်လည်း လိုက်ပြုံး... ရယ်ပေးမည့်အဖော်တစ်ယောက် ဘေးမှပါလာသည်။ သူ့သမီးလိမ္မာတာ... ရည်းစားမထားတတ်တာ အမြဲကြွားသည့်ယုဝေ၏အမေကြီးကိုလည်း ပြေးမြင်... ယောင်မိသည်။ မေမေကတော့ ကျော့ကို ယုဝေနှင့်ယှဉ်၍ မကြာခဏ ဆူတတ်... သည်။

ယုဝေက ငယ်ငယ်ကပဲ အေးအေးဆေးဆေး၊ လူကြီးလေးလို မလှုပ်... တလှုပ်နှင့် နေတတ်သည်။ ကျော့တို့က ကျောင်းဆင်းပြီး အိမ်ကိုမပြန်နိုင်သေး... ဘဲ ကြုံးစားပမ်းစားကစားဆဲ၊ ကိုယ့်အိမ်မှကြည့်လျှင် အိမ်ခြေရင်းအရိုးလေးတို... အိမ်ခေါင်မိုးပေါ် နေလုံးမရောက်ခင် လွယ်အိတ်ကိုစလွယ်သိုင်း၊ ဖိနပ်ကိုမစီးနိုင်...



...တစ်ဖက်ညာတစ်ဖက် လက်ကကိုင်ပြီး ချွေးတွေဖုန်တွေအလိမ်းလိမ်းနှင့် ...ရောက်အောင်ပြေးနေချိန်မှာ ယုဝေကတော့ ရေမိုးချိုးပြီး သနပ်ခါးအဖွေး... ...နှင့် ခုနစ်အိမ်ကြားရှစ်အိမ်ကြား စာအော်ကျက်နေပြီ။ သူ့အမေကြီးက ...ဆွဲဆင်းကာ တပြုံးပြုံးနှင့် အပင်ရေလောင်းသလိုလို အမှိုက်သိမ်းသလိုလို ...တာ သူ့သမီးစာကျက်နေပြီ အရပ်ကတို့သိကြရဲ့လားဆိုသည့် အချိုးနှင့်၊

ပြီးတော့ ရှိသေးသည်။ တစ်ဝါတွင်းလုံး ဥပုသ်နေ့တိုင်း သူ့အမေ ...လားမသိ၊ ထမိန်အညိုတစ်ထည်ခါးမှာပတ်၊ ယောဂီတဘက်စလွယ်သိုင်း ...ခေါင်းမှာအုန်းဆီရွှဲနေအောင်လိမ်းပြီး မျက်နှာပြောင်နှင့် မျက်လွှာလေးချကာ ...တလှုပ်နှင့် ဖွားအေကြီးနောက်မှ လိုက်ရသေးသည်။

ကျော့က ကိုယ့်ကိုယ်ကို တစ်သက်လုံး ကစားဖို့ဆုံးဖြတ်ထားသူမို့ ...ကို နေပဲနေနိုင်လွန်းဟု အံ့ဩမဆုံး။ ယုဝေမှာ ကျော့ထက် မြန်မြန်ဆန်ဆန် ...ရင့်ပြီး အိမ်ထောင်မှုအတွက်လည်း ကောင်းကောင်းတတ်နေပြီ။

သူတို့နှစ်ယောက် လက်ချင်းချိတ်ကာ အဓိပတိလမ်းကို ကူးလာကြ ...သည်။ ဘာလုပ်လုပ်၊ ဘယ်သွားသွား နှစ်ယောက်ထဲပေါ့၊ အင်း... ယုဝေဟာ ...ဝမှာ ပျင်းစရာကောင်းတာတွေ တော်တော်လုပ်တာပဲ၊ မကစားခဲ့တဲ့ သူ့ငယ် ...ဝကို ကျော့ နှမြောမဆုံး၊ အခုမှ အသက်ငယ်ငယ်လေးရှိသေးတာ၊ ကျော့မှာ ...တော့ တခြားပျော်စရာတွေ၊ စိတ်လှုပ်ရှားစရာတွေရှိသေးသည်ဟု ကိုယ့်ကိုယ် ...ကိုယ် အထင်ကြီးမိ၏။

ယောကျာ်းလေးတွေနှင့်ဆို မပြုံးမပွင့် ရှက်သလိုကြောက်သလိုဟန်နှင့် ...အပေါင်းအသင်းမလုပ်ရဲပါဘူးဟု အင်မတန် သိက္ခာဆည်သူလေ၊ ကျော့ကို ...မမြင်နိုင်ပါဘူးဟု ကျော့ထင်သော်လည်း အမှတ်မထင် ယုဝေ ကျော့ကို မြင်သွား သည်။

ဖိနပ်ထူကြီး မနိုင့်တနိုင်နှင့် ဖိနပ်တစ်ဝက်ဖုံးလုထိရှည်ကျနေသော ...ချည်စကို အသာမကာ ပြေးလာသည်။ နွဲ့နွဲ့လေး၊ ခရမ်းရင့်ရောင်နှုတ်ခမ်းကို ...သည်း တအံ့တဩ 'ဝ 'လုံးပုံလုပ်ရသေးသည်။ ဆံပင်ပျော့ပျော့ခွေခွေလေးတွေ ...ကိုလည်း နောက်သို့ အသာပို့ရသေးသည်။ ပုံစံက နွဲ့နွဲ့လေး ယိုင်တိုင်တိုင်လေး ...မှီ ဖေးမချင်စရာလေ၊ ကောင်မလေးတွေဟာ ဘယ်လိုပါလိမ့်၊ လူကြည့်ချင်စရာ ...တော်တော်လုပ်တတ်ကြတယ်၊ ပြီးလျှင် အသံတစာစာနှင့် ပြောတော့မည်။ ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမြင်လျှင် ဂဏ္ဍာတစ်ပုဒ် ဒါမှမဟုတ် စံလင်းရဲ့ချစ်သူညနေတို့ညနေဆိုတာ လိုမျိုး ဖြစ်သွားနိုင်တယ်။ ကျော့ကတော့ ဘာမှမဟုတ်၍ ဘာမှထွက်မလာ သူ့ကောင်လေးဆီကတော့ ရုတ်တရက်မို့ စိုးရိမ်တကြီး "ဟဲ့ဟဲ့"ဟု အသံထွက် လာသည်။

ကျော့က သူ့လူကို မမြင်သလိုနေပါမှ သူက နောက်သို့ တစ်ချက် ပြန်လှည့်ကြည့်ကာ

"ကျော့နဲ့မှတန်းတိုးတယ်၊ ဘယ်သူ့မှလျှောက်မပြောနဲ့နော်၊ အိမ်က သိသွားမှာစိုးလို့၊ နောက်မှမိတ်ဆက်ပေးမယ်နော်" ဟု အရေးကြီးနေပြန်၏။

"ကျောင်းပိတ်တာတောင် အိမ်ကိုပြန်မလာဘူး၊ ရန်ကုန်မှာသိပ်ပျော် နေတယ်ပေါ့"

"မဟုတ်ပါဘူး၊ သူ သဆော်လိုက်မယ့်ကိစ္စတွေနဲ့ရှုပ်နေလို့ သူအိမ်မ ပြန်တော့ တို့လည်း မပြန်ဖြစ်တော့တာ၊ မကြာခင်ခွဲရတော့မယ်ဆိုတော့လေ၊ အခုလည်း သူ့ဆွဲထားတာနဲ့ အဆောင်တောင်မဝင်ဖြစ်သေးဘူး၊ သိတယ်မဟုတ် လား၊ အဆောင်ဝင်လိုက်ရင် ညနေတွေ မလွတ်လပ်တော့ဘူး၊ ကျော့ကော အဆောင်မှာ နေသားကျပြီလား၊ ပျော်စရာကောင်းမှာပါ"

"အေး မျှော်လင့်တာပဲ"

ယုဝေအမေကြီး ရွာထဲမှာ လက်နှစ်ဖက်နောက်ပစ်ပြီး တစ်ရွာလုံး လျှောက်ပြောနေတာတော့ သူ့သမီး ကွန်ပျူတာသင်တန်းတွေ၊ စကားပြော သင်တန်းတွေ တက်နေလို့ဆိုပါလား။ ယုဝေလည်း အိမ်ကို လိမ်တဲ့နေရာမှာ ပွင့်နီးပါးတော်သည်။ ပွင့်ဆိုလည်း အိမ်မှာ မေမေနားဝင်လောက်တဲ့စကားမျိုး တွေပြောတတ်ပြီး အပြင်မှာ သူလုပ်ချင်တာလုပ်သွားတာပဲ။

"ကျော့ဆီလာပြီး တိုင်ပင်စရာ၊ ပြောပြစရာတွေရှိတယ်၊ ကျော့အခန်း ကို တစ်ရက်လာခဲ့မယ်၊ သွားမှပဲ နှာကစ်နေမှာစိုးရတယ်"

အလကားပါ၊ ကျော့ စိတ်ထဲမှပြုံးမိ၏။

ယုဝေက သွားမယ်ဆိုပြီးမှ စကားက တော်တော်နှင့် အမျှင်မပြတ်၊ အရင်က ဒီလောက်စကားမပြောပါဘူး၊ ရန်ကုန်သူလုပ်နေလို့ စကားတွေ သိပ်တတ်နေတယ်ထင်ပါရဲ့၊ သူ့ကောင်လေးက စိတ်ရှည်လက်ရှည် ရပ်စောင့်နေ သည်။ လက်ထဲမှာလည်း ယုဝေစာအုပ်တွေ၊ ထမင်းချိုင့်တွေ ကိုင်ထားရသည်။



သနားစရာ၊ ကျော့သာဆို မကိုင်နိုင်းပါဘူး၊ ဟိုက လည်ပင်းမှောင်းအောင် ဘငင်ငင်နှင့် ရပ်စောင့်နေတာကိုပင် မချောက သဘောကျသလိုလေရှည်နေ၏။

အလကား၊ ကျော့ကို ဟန်ဆောင်ပြီး အရေးတယူလုပ်နေတာ၊ ကျော့ကို ပြောစရာရှိတယ်ဆိုတာ အလား၊ တကယ့်ကိုအလကား၊ ငယ်ငယ်ကပဲ သုဝေစကားထဲမှာ အမှန်တဝက်လောက်ပဲပါတာ ကျော့ ကောင်းကောင်းသိ သည်။ သူက အရင်တုန်းကလည်း ပွင့်တို့အရွယ်တွေနှင့် လူပေါင်းဆန့်သည်။ ကျော့က ကာတွန်း၊ တေဇ၊ ရွှေသွေး၊ မိုးသောက်ပန်းတွေကို သံယောဇဉ်မပြတ် နိုင်ခင်မှာ သူက အပျိုတွေကြားထဲဝင်ကာ အချစ်ဝတ္ထုတွေကို ဆွေးနွေးနိုင်ပြီး ကျော့ကို ဆရာလုပ်တတ်ပြီ။

ပဲပင်ပေါက်ကလေးတွေလို သေးသေးမျှင်မျှင် ကျော့လက်ရေးကို အမြဲ နှာခေါင်းရှုံ့ကာ "ဘောလ်ပင်ကိုင်တာမှ ဟန်မကျဘဲ၊ ဒီလိုကိုင်မှပေါ့ကျော့ရဲ့"ဟု ဘောလ်ပင်အဖျားပိုင်းကို လက်သူကြွယ်ပေါ်မှာတင်ရေးတတ်တဲ့ကျော့ကို လက်ခလယ်ပေါ်တင်ပြပြီး ရေးခိုင်းတတ်၏။ "ယောကျ်ားလေးတွေနဲ့ ရောရော နှောနှောမကစားနဲ့လေ"လို့ပြောချိန်မှာ သူ့လွယ်အိတ်ထဲ တစ်နေ့ကို ရည်းစားစာ ဘယ်နှစ်စောင်ရောက်သလဲဆိုတာ ကျော့မသိရ၊ "စာမေးပွဲနီးပြီကျော့ ကစားတာ လျော့လေ" "မကျည်းဖျော်ရည်လေးက အတွင်းအေးတယ်"ဆိုတာကတစ်မျိုး၊ "ဘဲဥနှင့် ဒူးရင်းသီးစားရင် တုတ်တွေကျတယ်" ဆိုတာကတစ်မျိုး၊ လူကြီး လေသံနှင့် ဆရာလုပ်တတ်ပြီဖြစ်သည်။

ကျော့ ယုဝေကို ရယ်ချင်သည်။ ယခုလည်း သူ့ရည်းစားအကြောင်း လာပြောလျှင် ကျော့ မျက်နှာမထားတတ်ဘဲ အနည်းငယ် မနေတတ်မထိုင်တတ် ဖြစ်ကာ "အင်း ... အင်း" "ဩော်" အပြင် အပြန်အလှန်ရမည်တော့မဟုတ်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မှတ်မှတ်ရရ ထိုတစ်နေ့။

သူ့ကို ထိုမျှလောက် လျှင်မြန်စွာပြန်တွေ့လိမ့်မည်ဟု ကျော့ မျှော်လင့်မထားခဲ့ပေ။ ကုန်ပြီးခဲ့တဲ့ရက်တွေမှာလည်း ကျော့ သူနှင့်ပြန်ဆုံရလိမ့်မည်ဟု ချက်ချင်းကြီး မျှော်လင့်လို့မရခဲ့သလို သူနှင့်ပြန်မဆုံနိုင်တော့ပါဘူးဟုလည်း တွေးထင်ထားခြင်းမရှိပါ။ သို့သော် တစ်ခုခုကို စောင့်မျှော်နေရသည့် ခံစားမှုမျိုးတော့ ရင်ထဲမှာ မတင်မကျ ဖွဲ့တည်နေသည်။ ကျော့ နှစ်သက်စွဲလန်း၍ အမြဲခံစားကောင်းခဲ့သော ဝေဒနာတစ်ရပ်ပင်။

ထိုနေ့သည် ကျော့ ကျောင်းဆောင်ဝင်ပြီး သီတင်းပတ်သုံးပတ်မြောက်သောနေ့ဖြစ်သည်။ နောက်ပိုင်းတွင် ထိုရက်ကို ကျော့ ပြန်တွက်ကြည့်မိသောကြောင့် ရက်သတ္တသုံးပတ်မြောက်နေ့ဟု သေချာစွာသိနေခြင်းဖြစ်သည်။ (၃)ဂဏန်း၊ (၆)ဂဏန်း၊ (၉)ဂဏန်းများကို နှစ်သက်စွဲလန်းကာ အယူသီးတတ်သော ကျော့သည် ကိုယ့်အတွေးနှင့်ကိုယ် မသိမသာ ပျော်ရွှင်နေခဲ့သည်။

ကံကောင်းခြင်းသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရောက်လာတတ်သည် ဆိုလျှင် သူနှင့် ဆုံဆည်းခဲ့ရသော အကြောင်းအရာအဖြစ်အပျက်တို့ကို ကျော့သည် လှပသော ရောင်စုံဖဲကြိုးများနှင့် ဖွဲ့စည်းထားသော ကံကောင်းခြင်းလက်ဆောင်များအဖြစ် ရှုမြင်နိုင်ခဲ့ပါသည်။ အချစ်ကို တုန်လှုပ်မိသည်က



တစ်ကြောင်း၊ ကံကောင်းခြင်းဟု ကျော့ မှတ်ယူသောအရာတွေကတစ်ကြောင်းဖြစ်သည်။ ထိုအရာများ အထူးသဖြင့် သူနှင့်ပတ်သက်သမျှသောအရာများစွာသည် ချစ်ခြင်းတို့သာ ဦးတည်လျက်ရှိသည့်အရာများဖြစ်၍ ကျော့သည် အစဉ်အမြဲ ယုယပိုက်ထွေးမြတ်နိုးနေချင်ခဲ့သည်။

အချစ်သည် ကျော့ကို ပဏာမအနေနှင့် နစ်မြုပ်အောင်ဆွဲချလိုက်စဉ်ခံစားရမှုမှာ ပျော်ရွှင်ခြင်းပင်။ ထိုပျော်ဝင်မှုကို ကျော့သည် အံ့ဩမှင်တက်စွာရင်မှာ လိုက်လှဲစွာ အလိုက်သင့်ကြည့်နေခဲ့သည်မဟုတ်လား။ နည်းနည်းမျှငြင်းဆန်ဖို့ မကြိုးစားခဲ့ပါဘူး။ တဖြည်းဖြည်း နစ်သထက်နစ်လာတော့မှ ကိုယ်မနိုင်တဲ့ဇာတ်မှာ ကိုယ်တိုင်ပါဝင်ကပြမိနေပြီမှန်း အထိတ်တလန့် သိလိုက်ရလေသည်။

တကယ်တော့ ကျော့ဟာ အားနည်းချက်တစ်စုံတစ်ရာနှင့် လူဖြစ်လာခဲ့တာပဲ။ ကျော့သာမဟုတ် လူတိုင်းဟာ တစ်ခုမဟုတ်တစ်ခု အားနည်းချက်ကိုယ်စီနှင့် မွေးဖွားလာကြတာပဲ၊ နှလုံးသားတစ်စုံရဲ့ နိုးထမှုမှာ ကျော့ဟာ ဖြင်းထန်တဲ့လှိုင်းတပိုးများရဲ့ ရိုက်ခတ်မှုကို ခံရလိမ့်မယ်လို့ မထင်ခဲ့ရိုးအမှန်ပါ။ အချစ်သည် ရှက်ရွံ့အားငယ်မှု သိမ်ငယ်နိမ့်ကျမှုတို့ကိုပါ တပါတည်းယူဆောင်လာလေသည်။ ဘယ်အရာအတွက်မဆို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းသော ကျော့သည် အချစ်ကိုလည်းကောင်း၊ ဘဝကိုလည်းကောင်း မှတ်ကျောက်တင် စမ်းသပ်မခံရဲတာအမှန်ပင်။ ကျော့အဖို့ ဘယ်အရာမှ လက်တွေ့ဖြစ်မလာချင်ဘဲ သူနှင့် စတင်ဆုံဆည်းခဲ့သောနေ့ရက်များ၊ သူ့မျက်လုံးထဲမှာ အချစ်ကိုရင်ခုန်တိမ်းမူးစွာ ပျော်ရွှင်နေခဲ့သောနေ့ရက်များကိုသာ ခံစားဖက်တွယ်ထားချင်ခဲ့သည်။

ဒီထက်မပိုပါနှင့်တော့လား။

"အချစ်ဟာ တားဆီးနိုင်ကောင်းတဲ့အရာမှမဟုတ်ဘဲ" နားစည်မှာ ဆို့မြမြဖြစ်သည့် လေသံတိုးတိုးရှရှနှင့် သူဆိုလာစဉ် ကျော့သည် ပထမဆုံးအကြိမ် ရှက်ပြုံးကလေးနှင့် ရှိနေခဲ့တာအမှတ်ရသည်။ ယခင်က ကြိမ်ဖန်များစွာ ရှိနေခဲ့သော စိတ်ထဲမှာ ရှက်ရွံ့ထူပူသည့်ကြားက မထုံတက်တေး အေးစက်စက်အမူအရာတို့ ပထမဆုံးအကြိမ် ခါကျလွှင့်ပြယ်ပျောက်ဆုံးသော အခါအခိုက်လည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှနေ၍လည်း "ကျော့စိတ်ချမ်းသာပျော်ရွှင်မှုအတွက် သတ္တိလေး နည်းနည်းလောက်ဖြစ်ဖြစ် လိုချင်လိုက်တာ"ဟု တောင့်တနေမိ၏။

သူ့ကို နီးနီးကပ်ကပ် ဆက်စပ်ပတ်သက်သောအနေအထားနှင့် ပြန်တွေ့ရလိမ့်မည်ဟု မထင်ခဲ့ပါ။ ထိုစဉ်က လှိုက်ကနဲပျော်သွားသောအပျော်သည် ချက်ချင်းအပျော်မှန်းမသိလောက်အောင်ပင် ရှည်လျားနွေးစိမ့်စွာ ရက်ရှည်ခံစားခဲ့ရသော ပျော်ရွှင်မှုဖြစ်သည်။ ထိုနေ့ရက်စွဲနှင့် ဒိုင်ယာရီစာအုပ်ထဲမှာတော့ "သူ့ကိုပြန်တွေ့သည်"ဟုသာ ရိုးရိုးရှင်းရှင်း ရေးမှတ်ခဲ့ပါသည်။

ထိုနေ့က ကျော့သည် အတန်းတက်ချင်စိတ်မရှိတာကြောင့် တမင်နောက်ကျခံပြီး အဆောင်မှထွက်ခဲ့သည်။ နေ့လည်စာတစ်ခုခုသွားစားမည်အကြံနှင့် စာသင်ခန်းရှေ့ မယောင်မလည်ရပ်ကာ ဖြိုးကိုခေါ်ထုတ်၍ ပြန်ဆင်းလာခဲ့သည်။ အဓိကိုကင်းတင်းမှာသွားစားရအောင်ဟု ဖြိုးကအကြံပေးတာကြောင့် အဓိပတိလမ်းကိုအဖြတ် နေရောင်ကာထားသော ကျော့လက်ထဲမှစာအုပ်ကို ဖျတ်ခနဲဆွဲယူတာခံလိုက်ရသည်။ ကျော့ အံ့အားသင့်လျက် နောက်လှည့်ကြည့်မိတော့ ကျော်စွာ။

"ကြည့်စမ်း လန့်သွားတာပဲ"

"အတန်းမတက်ဘူးလား၊ ဘယ်တွေလျှောက်သွားနေတာလဲ၊ မေမေနဲ့ မမခိုင်လာတုန်းကလည်း နင့်ကို အဆောင်မှာမတွေ့ဘူးဆို၊ အိမ်ကိုလည်း တစ်ခေါက်မှပေါ်မလာဘူး"

"မသွားမဖြစ် အရေးကြီးတဲ့နေရာတွေသွားရတာ၊ လျှောက်သွားတာ မဟုတ်ပါဘူး"

ကျော့ကို စကားကြီးစကားကျယ်ပြောပြန်ပြီဟု ဘေးနားမှ ဖြိုးက ပြုံးစိစိလုပ်ကာ ရပ်နေ၏။

ကျော့ ကျောင်းဆောင်ဝင်ပြီးနောက် အိမ်သို့ တစ်ခေါက်မှမရောက်သဖြင့် ကြီးကြီးနှင့်မမခိုင် စိတ်ပူပြီး ရောက်လာကြသည်။ ကျောင်းပိတ်ရက်သူငယ်ချင်းတွေနှင့် အပြင်ရောက်နေသဖြင့် မတွေ့လိုက်ရပေ။ အကျိုးအကြောင်းဖုန်းဆက်ပါဟုမှာခဲ့သဖြင့် "နေထိုင်ကောင်းကြောင်း၊ အဆင်ပြေကြောင်း၊ စိတ်မပူဖို့အကြောင်း" ဖုန်းဆက်ပြောပြလိုက်ရသည်။

ကျော်စွာကို ပြီးခဲ့တဲ့တစ်ပတ်ကလည်း မိန်းထဲမှာ တွေ့လိုက်ရသည်။



"ဘယ်ကောင်မလေးကို လာရစ်နေတာလဲ၊ တစ်ယောက်တည်းလား"

"ဟိုမှာ သူငယ်ချင်းတွေနဲ့"

လမ်းတစ်ဖက်မှာ ကျော်စွာ့သူငယ်ချင်းဖြစ်ဟန်တူသော ကောင်လေးနှစ်ယောက် ကျော့တို့ဘက်ကြည့်ကာ လမ်းဖြတ်ကူးဖို့လုပ်နေတာ တွေ့ရသည်။

"သူက သန်းထွဋ်၊ သူက ဝဏ္ဏ၊ နှစ်ကောင်စလုံးမိန်းထဲမှာ၊ ဖူးမေဂျာက"

ကျော်စွာက တိုတောင်းစွာ အသံပြတ်နှင့် မိတ်ဆက်ပေးသဖြင့် အနားသို့ ရောက်လာသည့် ခပ်ပိန်ပိန်အရပ်မြင့်မြင့်ကောင်လေးနှစ်ယောက်ကို အားနာပါးနာ ပြုံးပြရ၏။ ရည်ရည်မွန်မွန် အပြုံးချိုချိုလေးတွေနှင့် ခင်မင်စရာကောင်းသော ကောင်လေးနှစ်ယောက်ဖြစ်သည်။ ကျော်စွာနှင့်က ပြောမနာဆိုမနာ သူငယ်ချင်းတွေ ဖြစ်ပုံပေါက်သည်။

"ကျော့ထူးမောင်ပါ၊ သူက မေဖြိုးဦး"

"ကျော်စွာ ငါတို့ ဟိုဘက်ကင်တင်းမှာ ထမင်းသွားစားတယ်၊ မင်းတို့ ဘယ်မှာရှိမလဲ"

"ချန်စယ်လာမှာရှိနေမယ်၊ ဟိုကောင် ချန်စယ်လာကိုပြန်လာဖို့ ပြောသွားတယ်လေကွာ၊ အဲဒီကိုပဲလာခဲ့၊ မင်းတို့လာလို့ ငါတို့ကို မတွေ့ရင်လည်း သွားပြီလို့မှတ်လိုက်"

"အေးအေး၊ သွားမယ်နော်"

"ခွင့်ပြုပါဦး"

သန်းထွဋ်နှင့်ဝဏ္ဏက ကျော့တို့ဘက်လှည့်ပြီး နှုတ်ဆက်သဖြင့် ခေါင်းညိမ့်ပြလိုက်ရသေးသည်။ သူတို့က ခပ်အေးအေးလှည့်ထွက်သွားပြီး အဝေးရောက်မှ ပြန်လှည့်ကြည့်သည်။ ကျော်စွာက ကျော့ကို သူ့ညီမဟု မိတ်ဆက်မပေးသဖြင့် ဇဝေဇဝါဖြစ်သွားပုံရသည်။

"လာ တစ်ခုခုစားရအောင်၊ ထမင်းမစားရသေးဘူးမဟုတ်လား"

"လာဖြိုး စားရခဲ့တယ်၊ ကြုံတုန်းဝအောင်တီးထားမှ"

ဖြိုးက အားနာပြုံးကလေးနှင့်ရှိနေသည်။ ကျော့ ဖြိုးလက်ကိုဆွဲကာ ကျော်စွာ့နောက်မှ တန်းနေအောင်လိုက်သွားသည်။

"ကုသိုလ်ကံတယ်ကောင်းပါလား၊ နောက်နေ့တွေမှာလည်း စားချိန်သောက်ချိန်မှာ တွေ့စမ်းပါစေ"

www.burmeseclassic.com

www.burmeseclassic.com



အခိပတီလမ်းသည် ရောင်စုံပန်းပွင့်များနှင့် လှုပ်ရှားသက်ဝင်နေသည်၊ နေသည် ပွင့်ပွင့်လင်းလင်းကြီးကို သာ၍နေ၏။ အနည်းငယ်ပူအိုက်သည်မှလွဲ၍ မိုးရာသီကို မနှစ်သက်သောကျော့အဖို့ ထီးမကိုင်ရတာနှင့်ပင် တော်တော့်ကို အဆင်ပြေသည်။

"နင်က ဘာလာလုပ်တာလဲ၊ ခဏခဏ၊ ကိုယ့်ကျောင်းလည်းမဟုတ်ဘဲနဲ့"

"မိန်းထဲက သူငယ်ချင်းတွေဆီ လာလည်တာပေါ့၊ သိပ်စပ်စုတာပဲ"

"ဟုတ်လို့လား၊ ကောင်မလေးတွေ လာဖန်ရင်ဖန်တယ်ပေါ့"

"ဟိုး... ဝေးသေး"

ကျော့က နှုတ်ခမ်းမဲ့ပြလိုက်သည်။

"ဖြိုးရေ ဒါ ကျော့အစ်ကိုတော် ကျော်စွာတဲ့၊ အမြဲတမ်း သူများကိုကျော်ရမှ စွာရမှ ကျေနပ်လို့လေ၊ ကျော့ ကောင်းကောင်းသီးခံပြီးပေါင်းနိုင်လို့ မြဲတဲ့အစ်ကိုပေါ့"

"ကျေးဇူးရှင်၊ ထမင်းပါကျွေးမယ်လို့လည်း ပြောထားပြီးပြီ"

ဖြိုးက ကျော့တို့မောင်နှမကိုကြည့်၍ အသံလွင်လွင်နှင့်ရယ်သည်။

လူတွေစည်ကားနေသည့်ဆိုင်တွင်းသို့ဝင်၍ ခုံလွတ်ကိုရှာကာ ကျော်စွာက အရင်ဝင်ထိုင်သည်။ သုံးဦးသဘောတူ တရုတ်စာမှာစားကြစဉ် သီချင်းသံသည် ငြိမ့်ညောင်းတိုးသက်စွာ ပျံ့လွင့်လာသည်။ လေသည် ကံ့ကော်ရွက်၊ ရေတမာရွက်များကို သဲ့သဲ့လေးမျှ လှုပ်ခပ်နေစေ၏။ စွေစောင်း၍ ကျလာသော နေရောင်သည် ရွက်နုကလေးများနှင့် မြက်ပင်လေးများကို ပို၍လှပစေသည်။

ထိုခဏ၊ ကျော့တို့သုံးယောက် စကားတပြောပြောနှင့် စားသောက်နေကြစဉ် ကျော့တို့စားပွဲသို့ တန်းတန်းမတ်မတ်လျှောက်လာကာ ပိုင်စိုးပိုင်နင်း ဝင်ထိုင်လိုက်သည့် ခြေအစုံကြောင့် စိတ်အနှောင့်အယှက်ဖြစ်စွာ ကျော့ မော်ကြည့်မိရသည်။ ဘယ်သူလဲ၊ ကျော့လည်းမသိဘူး၊ ကျော်စွာ့သူငယ်ချင်းပဲထင်ပါရဲ့။

ကချင်လွယ်အိတ်အနက်ကလေးကို အရင်မြင်ရသည်။ မှတ်ဉာဏ်မှာ ဖျတ်ခနဲပေါ်လာသဖြင့် သူ့မျက်နှာကို မော်ကြည့်မိသည်။ ကျော့ကြည့်လိုက်ချိန်



မှာ သူက မျက်တောင်တစ်ချက်နှစ်ချက် ဆင့်ခပ်ကာ ကျော့ဆီမှ မျက်လုံးလွှဲသွားသည်။ အိုး၊ သိပ်သိတာပေါ့၊ ဒီဟန်ပန် ဒီမျက်လုံးတွေ၊ စာကြည့်တိုက်ရှေ့မှာ ကျော့ကို ကြည့်နေခဲ့တာ ဒီမျက်လုံးတွေပေါ့၊ ခဏသာမြင်တွေ့လိုက်ရပြီး ခကြာခဏမြင်ယောင်မိတဲ့မျက်ဝန်းတွေ၊ ဘယ်တော့မှ ပြန်ဆုံဆည်းနိုင်မလဲ မမှန်းဆနိုင်ခဲ့တဲ့မျက်ဝန်းတွေ။ ထိုစဉ်တုန်းကတော့ ကျော့ဆီ အချစ်တွေကို ယူဆောင်လာမည့် မျက်ဝန်းတွေမှန်း သဲသဲကွဲကွဲမရိပ်မိသေးချိန်လည်း ဖြစ်သည်။ သို့သော် ကျော့ခန္ဓာကိုယ် အနည်းငယ်မတ်ကာ ခပ်တောင့်တောင့်လေး ဖြစ်သွားရသည်။

သူ့ကို အမှတ်မဲ့စွာစိုက်ကြည့်နေဖြစ်သည်။ ဖြိုးစကားလှမ်းပြောတာကိုပင် ကျော့မကြားလိုက်မိဘဲ တစ်ခဏမျှ သတိလစ်သွားခဲ့သည်။ ကျော့မျက်လုံးတွေက ဝိုင်းဝိုင်းလည်ကာ အံ့သြငေးစိုက်ကြည့်လျက်က ဘာမှမမြင်သော တစ်ခဏလည်းဖြစ်သည်။

ကျော်စွာက ထမင်းစားမပျက် သူ့ဘက် တစ်ချက်လှည့်ကြည့်သည်။ သူ့မျက်နှာက ကျော်စွာ့ဘက်သို့ ခပ်စောင်းစောင်းလှည့်ကာ စီးကရက်တစ်လိပ်ထုတ်ဖို့ပြင်သည်။ မီးခြစ်ကိုလက်ထဲမှာကစားရင်း အပြင်သို့ ငေးကြည့်နေ၏။

"ဘာစားမလဲ" ကျော်စွာမေးတော့

"ဟင့်အင်း" ဟုသာဖြေသည်။

"အမျိုးမျိုးပဲ ခုနကပဲ ဗိုက်ဆာလို့သေတော့မယ်ဆို၊ ဒါနဲ့တွေ့ခဲ့လား"

ဟိုတစ်ယောက်က ဆေးလိပ်ပဲ တွင်တွင်ဖွာနေ၏။ ကျော်စွာ စိတ်မရှည်စွာ တဆောင့်နှင့်တွတ်ရင်း မေးလိုက်သည်။

"ဟော့ကောင် တွေ့ခဲ့လား"

"အင်း"

ဟင့်အင်း၊ အင်း ပဲတတ်သလားမသိ၊ ကျော်စွာက နားလျှံကာ မကြားလိုက်။

"ဟော့ကောင် တွေ့ခဲ့လား"

"တွေ့ပြီ၊ တွေ့ပြီ ခု"

သူပြောလိုက်သံက ခပ်တိုးတိုး ကျိတ်ပြောလိုက်ရသည့် စိတ်မရှည်သည့် လေသံမျိုး။ သူက ကျော့ကို မှတ်မိသည့်အရိပ်အယောင် ထင်ထင်ရှားရှား

www.burmeseclassic.com

www.burmeseclassic.com



မပြသဖြင့် ကျော့ကလည်း ခပ်တည်တည်နေလိုက်သည်။ ကျော်စွာမိတ်ဆက်ပေးတော့ ကျော့ သူ့ကို တစ်ချက်ကြည့်ကာပြုံးပြလိုက်သည်။ သူကလည်း နှစ်လိုဖွယ် ဖျော့တ်ခနဲပြုံးပြကာ ခေါင်းညိတ်အသိအမှတ်ပြုသည်။ သူက အပိုစကားမဆို၊ ကျော့တို့ဘက်လည်း လှည့်မကြည့်ဘဲ သူ့ဘာသာသူထိုင်နေသည်။

ဒီနေ့လည်း ဂျင်းဘောင်းဘီနှင့် ဟိုနေ့ကဂျင်းဘောင်းဘီဟုတောင် ထင်ချင်သည်။ အသားလတ်လတ်၊ နှာခေါင်းရိုးမြင့်မြင့်တန်းတန်း၊ ယောကျ်ားလေးဖြစ်ပြီး အညိုရောင်မျက်တောင်တွေက ရှည်ကော့နေသည်။ မျက်လုံးက စူးစူးရှရှမဟုတ်၊ ခပ်ပြေပြေရီဝေဝေ၊ တစ်ချိန်လုံးလို မျက်မှောင်ကုပ်ထားတာတွေ့ရသည်။ နှုတ်ခမ်းကလည်း စုတင်းတင်း၊ အပေါ်နှုတ်ခမ်းက ခပ်စုစုလေးဖြစ်ကာ ရှေ့မှာ ထင်ရှားနေတာကိုး၊ သို့သော် ဖျတ်ခနဲရယ်မောလိုက်လျှင်တော့ ချိုသာပွင့်လင်းပြီး ခင်မင်စရာကောင်းတာ တွေ့ရသည်။ သူ့ဆံပင်ခွေလေးတွေ ခဏတဖြုတ် ဝေ့တက်သွားစဉ် ဝဲဖက်မျက်ခုံးစပ်နဖူးပြင်ပေါ်မှာ မှဲ့နက်သေးသေးလေးတစ်စက်၊ ကျော့ ဖျတ်ခနဲ ရင်ခုန်သွားရသည်။ ချစ်စရာတစ်ကွက်တိုးတာပဲ။

အညိုရောင်လှိုင်းတွန့်ဆံပင်ခွေတွေက လည်ဂုတ်နှင့် နားသယ်စပ်ထိ ခပ်ခွေခွေ ရှည်ကျနေ၏။ သူ့ကြည့်ရတာ အေးအေးဆေးဆေးနှင့် သက်သောင့်သက်သာနိုင်လှသည်။ သူ့လှုပ်ရှားမှုတွေက အေးဆေးသိမ်မွေ့၏။ တင်းမာဟန်ရှိသော်လည်း တစ်ဖက်သားကို နူးညံ့စွာကြည့်တတ်သည့်မျက်လုံးတွေက နှစ်သက်စရာကောင်းသည်။ သိပ်မကြာခင်မှာပဲ သူ့ရဲ့ဆံပင်ခွေခွေလေးတွေနှင့် မျက်တောင်ကော့ကော့များက ကျော့ မနာလိုချင်စရာကောင်းအောင် လှပပြီး သိပ်ကိုဆွဲဆောင်မှုရှိနေတာ သတိထားမိရပြန်လေသည်။

နာမည်က ဗညိုစိုး တဲ့။ ကျော်စွာနှင့်အတူတူ နည်းပညာတက္ကသိုလ်က ဖြစ်သည်။ ဆယ်တန်းနှစ်ကတည်းက သူငယ်ချင်းတဲ့။

စကားလက်ဆုံကျနေသော ဖြိုးနှင့်ကျော်စွာတို့ နှစ်ယောက်ကြားမှာ ကျော့တို့နှစ်ယောက် အတန်ကြာ တိတ်ဆိတ်နေခဲ့သည်။ ကျော့ သူတို့ပြောတာ နားထောင်နေသည်။ ကျော်စွာက အသစ်ထွက်သည့်ရုပ်ရှင်ကားသစ်အကြောင်းပြောသည်။ ဖြိုးက သီးချင်းအယ်လ်ဘမ်တစ်ခုအကြောင်းကို ပြောသည်။ ပြီးတော့ သူတို့နှစ်ယောက် အကြိုက်ချင်းတူသည့် အဆိုတော်တစ်ယောက်



အကြောင်းလည်းပါသည်။ ဖြိုးက သီချင်းနားထောင်ဖို့ တော်တော့်ကို ဝါသနာပါသည်။ ကျော့ အခန်းထဲ သူလာလျှင်လည်း စာဖတ်နေသည့်ကျော့ကို အနှောင့်အယှက် မဖြစ်စေရဘဲ သူ့ရဲ့ နားကျပ်ကက်ဆက်ကလေးနှင့် အိပ်ရာထဲမှာလှဲကာ သီချင်းနားထောင်နေတတ်သည်။ ကျောင်းဆောင်သို့ သီချင်းခွေပေါင်းများစွာကို သယ်လာနိုင်သူလည်းဖြစ်သည်။

ပြန်ခါနီးမှာ ကျော်စွာက

"နင့်အတွက် အကြော်အလှော်တွေ လုပ်ထားတယ်တဲ့၊ ဒီစနေ၊ အနက်နွေမှ ငါလာပေးတော့မယ်၊ နင် အိမ်မလာလို့ မေမေ နေ့တိုင်းမေးနေတယ်၊ အိမ်ကိုဘာမှာဦးမလဲ"

"မမှာတော့ဘူး၊ ကြီးကြီးပေးတာပဲ ယူလာလိုက်"

"အိမ်မလာရင်လည်း ဖုန်းကလေးဘာလေးဆက်ပါဟာ၊ ပိုက်ဆံကောရှိသေးရဲ့လား၊ လျှောက်သွားမနေနဲ့နော်၊ နင်သွားစရာရှိရင် ငါ့ကို တစ်ရက်ကြိုဖုန်းဆက်"

"အင်းပါ အင်းပါ"

ကျော့နှင့်ဖြိုး သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး လမ်းခွဲထွက်လာပြီးနောက် ကျော်စွာနှင့်ဗညိုစိုးတို့ ချန်စယ်လာဆိုင်ရှေ့မှာ ရပ်ကျန်ခဲ့ကြသည်။ နောက် ကျော်စွာက ကျော့ကို ပြန်ပြောပြ၍ သိရသည်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိတော့ ကျော်စွာက "ဘယ်လိုလဲ ဗညို"ဟု မေးဆက်ပြသည်။

"ဘယ်မှာတွေ့ခဲ့တာလဲ၊ အခု ဘယ်ကိုသွားမလဲ"

ဗညိုက တစ်ဖက်သို့လှည့်ကာ ရယ်မောလိုက်သည်။

"တကယ်လား၊ အခုတစ်ခါတည်း လိုက်သွားလို့ရတယ်၊ ဒါပေမယ့် ခင်းကိုသနားလို့ မလိုက်တော့ပါဘူး"

ရုတ်တရက် ကျော်စွာ ကြောင်သွားသည်။ မျက်မှောင်ကြီးကုတ်ပြီး "ဟောကောင်"ဟုထပ်ဆိုတော့မှ ဗညိုက ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

"မင်းညီမမှန်း ငါမသိဘူးနော်၊ ရှာလိုက်ရတာ ယောက်ဖရာ၊ တွေ့မယ့်တွေ့တော့လည်း နီးနီးလေးပါလား၊ ဒီနေ့လည်း မတွေ့နိုင်တော့ဘူးလို့

www.burmeseclassic.com



လက်လျှော့ပြီးပြန်လာမှပဲ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့တော့တာပဲ"

သူငယ်ချင်းတွေကြားထဲမှာ သူတို့နှမကိုမရဘဲ ယောက်ဖအခေါ်ခံရတာလောက် ခံရခက်တာမရှိ။ ကျော်စွာ ဒေါသတွေပွပြီး မျက်နှာကြီးနီရဲလာသည်။

"ခွေးကောင်၊ ဒါကြောင့် မျက်နှာက မရိုးမချဉ်နဲ့၊ အလကားနေရင်း ရယ်လိုရယ်နဲ့"

ကျော်စွာ ရှက်ရမ်းရမ်းပြီး ဗညို၏ပခုံးစွန်းကို လက်သီးဖြင့် ခပ်ပြင်းပြင်း ထိုးထည့်လိုက်သည်။

"မင်းတို့မောင်နှမ တော်တော်တူတာပဲ"

ကျော်စွာမျက်နှာ စူပုပ်နေသည်။

"ကျော့ထူးမောင်တဲ့နော်၊ နာမည်လေးက တစ်မျိုးပဲ၊ မင်းမှာ ဒီလောက်ချစ်စရာကောင်းတဲ့ညီမရှိတာ ငါ့ကို စောစောက ဘာလို့မပြောတာလဲ"

ကျော်စွာ ကားတံခါးကို ဆောင့်ပိတ်ကာ အရှိန်ပြင်းပြင်းနှင့် မောင်းထွက်လိုက်သည်။

"ဟေ့ကောင် ဖြည်းဖြည်း၊ ကျော့လို့ပဲခေါ်တော့မယ်နော်၊ ယောက်ဖရာ၊ ကျော့ကိုမရဘဲ ငါမသေနိုင်သေးဘူးကွ"

"စကားသိပ်များပါလား၊ မင်းရတတ်ရင်ယူ၊ ငါတော့မထင်ဘူး"

ဟု ကျော်စွာက အားပေးလိုက်လေသည်။

တစ်နေကုန်အောင် သွားလာလှုပ်ရှားထားသော်လည်း အဆောင်ပြန်ရောက်သော် ကျော့သည် အခါတိုင်းလို မောပန်းနွမ်းနယ်မနေဘဲ တစ်မျိုးလန်းဆန်း၍ နေပါသည်။ ပျော်ရွှင်မှု၏ အရင်းအမြစ်ကို ဖျတ်ခနဲတွေ့လိုက်ရသလို၊ ပတ်ဝန်းကျင်မှ ကြားရသမျှ၊ မြင်ရသမျှသည် ကျော့အတွက် အဓိပ္ပာယ်တစ်ခုတည်းကိုသာ ဆောင်ယူလာသလိုလည်းရှိသည်။ စာဖတ်ခုံမှာ စာတွေကို မမြင်ဘဲ အကြာကြီးထိုင်နေမိသည်။ ညရောက်သော် တရစ်ရစ်တိုးဝှေ့လာသော ရင်ခုန်လှုပ်ရှားမှုနှင့်အတူ ပျော်ရွှင်ခြင်းသည်လည်း ပုံပေါ်လာကာ ကျော့ကို ညတာရှည်အောင် ဆွဲဆန့်လေတော့သည်။

* *

ထိုရက်များတွင် ကျောင်းဆောင်မှာလည်း ရန်ကုန်တက္ကသိုလ်၏



စိန်ရတုနှစ်အစီအစဉ်တွေကြောင့် လှုပ်လှုပ်ရွရွဖြစ်နေသည်။ ဇွန်လ(၁၈)ရက်နေ့ဖွင့်လှစ်မည့် တက္ကသိုလ်စိန်ရတုအကြို အင်းလျားဆောင်ဓာတ်ပုံပြပွဲအတွက် ပြင်ဆင်ကြသည်။ ဖွင့်ပွဲကို အခန်းနံပါတ်(၁)တွင်နေခဲ့သူ ပထမဆုံး အင်းလျားဆောင်သူ ဒေါ်ခင်ခင်ကြည် (ခ) အမေစုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အမေစုမှာ အသက်(၈၇)နှစ်ရှိပြီဖြစ်သည်။ အင်းလျားရဲ့ မျိုးဆက်ဟောင်း ဆောင်သူတွေ အများကြီး၊ အသက်အရွယ်အမျိုးမျိုး စုံစုံညီညီ၊ အားလုံးမှာ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ရ၍ ဝမ်းသာဝမ်းနည်းဖြစ်ကြသလို၊ ယမ်မှ ယ်သွေးဟန်တွေကလည်းအပြည့်။ သူတို့ဘဝမှာ ဒီလိုပြန်ဆုံဆည်းဖို့ဆိုတာ အင်မတန် အခွင့်အလမ်းနည်းပါးနေချိန်။

"၁၉၃၁ ဇွန်လမှာ အင်းလျားဆောင်ကို စတင်ဖွင့်လှစ်တယ်ဆိုတော့ နှစ်ပေါင်း(၆၀)ကျော်ပြီပေါ့၊ ဒီအတောအတွင်း အင်းလျားကမွေးထုတ်ပေးလိုက်တဲ့ ပညာတတ်တွေအများကြီး အားကျစရာပဲနော်"

"အေးနော်၊ ဖြိုးလည်းလေ နာမည်ကြီးပုဂ္ဂိုလ်တွေကိုမြင်ရမှ၊ သြော် သူတို့လည်း အင်းလျားဆောင်သူတွေ၊ အင်းလျားမှာနေ ပညာသင်ပြီး ဘဝတစ်ဆစ်ချိုး ပြောင်းသွားကြသူတွေပါလားလို့တွေးပြီး ကိုယ်လည်း အင်းလျားဆောင်သူဖြစ်ရတာ ပိုပြီးခံစားမိသွားတယ်၊ ဖြိုး အိမ်ကမတက်ဘဲ အတွေ့အကြုံအဆောင် အဆောင်မှာလာနေတာမှန်သွားတယ်၊ တကယ်လို့ အဆောင်မှာ မပျော်ရင် ဖြိုး အိမ်ပြန်ပြေးမလို့၊ အခုတော့ ခင်စရာကောင်းတဲ့ ကျော့လိုသူငယ်ချင်းမျိုးနဲ့တွေ့ရပြီဆိုတော့ အဆောင်မှာပျော်သွားပြီ"

ကျော့တို့မှာလည်း ကိုယ့်အဆောင်ကပွဲတွေ ဝင်နွှဲရ၊ လုပ်အားပေးရ၊ တခြားအဆောင်ကပွဲတွေလည်း သွားကြည့်ရ၊ အပြင်သို့လည်း အလည်အပတ်သွားချင်ကြနှင့် စိတ်မအားလူမအား ဖြစ်ရသည်။

ဓာတ်ပုံပြပွဲတွင် သမိုင်းတစ်လျှောက် အင်းလျား၏လှုပ်ရှားမှုများကို သဏ္ဌာန်မျိုးစုံနှင့် တွေ့ရသည်။ လှုပ်ရှားမှုမှတ်တမ်းပုံရိပ်တွေကိုလည်း နှစ်အလိုက် ခွဲခြားပြထားသည်။ အနုပညာဝါသနာရှင်များ၊ စာပေပညာရှင်များ၊ ပါမောက္ခများ၊ အင်းလျားဆောင်မှပညာရှင်များ၊ စာပေဖက်တွင် ယုဝတီခင်ဦး၊ ကြည်အေး၊ ကြည်အေးကတော့ ကျော့ ရင်အခုန်ရဆုံး စာရေးဆရာမ၊ အိမ်မှာ အရီးနှင့် အမေစုဆောင်းထားသည့် မဂ္ဂဇင်းဟောင်းတွေမှာ ကျော့ ကြည်အေးကို စတွေ့

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့်သည်။ ပြီးတော့ အင်းလျားဆောင်ထွက် တခြားစာရေးဆရာမကြီးများ ဖြင့်ကြသော အင်းလျားမှ ခြင်းကြားခေါ် ဒေါ်မမကြီး၊ လူထုဒေါ်အမာ ခင်မျိုးချစ်၊ မိုးမိုး(အင်းလျား)၊ ဟသ်ာတရှင်နှောင်းတို့အား ၎င်းတို့၏လက်ရာများ နှင့် ဓာတ်ပုံများကို စီစီရီရီ ပြသထားသည်။

မျိုးဆက်ဟောင်း၊ မျိုးဆက်သစ် တွေ့ဆုံပွဲတွေ၊ ဟောပြောပွဲတွေ စိန်ရတုပွဲတော်အတွက် ညှိနှိုင်းတိုင်ပင်ကြတာတွေ ပြုလုပ်လျက်ရှိသည်။ အားလုံးက ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး၊ အင်းလျား၏ ဝန်းကျင်သည် တိမ် ကင်းစင်သော မိုးကောင်းကင်လို ပြာလွင်ကြည်လဲ့လို့၊ စိတ်ချမ်းသာစရာအပြည့် နှင့်၊ ညအခါမှာ မိုးသားထဲမှာ ဖောက်ထွင်း၍ ဝင်းပလာသော လပြည့်ဝန်းလို အေးချမ်းလှပလွန်းနေသည်။

"အင်း ငါ့မှာ လုပ်စရာရှိတာတွေ လုပ်ရဦးမယ်၊ အင်းလျားမှာ အေးအေးဆေးဆေးနေရတုန်း စာအုပ်တွေ ကောင်းကောင်းဖတ်ရဦးမယ်၊ ပညာ မှာ သိပ်မတော်ချင်တော့ပါဘူး၊ အတန်းထဲမှာ ပထမရဖို့ဆိုတာ သူငယ်တန်း ကနေ ဆယ်တန်းအထိပဲလိုတာ၊ တက္ကသိုလ်မှာ စာမေးပွဲအောင်ရင်တော်ပြီ"ဟု တွေးမိသည်။

ကျော့စိတ်တွေ ဆူဝေစပြုသည်။ ညအိပ်ချိန်မှာ ကျော့ မီးထိန်ထိန် ထွန်းထားသော်လည်း ခေါင်းအုံးပေါ် ခေါင်းချသည်နှင့် မလှုပ်မယှက် အိပ်ပျော် တတ်သောအခန်းဖော်ရဝေ့ကို ကျေးဇူးတင်ရမည်။ ကျော့တွင် နေ့မှာ ကျောင်း တက်ရ၊ အပြင်ထွက်လည်ရ၊ စာကြည့်တိုက်သွားရနှင့် မအားလပ်သလို ညမှာ လည်း လုပ်စရာတွေ များနေတတ်သည်။ ညညဆို မျက်လုံးက အလိုလိုပြူးနေ သည်။ ကျော့ တချွတ်ချွတ်နှင့် စာအုပ်ဖတ်လိုက်၊ ထိုင်လိုက်ထလိုက် ကော် ဖျော်သောက်လိုက်လုပ်လည်း ရဝေကမနိုး၊ ကျော့ စာကြည့်စားပွဲမှာ ရန်ကုန် ရောက်ပြီးမှ ဝယ်စုထားသော စာအုပ်ပုံပင် တဖြည်းဖြည်း မြင့်၍လာသည်။ လက်ရှိစာကြည့်တိုက်က ငှားထားသောစာအုပ်တွေကလည်း ကျော့ကို စောင့်မျှော်နေကြသည်။

ကျော့ အဝတ်အစားလည်းမဝယ်၊ တခြားလည်း ဘာမှ ထွေထွေ ထူးထူးမဝယ်ဘဲနှင့် ကျော့လက်ထဲမှာ ငွေက ကုန်လွယ်သည်။ အသုံးအဖြုန်းကြီး လှပါသည်။ ဝတ်နိုင်စားနိုင်သည်၊ ပေါ်ပေါ်သမျှအားလုံး ကိုယ်ပေါ်တင်နိုင်သူဟု



အမည်ကြီးသူ ဂုဏ်ထူးတန်းနောက်ဆုံးနှစ်မှ မေပုလဲထက်လည်း ကျော့မှာ ငွေပိုကုန်နေသည်။ မေပုလဲက အင်းလျားရဲ့အလှမယ်တစ်ယောက်၊ လှလည်း လှသလို ဆင်နိုင်ပြင်နိုင်သည်။ အဆောင်က ဘယ်ပွဲလမ်းသဘင်မှာမဆို အမြဲ ဒိုင်ထုတ်ခံရသည်။ သူမပါလျှင်မပြီး၊ အဝတ်အစားလည်းမထပ်စေရ၊ သူက အလှ အပအတွက် ကောလိပ်လာသလားထင်ရသည်။ သူ့အလှကြောင့် ကျော်စော၏ ထင်ရှား၏။ ကျောင်းမှာ သူ့ကိုမသိသူမရှိ။ ကျောင်းပြီးပါက ရုပ်ရှင်မင်းသမီး ဖြစ်သွားလည်း အကောင်းသား၊ ပြင်ရဆင်ရကျိုးနပ်မည်။ ကျောင်းပြီးတာနှင့် အိမ်ထောင်ပြု၊ ကလေးမွေး၊ အိမ်မှုကိစ္စတွေနှင့် မီးဖိုထဲတန်းဝင်ရလျှင်တော့ ကျော့ သူ့အတွက် စိတ်မကောင်း။

နောက် ကျော့ စိတ်မကောင်းရသူတွေများသေးသည်။ မြို့ထဲက သူငယ်ချင်းတွေနှင့်ပေါင်းကာ ကျူရှင်တွေလိုက်စုံစမ်းနေသည့် ဇင်မာကျော်ကျော် အတွက်လည်း စိတ်မကောင်း၊ မနက်အတန်းရော၊ ညအတန်းပါလိုက်တက် သည်။ မတက်နိုင်ပါက Notes တွေလိုက်ကူးသည်။ ညမှန်မှန်စာကျက်သည်။ ပြီးလျှင် နှုတ်ခမ်းထူထူလေးကို တမင်စု၍ နဖူးပြောင်ပြောင်မှာ ဆံပင်မျှင်လေး တွေ ခြစ်ကုပ်ချ၍ လုံချည်ကို ခါးမှာတင်းနေအောင်စည်းကာ ကောင်းညွှင်းထုပ် ကိုယ်လုံးလေးနှင့် ဟိုပြေးဒီပြေး စိတ်ပန်းလူပန်းဖြစ်နေပြီ။

ချမ်းမြေ့နှင့်ဖြိုးက အိပ်ကောင်းတုန်း၊ အခန်းလည်ကောင်းတုန်း၊ ကျော့ဆီ လာလေဖောတုန်း၊ ရဝေကတော့ အရယ်အမောမပျက်၊ စာကျက်လည်း မပျက်၊ စားသောက်တော့မည်ဆိုလျှင်လည်း အိမ်ရှင်မကြီးသဖွယ် ထကာစီမံမြဲ။

"ရဝေက အိမ်မှာလုပ်နေကျလေ၊ အိမ်မှာလူကြီးတွေက အရောင်းအချ နဲ့ မအားကြတော့ ရဝေပဲ မီးဖိုထဲဝင်ပြီး အားလုံးစီမံရတာ၊ မနက်စောစောထတာ လည်း အကျင့်ပါနေပြီ။ အမေက နေမြင့်အောင်အိပ်တာ လုံးဝမကြိုက်ဘူး"

မနက်စောစော အိပ်ရာကထလျှင် ရဝေစာကျက်တာ ကျော့သိသည်။ သို့သော် စာအုပ်ထဲမှာ စာမစုံသေးသည့်ကျော့ကိုမှအားမနာ

"စာတွေမရသေးဘူး၊ ကျက်ရဦးမယ်၊ တစ်လုံးမှမသိသေးဘူး"ဟု အမြဲညည်းတတ်သည်။

စာပဲ ကျက်ရင်ကျက်တယ်ပေါ့။ သူစာကျက်တာသိတော့ကော ဘယ်သူဘာဖြစ်သွားမှာမို့လို့လဲ။ သူက ညညဆို ကျော့မအိပ်ဘဲ တိတ်တိတ်

www.burmeseclassic.com

www.burmeseclassic.com



လေး ဆာကျက်နေတယ် ထင်ပုံရသည်။

"ရဓေ အဲဒါလေးလွတ်သွားတယ်။ အဲဒီအဆင့်မှာမရှင်းဘူး။ ကျော့တို့ Section မှာ ဘယ်လိုသင်လဲ" ဟုနားပူတတ်သေးသည်။

"ကျော့က အစအဆုံးကိုနားမလည်လိုက်တာ"

ကျော့ကဘုတောလျှင် "ဟင်၊ကျော့ကလဲ" ဟုနှုတ်ခမ်းစူချင်သည်။

သူက အလုပ်လုပ်လျှင်လည်း နိုးနိုးကြားကြားရှိသည်။ ကျော့တို့လို အပျင်းမထူ မနက်အိပ်ရာကထသည်နှင့် လုပ်စရာတွေ ဆက်တိုက်လုပ်သွားတတ်သည်။ ကျော့က အိမ်မှုကိစ္စဆို မလုပ်ခင်ကတည်းက မောနေပြီ။ မီးဖိုချောင်ဆိုလည်း စားဖို့သောက်ဖို့မှလွဲလို့ မဝင်ချင်၊ ထမင်းစားဖို့တောင် လက်ဆေးဖို့ ပြင်းလွန်းသဖြင့် ဇွန်းနှင့်ပဲအမြဲစားသည်။

ရဝေ့မှာတော့ ဆေးလိုက်ကြောလိုက် သန့်ရှင်းရေးလုပ်လိုက် စောင်တွေခြင်ထောင်တွေ တစ်ပတ်တစ်ခါလျှော်လိုက်နှင့် မလိုအပ်တာတွေ တော်တော်လုပ်သည်။ ကျော့ကတော့ သူ့အချိန်တွေနမြောသည်။ ဒါတွေကို မလုပ်ဘဲမနေနိုင်လို့လား။ အိမ်မှာ အမေက အမြဲဗျစ်တောက်ဗျစ်တောက်ဆူတတ်တာကြောင့် သံပတ်ပေးထားသလို အကျင့်ပါနေပြီးလုပ်နေတာလား။ ကျော့တို့လို ဗီဆန်သူမဟုတ်၊ ပြောမရသူမဟုတ်၍ထင်သည်။ မိန်းမပီသပါဘိ၊ သူမိန်းမပီသတာ ဘာအတွက်လဲ၊ အိမ်ထောင်မှုအတွက်ပဲ ရမှာပေါ့၊ ဒီလိုဆိုရင်တော့သူအရွယ်ရောက်တာ နမြောစရာ၊ မင်္ဂလာဆောင်ဖိတ်စာမှာ အမြီးရှည်ဖို့ အတွက် ကောလိပ်လာတာလား။

အားလုံးထဲမှာ ဖြိုးကိုတော့ စိတ်တိုင်းကျသည်။ ဒီကလေးမက ခပ်ရမ်းရမ်း၊ အဖော်ရရင်အံကုန်လုပ်သူ၊ ချမ်းမြေ့ကတော့ ပျော်ချင်ပါးချင်သူ။

* *

အားလုံးထဲမှာ ကျော့က ဝေယျာဝစ္စအကင်းဆုံး၊ သနပ်ခါးဆိုလည်း စိတ်လိုလက်ရရှိမှ သွေးလူးသည်။ ဖြိုးကတော့ ကျော့နှင့်နီးစပ်သူမို့ ကျော့ ဘက်တော်သားဖြစ်ဖို့လွယ်သည်။ ရုပ်အကျီတွေ ဘာတွေတောင် သဘောတွေ့တယ်ဆိုပြီး လိုက်ဝတ်နေပြီ။

ညနေတွင် စာကျက်ခေါင်းလောင်းထိုးသည်နှင့် ကျော့တို့အခန်းမှာ



သာစုဝေးကာ ထမင်းလက်ဆုံစားကြသည်။ ဝိုင်းမဆုံ၍ ခုတင်ပေါ်မှာထိုင်သူထိုင်၊ သေတ္တာပေါ်ထိုင်သူကထိုင်ကာ နေရာယူကြသည်။ ကြီးကြီးကြော်ပေးတဲ့ ငါးခြောက်ကြော်နှင့် အဆောင်က ထမင်းက စားကောင်းနေသည်၊ အဆောင်ကချက်သည့် ငါးဖယ်သုပ်နှင့် ဘူးသီးဟင်းခါးကလည်း ပွဲလည်တင့်နေသည်။ ဇင်မာကျော်ကျော်က နောက်ဆုံးမှ အခန်းထဲဝင်လာသည်။ လက်ထဲမှ စာအုပ်ကို စားပွဲပေါ် ဖုတ်ခနဲ ပစ်တင်လိုက်သည်။

"စာကျက်လို့လည်းမရဘူး၊ တကယ်စိတ်အနှောင့်အယှက် ဖြစ်ရတယ်" ဆိုကာ သူ့အခန်းဖော်အကြောင်း စကားစသည်။

သူ့အခန်းဖော်မှာ နယ်ကောလိပ်မှာတုန်းက မေဂျာကွင်းရလာသူဖြစ်သည်။ အင်းလျားရောက်တော့ အလှရောင်စုံတွေကြားမှာ သူ့ဂုဏ်လေးပျောက်ဆုံးသွားရသည်။

"မေပုလဲနဲ့သူနဲ့ ဘယ်သူလှလဲတဲ့"

"ပြောလိုက်ပါလား။ မေပုလဲက သူ့ခြေဖျားတောင်မမှီပါဘူးလို့"

ချမ်းမြေ့က အကြောင်းသိထားသူပီပီ ခပ်ဆတ်ဆတ် ဝင်ပြောလိုက်သည်။ ဇင်မာကျော်ကျော်လာပြီးမှ ထမင်းဝိုင်းက ပို၍စည်သွားသည်။

"အဝတ်အစားကအစ သူ့ရှေ့မှာထုတ်မဝတ်ရဲတော့ဘူး၊ နည်းနည်းလောက်ဆင်လိုက်ရင် သူ့ကိုပြိုင်တယ်ထင်တယ်။ လှလှပပမြင်ရင် မနာလိုဘူး၊ ကိုယ့်သူငယ်ချင်းတွေလာရင်လည်း စောင်းလားမြောင်းလားလုပ်သေးတယ်၊ ပေါ်တင်ကြီးလုပ်တာ၊ သိပ်မျက်နှာပူတာပဲ၊ ရဝေ့ကိုလည်း မကြည်ဘူးနော်"

"နေရင်းထိုင်ရင်း"

"normal မဟုတ်ဘူးထင်ပါရဲ့"

"နေပါဦး ကျော့ သူ့ကိုသိသလား" ကျော့က တိတ်တဆိတ်နားထောင်နေရာမှဝင်မေးလိုက်သည်။

"ပြော်သိပြီ၊ သိပြီ မျက်နှာကရှစ်ခေါက်ချိုးနဲ့ ဖင်ကောက်ကောက်နဲ့ နောက်မှသူ့မျက်နှာ စေ့စေ့ကြည့်ကြည့်ဦးမယ်၊ ကျော့လည်း စစ်တွေကောလိပ်တုန်းက ကျောင်းဆောင်မှာ တစ်ယောက်တွေ့ဖူးတယ်။ ဟုတ်တယ် အဲဒီလို လူတွေနဲ့နေရတာ သိပ်စိတ်ကုန်စရာကောင်းတယ်။ ဇင်မာစိတ်ညစ်မယ်ဆိုလည်း ညစ်လောက်ပါတယ်။ သူတို့က ဘဝမှာ ဘာလုပ်လို့လုပ်ရကောင်းမှန်းမသိတဲ့

www.burmeseclassic.com



လူတွေပေါ့၊ အမှန်တော့ သနားစရာကောင်းပါတယ်။”

“ကျော့တွေ့ခဲ့တဲ့တစ်ယောက်က ကေသီတဲ့၊ အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်၊ ခပ်ချောချောပါပဲ၊ ကျော့တို့ထက်အသက်ကြီးတယ်၊ သူ့ကြည့်ရတာ ဆယ်တန်းကို ဆယ်ခါဖြေလာလားအောက်မေ့ရတယ်။ သူက သူတို့မြို့နယ်က ကာယအလှမယ်တဲ့၊ အကျီလက်ပြတ်ကို အမြဲဝတ်တယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ထွားထွားကျိုင်းကျိုင်းကြီးဆိုတော့ သူ့ကိုကြည့်မယ့်သူမရှားဆိုတာ သဘောပေါက်တယ်လေ၊ ကျော့ကတော့ သူ့ကိုတွေ့တိုင်း ကလေးအမေကိုပဲမြင်ယောင်မိတာပဲ။ သူ့ကိုပြောလိုက်ရင်တော့ ကမ္ဘာကြီးတောင် ပျက်သွားနိုင်တယ်။ သူ့အလှကို တော်တော်တန်ဖိုးထားတာ၊ မှန်လည်း တစ်နေ့ကို အကြိမ်တစ်ထောင်ထက် မနည်းကြည့်တယ်။ ညအိပ်ရာဝင်တောင် ခေါင်းအုံးဘေးမှာ မှန်ချပြီးအိပ်တာ၊ ပြီးတော့ လှတဲ့သူတွေများ ထဘီကိုလည်း ခဏခဏ ဖြေဝတ်တတ်ကြလားမသိဘူး။ ထဘီဖြေဝတ်ရတာလည်း တစ်နေ့ကို အကြိမ်တစ်ရာကျော်မယ်ထင်တယ်”

ကျော့ဆီမှ သူများအကြောင်း ဝေဖန်သံကြားရခဲ့သဖြင့် အားလုံးငြိမ်၍ နားထောင်နေကြသည်။ ဖွန်းသံ၊ ပန်းကန်သံမှလွဲ၍ မကြားရ။

“သူ့ကြည့်ပြီးတော့ ကျော့စိတ်ပျက်တာပေါ့၊ ငြီးငွေ့စရာတကယ်ကောင်းတယ်။ လှတာတစ်ခုကလွဲပြီး ဘာမှအနှစ်သာရမရှိဘူး။ ဆွဲဆောင်မှုမရှိဘူး။ သူ့မျက်နှာက ခံစားလို့ကိုမရဘူး။ ကျောက်ရုပ်ကြီးလို ရုပ်သေကြီး၊ အလှအပအကြောင်းနဲ့ သူ့ကိုကြိုက်တဲ့ ယောကျ်ားလေးတွေအကြောင်းကလွဲပြီး သူ ဘာမှမပြောတတ်ဘူး။ သူ့အကြောင်းကလွဲရင် သူ့ရှေ့မှာဘာမှပြောလို့မရဘူး။ အတွေးကလည်း ခပ်တိမ်တိမ်ရယ်၊ ကျော့က သူနဲ့ အဓိပ္ပာယ်ရှိရှိစကားတွေ ပြောဖို့ ကြိုးစားပါသေးတယ်။ သူ့ကိုသနားတာနဲ့ ကယ်တင်ကြည့်တာပါ။ မရပါဘူး။ ရန်တွေ့တာတောင်ခံရသေးတယ်။ ကျော့ကသာ သနားနေတာ တစ်နေ့တစ်နေ့ သူ့မှာ လာလိုက်တဲ့ရည်းစားစာတွေ မနည်းဘူး။ ယောကျ်ား တော်တော်များများဟာလည်း အတွေးခပ်တိမ်တိမ်ရယ်။ သူ့ကောင်တွေအကြောင်း ပြောရမယ်ဆိုရင် သူကလည်း မအိပ်တမ်းပြောနိုင်တာ၊ တစ်ခန်းတည်းဆိုတော့ ကျော့လည်း မနည်းဝင့်ခံလိုက်ရတယ်”

ဖြိုးက စားရင်းသောက်ရင်းမှ ရယ်စပြုသည်။



“ကျော့က သိပ်ချောတဲ့လူတွေနဲ့ သူတို့ရဲ့စိတ်အခြေအနေအကြောင်း ကောင်းကောင်းတော့ မသိပါဘူး။ မှန်ကြည့်တိုင်း ကိုယ့်ကိုယ်ကိုယ် ချစ်နေကြ တာဆိုတော့ သူများတွေကလည်း ချစ်ကြမှာပဲလို့ တစ်ဖက်သတ်ထင်ပြီး နည်းနည်းဆို အနိုင်ယူချင်တယ်။ သူတို့လှတာကို အားကျတဲ့လူ၊ မနာလိုတဲ့လူ ရှိတယ်ဆိုပြီး ဆောင့်ကြွားကြွားလည်းနိုင်သေးတယ်။ ဒီလောက်ချောမှတော့ သည်း ရုပ်ဆိုးတဲ့လူက အနည်းနဲ့အများ မနာလိုစိတ်ဖြစ်ချင်ဖြစ်ကြမှာပေါ့။ သူ့ဝဲ အဲဒါဘာဖြစ်လဲ လူ့သဘာဝပဲ၊ သူတို့သာရုပ်ရှိသလို ‘သဘောထား’ လေးလည်းရှိရင် မသိသလိုနေလိုက်ကြပေါ့ မဟုတ်ဘူးလား ကျော့ပြောတာ”

ကျော့က သူပြောချင်ရာပြောပြီး စားပြီးသားပန်းကန် ဗီရိုပေါ်တင်၊ စာအုပ်တစ်အုပ်ချိုင်းကြားညှပ် ကော်ဖီခွက်ကိုလက်ကကိုင်ကာ လှည့်ထွက်သွားတော့ ချမ်းမြေ့ကမေးငေါ့သည်။

“ကြည့် ကျော့တို့များ သူများအထင်အမြင်ဆို ဘယ်တော့မှ နားထောင်တော်မရဘူး”

မှတ်ကရော၊ တစ်ရက်တစ်ရက် စာဖတ်လို့မရအောင် ကျော့အခန်းမှာ ဝဲ လာလာစုကြတာ။ ဒီနေ့တော့ သူတို့မပြောခင် ကျော့အရင်ပြောခဲ့ပြီး ထွက်လာခဲ့သည်။ အခန်းထဲမှာ ခေါင်းလေးလုံးစုကျန်ခဲ့သည်။

ကျော့ စာမဖတ်ရတဲ့ရက်တွေများပြီ၊ ကျော့အခန်း ကျော့ခုတင်ကသည်း ညစ်ပတ်မှုအပေါင်း ခညောင်းကာ ကျက်သရေမင်္ဂလာတွေ ဝေဖြာနေသလားမသိ။ ကျော့ခုတင်မှာမစုရရင် မနေနိုင်ကြ။ နှင်လွှတ်လို့ရတာလည်း မဟုတ်၊ ပြောမရ ဆိုမရ တော်တော့်ကို အလိုက်မသိတဲ့ဟာတွေ။

တွေးကြည့်လိုက်ရင် အနုလိုဆုံဆည်းပြီး ကျောင်းပြီးသွားလျှင် ဘယ်ရုပ်ဘယ်ဌာနေလွင့်ကြမည်မသိ၊ ဒီလိုတွေးမိတော့ ဝမ်းနည်းစရာကြီး။ သူတို့တွေလည်း အိမ်ထောင်ကျကြဦးမှာ၊ တော်တော်သနားစရာကောင်းမှာပဲ၊ ဘယ်လိုလူမျိုးတွေနှင့် အိမ်ထောင်ကျကုန်မလဲမသိ၊ ရဝေဆိုလည်း လှတပတ လေး၊ ချမ်းမြေ့ဆိုလည်း ဖြောက်ဖြောက်ဆာနေတာကလွဲရင် စိတ်ထားကောင်းသား၊ ဖြိုးဆိုလည်း အဖြူထည်လေးမို့ ကလိမ်ကကျစ်ကောင်တွေနှင့် တွေ့မှာစိုးရသည်။

ရဝေကတော့ ဗိုက်ရွဲရွဲ မျက်နှာနီနီနှင့် အရက်ကြိုက်တတ်ပြီး စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်မှ မဖတ်ဖူးပါစေ၊ စီးပွားအရှာကောင်းလျှင် ကြိုက်မည်လားမသိ၊ ဒါမှ မဟုတ် ထမင်းချက်ရာမှာလည်းပါ၊ ဟိုမှာပါ၊ ဒီမှာပါ နေရာတကာလိုက်ဆရာ လုပ်တတ်ပြီး ပိုက်ဆံတစ်ပြားကို နှစ်ပြားဖြစ်အောင်ခွာမယ့်ကောင်မျိုးတွေနဲ့ ရမလား၊ တချို့လည်း ပိန်ကပ်ကပ်နှင့် ကျောင်းဆရာတွေနဲ့ ရကြမလားမသိဘူး။

ကျောင်းဆရာဖြစ်ရင်လည်း ညံ့ညံ့ပက်ပက်ထဲကမဟုတ်ဘဲ အာပေါင်းအာရင်းသန်သန် အာဝဇ္ဇန်းရွှင်တဲ့ဆရာဆို တော်သေးရဲ့၊ အထူးသဖြင့် ကျောင်းသားတွေကို မာန်လားမဲလားမလုပ်တဲ့ ဆရာမျိုးပေါ့။

အလယ်တန်းတုန်းက ကျော့တို့သင်ရတဲ့ မြန်မာစာဆရာဆို ကျော့ သိပ်သဘောကျသည်။ မပော်သဓာဇာတ်တော်များ ဆရာသင်ရင် တစ်နှစ်လုံး လည်း မငြီးငွေ့ပါဘူး။ အဓိကအကြောင်းရင်းက ဆရာပါးစပ်ဟလိုက်တိုင်း ရယ်စရာတွေချည်းပဲ ထွက်ကျလာတတ်တာကိုး၊ ပြီးတော့ စာသင်ချိန်မှာ အချိုး ထုတ်တွေဘာတွေခိုးစားလည်း ဆရာက ဘာမှမပြောတဲ့အပြင် ကျော့တို့ စာလိုက်ဆိုရင်တောင် "ဖြည်းဖြည်းဆိုကြ၊ တချို့လည်း ပါးစပ်ထဲက ဆီးစေ့တွေ ထွက်ကျနေဦးမယ်" ဟု ခပ်တည်တည်နှင့် သတိပေးဖော်တောင် ရသေးသည်။ တော်တော်ချစ်ဖို့ကောင်းတဲ့ဆရာ။

ပြီးတော့ ကျော့ လူရည်ချွန်ဖြေရစဉ်က ဆရာ့ကျေးဇူးတစ်ခုရှိသေးသည်။ ကျော့ ခုနစ်တန်းနှစ်ကစပြီး လူရည်ချွန် နှစ်တိုင်းဖြေခွင့်ရသည်။ ဘယ်တော့မှ အရွေးမခံရတာတစ်ခုပဲ၊ ဒါကတော့ ထားပါတော့ အရေးမကြီးပါ ဘူး။

ဆရာက ကျော့တို့ကျောင်းမှာ ကာယဆရာလည်းဖြစ်သည်။

ကျော့က ဒိုက်ထိုးတာတို့ဘာတို့၊ အိပ်ထမတင်တို့ဘာတို့ဆို လုံးဝမရ ကျော့ငယ်ငယ်က ပိန်လိုက်တာမှ အရိုးချည်းပဲရှိလားတောင်ထင်ရသည်။ ကိုကို ဆို ဒိုက်ထိုးတာသိပ်တော်သည်။ တစ်ပြေးညီကြမ်းမှာထိုးမလား၊ ဦးစောက် ဆောက်ပြီးထိုးမလား ရသည်။ ကင်းမြီးကောက်ထောင်ပြီးတောင် ထိုးနိုင်မည် ထင်သည်။ ကိုယ့်အစ်ကိုမို့လို့ထင်ရတာမဟုတ်ပါဘူး၊ ကိုကိုက နေရာတော်တော် များများမှာ တော်တာကိုး၊ ဒိုက်ထိုးတာလောက်ကို ပြောမနေနှင့်တော့။

ကျော့က အပျော့အပြောင်းမှာ သံချောင်းလို့တောင် ပြောစမှတ်ပြုခံရ



သည်။ အိပ်ထမတင်လုပ်ရလျှင်လည်း လှဲချလိုက်ပြီးရင် ထကိုမထနိုင်တော့ ထလည်းမထချင်တော့၊ ဒါကြောင့် ကျော့က ကာယလေ့ကျင့်ခန်းတွေမှာ အမြဲ အမ်း ဗီးရိုးပဲ၊ ဆရာဝန်ကတော့ ကျော့ဟာ ခါးရိုးနည်းနည်းကောက်တယ်တဲ့၊ ခိုင်လားမဆိုင်လားတော့မသိဘူး။

အဲဒီတုန်းက အတူဖြေရသည့်သူငယ်ချင်းတွေကလည်း ကျော့ဒူးကို ခိုင်းဖိပြီး မချိမဆန့်နဲ့ အားပေးကြပါရဲ့။ တစ်ကြိမ်မှမရဘူး၊ ကံကောင်းချင်တော့ ဆရာစောင့်ကြည့်သည့်အလှည့်နှင့်ကြုံတော့ ကြိုးစားပမ်းစားကုန်းရုန်းပြီးထနေ တဲ့ကျော့ကိုကြည့်ပြီး ဖွဲဆုပေးသဖြင့် ဘဲဥကွဲဖူးသည်။ အဲဒါလေးကို ကျော့ ဘယ်တော့မှမမေ့။

အပြေးပြိုင်ပွဲတွေမှာလည်း ကျော့ အမြဲသူများနောက်မှ ပန်းဝင်သည်။ အရိုးတွေသယ်ရတာပဲလေးသလားမသိ၊ သူများတွေက ဝီစီမှုတ်တာနှင့် ဘာမှ ခေါင်းစား ပန်းဝင်ချင်ဇောနှင့် အပြိုင်အဆိုင် အားတက်သရောပြေးကြသည်။ ကျော့က ကွင်းတစ်ဝက်လောက်ပြေးပြီးရင် မပြေးချင်တော့၊ ပွဲကြည့်ပရိသတ်ထဲ က တစ်ယောက်ယောက်ကများ ကျော့ကိုကြည့်ပြီး ရယ်နေမလားတွေးပြီး ပြေးချင်စိတ်ကုန်ခမ်းသွားတတ်သည်။ ကျော့ကိုယ်တိုင်က ရှေ့ကပြေးနေတဲ့လူ တွေကိုကြည့်ပြီး ရယ်ချင်နေတာကိုး၊ လာအားပေးတဲ့ကျောင်းသားတွေကလည်း ရည်နေတာပဲ၊ ပြေးရတဲ့လူ တော်တော်ကသိကအောက်ဖြစ်သည်။ ကျော့က သူတို့အော်လေ မပြေးချင်လေပါပဲ။ တကယ်ဆို အားပေးသံကြားရင် အားတက် ပြီး ယှဉ်ပြိုင်ချင်တဲ့စိတ်တွေ တဖွားဖွားပေါ်လာရမှာမဟုတ်လား၊ ကျော့ကတော့ အဲဒီလိုမဟုတ်ပါဘူး။

နှုတ်ဖြေတွေ ဗဟုသုတတွေမှာ မဖြေနိုင်ကတည်းက ကျော့မပါနိုင်ဘူး ဆိုတာ သိပြီးသားပဲ၊ စကားပုံတွေလည်းမေးတာပဲ၊ မြောက်မြားလှစွာသော မြန်မာစကားပုံတွေကို ကျော့အကုန်ဘယ်သိနိုင်မလဲ၊ ကျော့သူငယ်ချင်း တစ်ယောက်ဆို "ယုန်တောင်ပြေး၊......"ဆိုပြီး ကွက်လပ်ပေးထားတာကို သေသေချာချာစဉ်းစား ပြီး "မားမထောင်"လို့ ရေးခဲ့တယ်တဲ့၊ ကျော့လည်း "ယုန်တောင်ပြေး၊ ခွေးမြောက် လိုက်"ဆိုတာ အဲဒီတော့မှ ကြားဖူးတာ။

www.burmeseclassic.com

www.burmeseclassic.com



လူရည်ချွန်ဆိုတာ ဘက်စုံတော်ရမယ်၊ ကျောင်းစာတစ်ခုတည်းတော်တာမဟုတ်ဘူးဆိုတဲ့ သဘောပေါ့လေ၊ ဖေဖေပဲကောင်းတယ်၊ စာကျက်ရင်တောင် "ဘာလို့အပင်ပန်းခံပြီးကျက်နေတာလဲ၊ တော်ပြီပေါ့သမီးရဲ့၊ ရတာဖြေပေါ့"လို့တောင် ဆိုသေးသည်။ ဖေဖေက သားသမီးပင်ပန်းတာကို ကြည့်ရက်သူမဟုတ်၊ မေမေ့ကိုတောင် "ကလေးတွေကို သိပ်မြှောက်မပေးနဲ့"လို့ လှည့်ကြိမ်းသေးသည်။

လောကကြီးမှာ ဖေဖေ့လိုလူမျိုးချည်းဆို ဘယ်လောက်ကောင်းလိုက်မလဲ၊ ဖေဖေသာ အပြစ်တင်တတ်တဲ့သူဆိုရင် မေမေနဲ့ ဘယ်တည့်မလဲ၊ အမြဲတကျက်ကျက်နှင့် ကျော့တို့လည်း စိတ်ချမ်းသာရမှာမဟုတ်ဘူး။

ဒီကလေးမတွေလည်း နောင်လေးငါးနှစ်ဆိုရင် ထဘီစွန်တောင်ဆွဲနှင့် ကလေးတိုးလို့တွဲလောင်းတွေနှင့်ဖြစ်ကုန်မှာပဲ၊ သူတို့တွေလည်း ဘယ်လိုယောကျ်ားတွေကို အထင်ကြီးကြမလဲမသိဘူး၊ တချို့က ဘာဆိုဘာမှ အလိုက်မသိတတ်ကြတဲ့ကောင်တွေကိုပဲ ယောကျ်ားပီသတယ်ထင်နေရှာတယ်။ တချို့ကလည်း စာအုပ်တစ်အုပ်မှမဖတ်ဖူးတဲ့ကောင်ကိုပဲ လက်တွေ့ကျသလေးဘာလေးနှင့်၊ သနားစရာတော့ တော်တော်ကောင်းသား။

ကျော့အထင်တော့ ယောကျ်ားတစ်ယောက်မှာ တည်တည်ငြိမ်ငြိမ်နှင့် ဆင်ခြင်စဉ်းစားတတ်တဲ့ ခေါင်းတစ်လုံးရယ်၊ သည်းခံတတ်တဲ့နားရွက်တစ်စုံရယ်၊ ချစ်ခင်ကြင်နာတတ်တဲ့ နှလုံးသားရယ်ဆိုရင် လုံလောက်ပြီထင်တာပဲ။

* *

ဖြိုးနှင့်ကျော့ မြို့ထဲထွက်လည်လျှင် (၁)နာရီအတန်းကိုမှီအောင် ဘယ်တော့မှပြန်ရောက်လေ့မရှိပေ။ "လျှောက်သွားတာမဟုတ်ပါဘူး"ဟု ကျော်စွာအားပြောလိုက်သော်လည်း နှစ်ယောက်သား မြို့ထဲလျှောက်လည်၊ ရုပ်ရှင်ကြည့်ချင် ဝင်ကြည့်၊ လက်ဖက်ရည်ဆိုင်ထိုင်၊ ဒါမှမဟုတ် ပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်တွေမှာ စာအုပ်သွားမွှေကြသည်။ သွားစရာမရှိလျှင်



လေ–ဝါယာလက်၊ မင်္ဂလာဒုံကားကို အစုန်အဆန်စီးသည်။ ပြည်လမ်းက ခတန်ကားစီး၍ကောင်းသည်။ မြို့ပြင်ရောက်သည်နှင့် အေးမြသန့်ရှင်းသော ကို ရှူရသည်။ မင်္ဂလာဒုံဘက်ရောက်လျှင် ရှုမျှော်ခင်းတွေငေးကြည့်ရတာ စိအေးနားအေး အင်မတန် စိတ်ချမ်းသာစရာကောင်းသည်။ ရန်ကုန်ရောက် ဖြစ်၍ ဘတ်စ်ကားလိုင်းတွေ သိပ်မသိသေး၊ အင်းစိန်–ဆူးလေကားနှင့် လာဒုံ–ဆူးလေ နှစ်လိုင်းပဲသိသည်။ ကျန်သည့်အချိန်တွေမှာ ကျောင်းမှာ ျော်သည်။ အင်းလျားမှာပျော်သည်။ စာကြည့်တိုက်မှာ စာသွားဖတ်သည်။

တစ်ရက်လည်း အလည်လွန်ပြီး ညနေမှ အဆောင်ပြန်ရောက်သည်။

"ကျော့ထူးမောင် ဧည့်သည်"ဆို၍ ရေချိုးရန်ပြင်မလို့လုပ်နေရာက ပြေးတစ်ပိုင်းထွက်လာခဲ့သည်။ ဧည့်ဆောင်မှာလည်း လူမတွေ့ရ၊ ဝင်းပေါက် လှမ်းကြည့်တော့မှ ကျော်စွာနှင့်သန်းထွဋ်ကို အုတ်ခုံနားမှာရပ်လျက် တွေ့ရ ည်။ တစ်ဆက်တည်း အင်းလျားလမ်း၏ တစ်ဖက်ပလက်ဖောင်းမှာ အဆောင် ာက်သို့မျက်နှာမူကာ ထိုင်နေကြသည့် ဗညို့နှင့်ဝဏ္ဏကိုပါ မြင်လိုက်ရသည်။ နေ့တော့ လူစုံသည်။ ဘယ်အချိန်ကတည်းက စောင့်နေသည်မသိ၊ ကျော့ အတွက် ဒုက္ခခံကြတာ အားနာသွားသည်။

"စောင့်နေရတာကြာပြီလား၊ အထဲမှာဝင်ထိုင်ရောပေါ့"

ကျော့က ကျော်စွာ့လက်ထဲမှ ဘူးတွေပုလင်းတွေကို လှမ်းယူလိုက် သည်။

"မိန်းကလေးဆောင်ထဲ မဝင်ချင်ပါဘူး၊ ဒီမှာတောင် အကြည့်ခံရတာ ကလာပြီ"

"အဖြစ်ကိုသည်းတယ်၊ သူတို့ပဲပေါ့၊ ညညဆို ပုန်းလျှိုးကွယ်လျှိုးနဲ့ အဆောင်တွေနားပဲ သီချင်းလာဆိုကြတာ"

"ဟာ သူတို့က ဝိုင်းကြည့်နေကြတာ ရှက်တာပေါ့၊ ယောကျ်ားလေးပဲ"

"ဘယ်သူမှလဲ ကြည့်တာမတွေ့ပါလား"

ကျော်စွာက ကျော့အဆောင်ကို တစ်ယောက်တည်းလာခဲ့သည်၊ သူ ငယ်ချင်းတွေ တစ်ယောက်မဟုတ်တစ်ယောက် ပါလာလေ့ရှိသည်။ တစ်ခါ တစ်လေ ကျော်စွာ့ဆီမှ အထုပ်အပိုးတွေကို သူတို့ပါကူဆွဲလာလျှင် ကျော့မှာ အားနာရပြန်သည်။ ယခုလည်း အားနာစကားဆိုတော့

www.burmeseclassic.com



"ရပါတယ်၊ ကျွန်တော်တို့က အားနေကြတာ၊ ညနေဆိုရင် လုပ်စ
မရှိလို့ အလုပ်လိုချင်နေကြတာ"

"သြော် ဟုတ်လား"

ကျော့ ရယ်မောလိုက်သည်။ ဖြိုးမပါလို့၊ ဖြိုးသာရှိလျှင် သူတို့
တစ်ခုခုပြန်ပြောပေမည်။

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင်မုန့်လိုက်ကျွေးလေ"

သန်းထွဋ်လား၊ ဝဏ္ဏလားမသိ တစ်ယောက်ကဝင်ပြောသည်။ သူ
နှစ်ယောက်ကိုတော့ ကျော်စွာနှင့် ခဏခဏပါလာ၍ အတော်ကလေး မျက်မှန်း
တန်းကာ ခင်မင်နေပြီဖြစ်သည်။ ကျော့ နာရီတစ်ချက်ငုံ့ကြည့်လိုက်သည်၊

"ဒီနေ့တော့ အချိန်မရတော့ဘူး၊ အဆောင်ပိတ်တော့မယ်၊ မနက်ဖြ
ဆန်းဒေးအားတယ်မဟုတ်လား၊ အင်းလျားမှာ တစ်ခုခုသွားစားကြတာပေါ့"

"ဟိုကောင်ကိုမေး"

သန်းထွဋ်က ဗညိုကို မေးထိုးပြရင်း တဆက်တည်း

"မင်းအားတယ်မဟုတ်လား"

"အားပါတယ်"

ဗညိုက ကျော့ကို တစ်ချက်လှမ်းကြည့်ကာ မပြုံးမရယ်ဣန္ဒြေတစ်ခွ
သားနှင့် ဆိုလေသည်။

သူ့ကိုကြည့်လိုက်ရင် အမြဲတမ်း ဂျင်းဘောင်းဘီနှင့်ပဲ၊ ဒီနေ့ ဂျင်းရှ
အပြာဖျော့ဖျော့နှင့် ဂျင်းဘောင်းဘီနက်ပြာရောင်ကို တွဲဝတ်ထားသည်။ သူတို့
လေးယောက်စလုံး အရပ်ရှည်ကြသည်။ အသားဖြူသူသုံးယောက်ထဲမှာ ဗညို
အသားလတ်လတ်က အတော်ကလေးညိုသလိုဖြစ်နေသည်။ သူ့ဆံပင်ခွေခွေ
လေးတွေကတော့ သူများထက်ရှည်သည်။

"ကျော့သူငယ်ချင်းတွေကလည်း သူတို့အားလုံးကို ကျေးဇူးတင်နေ
တာ၊ ပြောထားလိုက်မယ်၊ မနက်ဖြန်အင်းလျားကန်စောင်းမှာ တစ်ခုခုသွားစား
ကြတာပေါ့၊ အားလုံးနော်"

နောက်တစ်နေ့ အင်းလျားကန်စောင်းသို့သွားရန် အဆောင်မှာ ကျော့
တို့ကိုလာခေါ်တော့ ဝဏ္ဏနှင့်သန်းထွဋ်နှစ်ယောက်တည်းဖြစ်သည်။ ကျော်စွာနှင့်



ညီက အင်းလျားမှာစောင့်နေပြီဟုပြောသည်။ ကျော့တို့ အင်းလျားလမ်း
ကြောင်း စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့သည်။

ဆိုင်ထဲရောက်တော့ ခုံနှစ်ခုံဆက်ကာထိုင်ကြရသည်။ ကန်ရေပြင်နှင့်
စိမ်းစိုစိုအပင်စုကလေးတွေကြည့်ပြီး စိတ်ကြည်လင်လာသည်။

"စားနော်၊ အားမနာနဲ့၊ ကျော့သူငယ်ချင်းတွေအကြောင်းတော့ သိပြီး
၊ ပြောစရာမလိုဘူး"

အားလုံးက အာပွလျှာပွစားကြသော်လည်း ဗညိုတစ်ယောက်သာ
သီးကြော်စားနေတာ သတိထားမိသည်။

"မစားဘူးလား"

"ကျွန်တော်မကြိုက်ဘူး"

"စားဖူးလို့လား"

"မစားဖူးဘူး"

"ဒါနဲ့များ စားကြည့်ပါဦး"

"ဖြိုးလည်း အရင်က စားရကောင်းမှန်းတောင်မသိဘူး၊ ဒီအရည်
ကျဲနဲ့ အမျှင်တစ်မျှင်နှစ်မျှင်နဲ့ အရောင်အဆင်းလည်းမရှိ၊ စားချင်စဖွယ်လည်း
မဟုတ်ဘဲနဲ့လေ၊ ကျော့နဲ့ပေါင်းမှ စားတတ်သွားတာ၊ ကျော့က သူတို့ရခိုင်စာ
တွေကို ညွှန်းသလားမမေးနဲ့"

ဖြိုးကဝင်ပြောသည်။

"သူမကြိုက်တာကျနေတာပဲ"

"ငါတို့မှာ စားပွဲသောက်ပွဲတွေရှိတယ်၊ နင်တို့ကိုခေါ်မယ်လေ"

ဝဏ္ဏက စီးကရက်မီးညှိရင်းပြောသည်။

"လေကောင်းလေသန့်လာရှုပါတယ်ဆိုမှ လေထုညစ်ညမ်းအောင်
လုပ်နေပြန်ပြီ"

"စားဖို့ဆိုတော့ စိတ်ဝင်စားတယ်"

"စားဖို့မဟုတ်ဘူး၊ ချက်ဖို့"

"ဟာ ဒါတော့ ရဝေတစ်ယောက်နဲ့တင် လုံလောက်တယ်"

"စားနေတဲ့လူနင်နေဦးမယ်"

အားလုံးစားပြီးလို့ ရှင်းခါနီးတော့ "ရှင်းပြီးသွားပြီ" ဟု ဝဏ္ဏကပြော

www.burmeseclassic.com

www.burmeseclassic.com



သည်၊

ဗညိုပဲနေမှာ၊ စောစောက သူထသွားတာမြင်လိုက်သော်လည်း ဘာ်ယောက်တစ်ပေါက်ပြောနေကြသဖြင့် အမှတ်တမဲ့ပင်။

"ဘာလို့ရှင်းလိုက်တာလဲ၊ ကျော့ရှင်းမယ်ပြောထားသားနဲ့"

ကျော့က ဝဏ္ဏကိုရည်ရွယ်၍ ပြောလိုက်သည်။ ခပ်စိုက်စိုက်ကလေး ကျော့ကိုကြည့်နေတဲ့ ဗညိုကြောင့် ကျော့လေသံ မာမလိုဖြစ်ပြီးမှ အနည်းငယ် ပျော့သွားသည်။ စိတ်ထဲမှာတော့ မကျေနပ်။

"ကျွန်တော်ရှင်းလိုက်တာပါ၊ နောက်တစ်ခါမှ ကျော့ကျွေးပါ စိတ်မဆိုးပါနဲ့"

"စိတ်ဆိုးစရာမှမဟုတ်တာ၊ ကျွေးချင်လို့ တကူးတကလူစုလာရတာကို၊ နောက်တစ်ခါဆို စေတနာရှိချင်မှရှိတော့မှာ"ဟု ခပ်တည်တည်နှင့် ပြောလိုက်သည်။

ဖြိုးက လမ်းလျှောက်ရအောင်ဟုပြောသဖြင့် ကန်ဘောင်ပေါ်သို့ တက်လာပြီးတဲ့ခဏမှာ ကျော့ဟာ ဗညို၏မျက်နှာရိပ်ကိုကြည့်ကာ ရယ်မော စကားဆိုဖို့ အသင့်ဖြစ်နေလေသည်။ သူစိတ်ခုမှာ စိုးရိမ်နေသော်လည်း ပါးစပ် က သူ့ကို အားနာကြောင်း၊ ကျေးဇူးတင်ကြောင်း လုံးဝမပြောဖြစ်ပါ။ ကျော့ စိတ်ထဲ ဘာမှမဖြစ်ဘူးဆိုတာတော့ သူသိစေချင်နေသည်။

အပြန်တွင် ဖြိုးက "ဗညိုကိုဘယ်လိုမြင်လဲကျော့" ဟုမေးသည်။

ချမ်းမြေ့နှင့် ရဝေက ကျော့အဖြေကို နားစွင့်နေကြသည်။

"ဘယ်လိုမြင်ရမှာလဲ၊ ကျော့အကဲမခတ်တတ်ပါဘူး"

"ဖြိုးထင်တယ်၊ သူ ကျော့ကို တစ်ခုခုပတ်သက်လာလိမ့်မယ်"

ကျော့က ရယ်မောနေလျက်မှ မျက်တောင်တဖျတ်ဖျတ်ခပ်နေမိသည်။

"ကျော့ကတော့ ရယ်မိမှာပဲ၊ သူပတ်သက်လာတာ သူ့ကိစ္စပဲ၊ ကျော့နဲ့ မဆိုင်ပါဘူး" ဟု မှင်သေသေပြောလိုက်သော်လည်း ညနေတွင် ကျော့ထံ ရောက်ရှိလာသည့် လုပစ္စာစည်းနှောင်ထားသော နှင်းဆီပန်းလေးနှစ်ပွင့်ကိုတော့ ကျော့သည် ပြုံးတစ်ဝက်မဲ့တစ်ဝက်နှင့် ငေးစိုက်ကြည့်မိရလေသည်။

တစ်ပတ်လောက်အတွင်းမှာကို ကျော့တို့အဖွဲ့နှင့် သူတို့တွေ အတော် ကလေးအဖွဲ့ကျသွားသည်။ သန်းထွဋ်နှင့်ဝဏ္ဏက အရွတ်အနောက်သန်သဖြင့်



ကြာခင်ပဲ သူတို့နှစ်ယောက်နှင့် ငယ်ပေါင်းသူငယ်ချင်းတွေလို ဖြစ်သွားကြ သည်။ သူတို့က မိန်းထဲမှာပဲတက်ရသဖြင့် မတွေ့ချင်လည်း တွေ့နေရသည်၊ ဓေဂျာမတူသော်လည်း ကျော့တို့အတန်းမှာ ရောယောင်လာထိုင်တတ်သေး သည်။ ကျော့နှင့်ဖြိုးကလည်း ကိုယ့်အတန်းထဲက ယောကျ်ားလေးအဖော်များ နှင့် မခင်မိဘဲ တစ်ခြားမေဂျာမှ ယောကျ်ားလေးများနှင့် အရင်ဆုံးခင်မင်မိသည့် အဖြစ်ကို အံ့ဩမိရသည်။ နေ့လည်ထမင်းစားချိန်ဆို ကင်တင်းသွားရန် အမြဲ လာခေါ်တာက အချိန်မှန်သည်။ ကျော့တို့ စာသင်ဆောင်အနီးရှိ ရေတမာပင် အောက်မှာ ထိုင်စောင့်နေတတ်ကြသည်။

ကျော့က ဗညိုပါလာသည့်ရက်တွေကို လက်ချိုးရေတွက်စပြုသည်။ အစအနောက်ပိုသန်သည့်ဝဏ္ဏနှင့်လောက်လည်း အပြန်အလှန်စကားနိုင်မလုရ ဘဲ စာအုပ်တွေအကြောင်းပြောလို့ရသည့် သန်းထွဋ်နှင့်လောက်လည်း စကား များများမပြောဖူးပါလျက် သူ့ကို စိတ်ထဲမှာ ရင်းနှီးနေတာ ထူးဆန်းသည်။

ကျော့သူငယ်ချင်းတွေနှင့် သူတို့တတွေ စားအတူသွားအတူနှင့် အားလုံး ခင်ခင်မင်မင်ရှိပြီးနောက်တွင်လည်း ကျော့စိတ်ထဲမှာ စိတ်ကူးယဉ်စွာ ပင် ဗညိုကို ကျော့နှင့်သာပတ်သက်ရလိမ့်မည်ဟု ယုံကြည်မျှော်လင့်မှုတွေ အပြည့်နှင့်ဖြစ်သည်။ ထိုမျှော်လင့်ချက်တို့ ပို၍အားကောင်းပြင်းထန်လာသည် ဆိုလျှင် ဗညို့ရဲ့အမူအရာ၊ ဗညို့ရဲ့အကြည့်အရှုတို့ ပယောဂမပါဘဲမဖြစ်နိုင်ပါ။ ဒါပေမယ့်လည်း ကျော့ဟာ သူ့ရှေ့ရောက်လျှင် ရှက်ရွံ့အနေခက်ရစမြဲဖြစ်ကာ တွေ့လိုမြင်လိုလျက်နှင့် ရှောင်ဖယ်၍ နေလိုက်ချင်သေးသည်။

ဗညိုနှင့်ကျော့ တွေ့ဆုံမှုတွင် သူငယ်ချင်းများ၏ ဖွဲ့စည်းပါဝင်မှုသည် လည်း ပဓာနကျသောကြောင့် သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့ရမှုကိုလည်း ကျော့ သည် ကြည်ပြာနရောင်ဖဲကြိုးစကလေးနှင့် စည်းနှောင်ထားသော ပျော်ရွှင်မှုလေး အဖြစ် လက်ခံထားခဲ့သည်။

* *

ကျော်စွာ ရိက္ခာလာပို့လျှင်တော့ အားလုံးပျော်ကြရသည်။ နယ်မှပို့ပေး တာတွေက ကြာတတ်သည်။ ရဝေကတော့ အဆောင်မီးဖိုခန်းထဲမှာပဲ သူ့ တစ်ယောက်စာ ကျော်လော့သည်။ ဖြိုးကတော့ အဆောင်ကထမင်းမစားနိုင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာဝယ်စားသည်။ အလုပ်ရှုပ်ခံပြီးလာမပို့ဖို့ ဆွေမျိုးအိမ်ကို မှာထားသည်တဲ့။

ငါးကြော်တစ်ပုလင်းလည်း တစ်ပတ်မခံ၊ ချဉ်ပေါင်ကြော်တစ်ပုလင်း သုံးရက်နှင့်ပြောင်သည်။ ကြက်သားကြော်ဆိုလျှင် နောက်နေ့မကျန်။

"ဝါးလုချည်လား"

ကျော်စွာတောင်အံ့သြသည်။

"သရဲတွေချည်းပဲ"

"ကြောက်ပါရဲ့"

မကြားတကြားနောက်တတ်လွန်းသဖြင့် ဖြိုးတို့တစ်သိုက်ကို နဂိုကတည်းက ကျော်စွာခပ်လန့်လန့်၊ အဆောင်ထဲပြန်ရောက်လျှင် ကျော့ကို ယောင်းမချင်း မိုးမွှန်နေသည်။ ကျော်စွာ့ကို သုံးပိုင်းပိုင်းမည် လေးပိုင်းပိုင်းမည် လုပ်ကြ သည်။ ကိုယ်တော်ကျော်စွာကြားလျှင် တက်သေမလားမသိ။

ကျော်စွာတို့အဖွဲ့ကလည်း ပျော်စရာကောင်းသည်။ ညဘက်ဆို ကျော်စွာတစ်ယောက် သူ့အပေါင်းအသင်းတွေနှင့် လျှောက်သွားနေသည်မှာ အမြဲမိုးချုပ်မှ အိမ်ပြန်ရောက်သည်တဲ့။ တစ်ခါတစ်ခါ ညတောင်ပြန်မအိပ်ဟု မမခိုင်က ပြောသည်။ ဘယ်တွေလျှောက်သွားနေသလဲမသိ။ ယောကျ်ားလေးတွေ အိမ်ကဆင်းသွားရင် သူတို့ဘာလုပ်ကြလဲသိပ်မသိရ။ သိပ်လွတ်လပ်တာပဲ၊

ကျော်စွာကတော့ ငယ်ငယ်ကပဲ သူနှင့်ဆော့ဖော်ဆော့ဖက် မျောက်လွှဲ ဂျာ်ကြောင့်လားမသိ၊ ကျော့ကို တယ်ပြီးတသီးတစ်ခြားလုပ်မနေ၊ ကျော့ ဘီယာဆိုင်လိုက်ချင်လည်း ခေါ်သွားမည့်ပုံ။ ဒါပေမယ့် ကျော်စွာ ခုတလော ဘာတွေဖြစ်နေသလဲမသိ။

"ညနေတစ်ရက်လောက် ငါ့ကိုခေါ်စမ်းပါ ကျော်စွာရယ်၊ (၆)နာရီဆို အဆောင်ထဲဝင်နေရပြီ၊ သိပ်စိတ်ညစ်တာပဲ"

"နင်က ဘယ်ကိုလိုက်ချင်ရတာတုန်း"

ဟု သက်သက်မဲ့လှည့်ကြိမ်းတာခံရသည်။

အံ့မယ်၊ လူကိုများကြိမ်းလားမောင်းလားနှင့်၊ ဘာတွေဖြစ်နေတာတုန်း မပြောစဖူး၊ ကျော့ကိုပြောသဖြင့် ကျော်စွာ့ကို မကျေနပ်။ "သွားမယ်ကျော့"လို့ နှုတ်ဆက်တာကိုပင် အရေးမလုပ်ဘဲနေလိုက်သည်။



ကျော့ရင်ထဲမှာ လေးတေးတေးကြီး၊ တစ်ခုခုဖြစ်နေတယ်လို့ထင်တာ ပဲ ဗညိုကြောင့် စတယ်လို့ထင်လိုက်ရတဲ့ စိတ်အနှောင့်အယှက်တစ်ခုက နှစ်ရက် လောက်ကြာသည်ထိ ရင်ထဲမှာ အစိုင်အခဲဖြစ်နေသည်။ အိမ်ကိုလည်း သတိရ သာ ဖေဖေ၊ မေမေတို့ကို ရက်ဆက်အိပ်မက်မက်သည်။ အဲဒီအတောအတွင်းမှာပဲ အိမ်မှာနေထိုင်ကောင်းကြောင်း၊ ဘိုးဘိုးနှင့်ဘွားဘွားကြီးလည်း မာမာချာချာ ရှိကြောင်း၊ ဖေဖေလည်း အလုပ်တွေရှုပ်မြဲဖြစ်ကြောင်း၊ မြတ်စာမကျက်တဲ့ အကြောင်း၊ ရာဘာတောင်အကြောင်း၊ ဥယျာဉ်ထဲမှ သစ်သီးဝလံတွေအကြောင်း စုံနေအောင်ပါသည့် မေမေ့စာရှည်ကြီးကိုဖတ်ရမှ စိတ်ချသလိုဖြစ်သော်လည်း အိမ်ကလူတွေမသိအောင် သူတို့ဘာတွေလုပ်နေကြလဲ ခဏတဖြုတ်ပြေးကြည့် ချင်စိတ်ပေါ်သည်။

အင်းလျားကန်စပ်ရောက်ပြန်တော့ ရေပြင်နှင့်အနီးဆုံးနေရာမှာ သွားထိုင်သည်။ ကန်ရေပြင်က ချစ်စရာ၊ ပင်လယ်ကမ်းခြေအလွမ်းပြေပေါ့၊ သို့သော် ပင်လယ်ကမ်းခြေမှာလိုတော့ ပင်လယ်အော်သံကြားထဲမှာ စိတ်လုံခြုံမှု ရသလိုတော့ လုံခြုံ၍မနေပါ။

ရေပြင်ကျယ်ကို တွန့်ရုံ့ဖြတ်လာတဲ့ လှိုင်းကြက်ခွပ်ကလေးတွေ၊ နေခြည်နက ဖြန့်ကျက်နမ်းရှုံ့ကာ နှုတ်ဆက်လိုက်တဲ့ အရောင်တလက်လက် ရေပြင်ကျယ်ကို ထိုင်ကြည့်ရင်း ဘယ်ဆီက အစပြုထွက်ပေါ်လာသည်မသိရ သော်လည်း အင်းလျားကလို့ မှန်းဆနိုင်တဲ့လေကို ဆီးကြိုပွေ့ဖက်နှုတ်ဆက်ရင်း အင်းလျားလေက မွှေးများနေသလားဟု စိတ်မှာထင်မှတ်မိ၏။

ကဗျာတစ်ပုဒ်လောက် ကောက်စပ်ချင်သည်။ ခက်တာက ကျော့ ကဗျာမစပ်တတ်၊ မျက်ရည်ပင် ဝေ့သလိုဖြစ်ကာ ကျော့သည် ကဗျာမစပ်တတ် သည့်အဖြစ်ကို ကြိတ်၍ချေရစမြဲ။

အင်းလျားလေက မွှေးသလား၊ မမွှေးသလား ဆန်းစစ်ဆဲ မွှေးဖို့ ဖြစ်လာသည်။

ဗညိုကြောင့်၊ ဗညိုကြောင့်ပေါ့။ ဘဝမှာ လွမ်းလို့တော့မနေချင်ပါဘူး။

ကျော့အဖို့ ဗညို၏အကြည့်တစ်ချက်သည် စကားပေါင်းရာထောင် မက တန်လေပြီ။

ဖြိုးက ကျော့ငိုင်နေတိုင်း "ကျော့ဟာ သိပ်အတွေးများတာပဲ" ဟု

www.burmeseclassic.com



ဆိုသည်။

အို၊ ကျော့လည်း တစ်သက်လုံး အပူအပင်ကင်းကင်းနှင့် ပျော်ရွှင်ချင်တာပဲ၊ ဝတ်ဖို့မပူရ၊ စားဖို့လည်းမပူရဘဲ ကျော့ကို ဘာတွေက အနှောင့်အယှက်ပေးနေတာလဲ၊ တကယ်တော့ ဘဝဆိုတာ အခန်းကဏ္ဍတွေများလွန်းလှပါဘိ။

တစ်ခါတစ်ခါ စာရေးဖို့ကြိုးစားကြည့်သော်လည်း မရနိုင်ဘဲဖြစ်နေသည်။ စာရေးဖို့စလိုက်လျှင်ပင် စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့က ကျော့ခန္ဓာကိုယ်မှာ အားတွေကိုစုပ်ယူသွားသလို ခံစားရသည်။ ကိုယ့်အတွေးတွေ မဆန်းသစ် မကွန့်မြူးနိုင်ပါလားဟု ဝမ်းနည်းရသည်။ ကိုယ့်လက်ချောင်းလေးတွေက ကိုယ့်ကို ပြန်သရော်ချင်နေကြပြီလေ၊ ဒီလိုအချိန်မှာ သီးခြားတစ်နေရာကနေပြီးတော့ ကိုယ့်ဘဝကို မျက်မှောင်ကုပ်ပြီး တိတ်ဆိတ်စွာစိုက်ကြည့်နေချင်တာအမှန်ပင်။ အဲဒီအခါမှာ မျက်ရည်ကျဖို့ မကျဖို့ကိုတော့ အတတ်ပြော၍မရ၊ ဒါပေမယ့် ကျော့မငိုတော့၊ ဆုံးဖြတ်ပြီးပြီ။ မွေးကတည်းက အူဝဲဆိုပြီး အာပြဲအောင်အော်ခဲ့ရပြီးပြီ။ ကလေးတို့ရဲ့ မသိတတ်ခြင်းနှင့်လည်း ငိုခဲ့ရပြီးပြီ၊ ဆက်လက်ပြီးငိုနေရသေးရင် လူဖြစ်ရတာဘာယ်တန်တော့မလဲနော်။

မိုးတွင်းကြောင့်ပင် တက္ကသိုလ်တစ်ဝင်းလုံးသည် စိမ်းစိုလျက်ရှိသည်၊ မိုးမှုန်မှုန်နှင့် မြင်ကွင်းလေးတွေက တစ်ခုခုကို ယူဆောင်ထားခဲ့တော့မလို၊ ကျော့သည် စာအုပ်တစ်အုပ်နှင့် အတွေးနယ်ချဲ့နေတတ်၏။

ထီးကိုင်ဖို့ပျင်းတာကြောင့် ကျော့ မကြာခဏ မိုးမိသည်။ အဆောင်မှာ ဒ်ယောက်ပြီးတစ်ယောက် ကွေးကြသည်။ ခုတလော ကျော့လည်း နှာတွေ မွန်နေသည်။ ဖျား၍အိပ်ရာထဲလဲတော့မှ နားမည်။ အဲဒီတော့မှ စာအကြောင်း ခေါင်းအေးအေးနှင့် စဉ်းစားမည်ဟု တွေးထားသည်။ လောလောဆည်မအားသေး၊ ကျော့ စာအုပ်ထဲမှာ မှတ်စုတောင်မစုံသေး။ စာမေးပွဲအောင်ဖို့ နည်းနည်းတော့ စာကြည့်ရပေမည်။

တစ်နေ့ ကျောင်းမှအပြန် စာကြည့်တိုက်ရှေ့မှာ ဝဏ္ဏနှင့်ဗညိုကို တွေ့လိုက်ရသည်။ ရေတမာပင်အောက်မှာထိုင်နေရာမှ ကျော့ကို လှမ်းမြင်တော့ ထလာကြသည်။ သူတို့မျက်နှာလေးတွေကတစ်မျိုး။

"အတန်းရှိသေးလားကျော့" ဝဏ္ဏကမေးသည်။

"ရှိတယ်၊ ဖြိုးတက်နေပြီ၊ ကျော့တက်စရာမလိုတော့ဘူး"



ဗညို ကျော့ကို အကဲခပ်ကြည့်နေမှန်း အလိုလိုသိနေ၏။ ကျော့ဟာ နည်းနည်းလည်းရှက်တတ်တယ်ထင်ပါရဲ့။ သူ့ကိုပြန်မကြည့်ရဲသေး။ ဘာကြောင့်ရှက်ရတာပါလိမ့်၊ ဝဏ္ဏတို့နှင့်လိုမဟုတ်၊ ဘာကြောင့်လဲဆိုတာ အဆောင်ရောက်မှ ခေါင်းအေးအေးနှင့် ဆန်းစစ်မည်။ ရှက်တာကို အဖြေမရခင် ရင်ခုန်နေတာ သတိပြုမိပြန်၏။ အင်း... ရင်ခုန်သံကတစ်မျိုးပဲ၊ ငါဟာ ရင်ခုန်ဘာတောင် အစီအစဉ်တကျမခုန်တတ်ပါလား၊ တယ်လည်း ပရမ်းပတာနိုင်ပါလားဟု တွေးမိသည်။ ဒါကြောင့် သူ့ကို ရင်မဆိုင်ချင်တာ။

"ကျော်စွာမပါဘူးလား"

"သူ ဒီနေ့ မြို့ထဲသွားတယ်"

ဗညို၏ အသံသြသြရှရှကို ကြားရသည်။

"နည်းပညာကမိန်းကလေးတွေ မချောလို့လား"

သူက ခပ်အမ်းအမ်းဖြစ်ကာ ပြန်ကြည့်သည်။

"ဩော်... မိန်းထဲမှာပဲတွေ့နေရလို့ပါ"

ဒီတော့မှ သူ့သဘောကျစွာ ပြုံးတာတွေ့ရသည်။

"ကျော့က လိုင်ဗရီအမြဲသွားတယ်နော်၊ ဘာစာအုပ်တွေဖတ်လဲ"

"အပြင်မှာ နည်းနည်းရှာရခက်တဲ့စာအုပ်တွေ ဖတ်တာပေါ့၊ ဒီယိုတော်စတွိုင်းတို့၊ ချားလ်စ်ဒစ်ကင်းတို့ သောမတ်စ်ဟာဒီတို့၊ စာဖတ်ဝါသနာပါလား၊ ဖတ်ချင်ရင် ကျော့ငှားပေးမယ်"

"ဖတ်မယ်၊ ဘာကောင်းမလဲ၊ ကျော့ရွေးပေးလေ"

"အင်း အင်း"

ကျော့က ရှေ့မှ ဦးဆောင်ထွက်ခဲ့သည်။ ဒီလိုဆိုတော့လည်း ကျော့မှာ ဟန်တွေပန်တွေမရှိတာတော့ အမှန်ပင်။ ဗညို ကျော့နှင့် စာကြည့်တိုက်ထဲ လိုက်ဝင်သွားသည်။ စာအုပ်အညွှန်းကတ်ပြားများကို တစ်အံပြီးတစ်အံဆွဲထုတ်ပြီး ရွေးနေသည့်ကျော့ကို စိတ်ရှည်လက်ရှည်ရပ်စောင့်နေသည်။

"သူ ဘာစာအုပ်မျိုးကြိုက်လဲ ကျော့မသိဘူး"

"ကျော့ကြိုက်တာပေးလေ၊ အတ္ထုပ္ပတ္တိဆန်ဆန် ဒါမှမဟုတ် ခရီးသွားဆောင်းပါးလိုမျိုးဆိုလည်း ဖြစ်တယ်"

ကျော့နောက်နားမှထွက်ပေါ်လာတဲ့ "ကျော့ကြိုက်တာပေးလေ"ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားသံက ကျော့နားထဲမှာ ကြာရှည်စွာ ရိုမြိန်၍နေ၏။ ချစ်စရာကောင်းတဲ့ ခတ္တန့်တွေပဲ၊ ဩပြီးရိုမြတဲ့သူ့အသံဟာ သီချင်းဆိုလည်း သိပ်ကောင်းမှာပဲ ဆိုတာ အဲဒီနေ့က ကျော့မသိသေးဘူးပေါ့နော်။

"မောရစ်ကောလစ်ရေးတာဖတ်မလား"

"ဖတ်မယ်"

စာဖတ်ခန်းထဲရောက်တော့ လူသွားလမ်းခြားထားသည့် ကျော့အားစ ခုံမှာ ဝင်ထိုင်သည်။

"ဗညိုပြန်နှင့်လို့ရတယ်၊ ကျော့ နည်းနည်းကြာဦးမယ်"

"ဘာဖြစ်လို့လဲ၊ အနှောင့်အယှက်ဖြစ်လို့လား"

"မဟုတ်ပါဘူး"

"ဒါဆို စာဖတ်လိုက်ဦးမယ်၊ ခဏစောင့်"

ဆိုကာ စာအုပ်ကို စိတ်ဝင်တစား ဖွင့်ဖတ်စပြုသည်။ သူ့အပြော ကြောင့် ကျော့မျက်နှာ ပြုံးယောင်ယောင်ဖြစ်သွားသည်။ သူရှိနေတော့ စာကောင်းကောင်းဖတ်၍မရတော့၊ သူပျင်းနေမလားတွေးကာ ခဏခဏ အကဲ ခပ်နေမိသည်။ အခြားတစ်ယောက်ဆိုလျှင် စိတ်တိုမိမလားမသိ။

အပြင်ရောက်တော့ စောင့်နေမယ်ဆိုတဲ့ ဝဏ္ဏတစ်ယောက် စုပ်စမြုပ်စ ပျောက်သွားသည်။ စာနှင့်ပတ်သက်လျှင် စာကလေးငှက်တောင်မကြည့်လိုတဲ့ သူဆိုတော့ စာကြည့်တိုက်နားမှာ တစ်နာရီပြည့်အောင် မနေနိုင်တာ အဆန်း ကာ့မဟုတ်။

ကျောင်းဝင်းထဲမှာ နေညိုနေပြီ။ ကျောင်းသားတွေတောင် သိပ်မရှိ တော့၊ အဓိပတိလမ်းပေါ်ရောက်တော့ သူ ကျော့နှင့် ယှဉ်လျှောက်လာသည်၊ သူ့အရပ်က ကျော့ထက်သာတယ်ဆိုရုံကလေးပဲသာသည်။ သူက ကျော်စွာထက် မဆိုစလောက်ကလေး နိမ့်ချင်သေးတာကိုး၊ မရည်ရွယ်ဘဲ ဘွဲ့နှင်းသဘင် အဆောက်အဦးဘက် ဦးတည်လျှောက်ခဲ့ပြီး နောက်ပေါက်မှတဆင့် အင်းလျား လမ်းကို ရောက်လာသည်။

"ဗညို ဘယ်ကိုပြန်ရမလဲ"

"ကမာရွတ်တင်၊ အိမ်ကတော့ သုဝဏ္ဏမှာ၊ ကျောင်းတက်ရတာဝေးလို့ ဒီကတိုက်ခန်းမှာလာနေတာ၊ အိမ်ကို တစ်ပတ်တစ်ခါလောက်ပဲ ပြန်ဖြစ်တယ်" တိုင်လိုက်ရင် အိပ်ပျော်သွားတာကခက်တယ်"



"တစ်ယောက်တည်းနေတာလား"

"တစ်ယောက်တည်း၊ ဒါပေမယ့် သူငယ်ချင်းတွေတရုန်းရုန်းပဲ"

"တစ်ခါတစ်ခါ ကျော်စွာအိမ်ပြန်မအိပ်ဘူးဆိုတာ ဗညိုအခန်းမှာ အိပ်တယ်ထင်တယ်"

"ဟုတ်တယ်၊ အဆောင်တွေမှာ သီချင်းသွားဆိုပြီး ညဉ့်နက်သွားရင် ကျွန်တော့်အခန်းမှာ စုအိပ်ကြတာ၊ တစ်ခါတစ်လေ ဝဏ္ဏတို့အဆောင်မှာ မိုးလင်း သွားတာပဲ"

"ဟုတ်လား"

ဘာလုပ်နေကြလဲမမေးတော့၊ ဖဲရိုက်နေကြတယ်ထင်ပါရဲ့၊ သူတို့ သောက်ပွားလေးတွေကလည်း ကိုယ်ဝါသနာပါတာ မပါတာထား စုမိရင် ခွဲရ ခက်သား။

"ကျော့ကို တစ်ခုခုကျွေးပါရစေ"

သူက ယဉ်ယဉ်ကျေးကျေးဆိုသည်။

"ကျော့လည်း ဗိုက်ဆာလို့ စဉ်းစားနေတာ၊ သွားရအောင်" ဟု အာစောစီးစီးကြိုပြောကာ ရှေ့မှထွက်ခဲ့သည်။

သူ့မျက်နှာပျော်ရွှင်မှုတွေနှင့် ဝင်းလက်သွားသည်။

"ကျော့ ကျွေးရမယ့်အလှည့်နော်"

"သူငယ်ချင်းတွေအားလုံးဆုံမှ ကျော့အလှည့်ပါ၊ ဒီတစ်ခါ ကျွန်တော်ပဲ ကျွေးပါရစေဦး၊ ကျွန်တော်ကခေါ်တာပဲ"

သူက ရှေ့တည့်တည့်သို့ကြည့်ကာ တိုးသက်စွာပြောလိုက်သည်။ သူ့ လေသံအောက်မှာ ကျော့သည် သူ့ကိုချစ်စိတ်နှင့် ဘာမှ ခွန်းတုံ့မပြန်နိုင်ဘဲ ရှိနေသည်။ ဒီနေ့ သူက ဘောင်းဘီအနက်နှင့် အသားရောင်ရှပ်လက်တိုကို ဝတ်ထားသည်။ ယဉ်ကျေးသိမ်မွေ့ဟန်နှင့် ရဲရင့်သောမျက်လုံးများရှိသည့် ကျော့ ဘေးနားမှ ထိုလူငယ်ကလေးသည် တော်တော့်ကို ချစ်စရာကောင်းနေပါသည်။

"ဒီစာအုပ် ဘယ်နေ့ပေးရမလဲ"

"သုံးရက်ဆိုမပြီးဘူးလား"

"ပြီးအောင်ဖတ်မယ်လေ၊ ကျွန်တော်က စာတော့ဖတ်ချင်ပါရဲ့၊ စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



သိတာပေါ့။ သူ့ စာဖတ်လေ့ဖတ်ထမရှိဘူးဆိုတာ။

သူရယ်မောလိုက်လျှင် အပြစ်ကင်းစင်သည့်မျက်လုံးကြည်ကြည်လေး မှုးက ချစ်စရာကောင်းလှသည်။ ကျော့စွာလိုပဲ ကျော့ကိုအလိုလိုက်တဲ့ သဘော မနော ကောင်းတဲ့အကြည့်လေးနှင့် ကြည့်တာတစ်ခုတည်းနှင့်ပင် သူ့ကို ကျော့မှာ လောက်နီးနီး ရင်းနှီးမိသည်။ ကျော့က လူကို လူဟုသာမြင်၍ ယောကျ်ား မိန်းမ ခွဲလေ့ခွဲထမရှိသည့်ဝသီကြောင့် တစ်ခြားသောမိန်းကလေးတွေ သတ်မှတ် ဂုဏ်ယူကြသော ဣန္ဒြေဆိုတာနားမလည်။ ဒါဟာ လောကမှာ အရေးမပါဘူး ထင်တာပဲ။ လူအချင်းချင်း အနှောင့်အယှက်ကင်းကင်း ခင်မင်တာ ခင်မင်သင့် တာပေါ့။ သူနှင့်ကျော့က သက်တူရွယ်တူ၊ ပြီးတော့ အချိန်ကိုက်ပြီး တက္ကသိုလ်မှာ လာဆုံကြတာ၊ တန်ဖိုးထားရမှာပေါ့။

ဗညိုက ကျော့ဟာတစ်မျိုးပဲဟု မှတ်ချက်ချသည်။

"ကျော့ တစ်ခါတစ်ခါ မှိုင်တွေနေတတ်တယ်၊ တစ်ခုခုဝင်နှောက်နေ သလိုပဲ၊ ကျော့ကိုကြည့်လိုက်တိုင်း အမြဲသတိထားမိနေလို့ပါ"

"ဟုတ်လား၊ ကျော့ ဒီလိုပဲနေတတ်တယ်"

ကျော့ရယ်၍သာနေလိုက်သော်လည်း ဘယ်ကရောက်လာမှန်းမသိ သော ဝမ်းနည်းစိတ်ကြောင့် ရင်ထဲမှာ လှိုက်ကနဲဖြစ်သွားသည်။ သူစိုက်ကြည့်တဲ့ အကြည့်က သူများနှင့်မတူ။ သူကြည့်တိုင်း ကျော့ မလုံမခြုံခံစားရတာတော့ အမှန်ပင်။ တစ်စုံတစ်ရာကို စိတ်တိုမိသလိုပင်၊ မမြင်ရသောအရာတစ်ခုကိုပင် ကိုတ်လန့်လာသည်။ သူ့ကို ဘယ်လောက်ချစ်ချစ် သူနှင့်နီးစပ်ပြေလည်လိုက် လျောနိုင်ပါ့မလား။ ရှေ့ဆက်ပြီး ကျော့တို့နှစ်ယောက် ဒီထက်မနီးစပ်တော့ဘူး လို့ ဘယ်သူအာမခံနိုင်မလဲ၊ အို ကျော့ဟာ အခုတောင် သူ့မျက်နှာကြည့်ပြီး စကားပြောရတာကို မက်မောတွယ်တာစပြုနေပြီပဲ။ သူ့ရှေ့မှာ မျက်နှာနွေးနွေး နှင့်နေရတဲ့ခံစားမှုကိုလည်း မေ့မရပြီ။

သူအနည်းငယ်အနေခက်စွာ မျက်နှာပျက်သွားသည်။ ကျော့ကြောင့်ပဲ ကျော့ကြောင့်ပဲနေမှာ၊ သူ့ကို ပြုံးပြမလိုလုပ်ပြီးမှ မလုံမလဲအပြုံးဖြစ်နေမည် စိုး၍ မပြုံးပြတော့။

သူဘာကြောင့် ကျော့ကို သတိထားကြည့်မိနေတာလဲ၊ ရုတ်တရက် လျှာဖျားပေါ်ရောက်လာတဲ့စကားတွေကို အတင်းဘရိတ်အုတ်လိုက်ရသည်၊



...ဘာ စကားတွေထပ်ထွက်လာအောင် ကျော့ တမင်တကာ လမ်းဖွင့်ပေးရာ ...သွားလျှင် ဘယ်ကောင်းမလဲနော်။

ညနေတွင် မိုးဖွဲဖွဲရွာသည်။ အင်းလျားလမ်းမှာ ဖွေးဖွေးစောင်း ...က်တွေဟာ တော်တော်သဲလာပါလားဆိုတာ သတိမပြုမိအောင် ကျော့ ...ရှိုင်နေခဲ့သည်။ သူက ကျော့ဘေးနားမှာ ကပ်ပါလာသည်။ အင်းလျားလမ်း ...တ်ဖောင်းက ကျဉ်းတာကြောင့် တချို့တချို့မှာ သူက နောက်ချန်နေခဲ့ရပေ ...့် ခြုတ်ကနဲပဲ သူ ကျော့ဘေးနားကို ပြန်ရောက်လာသည်။

"တစ်နေရာရာမှာ မိုးခိုမလား၊ ရွဲတော့မှာပဲ"

"ကျော့က အဆောင်ရောက်တော့မှာ၊ ဗညိုက ပြန်ရမှာဝေးသေးတယ်၊ ...အေးမိနေဦးမယ်၊ လိုက်မပို့နဲ့ ပြန်တော့လေ၊ ကျော့ကတော့ မထူးတော့ဘူး၊ ...အတိုင်းပဲဆက်လျှောက်လိုက်မယ်"

ပြောသာပြောရသည်။ ဘယ်လိုဖြစ်ဖြစ် အဆောင်ထိရောက်အောင် ...လိုက်ပို့မယ်ဆိုတာ သိနေသည်။ မိုးရေထဲမှာ ဒီလိုလမ်းမလျှောက်ရတာ ...ပြီ။ မိုးပွင့်ကလေးတွေက အရှိန်ပြင်းပြင်းနှင့် ကျော့မျက်နှာကို လာရိုက်ခတ် ...သည်။ မိုးနှင့်အတူ လေပါပါလာသည်။ အေးလာသဖြင့် ကျော့ လက်ကလေး ...ဝက်ကို ပိုက်ထားလိုက်သည်။ ရုပ်အင်္ကျီလက်ရှည်ထူထူပွပွဝတ်လာမိ၍ ...တော်သေးသည်။ လက်ထဲကစာအုပ်ကို မိုးမစိုအောင် ရင်ခွင်မှာ ပိုက်ထားလိုက် သည်။

"ကျော့စာအုပ်ပေးလေ၊ ကျွန်တော့်လွယ်အိတ်ထဲထည့်ထားလိုက်မယ်"

စိုစွတ်စပြုနေသော သူ့လွယ်အိတ်ကိုကြည့်ပြီး ကျော့ရယ်မိသည်။

"နည်းနည်းတော့သက်သာတာပေါ့"

သူက ကျော့ပေးတဲ့စာအုပ်ကိုဆွဲယူ၍ ခန္ဓာကိုယ်နှင့်ကပ်နေသည့် အတွင်းဖက်သို့ ခပ်မြန်မြန်ထိုးထည့်လိုက်သည်။ ဆံပင်တွေပါ မိုးရေစိုကပ်ပြီး ကျော့တို့နှစ်ယောက် ကြွက်စုပ်ကလေးတွေလို ဖြစ်နေကြသည်။

"ပျော်စရာပဲ"

ကျော့ရေရွတ်မိတာကို သူက "ဘာလဲဟင်"ဟု စောင်းငဲ့ကြည့်တာကို တော့ပြန်ဘဲ တိတ်ဆိတ်စွာနေလိုက်သည်။

"နားထောင်ကြည့်စမ်း ဗညို၊ မိုးမှာ သံစဉ်တွေအများကြီးပဲနော်၊ အခု

www.burmeseclassic.com

www.burmeseclassic.com



လို မိုးရေထဲလမ်းလျှောက်ရတော့ ငယ်ငယ်တုန်းက မိုးရေထဲဆင်းကစားရတာ လွမ်းလိုက်တာ၊ ငယ်ငယ်ကဆို မိုးရွာရင် ပျော်တာပဲသိတယ်၊ သိတတ်လာတော့ အအေးကျန်ဆန်လွန်းလို့ မုန်းသလိုပဲ"

အခုကောလို့ သူဆက်မမေးတာ ကျေးဇူးတင်ရသည်။ အင်းလျား ဆောင်ရှေ့ပေါက်ကို လှမ်းမြင်ရပြီ၊ ဘာဖြစ်လို့ ဒီနေ့မှ နီးနီးလေးဖြစ်နေပါလိမ့်

စိုရာမှ တဖြည်းဖြည်းရွဲလာသည့် လုံချည်ကြောင့် ကျော့လမ်းလျှောက် ရတာ ခက်လာသည်။ လက်တစ်ဖက်က လုံချည်စကိုအသာမထားရသည် လက်အပေါ်ပင့်ပြီး ဆံပင်တွေကို သပ်တင်မလိုလုပ်တော့ အင်္ကျီစက ကိုယ်မှာ ကပ်နေ၍ အလွယ်တကူမြှောက်မရဘဲ ဖြစ်နေသည်။ ဆံပင်ကိုသပ်တင် မျက်နှာ က ရေတွေသပ်ချပြီး ရယ်မိပြန်တော့ သူက ပြုံးရုံပြုံး၍ ကျော့ကို စိုက်ကြည့်နေ တာ တွေ့ရသည်။ ဒီလိုကြည့်တာ မကြိုက်ပါဘူးဆို၊ နည်းနည်းတော့ ငြိုငြင် မိသည်။

"ရယ်စရာတော့ကောင်းနေပြီ"

ဟု အရှက်ပြေပြောကြည့်သည်။ အဆောင်ရှေ့နားရောက်သည်ထိ သူ့ဆီမှ ဘာသံမှမကြားရ။

"ကျော့ ပြုံးပျော်နေရင် သိပ်ကြည့်လို့ကောင်းတာပဲ"

အဆောင်ထဲဝင်ခါနီးမှ ပိုပြင်းထန်လာသည့် မိုးသံတွေနှင့်အတူ သူ့ စကားကို မသဲမကွဲကြားလိုက်ရသည်။ ကျော့ အဆောင်ထဲပြေးဝင်ပျောက်ကွယ် သည်အထိ သူမလှုပ်မယှက် ရပ်ကြည့်နေမှာသိတော့ လှည့်မကြည့်စတမ်း ပြေးဝင်ခဲ့သည်။

အခန်းရှေ့ရောက်မှ ကျော့စာအုပ် သူ့လွယ်အိတ်ထဲပါသွားတာ သတိ ရသည်။

"ဟယ် ကျော့ရယ်၊ ဘယ်လိုဖြစ်လာတာလဲ"

"ရေမြန်မြန်သွားချိုး၊ နွေးနွေးထွေးထွေးနေလိုက်ဦး"

ကျော့အခန်းထဲဝင်လိုက်တော့ ဖြိုးနှင့်ရဝေက ဆီးပြောသည်။

"ပြောနေတုန်းပဲ၊ ထီးမကိုင်ချင်တဲ့ကျော့ ဘယ်မှာမိုးမိနေပြီလဲလို့"

မျက်နှာသုတ်ပုဝါဆွဲယူပြီး ကျော့ရေချိုးခန်းထဲ ပြေးဝင်ခဲ့သည်။ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်နေသည်။ ကော်ဖီပူပူတစ်ခွက်သောက်ပြီးနောက်



ည်း အချမ်းကမပြေချင်။

ညနေက သူနှင့် နှစ်ယောက်သား ထွေရာလေးပါး စကားပြောဖြစ်တာ ဘောင်းစားနေမိသည်။ သူ့စကားသံတွေ ကျော့နားထဲမှာ လတ်လတ်ဆတ်ဆတ် ကြားနေရတုန်းပင်။

လူလူချင်းခင်မင်ဖို့အတွက် စကားမရှိစကားရှာပြောရတာဟာ တော်တော်စိတ်ကုန်ဖို့ကောင်းသည်။ စကားမပြောရဘဲနှင့် ယနေ့ထက် အကျွမ်း ဝင်ရှိနေချင်တာတော့ အမှန်ပင်။ စကားပြောစရာမလိုဘဲ တစ်ယောက်စိတ် တစ်ယောက်သိနေလျှင် ဘယ်လောက်ကောင်းလေမလဲ၊ ဘာဖြစ်လို့များ ဆန္ဒတွေ ကို စကားလုပ်ပြီး ပြောခဲ့ကြပါလိမ့်၊ ဘာသာစကားတွေ အစကတည်းက မပေါ် ခဲ့ရင် အကောင်းသား၊ ဒီအတိုင်းသာဆိုရင်တော့ စကားလုံးရာထောင်မကတန်တဲ့ အကြည့်တွေနှင့်တင် သဘောတရားတစ်ခုပြီးမြောက်နိုင်သည်။

"မီးကို နှင်းနှင့်မွှေးလို့ရမလား မွှေးကြည့်တဲ့၊ ဒီလိုပဲ အချစ်မီးကို စကားလုံးတွေနှင့် မွှေးလို့ရမှာလားတဲ့"ရှိတ်စပီးယားက၊ နောက်ပြီး "အချစ်က အချစ်ကို နားလည်တယ်၊ စကားပြောစရာမလိုပါ"လို့လည်း ကြားဖူးတယ်လေ။

ညတွင် ကျော့၏စာအုပ်ကလေးသည် ကတ္တီပါရောင်နှင်းဆီပန်းပွင့် နှစ်ပွင့်နှင့်အတူ ကျော့ဆီရောက်လာလေသည်။ စောင်ခြုံထဲကွေးနေရာမှ အပြင် ဘက်ကို မျှော်ကြည့်မိတော့ မိုးမှုန်တွေနှင့် ဓာတ်မီးရောင်လင်းဖျော့ဖျော့အောက် မှာ သူ့ကို တွေ့လိုက်ရလေသည်။ ကျော့သည် ရီဝွတ်လေးလံလာသော မျက်တောင်တို့ကို တဖျပ်ဖျပ်စုံခတ်မိရင်း အလိုလိုဖျားချင်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ချမ်းမြေ့၊ ဖြိုးနှင့်ကျော့တို့သုံးယောက်အတွဲညီနေသည်။ သိမ့်သိမ့်ကြီး တော့ ကျောင်းမှာ ခဏတစ်ဖြုတ်တွေ့ရသည်မှလွဲ၍ မတွေ့ဖြစ်တော့၊ ရဝေ လည်း ကျော့တို့နှင့် မြို့ထဲထွက်လည်ဖို့ စိတ်ဝင်စားလာကာ ရုပ်ရှင်တွေဘာတွေ လိုက်ကြည့်တတ်သည်။ သူ့ကိုဦးစားပေးရကာ သူကြည့်ချင်သည့်မြန်မာကားကို အားလုံးက လိုက်ကြည့်ရသည်။ ဒါကြောင့် လက်သီးတစ်ချက်ထိုးလျှင် အနည်း ဆုံးမှောက်ရက်လဲသွားတာမျိုးမှကြိုက်သည့် ဇင်မာကျော်ကျော်နှင့် လုံးဝမတည့် သူတို့နှစ်ယောက်ကို အတူခေါ်သွား၍မရ။

ဖြိုးနှင့်ကျော့က သွားရလာရမည်ဆိုလျှင် မညည်းမညူ၊ သွက်သွက် လက်လက်သွားလိုက်ကြသည်သာ၊ သူတို့မလိုက်လိုသည့် ပန်းဆိုးတန်းစာအုပ် ဆိုင်တွေကို ခေါ်မနေတော့၊ ဈေးသွားရမည်ဆိုလျှင်တော့ ချမ်းမြေ့ရော ရဝေပါ တက်တက်ကြွကြွရှိသည်။ ချမ်းမြေ့က ကျော့သွားလေ့ရှိသော ပန်းဆိုးတန်း စာအုပ်ဆိုင်များကို 'ပျင်းစရာကောင်းသောစာအုပ်အဟောင်းပုံတွေ'ဟု ခေါင်းစဉ် တပ်သည်။ ရဝေကတော့ ကျော့စာအုပ်ရွေးလျှင် ဘေးနားမှနေ၍ တဝါးဝါးသန်း ကာ နားပူအောင် ညည်းတတ်သည်။



ဖြိုးကတော့ တက်တက်ကြွကြွရှိကာ ဘာမဆို စိတ်ပါလက်ပါရှိသည်။ စာတိုလည်း လက်လှမ်းမှီရာ လိုက်ဖတ်သည်။ သီချင်းနှင့်လည်းမကင်း၊ ရုပ်ရှင် ဆိုလည်း မလွတ်စေရ၊ ပန်းချီ ပန်းပုပြပွဲတွေလည်း ပြေးကြည့်လိုက်သေးသည်။ ဓာပေဟောပြောပွဲတွေ၊ စာတမ်းဖတ်ပွဲတွေမှာလည်း နောက်နားမှ ငိုက်ဖော်ရ သေးသည်။

ကျောင်းပိတ်ရက်တစ်ရက် လှည်းတန်းဈေးသို့ အတိုအထွာအသုံး အဆောင်ပစ္စည်းတွေ ဝယ်ရန်ထွက်ခဲ့ပြီး ဖြိုးနှင့်ကျော့ စင်ထရယ်ဗျူး (Central View) ပထမထပ်မှာ အအေးသောက်ရင်း စကားပြောဖြစ်သည်။ ဈေးစောင်းလာ သည့်နေနှင့်အတူ လှည်းတန်းလမ်းဆုံကို ငေးနေမိကြသည်။ ဥဒဟိုသွားလာ လှုပ်ရှားနေသော လူအုပ်ကြီးကိုကြည့်ရင်း အတွေးကိုယ်စီနှင့်။

"လူတွေ၊ လူတွေ"

"ဘာလဲဟင်" ဆိုပြီး ဖြိုးက ကျော့ကိုလှည့်ကြည့်သည်။

"ဪ၊ ဘယ်တော့သေကြမလဲလို့"

"စဉ်းစားကြည့်လေ၊ တစ်နေ့သေရမယ့်လူတွေချည်းပဲ၊ ဘာလုပ်နေကြ မှန်းလည်းမသိဘူး၊ ကျော့လည်း ကျော့ကိုယ်ကျော့ ဘာမှန်းမသိဘူး၊ တကယ် တော့ ဘဝဆိုတာ ဘာကြီးမှန်းကိုမသိဘူး၊ သိပ်အူကြောင်ကြောင်နိုင်တာပဲ၊ ဖြိုးကော ဘယ်လိုလဲ၊ ဘာတွေလုပ်ခဲ့ချင်လဲဟင်"

"မပြောတတ်ပါဘူးကျော့ရာ၊ လောလောဆယ်တော့ ကျောင်းပြီး အောင်သင်ရမှာပဲ"

"ဖြိုးတို့မှာ လုပ်စရာမလိုလို့နေမှာပေါ့"

ဖြိုးတို့ချမ်းသာမှန်း ကျော့ အရင်ကမသိခဲ့။ ဖြိုးတို့မြို့မှတစ်ယောက် တပြောပြမှ ဖြိုးမိဘတွေ သိပ်ချမ်းသာမှန်းသိရသည်။ ဖြိုးက ရိုးရိုးစင်းစင်းပဲ နေသည်။ သူဌေးသမီးမှန်းမသိရ။ အနေအထိုင်ကျစ်လျစ်သည်။ ပလူးပြင်းမရှိ။ သမီးကလည်းတစ်ယောက်တည်း၊ ပြည့်ပြည့်စုံစုံ။ ပြီးတော့ စိတ်သဘောမညီ သည့် ညီအစ်မတွေမရှိ၊ သူလုပ်သမျှကို ချစ်စနိုးနှင့် ဘာမှမပြောဘဲ တပြုံးပြုံး

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြည့်နေမည့် အမေလည်းရှိသည်ဆိုတော့ ကျော့ထက် ဆယ်ဆလောက် စိတ်ချမ်းသာပေမည်။ ပြီးတော့ ဖြိုးက လူသူမကြောက်တတ်၊ ပြောရဲဆိုရဲသည်။ ကျော့လို ကြောက်တာကို မာန်နှင့် ဟန်ဆောင်နေစရာမလို၊ ဒီတစ်ချက်နှင့်တင် ဖြိုးက ကျော့ထက်အများကြီးသာသည်။

"ကျော့ကတော့ ရိုးရိုးကြီး သမားရိုးကျအတိုင်း နေမသွားချင်တာ အမှန်ပဲ၊ ငယ်ငယ်က ပညာကိုလိုလားပါရဲ့၊ ဖေဖေ မေမေကတော့ လိုလား ကြမှာပဲ၊ ဘယ်အထိသွားသွား ပညာရေးနဲ့ပတ်သက်ရင် ပံ့ပိုးမှာပဲ၊ ဒါပေမယ့် ဒါက သမားရိုးကျကြီးပါ၊ ကျော့က သွေဖည်ချင်တဲ့သူ၊ ဖီဆန်ချင်တဲ့သူ၊ အဲဒါကို ကျော့သိပ်သဘောကျတာ"

ကျော့မျက်လုံးလေးတွေ တောက်ပလာကြသည်။ စိတ်အားထက်သန်စွာ လှုပ်ရှားနေသော ကျော့ရဲ့ပါးလွှာသောနှုတ်ခမ်းလေးများကို ဖြိုး ငေးကြည့်နေမိသည်။

"တော်သေးတယ်၊ ကျော့ရဲ့စကားတွေနားထောင်ဖို့ ဖြိုးနဲ့ဆရာရှိပေလို့ တစ်ခါတစ်ခါ 'ward six' ထဲက အိုင်ဗင်လိုများဖြစ်သွားမလားလို့ လန့်ရသေး တယ်၊ ဒါပေမယ့်လေ အဲဒါအတွက်တော့ ကျော့မပူပါဘူး၊ ကျော့မှာ ခံစားချက် တွေကို ထုခွဲချေမွပြီးသိမ်းနိုင်တဲ့ ထည့်မကုန်တဲ့အိတ်ကြီးတစ်လုံးရှိတယ်"

ဖြိုးက ခေါင်းကလေးငုံ့ကာ စိတ်ဝင်တစားနားထောင်နေသည်။

"ဖြိုးမှာ ဝါသနာပါတာမရှိဘူးလား"

"အင်း၊ သီချင်းနားထောင်တာမျိုးတို့၊ ကိုယ်ကြိုက်တဲ့စာအုပ်တွေ ဖတ်တာတို့၊ ခရီးသွားတာတို့၊ ပြီးတော့ ...."

"တော်ပြီ၊ ဘဝနဲ့ရင်းတဲ့ဝါသနာမျိုးကိုပြောတာ"

"ဘဝနဲ့တောင်ရင်းရတယ်၊ နားမလည်ပါဘူး"

"ကောင်းပါတယ်၊ ဒါလည်း အေးချမ်းတဲ့ဘဝပဲ၊ ဘဝမှာနေရတာ ကြောင့်ကြကင်းတာပေါ့၊ အဲဒီလိုလူမျိုးက တစ်နည်းတစ်ဖုံ ကုသိုလ်ကံကောင်း



သယ်ဆိုရမလားပဲ၊ လောကကြီးမှာ တတ်သိလေ နေရခက်လေ၊ ခံစားရသေပဲ ဘာမှမသိလေကောင်းလေပဲ၊ ဖြိုးမှာ ရွှေငွေပစ္စည်းဥစ္စာပြည့်စုံတယ်၊ ဘာမှလှုပ် ဘဲ ထိုင်နေမှာလား၊ သုံးသင့်တဲ့နေရာသုံး၊ ဖြုန်းသင့်တာလည်းဖြုန်းပစ်လိုက် စမ်းပါဖြိုးရဲ့"

"ဖြိုးကို အတတ်ကောင်းတွေသင်ပေးတော့မယ်နဲ့တူတယ်"

ဖြိုးက အာလူးကြော်ကောက်ဝါးရင်း ရယ်သည်။

"အကောင်းပြောနေတာဖြိုးရဲ့"

"ဖြိုးတော့ ဘာမှမစဉ်းစားမိဘူး၊ ကျော့ ပြောမှသတိထားမိတယ်၊ ခုနက်ဖြန့်တောင် ခေါင်းထဲမှာမရှိဘူး"

"အဲဒါ ဖြိုးမှာပြည့်စုံနေလို့၊ ရုပ်ဝတ္ထုအားဖြင့် ပြည့်စုံသလို စိတ်ပိုင်း လည်းပြည့်ဝတယ်၊ ဒါကြောင့် လူတကာနဲ့ပတ်သက်ရင်လည်း စိတ်အနှောင့် အယှက်ကင်းတယ်၊ ခုနက ကျော့ပြောတဲ့ဘဝမှာ ဘာလုပ်ရမှန်းမသိသေးတဲ့ တစ်နည်းတစ်ဖုံကံကောင်းခြင်းလည်း ရှိနေတယ်၊ အဲဒါကြောင့်ပါ"

မျက်လုံးလေးအောက်စိုက်ကာ ငြိမ်သက်နေသည့်ဖြိုးကို ကျော့ အားမရဖြစ်နေသည်။ ကျော့လိုပဲ ဖြိုးက ရုပ်အင်္ကျီအနီကွက်ကျဲပွပွကြီးနှင့် လုံချည်အနက်ရောင်ကို ဝတ်ထားသည်။ ဖြူဖြူသွယ်သွယ်ကိုယ်လုံးလေးက အင်္ကျီပွပွကြီးအောက်မှာ မြုပ်နေသည်။ စည်းနှောင်ထားသည့်ဆံပင်မှ ဆံနွယ် တချို့က သနပ်ခါးမရှိတဲ့ ဖြူဖန့်ဖန့်မျက်နှာလေးတပိုက် ကပိုကရိုသွယ်ကျနေ သည်။ သူ့မျက်နှာက အခါတိုင်းထက်မှုန်ငေးနေသည်။

"ဖြိုးရဲ့...၊ ဝါသနာပါတာကိုလုပ်ဖို့ မကြောက်ပါနဲ့၊ ဖြိုး အခုတလော ပန်းချီပြပွဲတွေ တော်တော်သွားကြည့်တယ်နော်၊ 'လောကနတ်'ကိုတောင် ဖြိုးခေါ် မှ ကျော့ရောက်ဖူးတာ၊ ဖြိုးကြည့်တာက ပန်းချီကားထဲဝင်တော့မယ့်အတိုင်း၊ ပန်းချီဆရာကတောင် ဖြိုးကို လာမိတ်ဆက်ပြီးနှုတ်ဆက်စကားဆိုရတယ်၊ ဖြိုးကို ကျော့စောင့်ကြည့်နေတာကြာပြီ၊ အနုပညာအသင်းလေးကိုဖော်လတ်တာ

www.burmeseclassic.com

www.burmeseclassic.com



လည်း အကူအညီလိုရင် အချိန်မရွေးလာခဲ့လို့ ဖြိုးကို ပြောထားတယ်မဟုတ်လား၊ ငယ်ငယ်ကလည်း စုတ်တံကိုင်လိုက်ရင် ထမင်းမေ့၊ ဟင်းမေ့ဆို၊ အဲဒါကို ပြန်ဖော်စမ်းပါဖြိုးရဲ့၊ တစ်ခုခုလုပ်ခဲ့စမ်းပါ၊ အနုပညာဟာ ဘယ်တော့မှ ဆိတ်သုဉ်းမယ့်အရာမဟုတ်ဘူး၊ လူတွေရှိနေသရွေ့ ခံစားနိုင်တဲ့အရာပါ၊ မနက်ဖြန်ဆိုတာ အားမကိုးနဲ့၊ သေဖို့တစ်ရက်နီးတာပဲ၊ နောက်နေ့ ဗိုလ်ချုပ်ဈေးသွားပြီး ပန်းချီပစ္စည်းတွေချက်ချင်းဝယ် မဖြစ်ပါဘူး၊ ဖြိုးကို ကိုဇော်လတ်ဆီမှာ လိုက်အပ်မှပဲ၊ လိုင်ဗရီက ပန်းချီနဲ့ပတ်သက်တဲ့စာအုပ်တွေ ကျော့ငှားပေးမယ်၊ လုပ်စမ်းပါ ဖြိုးရဲ့၊ ဖြိုးလုပ်ရင်ဖြစ်ပါတယ်၊ ဆရာဦးဘုန်းမြင့်မှာလည်း ပန်းချီစာအုပ်တွေ ရှိနိုင်တယ်၊ တက္ကသိုလ်ကနေပြီး ကိုယ်သန်ရာသန်ရာလိုင်းဖောက်ပြီး အောင်မြင်သွားတဲ့လူတွေ အများကြီးရှိတာပဲ"

ရုတ်တရက် ကျော့က အရေးတကြီးဟန်နှင့် ဖြိုး၏လက်ခုံကို ဖျတ်ခနဲပုတ်လိုက်သည်။

"ဒီမှာဖြိုးရဲ့ တက္ကသိုလ်ဆိုတာ ဘာလဲသိလား၊ တက္ကနဲ့သီလကို ပေါင်းစပ်ထားတဲ့ ပါဠိစကား၊ တက္ကက ကြံစည်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ သီလက အကျင့်သိက္ခာ၊ သုံးသပ်ဝေဖန်မှုပဲ၊ တက္ကသိုလ်ဆိုတာ ဆရာသင်ပြလိုက်တာနဲ့ ပြီးပြည့်စုံပြီလို့ မယူဆရဘူး၊ သင်ပြလိုက်တဲ့အချက်အလက်အပေါ် ဉာဏ်နဲ့ထပ်ပြီး ဝေဖန်ကြရမယ်၊ ဆင်ခြင်ကြရမယ်၊ ဆန်းစစ်ကြရမယ်၊ ဒါမှ တက္ကသိုလ်ကျောင်းသားပီသမယ်၊ ဒါကြောင့် မနက်ဖြန်တက်ရမယ့် အတန်းကို ပြန်ဆန်းစစ်ရင် ဆရာသင်တာ ပျင်းစရာကောင်းတယ်၊ အိပ်ငိုက်ပြီး နားမလည်တဲ့အတူတူ ပန်းချီပြပွဲနဲ့ စာအုပ်တန်းကို သွားသင့်မသွားသင့်"

"အကောင်းမှတ်လို့ နားထောင်နေတာ"

"ကျော့က မလိမ္မာချင်ပါဘူးကွယ်၊ မမိုက်ရင်တော်ပါပြီ"

"ကျော့အတွက် စာအုပ်တွေက ဘာလို့ဒီလောက်အရေးကြီးနေရတာလဲ၊ ဖြိုးတော့ နားမလည်ဘူး"



ကျော့က မျက်ခုံးနှစ်ခုကြား လက်မနှင့်ထောက်ကာ ပြုံးရယ်နေရာမှ ... လက်ချောင်းများကြားမှ ကြည့်လိုက်သည်။

"ပြောပြမယ်၊ အမှန်တော့ ကျော့က စာရေးဖို့လူဖြစ်လာရတဲ့လူမျိုး ...ချင်တာ၊ ဒါပေမယ့် ကျော့မှာ ထင်သလောက် ပါရမီပါမလာဘူး၊ ဒီတော့ ...ဖြစ်ချင်တာလေးလုပ်နိုင်ဖို့ တော်တော်ပေးဆပ်ရမယ်ထင်တယ်"

ဖြိုးက နဂိုကတည်းက တစေ့တစောင်း အကဲခပ်နေသူဖြစ်သဖြင့် ...ချင်းသဘောပေါက်သည်။

"သိပြီ၊ ကျော့က ပန်းဆိုးတန်းစာအုပ်ဆိုင်တွေမှာ ကျော့လိုချင်တဲ့ ...အုပ်လေးရွေးပေးထားစမ်းပါ၊ ဒီကပဲစောင့်နေဆိုပြီး လှစ်ကနဲ လှစ်ကနဲ ...ပျောက်ပျောက်သွားတတ်တာဟာ ကျော့က မဂ္ဂဇင်းတိုက်တွေသွားနေတာပေါ့ ... ကျော့က လျှိုတယ်ကွာ၊ သူငယ်ချင်းအရင်းကြီးကို၊ အဲဒါတော့ စိတ်ဆိုးချင် ...ယ်၊ အစောကြီးကတည်းက ဖြိုးသိသင့်တာပေါ့"

ဖြိုးက မကျေမနပ်ဆက်ပြောသည်။

"ကျော့ရေးတဲ့ဝတ္ထုတွေ ဖတ်ဖူးသားပဲ၊ ကြိုက်ပါတယ်၊ ကလောင် ...ည်ကတစ်မျိုးဆိုတော့ ကျော့မှန်းဘယ်ရိပ်မိမလဲ၊ ကျော့ဖြစ်နေတာကိုး၊ ဟင်း ...ရေးဆရာမကြီးက ထင်တော့ထင်သား တစ်ခုခုပဲလို့၊ သူ့ခုံမှာ စာအုပ်တွေက ...ောင်ပုံရာပုံ၊ သူများကိုငှားဖို့လည်း တိုလိုက်တာမပြောနဲ့၊ ပြီးတော့ လူတွေ ...ရင် သူ့ဖိုင်ကိုလှမ်းမှာစိုးလို့ ဟိုမှာဝှက်ရ ဒီမှာဝှက်ရနဲ့ မပြောလိုက်ချင်ဘူး"

"ရှူး ဘယ်သူမှမသိသေးဘူး၊ သူတို့ဘာသာသူတို့သူပါစေ၊ စာရေး ...ဆရာမ မဖြစ်သေးပါဘူး၊ ကျော့က အခုမှ စလုံးရေးစပဲရှိသေးတာ၊ အိမ်က ...ောင်မသိဘူး"

"တကယ်"

"ကျော့က အိမ်မှာ ကိုယ့်ဟာနဲ့ကိုယ် တစ်ကမ္ဘာလို့ပြောပြီးပြီပဲ"

"ကျော့ကလည်း အဆန်းချည်းပဲ၊ အိမ်ကတော့ သိသင့်တာပေါ့၊ ဖြိုးဆို ဘာလုပ်လုပ် အိမ်ကမသိတာမရှိဘူး"

"ဒါတွေ ဖြိုးမသိနိုင်ပါဘူး၊ ကျော့ပြောပြီးပြီပဲ၊ လောကကြီးမှာ မသိတတ်တာ ပိုကောင်းတယ်၊ အနေချောင်တယ်"

"ကျော့မှာ လုပ်စရာရှိတာဒါကိုး၊ ဖြိုးလည်းလေ တကယ်တော့

www.burmeseclassic.com



ကိုယ်ယုတဲ့ဘာသာကို စိတ်မဝင်စားပါဘူး၊ ဖြိုးက Art ကိုယူဖို့ကောင်း ရှေးဟောင်းသုတေသနတို့ သမိုင်းတို့ကို ပိုစိတ်ဝင်စားမှန်း အခုမှသိတ ရှေးဟောင်းကတော့ ဖြိုးတို့နှစ်မှာလျှောက်လို့မရသေးဘူး၊ ဖြိုးတို့ပြီး နောက် နှစ်မှခေါ်တာ၊ ဖြိုးက သမိုင်းကို စုန်ပြီးလိုက်ချင်တယ်၊ ရှေးဟောင်းအမွေအနှ တွေ လေ့လာချင်တယ်၊ ဖော်ထုတ်ချင်တယ်၊ ဒါတွေကို ကမ္ဘာကသိအောင် ပြ ချင်တယ်"

"ပန်းချီနဲ့လည်း ဖော်ထုတ်လို့ရတယ်၊ မကျေနပ်ရင် စာပါရေးလိုက်ဦး ဒီကပြီးရင် ရှေးဟောင်းသုတေသန ဒီပလိုမာတန်းတွေ တက်နိုင်အောင်ကြိုး ပေါ့ ဖြိုးရဲ့၊ အခုကတည်းက စီမံကိန်းချထားမှ ကျောင်းပြီးတာနဲ့ တန်းလုပ်နိုင် မယ်၊ မဟုတ်ရင် အချိန်ကုန်ဦးမယ်၊ ကျော့ပြောသားပဲ၊ ဖြိုးနဲ့ကျော့ နီးစပ် တယ်လို့၊ ကျော့ဟာ လူကဲခပ်မမှားဘူး၊ ကျော့ငယ်ငယ်ကတည်းက ဘာ ဝါသနာပါမှန်း မဝေခွဲတတ်ဘူး၊ အဆိုတော်ဖြစ်ချင်သလိုလို၊ ရုပ်ရှင်မင်းသမီး လုပ်ရတော့မလိုလို၊ မိုက်ကယ်အိန်ဂျလိုတို့ ဂေါဂင်တို့ကိုအားကျပြီး စွန့်စားတော့ မလိုလို၊ အမှန်တော့ သူတို့ကိုအားကျပြီး အောင်မြင်မှုတွေကို ကျော့နှလုံးသား တောင်းဆိုတာ၊ တိတ်တိတ်ပုန်းပါပဲ၊ အခုတော့ ကိုယ်နဲ့ကိုက်ညီတာတွေ့သွားပြီ ဒါကြောင့် ကျော့ဟာ တစ်ခါတစ်ခါ ဆောင့်ကြွားကြွားနဲ့ ဖြိုးသတိထားမိလား"

"ကျော့ဟာလေ"

ဖြိုးကရယ်သည်။

"ရယ်စရာပြောတာမဟုတ်ဘူး၊ ရယ်ပဲရယ်နေတာပဲ"

"ကျော့က တစ်ခါတစ်ခါ ကလေးလိုပဲ၊ တစ်ခါတစ်ခါတော့လည်း ပါမောက္ခလေးသံနဲ့"

"သိပ်အမှတ်တွေပေးမနေနဲ့ ယောက်မဖမ်းတော်ပစ်လိုက်မှာ၊ ဘာမှတ် လဲ၊ ကျော့နဲ့ ဆွေမျိုးမတော်ချင်ဘူးလား ယောက်မ၊ တစ်သက်လုံး အတူတူ ထင်ရာလုပ်လို့ရအောင်လေ၊ ကျော်စွာကိုယူပါလားဖြိုး၊ မကြိုက်ဘူးလား၊ ကျော့ သာ ယောကျ်ားလေးဆို ဖြိုးလိုအူဖြောင့်ဖြောင့်မိန်းကလေးမျိုးကို မရအရ ကြိုက်မှာပဲ"

ဖြိုးက အရယ်မရပ်နိုင်ဘဲ

"ကျော့မောင်က ဖြိုးကိုကြိုက်ဦးမှကိုး"



"အာ၊ ကျော့ပေးစားမှာပေါ့"

"ပိုင်လိုက်တာ၊ ယောကျ်ားလေးတွေကိုများ ကန့်သတ်လို့ရမယ် သို့လား"

"ကျော့တာဝန်ထားစမ်းပါ၊ ကျော်စွာနဲ့ကျော့ နေရာတော်တော်များများ စိတ်တူကိုယ်တူရှိတယ်၊ သူ ဖြိုးကိုကြိုက်မှာပါ၊ ဖြိုးသာအသင့်ပြင်ထား"

ကျော့က ဖြိုးမျက်နှာရိပ်ကိုမကြည့်ဘဲ သူပြောချင်တာပြောပြီး အအေး င်းကာ ထသွားလေသည်။

* *

ဖြိုးမှာ ကျော့ တွန်းပေးသည်နှင့် လုပ်စရာတွေများလာလေသည်။ ဖော်လတ်တို့အဖွဲ့ထဲသွင်းပေးထားသဖြင့် ကျော့နှင့် နေရာတကာမလိုက်ဖြစ် တော့၊ ကျော့က လိုင်ဗရီထဲရောက်နေလျှင် ဖြိုးက အနုပညာအသင်းရုံးခန်းထဲ ရောက်လျှင်ရောက်၊ ဒါမှမဟုတ် RC ထဲမှာ သူ့အပေါင်းအသင်းတွေနှင့် စကား ဖွဲ့နေတတ်သည်။ သူတို့အဖွဲ့မှာ အသင်းခေါင်းဆောင် ကိုဖော်လတ်၊ ပန်းချီ ဆရာမ လှပွင့်၊ အီးမေဂျာမှ ကျူတာပေါက်စ ကိုသက်ပိုင်နှင့် နာမည်ကျော် န်းချီဆရာ ကိုမိုးဝေလည်းပါသည်။ ကိုမိုးဝေက ကျောင်းပြီးသွားပြီဖြစ်သော် သည်း တက္ကသိုလ်မှ မျိုးဆက်သစ်များကို သံယောဇဉ်မပြတ်ဘဲရှိနေသည်။

"ဖြိုး သူတို့နဲ့တွေ့ရတာ ကံကောင်းတယ်၊ ကျော့ကို သိပ်ကျေးဇူးတင် သယ်၊ ကိုဖော်လတ် ကျောင်းပြီးသွားမှာတောင် စိုးရိမ်နေရတယ်၊ သူကတော့ နောက်ဆုံးနှစ်မှာ နှစ်နှစ်တန်၊ သုံးနှစ်တန်နေမယ်ပြောတာပဲ"

စာကြည့်တိုက်မှာ ဖြိုးအတွက် စာအုပ်တွေ ကျော့ရှာသည်။ တနင်္ဂနွေ တစ်ရက်မှာ ဆရာ့စာအုပ်စင်သွားမွှေသည်။

ဆရာ့အိမ်မှ လူကြီးတွေက ကျော့ကို ဝမ်းပန်းတသာဆီးကြိုစမြဲ။ ဆရာ့အမေက စကားပြောဖော်မရှိသဖြင့် ကျော့လာလျှင် စကားတွေဖောင်နေ အောင် ပြောတော့သည်။ မုန့်တွေ တစ်မျိုးပြီးတစ်မျိုး ချကျွေးကာ မပျင်းရအောင် ထားသည်။ ဆရာ့ဦးလေးကလည်း ဖော်ရွေပွင့်လင်းကာ စကားပြောကောင်း သည်။ သူတို့ကိုကြည့်ရတာ ဘယ်သူ့ကိုမဆို စေတနာထားချစ်ခင်နိုင်သည့် မျက်နှာမျိုးတွေ၊ ဦးလေးက ခြံထဲမှာလမ်းလျှောက်ရင်း အသစ်စိုက်သည့်အပင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



တွေအကြောင်း၊ မြက်ခင်းပြင်ကိုသပုံ၊ ခြံနောက်ဘက်အပင်ပေါ်လာနေတ
သည့် ငှက်ကလေးတွေအကြောင်း စုံနေအောင်ပြောတတ်သည်။ အပေါ်ထပ်
တာနှင့် အနီးဆုံးအခန်းကို ဆရာ့ပန်းချီဆွဲခန်းအဖြစ်သုံးရအောင် ပြင်ပေး
ဟုလည်း ပြောသံကြားလိုက်ရသည်။

BURMESE CLASSIC

"ဆရာ ပန်းချီဆွဲတတ်သလား"

"ဆရာတို့ ကျောင်းသားဘဝက ရန်ပုံငွေအတွက် ပို့စ်ကဒ်ကလေး
ရောင်းရရင် ဆရာက ပန်းချီဆရာပဲ၊ ဆရာ့ဘဝမှာ ပုံမှန်လည်ပတ်နေတဲ့လုပ်င
ဆောင်တာတွေပြီးရင် ဒုတိယအရေးကြီးတာ စာဖတ်ခြင်းနဲ့ ပန်းချီဆွဲခြင်းပဲ"

ဆရာ့စာအုပ်စင်မှာ 'Graphic Art Of The 18th Century' ဆိုတဲ့
လက်နှစ်လုံးလောက်ထူသည့် စာအုပ်တစ်အုပ် တွေ့ရသည်။ ဖတ်နိုင်ရင်
ကောင်းပေမည်။ ဆရာက ဦးလေးရဲ့အမွေဟုပြောသည်။ နောက်တစ်အုပ်
'Success And Failure Of Picasso' တဲ့။ ကျော့ ပခုံးတွန့်လိုက်မိသည်။ မျက်နှာ
က ပီကာဆို လက်ညှိုးကိုက်ကာ စဉ်းစားနေသည့်ပုံ၊ အနုပညာကို ဘာတွေ
စေစားဦးမလဲမသိ။

ကျော့ စာအုပ်ကြီးကိုင်ရမှာကို အားနာသလိုပင်ဖြစ်သေးသည်။ သန့
စရာ ဖြိုးရယ်၊ အင်္ဂလိပ်စာကိုတော့ မဖြစ်မနေလေ့လာမှ ဖြစ်တော့မယ်။

"ဖြိုးက အခုတော်တော်ပျော်နေတယ်ဆရာရဲ့၊ အရင်က သူဝါသနာပါ
တာကို ဘယ်လိုစရမယ်မှန်းမသိဘူး၊ အခုတော့ ပန်းချီသင်တန်းတွေ လိုက်တက်
ပြီ။ တော်တော်တောင်ဟုတ်နေပြီ၊ စာမကျက်တဲ့အဖော်တစ်ယောက်တိုးနေတယ်"

"ထင်သားပဲ၊ ဖြိုးက ကျော့နဲ့ ဒီလောက်ပေါင်းနေတာ၊ တစ်နေ့တော့
ဒုက္ခရောက်မယ်ဆိုတာ"

"ဟင် ဆရာကလဲ၊ ကြည့်နေပါ၊ ဖြိုးကအတတ်မြန်မှာ၊ သူ့မှာ ပန်းချီ
အခြေခံရှိတယ်၊ စိတ်ကူးစိတ်သန်းလည်းကောင်းတယ်၊ သူဝါသနာပါသလောက်
အာရုံစူးစိုက်နိုင်မှာပဲ"

ဆရာ့စာအုပ်စင်မှ 'အလှရှာတော်ပုံ' နှင့် 'စိတ္တဇပန်းချီ' စာအုပ်နှစ်အုပ်
ကိုယူပြီးမှ နောက်ထပ်စာအုပ်ကောင်းတွေ ထပ်တွေ့ရပြန်သည်။ နောက်မှ
နောက်မှ။

"ကျော့လည်းဖတ်ရမယ်၊ ဒါမှ ဖြိုးကိုလည်း အကြံပေးလို့ရမှာ"



ညနေတွင် ဆရာ့အမေက ကျော့ကို ညစာစားပြီးမှ ပြန်ဖို့ပြောသည်၊
အမေက သူ့အိမ်လာပြီး ထမင်းမစားဘဲပြန်သည့်ညည့်သည်ဆို သိပ်ကျေနပ်
ဟုတ်။

"အိမ်မှာလေ ကြီးကြီး ဘယ်လောက်ပဲ ဟင်းကောင်းကောင်းချက်ချက်
ိုနေတာပဲ၊ ကျော့ဆရာကလည်း ထမင်းဘူးမယူလိုဘူး၊ ဦးလေးကလည်း
င်ထွက်တဲ့နေ့ဆို အိမ်ကို ထမင်းစားပြန်မရောက်တော့ဘူး၊ အိမ်မှာ ကြီးကြီး
ယောက်တည်းပဲ ချက်လိုက်၊ ပြုတ်လိုက်၊ စားလိုက်နဲ့ လူတောင်ဝချင်လာပြီ"

အိမ်သားအားလုံး စိတ်ကြည်ကြည်လင်လင် ရွှင်ရွှင်ပြပြရှိကြသည်။
ဖော်ဒေါ်ခင်ကြီးကအစဖြစ်သည်။ ဆရာ့အမေက အိမ်သားတစ်ဦးချင်းစီ
ိုက် ဘယ်သူက ဘာကြိုက်တယ်ဟု ဟင်းအမျိုးအမယ်တွေစီမံရင်း နေ့နေ့
ည မီးဖိုထဲမှာပဲ ပျော်မွေ့နေတတ်သူဖြစ်သည်။ လူကြီးတွေနှင့်နေရတော့
ရာလည်း အိမ်ရောက်လျှင် ကလေးပြန်ဖြစ်သွားပုံရသည်။ ဆရာ့အမေက
သားကို တော်တော်ချစ်သည်။ အင်္ကျီဝတ်တာ၊ ရေချိုးတာကအစ ဂရုတစိုက်
တ်ပြောနေတတ်သည်။ ဒါကြောင့် ကျော့ပြောတာ၊ ဆရာ့ဘဝဟာ အေးချမ်း
တယ်လို့။

ဆရာ့မိသားစုကိုကြည့်ရတာ ကျော့သဘောမတွေ့စရာ ဘာမှမတွေ့
ဆရာ့အမေကိုလည်း နှစ်ကြိမ်သုံးကြိမ်တွေ့ဖူးရုံနှင့် ငယ်ငယ်က တော်လာခဲ့
သည့် ဆွေမျိုးလို အောက်မေ့မိသည်။

"ဆရာ့လိုအိမ်မျိုးလေးတစ်အိမ် ကျော့ပိုင်ချင်လိုက်တာ၊ ကျော့က
အိမ်ကလေးမှာကြီးပြင်းပြီး၊ ကြီးကြီးလိုအမေမျိုးနဲ့ ဦးလေးလိုဦးလေး
စ်ယောက်လည်း ပါပြီးသားအိမ်မျိုးပေါ့"

ဆရာ့အမေက အသံထွက်အောင်ရယ်ဆဲ၊ ဆရာက ကျော့စကားကို
ကြားမိသလို ပြတင်းပေါက်သို့ ထသွားဆဲ၊ အိမ်ဖော်ဒေါ်ခင်ကြီးပြုံးတာကို
ည်း ဂရုမစိုက်မိဘဲ ကျော့သည် ပျော်ရွှင်စွာ ခြံထဲပြေးဆင်းခဲ့သည်။

လူကြီးတွေအသက်ကြီးလာလျှင် အနည်းနှင့်အများ အထီးကျန်တာပဲ၊
သားကလည်း ဆရာတစ်ယောက်တည်း၊ ပြီးတော့ လူပျိုကြီး၊ မြေးတွေဘာတွေ
ည်းမရှိတော့ အိမ်ကြီးဟာ ခြောက်ခြောက်သွေ့သွေ့ကြီးပဲ။ အသက်ကြီးလာ
ယ့်တစ်နေ့ဟာ တော်တော်စိတ်ပျက်စရာကောင်းတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို အိမ်ထောင်မြန်မြန်ပြုဖို့ တိုက်တွန်းရမည်။ ဆရာ့အ
သူ့မိတ်ဆွေတွေထဲက သမီးရှင်တွေနှင့် စပ်ဟပ်ကြည့်သေးသည်တဲ့။ နောက်
ဆရာက ဒီလိုစပ်တာ ဟပ်တာ တစ်ဖက်ကမိန်းကလေးကို ထိခိုက်တယ်။ သူ
ကြိုက်ဘူး၊ မလုပ်ပါနှင့်ဆိုလို့ မလုပ်ဖြစ်တော့တာတဲ့၊ ဒါတောင် ဆရာ
အောင် တယ်လီဖုန်းတစ်လုံးနှင့် ရွှေးမလောင်းရှာတုန်းဆိုပါလား။

အိမ်ဖော်ဒေါ်ခင်က "ကျော့ဆရာက ဂျိးများနေတာပါ၊ သူ့ကို သ
ကျတဲ့ သမီးရှင်တွေမှ အများကြီးပဲ၊ ဘယ်သွားသွား မျက်နှာသိပ်ပွင့်
သူ့ဆရာရဲ့တူမဆိုလား တစ်ယောက်ဆိုရင် တော်တော်ကဲတာ၊ သိပ်ပေါတင်
တယ်၊ သူတို့ဘက်က အရမ်းလိုနေတာ၊ မမကြီးကလည်း သဘောတူချင်
ကျော့ဆရာက သူ့ဆရာနဲ့ပတ်သက်နေလို့ မကောင်းရာမကောင်းကြောင်း ဆက်ဆံ
ရတဲ့ပုံ၊ သူ့မှာလည်း စိတ်ထဲကမှန်းထားတာရှိမှာပေါ့၊ ဒီအရွယ်ကြီးရောက်
မရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား၊ မမကြီးက သူတို့သံတွဲဘက်က အသိမိတ်
တွေထဲကပဲ စုံစမ်းတယ်"

ဒေါ်ခင်ကပဲ တဆက်တည်း လေသံတိုးကာ "သူ့မှာရှိတာက ဒီကလေး
မှမသိတာ၊ ဒါကြောင့် အမေကို ပြောရခက်နေတယ်ထင်ပါရဲ့"ဟု မျက်နှာ
မျက်နှာကဲနှင့် ပြောသဖြင့် ကျော့ရယ်ရသေးသည်။

အင်း၊ ဟုတ်ချင်လည်းဟုတ်မှာ၊ ဆရာနှင့် ရုပ်ဗေဒဌာနက ဆရာ
ပေါက်စ ဒေါ်မီမီစံငြိမ်းတို့ ကျောင်းတက်တုန်းကပဲ ခပ်ချိတ်ချိတ်ဟုတော
ပြော်သံကြားဖူးသည်။ ဌာနမှာ ဆရာ့ကို တခြားဆရာမတွေနှင့်ထက် ဒေါ်မီမီနှင့်
ပဲ ရင်းရင်းနှီးနှီး တွေ့မြင်ရသည်။ ဒေါ်မီမီကို ဆရာစောင့်နေသလားမှမသိတာ
ဒေါ်မီမီက ချောတော့ချောပါရဲ့၊ ဆရာ့ကိုတော့ လိုက်မမှီပါဘူး၊ သဘောကောင်း
တာမှာလည်း ဆရာ့ကိုမမှီသေး၊ ဘယ်မှီမလဲ သူက မိန်းမဖြစ်နေတာပဲဥ
ဆရာ့ကိုတော့ နမြောသား၊ ကျော့က ကိုယ်ချစ်တဲ့ခင်တဲ့သူတွေကို တော်ရုံတန်ရုံ
လူတွေနှင့် တူတယ်တန်တယ် သိပ်မထင်လှဘူး၊ ဆရာ့ကိုပေးလိုက်ရပြီဆိုတာ
နှင့်တင် စိတ်ပျက်ဖို့ကောင်းအောင် နစ်နာနေပြီ။

* *



တာမေးပွဲတွေ စက်တင်ဘာဟု ကြားရတော့ အားလုံးလှုပ်လှုပ်ရှ
န်ကြသည်။ စာလိုက်ကူးသူကူးသည်။ ကျူရှင်လိုက်စုံစမ်းသူစုံစမ်းသည်၊
ရောက်လျှင်တော့ ထုံးစံအတိုင်း ကျော့အခန်းမှာပဲ လူစုကာ အတွေ့အကြုံ
စ်ကို ဖလှယ်ကြသည်။ ဘယ်သူမှတားမရ။ ဖြိုးကလည်း သူ့အတွေ့အကြုံ
ပြောစပြုသည်။ ချမ်းမြေ့၊ ရဝေနှင့် ဇင်မာကျော်ကျော်တို့ သုံးယောက်က
း အားကျမခံ ညနေကျောင်းဆင်းအပြီးမှာ အနုပညာအသင်းကဖွင့်သည့်
သင်တန်းကို ပြေးတက်လိုက်သေးသည်။ သူတို့ တော်တော်ဟုတ်နေပြီ၊
ကြည့်လှဲ့ဟုခေါ်သဖြင့် ကျော့ လိုင်ဗရီမှအပြန် ဝင်ကြည့်ရာ အတန်းလိုက်
နေသည့်အထဲ နောက်ဆုံးတန်းမှာ ထောင့်နေသည့် ဇင်မာကျော်ကျော်၏
ကြီးကို မသက်မသာမြင်ရသည်။ အဆောင်ရောက်မှ တစ်ယောက်တစ်လှည့်
င်းလိမ်းကာ ဝိုင်းနှိပ်ကြသည်။ ဒီကြားထဲ တစ်ယောက်က ပါးစပ်မှ 'ချွင်ခွပ်'
ဆိုင်းချက်လိုက်၍ တစ်ယောက်က မျက်နှာသုတ်ပုဝါခြုံကာ ကုတင်ပေါ်တက်
၍ ချက်စိနောက်အောင်လုပ်သေးသည်။

ရဝေကလည်း အပေါ်ထပ်အခန်းရှိ သူ့အပေါင်းအသင်းလုပ်ချင်သူ
ထံ သွားမလည်တော့။ ရဝေက ကျော့တို့လို ကိုယ်ခင်မင်သူတစ်ယောက်
ယောက်နှင့်သာ နေတာမဟုတ်၊ အားလုံးနှင့် အလိုက်အထိုက်ဆက်ဆံကာ
နှောပေါင်းသင်းတတ်သည်။

"ဘယ်သူကဖြင့် ဘယ်သူ့သမီး" "သူ့မိဘတွေက ဘယ်လိုချမ်းသာ
တာ" "သူ့အဖေကြီးကတော့ ဘာကြီးလေ" "ဘယ်သူကတော့ ဘာကြောင့်သုံးနိုင်
ဖြုန်းနိုင်တာ" စသဖြင့် စသဖြင့် သူစပ်မိစပ်ရာအဖြာဖြာကို မှျဝေတတ်သည်။
အမည်တစ်ခုခုပြောလိုက်လျှင် သူမသိတာမရှိ။ ရိုးလ်ကောခေါ်ပြီးတာနှင့် ဘုရား
ခန်းသို့သွားကာ ဘုရားရှိခိုးသည်။ ညှော်ခန်းမှာ သတင်းစာဖတ်သည်။ ဆင်စွယ်
တီးလေးကို တချောက်ချောက်ချ၍ နှုတ်ခမ်းတလှုပ်လှုပ် ရွတ်သည်။ တပြိုင်
က် အလုပ်သုံးလေးလုပ်လုပ်နိုင်၏။ ကုန်သည်မျိုးရိုးမှဆင်းသက်လာပြီး
စ်သက်လုံးဈေးရောင်းလာသည့် အစ်မအပျိုကြီး၏ တစ်သက်တာသွန်သင်မှု
တွေ ဖြစ်နိုင်သည်။

ရဝေ့မှာ မြို့ထဲမှလာတက်သည့်သူတွေထဲကလည်း သူငယ်ချင်းတွေ
ရနေပြီ။ သူငယ်ချင်းက အဆောင်မှာသီချင်းလာဆိုကြတာ နားထောင်ချင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



မကြုံဖူး၍ လိုက်အိပ်ချင်သည်ဆိုသဖြင့် ဟောလ်ကျူတာတွေမသိအောင် ခေါ် တင်းဘင်းပင် နိုးသိပ်သေးသည်။ ကျော့မှာတော့ တစ်ညလုံး ရင်တထိတ်ထိတ် နှင့်၊ ရဝေကတော့ သူကြောက်တတ်တာ၊ နှလုံးရောဂါထတာ မေ့သွားသလား မသိ၊ သူငယ်ချင်းအိမ်က စားအိမ်သောက်အိမ်ဖြစ်နေလို့ဆိုကာ သွားသွားစား သေးသည်။ သူငယ်ချင်းလာသည့်ညက အဆောင်ထမင်းနှင့် သူ့ဝေစု ဘဲ ချဉ်ရေဟင်းမှ ဘဲဥတစ်ခြမ်းကို ညီညီမျှမျှ ခွဲဝေပေးကာ ကျော့ချဉ်ပေါင်ကြော်နှင့် ငါးခြောက်ကြော်ပုလင်းကိုယူ၍ ညှော်ဝတ်ပြုသည်။

ရဝေက ဈေးသည်မို့ ဈေးတွက်ကလေးတော့ တွက်တတ်သည်။ ကားခတစ်ကျပ်နှစ်ကျပ်ကအစ အတင်မခံ။

"ရဝေ့ဆီပို ပါသွားလည်းမကောင်းဘူးလေ၊ ကျော့ယူစရာရှိတာ ယူထား" ဟု သိတတ်ကာ သူ့အလှည့်လည်း ပြန်သိတတ်စေချင်သည်။ ကျော့က ဘာမှမပြောလျှင်

"ရဝေ့အစ်မကြီးက သိပ်စည်းကမ်းကြီးတာ၊ ရဝေ့ကို ဘာမဆို စေ့စပ် အောင် သူပဲလေ့ကျင့်ပေးခဲ့တာ" ဟု ဖြေရှင်းတတ်သည်။

ကျော့ကတော့ ဆိုင်တစ်ခါထိုင်စာနှင့် ကားခလောက်ကိုတော့ ဘယ်သူ့အတွက်မဆို လှူစရာဟုသာ သဘောထားသည်။ လက်ဖွာတာ ရက်ရောတာ ဖေဖေနှင့်တူတာကြောင့် ပေးရကမ်းရတာ တော်တော်သဘောကျ သည်။ ဖြိုးနှင့်ကျော့ကတော့ ငွေရေးကြေးရေး အမြဲတမ်း ရှုပ်ထွေးနေလျက် ဘယ်တော့မှ ဖြေရှင်းစရာမလို၊ ဖြေရှင်း၍လည်းမရ။

ရဝေက သူ့ပတ်ဝန်းကျင်မှာ သူ့လိုလူမျိုးတွေနှင့်ပဲ နေခဲ့ရသည်ထင် သူကလည်း ဈေးတွက်ပဲတွက်နေသလားမှမသိတာ၊ နောက်ပိုင်းတွင် ရဝေ သူ့မှာ ဈေးတွက်ကိုသာမက ဘာကိုမှထည့်မတွက်၊ ဇွဲမယူ၊ အကျအန မကောက်၊ စိတ်မကောက်သည့် ဖြိုးနှင့်ကျော့လို သူငယ်ချင်းတွေရတာ ဝမ်းသာ ဟန်ပြသည်။

"ရဝေ နည်းနည်းပြောင်းလဲသွားသလားလို့"

ဖြိုးကတောင် ကျော့ကို ပြောလာသည်။

ဟုတ်သည်။ ကျော့ကိုလည်း ဟန်ဆောင်မှုမရှိဘဲ ပိုရင်းနှီးလာဟန် ပြသည်။ မေးကလေးပင့်ကာ ဟန်ကလေးနှင့် သူ့ဆံပင်အကုပ်ကလေးကိုလည်း



နားနောက်မှာ ခဏခဏ မညှပ်တော့၊ လူကြီးလေးလို တောက်တောက် တောက်တောက်နှင့် အလုပ်တွေတစ်ခုပြီးတစ်ခု ဆက်ကာမလုပ်တော့။

"သူကလည်း အိမ်ကပုံသွင်းမကောင်းလို့ပါ၊ သူ့ရဲ့အကြမ်းထည်လေး က မဆိုးပါဘူး"

ရဝေက ကျူရှင်တက်သည့် သူ့သူငယ်ချင်းတွေဆီမှရသည့် Notes တွေကိုလည်း ကျော့တို့အားလုံးကို ပေးစပြုသည်။

"မလိုသေးပါဘူး ရဝေရယ်၊ ကျော့ကြည့်ချင်တော့ ယူကြည့်မယ်"

တစ်လပြီးတစ်လ အချိန်တွေကုန်လာသည်။ တစ်ဖွဲ့လုံးမှာ သွားဖို့ လာဖို့ အတက်ကြွဆုံးက ရဝေဖြစ်လာသည်။ ယခင်ကလို မနက်စောစော လူမသိသူမသိ စာထမကျက်တော့။

"ကျော့စာကျက်သေးဘူးလား"

"စောပါသေးတယ်"

"Physics က အမှန်တော့ ကျက်စာမှသိပ်မရှိဘဲ၊ မေ့မှာစိုးလို့သာ ပြန်ကြည့်နေရတာ" ဟု အဖော်ကောင်းသဖြင့် ဝမ်းသာဟန်ပြသည်။

ဖြိုးနှင့်ချမ်းမြေ့ကတော့ လွတ်သွားသည့်စာတွေ ပြန်လိုက်ကူးကာ မတတ်သာ၍သာ စာကျက်ရသည်။ မျက်နှာတွေက ရှုံ့မဲ့နေသည်။ နေရောင်ဝင် သည့်ညနေတွေမှာတော့ အင်းလျားကန်စောင်းသို့ ခြေဆန့်ကြသည်။

အင်းလျားဆောင်က အင်းလျားကန်ကို မျက်နှာမူထားသော်လည်း မျက်နှာစာဘက်က အင်းလျားရေပြင်ကို မမြင်ရပေ။ မြင်ကွင်းတွေက ပိတ်လျက် ရှိသည်။ ညနေမှာ ကန်ဘောင်ပေါ်မှာ လေညင်းခံလမ်းလျှောက်သူတွေ ဒုနှင့်ဒေး။ ကျောင်းဆောင်တွေမှ ကျောင်းသူကျောင်းသားတွေ ပိုများသည်။ ကျောင်းသားအရွယ် လူငယ်တွေအဖို့ စာသင်ခန်းထဲ တစ်နေ့တာပင်ပန်းခဲ့သမျှ လာရောက်အပန်းဖြေရာနေရာလည်းဖြစ်သည်။ ကျော့တို့အဖွဲ့က တောင့်သဖြင့် ကဲရဲသဲရဲသည်။ ကောင်လေးသုံးလေးယောက်ကိုတော့ မဖြို့ရေးချမဖြို့။

ရတနာဆောင်က အသိတွေက "အင်းလျားကဟာတွေ လမ်းပေါ်မှာ ချည်းပဲ" ဟု လိုက်အော်သည်။

"အားကျတယ်လား၊ ဣန္ဒြေတစ်ခွဲသားနဲ့လုပ်မနေပါနဲ့"

"အလုပြချင်ရက်နဲ့ အဆောင်ဝမှာ ပြုတစ်ပြုတစ်လုပ်နေရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အလုကိုယ်မယုံကြည်လို့လား"

အားကျမခံ တစ်ယောက်တစ်ပေါက်ပြန်အော်ရင်း ကိုယ့်အဆောင်ရှေ့ရောက်မှ မျက်နှာပိုးသတ်ရသည်။ ရိုးလ်ကောဘဲလ်သံမကြားရသေးလျှင် အဆောင်နောက်ပေါက်မှာ မခွဲနိုင်မခွာရက်ဖြစ်နေသူတွေကို နှောင့်ယှက်ရန် သွားရပြန်သည်။ သူများတွေလို ရေမိုးချိုးဖီးလိမ်းပြင်ဆင်လို့မဟုတ်ဘဲ အပြင်က ပြန်လာပြီးစ ချွေးသံရွှဲရွှဲနှင့်ဖြစ်သည်။ ကိစ္စမရှိ၊ ဒါတွေက အဆောင်ထဲမှာရှိနေသ၍ တစ်ညလုံးလုပ်၍ရသည်။ ညတစ်ရေးနိုးထလုပ်လည်းရသည်။ ညတစ်ရေးနိုးမှာ အင်းလျားထသွား၍မရ။

"ဖြိုးကတော့လေ ညနေရောက်ရင် မမှောင်အောင်လုပ်ထားချင်တယ်"

"တစ်ကိုယ်ကောင်းမဆန်ပါနဲ့၊ သူများတွေအတွက်လည်း ထည့်တွက်ဦးလေ"

"အထဲရောက်ရင် ထောင်ကျသလိုပဲ၊ စာတွေနှိပ်စက်တာကတစ်မျိုး"

"ထောင်ထဲရောက်ရင် မဟီတော့တဲ့အတိုင်း"

"အဆောင်က ည(၈)နာရီလောက်မှပိတ်ရင် ဘယ်လောက်ကောင်းမလဲနော်"

"အေးနော်၊ တို့လို ပြင်ပဗဟုသုတရှာသူတွေအနေနဲ့ အချိန်တွေ အလဟဿဖြစ်တာပေါ့"

"အင်းလျားက သမီးပျိုတွေ၊ သမီးပြိုတွေဖြစ်သွားလိမ့်မယ်၊ မိန်းကလေးတွေကို ထိန်းသိမ်းရတာ လွယ်တာမှတ်လို့၊ အားလုံးက တို့လိုဣန္ဒြေသိက္ခာ ရှိရှိလေးတွေဆိုတော့ တစ်မျိုးပေါ့"

ချမ်းမြေ့က "သီချင်းလာဆိုတဲ့ကောင်လေးတွေနဲ့ တစ်ပုဒ်လောက် ဝင်ဟဲခဲ့ရရင် ကောင်းမလားပဲ"

"သီချင်းဆိုရုံပဲဆိုရင်တော်ရဲ့၊ ချမ်းမြေ့နော် နင့်အကြံမသိရင်ခက်မယ်"

"ဟုတ်ပါဘူးဟယ်၊ နာတာချင်းချိုဝါတနာပါတာ နင်တို့တီတားနဲ့"

"ဟင်း သူပါချင်တဲ့အချိန်က အချိန်ကောင်း"

အစွန်ဆုံးရောက်နေသည့် ရဝေက နားစွန်နားဖျားကြားလိုက်ကာ

"အေး ငါပါချင်တဲ့အချိန်ဆိုလည်း အချိန်ကောင်းပဲ၊ မိုးတောင်မလင်းသေးဘူး၊ အစောကြီးတိတ်ဆိတ်နေတာပဲ"



ဝါးကနဲ ရယ်ကြသည်ကို သူ့ခမြာ နားမလည်နိုင်ဘဲ "ဒီက အကောင်းပြောတာကို" ဟုပြောသည်။

ည(၇)နာရီခွဲမှာ Study bell တီးသံသည် ကျော့တို့အဖွဲ့အား လူစုပြီး လုပ်ချင်ရာလုပ်ပါတော့၊ တံခါးပိတ်သောင်းကျန်းပါတော့ဟု ပြောတာနှင့် အတူတူပင်။

* *

တစ်နေ့တွင် ဖြိုးက

"လူတော်တော်များများက ကျော့ကို နားမလည်ကြဘူး၊ ကျော့ကို မကောင်းပြောရင် ဖြိုးနဲ့ရန်ဖြစ်ရတာချည်းပဲ၊ ကျော့ကို ဘဝင်လေဟပ်တယ်တဲ့၊ တောင့်မကျိုးဘူးတဲ့၊ သူတို့က ကျော့နဲ့ ပေါင်းဖူးတာလည်းမဟုတ်ဘဲနဲ့ အပေါ်ယံ ကြည့်ပြီး ပြောနေကြတယ်၊ သူတို့ မနာလိုလို့ပြောတာလို့ပဲ ဖြိုးထင်တယ်၊ ဟုတ်တယ်လေ ကျော့ ချစ်စရာကောင်းတာက ဘယ်သူနဲ့မှမတူဘူး၊ ပြီးတော့ ကျော့ကလောင်နာမည်ကိုလည်း တဖြည်းဖြည်း လူသိများလာပြီ၊ အဆောင်မှာက တစ်ယောက်သိရင် သိသွားကြတာပဲ"

"လူစိတ်ဝင်စားခံရလည်းနည်းလား၊ နိုင်ငံကျော်မဖြစ်သေးလည်း လောလောဆယ် အဆောင်ကျော်ပေါ့"

"ပြီးတော့ ကျော့က ဆရာဦးဘုန်းမြင့်နဲ့ပတ်သက်ပြီးလည်း လူသိများတယ်၊ ဆရာ့အနားကို ဘယ်သူများ ကျော့လိုကပ်ခွင့်ရှိလို့လဲ၊ ဆရာ ဘယ်လောက် ရေပန်းစားလဲ ကျော့သိပါတယ်"

"ကျော့ ဒါတွေသိပ်မသိပါဘူး ဖြိုးရယ်၊ ဆရာက ခင်စရာကောင်းတယ်၊ သဘောမနောကောင်းတယ်၊ ဆရာသာ ဟိတ်ဟန်ကြီးနေရင် ကျော့တို့နဲ့ ဘယ်အပေါင်းအသင်းလာလုပ်မလဲ၊ ကျော့ အဲဒီလိုလူမျိုးတွေနဲ့ပဲ ပေါင်းချင်တာ၊ ဆရာ့ကိုဆို စိတ်ထဲမှာ သူငယ်ချင်းလို့တောင် ထင်ချင်တယ်"

"တစ်ချို့က ဆရာနဲ့ကျော့ကို မောင်နှမတော်တယ်လို့ သိနေကြတယ်"

"ဟုတ်လား၊ သံတွဲဇာတိဖြစ်လို့ထင်ပါရဲ့"

"ဆရာနဲ့ကျော့ ရုပ်ချင်းလည်း နည်းနည်းဆင်သလားလို့၊ မောင်နှမဆိုလည်း ယုံလောက်တယ်၊ ဆရာက ကျော့ထက် အရပ်တော့ နည်းနည်းနိမ့်

www.burmeseclassic.com



မယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် ဆရာကပိုချောပါတယ်"

"တချို့က ကျော့ဟာ ဆရာ့ကို အတင်းလိုက်ကပ်နေတယ်ပေါ့၊ ပြန်ခြေဖို့တောင်မကောင်းပါဘူး၊ ကျော့ကိုပြောမလို့ဟာ ပြောမထွက်ဘူး၊ ဆရာက ကျော့ကို ညီမလေးလိုချစ်တာ၊ ဂရုတစိုက်ရှိတာ၊ ဖြိုးတို့အားလုံးသိသားပဲ၊ ပြန်ခြေရှင်းရင်လည်း အနာပေါ်တုတ်ကျတယ်ဖြစ်ဦးမယ်၊ ဖြိုးက ကြားလူဆိုတော့ ဖြိုးကိုပဲ လာလာပြောကြတယ်၊ ဖြိုးကလည်း မခံနိုင်ဘူး၊ ကြားက လူကြမ်းကြီးကိုဖြစ်လို့"

"ဘာလို့ပြန်ပြောနေမှာလဲ၊ ပါးစပ်ညောင်းရင်ရပ်သွားလိမ့်မယ်၊ ခွေးဟောင်တိုင်းထကြည့်နေရင် အိပ်ရေးပျက်တာပေါ့၊ သနားစရာလူတွေပါကွယ်"

ကျော့ဘဝမှာ ဆရာသည် မိတ်ဆွေကောင်းတစ်ယောက်အဖြစ် ထိုးဖောက်ရပ်တည်လာသူဖြစ်သည်။ ကျော့သိသောယောကျ်ားများမှာ ဘိုးဘိုး၊ ဖေဖေနှင့် ကိုကိုဖြစ်သည်။

ဖေဖေနှင့် ကြီးပြင်းခဲ့ရသောကျော့သည် တော်ရုံတန်ရုံလူကို အထင်မကြီးတာအမှန်ပင်။ ကမ္ဘာပေါ်မှာ အဖြောင့်မတ်ဆုံးလူသားကိုပြပါဆိုလျှင် ကျော့သည် ဖေဖေ့အား လက်ညှိုးညွှန်ပြမည်ဖြစ်သည်။ ဖေဖေ့စိတ်သည် အမြဲတမ်း ဖြောင့်မတ်မှန်ကန်သည်။ ဖေဖေ့စကားတစ်ခွန်းသည် သံကြိုးထက် ခိုင်မာသည်။ အမြဲတမ်း ယုံကြည်စိတ်ချလောက်သူကိုပြပါဆိုလျှင်လည်း ဖေဖေမှလွဲ၍ ကျော့မှာ ပြစရာမမြင်ပါ။

ဗညိုး ဘယ်လိုလူစားလဲဆိုတာ ကျော့မသိ၊ သိလည်းမသိချင်၊ ကျော့က ကိုယ့်ကိုမေတ္တာထားလာသူပဲဟုလည်း သူ့အပေါ်အနိုင်ယူချင်စိတ်မရှိ။ လှောင်ပြောင်ချင်စိတ်လည်းမရှိ၊ ငါဟာ သိပ်ချောတဲ့မိန်းကလေးဟု အထင်မရောက်တာကြောင့်လည်းဖြစ်မည်။ သူ့အကြည့် သူ့စကားသံတို့ကို တစ်နည်းတစ်ဖုံ ခံစားမိနေတာတော့အမှန်ပင်။ သူ့ရှေ့ရောက်လျှင် တစ်ခုခုလိုနေသလို ခံစားမိသဖြင့် ဟန်ဆောင်မကောင်းသောကျော့သည် အားနာရှက်စိတ်မွန်လျက် မျက်နှာငွေးကာ အနေခက်မိသည်။ သူစိမ်းယောကျ်ားလေးနှင့် သူစိမ်းမိန်းကလေးတစ်ယောက်ကြားမှာ အမှန်တကယ်ဆက်သွယ်မှုတစ်ခုရလာဖို့ဆိုတာ



သာ်တော့ကို မလွယ်ကူသောကိစ္စတစ်ခုပင်။ ဒီကိစ္စကိုတွေးမိလျှင် ကျော့ အတန်ငယ် စိတ်ရှုပ်ထွေးရစမြဲ။

ကျော့ကြီးပြင်းဖို့ သင်ကြားတတ်မြောက်ခဲ့သော အခန်းကဏ္ဍများတွင် အချစ်နှင့်ပတ်သက်သော ခေါင်းစဉ်မပါခဲ့ဘူးထင်သည်။ အချစ်နှင့်ပတ်သက်ခြင်းဖို့ ကိုယ့်ကိုယ်ကို လူလားမမြောက်သေးဘူးထင်သည်။ ကျော့ဘဝ နောင်ကာလများသည် သူများတွေလို ချောမွေ့လွယ်ကူမည်မဟုတ်၊ ခက်ခဲမည်ကို သိ၏။ အချစ်ကို ဝန်ထုပ်ဝန်ပိုးသဖွယ် သယ်မသွားချင်၊ ဗညိုသည် ကျော့ဆီက ဘာကိုရှာဖွေချင်ပါသနည်း။

ကျော့ အသွားအလာမပျက်၊ အရယ်အမောမပျက်အောင်နေသည်။ တကယ်တော့ ကျော့လည်းပျော်ချင်ပါသည်။

"ကျော့ကို မေတ္တာတွေပုံပေးထားရမယ်နဲ့တူတယ်"

ဖြိုးက မရဲတရဲဝေဖန်သည်။

"မပျော်ရွှင်တာကိုပဲ ကျော့က ရင့်ကျက်တယ်သဘောထားနိုင်တယ်၊ ဆော်တာမပျော်တာကို ဂရုမစိုက်ဘူး၊ ကျော့ဖတ်ချင်တဲ့စာအုပ်တွေရယ်၊ သုံးဖို့ ပိုက်ဆံရယ်၊ အချိန်တန်လက်ထဲရောက်လာရင်တော်ပြီ။ ရွှေတွေငွေတွေ မလိုချင်ဘူး၊ အဲဒါတွေ ကျော့အတွက် အဖြည့်ခံသက်သက်ပဲ၊ လက်ထဲရှိရင်တော့ လျှောက်သုံးပစ်မှာပဲ၊ ကျော့ဟာ မနှစ်ကနဲ့တောင်မတူတော့ဘူး၊ နည်းနည်းပြောင်းလဲလာသလိုပဲ၊ တကယ်တော့ ပျော်ရွှင်ခြင်းဆိုတာ ဘယ်မှာမှ ရှာလို့မရဘူး၊ ကိုယ့်ကိုယ်ထဲမှာပဲရှိတာ၊ ဘဝဆရာကြီးက ကျော့ကိုယ်ထဲထည့်ပေးဖို့ မေ့သွားတယ်ထင်တယ်"

ကျော့ ဟက်ခနဲရယ်လိုက်သည်။

"ကျော့က ဒီအခြေအနေကို လက်ခံနိုင်တယ်၊ သိပ်သဘောကျတယ်၊ ခံစားချက်မရှိတဲ့ ဖြူဖြူကြီးကိုမကြိုက်ဘူး၊ ခံစားချက်နဲ့နေရတာ နှစ်မြို့က်တယ်၊ ဒါဟာ ကျော့အတွက် အကောင်းဆုံးပဲ၊ အဲဒီတော့ ကျော့ဟာ ဘာပဲဖြစ်ဖြစ် ဖြစ်လာ ခံပေါ့လေ၊ အပြင်ပန်းကတော့ အရာရာကို မျက်နှာပြောင်နဲ့ ရယ်မောဟားတိုက်လို့ပေါ့"

"အဲဒါလည်းမကောင်းဘူး၊ ဒီစိတ်မျိုးက ကိုယ့်ကိုယ်ကို ထိမှန်းမသိထိနေတာမျိုးပဲ၊ ကျော့အတွက် ဘာမှအမြတ်မကျန်လိုက်နိုင်တဲ့စိတ်မျိုး"

www.burmeseclassic.com

www.burmeseclassic.com



"ငါဆိုတာဖြစ်နေပြီးမှ ငါ့ကိုယ်ထဲက ဘယ်လိုအမြတ်အစွန်းကို ရရှ နေဦးမှာလဲ၊ မလိုတော့ပါဘူး"

"မကောင်းဘူးကျော၊ ဒါဟာမကောင်းဘူး" ဆိုတာကလွဲ၍ ဖြိုး ဘာ ဆက်မပြောနိုင်။

ဖြိုး၊ ချမ်းမြေ့နှင့် ရဝေက အတန်းမှန်စပြုသော်လည်း ကျော့ကို ခေါ်၍ မရသေးပေ။ အတန်းတက်လည်း နောက်ဆုံးတန်းမှာထိုင်ကာ စာအုပ်တစ်အုပ် နှင့် ခေါင်းစိုက်ကာထိုင်နေတတ်သည်။ စာကြည့်တိုက်မှ ပါးလ်ဘတ်ရဲ့စာအုပ် တွေက ကျော့အတွက် အဖော်ဖြစ်သည်။ ကျော့က ဖတ်မှုးသည့်စာအုပ်ကောင်း တစ်အုပ်အကြောင်းကို အားရပါးရပြောချင်နေချိန်မှာ သူတို့နှင့် ဘာမှပြော၍မရ တာ စိတ်ကုန်သည်။

ငယ်ငယ်ကပဲ ကျော့ဟာ သူများနှင့်မတူတာ ဆင်ခြင်မိသည်။ ဟိုတုန်း ကတော့ သူများနှင့်မတူမှာကြောက်ပြီး တူဖို့လိုက်ကြိုးစားကြည့်သည်။ ကြီးလာ တော့ တူချင်စိတ်မရှိတော့။ ငါဟာ ဘယ်သူနဲ့မှမတူဘူး၊ ငါ့လိုလူ ငါတစ် ယောက်ပဲရှိတယ်ဟု အားတင်းတတ်လာသည်။

ကျော့ဟာ လူတွေထဲကလူတစ်ယောက်ပဲ၊ လူတွေရဲ့ အသက်ရှင်နည်း အတိုင်း စပြီး လူ့ဘဝထဲရောက်လာ၊ ကံအကြောင်းတရားတစ်ခုစီနှင့် ရှန်းရင်း ဆန်ခတ်ဖြစ်ပြီး အချိန်တန်သေရမှာပဲ၊ သေရမည့်အရေးကိုတော့ ကျော့မတွေး ချင်သေး၊ မသေခင် လုပ်စရာရှိတာတွေ လုပ်ခဲ့ချင်သည်။ သေတယ်ဆိုတာလည်း မဆန်းပါ။ ကျော့သေသွားလျှင် ဝမ်းနည်းမည့်သူ ငိုမည့်သူ နည်းနိုင်သမျှနည်း လျှင် ပိုကောင်းမည်။ အင်း... သေတယ်ဆိုတာလည်း တကယ်တော့ စိတ်ပျက် စရာကြီးပါ။

သေပြီးရင်တော့ သေသူနှင့်ပတ်သက်ပြီး ကောင်းတဲ့စကားတွေ ပြောကြတာများသည်။ သေသူ့ဂုဏ်ကိုဖော်ပြီးပြောကြမည်။ သူ့ခမြာ အသက် ရှင်စဉ်ကလည်း မကြားခဲ့ရ၊ သေပြီးမှလည်း မကြားနိုင်တော့။ စိတ်မခိုင်သူတချို့ က ငိုကြွေးကြမည်ပေါ့၊ ပြီးလျှင် နနစ်ရက်တစ်ပတ်လောက် သူ့အကြောင်းသ တမြေ့မြေ့ပေါ့၊ ကျော့သေလျှင် စိတ်အထိခိုက်ဆုံးက ဖေဖေနှင့်မေမေပဲဖြစ်မည်၊ ကျော့အခန်းထဲက ကျော့အိပ်တဲ့ခုတင်နှင့် ကျော့စုဆောင်းထားတဲ့စာအုပ်တွေကို ကြည့်ပြီး ဖေဖေနှင့်မေမေ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေမည်ပေါ့၊ သနား



စရာတော့ သိပ်ကောင်းမည်။ မေမေကပိုမည်။ ပျော့သူကိုး၊ ဖေဖေကဆော့ ငွေးလွန်းမည်မဟုတ်၊ ကျော့ကိုမချစ်လို့မဟုတ်၊ ဖေဖေက အင်မတန်ကြံ့ ခိုင်တဲ့စိတ်ထားဖို့တတ်သူကိုး။

ကျော့ကတော့ ကျော့ကြောင့် ဘယ်သူ့ကိုမှ ပူဆွေးမကျန်ရစ်စေချင်၊ အဲဒီကြောင့် မေတ္တာကို ကင်းပြတ်အောင်ထားချင်သည်။ ဗညိုတစ်ယောက်ကတော့ ငိုညည်းလားမသိ။

ဆရာက ကျော့ကို ဘယ်အချိန်တွေ့တွေ့ ဖော်ရွေခင်မင်တာကြောင့် ဆရာ့ကို အားကိုးတကြီးရှိသည်။ ကျော့ကိုလည်း အလိုလိုက်သည်။ ကျော့စိတ် ဆန္ဒပါးအောင် စကားပြောနိုင်သည်မဟုတ်လား၊ ကျော့ တစ်ခုခုဖြစ်လာလျှင် ဆရာကောင်းကောင်းသိသည်။ ကျော့ပြောသမျှကို တိတ်ဆိတ်စွာ နားထောင် တတ်သည်။ ကျော့အတွက် အစ်ကိုတစ်ယောက် အစားရသလို ခံစားမိသည်။ ကိုကို့ကိုဆိုလျှင်တောင် အိမ်သားဖြစ်နေသောကြောင့် ကျော့ပြဿနာတွေ ပြောမထွက်၊ မပွင့်လင်းနိုင်၊ ဖေဖေ့ကို ဘယ်လောက်ပဲယုံကြည်အားကိုးအားကိုး ဆဖေ့ကို စိတ်မဆင်းရဲစေချင်သလိုပေါ့။

ဆရာနှင့်ပတ်သက်၍ ကျော့ထူးမောင်ဆိုတာ လူသိများလာသည်။ သူများတွေ ဘာပြောလဲ ကျော့မသိချင်။ ဆရာနှင့်ကျော့၏ ခင်မင်မှုကို အလေး ထားတာကြောင့် ကျော့ဘာကိုမှ ဂရုမစိုက်၊ ဂရုမစိုက်။ ကျော့မှာက ကျော့ ပြဿနာနှင့်ကျော့။

"ကျော့လေ ဘဝမှာ အသက်ရှူရတောင် ကျပ်သလိုပဲ"

"ကျော့ပြောလိုက်ရင် ဘဝနဲ့ကိုချိုလို့"

"ဟုတ်တယ်ဆရာ၊ တခါတခါ သိပ်မွှမ်းကျပ်တာပဲ၊ ကျော့ကိုယ်ကျော့ စိတ်ဝေဒနာတစ်ခုခုရှိနေတယ်တောင်ထင်တယ်၊ ဆရာ ဘဝကို စိတ်မကုန်ဖူးဘူး လား၊ ကျော့တော့ သိပ်စိတ်ကုန်တာပဲ"

ဒီအထိ ဆရာ့ကို ပွင့်လင်းလို့ရသည်။

"ဆရာ့အသက် အခုမှ သုံးဆယ်စွန်းရုံပဲရှိသေးတာ၊ ဘာကြောင့် စိတ်ကုန်ရမှာလဲ၊ ဘာတရားတွေ ဟောမလို့လဲ"

"စိတ်မကုန်ဖူးရင်တော့ ဆရာကံကောင်းတာပဲ၊ ကျော့ စိတ်ကိုဆရာ ခံနဲ့တောင် သွားတွေ့ရမလားစဉ်းစားနေတာ၊ စဉ်းစားရုံပါ၊ အဲဒီလောက်လည်း

www.burmeseclassic.com

www.burmeseclassic.com



သတ္တိမရှိဘူး၊ စိတ်ကုဆရာဝန်နဲ့တွေ့တိုင်း အရူးမဟုတ်ပါဘူးနော်ဆရာ၊ အခု ကျွန်မှာ စိတ်ဝေဒနာတစ်ခုခုရှိနေတာအမှန်ပဲ"

ကျွန်မထပ်ဆိုလိုက်တော့ ဆရာက သဘောကျစွာရယ်မောလိုက်သည်။ ကြည့်လက်စကျမ်းစာအုပ်ကို ပိတ်လိုက်ပြီး ကျွန်မထိုင်နေသည့်စားပွဲသို့ လှည့်လာသည်။ ကျွန်မက ဆရာ့စားပွဲပေါ်မှ စိမ်းလန်းသောရွက်လှအိုးလေးထဲ ရှူရှူလေးထိကိုင်ကာ ငေးစိုက်ကြည့်နေမိသည်။ ရေနှင့် ကျောက်စရစ်ဖြူဖြူလေး တွေ ထည့်ထားသောစဉ့်အိုးလေးက အေးမြနေသည်။

"ကျွန်မက အသက်ငယ်ငယ်နဲ့ ဘာတွေကို စိတ်ကုန်ချင်နေတာလဲ အစွဲအလန်းဆိုတာ မထားလေကောင်းလေပဲ၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက် တယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊ တကယ်တော့ ကျွန်မဖြစ်နေတယ်ဆိုတာ လည်း ဘာမှမဟုတ်ပါဘူး၊ ကျွန်မ စိုးရိမ်ထိတ်လန့်တာတွေ တစ်ရာမှာ ကိုးဆယ့် ကိုးခုလောက်က ဖြစ်မလာဘူးမဟုတ်လား"

"ဘာတစ်ခုမှ ဆိုးဆိုးဝါးဝါးကြီးတော့ ဖြစ်မလာပါဘူး၊ ကျွန်မ ကြောက်ရွံ့နေတာလည်းမဟုတ်ဘူး၊ ဘယ်လိုပြောရမလဲ၊ အရာရာဟာ ကျွန်မဆီ မှာ ထမင်းစားရေသောက် ပြီးပြီးရော မလွယ်ကူတာလို့ပဲဆိုရမလား"

ဝမ်းနည်းမှုနှင့် စိတ်ရှုပ်ထွေးမှုကြောင့် ကျွန်မမျက်နှာမှုန်ငေးစပြုသည်။

"အဓိကက ကျွန်မအရာရာကို ပျော်ရွှင်စွာလက်ခံနိုင်ဖို့ပဲ"

အမလေး ဆရာရယ်၊ ကျွန်မ ဒါတွေသိပြီးသား၊ ဖေဖေ့ကိုကြည့်ပြီး ကျွန်မနေနိုင်သားပဲဟု စိတ်ထဲမှပြောမိသည်။

"လောကမှာ ဘာမှအမှုမထားတဲ့စိတ်နဲ့ နေချင်တယ်၊ လောကမှာ ဝတ်မှုစားမှုကလွဲပြီး ဘာမှမသိရင် သိပ်ကောင်းမယ်"

"ကျွန်မကြည့်လိုက်ရင် ပေါ့ပေါ့ပါးပါးနဲ့ ပျော်ရွှင်ပုံတော့ရသားပဲ ကျွန်မနဲ့စကားပြောပြီးရင် ကျွန်မကို မသိမသာရော သိသိသာသာပါ ခင်သွားတဲ့ လူတွေချည်းပဲ၊ ကျွန်မနဲ့တွေ့ရင် လူတွေပျော်သွားတယ်ဆိုတာ သတိထားမိလား"

ဆရာက ကျွန်မ ကျေနပ်အောင်လားမသိ ထိုစကားကိုဆိုသည်။ ကျွန်မ မှာ ဟာသလေးတော့ရှိပါသည်။ ပြီးတော့ ကျွန်မဆီမှာ ဘာမဆို ချစ်ခင်စွာ ရွှတတ်သည့်အတွင်းမနောလေးကလည်း ရုံဖန်ရံခါ လှစ်ကနဲ ပေါ်လာတတ် သည်။



"တကယ်လားဆရာ၊ ကျွန်မကတော့ ကိုယ့်ကိုယ်ကို လူတွေရဲ့အပြင် ရောက်နေတယ်ပဲ ထင်နေတာ"

"ကျွန်မ လူတွေကို မမုန်းဘူးမဟုတ်လား"

"မမုန်းပါဘူး၊ မမုန်းပါဘူး"

သေချာအောင်နှစ်ခါထပ်ဆိုလိုက်ရသည်။

"ဒါပေမယ့် ဘယ်သူ့ကိုမှ စိတ်တိုင်းမကျဘူး"

ဟု ရယ်မောကာ ခပ်သွက်သွက်ပြောလိုက်ရလေသည်။

"ကျွန်မကိုယ်ကျွန်မတောင် စိတ်တိုင်းမကျတာ၊ လူတွေက ကျွန်မကို ရင် ခင်မယ်၊ ပျော်ရွှင်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ သူတို့ ကျွန်မကို ငြီးငွေ့ ၊ စိတ်ပျက်မယ်ထင်ပြီး သူတို့နဲ့ဆက်ဆံရတာ မဝံ့မရဲ အမြဲဖြစ်တယ်"

"ကျွန်မမှာ ကျွန်မသတိမထားမိဘဲ လူတွေအပေါ်ထားတဲ့မေတ္တာစေတ လေးရှိပါတယ်"

"တကယ်"

ကျွန်မမျက်လုံးတွေ အရောင်လက်သွားသည်။

"တကယ်ပေါ့ကျွန်မရဲ့"

"ဆရာဘယ်လိုသိ"

ကျွန်မ ပျော်ရွှင်စွာမေးလိုက်သည်။

ဆရာက ပြုံးနေရာမှ ခပ်တွေတွေဖြစ်ကာ ခေတ္တဆိုင်းငံ့လျက်

"ဆရာသိသလို အားလုံးလည်းသိမှာပါ"ဟုဆိုသည်။

"ဒါနဲ့ ဆရာတစ်ဦးတည်းသောသားဖြစ်ရတာ ပျော်လားဟင်"

ဆရာ အားရပါးရရယ်မောလိုက်တော့ ကျွန်မတောင်ကြောင်သွား သည်။

"မေးခွန်းကလည်းကွာ၊ ကြံကြံဖန်ဖန်၊ တစ်ဦးတည်းသောသားဆို တော့ စားစရာရှိတာ တစ်ယောက်တည်းအကုန်စားရတာပေါ့"

"ချစ်တော့လည်း တစ်ယောက်တည်းကိုပဲ ဝိုင်းချစ်ကြတယ်မဟုတ် လား၊ ဆရာ့မှာ ကျေနပ်စရာကောင်းပါတယ်၊ မောင်နှမတွေနဲ့ စိတ်ဝမ်းကွဲစရာ မလိုဘူး၊ ပစ္စည်းဥစ္စာအတွက်လည်း မပူရဘူး၊ ရာထူးဂုဏ်လည်းရှိနေပြီ၊ ကိုယ့် ဘဝကိုလည်း ကျေနပ်နေပြီမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျော့ စိတ်ကြည်ကြည်လင်လင်ဖြစ်လာပြီး အရှုတ်အနောက်ဖြေ ရှယ်ဆောဖို့အသင့်ဖြစ်ကာ ဆရာ့ကို ကျေးဇူးတင်နေမိသည်။

"မဖြစ်လာတာတွေ၊ မဖြစ်နိုင်တာတွေကိုတွေးပြီး မကျေမနပ်ဖြစ်နေ တော့ ဘယ်ဖြစ်မလဲ၊ လက်ရှိအခြေအနေထက် တိုးတက်ဖြစ်ထွန်းချင်တယ် တာတော့ ကောင်းပါတယ်"

ဆရာ့ကိုမေးလိုက်တာကို ဆရာက ကျော့ကိုရည်ရွယ်၍ ပြန်ဖြေသည်။

"ဆရာငယ်ငယ်က တော်တော်ဆိုးတယ်၊ ဆရာ့ကို ဘယ်သူ အုပ်ထိန်းလို့မရဘူး၊ လူကြီးတွေစကားကို နားမထောင်ချင်တာလေ၊ ကိုယ့်စိတ် ကိုယ့်ကိုယ်၊ ကိုယ်လုပ်ချင်တာလုပ်လိုက်ရမှ ကျေနပ်တာ၊ ဒါပေမယ့် အဲဒီတု က ဖြစ်ခဲ့တဲ့ခံစားမှုတွေ ပြဿနာတွေဟာ အခုအသက်အရွယ်မှာ ပြန်စဉ်း လိုက်ရင် ဘာမှမဟုတ်တော့ဘူး။ တကယ့်ကို အသေးအဖွဲမြူမှုန်လောက်တော မရှိဘူးဆိုတာတွေ့လာတယ်၊ ဆရာက မိဘစိတ်ဆင်းရဲအောင် တော်တော်လု တယ်၊ ဆရာ့အမေက ဆရာ့ကို အခုလိုဖြစ်လာလိမ့်မယ်တောင် မထင်ခဲ့ ဆရာ့အဖေနဲ့ဆို အမြဲအတိုက်အခံပဲ၊ အဖေဆုံးပြီးတဲ့နောက်တော့ တစ်ယော တည်းကျန်ခဲ့တဲ့အမေ့ကို စိတ်မဆင်းရဲစေချင်တော့ဘူး၊ ကိုယ့်အတွက်ဆို အ လောက် လိမ္မာဖြစ်မှာမဟုတ်ဘူး၊ အမေ့အတွက်လို့စဉ်းစားလိုက်မှ လိမ္မာ တော့တယ်၊ အမေ့ကို စိတ်ချမ်းသာအောင်လုပ်လိုက်ရတဲ့အခိုက်အတန့် ဘယ်အရာနဲ့မှမတူဘူး၊ အဲဒီခံစားချက်ဟာ ဘာနဲ့မှလဲလို့မရဘူး၊ ကျော့လည်း တစ်ယောက်ယောက်ကို ကိုယ့်ကြောင့် စိတ်ချမ်းသာအောင် လုပ်ပေးနိုင်စွမ်း လာတဲ့အခါမှာ လောကကြီးဟာ သာယာလာလိမ့်မယ်၊ ဆရာတို့ ဗုဒ္ဓဘာသာ တွေအဖို့ ဘဝမှာနေတတ်ဖို့ စိတ်ထားတတ်ဖို့ဆိုတာ အခြေခံလောက်နဲ့တင် ပြီးပါတယ်"

ဆရာ ကျော့ကို စေတနာပါပါနှင့်ပြောနေမှန်း ကျော့ ခံစား၍ရသည်။ ကျော့ ဆရာ့ကို ကျေးဇူးတင်စွာကြည့်ပြီး လေးလံတဲ့စိတ်တွေ လွင့်ပါးထ ရယ်မောနိုင်လာသည်။ ဆရာ့ကို ဖွင့်ပြောပြလိုက်ရ၍ ရင်ပေါ့သွားသည်လား မသိ။

"ဘာဖြစ်တာလဲ"

ဆရာ့မျက်နှာပြုံးယောင်သန်းလာသည်။

"ဆရာ့မှာ တစ်ခုပဲလိုတော့တယ်၊ ဆရာက ချောလည်းချောရက်နဲ့"

"မိုက်ဆာပြီနဲ့တူတယ်၊ ဘာစားချင်လဲပြော"

"ဒီနေရာရောက်ဖို့စောင့်လိုက်ရတာ"

ကျော့က စိတ်အပြောင်းအလဲမြန်တတ်သလို၊ စိတ်ရှုးပေါက်ရင်လည်း ခါတခါ မဆီမဆိုင်တွေလည်း ဝင်ပြောတတ်တယ်ဆရာရဲ့ဟု စိတ်ထဲမှ ဆဲ ဆရာ့မျက်လုံးနွေးနွေးတွေကို ရင်ဆိုင်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အနုတလော ကျော့အား စာကိုလည်းကောင်း၊ တခြားဘာကိုမှလည်းကောင်း စိတ်ဝင်စားလို့မရအောင် ကျော့စိတ်ကိုကြီးစိုးနေတာ ဗညိုပင်။ ဒါတွေကို သူမသိနိုင်ဟုလည်း ဝမ်းနည်းနေမိသည်။ ကျော့ကိုယ်တိုင်ကလည်း ဘယ်တော့မှ ထုတ်ဖော်ပြောဖြစ်မည်မဟုတ်မှန်းလည်း သေချာစွာသိနေရ၏။

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာ သူငယ်ချင်းတွေစုကြတိုင်း ဗညိုနှင့်ကျော့ မကြာခဏတွေ့ရသော်လည်း ကျော့သည် သူ့ကို ဒီထက် ရင်းရင်းနှီးနှီး ခံစားမိဖို့ မကြိုးစားဘဲ အနည်းငယ်ရှောင်လွှဲချင်နေသေးသည်။ သူကလည်း ကျော့ကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ဟန်နှင့် ကျော့အရိပ်အကဲသာ ကြည့်၍နေသည်။ ကျော့ရဲ့ ပွင့်လင်းဖော်ရွေမှုထက်ပင် သူက တစိမ်းဆန်ချင်သေးသလို၊ တည်တံ့အေးဆေးပြီး နူးညံ့ပုံရသည့် သူ့နှုတ်ခမ်းတွေက 'ကျော့ကို ချစ်တယ်' လို့ ပြောလာမည့်စကားသံကိုလည်း ကျော့ အရူးအမူး တောင့်တမိ၏။ သို့သော် ကျော့၏ မယုံမရဲစိတ်နှင့် အရာရာအတွက် နောင်တရဖို့အသင့်ဖြစ်နေတတ်သောစိတ်က ဘယ်အရာကိုမှ ရင်ဆိုင်မကျော်လွှားရဲအောင် လွှမ်းမိုးထားလေသည်။

မိန်းကလေးတစ်ယောက်၏ အမူအရာသည် ယောကျ်ားလေးကို စကားမပြောရဘဲနှင့် အကြောင်းခြင်းရာ တော်တော်များများကို နားလည်သွားစေ



နိုင်သည်ထင်သည်။ ဗညိုသည် ကျော့ဆီက ဘာတွေနားလည်ခံယူလိုက်သည်ကိုတော့ ကျော့မသိ။ ကျော့တို့သည် ထိုကိစ္စကို တစ်ခါမှ မဆွေးနွေးစဖူး၊ တွေ့ဆုံကြတိုင်း ကျော့သည် ရယ်မောလျက် အသောအရွှန်းတွေနှင့်သာ အဆုံးသတ်ခဲ့စမြဲပင်။

သူပေးသော ပန်းစည်းများကိုတော့ သူငယ်ချင်းတွေတောင်မသိအောင် တိတ်တဆိတ် မြတ်နိုးစွာသိမ်းဆည်းထားမိသည်။ သို့သော် သူနှင့် နှစ်ယောက်တည်းဆုံဖို့ကိုတော့ ရှောင်မြဲပင်။ တစ်ရက်တစ်လေတွင် သူ့ကို လုံးလုံးမတွေ့ခြင်ရဘဲ ညဘက်ရောက်မှ သီချင်းလာဆိုတာတွေ့ရသည်။ ထိုရက်များတွင် ဝဏ္ဏနှင့် သန်းထွဋ်တို့ပင် သံသေးသံကြောင်နှင့် မအော်ကြဘဲ အေးအေးသက်သာ သီချင်းဆိုကြတာတွေ့ရသည်။ တစ်ခါတရံ ကျော့ အခန်းမီးမှိတ်ပြီး သန်းခေါင်တိုင်သည်ထိ သူတို့မပြန်နိုင်ကြဘဲရှိနေသည်။

ဖြိုးတို့ချမ်းမြေ့တို့လည်း စာမကျက်နိုင်ကြတော့ဘဲ ကျော့အခန်းမှာလာစုကာ သီချင်းနားထောင်ရင်း တိုးသက်စွာ စကားပြောကြသည်။ ရဝေမှာ လက်ဖက် တစ်ပန်းကန်ပြီးတစ်ပန်းကန် သုပ်ရသည်။

"တစ်ယောက်ယောက်ကိုများ ချစ်ရပြန်တယ်လို့နော်"

ကျော့က ရယ်မောဖို့ကြိုးစားသည်။ သို့သော် အားလုံးက သီချင်းသံကို နားစွင့်ရင်း တိတ်ဆိတ်နေကြသည်။

"ကျော့ အချစ်ဆိုတာကိုယုံလား"

"အချစ်ကိုယုံတယ်၊ လူတွေကိုမယုံဘူး၊ ကိုယ့်ကိုယ်ကိုလည်းမယုံဘူး၊ အချစ်ကိုတော့ အသည်းခွဲခံလိုက်ရရင်တောင် ကျေးဇူးတင်မှာပဲ၊ ကျော့က လူတွေထဲကလူတစ်ယောက်၊ ဒါ့အပြင် လူတွေအကြောင်းကို စာတစ်တန်ပေတစ်ဖွဲ့ လုပ်ဦးမှာဆိုတော့ လူတွေ တတ်သိခံစားမိတာမှန်သမျှ ကျော့တတ်သိနိုင်ရမှာပဲ၊ ဒါကြောင့် ကျော့အတွက် အချစ်ဟာလိုတယ်"

"ဟင် ကျော့ဟာကတစ်မျိုးပဲ၊ အချစ်ဟာ ကုန်ကြမ်းလား"

"ကျော့က အချစ်ကို ဒီအတိုင်းကြည့်နေမှာလား၊ အချစ်ကို အလေးထားစဉ်းစားလွန်းရင် ဘဝနဲ့မဆက်စပ်တော့ဘူး၊ အချစ်ဟာ ကိုယ့်ဘဝထဲမှာပဲ၊ အချစ်ကို ရင်ဆိုင်တာဟာ ဘဝကို ရင်ဆိုင်တာပဲ"

"ဘာလဲ၊ ကျော့ဟာ သံတွဲကြောင်တယ်၊ ဘဝကိုရင်မဆိုင်ရဲဘူးဆိုချင်

www.burmeseclassic.com

www.burmeseclassic.com



တာလား၊ ထားပါတော့လေ၊ ဖြစ်နိုင်ပါတယ်၊ မင်းတို့ကိုလည်း ကျော့နားလည်ပါတယ်၊ မင်းတို့ဟာ အချစ်အတွက်နဲ့ စိတ်ဆင်းရဲခံမယ့်လူစားတွေမဟုတ်ပါဘူး၊ အစကတည်းက ကိုယ့်ဘေးနားမှာရှိတဲ့ သုံးလေးယောက်ထဲက ကိုယ့်ကိုပိုချစ်မယ်ထင်တဲ့ ကိုယ့်အလှမှာ အများဆုံးပျော်ဝင်နိုင်တဲ့ ကိုယ့်ဘဝအတွက်မှီခိုအားထားလောက်တဲ့ အခြေနိုင်တဲ့သူကိုရွေးပြီး တစ်ဘဝစာအတွက် အကွက်ချပြင်ဆင်ပြီးသား၊ ကျော့အတွက်တော့ ဒါတွေ အရေးမကြီးဘူး"

"ရဝေ အချစ်ကိုတွေ့ဖူးလားဟင်"

ဘေးနားမှာ ခပ်ငိုင်ငိုင်ထိုင်နေသောရဝေ့အား တဆက်တည်းမေးလိုက်သည်။

ရည်းစားနှစ်ယောက်ထားဖူးသည့်ရဝေ အူကြောင်ကြောင်ဖြစ်သွားသည်။ ကျော့ကတော့ ရဝေ့ကို ချစ်ဖူးသည်ဟုမထင်၊ ဘယ်သူသာလဲရွေးနေတာဟုပြောလျှင် ရဝေစိတ်ဆိုးပေမည်။

"အချစ်ဆိုတာအနက်သား၊ တစ်ယောက်ကိုတစ်ယောက် ချစ်ရုံနဲ့မပြီးသေးဘူး၊ စိတ်တူသဘောတူရှိရမယ်၊ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်နားလည်နိုင်မယ်၊ အထင်ကြီးနိုင်မယ်၊ လေးစားနိုင်မယ်ဆိုရင် ချစ်လို့ရပြီလက်တွဲလို့ရပြီပေါ့"

ရဝေက တွေးတွေးဆဆနှင့် တစ်လုံးချင်းပြောလိုက်သည်။

"ဒါကတော့ အများသူငါပြောကြတဲ့အချစ်၊ လောကမှာ အဆင်တပြေရှိနေမယ့်အချစ်၊ ကိုယ့်ဘဝအတွက် အဆင်ပြေမယ်ထင်ရင် ဟန်ဆောင်ပြီးလေးစားအထင်ကြီးကြမှာပဲ၊ တချို့ကလည်း ကိုယ့်ဘဝအတွက် သင့်တော်လို့ရွေးချယ်သွားကြတယ်၊ ကျော့ပြောတာက ဘယ်သူမို့လို့ဆိုတာတွေမရှိဘဲနဲ့ချစ်လို့ချစ်တယ်ဆိုတာမျိုး၊ သူ့ကိုချစ်နေရရင်ပြီးပြီ၊ အချစ်စစ်ကိုပြောတာ"

"အချစ်ဆိုတာ အနစ်နာခံခြင်းပဲလို့ ယေဘုယျမယူဆနိုင်ဘူးလား"

"ဒီလိုအနစ်နာခံစွန့်လွှတ်လိုက်တော့ ကိုယ်က ဘာများပြန်ရသလဲဟင်"

"ရတာပေါ့၊ ရကိုရတယ်" ကျော့က ခပ်ပြုံးပြုံးဝင်ပြောလိုက်သည်။

ရဝေက မှန့်ဘူးကိုဖွင့်နေရာမှ နောက်ပြန်လှည့်ကာ ကျော့စကားကိုသဘောမကျသလို မျက်မှောင်ကုပ်သည်။



"ရတယ်၊ ဘာပြန်ရသလဲ၊ ငါဘာမှမရလိုက်ပါလား၊ ငါပေးလိုက်ရတာကိုပဲသိတယ်၊ ပြီးတော့ ငါထပ်ထပ်ပြီးပေးချင်သေးတယ်၊ ဒါဟာ ဝမ်းနည်းစရာမကောင်းဘူးလား"

ကျော့က ရဝေ့ကို ကလေးတစ်ယောက်ကိုကြည့်သလို ကြည့်လိုက်၏။

"ချစ်ခြင်းမှာ အတတ်ပညာရှိတယ်ဆိုတာ ယုံလား ရဝေ"

"ဩော်၊ ကျော့ရယ် ငယ်ပါသေးတယ်၊ မင်းချစ်ဖူးလို့လားကွယ်"

ရဝေက ကျော့မေးစေ့လေးကိုကိုင်ကာ ပြောင်ချော်ချော်ပြောလိုက်သည်။ ကျော့က ဟက်ဟက်ပက်ပက်ရယ်မောရင်း

"ချစ်တတ်တဲ့လူတိုင်းဟာ ဒီလိုပေးလိုက်ရတာကိုပဲ ကိုယ်ပြန်ရတဲ့အရာလို့ မှတ်ယူနိုင်တယ်၊ အချစ်ဆိုတာဟာလည်း တည်မြဲတဲ့အရာမဟုတ်ဘူး၊ ဖောက်ပြန်ပျက်စီးတဲ့ လောကကြီးမှာ အားလုံး တလွဲတချော်ဖြစ်နေတာပဲ၊ ရဝေက အဲဒီအချစ်ကို ကိုးကွယ်ခဲ့ပြီးပြီ၊ အချစ်ကို အလုပ်အကျွေးပြုခဲ့ပြီးပြီ၊ ဒါ့ထက်ပိုပြီး ဘာများလိုချင်သေးလို့လဲ"

"ကျော့ကတော့ စွန့်လွှတ်ပေးဆပ်လိုက်ရလို့ ကျန်ခဲ့တဲ့နစ်နာခြင်းကိုရယူရဲတဲ့သတ္တိကိုမှ အထင်ကြီးချင်တာ"

အကြောင်းမဲ့ဝဲတက်လာတဲ့မျက်ရည်တွေကို မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း ကျော့ သိမ်းဆည်းလိုက်ရသည်။

* *

ကျော့သည် စိတ်ညစ်လျက် ဗညိုနှင့် မတွေ့ခဲ့ရင်အကောင်းသားဟုတောင့်တမိလာသည်။ သူက ကျော့ကို ဘယ်လိုမှ နားလည်နိုင်မည်မဟုတ်။

ကျော့သည် တစ်ပတ်လုံးလုံး ဖတ်လက်စစာအုပ်တွေကို လက်စသတ်ကာ လာမည့်သောကြာနေ့တွင် စာစကြည့်မည်ဟု စဉ်းစားထားသည်။ သို့သော်ထိုညနေတွင် ဗညိုထံမှ စာတစ်စောင်နှင့် အခါတိုင်းပို့နေကျ ပန်းစည်းထက်ပိုကြီးသော နှင်းဆီပန်းဝါဝါတွေက တစ်မွေ့တစ်ပိုက်ကြီး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလေသည်။

စာအိတ်ဖြူဖြူဖွေးဖွေးမှာ လေးထောင့်ကွက်အကြည်ပြားလေးမှတဆင့် အတွင်းမှစာရွက်ရှိ ပန်းနုရောင်အသည်းပုံလေးတွေကို အရင်မြင်ရသည်။

www.burmeseclassic.com



ကျော့ အငွေ့နံ့အမင်း သတိကြီးစွာနှင့် စာအိတ်ကိုဖွင့်လိုက်သည်။

"ကျော့"

ကျော့မျက်လုံးတို့ ဝေနေသည်။ ဆက်မဖတ်သေးဘဲ ရင်ဘတ်ပေါ် လက်နှစ်ဖက်အသာယှက်တင်ကာ ငြိမ်နေမိသေးသည်။

"ကျော့"

"ကျော့ကို မတွေ့မမြင်ရတဲ့ရက်တွေ ကိုယ့်ဘဝမှာမရှိပါစေနဲ့လို့ ဆုတောင်းရတော့မယ်၊ ကျော့မှာ ကိုယ့်ကိုရှောင်နေရတဲ့အလုပ်တစ်ခုပိုနေတယ် ဆိုရင်တော့ စိတ်မကောင်းစရာပဲ၊ ဒါပေမယ့် ဒီစာကိုတော့ ဘယ်လိုမှ မရေးဘဲ မနေနိုင်လို့ပါ"

"ကိုယ် ကျော့ကို သိပ်ချစ်နေပြီဆိုတာတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျော့သိစေချင်တာပဲ၊ ဘယ်လိုမှ မြဲသိပ်နိုင်စွမ်းမရှိတော့ဘူး၊ မင်းကို သိပ်ချစ်တယ်ဆိုတာ သိပ်ခံစားရလို့သိတာပါ"

"ကိုယ် အိမ်ကခိုင်းတဲ့ကိစ္စတစ်ခုနှင့် တောင်ကြီးကို တစ်ပတ်လောက် သွားရမယ်၊ အဲဒီရက်တွေကို စဉ်းတောင်မစဉ်းစားရဲဘူး၊ ကိုယ် မင်းနဲ့ဝေးမှာ သိပ်ကြောက်နေပြီ။ မင်းကို ကိုယ့်ရင်ထဲကစကားတွေ မပြောရဘဲ ခရီးထွက်သွားဖို့ဆိုတာ ကိုယ့်အတွက် ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီရက်တွေမှာ မင်းကိုမတွေ့ရတဲ့ အတွက် ကိုယ့်ရင်ထဲမှာ ဘယ်လောက်ထိဖြစ်ပျက်ခံစားနေရသလဲဆိုတာတော့ ကိုယ်ကလွဲပြီး ဘယ်သူမှမသိနိုင်ပါဘူး၊ မင်းကတော့ ဘာပဲပြောပြော ရယ်နေမယ်ထင်တာပဲ"

ဒီနေရာရောက်မှ ကျော့ပြုံးဖို့သတိရကာ လေးလံသောအပြုံးတစ်ခု ပြုံးလိုက်မိရသည်။

"ကိုယ် မင်းကိုလွမ်းလို့ သေသွားလောက်မယ့်အခြေအနေကို ရင်ဆိုင် ရဲပေမယ့် အသက်ရှင်လျက်ကြီး ဒီလိုအခြေအနေကိုတော့ ဘယ်လိုမှ ဆက်လက် ရပ်တည်ထူထောင်နိုင်မှာမဟုတ်ဘူး၊ ကိုယ့်အခြေအနေကိုယ်အသိဆုံးပဲ၊ ဒီအချိန် မှာ ကိုယ့်ဘဝအတွက် အရေးကြီးဆုံး အလိုအပ်ဆုံးအရာဟာ 'မင်း' ဖြစ်နေပြီ။ မင်းအကြောင်းတွေကို စဉ်းစားနေတဲ့အလုပ်ထက် ပိုပြီးဘာကိုမှ မစဉ်းစားချင်



ဘူး၊ ရင်ထဲမှာ ဖြစ်ပျက်နေတဲ့ဝေဒနာတွေကို စီကာပတ်ကုံး ကဗျာဖွဲ့ပေမယ့် စာရန်တွေ ချွတ်ချော်တိမ်းစောင်းပြီး ရင်တွင်းကအဖြစ်အပျက်တွေလောက် သေမမြောက်တော့ဘူး"

"ကိုယ့်ရင်တွင်းမှာ ဖြစ်တည်ထွန်းကားရှင်သန်နေတဲ့ သံယောဇဉ် အစိတ်အပိုင်းထဲက တစ်စိတ်တစ်ဒေသလောက် မင်းရင်ထဲမှာရှိနေတယ်ဆိုရင် တောင် ကိုယ်ကျေနပ်ပြုံးပျော်မိမှာအမှန်ပဲ"

"ကိုယ် မိန်းကလေးတစ်ယောက်ကို စချစ်မိရင် ဒီလောက်ထိ ခံစားရ ထိခိုက်မယ်လို့ မထင်ခဲ့မိဘူး၊ ကိုယ်သိပ်ချစ်တဲ့မိန်းကလေးဟာ ဘယ်လိုပုံစံမျိုး ရှိမလဲဆိုတာလည်း စိတ်ကူးမယဉ်ခဲ့ဘူး၊ ခံစားရတော့မှ ထိန်းချုပ်ဆီးတားမရ နိုင်း သိရတယ်"

"စာရေးရင်း တုန်ရီမောဟိုက်နွမ်းနယ်နေတဲ့ ရင်အစုံတစ်ခုလုံးကို ငြိမ်သက်အေးချမ်းအောင် အစွမ်းဆောင်နိုင်ဆုံးဟာ Nest ခါးခါးတစ်ခွက်နဲ့ Marlboro တစ်လိပ်ပဲ"

"မင်းအပေါ်ကြွေနေတဲ့ ယောကျ်ားလေးတစ်ယောက်အကြောင်းကို ဇာတ်လမ်းတစ်ပုဒ်ဖန်တီးရာမှာ ကုန်ကြမ်းသဘောမျိုး ထည့်သွင်းအသုံးပြုလိုက်ရင် အချစ်ဇာတ်လမ်းအများကြီးထဲမှာမှ အင်မတန် ဂန္ထဝင်မြောက်တဲ့ စာအုပ်တစ်အုပ် ဖြစ်ကောင်းဖြစ်သွားနိုင်တယ်၊ ယောကျ်ားတစ်ယောက်လို့ မရည်ညွှန်းပါဘူး၊ ဒါပေမယ့် ယောကျ်ားကောင်းတစ်ယောက်ဟာ မိန်းကလေးတစ်ယောက် သူ့ဘဝ ကို အသုံးပြုတာခံနိုင်ပေမယ့် အသုံးချခြင်းခံရမှာကိုတော့ အရမ်းကြောက်တယ်၊ ဒါဟာ အလွန်လျှော့ကန်သင့်မြတ်တဲ့ ဒဿနတစ်ခုပဲ"

"ကိုယ့်အချစ်တွေကို မယုံရင် မင်းလည်း အားရတဲ့အထိ စမ်းသပ် ကြည့်ရှုစစ်ဆေးနိုင်တယ်နော်၊ ဒါပေမယ့် အချိန်တွေဟာတော့ ဘစ်နေ့ထက် တစ်နေ့ ဆုံတွေ့ခြင်းတွေကို တိုက်ခိုက်ဖြိုခွဲပစ်ဖို့ ခြေလှမ်းစပြင်ဆင်နေပြီ၊ ဒါတွေ ကိုသိလျက်နှင့် မိုက်ခဲ့တယ်၊ မင်းဆီကအချစ်တစ်ခုတည်းရခဲ့ရင် ဒါတွေအားလုံး ကို ကိုယ်မိုက်မိုက်ကန်းကန်း တိုက်ထုတ်နိုမ်နင်းနိုင်မယ်လို့ထင်တယ်၊ စာတစ် ပုဒ်ကို အရင်က တစ်နာရီလောက်ကျက်ရင် တစ်သက်လုံးစွဲမြဲနေပေမယ့် အခု အချိန်မှာ (၅)နာရီလောက်ကျက်လည်း ထိရောက်မှုမရှိတော့ဘူး။ ဘာလောက် သတိရမိရင် အဲဒီတစ်ညလုံးအတွက် မဆုံးတော့ဘူး၊ ရင်ထဲမှာ ခဏလောက်

www.burmeseclassic.com



တော့ အသိစိတ်ထဲက မေ့ပျောက်ပစ်လိုက်မယ်ဆိုပြီး တွေးတောချိန်ကို နေတုန်းမှာပဲ မသိစိတ်ရဲ့ ကျူးကျော်တိုက်ခိုက်လွှမ်းမိုးခြင်းကို ခံရပြန် အကုန်လုံး အလဲလဲအပြိုပြိုဖြစ်ကုန်ပြန်ရော၊ ဒါတွေအများကြီးထဲက နည်းနည်း လေးကို ခွဲထုတ်ခံစားပြီး နားလည်ပေးပါတော့"

"ကိုယ်အရှုံးပေးလိုက်ပါပြီ၊ ကျေနပ်ပါတော့ 'ရက်ရတဲ့အဖြစ် ပြေပါစေသား' ဆိုသလိုမျိုးဖြစ်နေပြီ၊ မင်းကို လွမ်းလွန်းတဲ့အတွက် အရ တရားတွေကိုတောင် မေ့လျော့စပြုလာပြီ"

* *

ဟာ၊ တစ်ရေးနိုးထဖတ်ရဦးမလား၊ သူမှ စာရေးဆရာလုပ် ကောင်းတာ။

"ကိုယ် မင်းလေးကို အရမ်းမြတ်နိုးခဲ့တာ၊ အရမ်းတန်ဖိုးထားခဲ့တာ အရမ်းအထင်တကြီးဖြစ်ခဲ့တာ၊ မင်းတစ်ယောက်တည်းကိုသာ ကိုယ့်အချစ်နှင့် ဘဝတွေကို မျက်စိစုံမှိတ်တိုးတိုက်ပုံအပ်ပြီး နှစ်နှစ်ကာကာကြီး ခုံမင်နှစ်သက်လို့ မက်မောတမ်းတရင်း ရှုယ်ရည်တွယ်ငြိကြေကွဲလွမ်းဆွတ်ခဲ့မိတာ၊ အဲဒါတွေ အကုန်လုံး သဲထဲရေသွန်ဖြစ်သွားလား မသိချင်တော့ဘူး"

"မင်းမှာ တစ်ဖက်သားရဲ့အချစ်ကို နားလည်ပေးတတ်တဲ့ နှလုံးသား ရှိသေးရဲ့လားဟင်၊ ချွေချမနေနှင့် ကြွေနှင့်ပြီးသားပါ၊ ကိုယ့်ဘဝမှာ ထာဝရ ပိုင်ဆိုင်သွားမှာဆိုလို့ ရိုးသားမှုတစ်ခုပဲရှိတယ်၊ အဲဒါနဲ့ပဲ အသက်ဆက်ခဲ့တယ် အချစ်ကြီးတော့ အမျက်ကြီးတယ် ပြောရမလားမသိဘူး၊ နည်းနည်းလေး ထိနိုက်ကွဲရှပွန်းပဲ့တဲ့ အတိုက်အခိုက်မခံနိုင်တော့ဘူး။ နားလည်ပေးပါဗျာ မိန်းကလေးတွေအကြောင်းကို ခရေစေ့တွင်းကျသိအောင်မလေ့လာ မမှတ်သား မိတာ ကိုယ့်အမှားပဲလား မပြောတတ်ဘူး"

"ကိုယ်သေရမှာလည်း မကြောက်တော့ဘူး၊ ကိုယ်သေသွားရင် ဒီလောက်ဆိုးရွားရက်စက်တဲ့အလွမ်းတွေကို မခံစားရတော့ဘူးလေ၊ ရေးဘဝ အကျိုးပေးက မင်းကိုပေးဆပ်ရမယ့် သံသရာဝဋ်ကြွေး အမှန်းငြိုးတွေရှိရင်လည်း ပြေပျောက်ကျေနပ်ပါတော့၊ မင်းကို အနိုင်မယူဘဲ အရှုံးပေးချင်နေတဲ့သူပါ၊ ကိုယ့်အတွက် နောက်ထပ်အရှုံးဆိုတာ ဘယ်တော့မှထပ်မလာနိုင်တော့ပါဘူး၊



မင်းနဲ့တွေ့ပြီးမှ အသက်မပါတဲ့အပြုံးပွင့်လေးတချို့ကိုလည်း ကြိုးစားပြီး အားယူပြုံး တတ်ခဲ့ပါတယ်၊ ကိုယ့်အချစ်တွေ အရမ်းကြီး တစ်ဖက်စွန်းရောက်ပြီး အစ်ယူသန်နိုင်နေမလားမသိဘူး၊ အချစ်တွေအများကြီးထဲက မဆိုစလောက် လေးတော့ နှမြောတသစွာနှင့် ပြန်ရုတ်သိမ်းပြီး ထိန်းချုပ်ထားလိုက်ဦးမယ်လေ၊ စင်ထဲမှာ ဘယ်အတိုင်းအတာထိ ဖြစ်ပျက်ခံစားနေရတယ်ဆိုတာတော့ နားမ လည်မှုတွေ ကြားက နားလည်ပေးပါဗျာ"

"ဒီအတိုင်း ရှေ့ဆက်သွားနေရမယ်ဆိုရင် ရှင်လျက်နှင့် ဘဝဟာ သေဆုံးသွားလိမ့်မယ်ထင်တယ်၊ ကိုယ့်အတွက် ဆေးတစ်ခွက်တော့ မရှိမဖြစ် ထိုးအပ်နေပြီ၊ ပုစ္ဆာတစ်ပုဒ်မှာ မေးထားတဲ့မေးခွန်းအတွက် ဖြေဆိုပုံဖြေဆိုနည်း သာ ကွဲပြားခြားနားပေမယ့် အဖြေဆိုတာ မလွဲမသွေကောန်မှုချရှိပါတယ်၊ အချစ် ဟာ သင်္ချာပုစ္ဆာတစ်ပုဒ်မဟုတ်သလို ကိုယ်ဟာ မင်းကို မေးခွန်းထုတ်လောက် အောင်ထိ သတ္တိကောင်းရင့်သီးတဲ့ပုဂ္ဂိုလ်တစ်ယောက်မဟုတ်ခဲ့ပြန်ဘူး၊ တစ်ဖက် က ပြန်လည်ချင့်ချိန်ရတဲ့ အစိတ်အပိုင်းဆိုတာကလည်း မစဉ်းစားဘဲ စိတ်ထဲ မှာ ပုံရိပ်တစ်ခုလို ထင်ဟပ်တွယ်ငြိလာပြန်တယ်၊ အချိန်တိုတိုလေးအတွင်းမှာ မိန်းကလေးတစ်ယောက်ဆီက အဖြေတောင်းရင် အဲဒီမိန်းကလေးရဲ့တန်ဖိုးကို နှိမ့်ချစော်ကားသလိုဖြစ်ပြီး မုန်းသွားလေမလား၊ တစ်ဖက်ကပြန်ကြည့်တော့ ရေမရာနှင့် ဒီလိုသာ ကြေကွဲမှုနာရီတွေကို ရှေ့ဆက်ဖြတ်သန်းရဲမလားဆိုတဲ့ ဖြစ်ရပ်နှစ်ခုရဲ့ ရိုက်ခတ်မှုကြောင့် စိတ်ထဲမှာ ဒွိဟဖြစ်နေခဲ့တယ်"

"နောက်ဆုံး ပြန်လည်ချိန်ကိုက် အရဲစွန့်လိုက်တော့ ကိုယ်ချစ်တဲ့ အချစ်တွေပေါ်မှုတည်ပြီး ရင်တွင်းကသိချင်တာတစ်ခုကို တောင်းဆိုတာ မရိုင်း လောက်ပါဘူးနော်၊ ဒီလိုနဲ့ သက်ပြင်းမောတွေချမိတာ အခါခါပေါ့၊ ဘယ်လိုမှ ဘားဆီးထိန်းချုပ်လို့မရတော့ဘူး၊ ကြိုက်တဲ့အပြစ်သာပေးပါတော့၊ ဒီထက် ပြင်းထန်လွန်ကဲတဲ့အပြစ်ဒဏ်ကိုသာ ချမှတ်လိုက်ရင်တော့ နွမ်းယဲ့ယဲ့နှင့် ပဲ့ကြွေ အက်ကွဲနေတဲ့အသည်းနှလုံးအစစ်တစ်စုံလုံး အရည်ပျော်ကွဲရှုဖို့ထက် ပိုပြီးဆိုးတဲ့ အပြစ်ကတော့ အသည်းစွန့်လိုက်ဖို့ပဲကျန်တော့တယ်"

"အလွမ်းတွေကို နေ့စဉ်စားသုံးနေတာလည်း ခါးသက်လွန်းလှပါပြီ၊ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ခင်ဗျားလေးကလွဲပြီး ဘယ်သူ့ကိုမှ နှစ်နှစ် ကာကာ ချစ်ခဲ့ဖူးတာမဟုတ်ဘူး၊ ကိုယ့်ကို မကျိစယ်ချင်ပါနှင့်

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အပေါ်ထားတဲ့ သဘောထားလေးကိုတော့ ကိုယ်မင်းဆီက ဘယ်လိုပုံစံမျိုးနဲ့ သိခွင့်ရှိမလဲလို့ သိချင်လိုက်တာ၊ ကိုယ့်ဘဝအတွက် အချိန်တွေဟာ အရမ်းအရေးကြီးနေပြီ၊ ကိုယ့်ဘဝမှာ မင်းထက်ပိုပြီး ဘာမှမလွမ်းဆောက်ပါဘူး၊ အခုအချိန်မှာ ကိုယ့်အတွက်အလိုအပ်ဆုံးဟာ မင်းလေးဖြစ်နေပြီ နားလည်ပေးပါတော့"

( )

"ဟာနေတဲ့ကွက်လပ်တစ်ခုမှာ အလွန်တရာအင်အားကြီးမားတဲ့ စကားလုံးလှလှလေးတစ်လုံးလောက် ထည့်ရေးလိုက်ချင်ပေမယ့်....

"ဒါပေမယ့် ကိုယ့်ရင်ထဲမှာတော့ မင်းအသိအမှတ်ပြုခြင်းမခံရသေးတဲ့ (သို့) မင်းခွင့်ပြုမိန့်မရသေးတဲ့ ဝေါဟာရတစ်ခုကတော့ သိပ်ခံစားရလွန်းတဲ့ အချိန်ကစပြီး အခိုင်အမာ ဖြစ်တည်ကိန်းအောင်းနေပါပြီ။ ဆိုလိုရင်းကို သဘောပေါက်စေချင်ပါတယ်၊ အခုအချိန်မှာ ရူးသွပ်ခြင်းဒီဂရီတွေမြင့်တက်ပြီး အလွမ်းတွေ ယိမ်းထိုးကခုန်နေပါပြီ"

မမျှော်လင့်ရဲတဲ့မျှော်လင့်ခြင်းတွေနဲ့

အောက်ဆုံးမှာ ခဲရောင်မှိန်မှိန်လေးနှင့် 'မောင်'ဟု လက်မှတ်ထိုးထားသည်။ ကျော့သည် သူ့စာဖတ်ပြီး အနည်းငယ် ချမ်းတုန်၍သွားလေသည်၊ ရင်ထဲမှာ တနင့်တပိုးခံစားလိုက်ရပြီး နှုတ်ခမ်းတွင်လည်း အပြုံးမပီပြင်သော အပြုံးတစ်ခုကို ဖန်ဆင်းယူလိုက်ရလေသည်။

ကျော့ ဘာလုပ်ရမလဲ။

မှုန်ရီဝေဝါးသောညသည် ကျော့ပြတင်းပေါက်တွင် တွဲလောင်းခိုနေ၏။ သစ်ရွက်သစ်ခက်များကြားမှ သေးသိမ်မှုန်ဝါးသော ကြယ်ကလေးသည် ကျော့ကို တိတ်ဆိတ်စွာ ချောင်းကြည့်နေလေသည်။ ညနှင့် ကျော့သာရှိနေသည်ဟု ထင်နေရာမှ ကြယ်ကလေးကိုမြင်ရ၍ ကျော့အားတက်သွားသည်၊ ဒီကြယ်လေးဟာ ကျော့နှင့် ဘယ်လောက်များ ဝေးကွာလိုက်မလဲ၊ အနက်ရောင်မှာ အပြုစက်ကလေးတစ်စက် တင်တယ်ဆိုရုံလေး မြင်ရရုံသာရှိတဲ့ အထီးကျန် ကြယ်ကလေးတစ်ခုပဲဖြစ်မှာပါ။



* *

အချိန်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာသည်။ ကျော့သည် သူ့အကြောင်းစဉ်းစားနေလျှင် ရင်မှာ နွေးထွေးနေတာ သတိပြုမိသည်။ သို့သော် ပြန်လာလျှင်တော့ ချက်ချင်းပြေးတွေ့ချင်စိတ်မရှိတာ တွေ့ရသည်၊ ဖြစ်နိုင်လျှင် တန်ခိုးရှင်တစ်ယောက် မန်းမှုတ်ဖန်ဆင်းလိုက်သည့် 'ဘွားခနဲ' ပြောင်းလဲသွားသော ကျော့၏စိတ်၊ ကျော့၏ပျော်ရွှင်မှုတွေနှင့်သာ သူ့ကို ရင်ဆိုင်ချင်သည်။

စာမေးပွဲမှန်တိုင်းကြီးသည်လည်း ကျော့တို့ကို ပြင်းပြင်းထန်ထန် ရိုက်ခတ်စပြုသည်။ ကျော့ စာမေးပွဲကျဖို့ မရှက်ပါဘူး၊ ဒါပေမယ့် ကျလို့မဖြစ်၊ အဖေ၊ မေမေတို့အတွက် အောင်ဖို့လိုသေးသည်။ စာဖတ်ရန်ပြင်သည်။ စာတွေက အစကတည်းက မကျက်ခဲ့ရကောင်းလားဟု ကျော့ကို အငြိုးကြီးစွာ ကြည့်သည်။

အဆောင်မှာလည်း စိတ်မွမ်းကျပ်သလိုဖြစ်ကာ ကျော့သည် ပင်လယ်လေပြင်းကိုလည်းကောင်း၊ တောင်တန်းတွေမှလာသော လေအေးအေးကိုလည်းကောင်း ရှူရှိုက်ချင်သွားသည်။ စာမေးပွဲဖြေပြီးလျှင် မြန်မြန်ပြေးမှထင်ပါရဲ့၊ ဥယျာဉ်တောင်တန်းတွေရဲ့ ဆောင်းတွင်းမှာရတဲ့ ရနံ့တစ်မျိုးနှင့် သဲဖြူဖြူဖွေးဖွေးတွေရဲ့ အထိအတွေ့ကိုလည်း လွမ်းဆွတ်၍ သွားလေသည်။

ချမ်းမြေ့မှာ တစ်ဝက်လောက် ပိန်ကျသွားကာ ကျော့မသိသေးသော စာများကို ဆယ်ခေါက်မက ပြန်လှန်ကျက်မှတ်ပြီးနေပြီ။ ရဝေ့မှာလည်း သူ့ရဲ့ တောက်တောက် တောက်တောက်နှင့် မြန်မြန်သွက်သွက်လုပ်တတ်သောအကျင့် ပြန်ပေါ်လာကာ အချိန်ပြည့်စာကြည့်စားပွဲမှာထိုင်သည်။

ဖြိုးနှင့်ကျော့ကတော့ နေ့လည်ဘက်တွင် စာကျက်ရန်နေရာလိုက်ရှာရင်း နေ့တစ်ဝက်ကုန်သည်။ စာအကြောင်းစဉ်းစားမိလျှင် မရတာများ၍ မူးဝေရင်တုန်ဖြစ်ရတာတစ်မျိုး၊ အဆောင်ပြန်ရောက်လျှင် အိပ်ချင်လျက်နှင့် ညင်ငုတ်ဘုတ်ထိုင်ရတာကတစ်မျိုးနှင့် ယခင်က ကျက်လေ့ကျက်ထမရှိခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စာမေးပွဲပိုးသည် ကျော့တို့အား အင်အားကြီးကြီးနှင့် နှိပ်စက်တော့သည်။

Physics က ကျက်စာမများ၍တော်သေးသည်။ အတန်းထဲမှာ ဆရာ အလေးထားသင်တာ၊ အရေးကြီးမယ်ထင်တာတွေပဲ ရွေးကျက်တော့သည်။

"ကျော့တော့ လိုက်ပဲမှီနိုင်ပါ့မလားမသိဘူး"

ရဝေက "ကိုယ့်မေဂျာဘာသာတွေအတွက်တော့မပူဘူး၊ ကိုယ့်ဆရာ တွေက ကိုယ့်တပည့်တွေကို မရက်စက်နိုင်ပါဘူး၊ အရေးကြီးတာက သင်္ချာ သင်္ချာ၊ မနှစ်က သင်္ချာနဲ့ကျတဲ့လူရှိတယ်"

ဆိုသဖြင့် ရဝေနှင့်အတူ မိုင်နာယူရသည့်သင်္ချာအတွက် ခေါင်းခြောက် ရပြန်သည်။ အတန်းထဲမှာ စာအတော်ဆုံးဟု နာမည်ကျော်သည့် မြမြနွယ်က အင်းလျားဆောင်ကဖြစ်သဖြင့် အခန်းထဲသို့ တစ်ညဖိတ်ပြီး ရနိုင်သဘောသဘော သုပ်နှင့် ထမင်းတစ်နပ်ကျွေးကာ စာရှင်းခိုင်းရသည်။ ဒါလည်း ရဝေ့အစီအစဉ် သာဖြစ်သည်။

"တစ်ဘာသာလေးပုဒ်လောက်ဆို မရဘူးလားရဝေ"

"မရဘူး၊ ကိုယ်ကျက်တာမပါလာရင် ဟုတ်ပေ့ဖြစ်နေဦးမယ် ထပ်ကျက်ပါဦး၊ ကျော့ကျက်နိုင်ပါတယ်၊ ဒစ်ဖနေရှင်းတွေကို အပိုင်ကျက်"

"သင်္ချာကိုတော့ မနိုင်တော့ဘူး၊ အရေးကြီးတယ်လို့ ဆရာမပြောထား တာ့တောင် အပုဒ်လေးဆယ်လောက်ရှိတယ်"

"မြို့ထဲကကျူရှင်ယူတဲ့ ရဝေ့သူငယ်ချင်းတွေဆီ ပြေးလိုက်ဦးမယ် မိုသေချာသွားအောင်"

ကျော့သည် အဆောင်မှာ စာကြည့်လို့မရလျှင် စာကြည့်တိုက်၏ ဆိတ်ငြိမ်မှုကိုပဲ အားကိုးရသည်။ အနည်းငယ်ငြီးငွေ့လာလျှင် ဝရန်တာထွက်ရပ် ပြီး ကျောင်းသူကျောင်းသားတွေ ပျားပန်းခတ်လှုပ်ရှားနေသည့် တက္ကသိုလ် တစ်ခွင်ကိုကြည့်၍ တစ်မျိုးကျေနပ်နေမိသည်။

တက္ကသိုလ်သည် ငယ်ရွယ်သူတို့၏ နိုလ္လုံရာ၊ ပျော်ရွှင်မှုရင်ခုန်မှုတွေ ပြည့်နှက်နေသည့် ရိပ်မြုံတစ်ခု၊ ချစ်သူတို့အဖို့လည်း ချစ်စကားများဝေလျှက် အနာဂတ်သည် လှပလျက်၊ မျှော်လင့်ချက်များ၊ ကြည်နူးသာယာမှုများ ပြည့်နှက်



နေကြ၏။ ပျော်ရွှင်မှု၊ ရင့်ကျက်မှုတို့ကို တစ်လှည့်စီ သိမ်မွေ့စွာပင် လူးလွန့် ပြောင်းလဲနေစေ၏။ ဘယ်နေရာကြည့်ကြည့် ဖာတ်လမ်းတစ်ပုဒ်တော့ရှိမည်။ ကျောက်ရိပ်နှင့် အင်းလျားကန်တို့အဖို့မူ ဆိုဖွယ်မရှိတော့၊ အထင်ကရဖြစ်စဉ် လေးများ ပြန်ပြောင်းအောက်မေ့ဖွယ် ထားရစ်ခဲ့ကြသည်။ အစဉ်အဆက် ခဲ့ကြတာချည်းပဲ၊ တချို့သောသူတွေအတွက်လည်း ဘဝတစ်သက်တာအတွက် မမေ့မေ့ဖွယ်မှတ်တိုင်များဖြစ်၍နေပေမည်။

ကျော့အချစ်ဆုံးက လိုင်ဗရီပင်၊ ကျော့ဖတ်ချင်သည့်စာအုပ်တွေရှိသလို ဘယ်ကပေါ်လာမှန်းမသိသော ဗညိုကလည်း ကျော့အနားကို ဖြုတ်ခနဲ ဖြုတ်ခနဲ ပေါက်လာတတ်သည်မဟုတ်လား။

သူတောင်ကြီးကပြန်ရောက်ပြီး ပထမဆုံးတွေ့ကြတာလည်း စာကြည့် တိုက်မှာပဲဖြစ်သည်။ သူက ကျော့ဆီလာတာမဟုတ်သလို ကျော့ကိုမကြည့်ဘဲ ဆောကားထစ်များကို တစ်ထစ်ချင်း ခပ်ဖြည်းဖြည်းနင်း၍ တက်လာသည်။ သူ့မျက်နှာ တမင်တင်းမှုန်ထားသည့်ကြားမှ တစ်စုံတစ်ရာ အပြစ်ပြုလုပ်ထား သည့် ကလေးငယ်တစ်ယောက်၏ဟန်က ပေါ်လွင်နေသေးသည်။

ကျော့ရပ်နေသည့် ဝရံတာသို့လျှောက်လာကာ လက်ရန်းပေါ် အတ်ထိုင်လိုက်သည်။ ခေါင်းအင့်မှာ ဆံပင်ပျော့ပျော့ခွေခွေတွေက နဖူးပေါ် ဝဲကျလာတာကို သူစိတ်မရှည်စွာ သပ်တင်လိုက်သည်။ သိုင်းလွယ်ထားသော လွယ်အိတ်ကို ရှေ့သို့ဆွဲယူကာ အထဲမှ နှင်းဆီငုံဝါဝါလေးတစ်ငုံထုတ်၍ ဝရံတာ လက်ရန်းပေါ်တွင် တင်ထားသော ကျော့လက်ချောင်းများနှင့် အနီးဆုံးမှာ လာချ သည်။ ကျော့က နှုတ်ခမ်းထောင့်ကို တွန့်တယ်ဆိုရုံလေးပြုံးကာ သူလုပ်သမျှ လိုက်ကြည့်နေသည်။

"ဘာလာလုပ်တာလဲ"

ဒီလိုမေးဖို့မကောင်းမှန်းသိလိုက်ချိန်မှာ မေးပြီးနေပြီဖြစ်သည်၊ ဒီထက်ပို၍ အဆင်ပြေချောမွေ့မည့်စကားကို အပြေးအလွှားစဉ်းစားသော်လည်း နှုတ်တရက်ရှာမရ။

ဗညိုက နှုတ်ခမ်းကို စေ့ပိတ်၍ ပြုံးနေသည်။ တစ်စုံတစ်ခုကို အားယူ နေသလို၊ သူ့ကြည့်ရတာ အနည်းငယ် တွန့်ဆုတ်တွေဝေနေပုံရသည်။ သူရေးခဲ့ သော စာအကြောင်းတစ်ခွန်းမှ မဟာပေ။ ကျော့စိတ်ထဲမှ ပြုံးမိရသည်။ ကြည့်ရ

www.burmeseclassic.com

www.burmeseclassic.com



တာ ဆော့ကပဲ အစဖော်ပေးရတော့မလို၊ ကျော့သည် ကိုယ့်ကိုယ်ကိုယ်မေ့ သူ့နေရာမှ ခံစားရင်း ယောက်ျားလေးဖြစ်ပြီး အခွင့်အရေးရှိပါလျက်နှင့် သတ္တိကြောင်တာပဲဟု တွေးနေမိသည်။

"စာမေးပွဲနီးပြီနော်"

"အင်း"

"ပြီးရင် အိမ်ချက်ချင်းပြန်မှာလား"

"ပြန်မှာပေါ့၊ အချိန်တန်အိမ်ပြန်ရမှာပဲ၊ အခုတောင် သိပ်သတိရနေပြီ"

ကျော့က တောင်ကြီးခရီးစဉ်နှင့် တောင်ကြီးမှာ သူပျော်ခဲ့ မပျော် မေးသည်။ သူက မေးတစ်ခွန်း၊ ဖြေတစ်ခွန်းထက်မပို၊ မျက်နှာကလည်း အ မကျသလို မှုန်ကုပ်နေသည်။

"တောင်တွေဟာ လွမ်းစရာကောင်းမှန်း ကိုယ်မသိခဲ့ဘူး၊ ရခိုင်ရိုး တောင်တန်းတွေလည်း ဘယ်လောက်လွမ်းစရာကောင်းလဲ တစ်ခေါက်လော တော့ လိုက်ကြည့်ဦးမှပဲ"

"ကြုံဦးမှာပါ၊ ကျော့ကတော့ ငယ်ငယ်ကပဲ ညို့မှိုင်းတဲ့တောင်တွေ မြင်ရင် ဘယ်ဆိုမသိလွမ်းတတ်တယ်"

ကျော့က ငယ်ငယ်ကပဲ ရင်းနှီးခဲ့သည့် ပင်လယ်ပြာနှင့် တောင်တန်း ပြာတွေအကြောင်း အလွမ်းပြေပြောပြတော့ သူတိတ်ဆိတ်စွာပဲ နားထောင်နေ သည်။

ကျော့သည် သူ့အမူအရာကိုကြည့်၍ အနည်းငယ်ပွင့်လင်းစွာ စကား ပြောစပြုသည်။ သူ တိတ်ဆိတ်နေတာ သည်းမခံနိုင်စွာ ပြောနေမိသည်။ သူ့ကို ရယ်တော့မရယ်ရက်။

စကားကို ခပ်ရွှင်ရွှင် လေသံရှရှနှင့်ပြောတတ်သော ကျော့လေသံမှ ဗညိုကိုတွေ့ရ၍ ဝမ်းသာအားရဟန်ရှိမရှိကို အကဲခပ်၍မရ၊ ရှက်ရွံ့ဟန်လည် မတွေ့ရ၊ ပကတိ ကျော့၏အမူအရာနှင့် ဟန်ဆောင်ခြင်းကင်းသော မျက်နှ ထားသည် ဗညို ကျော့ကို မတွေ့ခင်ထိ ရှိခဲ့ဖူးသော ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချမှုများ တစစီပြန့်ကျဲကုန်လေသည်။

ကျော့မှာ မာန်ဆိုတာ မထင်ရှားပါဘူး၊ ဒါပေမယ့် ကျော့ရဲ့ ပုန်းလျှိ ကွယ်လျှိုးရှိနေတဲ့ မာနမျိုးဟာ သူ့အဖို့မယုဉ်သာအောင် ဖြစ်များဖြစ်နေမလား



ယောက်ျားဂုဏ်သိက္ခာ၊ ယောက်ျားမာနကို မချိုးဖျက်ရဘဲ ကျော့အချစ် တောင့်တခြင်းသည် မဖြစ်နိုင်သောအရာကို တောင့်တခြင်းဖြစ်ကြောင်း စောစောကပဲ သူသိဖို့ကောင်းသည်။

ကျော့၏ အသိရခက်သော မျက်ဝန်းနက်နက်ကလေးများ ဖျတ်ခနဲ ယ်မောပြီး တစ်ခုခုကို မြန်မြန်သိမ်းဆည်းလိုက်ဟန် လုံခြုံသော နှုတ်ခမ်းပါး းများကို သူနားလည်ရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ သူ့ရဲ့ ပျော်ရွှင်မှု တွေထဲမှာ ကျော့ဘဝကိုနှစ်ပြီး တခြားလည်း ဘာမှမသိဘဲ သူ့အချစ်ကိုသာ ၍နေချင်တော့သည်။

ကျော့ သူ့မျက်လုံးတွေကို မသိကျိုးကျွန်ပြုကာ ပြောလက်စစကားကို တ်၍ 'ကျော့စာကျက်စရာတွေရှိသေးတယ်၊ အဆောင်ပြန်ဦးမှပဲ"ဟု သူ့ကို ဆက်ကာ ထွက်ခဲ့သည်။ သူ ဘယ်လိုကျန်ခဲ့လဲ လှည့်မကြည့်ချင်တော့။

အဆောင်သို့ ပြန်ရာလမ်းသည် ထင်တာထက်ပို၍ ခြောက်သွေ့နေ သည်။ ထိုညက အိပ်မက်ထဲတွင် ကျော့အိမ်သို့ ပြန်ရောက်သွားသည်။ အခန်းရှေ့နားသစ်ပင်ကြီးပေါ်မှ ငှက်ကလေးတစ်ကောင်ကိုလည်း ကင်းမော် ခေါ်သွားသည်တဲ့။ ကင်းမော်က သရက်ပင်မှာ မပျော်ဘူးဆို၍ ကျော့ တစ်ခေါက် ပြန်လာပို့ရသည်။ ပြီးတော့ သူက မာလကာသီးမှကြိုက်သတဲ့၊ သီချင်းလည်း အဆိုသိပ်ကောင်းတယ်တဲ့၊ သီချင်းမှာတောင် ရော့ခ်သီချင်းမှတဲ့၊ ဗညိုက ငှက်လှောင်အိမ်ကလေးတွေကို စာအိတ်ထဲထည့်ပြီး ကျော့ဆီ မှန်မှန်ပို့သတဲ့၊ အဟင်း အိပ်မက်ဆိုတာလည်း ဆန်းကြယ်သား၊ တောင်စဉ်ရေမရတွေ၊ တစ်ခု နှင့်တစ်ခု ဆက်စပ်မရတာတွေ ကျော့ မကြာခဏ အိပ်မက်မက်တတ်သည်။

တရေးနိုးမှာတော့ ကျော့သည် မျက်ရည်လည်သည်ထိ ထူးထူး ခြားခြား အိမ်လွမ်းမိနေသည်။ တော်တော်နှင့်လည်း ပြန်အိပ်မပျော်နိုင်ဘဲ ရှိနေသည်။

အိမ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ကျော့အတွက် အဘယ်မျှ နက်ရှိုင်းကျယ်ပြန့် ပါသလဲ၊ အဖေရှိတယ်၊ အမေရှိတယ်၊ နေထိုင်ကြီးပြင်းခဲ့တယ်ဆိုတာနှင့် လွမ်းလို့မကုန်ပါဘူး၊ ကျော့ရဲ့ ယိုင်နေသောခြေထောက်ကလေးတွေ ညှိမတ် ခဲ့သောနေရာ၊ သေးကွေးသောခြေထောက်ကလေးတွေ ကြီးထွားလာခဲ့ရာမြေ၊ ဘယ်လောက်ပဲအိမ်မှာမပျော်ပါစေ ကျော့ပြန်ချင်သည်။ အိမ်ဆိုတာမရှိဘဲ ကျော့

www.burmeseclassic.com



ဘ၀သည် မဖြစ်နိုင်။ အိမ်မရှိသည့် လူတွေကို ရန်ကုန်ရောက်မှ ကျော့မြင်ရသည်၊ လမ်းပေါ်အိပ်၊ လမ်းပေါ်စားကအစ၊ ငယ်ငယ်က ကျော့တို့ကစားခဲ့ဆောက်သည့်အိမ်လောက်မှ မကောင်းသည့် အိမ်ငယ်အိမ်ကုပ်လေးတွေမှာ နေသူတွေကိုလည်း တွေ့ရသည်။ အတန်းဖော်တစ်ယောက်က သူတို့ငယ်ငယ်ကအိမ်ငှားနေခဲ့ရတာ အခုအချိန်ထိတဲ့၊ ရန်ကုန်မြို့မှာ ရပ်ကွက်စုံအောင် နေခဲ့ဖူးပြီဘယ်ဇာတိလို့တောင် မပြောတတ်တော့ဘူးတဲ့၊ သူတို့ ရန်ကုန်မှာ ဒီလိုနေကြတဲ့ မိသားစုတွေ ရေတွက်မကုန်အောင်ရှိပေမည်။ ရန်ကုန်မြို့ရှိ ရပ်ကွက်လမ်းကြိုလမ်းကြားထဲ ဝင်သွားလျှင် အများကြီးတွေ့ရသည်။ တိုက်ခန်းဝယ်နေသူတွေလည်း အခန်းပဲပိုင်သည်၊ မြေမပိုင်၊ အိမ်ရှင်ကို မြေဖိုးပေးဆောင်ရသတဲ့အံ့ရော၊ ကိုယ်ခြေချစရာမြေတစ်ကွက်တော့ လူတိုင်းအတွက် ကမ္ဘာမြေကြီးတစ်နေရာမှာ ရှိသင့်တာပေါ့။

ဗညိုရင်ထဲမှာတော့ အိမ်ဆိုတာ ဘယ်လိုခံစားရသည်မသိ၊ အိမ်ရှိလျက်နှင့် အိမ်မှတက်ရတာပေးသည်ဆိုကာ တိုက်ခန်းတစ်ခန်းမှာ သီးသန့်နေ၍ကျောင်းတက်သည်။ တစ်လနေလို့ အိမ်တစ်ခေါက်မရောက်ဘူးတဲ့၊ သူနေချင်သလိုနေနိုင်သည်။ အိမ်မှာ အငယ်ဆုံးလည်းဖြစ်၊ အစ်ကိုအစ်မတွေ အလိုလိုက်တာခံရတော့ ဒီလောက်တော့ရှိမှာပေါ့၊ လက်ထဲမှာသုံးစရာပြတ်မှ

"ကိုယ့်သားလေးငတ်ပြတ်နေတာ ကြည့်နိုင်ရင်လည်း ကြည့်နေကြပေါ့၊ သားတစ်ယောက်အနေနဲ့ ကိုယ့်မှာ ပြတ်လပ်နေတာ မိဘတွေ သိသင့်တယ်ထင်လို့ အကြောင်းကြားတာ"ဟု ဖုန်းကောက်ဆက်လိုက်ပါက သူ့အမေကရယ်မောပြီး "အေးပါသားရယ်၊ မေမေသိတတ်ရမှာပေါ့"ဆိုကာ နောက်နေ့ချက်ချင်းရောက်လာတတ်သည်တဲ့။ ဗညိုတို့များ ကံကောင်းလိုက်တာ၊ ပြီးတော့ သူ့ကြည့်ရတာ လွပ်လပ်ရွှင်ကြီးပြင်းပြီး (၁၀)နှစ်သားကတည်းက လူလားမြောက်ကာ လူမှုကိစ္စတွေနှင့် ကျွမ်းဝင်ပြီးသားဖြစ်သလို ဘာမှပြဿနာရှိပုံမရ။

ဗညိုမိဘတွေက နယ်ကဇာတိဖြစ်သော်လည်း ဗညိုတို့ကျတော့ ရန်ကုန်မှာမွေး ရန်ကုန်မှာပဲကြီးသဖြင့် ရန်ကုန်သားလုံးလုံးဖြစ်နေပြီ။ ဘိုးဘွားစဉ်ဆက်ချမ်းသာခဲ့သည့်အပြင် အဖေရောအမေပါ နှစ်ယောက်လုံးက ခေတ်ကိုရင်ဘောင်တန်း၍ စီးပွားအရှာကောင်းကြသည်။ သူ့အစ်ကိုတွေအားလုံးလည်းပညာတတ်တွေဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးကိုသာ ဦးစီးဦးဆောင်လုပ်ကြသည်၊



ဗညိုကတော့ ခေတ်မီလှပသော သူတို့အိမ်နှင့်ခြံမြေကို သူပိုင်ဆိုင်သော စည်းစိမ်ဥစ္စာတစ်ခုဟုသာ မြင်ပေမည်။ သူ့မိဘတွေက စီးပွားရေးသမားမို့ အမြတ်ပေါ်လျှင် ရောင်းပြီး ဒီထက်သာတဲ့နေရာတွေ့လျှင် ပြောင်းသွားကြမည်သာ။ ကျော့နေထိုင်ကြီးပြင်းခဲ့သည့်မြေကတော့ ကျော့ရဲ့ တစ်စိတ်တစ်ပိုင်း၊ အသွေးအသားတည်း။

ကျော့မှာ ကိုယ့်မြို့ကိုယ့်နယ်အကြောင်းပြောရတာလည်း အမောပင်၊ အစားအသောက်တွေ ဘယ်လိုကောင်းကြောင်း၊ ဘယ်လိုပျော်စရာကောင်းကြောင်း၊ ငပလီအကြောင်းကိုတော့ ပင်လယ်နှင့်ဝေးသည့် အလယ်ပိုင်းမှ လူတွေက စိတ်ဝင်စားကြသည်။ ရထားလမ်း၊ ကားလမ်း အဆင်ပြေသည့်ဒေသမှ လူတွေက လေယာဉ်ပျံစီးရသည့်အရသာကို မေးသည်။ ရခိုင်အစားအစာတွေလည်း ကျော့နှင့်ပေါင်းပြီး သူတို့ကြိုက်ကုန်ကြပြီ။ ရခိုင်ငပိထောင်း ဘယ်လိုထောင်းရသလဲ၊ ဖော်မြူလာတွေ မကြာခဏ လာလာမေးကြ၍ ကျော့မှာ အတတ်သလောက် မှတ်သလောက် ပြောပြရသေးသည်။

"ရခိုင်ငပိထောင်းက ရခိုင်ငပိနဲ့ထောင်းမှကောင်းတာ၊ တခြားငပိနဲ့ထောင်းနဲ့ မကောင်းဘူး" ဟု ပြောမိသဖြင့် နားစွန်နားဖျားကြားလိုက်သည့်အိတ်သူက မျက်စောင်းထိုးသည်။

စာပဲဖိကျက်နေ၍မဖြစ်၊ အားလုံးသဘောတူညီစွာ တစ်ရက်တစ်လေ အပန်းဖြေဖို့နေရာလိုက်ရှာတော့ ဗညို၏တိုက်ခန်းကိုတွေ့သည်။ သန်းထွန်းနှင့် ဝဏ္ဏတို့က ကျော့တို့တစ်ဖွဲ့လုံးကို ဝမ်းမြောက်ဝမ်းသာ ဖိတ်မန္တကပြုသည်။ တစ်ပတ်လျှင် တစ်မျိုး၊ တတ်သလောက်မှတ်သလောက် တပျော်တပါး ချက်ပြုတ်စားကြသည်။ ရဝေက ချက်တတ်ပြုတ်တတ်၍ တော်သေးသည်၊ ညိုနှင့်ဝဏ္ဏက ဈေးထွက်သည်။

မိုးတစိမ့်စိမ့်ရွာတဲ့တစ်နေ့မှာ ရခိုင်မုန့်တီချက်စားမည်ဟု အကြံပြုပြီး ကျော့ကို ဆရာတင်ကြသည်။

"တစ်ခါတည်းနဲ့ ချက်တတ်သွားအောင် လက်တွေ့သင်ပေးမယ်၊ ကျော့ပြောပြမယ်၊ လွယ်လွယ်လေး"

ကျော့က စာအုပ်တစ်အုပ်ကိုကိုင်ကာ ဟိုဟာထည့် ဒီဟာထည့်ဟု ဓါးစပ်ကညွှန်ကြားသည်။ ပြီးတော့ ဘယ်သူမှ မမြည်းခင် အရင်မြည်းသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးနဲ့ရဝေ သိပ်တော်တာပဲ"

"ဘာလို့မျက်နှာရှုံ့သွားတာလဲ" ရဝေက မြင်တတ်သည်။

"ပူတာကိုးဟ"

ဧရာဝတီကောင်း၊ ကြက်သွန်ဖြူခပ်ပြီးသည်နှင့် အနံ့ကမွှေးတက်လာသည်။ မုန့်ဖတ်ဝယ်သူတွေကလည်း ဘယ်စုပါမှာကကော်မှာ သွားဝယ်နေသည် မသိ၊ မနည်းကြာမှ ရောက်လာကြသည်။ ကျော့တို့အဆောင်ပြန်ရောက်ရင် စား အောင်ဆိုကာ မုန့်ထုပ်တွေပါဆွဲလာတာ တွေ့ရသည်။ ကျော်စွာက ဖြိုးနှင့်ရဝေ ကို မီးဖိုထဲမှာ ကူမလုပ်ဘဲ ကူရှုပ်နေသည်။ ဖြိုးရဲ့ ခပ်စာစာအသံလေး မကြာခဏ ပျံ့လွင့်လာသည်။

ဟင်းရည်ပူရတဲ့အထဲ ဧရာဝတီကောင်းများ၍ အဆာမတာန် ပူစပ်နေသည်။ ကျော့က ကောင်းတယ်ပြောထား၍ ဘယ်သူမှ ဘာမှမပြောတော့။

"ဒါမှ ရခိုင်မုန့်တီ"

"ဟုတ်ရဲ့လားဟယ်" ရဝေက မျက်ရည်လည်ရွဲနှင့်ဆိုသည်။

ရှူးရှူးရှဲရှဲနှင့် အားလုံးဝိုင်းစားလိုက်တော့ မုန့်ဖတ်တစ်ပိဿာ ချက်ချင်းပြောင်သွားသည်။

"ငါတို့ရခိုင်တွေက မုန့်ဖတ်များများနဲ့စားကြတာ၊ ဒီမှာလို အရည် သောက်ကြတာမဟုတ်ဘူး"

ကျော့က ဟင်းရည်ဇွတ်ရုံကလေးဆမ်း၍ တို့ကနန်းဆိတ်ကနန်းစား သဖြင့် ဟန်မပျက်စားနိုင်သည်။ ဗညိုက ရှက်၍လား စပ်၍လားမသိ မုန့်တီ တစ်ပန်းကန်ရှေ့မှာချပြီး ထိုင်နေသည်။ သူ့မျက်နှာနီနေတာကြည့်ပြီး ရယ်ချင် နေမိသည်။

သူ့အိမ်မှာ အိမ်ထောင်ပရိဘောဂအစုံအလင်နှင့် မီးဖိုချောင်သုံးပစ္စည်း တွေလည်း အစုံအလင်ရှိသည်။ သူစိတ်လိုလက်ရရှိလျှင်တော့ ချက်စားသည်တဲ့။ ဗညို ယောင်းမတစ်ချောင်းကိုင်၍ မီးဖိုထဲမှာ အလုပ်ရှုပ်နေပုံကို မြင်ယောင် ကြည့်သည်။ အဟင်း...

"ဒီစာအုပ်တွေက"

"ကျွန်တော့်အစ်ကိုစုခဲ့တဲ့ စာအုပ်တွေ၊ ကျော့စိတ်ဝင်စားရင်ယူဖတ်လေ"

စာအုပ်တွေက စီစီရီရီ သပ်သပ်ရပ်ရပ်၊ သူတစ်ခါမှ ကိုင်ပုံမရ



အိမ်ရှေ့မှာ ဖရိုဖရဲတွေ့ရတာက စီဒီခွေတွေသာဖြစ်သည်။ သူသီချင်းတော်တော် ကြိုက်တယ်ထင်ပါရဲ့။

"ကျော့ စာရေးတယ်ဆို"

"ဟင် ဘယ်သူပြောလဲ"

"ဒီလိုပဲ သိတာပေါ့"

ကျော့ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ဝါသနာပါတာပါ၊ မဖြစ်စလောက်ပါဘူး"

"လျှို့တာပဲ၊ ကျော့တစ်ချိန်လုံး စာအုပ်ပဲဖတ်နေတာလား"

"တစ်ချိန်လုံးတော့ ဘယ်ဖတ်နိုင်မလဲ"

"အပန်းဖြေရင် ဘာလုပ်လဲ"

"ညအရသာကို ပြည့်ပြည့်ဝဝခံစားတယ်၊ ဒါမှမဟုတ် နောက်စာအုပ် တစ်အုပ်ပြောင်းဖတ်တယ်၊ ကော်ဖီဖျော်သောက်တယ်"

"ဘယ်လောက်ထိရေးမှာလဲ"

"အင်တာဗျူးနေတာလား၊ ကမ္ဘာပတ်ပြီးရေးမှာ၊ သိပ်မမှန်းပါဘူး၊ ငယ်ငယ်ကတော့ နိုဗယ်ဆုရရုံပဲမှန်းတာ၊ ကလေးဘဝစိတ်ကူးယဉ်အိပ်မက်ဟာ ဘာအနှောင်အဖွဲ့မှမရှိဘူး၊ ငယ်ငယ်က အိပ်မက်မက်ရတာ ပျော်စရာကောင်း တယ်"

"အခုတော့ကော"

"အခုတော့ ကျော့ဝတ္ထုတွေကို စာမူတိုက်တွေက နိုးလိုက်၊ မကြိုက်လို့ ပယ်လိုက်နဲ့ နိုးပယ်ဆုတော့ ခံစားရပြီ"

ကျော့ရယ်မောလိုက်တာကို သူခပ်ပြုံးပြုံးစိုက်ကြည့်နေတာကြောင့် မျက်နှာနွေးကနဲဖြစ်သွားသည်။ ကျော့မျက်ဝန်းနက်နက်များမှာ စိတ်လှုပ်ရှားမှု အရိပ်တစ်ခု ပျံ့လွင့်လာသည်။ အိုး သူကြည့်နေတုန်းပဲ၊ ရှေ့လက်တစ်ကမ်းမှာ ရှိသည့် စာအုပ်ကို ဆွဲယူပြီး လှန်လှောကြည့်နေလိုက်သည်။

ဗညိုအဖို့တော့ ကျော့ဟာ တခြားမိန်းကလေးတွေနှင့်မတူ၊ ဘာမှ ထူးခြားတာအမှန်ပင်။ ကျော့ရဲ့မျက်ဝန်းနက်နက်ကလေးတွေလား၊ ပြုံးမရယ် နှုတ်ခမ်းကလား၊ ပါးပြင်ပေါ်ကအကြောစိမ်းလေးတွေလား၊ ဒါမှမဟုတ် နက်မှောင်တဲ့ ဖွပစ်ချင်စရာ ဆံပင်တိုတိုကြောင့်လားမသိ၊ ကျော့ဆီမှာ ဆွဲဆောင်

www.burmeseclassic.com

www.burmeseclassic.com



မှုဘင်ခရိုနေဘာ အမှန်ပင်။

ကြည့်လိုက်လျှင် အမြဲတမ်း ရုပ်အကျီပွပွ၊ ဆံပင်တိုတို၊ မျက်နှာ သွယ်သွယ်၊ အသိရခက်သည့်မျက်လုံးနက်နက်ကလေးများ၊ ခပ်သွက်သွက် လှုပ်ရှားတတ်တဲ့ ချစ်စရာ ကိုယ်ဟန်လေးများက အဝေးကပင် ကျော့ပါပဲဟု သိသာထင်ရှားစေသည်။

ညနေစောင်း၍ ကျော့တို့ အဆောင်ပြန်တော့ သူတို့အုပ်စုက လိုက်ပို့သည်။ စကားတပြောပြောနှင့် အေးအေးသက်သာ လမ်းလျှောက်လာကြသည်၊

"ဖတ်နိုင်လား"

ကျော့လက်ထဲမှာကိုင်လာသော အင်္ဂလိပ်စာအုပ်ထူကြီးကိုမြင်၍ ဗညို က မေးလိုက်သည်။

"ကိုင်လာတော့ အနည်းဆုံး လူအထင်ကြီးတာပေါ့၊ ဖတ်နိုင်အောင် ကြိုးစားရတာပဲ၊ ဘာသာပြန် ကျော့မှာ ဝယ်ပြီးသားရှိတယ်"

"အိမ်မှာ ဘာစာအုပ်တွေရှိမှန်းတောင် ကျွန်တော်မသိဘူး၊ ကျွန်တော် က စိတ်လိုလက်ရရှိမှ တစ်အုပ်လောက်ကောက်ကိုင်တာ၊ ကျွန်တော့်အဖို့တော့ စာအုပ်တွေများများဖတ်စရာမလိုဘူးထင်တာပဲ၊ ကိုယ်နဲ့ကိုက်မယ့်စာအုပ် လေးငါးအုပ်လောက်ရှိရင်တော်ပြီပေါ့"

"ကျော့ကြောက်တဲ့လူမျိုးနဲ့ လာတွေ့နေပြီ၊ တချို့က ဝတ္ထုမဖတ်ကြ ဘူးလေ၊ ဝတ္ထုဆိုတာနဲ့ အလကားချစ်ကြိုက်ညား၊ ဒါတွေပဲ ဖန်တရာတေနေတဲ့ အပေါ်စားစာပေတွေလို့ပဲ ထင်တယ်၊ လူတစ်ယောက်နဲ့တစ်ယောက် အတွေ့ အကြုံမတူဘူးလေ၊ ယူတတ်ရင်ရပါတယ်၊ ဝတ္ထုကောင်းတွေလည်း အများကြီး ရှိပါတယ်၊ အချစ်ဝတ္ထုပေမယ့် သရုပ်ဖော်ကောင်းကောင်း ရသမြောက်အောင် ရေးထားတဲ့ ဂန္ထဝင်မြောက်တဲ့ဝတ္ထုကောင်းတွေ ရှိပါတယ်၊ လူသားအားလုံးဟာ အချစ်နဲ့ကင်းကြတာမဟုတ်ဘူး၊ လူတိုင်းမှာ အနုပညာစိတ်ရှိကြတယ်၊ အနု ပညာဟာ နေရာတိုင်းမှာရှိတယ်၊ ချာချီတောင် ပန်းချီဆွဲတာပဲ၊ သူက ပန်းချီဆွဲ တာဟာ စစ်ပွဲတစ်ပွဲတိုက်ရသလိုပဲတဲ့၊ နိုင်ငံရေးဟာလည်း စွမ်းဆောင်မှု အနု ပညာတစ်ရပ်ပဲတဲ့၊ ကျော့ကတော့ အမှန်တရားဘက်က ပြောင်မြောက်ပီပြင်မှု အားလုံးကို ဂုဏ်ယူတယ်၊ ခံစားနိုင်တယ်"

"စာရေးတယ်ဆိုတာ နှလုံးသွေးကို ညှစ်ချရတာ၊ ဒါကလည်း အနု



ပညာသည်အချင်းချင်းမှ နားလည်လေးစားလောက်တဲ့သဘောပါ၊ ကိုယ်မလုပ် နိုင်တာကို သူတို့တွေလုပ်နိုင်တယ်ရယ်လို့ အထင်ကြီးတတ်တဲ့ လူမျိုးအတွက် လောက်ပဲ ဖြစ်မယ်လို့ထင်စရာပေါ့၊ အနုပညာဟာ အနုပညာသမားတွေအတွက် ပဲ ဆိုရင်တော့ အနုပညာသမားတွေ ဘောင်ကျဉ်းတာပေါ့၊ စာပေကိုလည်း အပျင်းပြေဖို့အတွက် ခပ်ပေါပေါဝတ္ထုတွေ ကောက်ဖတ်ကြတယ်၊ စာဖတ်တဲ့ သူတွေအတွက်ရော၊ ရေးတဲ့သူတွေအတွက်ပါ ကျော့စိတ်မကောင်းဘူး"

"အနောက်နိုင်ငံက စံနမူနာတင်လောက်တဲ့ ဂန္ထဝင်ဝတ္ထုတွေဟာ လူ့သဘာဝကို မှန်ကန်စွာဖော်ပြနိုင်ကြတယ်၊ အဲဒီလို ပေါ်လွင်ထင်ရှားဖို့ အဖြစ် အပျက်တွေကို စိတ်ကူးနဲ့စီစဉ်ပြီး ဇာတ်လမ်းဇာတ်ကွက်တွေနဲ့ ဝတ္ထုဖြစ်အောင် ရေးသားကြတာဟာ အဓိကအကြောင်းရင်းပဲ၊ ခုနက ဗညိုပြောတာလည်း ဟုတ်ပါတယ်၊ တကယ်တန်း ဘဝမှာနေတတ်ဖို့ ဘဝမှာအောင်မြင်ဖို့အတွက် တိုယ့်ကိုအားပေးတဲ့ ကိုယ့်စိတ်ကို မြှင့်တင်ပေးနိုင်တဲ့ စာအုပ်လေးငါးအုပ်ဆိုရင် လုံလောက်ပါတယ်၊ ကျော့တို့အတွက်ကတော့ စာဖတ်ဖို့လိုကိုလိုတယ်"

"နားငြီးသွားပြီလား၊ စာရေးတယ်ဆိုတာ လူတိုင်းမလုပ်နိုင်ဘူးလေ၊ လူတိုင်းမလုပ်နိုင်တာကို ကျော့လုပ်ချင်တယ်"

ကျော့က ဆောင့်ကြွားကြွားဆိုကာ ရယ်မောလိုက်သည်။

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ စာဖတ်ဖို့ ကြိုးစားကြည့်ဦးမယ်၊ ကျွန်တော်က စာဖတ်တာနည်းပေမယ့် စာရေးဆရာကြီးတချို့ရဲ့ ဘာသာပြန် စာအုပ်တွေ၊ အတ္ထုပ္ပတ္တိစာအုပ်တွေနဲ့တော့ မစိမ်းပါဘူး၊ ကျော့စာအုပ်တွေဖတ်ပြီး ရင်လည်း ဘယ်လိုပဲမကောင်းပါစေ မကောင်းဘူးဆိုတဲ့ စကားမပြောပါဘူးလို့ အခုကတည်းက ကတိပေးပါတယ်"

"မှန်သောစကားဖြစ်ပေမယ့် သူတစ်ပါးအကျိုးမရှိရင် မပြောတာ ကောင်းပါတယ်"

* *

စာမေးပွဲကိုပင် ကျော့စိတ်မရှည်ချင်တော့၊ မြန်မြန်ပြီးဖို့ဆုတောင်းရေးကြီး သည်။ လေးလံသည့်ဝန်တစ်ခုပေါ့သွားမည်။ ညတွင် ကိုယ့်စားပွဲမှာကိုယ်ထိုင်၍ ညဉ့်နက်သန်းခေါင်ထိ စာကျက်ကြသည်။ ဒါတောင် ဖြိုးတစ်ယောက် ကျော့တို့

www.burmeseclassic.com



အခန်းကို ဘာ်နေ့တစ်ခေါက် မျက်နှာလာမပြဘဲမနေနိုင်၊ မျက်စိကျယ်အောင် လမ်းလျှောက်သည်ဟုအကြောင်းပြကာ ကျော့ကော်ဖီဖျော်ချိန်ဆိုလည်း ရောက်လာတာကွက်တိ၊ ပေါင်မုန့်ကို ငါးပိကြော်နှင့် ကြိတ်ကြသည်။ တရှုးရှုးနှင့်ပြီး မျက်စိကျယ်အောင်လုပ်ကြသည်။

စာမေးပွဲပြီးလျှင်တော့ စာကောင်းကောင်းရေးပစ်လိုက်မည်ဟု တွေးထားသည်။ အိမ်ပြန်ရင် အိမ်မှာကော စာရေးဖြစ်ပါ့မလား၊ ဗညိုကို မြင်ယောင်မိလျှင် ဒိတ်ကနဲရင်ခုန်ပြီး ကျက်လက်စစာတွေ အကုန်ရပ်ကာ ကျော့သည် အတွေးဗလာနှင့် ရင်မှာဟာသလို ခံစားရသည်။ ကျော့စိတ်ထဲဝင်မလာဖို့ တောင်းပန်ရသည်။

စာမေးပွဲဖြေရသည့်ရက်တွေမှာ ဗညိုကိုမတွေ့ရ၊ ရန်ကုန်မှာနေရင်း စာရေးဖို့နေရာ တစ်နေရာငှလောက်ရလည်းအကောင်းသား၊ ဗညိုလို တိုက်ခန်း တစ်ခန်းလောက်ရှိရင် သိပ်အဆင်ပြေမှာပဲ၊ ကျောင်းပြီးသွားရင်တော့ ကျော့ စိတ်တိုင်းကျ ရေးနိုင်ဖတ်နိုင်ဖို့ဆိုတာ မဖြစ်နိုင်၊ ကျောင်းတက်နေရတုန်း ကျောင်းသူဘဝမှာသာ ဖေဖေ မေမေ မေတ္တာကြောင့် ထင်တိုင်းကျဲနိုင်သည်။ ကျော့ အသုံးအစွဲကြီးလှသည်ဟုလည်း ဖေဖေ ဘာမှမပြော၊ ဖေဖေကတော့ သားသမီးဘာလုပ်လုပ် ကြည်ဖြူမည်သာ၊ ဒီလိုဆိုတော့လည်း ဖေဖေ မေမေ အတွက် ကျော့ တစ်ခုခုဖြစ်ရဦးမည်သာ။

စာမေးပွဲမပြီးခင်ကပဲ တချို့က အိမ်ပြန်ရန် တိုင်ပင်နေကြပြီ။ ဆူညံနေသည့် အဆောင်ကြီး ရုတ်တရက်တိတ်ဆိတ်သွားလျှင် ခြောက်ခြားစရာကောင်း နေပေမည်။ စာမေးပွဲပြီးတဲ့ရက်ကို မပြီးခင်က ဘယ်လိုပျော်လိုက်မယ် အားခဲထားသော်လည်း တကယ်တမ်းပြီးသည့်နေ့ကျတော့ ထူးပြီးပျော်စရာမတွေ့ရ၊ သို့သော် ဗညိုကိုတွေ့လိုက်ရသည်က ပျော်စရာ။

ကျော့တို့အုပ်စု ဆူညံဆူညံနှင့်ထွက်လာစဉ် ဗညိုကို ကော်ရစ်တာမှာ မယောင်မလည်ရပ်နေတာ တွေ့ရသည်။ ထုံးစံအတိုင်း မျက်နှာထားက ခပ်စူစူ၊ ဂျင်းပင်နှင့် တီရှပ်အဖြူရောင်ကို ဝတ်ထားသည်။ သူ့မျက်ဝန်းတွေက ကျော့ကို လိုက်ရှာနေမှန်းသိသာသည်။ သို့သော် ကျော့ကိုမြင်တော့ ချက်ချင်းဣန္ဒြေဆည်ကာ မမြင်သလိုနေသေးသည်။

ဒီသူငယ် ခက်တော့မှာပဲ၊ ကျော့ သူ့အနားဖြုတ်ခနဲရောက်သွားတော့



သူ သုလှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ကျော့က လက်ထဲမှစာအုပ်ကို ဝှေ့ယမ်းကာ သူ့ဘေးနားမှ လိုက်ခဲ့သည်။

“သိပ်ပျော်တာပဲ”

“သိပ်ဖြေနိုင်တယ်ပေါ့”

“မဟုတ်ပါဘူး၊ စာမေးပွဲပြီးသွားလို့၊ အဓိကကပြီးဖို့ပဲ၊ အောင်တာက တော့ အောင်မှာမပူနဲ့”

ကျော့ ပျော်တာကိုကြည့်ပြီး ဗညို တိတ်ဆိတ်နေသည်။ ကျော့အိမ်ပြန် လျှင် ကျော့နှင့်သူ ခွဲခွာကြရဦးမည်။ ဗညိုကိုကြည့်မိတော့ ကျော့မျက်နှာရိပ် မျက်နှာကဲကို အလစ်ချောင်းသလိုကြည့်နေတာ တွေ့ရသည်။

ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်အပေါ် မေတ္တာသက်ဝင်တာဟာ သဘာဝရဲ့သဘောတစ်ခုပဲ၊ ဒါကို လွတ်လွတ် ကျွတ်ကျွတ် ထွက်ပေါက်ပေးရမည်လား သို့တည်းမဟုတ် မျိုသိပ်ကျိတ်မှိတ် ထားရမည်လားဆိုသောပြဿနာတစ်ခုကို ဗညို ဖြေရှင်းတတ်ပုံမရ၊ ဒီပြဿနာ သာ ကျော့ကိုပါ ရောင်ပြန်ဟပ်လာသည်။

သူ့နှုတ်ဖျားမှစကားတစ်ခွန်းတစ်စ မည်သို့မှ ထွက်မလာသေးသော် သည်း သူ၏ပြောင်းလဲလာသောအမူအရာတို့ကို ကျော့သတိထားမိသည်။ နှုတ်ချည်းပြောင်းလဲဟန်ဆောင်တတ်သော ဗညို၏အမူအရာတချို့ကို ကျော့ သိသိသာသာ ထောက်လှမ်းဖို့မလွယ်ကူလှပါ။ သို့သော် တောက်ပသော သူ့မျက်လုံးတို့၏ အခိုးသတ္တိထဲတွင် စူးရှနက်နဲလှသောသဘောအဓိပ္ပာယ်တွေ မြှုန်းတီးနေသည်ကိုတော့ ကျော့ ရိပ်စားမိသလိုရှိသည်။ ဤကွန်ယက်သည် ကျော့ကို အင်အားကြီးစွာလွှမ်းခြုံလိုက်သည်။

ဗညိုအနားမှာရှိလျှင်တော့ ကျော့နှလုံးသွေးတို့ နွေးနေ၏။ အချစ်ကို ကြိုတင်ခံစားမိသလိုရှိသော်လည်း ကျော့နှင့်အလှမ်းဝေးသလို အဆွေးကြီးဆွေးမိ သည်။ ပြုံးရယ်နေလျက်က ကျော့မျက်ဝန်းမှာ ချက်ချင်းစိုလက်လာလျှင် ချက်တောင်တဖျတ်ဖျတ်ခတ်ကာ သိမ်းဆည်းရသည်။ ဗညိုက ဒါကိုပင် အလစ် ပေးချင်သူမဟုတ်။ ကျော့ကို နားလည်ဖို့ကြိုးစားနေသဖြင့် သူ ကျော့မျက်တောင် များကိုပင် အလစ်မပေးချင်။

ကျော့တို့နှစ်ယောက် မရည်ရွယ်ဘဲလျှောက်ကြရင်း ကျောင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ ရောက်မှန်းမသိရောက်လာသည်။ မိုးလည်းအုံ့လာသည်။ နှင်းယောက်စလုံးမှာ ထီးမပါ။ မိုးတဖွဲဖွဲရွာစပြုတော့ လှည်းတန်းမှတ်တိုင်မှာ ထိုးရပ်လာသည့် (၅၁)ဘတ်စ်ကားပေါ် ကျော့အပြေးတက်လိုက်သည်။ ကျော့ လိုက်မည်ထင်မထား၍ ကျော့ကားပေါ်ရောက်ပြီး ဘတ်စ်ကားထွက်စပြုတော့ ဗညိုခုန်တက်လိုက်သည်။

"ဘယ်သွားမလို့လဲ"

သူပါလာတာကို ကျော့နှလုံးမသာမဖြစ်မိ၊ ကျော့ဘေးမှာ ယခုလို တစ်ယောက်ယောက်ရှိနေတာ ထူးဆန်းနေသည်။ ဝမ်းလည်းနည်းမိသည်။ ကျော့ဟာ ငိုလွယ်ရယ်လွယ်သည့်အရွယ်လည်း လွန်ခဲ့ပြီ။ ဩော် လူတွေဟာ မွေးတော့တစ်ယောက်တည်းမွေးလာကြပြီး ဘာလို့များ နှစ်ယောက်နှစ်ယောက် ဖြစ်ချင်ကြတာပါလိမ့်၊ ဒါကြောင့် အသေခက်တာထင်ပါရဲ့၊ ဘေးနားမှာပါလာ သူကိုလည်းကောင်း၊ အချစ်စိတ်ကိုလည်းကောင်း အညိုးကြီးချင်လာသည်။

ကျော့က ခံစားချက်ကြီးပြီး မိဘကပြောလျှင်တောင် တော်တော်နှင့် မပြေပျောက်နိုင်တာ နှလုံးသားနှင့်ရင်းရသည့်အချစ်ကိစ္စမှာကော ကျော့နှလုံး သား သတ္တိရှိဖို့၊ မရှိဖို့ကို မဝံ့မရဲ။ ဒီကိစ္စကိုစဉ်းစားမိလျှင် ကျော့နှလုံးသွေး ခပ်ဖျော့ဖျော့လေးတိုးနေတာပဲ သတိပြုမိသည်။

မြို့ထဲရောက်တော့ လူတွေကြားထဲတိုးဝေ့လျှောက်လာကြသည်။ မိုးက တဖွဲဖွဲရွာနေသည်။ ကျော့လက်ထဲမှာကိုင်လာသော စာအုပ်နှင့်မေးခွန်း စာရွက်ကို ဗညိုက အသာဆွဲယူကာ သူ့လွယ်အိတ်ထဲထည့်လိုက်သည်။

နှစ်ယောက်သား စကားမဆိုကြ၊ ကျော့ ရည်ရွယ်ချက်မရှိဘဲ လျှောက် နေသည်။ ကားလမ်းဖြတ်ကူးတိုင်း အရင်လိုနေသည့်ကျော့ကို ဗညို သတိထေး နေရသည်။ စတိုးဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ကြည့်သည်။ ပြီးတော့ ဘာမှလဲမဝယ်ဖြစ်၊ အိမ်အပြန် ဖေဖေတို့အတွက် ဘာလက်ဆောင်တွေ ဝယ်ရ မလဲ စဉ်းစားသည်။ ကျော့ ဝယ်လည်းမဝယ်တတ်၊ ကျော့မှာ ပိုက်ဆံမပါလာဘူး အထင်နှင့် ဗညိုကပြောသည်။

"ဘာလိုချင်လဲကျော့၊ ဝယ်လေ၊ ကျွန်တော့်မှာပါတယ်"

တစ်လမ်းဝင်တစ်လမ်းထွက်လျှောက်နေသဖြင့် ဗညိုအံ့သြနေပုံရ သည်။



"မိုးရွာလာပြီ တစ်နေ့ရာဝင်ထိုင်ရအောင်၊ ဒီလိုလျှောက်သွားနေမှန်း သိရင် စိတ်မချတော့ဘူး"

ကျော့ကို နားမလည်သူတစ်ယောက်တိုးတာပဲအပြင် ကျော့မတွေး တော့။

"ကျော့ပါ တခြားသူမဟုတ်ပါဘူး"

ကျော့ သူ့ကို စောင်းငဲ့ကြည့်ကာ ခပ်စွာစွာဆိုလိုက်သည်။ သူ ကျော့ လက်ကို ဆတ်ကနဲဆွဲဆုပ်လိုက်သည်။ မျက်တောင်ကော့ကော့အောက်မှ သူ့မျက်လုံးတွေ တင်းမာစပြုသည်။ ကျော့က ဘာလဲဆိုသည့်ဟန်နှင့် မျက်ခုံး ပင့်ပြရာ သူက ဖျတ်ခနဲ အကြည့်လွှဲသွားသည်။

"ကျော့ကြောင့် ကိုယ်စိတ်ပူရတာပေါ့၊ တခြားလူဆိုပူစရာလား၊ ကိုယ် စိတ်ပူရတဲ့အကြောင်းရင်း ပြောပြရဦးမှာလား"

သူ ကျော့ရှေ့မှ ဦးအောင်လျှောက်နေသဖြင့် သူ့မျက်နှာကိုမမြင်ရ။ သူ ကျော့လက်ကို မလွှတ်တမ်းဆုပ်ထားသည်။ ကျော့ သူ့နောက်မှ အမိုလိုက်နေ ရသည်။ လူတွေကိုလည်း ရှောင်ရသေးသည်။ ကျော့လက်ဖဝါးကို ရှုန်းကြည့် သည် မရ။ လူကြည့်စရာ ရုတ်ရုတ်သဲသဲဖြစ်သွားလျှင် မကောင်းတာကြောင့် အသာပင်ငြိမ်နေလိုက်သည်။

"ဒါကတော့ ဗညိုကိစ္စပါ၊ ကျော့နဲ့မဆိုင်ပါဘူး"

သူ ကျော့ကို စောင်းငဲ့ကြည့်ကာ ကျော့လက်ဖျားကို ဖျစ်ညှစ်လိုက် သည်။

"ကိုယ်ပြောဖို့လိုသေးလား"

သူ့အသံ လိုက်လှဲဟန်နှင့် သူ့အကြည့်မှာ ကျော့ဒူးတွေ ညွတ်ချေ တော့တတ်။ ကျော့ သူ့ကိုရင်ဆိုင်မကြည့်ရဲ၊ ဟင့်အင်း ဒီလိုနေလို့တော့မဖြစ်ဘူး၊ အားတင်းမှပဲ။

"ရှင်းရှင်းပြောစမ်းပါ၊ ကျော့ကိုချစ်တယ်ဆိုလည်းချစ်တယ်ပေါ့၊ ယောကျ်ားလေးဖြစ်ပြီး ဝေ့လည်ကြောင်ပတ်လုပ်တာ မကြိုက်ပါဘူး"

ရုတ်တရက် ဘယ်ကရလာသောသတ္တိလည်းမသိ လွှတ်ခနဲ ပြောထွက် သွားသည်။ ပြောပြီးမှ ရှက်စိတ်နှင့် မျက်နှာကို ပိုတည်ထားလိုက်သည်။ နှစ်ယောက်ကြားမှာ စက္ကန့်ပိုင်းလောက် တိတ်ဆိတ်နေပြီးမှ သူက အပြုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်နှင့်ပြောသည်။

"ကျော့ဆီမှာ ကိုယ်ကိုထိတာ အဲလိုလေသံလေးတွေပဲ၊ ဟုတ်တယ် ကျော့ဟာ ဘာလို့ချစ်ဖို့ကောင်းနေရတာလဲ၊ မိန်းကလေးတစ်ယောက် ကိုယ့် ဒီဆောက်လွှမ်းမိုးနိုင်တာ အဲ့ဒီတုန့်လှုပ်မိတာအမှန်ပဲ၊ ကျော့ဟာ ကိုယ့်ရင်ထဲ ဘယ်သူမှ ဝင်လို့မရတဲ့နည်းနဲ့ ဝင်ရောက်နေပြီ"

"အချစ်ဆိုတာကိုသိလို့လား"

"ခံစားမိပြီပဲ၊ ကျော့ကိုချစ်တာ စတွေ့တွေ့ချင်းပါပဲ၊ ဘာကြောင့်ချစ်လဲ လို့မမေးနဲ့ ချစ်လို့ချစ်တယ်၊ ကျော့လည်းခံစားမိမယ်ဆိုတာ သိနေတယ်"

သူ စိတ်လှုပ်ရှားစွာပြောနေသည်။

"ဘယ်သူက ချစ်တယ်လို့ပြောလို့လဲ၊ ကျော့စိတ်ထဲမှာ နည်းနည်း တော့ ထူးဆန်းနေတယ်၊ ကျော့ကိုမှ ဘာကြောင့်ချစ်ချင်တာလဲ၊ ကျော့မှာ ဘာမှ ချစ်လောက်စရာမရှိပါဘူး၊ ဗညို ကျော့အကြောင်း ဘာမှမသိသေးလို့ ဒီစကား ပြောတာပါ၊ ကျော့ကတော့ ကြိုပြောထားမှာပဲ၊ ဒီစကားကို ဗညို ဘယ်အချိန်မှာ မဆို ပြန်ရုတ်သိမ်းခွင့်ရှိတယ်၊ ဗညို ပီပီပြင်ပြင်စဉ်းစားပါ၊ အထူးသဖြင့် ယောကျ်ားလေးတစ်ယောက်ကို အထင်မသေးချင်ဘူး၊ ကျော့က ပြန်ချစ်တယ်ဆို လည်း ဗညို စိတ်ချမ်းသာမယ်ဆိုရင် ယူဆထားနိုင်တယ်၊ နောင်တစ်ချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်လို့ ကျော့ထက်ပိုပြီး အလေးထားရမယ့် သူကိုတွေ့ရင်လည်း ကျော့ဟာ မချစ်တတ်ပါဘူး၊ ဗညိုနဲ့ကျော့ကြားမှာ ဘာစကား ဘာအနှောင်အဖွဲ့မှမရှိပါဘူး၊ ကျော့မှာ ဘာမှထိခိုက်နစ်နာမသွား ပါဘူးဆိုတဲ့စိတ်နဲ့ ရှင်းရှင်းလင်းလင်း နေနိုင်တယ်၊ ကျော့ကြောင့် တစ်ယောက် ယောက် စိတ်ဒုက္ခရောက်နေတယ်ဆိုတာမျိုးလည်း မရှိစေချင်ဘူး"

ကျော့ ရှက်စိတ်ကြောင့် ခေါင်းကလေး မသိမသာငုံ့နေသည်။ အသံက တိုးတိုးသက်သက်၊ ကျော့ကို သူ အထူးအဆန်းသဖွယ်လှည့်ကြည့်စဉ်မှာ ကျော့ က မိုးပေါက်ကလေးတွေစင်အောင် မျက်နှာကို တမင်မော်လျက် နှုတ်ခမ်းထောင့် က ခပ်ကွေးကွေး၊ သူ ကျော့ကို နားလည်နိုင်ပါ့မလား။

"ဒါ ပြဿနာမရှိပါဘူး၊ ကျော့နဲ့ပတ်သက်ရင် ကိုယ့်ဆီမှာ အခြေ တစ်မျိုးပဲရှိတယ်၊ ကျော့ရည်းစားထားရင်သာ ကိုယ်ကလွဲပြီး ဘယ်သူနဲ့မှ မထားပါဘူးဆိုတာ ကတိပေးပါ"



သူက တင်းမာစူပုပ်စွာဆိုလေရာ ကျော့သည် ရုတ်တရက် ပျော်ရွှင် လာသောစိတ်နှင့် သူ့မျက်နှာကိုကြည့်လိုက်လေသည်။ ထိုတစ်ညနေတွင် ကျော့ သည် ဘာကိုမှ ဖမ်းဆုပ်မရသော်လည်း နေဝင်မှာကို စိုးကြောက်နေခဲ့မိသည်။ အဆောင်သို့လည်း မပြန်ချင်၊ ကျော့ရဲ့ စိတ်မောစရာအဖြာဖြာကိုလည်း ခဏမေ့ ထား တခြားလည်း ဘာကိုမှသတိမရနိုင်ဘဲ တစ်သက်လုံး စာတွေသာစီနေချင် သော့၏။ သတိရလိုက်တဲ့တစ်ခဏမှာတော့ သူချစ်တာကိုသိနေရသည့် လှိုက်လှဲ ခံစားရမှုပင်။

* * *

www.burmeseclassic.com

## အခန်း (၉)

ကျော့ဟာ သိပ်ချစ်တတ်လိမ့်မယ်လို့ ထင်မထားခဲ့ပါဘူး၊ ဘာကြောင့်များ သူ့ကို ရူးသွပ်မိပါလိမ့်၊ ကျော့ စိတ်ရူးပေါက်ပြီး ထင်မိထင်ရာထင်နေတာလား၊ အချစ်ကိုပင် သံသယကြီးနှင့် ပြန်လည်ဆန်းစစ်တော့လည်း သူ့ကိုချစ်သည်။ ဗညိုကိုချစ်သည်။ မောင့်ကိုချစ်သည်ဟုသာ အဖြေထွက်သည်။ ဒီလိုဆိုရင် ကျော့ဟာ ရည်းစားတစ်ယောက်ရခဲ့ပြီပေါ့၊ မဟုတ်ပါဘူး ချစ်သူ၊ ချစ်သူ၊ ကျော့ကို မလှုပ်နိုင်အောင် သူ့မျက်ဝန်းတွေက ဖမ်းစားပြီ။ မျက်ဝန်းက ချစ်ခြင်းကို မျက်လွှာလေးချထားရုံနှင့် လုံခြုံမယ်ထင်သလား၊ အကြည့်လေးလွှဲသွားတာနှင့် ဣန္ဒြေဆောင်နိုင်မယ်ထင်သလား၊ ကျော့ကတော့ မထူးတော့ပြီမို့ ရဲတင်းပွင့်လင်းဟန်နှင့်ပင် သူ့မျက်လုံးတွေကို ပြန်စိုက်ကြည့်ခဲ့ပါသည်။ သူချစ်တာကို သိနေတာက သိပ်ခက်တာပဲ။

သူစိမ်းယောကျ်ားလေးနှင့် သူစိမ်းမိန်းကလေးတစ်ယောက် ရင်းနှီးခင်မင်ဖို့အကြောင်း တိုက်ဆိုင်ဖို့ဆိုတာ လွယ်ကူလှသည်မဟုတ်။ တစ်ဦးဦးက မဖန်တီးဘဲနှင့် မဖြစ်နိုင်၊ ကျော့က သည့်ထက်ပိုရင်းနှီးဖို့ ရှေ့ဆောင်လမ်းဖွင့်မဖန်တီးဘဲ ချစ်သူကိုသာ ကိုယ့်ရှေ့မှောက်ရောက်လာစေချင်သည်။

သံတွဲပြန်ရောက်ပြီးမှ ကျော့သည် စာလည်းကောင်းကောင်းဖတ်မရဘဲရှိနေသည်။ မျက်ဝန်းမှာကပ်ငြိနေသော ချစ်ခြင်းမေတ္တာဖြင့် သံသရာ ဘယ်ဘဝ



ဘဝဆက်ပြီး သက်ဆိုင်သူကို ရှာခဲ့သည်မသိ၊ ခံစားရသောအချစ်စိတ်က မိမိကို ဘယ်လောက်ပဲ ညှင်းဆဲပါစေ၊ ကျေးဇူးအခါခါတင်လျက် မြတ်နိုးဖက်တွယ်သားမိပြီ။

ကဲ မောင်ဘာလုပ်ချင်သေးလဲ၊ မောင့်ကိုချစ်ရပြီ၊ အဲဒီလောက်ထိ ချစ်ရပြီ၊ သိရဲ့လား။

ဖတ်လက်စစာမျက်နှာပေါ်ရောက်လာသည့် မောင့်ကိုမေးတော့ မောင်ကမတုန်မလှုပ်။ ကျော့ဘေးပတ်လည်မှာရောက်နေသည့် မောင့်ပုံရိပ်တွေကလည်း ကျော့ကိုပဲ ငေးကြည့်နေကြသည်။ ချစ်ခြင်းမေတ္တာဟာ ဘယ်ကလာသလဲ၊ အဖြေရှာလျှင် ကျော့ကတော့ သံသရာကလို့ဖြေမည်။ သံသရာ ဝန်ထုပ်ဝန်ပိုးကို သူ့ရှေ့မှာ ဖြေပြရသည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်။ ချစ်မိမှတော့ဟု အခါခါလျော့တွက်သော်လည်း မဖြေသိမ့်နိုင်။

ကျောင်းပိတ်ရက်တစ်လခွဲ၊ နှစ်လလောက်ကို ကျော့ ဘယ်လိုကျော်ဖြတ်ရမလဲ၊ အိမ်ပြန်ရောက်ပြီလေ။ ဖေဖေ မေမေနှင့် ပြန်တွေ့ရပြီ။ အပေါ်ထပ် ကျော့အခန်းလေးထဲမှာ လုံခြုံပြီ၊ ကျော့ရဲ့ အသိုက်မြုံလေး ဘယ်လောက်နွေးထွေးသလဲ၊ အိမ်ပြန်ရောက်ပြီ၊ နောက် ကိုယ့်ကိုယ်ကိုယ် ပိုရင့်ကျက်လာသလို ထင်မိသည်။ ယခင်တုန်းက ကိုယ့်ဘဝကိုယ် ဘေးမှကြည့်သည့် ပွဲကြည့်ပရိသတ်လို အနေတော့ ကျော့ကိုယ်တိုင် ပါဝင်လာပြီဟု ခံစားမိသည်။

ကုန်ဆုံးသွားသောနေ့ရက်တွေကို ထိုင်ကြည့်နေမိသည်။ နေ့ရက်တွေဟာ ဒီလိုပဲလား။ ဘာတွေထူးခြားခံစားမှုရှိဦးမလဲ။ လူတွေ ဘာကြောင့် ရှင်သန်နေကြသလဲ။ နောင် ငါးနှစ်၊ ဆယ်နှစ်မှာ ဘာတွေဖြစ်လာမလဲ မှန်းလို့မရ၊ ဘဝမှာ ကျော့လိုချင်တာဘာလဲ၊ မောင်ကတော့ သံသရာနှင့်စာလျှင် မြူမှုန်မျှမရှိ။ သူ့ရှိရင် ကျော့ဘဝပြည့်စုံပြီလို့ ခံယူနိုင်လို့လား။ ဟင့်အင်း၊ ကျော့ရင်ထဲတင်းကျပ်လာသည်။ ဒါဖြင့် မောင်မရှိရင်ကော၊ ဖြစ်ပါ့မလားကွယ်၊ ကျော့မောင့်ကိုလိုအပ်တာပေါ့။

အချစ်ဆိုတာ ပျော်ဝင်ခံစားစရာတစ်ခုပဲ၊ ထိုအရာနှင့် ရှုပ်ထွေးတတ်သက်စရာ ဘာမှမရှိဘူးထင်သည်။ ကျော့မှာ တခြားရူးသွပ်စရာတွေ ကျန်ပါသေးတယ်။

ကျော့ ရွာထဲရှိသူငယ်ချင်းတွေအိမ်သွားလည်ကာ ရယ်မောပျော်ရွှင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားကြည့်သည်။ ပျင်းလာလျှင် ပန်းချီထိုင်ဆွဲသည်။ ညတွင် ဆွဲလက်စ ပန်းချီကားရှေ့မှာထိုင်၍ မျက်ရည်လည်တတ်သည်။ အဲဒါ ဘာကြောင့်လဲ၊ အသည်းလေးတွေကိုမေးရင်း တိုးတိုးရှိုက်တတ်သည်။ ဒီရှိုက်သံကို မောင့်ဆီ အော့ သယ်ဆောင်မသွားပါနှင့်။

မှောင်လွန်းသောညတွေမှာ ကျော့ ကြယ်ရောင်ကိုတော့ တမိနေသည်၊

"ညဟာ ပန်းချီကားတစ်ချပ်ဆိုလျှင် ကျော့က စိန်ကြယ်ပွင့်လေး တွေပါ ထည့်ဆွဲချင်သည်။

အချစ်ဟာ ကဗျာတစ်ပုဒ်ဆိုလျှင် ကျော့က ခံစားချက်ကင်းကင်း နှင့် ရွတ်ဖတ်ချင်သည်။

ဘဝဟာ ပြဇာတ်တစ်ပုဒ်ဆိုလျှင်တော့ ကျော့က ပျော်စရာ အပေါင်း ခညောင်းသော မင်းသမီးလေးဆိုရင် တော်ပါပြီ"

ကျော့ဘဝကို အနိုင်ယူသွားတာ မောင်ပဲ၊ ကျော့စိတ်ကို ကျော့ဘယ်လို မှ နိုင်အောင်ထိန်း၍မရတော့၊ မယုံနိုင်စရာပင်၊ ကျော့နှလုံးအိမ်မှာ မောင်က နေရာယူခဲ့ပြီ။ ကျော့ဘဝမှာ ဘာမှမက်မောစရာမရှိလိုက်တော့၊ မောင့်အချစ်ကို အရှုံးအမှုးတမ်းတနေရုံမှတစ်ပါးပေါ့လေ။

အသည်းကွဲပြီးကျန်ခဲ့လျှင်တော့ ကျော့သေတာကမှ ကောင်းဦးမည်၊ မောင်က ကျော့ဘဝတစ်ခုလုံးကို အချစ်နဲ့ဘမ်းပြပြီး ပြစားထားပြီပဲ။

မောင့်ကိုတွေ့ချင်လိုက်တာ၊ မောင်နှင့် မျက်လုံးချင်းဆုံတဲ့ တစ်ခဏကို ကျော့ သွေးရူးတမ်းရူး တမ်းတမိပါရဲ့၊ တုန်လည်းတုန်လှုပ်မိပါရဲ့၊ မျက်လုံးချင်း လွှဲလိုက်ပြီဆိုရင် ကျော့ဟာ အရူးလိုဖြစ်ကျန်ခဲ့တာ မောင်မသိဘူး၊ အဲဒီအချိန်မှာ ကျော့ဟာ ဘာမှလွှတ်ထွက်မသွားအောင် ကြောင့်ကြတကြီး ထိန်းသိမ်းနေရ တယ်၊ မောင့်ကို မျက်စိအောက်က အပျောက်မခံဘဲ ကြည့်နေချင်တာလည်း ကျော့ပဲ၊ ခဏလေးကြည့်မိရုံနှင့် ကျော့ဟာ ဘယ်လောက်ထိ ထိခိုက်ခံစားရသလဲ မောင်မသိဘူး၊ ကျော့ဟာ အကြည့်လေးကိုတောင် တွန့်တိုတယ်လို့ မောင်က ဆိုဦးမယ်။ မောင့်ရုပ်သွင်က မျက်စိထဲကမထွက်၊ မောင့်စကားသံတွေကလည်း နားထဲမှာတရစ်ဝဲဝဲ။ ချစ်သူကို လွမ်းတတ်အောင်သင်ပေးရတာကိုပဲ မောင်က တာဝန်ကျေပြီထင်နေလား။

ကျော့ သူ့ဆီစာရေးဖို့ပြင်သည်။ သူ့အခန်းမှာရှိပါ့မလား၊ သူ့အိမ်ကို



သည့်ရင်ကော မဖြစ်ပါဘူးလေ၊ သို့သော် ကျော့တစ်လုံးစရေးကြည့်သည်၊

"ညို"

သူမကြိုက်သည့်စကားလုံးကို စတွေ့ရင် မျက်မှောင်ကုပ်သွားမယ့် ခပ်စုစု မောင့်ပုံပန်းကို မြင်ယောင်သည်။ ဒီလိုဆို ဆက်ဖတ်ချင်ပါ့မလား။ "ညို" လို့ခေါ်တာ သူမကြိုက်၊ စီးစီးပိုးပိုးတဲ့၊ ပြီးတော့ "ကျော့က သိပ်နှိမ်ချင်တာပဲ"ဟု ဆိုသေးသည်။

"ချစ်သူရည်းစားလည်း မဟုတ်သေးပါဘူး၊ သူ့ကို ချစ်မယ်မချစ်မယ် သေချာနိုင်သေးပါဘူး"ဟု သူ့အားပြောခဲ့သောကျော့သည် မပြန်ခင်တစ်နေ့မှာ သူရှိရာသို့ စိတ်ပျော့ကြောင့်ကျစွာ ရောက်ရှိသွားရလေသည်။ ဘာ၏အစီအမံ လေလဲမသိ။

ကျော့ရောက်သွားချိန်မှာ ညနေပိုင်းဖြစ်သည်။ ကျော့ ဘာကြောင့် လာခဲ့ရတာပါလိမ့်၊ အိပ်မက်ထဲမှာ လမ်းလျှောက်သူလို လျှောက်မှန်းမသိ လျှောက်ခဲ့ရင်း အဆောင်မှနေ၍ သူ့အခန်းသို့ ဘယ်လိုရောက်သွားမှန်းမသိ။

ကျော့လာတယ်၊ မောင့်ဆီကိုလာခဲ့တယ်၊ အဲဒါ မောင့်ကိုတွေ့ချင်တဲ့ ဆန္ဒတစ်ခုတည်းကြောင့်ဆိုတာ မောင်သိနိုင်မှာမဟုတ်ဘူး၊ မောင့်ကို ခွဲရမယ့် ရက်တွေမှာ မောင့်ကို ဘယ်အတိုင်းအတာထိ လွမ်းနေမလဲဆိုတာ ကျော့မပြော နိုင်ဘူး၊ မောင်သိရင် နည်းနည်းတော့ဖျားသွားမယ်။ မောင့်ကိုတွေ့ရင် ကျော့ ဘာပြောရမလဲ၊ ဣန္ဒြေပျက်လောက်အောင် ပျော့ညံ့လွန်းတဲ့ ကျော့အမူအရာတွေ မောင်မသိအောင် ကျော့ဟာ နည်းအမျိုးမျိုးနဲ့ ဖုံးပါရဲ့၊ မောင်နှင့် မျက်နှာချင်း ဆိုင်ဖို့အတွက် ကျော့မှာ အင်အားမရှိဘူး။

မောင် ဒီနေရာမှာ ကျော့လောက်သတ္တိမရှိဘူးထင်တာပဲ၊ မောင်က ကျော့ကို ချစ်တယ်ဆိုတာတောင် ရဲရဲမပြောရဲဘူး။ ကျော့ကိုမချစ်ရဲတာလား၊ ကျော့ကို ဘယ်သူမှချစ်ရဲမယ်မထင်ပါဘူး။ ကျော့က အရာရာကို အယုံအကြည် ကင်းမဲ့လွန်းတာကိုး၊ ဒါကြောင့် လောကကြီးက ကျော့ကိုဒဏ်ခတ်တာ၊

ကျော့ ကိုယ်ချင်းစာလို့ ကျော့သိပ်ချစ်တဲ့ချစ်သူမှာ ဒီလိုပူလောင်မှုတွေ မရှိစေချင်ပါဘူး။ မောင့်ကို ဒီလိုခံစားမှုမျိုးတွေ တစိုးတစိမှ မခံစားစေချင်ပါဘူး၊ မောင် ကျော့ကို လုံးဝမချစ်မနှစ်သက်ဘူးဆိုရင်တော့ တစ်မျိုးပေါ့ကွယ်။ မောင် စိတ်သက်သာရာရအောင် ကျော့ မောင့်ကိုချစ်နေတယ်ဆိုတာတော့ မောင်သိဖို့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ၊ ကျော့ပြန်မရျစ်မှာစိုးရိမ်ပြီး တထိတ်ထိတ် စိတ်သောကရောက်နေတာနှင့်စာရင် ပိုပြီးသက်သာရာရတာပေါ့ကွယ်။

ထိုအတောအတွင်း ကျော့သည် ရည်းစားရှိသောသူငယ်ချင်းမများ၏စကားဝိုင်းသို့ ဝင်သည်။ သူတို့ပြောတာ နားထောင်သည်။ သို့သော် ကျော့၏လျှို့ဝှက်ချက်ကိုတော့ သူတို့အားမပြောပါ။ မိန်းကလေးအများစုသည် ကျော့ယုံကြည်လောက်သူများစာရင်းတွင် မပါဝင်ချေ။ တစ်စုံတစ်ယောက်ကို ရင်ဖွင့်ဖို့ဝန်လေးပါဘိ၊ ဆရာ့ကိုတော့ ပြောထွက်မလားမသိ။

မောင့်အကြောင်းကို ကျော့ရင်ထဲကနေ အပြင်ကို ဖွင့်ဟမပြောရက်လောက်အောင် မောင်ဟာ ကျော့အတွက် အဖိုးတန်နေပြီကွယ်၊ ဒါတွေမောင်မသိဘူးနော်။

* *

ကျော့ မောင့်အခန်းရှိရာ အပေါ်လေးထပ်သို့ လေးလံစွာ တက်လာခဲ့သည်။ ဒီလှေကားတွေ အဆုံးမရှိရှည်လိုက်ပါလား၊ လှေကားထစ်တွေ တစ်ထစ်ချင်းရေ၍ တက်လာခဲ့သည်။ သူ့အခန်းရှေ့မှာ တွေ၍ရပ်နေပြီးမှ ဘဲလ်နှိပ်လိုက်သည်။ ဒုတိယတစ်ချက်မှ သူတံခါးလာဖွင့်သည်။ ဝတ်လက်စတီရှပ်အင်္ကျီကိုခေါင်းမှ ခပ်မြန်မြန်စွတ်ချပြီး တံခါးကို အကျယ်ကြီးဆွဲဖွင့်လိုက်သည်။ ကျော့တွေ၍ရပ်နေမိသေးသည်။

"လာလေကျော့"

ကြည့်စမ်း၊ သူ့အမူအရာက ကျော့လာမှာကို ကြိုသိထားသလို၊ ကျော့ကိုမြင်ရလို့ သူ့ရဲ့ဝမ်းမြောက်မှုအတိုင်းအတာကို ကျော့မခန့်မှန်းတတ်၊ သူ့ကြိုဆိုမှုကတော့ ဧည့်သည်ကို အေးစက်သွားစေခြင်းတော့မရှိပါ။ သို့သော် ရှက်စိတ်ကြောင့် ကျော့ရင်ထဲမှာ ချမ်းစိမ့်စိမ့်ဖြစ်သွားသည်။

"ဘယ်မှမသွားဘူးလား"

"အခုပဲပြန်ရောက်တာ"

"အတော်ပဲ၊ ရှိမှရှိပါ့မလားလို့၊ ဗညိုရဲ့စာအုပ်တွေလာပေးတာ၊ ဖတ်လို့တော့မပြီးသေးဘူး၊ အဆောင်မှာထားခဲ့ရင် ကြွက်ကိုက်မှာစိုးလို့"

ကျော့က အလင်းရောင်ကို ကျောပေးထားသောကုလားထိုင်တစ်လုံး



စွာ ဝင်ထိုင်သည်။ သူက စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိပြီး ကျော့နှင့်မျက်စောင်းထိုးခုံမှာ ဝင်ထိုင်လိုက်သည်။ နောက်ဆို သူ့ကို မီးခြစ်ကောင်းကောင်းလှလှလေးတစ်ခုလောက် လက်ဆောင်ပေးမှပဲ။

ကျော့ နည်းနည်းအနေခက်လာကာ ကဗ္ဗီပါရောင်နှင်းဆီပုံတွေကိုငေးစိုက်ကြည့်နေမိသည်။ ပန်းတွေဘာတွေဝယ်ပြီး ပန်းအိုးထိုးဖို့ သတိရတတ်သားပဲ။

သူ့ဆံပင်ပျော့ခွေခွေလေးတွေက နားရွက်နှင့်လည်ဂုတ်ပေါ်ထိ ကျနေသည်။ ကျော့ထက်တောင် ဆံပင်ရှည်ချင်သေးသည်။ မောင့်ဆံပင်နှင့်မျက်တောင်ကော့ကော့လေးတွေက ချစ်စရာကောင်းလှသည်။

"ကျော့ဘာစားမလဲ"

"ရေပဲပေးပါ၊ ရေပဲရှိတာမဟုတ်လား"

"အထင်မသေးပါနဲ့၊ ဒီနေ့ ထမင်းချက်စားတယ်"

"ဘာဟင်းနဲ့လဲ"

"ဘူးသီးနဲ့ကြက်သားချက်တယ်"

"ကုန်ပြီပေါ့"

"ညနေစာပါချက်ထားတာ၊ အများကြီးပဲ၊ စားရအောင် ကိုယ်လည်းဗိုက်ဆာနေပြီ၊ သွားပြင်လိုက်မယ်"

"ဧည့်သည်လာတာက အချိန်ကောင်းဆိုတော့ ကျွေးပေဦးတော့"

စာအုပ်တွေကို စာအုပ်စင်မှာ နေရာတကျတင်လိုက်သည်။ ကျော့စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် လက်ညှိုးလေးနှင့်ထောက်ပြီး ကြည့်သွားသည်။ မြင်တာလည်းရှိသည်၊ မမြင်တာလည်းရှိသည်။ မီးဖိုခန်းမှာ သူထမင်းပွဲပြင်နေသည့် ဇွန်းသံ၊ ပန်းကန်သံ ကြားနေရသည်။ သူပြင်ကျွေးမည့်ထမင်းဝိုင်းကိုတော့ စိတ်ဝင်စားပါသည်။

ကျနေကြောင့် အနောက်ဘက်ခြမ်းမှာ လင်းထင်းကာ လေကလည်းတသုန်သုန်တိုက်နေ၏။ အစိမ်းရောင်ဇာခန်းဆီးက လေမှာ လွင့်နေသည်၊ နေရောင်ခြည်သည် ကျော့ပခုံးပေါ်မှ ရုပ်တိုက်ပြီး နှင်းဆီပန်းအိုးပေါ် ဖြာကျနေသည်။

"ဒီစာအုပ်တွေ ဘယ်သူ့မှမငှားနဲ့နော်၊ ကျော့ပြန်လာရင်ဖတ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



အနားသို့ရောက်လာသည့်သူ့ကို လှမ်းပြောလိုက်သည်။

စာအုပ်စင်ရှိနှင့်တဆက်တည်းရှိသည့် ကိုယ်လုံးပေါ်မှန်ရှေ့တွင် ခဏ လှပ်ကြည့်သည်။ စာမေးပွဲအရှိန်ကြောင့် ကျော့မျက်ကွင်းတွေ ချောင်ကျနေသည်။ နည်းနည်းလည်းပိန်သွားသည်။ ခဲပြာနုရောင်တီရှပ်ပွပွကြောင့်သာ သိပ်မသိသာ လှဲ့ချည်ကနက်ပြာရောင်သို့နွယ်သည့် ခဲရင့်ရောင်၊ မှန်ထဲကပုံရိပ်ကို အဓိပ္ပာယ်မဲ့ ကြည့်နေမိသည်။ ကျော့မျက်လုံးတွေက မှုန်မှိုင်းမှိုင်း၊ ကျော့ခေါင်းထဲမှာလည်း ရီဝေဝေ။

ကျော့နောက်ကျောသို့ သူရောက်လာတာ မှန်ထဲမှာမြင်လိုက်ရသည်။ သူ့မျက်လုံးညိုများကို ကျော့ပခုံးမှကျော်၍ မြင်ရ၏။ ဖျ တ ခ န သူ့လက်ဖဝါး နှစ်ဖက်က ကျော့နားထင်နှစ်ဖက်ကို အတင်းဖိညှပ်ပြီး အပေါ်ဆွဲမတာ ခံရသည်။ ကျော့တစ်ကိုယ်လုံးကြွပါသွားသလား ထင်ရသည်။ မျက်နှာရှုံကြွက်သားတွေ တင်းနေတာကြောင့် "ဘာလုပ်တာလဲ"မေးတာပင် စကားမပီမသ။ ကျော့ခေါင်း ကို ပြုတ်တူနှင့်ညှပ်ထားသလို ခံစားရသည်။ နားထင်နှစ်ဖက်မှာ သွေးတဒိတ် ဒိတ် တိုးနေသည်။

"ဗညို"

နောက်မှနေ၍ ကျော့ကို သူသိုင်းဖက်လိုက်သည်။ သူ့ဆီမှ စီးကရက်နံ့ ပြယ်ပြယ်ကြောင့် ပို၍မူးမူးဝေဝေဖြစ်သွားသည်။

ဘာမှန်းမသိ သူခပ်တိုးတိုးပြောလိုက်တဲ့လေသံက ကျော့နားထင်နှင့် ပါးပြင်ကို ရှပ်တိုက်သွားသည်။ ပြီးတော့ အေးစက်နေသည့် ကျော့နားရွက် ကလေးတစ်ဖက် နွေးခနဲဖြစ်သွားသည်။ အာခနဲတွန့်လိမ်ကာ ကျော့တစ်ပြင် လုံး ကြက်သီးထသွားသည်။ ပြီးတော့ သူ့မျက်နှာကို ကျော့ပခုံးပေါ်မှောက်ချ လိုက်သဖြင့် သူ့ခေါင်းမှဆံပင်ပျော့ပျော့လေးတွေက တစ်ခွေပြီးတစ်ခွေ ရှေ့သို့ စိုက်ဆင်းလာသည်။

ကျော့ရင်ထဲမှာ မောလာကာ လည်တိုင်မှ သွေးကြောလေး အချက် ကျကျ စည်းချက်မြန်မြန် ခုန်နေတာ သတိထားမိသည်။ ကျော့ခြေထောက်တွေ လဲပြိုသွားမလားဘဲ၊ ဒါကို မောင်မသိလေကောင်းလေပဲ။

ကျော့နဖူးကို လက်ဖဝါးဖြင့် အသာမေးကာ ဆိုဖာပေါ်ဝင်ထိုင်လိုက် သည်။ မျက်နှာပူနွေးနေ၏။ ထူးထူးခြားခြား နီရဲမနေဖို့လည်း ဆုတောင်းမိ



သည်။ ကျော့လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်ကာ ကျော့ဘေးမှာ သူဝင်ထိုင် သည်။

"ကျော့"

သူ့လေသံက ချစ်ခြင်းအပြည့်နှင့်။ ဘယ်လောက်နားထောင်လို့ ကောင်းတဲ့အသံလေးပါလိမ့်။

"ဗညိုမကောင်းဘူး"

ကျော့အသံက တိုးတိုးသက်သက်၊ အသံတုန်တာသူသိမှာစိုး၍ အကျယ်ကျယ်မပြောရဲ

"ကျော့တို့ ဘာမှမဟုတ်သေးဘဲနဲ့"

"ကျော့က ဘာကိုစောဒကတက်ချင်သေးလို့လဲ"

ပျော်နေသည့်သူ့လေသံက ကျော့ကို စိတ်ပျက်လက်ပျက်ဖြစ်စေသည်။ မေမေသိလျှင်တော့ ကျော့ကို ဘာပြောမည်မသိ။ တဆက်တည်း ပွင့်မျက်နှာကို မြင်ယောင်မိသည်။ ပွင့်ဆို ဘာမှထည့်တွက်မည်မဟုတ်၊ သူက ဘာလုပ်လုပ် ရဲရဲတင်းတင်းရှိတာကိုး။

မောင်ကတော့ ဒါတွေ ဘယ်စဉ်းစားမိမလဲ။

အို၊ ဒါဟာ မောင့်အတွက် စွန့်စားရတာကြောင့် တန်ပါတယ်၊ ပြီးတော့ အချစ်အတွက်၊ အို ကျော့အတွက်လည်းပါတာပဲ။

ခဏချင်းပင် ဖေဖေ၊ မေမေတို့မျက်နှာများနှင့် တခြား ကျော့နှင့် သက်ဆိုင်သောရုပ်ပုံများအားလုံးသည် ပူလောင်ခြောက်သွေ့သောလွင်ပြင်ကြီး တစ်ခုအောက်တွင် ခံစားချက်ကင်းမဲ့စွာ ပျောက်ဆုံးသွားကြသည်။ သိပ်သည်း ပြင်းထန်သောခံစားမှုတို့အောက်ဝယ် ကျော့ကိုယ်ကျော့ စိတ်ပျက်ခြင်း၊ ဝမ်းနည်း အားငယ်သလိုဖြစ်ခြင်းနှင့်အတူ ဘယ်ကရောက်လာသောအားနှင့်မသိ သူ့ဗိုက် ကို အသင့်ဆုပ်ထားသောလက်သီးဖြင့် ထိုးထည့်လိုက်သည်။ သူ တော်တော် အောင့်သွားပုံရသည်။ မျက်နှာရှုံ့မဲ့သွားသည်။ ကျော့အရေးမစိုက်၊ သူ့ကို စိတ်နာ သလို၊ ငါသာယောကျ်ားလေးဖြစ်ရင်လည်း အကောင်းသားဟု တွေးမိသည်။

ကျော့မျက်နှာကအကြောတွေ တင်းမာနေသည်။ ပြုံးရယ်လိုက်လျှင် ပြေလျော့သွားမည်မှန်းသိသော်လည်း မရယ်မိ။

"မင်းကိုလေ တခြားဘာမှမသိအောင် ကိုယ့်အချစ်တွေနဲ့ မူးမေ့အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားချင်တာ"

ကျော့နားနားကပ်၍ သွားစေ့ထားသည့်လေသံနှင့်ဆိုသည်။

"အထူးသဖြင့် ဆရာဆိုတာလည်းမရှိအောင်"

"ဆရာ" ကျော့ သူ့စကားကိုဖြတ်၍အော်လိုက်သည်။

"ဆရာကဘာဖြစ်တုန်း"

ကျော့အမူအရာတွေကို ထိန်းသိမ်းဖို့မေ့လျော့သွားလောက်အောင် သူ့စကားက ကျော့ကို ထိခိုက်နာကျင်သွားစေသည်။

"ဒါတော့မကောင်းဘူးထင်တယ်၊ ဒါ ကျော့တို့ကို စော်ကားတာပဲ" ကျော့ အေးစက်စွာပြောလိုက်သည်။

"ဆရာ့ကို ကျော့လေးစားတယ်၊ အားကိုးတယ်၊ ဆွေမျိုးလိုပါပဲ၊ ဆရာဟာ ကိုယ်ပြီးရင် ပေါင်းလို့သင်းလို့အကောင်းဆုံးလူစားမျိုး၊ ဒီစကားဟာ ဘာမှ အဓိပ္ပာယ်မရှိတဲ့အတွက် ဘယ်သူ့ကိုမှ ဘာအကြောင်းနဲ့မှ ကျော့ဖြေရှင်းစရာ မလိုဘူး၊ အဓိပ္ပာယ်မရှိတဲ့စကားအတွက် ကျော့အချိန်ကုန်မခံနိုင်ဘူး"

"အဖြေမပေးနိုင်ဘူးဆိုကတည်းက လျှို့ဝှက်ချက်တစ်ခုရှိနေလို့ပေါ့၊ နှစ်ယောက်ပေါင်းလျှို့ဝှက်ချက်၊ ဒါမှမဟုတ် တစ်ဦးတစ်ယောက်မှာ သီးသန့် လျှို့ဝှက်ချက်ရှိချင်ရှိနေမှာပေါ့"

ဗညိုဘာသဘောနှင့်ပြောလဲမသိ။ သူ့မျက်နှာက အတည်လိုလို၊ ကျော့ သူ့အပြောမှာ ခံရခက်နေသည်။

"ကျော့ကတော့ရယ်မှာပဲ၊ ဆရာကြားရင်လည်းရယ်မှာပဲ"

ကြောင်တာပဲဟု သူ့မျက်နှာစေ့စေ့ကြည့်ပြီး ကျော့စကားမဆက်တတ်တော့။ လောကကြီးမှာ ဒီလိုဖြေရှင်းရတဲ့ စကားတွေပြောရတာလောက် စိတ်ကုန်စရာရှိပါ့မလား၊ နောက်ဆုံးတော့ ခေါင်းကုတ်ပြီးရယ်မောဖို့ ကြိုးစားသည်။

"ကိုယ့်ကိုမလှောင်ပါနဲ့နော်"

"ရယ်ချင်လို့ပါဗညိုရယ်၊ ဆရာနဲ့ကျော့ခင်မင်မှုကို ဘယ်သူမှ နားလည်မှာမဟုတ်ဘူး၊ နားလည်ဖို့ကြိုးစားရင်လည်း လိုက်မှီမှာမဟုတ်ဘူး"

"အဲဒီလောက်တောင်လား"

"ဝမ်းနည်းပါရဲ့၊ ကျော့ ဒီနေ့ကံမကောင်းဘူး၊ နည်းအမျိုးမျိုးနှင့် စော်ကားခံရတယ်"



ကျော့အသံ တဖြည်းဖြည်းကျယ်လာသည်။ နောက် ကျော့စကားတွေ ဆက်ကာဆက်ကာ ပြောချလိုက်သည်။ သူ့ကို မခံချိမခံသာဖြစ်စေမည့်စကားတွေလည်း ဖောဖောသီသီပါသည်။ တစ်ခါတရံ ဘိုးဘိုးစိတ်ဆိုးလျှင် ပြောတတ်သည့်လေသံနှင့်တူသည်ဟု ထင်လိုက်သည်။ ကျော့ရင်ထဲမှာ ကြောက်စိတ်လန့်စိတ် နည်းနည်းမှမရှိ။ ဘာမဆို တုန့်ပြန်ဖို့အဆင်သင့်ဖြစ်နေသည်၊ လက်သီးဆုပ်လျက် သူ့ကို ခပ်စူးစူးကြည့်ကာ ရင်ဆိုင်လိုက်သည်၊ တစ်ခါမှ ဒေါသကို ဒီလိုသရုပ်ပေါ်အောင် မဖော်နိုင်ခဲ့။

ဒီဒေါသက ငယ်စဉ်က ပွင့်နှင့်ဖြစ်ဖြစ်၊ အခြားတစ်ယောက်နှင့်ဖြစ်ဖြစ် ပြဿနာဖြစ်တိုင်း စိတ်ပျော့စွာ မခံချိမခံသာခံစားရမှုနှင့်မတူ။ ယခင်က သတ္တိမရှိ၍ ကြိတ်ခံစားရခြင်းဖြစ်သည်။ ယခုဒေါသက ရှင်းလင်း၏။ ပြတ်သား၏၊ ပြန်လုပ်ရဲသည့်သတ္တိလည်းပေါ်၏။ ဗညိုက မိသားစုထဲကမဟုတ်ဘဲ သူစိမ်းတစ်ယောက်ဖြစ်နေလို့လား၊ ဒီလိုပြောင်မြောက်တဲ့ဒေါသက ဘယ်က လာတာလဲ။

အင်း...၊ ဖေဖေမကြိုက်ဘူး၊ ဖေဖေဆို ဘယ်လောက်အေးအေး ချမ်းချမ်းနှင့် ပြေလည်သွားမလဲ၊ ကျော့ဝမ်းနည်းစိတ်နှင့်အတူ မျက်တောင်တို့ စိုစွတ်လာသည်။ ကျော့ဘဝမှာ အမှားတစ်ခုကျူးလွန်မိသလို ခံစားရသည်၊ ခပ်လှမ်းလှမ်းမှာသွားရပ်နေသည့် ကျော့အနားသို့ သူရောက်လာသည်။

"ကျော့"

သူ့လေသံကိုပင် အလန့်ကြီးလန့်မိသည်။ ကျော့ မျက်တောင်သုံးလေးချက်ဆင့်ခတ်ကာ သူ့ကိုလှည့်ကြည့်လိုက်သည်။

"ဆောရီး၊ ကျော့လွန်သွားတယ်၊ ဘယ်လိုတောင်းပန်ရင် ကျေနပ်မလဲ ထိုင်ရှိခိုးဆိုခိုးပါ့မယ်၊ ကျော့ထက် သူနှစ်နှစ်တောင်ကြီးတာပဲ"

ချက်ချင်း သူ့ရှေ့မှာ ကျော့ ဒူးထောက်ထိုင်ချလိုက်သည်။

"မဟုတ်တာ"

သူပါလိုက်ထိုင်ချရင်း ကျော့ကို ပြန်ဆွဲထူသည်။ တခါခါ ကျော့က သူ့စိတ်ထဲမှန်တယ်ထင်တာလုပ်တတ်လွန်းတာကြောင့် [illegible] အရွဲ့တိုက်ပြီးလုပ်နေသလား ထင်မှတ်ရသည်။

"ကိုယ်လွန်တာပါ၊ ဒီစကားကို ကိုယ်မပြောသင့်ဘူး ကျော့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ရင် ကိုယ့်စိတ်တွေ လှုပ်ရှားလွယ်တယ်ထင်ပါတယ်၊ မရှက်တမ်းဝန်ခံရရင် ကျော့ဆီက ကိုယ်လိုချင်တာတွေ သိပ်များနေတယ်"

ကျော့ ယခုလိုပေါက်ကွဲတာ ဆရာ့အကြောင်းတစ်ခုတည်းကြောင့်မဟုတ်၊ ကျော့အပေါ် သူ့ရဲ့အကြွင်းမဲ့ယုံကြည်ခြင်းသာလိုချင်ကြောင်း၊ ဆရာ့အကြောင်းပါလျှင်လည်း (၁)ရာနှုန်းလောက်သာပါမည်ဖြစ်ကြောင်း သူ့ကိုပြောမပြချင်တော့။

* *

လမ်းပေါ်ရောက်သည်နှင့် ကျော့သည် ဘာမှမဖြစ်ခဲ့သလို နဂိုအတိုင်းပြန်ဖြစ်သွားသည်။ ပကတိကြည်ကြည်လင်လင်။ ဟန်ဆောင်နေတာဆိုလျှင် ကျော့ဟာ အင်မတန် ဟန်ဆောင်ကောင်းသူပင်။ ကျော့က လိုက်မပို့ဖို့ပြောသော်လည်း သူကျော့နှင့် လိုက်လာသည်။ တဖြည်းဖြည်းလျှောက်ရင်း လှည်းတန်းလမ်းဆုံသို့ ရောက်လာသည်။

"အဆောင်မှာ ထမင်းကျွေးသေးလား၊ တစ်ခုခုစားရအောင်"

မစားဖြစ်ခဲ့တဲ့ ထမင်းဝိုင်းကို နှစ်ယောက်စလုံး မေ့လျော့ထားလိုက်သည်။

"အလုပ်သမားအိမ်တွေမှာ ဝယ်စားရင်ရတယ်၊ ကြက်ဥကြော်တို့ ကန်စွန်းရွက်ကြော်တို့ ဘာတို့ပေါ့၊ နောက်ဘက်ခြံက အဖွားကြော်တဲ့ကန်စွန်းရွက်ကြော် သိပ်ကောင်းတာ"

"ကျောင်းမဖွင့်ခင် စောစောပြန်လာခဲ့နော်"

"ကျောင်းဖွင့်လို့ အဆောင်ကလက်ခံတော့မှ ကျော့လာလို့ရမှာပေါ့"

"ဘယ်နှစ်လတောင်လဲ၊ လွမ်းနေမှာတော့ သေချာတယ်"

သူက လက်ချိုးရေတွက်စပြုသည်။

"ထင်လို့ပါ၊ ခါတိုင်းလိုနေ့တွေညတွေပေါ့"

သူမကျေမနပ်စောင်းငဲ့ကြည့်တော့ ကျော့က မတတ်နိုင်ဆိုသည့်ဟန်နှင့် နှုတ်ခမ်းကို တွန့်ပြလိုက်သည်။

"လိုက်တောင်လိုက်ခဲ့ချင်တာ၊ ယောက္ခမတွေကို မျက်နှာပူစရာဖြစ်နေမလားမသိဘူး"



"ကျော်စွာနဲ့လိုက်လည်ပေါ့"

"ယောက်ဖကလည်း ခပ်ရှောင်ရှောင်"

"တော်တော်ပြောလို့ကောင်းနေတယ်ပေါ့၊ ဟုတ်လား"

အဓိပတိလမ်းသည် သစ်ပင်ရိပ်တို့နှင့် မှောင်ရီစပြုသော်လည်း သူသွားလူလာမပြတ်သေး။ လမ်းတလျှောက် ဓာတ်မီးရောင်ထိန်လင်းလျက် အလှကြီးလှနေ၏။ စိန်ရတုအထိမ်းအမှတ်ဆိုင်းဘုတ် စာတမ်းတွေကလည်း နေရာ အနှံ့မြင်နေရသည်။

အဆောင်မှာ ကျောင်းသူတွေမနည်း ကျန်သေးသည်။ တချို့က လေယာဉ်လက်မှတ်စောင့်သူ။ တချို့က အဖော်စောင့်သူ။ ကား၊ ရထားနှင့်ပြန်သူတွေက လက်မှတ်လွယ်သဖြင့် ပြန်ကုန်ကြပြီ။ ထိုစဉ် အဆောင်ထဲမှထွက်လာသည့် ဖြိုးနှင့်ဆုံသည်။

"ဖြိုးလည်း မပြန်သေးဘဲကိုး"

"ကျော့ပြန်တဲ့နေ့မှ အဆောင်ကထွက်မလို့၊ မခွဲနိုင်သေးဘူးလေ၊ ရန်ကုန်အိမ်က ဆွေမျိုးတွေလာခေါ်တာတောင်မလိုက်ဘူး၊ ဖြိုးက ဖေဖေတို့ပြောင်းတဲ့နေရာလိုက်ရမှာ၊ လာတုန်းကတောင်ကြီး၊ အခုပြန်ရင် မော်လမြိုင်"

"နောက်နှစ် ဖြိုးတို့ဆီ ကျော့လိုက်လည်ဦးမယ်"

"ကျော့နေမယ်ဆို တစ်သက်လုံးနေ၊ ယောက်မတော်ထားမယ်"

"ဖြိုးကတစ်ယောက်တည်းဆို"

"ဖြိုးအစ်ကိုပေးရင်နာနေဦးမယ်၊ သူ့အစ်ကိုပဲယူမလားလို့"

"မရှိတဲ့အစ်ကိုများ တိုနေရသေး"

"ဖြိုးဝင်နှင့်မယ်နော်၊ ညသည်ဆိုလို့ထွက်လာတာ၊ လူမှားနေတယ်"

"သြော် ဖြိုးအဆောင်ထဲပြန်ရောက်ရင် ထမင်းတွေဟင်းတွေ မငယ်ခဲ့နော်၊ ကျွန်တော် နောက်တစ်ခေါက်လာရင် ပါဆယ်ဆွဲလာခဲ့မယ်၊ ဘာစားချင်"

"ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ကြေးအိုးဆီချက်၊ ဒံပေါက် [illegible] ဘာကိုပြောတာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ အဆင်ပြေသလိုဝယ်ခဲ့မယ်၊ ကျော့ရေ"

"ကျော့က ဖြိုးကြိုက်တာဆို အကုန်ကြိုက်တယ်နော် မဟုတ်လား ကျော့"

www.burmeseclassic.com

www.burmeseclassic.com



"အဆောင်ပိတ်ခါနီးပြီ၊ ကျော့လည်းဝင်တော့မယ်"

"ဝင်လေ"

သူ့လေသံက ဝင်စေချင်ဟန်မရှိ။

"ဗညိုအရင်ပြန်ပါလား"

"ဘာဖြစ်လို့လဲ"

"ကျော့ပဲအနစ်နာခံပြီး နောက်ကကြည့်ကျန်ရစ်သူလုပ်လိုက်ပါ့မယ်"

"ခဏလေးနေပါဦး၊ တိတ်တိတ်ကလေးနေပါရစေ၊ ဒီစက္ကန့်တွေ ကိုယ့်အတွက် သိပ်အရေးကြီးတယ်"

ထိုခဏ ဘဲလ်တီးသံကြားရတော့ ကျော့ သူ့ကိုပြုံးပြကာ အဆောင်ထဲ လှည့်ဝင်ခဲ့သည်။ မလွယ်ပါလား ပြုံးရတာ။

မနက်စောစောတွင် ကျော့အား လေဆိပ်သို့လိုက်ပို့ရန် ကျော်စွာ လာခေါ်သည်။ စောလွန်း၍ လူသူတိတ်ဆိတ်နေသဖြင့် အဆောင်ကြီးမှာ ထီးထီး ကြီး၊ အဆောင်ပေါက်မှာ လက်ပြကျန်ခဲ့တဲ့ဖြိုးကိုနှုတ်ဆက်ကာ ကျော့ခိုင်းလိုက် သည်။ ဖြိုးလည်း မနက်မိုးလင်းလျှင် မြို့ထဲက ဆွေမျိုးအိမ်သို့သွားပေမည်၊ သူငယ်ချင်းတွေမရှိတော့သည့်အဆောင်ကြီးမှာ သူတစ်ယောက်တည်း ဘယ်နေ ချင်ပါ့မလဲ။

လေဆိပ်ရောက်သော် ဗညိုကို အရင်ဦးဆုံးတွေ့ရလေသည်။ ကျော့ကို လိုက်မပို့ဖို့ပြောထားသားနှင့်။ မနေ့ညကတည်းက အဆောင်မှာ ရတ်ရတ်သဲသဲ နှင့် သူတို့တွေ ဘယ်အချိန်မှပြန်သည်မသိ။ အားလုံးနှင့်ခွဲရမယ်ဆိုတဲ့အသိဏ မနေ့ညကပဲ ကျော့ရင်ကို ရိုက်ခတ်နေတာ ကျော့လည်း တစ်ညလုံးလိုလို အိပ်မပျော်ပါဘူး။ မနေ့ညကလို အေးစက်မှုနှင့် ခံစားရမှုကို ကျော့မလိုချင်ပါ၊ အခုလည်း ကျော့ကို အပြန်ခက်အောင်၊ အပြုံးရခက်အောင် လုပ်ကြပြန်ပြီ၊ လေဆိပ်ထဲမဝင်ခင် သုံးယောက်သား ဆိုင်တစ်ဆိုင်မှာ ဝေါင်စင်းစင်းထိုင်နေကြ သည်။

ကျော့ရဲ့ အက်ရှနေတဲ့အသံနှင့် ရယ်မောဖို့ကြိုးစားတာ မအောင်မြင် ပါ၊ ဗညိုကတော့ ဘယ်လိုနေမယ်မသိ။ သူတို့ကို ကျော့ခိုင်းလိုက်တော့ ခံစားမှု တချို့ ကွဲအက်၍ မျက်ရည်တို့ လျှံတက်လာသည်။ ကျော်စွာလှည့်ထွက်သွားပြီ ဖြစ်သေမယ့် ကျော့ကို ကြည့်ကျန်ရစ်တဲ့ ဗညိုရဲ့မျက်လုံးတွေကို နှုတ်ဆက်နိုင်တဲ့



အင်အားမရှိတော့။

ကျော့ ခံစားကြည့်ချင်တာအချစ်ဖြစ်သည်။

မခံစားနိုင်ဆုံးသောအရာမှာလည်း အချစ်ပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မိုးလည်းကုန်စပြုပြီ။ ကျော့သည် အိမ်မှာနေရင်း အိပ်လိုက်စားလိုက် စာအုပ်ဖတ်လိုက်နှင့် နားနားနေနေနေရသဖြင့် ခန္ဓာကိုယ်အနည်းငယ်ပြည့်လာသည်။ ပွင့်လည်း ကျော့နှင့် မရှေးမနှောင်းပြန်ရောက်လာသည်။ မြတ်ကတော့ ကျော့တို့ရဲ့ တက္ကသိုလ်ကောလိပ်အတွေ့အကြုံတွေကြားရ၍ ပျော်နေသည်၊ ပွင့်က သူ့အတွေ့အကြုံတွေ ပြောမဆုံး။ စစ်တွေမှာ ဘာတွေဘယ်လိုပြောင်းလဲနေကြောင်း၊ အသစ်ရောက်လာသော ဆရာ၊ဆရာမတွေအကြောင်း၊ စောပြည့်ညို ဆောင်မှ အကြောင်းတွေ စုံနေသည်။

ရောက်တာနှင့် ပွင့်က အိမ်မှုကိစ္စတွေ စီမံဆောင်ရွက်သည်။ မီးဖိုချောင်အတွက် လိုအပ်သည့်အသုံးအဆောင်ပစ္စည်းတွေလည်း မေမေ သဘောကျ ဝယ်လာဖို့ တတ်သိသည်။ မေမေ့အား ဈေးထွက်ပေးဖို့ရသည်။ မေမေကျေနပ်အောင် ဝယ်ခြမ်းတတ်ကာ ကျကျနန ချက်ပြုတ်သည်။

နောက်ဆုံးမှာ ပွင့်က ဒီနှစ်ကျောင်းတက်လျှင် ရန်ကုန်မှာပြောင်းတက်မည်ဟု ကြေညာလေသည်။ တစ်အိမ်သားလုံး အံ့အားသင့်နေကြသည်။ ဖိုင်နယ်ရောက်မှ ဘာစိတ်ကူးပေါက်တာလဲ။

"ကျောင်းပြောင်းရင် အခက်အခဲရှိတယ်၊ နောက်ဆုံးနှစ်မှာ ကွာလီဖိုင်း (Qualify)ဝင်အောင်ကြိုးစားလိုက်ရင် ရန်ကုန်မှာတက်ရမှာပဲဥစ္စာ၊ ရန်ကုန်မှာ



ကွာလီဖိုင်းဝင်ဖို့မလွယ်ဘူးနော်၊ နယ်ကောလိပ်မှာ ကျောင်းသားနည်းတော့ နည်းနည်းပါးပါးကြိုးစားလိုက်ရင် ဝင်နိုင်သေးတယ်၊ တက္ကသိုလ်မှာ ဆရာမ ပြန်လုပ်မယ်ဆို"

ဘယ်သူဘာပြောပြော ပွင့်ကခေါင်းမာသည်။ ပြတ်သားသည်။

"အားလုံးစီစဉ်ခဲ့ပြီးပြီ" ဟု တစ်ခါတည်းပြီးပြတ်အောင်ပြောသည်။

ကျော့သိသည်။ ပွင့်တစ်ယောက် ရန်ကုန်မှာလည်းတက်ချင်ပြီး ကွာလီဖိုင်းဝင်အောင်လည်း မကြိုးစားချင်တာကြောင့် နောက်ဆုံးနှစ်ရောက်မှ အပူတပြင်းပြောင်းတက်ဖို့ပြင်တာဖြစ်ရမည်။

မေမေရဲ့ ပွင့်အပေါ်အပြစ်တင်သည့်လေသံက ကျော့ကိုပြောသလို တောရှည်လှဘဲ သူအားကိုးသော၊ ချေလည်တတ်သိသော ကောလိပ်ကျောင်းသူ သူ့သမီးကြီးပြောသမျှကို ခဏာမဆိုင်းလက်ခံမြဲ၊ အပုတ်ထင်ဆဲ၊ အကောင်းမြင်ဆဲ။

ကျော့ကိုတော့ မေမေ ဘယ်တော့မှအထင်ကြီးမည်မဟုတ်။ မေမေ့မှာလို ပြောင်မြောက်တဲ့အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်နိုင်သည့်အရည်အချင်း မရှိလို့လည်း ဖြစ်မည်။ မေမေက သူ့အိမ်ထောင်မှုနှင့် သားသမီးအရေးကိစ္စကလွဲလျှင် တခြားဘာကိုမှ စိတ်မဝင်စား။ မေမေ့မှာ တစ်နေ့တစ်နေ့ ချက်မယ် ပြုတ်မယ်၊ လျှော်မယ် ဖွတ်မယ်၊ ချုပ်မယ်လုပ်မယ်။ အိမ်ထောင့်ဝေယျာဝစ္စတွေသာ မေမေ့ဘဝဖြစ်သည်။

မေမေ့ကို သနားသော်လည်း မီးဖိုချောင်နှင့်ဝေးဝေးနေစမြဲ၊ မေမေ့မှာ အဲဒီကိစ္စတွေအတွက် ပွင့်ရှိနေတာပဲ။

နေ့လည်နေ့ခင်းမှာ အိမ်တွင် တိတ်ဆိတ်နေတတ်သည်။ အရိုးနှက ဘွားဘွားကြီးကို ဘုရားစာဖတ်ပြလျှင်သာ သူ့အသံပြတ်တောင်းပြတ်တောင်းကို ကြားရသည်။ ရံဖန်ရံခါ တဂျောင်းဂျောင်းနှင်းနေသည့် မေမေ့စက်ချုပ်သံကို ကြားရသည်။ ပွင့်က သံတွဲရှိ သူ့အပေါင်းအသင်းတွေထံ သွားလည်သည်၊ ဝလီသို့ ပျော်ပွဲစားထွက်ကြသည်။ ကျော့သာ ဘယ်ကိုမှမလိုက်ဖြစ်ဘဲ အိမ်ထဲ မှာသာ တကုပ်ကုပ်နှင့်နေဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်သောအိမ်ကြီးမှာ နေရခြင်းနှင့် ဈေးချမ်းကျယ် ဝန်းသော ခြံဝင်းကြီးထဲ၌ ပျင်းရိဖွယ်ကောင်းသော နေ့လည်ခင်းများသည်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆော်ကြီးနှင့်တကွ၊ မီးလင်းလင်းနှင့် ဆူဆူညံညံရှိသော အဆောင်ကြီးကိုလည်းကောင်း၊ ရင်ထဲမှ ရှက်စိတ်မွှန်လျက် တိတ်တခိုးရှိနေသူအားလည်းကောင်း ပြင်းပြင်းထန်ထန် လွမ်းဆွတ်ဖို့အကြောင်း ဖန်လျက်ရှိပါသည်။

ညဥ့်နက်သန်းခေါင်လောက်၊ အဆောင်မှာကြားနေကျတေးသွားကို ဆောင်ယမ်း၍ ကြားနေမိသည်။ စိုကပ်နေသောမျက်ရည်များသည် အိပ်မက်အပြင်သို့တိုင် ရောက်ရှိနေတတ်သည်။ ကျော့ဟာ စိတ်ရှုးပေါက်တဲ့အရွယ်မှာ ဒိတ်ကစားတာဖြစ်ပါစေ၊ မကြာခင် မေ့ပျောက်နိုင်ပါစေ၊ ဆုတောင်းသော်လည်း ဆုတောင်းမပြည့်၊ ထိုလွမ်းအိပ်မက်ကို ညစဉ်မက်ချင်သည်။ လွမ်းအိပ်မက်အတွက် ကြေကွဲလွမ်းဆွတ်မှုကိုလည်း ဘယ်တော့မှ ငြီးငြင်ခြင်းမရှိ။

မောင်နှင့်ပတ်သက်သမျှအတွက် အရှုံးပေးရခြင်းကိုပင် ကြည်ဖြူလွန်းမိသည်။

ကျော့ဘာလုပ်ရမလဲ၊ ကျောင်းဖွင့်လျှင်ဖွင့်ချင်း၊ ကျောင်းကို မြန်မြန်ပြေးဖို့သာ စိတ်ဇောကပ်နေသည်။

နေ့လည်ပျင်းလျှင် ခြံထဲဆင်း၍ သရက်ပင်အောက်မှာ စာအုပ်တစ်အုပ်နှင့် သွားထိုင်သည်။ စာထဲမှာ စိတ်ကိုနှစ်သည်။ အာရုံက စာထဲမရောက်၊ သတိထားလျက်က ကျော့စိတ်သည် လိပ်ပြာတောင်ပံခတ်သလို တဖြတ်ဖြတ်ခတ်ကာ သူ့အနားသာ လွင့်မြော၍ရောက်သွားသည်။ ကျော့ ထိုင်ခုံနောက်ဘက် မြေကွက်လပ်ရှိ သစ်ရွက်ကြွေတွေ လေမှာ ရုပ်တိုက်ပြေးလွှားသံကြားလျှင် ကုံကော်ရွက်ကြွေတွေ နင်းလျှောက်ခဲ့ရသည့် စစ်ကိုင်းလမ်းကို အမှတ်ရသည်။ ရုတ်တရက် တစ်စုံတစ်ယောက်ကို တွေ့ရလေမလား ဆတ်ကနဲနောက်ပြန်လှည့်ကြည့်သည်အထိ ဖြစ်ရသည်။

လေတိုးသံများပင် တေးဂီတသံလို ပြောင်းလဲဆန်းကြယ်လေသည်။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော သီချင်းကြီးများကိုပင် ဆွေးမြေ့သောစိတ်နှင့် အရသာခံတတ်ပြီ။ ဇော်ဝင်းထွဋ်အော်တာကိုမှ စိတ်တိုင်းကျသောကျော့သည် သီချင်းကြီးခွေတွေကို ဖေဖေမဖွင့်မီ ထ၍ဖွင့်ကာ နားထောင်တတ်သဖြင့် မေမေကတောင် "ဆန်းပါ့"ဟု မျက်လုံးပြူးကာဆိုသည်။

ပန်းကလေးများ အလှဆုံးပွင့်နေသည်ကိုကြည့်၍လည်းကောင်း၊ ငှက်ကလေးများ တေးသီသံကိုကြား၍လည်းကောင်း၊ သူတို့ထပျံသွားလျှင်



လှုပ်ရှားကျန်ခဲ့သော သစ်ခက်ကလေးများကိုကြည့်၍လည်းကောင်း၊ ကျော့အခန်းပြတင်းက ဖြန့်ကျလာသည့် နေရောင်ခြည်နုနုကိုကြည့်၍လည်းကောင်း အလွမ်း၏အရသာကို ရင်နှင့်အမျှ သိခဲ့ပြီ။

* *

ကျော့ အိမ်မှာ တစ်လခွဲလောက်နေလိုက်ရသည်။ နိုဝင်ဘာ(၂၇)ရက် ကျောင်းဖွင့်မည်ဟုကြားကတည်းက ကျောင်းသွားဖို့ တက်တက်ကြွကြွ ပြင်ဆင်သည်။ ယူစရာရှိတာတွေ ကိုယ့်ဟာကိုယ်သတိရသည်။ ဘယ်သူမှမပြောရ၊ အမေကြော်လှော်နေတာမှာတောင် ယောင်းမတစ်ချောင်းနှင့် ဝင်မွှေကာ ကူလိုက်သေးသည်။ စောစောစီးစီး အထုပ်အပိုးပြင်သည်။

အဆောင်ရောက်သော် အားလုံးဝမ်းသာအဲလဲ ပြန်တွေ့ကြသည်။ တွေ့ရတာနှစ်နှင့်ချီကြာသလို စကားပြော၍မဝနိုင်၊ ရဝေက မျက်ရည်လည်သေးသည်။ ချမ်းမြေ့နှင့်ဖြိုးက တွတ်ထိုး၍မကုန်၊ ကျော့က ကျောင်းစာအုပ်တွေထို သတိမရဘဲ ဝတ္ထုစာအုပ်တွေကို ခုံပေါ်မှာအရင်စီသည်။ ပြန်ဆုံသည့် အထိမ်းအမှတ်နှင့် အဆောင်ထမင်းကို ကျောခိုင်းကာ အပြင်မှာ အုပ်စုလိုက်သွားစားရန် ဖြင်သည်။

ဗညိုကိုတွေ့လိုသော်လည်း ကျော့အရင်သွား၍ မတွေ့ချင်၊ အခုလောက်ဆို ကျော့ရောက်တာ သူသိလောက်ပြီပဲ၊ ကျော့ဆီကို သူအပြေးလာသင့်တာပေါ့၊ ကျော်စွာပြောတော့ သူ သူ့အိမ်မှာ ခဏပြန်နေသတဲ့၊ သူလာလျှင်လွဲမှာစိုး၍ တခြားသွားစရာရှိတာတောင်မသွားဖြစ်ဘဲ အဆောင်မှာ သူ့ကိုထိုင်စောင့်ရင်း နှစ်ရက်လောက် အချိန်ကုန်သွားသည်။

မဖြစ်ချေဘူး။ ဆရာ့အတွက်ယူလာသည့်လက်ဆောင်ပစ္စည်းတွေ သွားပို့ရဦးမည်။ ဆရာ့အမေလည်း ကိုယ့်ဒေသထွက်အစားအသောက်တွေကို စားချင်ရှာမှာပဲဟု ကျော့သတိတရယူလာခဲ့သည်။

ဆရာ့ကို သူ့အိမ်မှာ အဆင်သင့်တွေ့ရသည်။ ဆရာက စပို့ရှပ်အပြာနုနှင့် မရမ်းရောင်လုံချည်ကွက်ကို ဝတ်ထားသည်။ အမြဲတမ်း လည်ကတုံးရှပ်အဖြူနှင့် တိုက်ပုံနှင့် မြင်နေကျဖြစ်၍ ယခုမူ အမြင်ဆန်းကာ လူငယ်လေးတစ်ယောက်နှင့် တူနေသည်။ ဆရာက ဖတ်လက်စစာအုပ်ကိုခေါက်ပိတ်ပြီး

www.burmeseclassic.com



ပင်တင်ကာ ထလာသည်။ ဆရာဟာ ဘယ်အချိန်မှာမဆို ရွှင်ရွှင်ပျပျဖြစ်နေ ဘာပဲ၊

"ကျော့ဝလာတယ်၊ ကောင်းကောင်းအနားရလာတယ်ထင်ပါရဲ့"

"အိမ်ရောက်စက ပျင်းလွန်းလို့ ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေသေးတာ၊ ပွင့်လည်းပါလာတယ်ဆရာ၊ ရန်ကုန်ပြောင်းတက်မလို့တဲ့ သူကလည်း ဖွတ်သမားပဲ၊ ကျော့ပြောလို့ရတာမဟုတ်ဘူး"

"ဟုတ်လား၊ ပွင့်ဦးမောင်က ဖိုင်နယ်ရောက်မှ ပြောင်းတက်မလို့လား"

"ဘာစိတ်ကူးပေါက်လဲမသိပါဘူးဆရာရယ်၊ ဒီတစ်ခေါက် သူနဲ့ စကားတောင် ဟဟမပြောဖြစ်ခဲ့ပါဘူး၊ ဘယ်တော့မှလည်း ပြောဖြစ်မယ် မထင် ဘူး"

"ကိုယ့်သွေးရင်းသားရင်းတွေပဲ၊ နောင်အတူနေရမယ့်နှစ်တွေ အများ ကြီး ကျန်သေးတယ်၊ တစ်ချိန်မဟုတ်တစ်ချိန် ပြေလည်သွားမှာပေါ့"

"သြော် ဒါနဲ့ဆရာ၊ အခုနှစ်စမှာ အင်းလျားဆောင်က မျိုးဆက်သစ် မျိုးဆက်ဟောင်း မိတ်ဆုံစားပွဲလာတက်ပါလား၊ ကျော့ လက်မှတ်ပို့ဝယ်ထား လိုက်မယ်၊ မြအင်းလျားအငြိမ့်ကို လာအားပေးပါဦး၊ မြဝတီကတောင် လွှင့်သေး တယ်၊ လူရွှင်တော်လုပ်တဲ့ အင်လျားသူတွေ သိပ်တော်တာ"

"အင်းလျားဆောင်က ရန်ကုန်တက္ကသိုလ်ရဲ့ ပထမဆုံး အမျိုးသမီး ကျောင်းဆောင်နော်၊ အင်းလျားဆောင်နဲ့ ဆရာတို့ ပဲခူးဆောင် မောင်နှမတော် မယ့် အစီအစဉ်လည်းရှိသေးတယ်"

"ဒီဇင်ဘာတစ်ရက်နေ့ဆို စိန်ရတုပွဲအစီအစဉ်တွေ စပြီနော်၊ ကျောင်းတော်ကြီးက နှစ်တွေအများကြီး ဖြတ်သန်းခဲ့တာ ကျော့စိတ်ထဲ တစ်မျိုး ခံစားရတယ်၊ ရန်ကုန်တက္ကသိုလ် တည်ထောင်စက ကျောင်းသား (၈၂၉)ဦး ပါမောက္ခ (၆)ဦးနဲ့ စဖွင့်တယ်ဆိုပါလား၊ အဲဒီတုန်းက ကျောင်းတက်ရတာ ပျင်းစရာကြီးနေမှာနော်၊ ဆရာတို့တုန်းကတော့ ပျော်စရာအကောင်းဆုံးနှစ် တွေ့ကြုံခဲ့ရမှာပေါ့။ တက္ကသိုလ်ကြီးက ဒီအတိုင်းပဲနော်၊ မပြောင်းလဲဘဲ လာသမျှ လူကို လက်ခံတာပဲ၊ ဆရာကလည်း ကိုယ်တက်ခဲ့တဲ့ကျောင်းမှာပဲ ဆရာပြန်လုပ် တယ်၊ ခံစားချက်တစ်ခုခုတော့ ဆရာ့မှာရှိမှာပေါ့နော်၊ ဆရာ့မှာ ဒီကျောင်းကြီး နဲ့ မခွဲမခွာချင်ဆိုတဲ့အကြောင်း တစ်ခုခုများရှိနေလား၊ ကျော့တို့အလှည့်ရောက်



တော့ ဘယ်လိုလာမယ်မသိဘူး"

"ဆရာပြန်လုပ်တာက ဆရာ့အမေစိတ်တိုင်းကျဖြစ်အောင်ပါ၊ လုပ်ရင်းလုပ်ရင်းတော့ ဝါသနာပါလာတယ်၊ ကိုယ့်အလုပ်ကို ကိုယ်ချစ်လာ တယ်၊ ဒီနယ်မြေကို နဂိုကတည်းက ချစ်ပြီးသားပဲလေ၊ ကျော့မှာ ဆရာ့အတွက် ယူလာတာတွေ များလှချည်လား၊ ကျော့သယ်လာရတာမလွယ်ဘူး၊ ဒုက္ခရှာလို့"

"ပစ္စည်းသယ်ရတာတော့ ရိုးနေပါပြီ၊ အပန်းမကြီးပါဘူး၊ လေယာဉ် စီးရင် အမြဲပေါင်ပိုတာပဲ၊ ဒီမှာ ဆွေမျိုးများတော့ သူတို့အတွက် မပါမဖြစ် ပါအောင် ယူလာရတယ်၊ သူတို့အိမ်တွေ တစ်ရက်လည်ပို့ရဦးမယ်"

"ဝေးလား၊ ဆရာလိုက်ပို့ပေးရမလား"

"ကျော့ဆွေမျိုးတွေအိမ်လား ဆရာ ဘယ်တော့မှမလိုက်နဲ့ သိပ်စိတ် ညစ်သွားလိမ့်မယ်၊ အလိုက်သိကြတာမဟုတ်ဘူး၊ စည့်သည်ရယ်လို့လည်း အသိ အမှတ်ပြုရကောင်းမှန်း သိချင်မှသိတာ၊ ကျော့တောင် မတတ်သာလို့သွားရတာ"

"အေးပါကွာ၊ မလိုက်ပါဘူး"

ဆရာက ရယ်မော၍ဆိုသည်။

"အဲဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး၊ ကျော့ မပြောတတ်ပါဘူး၊ ဒီလို ဆွေမျိုးတွေထဲမှာ ဘကြီးတို့အိမ်တစ်အိမ်ပဲ ကျော့သဘောကျတယ်၊ လသာ ထမ်းက အဒေါ်တစ်ယောက်ဆိုရင် သူနဲ့တွေ့တဲ့လူအပေါင်း စိတ်ဆင်းရဲကြပါစေ သားလို့ ဘဝအဆက်ဆက် ဆုတောင်းလာခဲ့တဲ့အတိုင်းပဲ၊ သူပြောတာက ကျော့ ဦးလေးမကောင်းကြောင်း၊ ငယ်ကျိုးငယ်နာဖော်ပြီး ရာဇဝင်ချိုပြီးပြောတာ၊ သူပဲ မှတ်မိနိုင်တယ်၊ သူ့မှာ ဦးလေးသာမက ဘယ်သူ့ကိုမှ အကောင်းမမြင်ဘူး၊ ကျော့က သူ့ဆီသွားရင် နားကိုငွမ်းဆို့ပြီးသွားချင်တယ်၊ လူတစ်ယောက်ကို ငရဲနာရီလောက်ကြာအောင် မလှုပ်မယှက်ထမပြန်ရအောင် စကားကို အမှုင် မပြတ်ပြောနိုင်တယ်၊ ဒါကြောင့် ဦးလေးအိမ်မကပ်တာ၊ ဘယ်သူက အဲဒီလောက် ဒုက္ခဆင်းရဲခံနိုင်မှာလဲ၊ ဒါတောင် နှလုံးခွဲထားတာတဲ့ အံ့ရော၊ ဦးလေးကြောင့် နှစ်ပေါင်း(၃၀)လုံးလုံး သူ့မှာစိတ်ညစ်ပြီး ဆင်းရဲတွင်းထဲရောက်ခဲ့ရတာတဲ့၊ တကယ်တော့ ဦးလေးက သဘောကောင်းပါတယ်၊ ကျော့တို့ငယ်ငယ်ကဆို ဆေးလိုက်တဲ့မုန့်ဖိုး၊ သူနဲ့ကျမှ ဘယ်လိုဖြစ်တယ်မသိပါဘူး၊ ဆရာဝင်ခြင်းစား ပြည့်၊ ကိုယ့်ကိုရှေ့မှာထားပြီး ကိုယ့်ဦးလေးအကြောင်း မကောင်းပြောတာ

www.burmeseclassic.com



ဘယ်လိုနားထောင်ရမှာလဲ၊ တစ်ခါတခါ အမျိုးနဲ့ကော်တုတ်တာ၊ သူ့နဲ့တွေ့တဲ့ ခဏမှာ ဆရာဆိုလည်း ငါသိပ်ကံဆိုးတဲ့သူပါလားဆိုတာ သိလိမ့်မယ် မယုံမရှိနဲ့"

"ညွှန်းလှချည်လား"

"ရထားတဲ့ သားလေးယောက်ကလည်း တစ်ယောက်တစ်မျိုးစီဆိုးတာ ငယ်ငယ်က ကျော့မှန့်ကိုလုစားတဲ့အကောင်ဆို အဆိုးဆုံးပဲ။ သူ့မှာ သားလေးယောက်နဲ့လည်း ရန်ဖြစ်နေတာပဲ၊ ဘယ်သူမှမရှိရင် တစ်ယောက်တည်းဖြစ်နေတာ၊ ဘာကိုမှ စိတ်တိုင်းမကျဘူး၊ သူက ရန်အောင်ဆိုသိပ်ကြိုက်တာ၊ အပြစ်ရှာစရာမရှိရင် သူ့သားအငယ်ကောင်ကို ရန်အောင်လိုမပြုံးရကောင်းလားလို့ ပြဿနာရှာတာ၊ သားအကြီးရဲ့ရည်းစား အိမ်လာလည်တော့ တင်တင်မြနဲ့ ကြည်လှဲလှဲဦး ဘယ်သူလှလဲမေးတာ ကောင်မလေးက ကြည်လှဲလှဲဦးလှတယ် ပြောတာကို စိတ်ဆိုးပြီး အဖွားကြီး ထရဲတာ ကောင်မလေးလည်း လန့်ဖျပ်ပြီး သားနဲ့ပါ အဆက်ပြတ်ကရောတဲ့"

"လွယ်တာမဟုတ်ဘူး၊ အမှန်တော့ ဦးလေးက လူအေး၊ နားပူနားဆာလုပ်တာ ဘယ်ခံနိုင်ပါ့မလဲ၊ ဦးလေးနားတစ်ဖက်လေးသွားတာသာကြည့်ပြီးတော့ ယောက္ခမအတင်းကို အမြဲတုတ်တတ်တဲ့ ယောင်းမတစ်ယောက်လည်း ရှိသေးတယ်၊ နောက်ပြီး မြေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး ကျန်တဲ့မြေးတွေကို မပြောဖို့ နှုတ်ပိတ်တတ်တဲ့ အင်မတန်ရက်စက်တဲ့ အဖွားတစ်ယောက်လည်း ရှိသေးတယ်"

"ကိုယ့်ဆွေမျိုးတွေမကောင်းကြောင်းပြောတာ တော်တော်ပြောင်မြောက်တာပဲ"

"မကောင်းကြောင်းတော့ မဟုတ်ဘူးပေါ့ဆရာရယ်၊ ဆရာပဲ ကျော့ကို ဘာမှ စိတ်တိုင်းမကျဘူးဆို၊ အဲဒါတွေက စိတ်တိုင်းကျစရာလား၊ ပြောရမယ်ဆိုရင် အများကြီးပဲ၊ ကျော့အနေအထိုင် အပြောအဆိုကို အပြစ်မြင်တဲ့လူတွေ ဘာမှ အလိုက်အထိုက်မသိတဲ့လူတွေ၊ ကျော့လိုပဲ ကိုယ်လုပ်ချင်ရာလုပ်တဲ့သူတွေ၊ တစ်ယောက်မှ အကောင်းမရှိဘူး၊ ဘုရားတရားအကြောင်းဆွေးနွေးသယောင်လိုနဲ့ သူများအတင်း တိုးတိုးပြောတတ်သူတွေလည်း ရှိသေးတယ်၊ ပြီးတော့ အချင်းချင်းတွေ့ကြရင် သူတို့လောက်ချစ်ကြသူတွေမရှိတဲ့အတိုင်း၊ အိမ်ပေါ်



ကလည်းဆင်းရော အတင်းတုတ်တော့တာပဲ၊ ကျော့ခေါင်းကဆံပင် မရှည်နိုင်တာ သူတို့နဲ့ဘာဆိုင်လဲ"

"အင်း ဒီလိုဆိုတော့ တော်တော်ဆိုးတဲ့အမျိုးတွေပဲ"

"တူမဝမ်းကွဲလေးတစ်ယောက်ပဲ ချစ်စရာကောင်းတယ်၊ သူက ပရွက်ဆိတ်ကို စပွတ်ဆိတ်တဲ့၊ ပုရစ်ကို ရပစ်တဲ့၊ စိပ်ပုတီးကို ပုတီးစိပ်တဲ့၊ ဘာကိုမှ အမှန်အတိုင်းမသိမမြင်တာကောင်းတယ်၊ အဲဒီအရွယ်ဟာ ချစ်ဖို့အကောင်းဆုံးပဲ၊ ကျော့က အားလုံးကို တည့်တည့်ခွပ်ခွပ်မြင်ပြီး စိတ်တိုင်းမကျတဲ့ရောဂါနဲ့ကပ်လာတာနဲ့တူတယ်၊ ကိုယ့်ဟာကိုယ် သိနေတော့လည်း ခက်တယ်၊ မသိရင်လည်း ခပ်ကောင်းကောင်း"

"စာရေးဆရာမ ဘယ်တော့လုပ်မလဲ"

"အကောင်အထည်ဖော်တုန်းပဲ၊ ဆရာ့စာဖတ်ခန်းတောင် ကျော့က ချက်စောင်းထိုးနေတာ"

"စာမေးပွဲပြီးရင်လာပေါ့၊ အိမ်မှာ ဘာသံမှမကြားရဘူး၊ တိတ်ဆိတ်နေတာပဲ"

"လောလောဆယ်သွားဖို့ အိမ်တစ်အိမ်ရထားတယ်"

"ဘယ်သူ့အိမ်လဲ"

"ဗညိုရဲ့အခန်းလေ၊ လှည်းတန်းဆိုတော့ ကျောင်းနဲ့လည်းနီးတယ်၊ သူ့မှာလည်း သူ့အစ်ကိုရဲ့စာအုပ်တွေ အများကြီးပဲ"

ဆရာ့မျက်လုံးထဲ အုံ့ညြရိပ်သန်းသွားတာ ကျော့ ချက်ချင်းသတိမပြုမိဘဲ ဆက်ပြောနေမိသည်။

"သူက တစ်ယောက်တည်းနေတာလေ၊ သူဆင်းသွားရင် ဘယ်သူမှ ရှိတာမဟုတ်ဘူး"

"မနှစ်ကလို စာမေးပွဲနီးမှ အပူတပြင်းမဖြစ်အောင် စာလည်းကြည့်ဦး ဆရာကတော့ ကျော့ကျောင်းပြီးမှပဲ အဲဒါကို အားစိုက်စေချင်တယ်၊ တိုက်ခန်းဆိုတော့ လူအတက်အဆင်းများတယ်၊ သတိထားပေါ့"

"စာအတွက်တော့မပူပါဘူး၊ ဆရာရှိသားပဲ၊ ဒီနှစ် ဆရာ့ရဲ့ဝင်းပြဝါ၊ ကျော့မှာက အခုကတည်းက သိလှောင်စုဆောင်းထားမှ ကျောင်းပြီးရင် စာရေးဖို့ အသင့်ဖြစ်မှာ"

www.burmeseclassic.com



"ဘာကုန်ကြမ်းတွေ စုဆောင်းပြီးပြီလဲ"

ဆရာက ကျော့ကိုမကြည့်ဘဲ စားပွဲကို လက်ချောင်းများဖြင့် တခေါက်ခေါက် ခေါက်နေသည်။

"ပိုးဟပ်လိုပေါ့ဆရာ၊ စာမြည်းတုန်းပဲရှိသေးတယ်၊ လက်တွေ့မဖြစ်သေးပါဘူး"

ကျော့ရယ်သံ ခပ်ရှရှက ဆရာ့နားစည်ကို ရိုက်ခတ်တိုးဝင်သွားသည်၊ ညနေတွင် ဆရာက ကျော့ကို အဆောင်ပြန်ပို့သည်။

ဆရာ့ကားပေါ်မှဆင်းလာသောကျော့ကို အဆောင်နောက်ပေါက်မှာ မပြုံးမရယ်နိုင်ဘဲ စောင့်နေသူက ဗညိုပင်။ နီညိုရောင် ဂျင်းဘောင်းဘီနှင့် ဂျာကင်အနက်ကို ဝတ်ထားသော ဗညိုကို အဝေးကပဲ ကျော့သတိထားမိသည်၊

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဒီကောင်းမှုကြောင့် ဆရာလူပျိုကြီးဘဝက မြန်မြန်ကျွတ်ပါစေ"

ခပ်ရွှံ့ရွှံ့ပြုံးလိုက်သော ဆရာ့မျက်နှာထားကြောင့် ကျော့ ဖက်ကလေး ပုသွားသည်။ ဆရာက ဗညိုကို တစ်ချက်လှမ်းကြည့်ပြီး ကျော့ကိုနှုတ်ဆက်၍ ကားမောင်းထွက်သွားသည်။

"ဘာလာလုပ်တာတုန်း၊ ဘယ်သူနဲ့တွေ့ချင်ပါသလဲ"

ကျော့ ခပ်ရွှန်းရွှန်းနှုတ်ဆက်လိုက်သည်။ ကျောင်းပိတ်ရက်အတွင်း တစ်ရက်မှမခွဲကြရသလို ရင်းနှီးမှုအပြည့်။ ကျော့မျက်နှာက အပြုံးကွယ်ပျောက်သည်ထိ စောင့်ကြည့်နေသဖြင့် ကျော့ မျက်မှောင်အလိုလိုကုပ်ဆင်းလာရသည်၊

ကျော့ကို ဘာကြောင့်လာမတွေ့တာလဲ၊ ကောင်မလေးတစ်ယောက် ထပ်တွေ့နေပြီလားဟု သူ့ကိုတွေ့လျှင် ချစ်ကြည်စွာမေးလိုက်မည်ဟု စဉ်းစားထားသောမေးခွန်းတွေ စုပ်စမြုပ်စပျောက်ဆုံးကုန်တော့သည်။

"ကျော့ကို အရင်ဆုံးတွေ့ရတာ ကိုယ်မဟုတ်ဘူးပေါ့"

"အရင်ဆုံးတွေ့ချင်ရင် လေဆိပ်မှာလာကြိုရောပေါ့၊ ပစ္စည်းတွေ ကူသယ်လို့ ကုသိုလ်ရဦးမယ်"

"ကျော့လာမယ့်ရက်မှ ကိုယ်ကြိုမသိရဘဲ"

ကျော့ သူ့အမူအရာကို ဂရုမစိုက်နိုင်ဘဲ

"ဗညိုအိမ်ပြန်နေတယ်ဆို၊ သူ့အတွက်လည်း မုန့်တွေပါတာပေါ့၊ အခု



လည်းတန်းမှာနေပြီလား"

"ကျော့ရောက်လာပြီပဲ ကိုယ်အိမ်ဘယ်ပြန်နိုင်တော့မလဲ၊ ကျော့ကြောင့် ပြောစရာတွေ ရင်မှာအပြည့်ပဲ၊ ကိုယ် ကျော့ကို ဘယ်လောက်လွမ်းနေသလဲ ခမေးတော့ဘူးလား၊ မရယ်နဲ့နော်"

ကျော့ ရှက်ရယ်ရယ်မိသည်။

"မပြောပါနဲ့ဦး၊ ကျော့ နားမထောင်ချင်သေးဘူး"

အမှန်တော့ ကျော့ နားမထောင်ဝံ့တာ၊ မရဲတာ၊ ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်တာ၊ မောင့်ဖက်ကသာ ကျော့ယုံကြည်စိတ်ချလောက်အောင် အသင့်ဖြင့်ထားပါ၊ ဒါမှလည်း ကျော့ကြိုးစားရတာ အားတစ်ခုရှိမှာပေါ့။

အဆောင်ပိတ်ခါနီးမှ သူက ကျော့ကို အဆောင်ထဲဝင်ရခက်အောင် လာလုပ်တာပဲ။ သူမလာလည်း မနက်ဖြန်လောက်ဆို ကျော့ သူ့ဆီမနေနိုင် မထိုင်နိုင် ရောက်သွားရမှာပဲဥစ္စာ။

"မနက်ဖြန် ကျော့လာခဲ့မယ်"

ဘဲလ်တီးတော့ ကျော့အဆောင်ထဲပြေးဝင်ခဲ့သည်။ နောက်တစ်နေ့ မနက်မှာ ကျော့ စောစီးစွာ နိုးလာသည်။ နိုးနိုးချင်း လုပ်စရာတစ်ခုရှိတာကို သတိရသည်။ ဘာမှန်းအသေချာစဉ်းစား၍မရခင် အိပ်ရာမှ တအားကုန်ထပြီးမှ အတွေးထဲမှာ သူက ပီပြင်လာသည်။

ချစ်ရတဲ့သူရယ်၊ မျက်စိနှစ်လုံးတောင် မပွင့်သေး၊ ကျော့အာရုံကို စိုးမိုးချင်ပြန်ပြီလား။

သံတွဲမှာကတည်းက ကျော့ သူ့အတွက် ဘာလက်ဆောင်ပေးရမလဲ အသေအချာစဉ်းစားသော်လည်း စဉ်းစားမရနိုင်ဘဲ၊ နောက်ဆုံးတော့ ရခိုင်လုံချည်နှစ်ထည်ဝယ်ဖြစ်ခဲ့သည်။ ဝတ်မဝတ်တော့မသိ။ သူ့ကို ပုဆိုးဝတ်၍တော့ တစ်ခါမှမတွေ့စဖူး။

အပြင်သို့ရောက်သော် ဆောင်းနံနက်သည် ပတ်ဝန်းကျင်တစ်ခွင်ကို နှင်းမှုန်တို့ဖြင့် ပက်ကျဲထားသည်ကို ဘွားကနဲ တွေ့လိုက်ရလေသည်၊ မနက်ပိုင်း အတန်းတက်သူတွေ ကျောင်းဝင်းထဲ တဖြည်းဖြည်းဝင်လာကြသည်၊ မကြာမီပင် စိုထိုင်းလေးလံသော သစ်ပင်တို့သည် ရောင်ခြည်နှင့် ကျောင်းသူကျောင်းသားများ၏ လှုပ်ရှားပုတ်ခိုးမှုကြောင့် သက်ဝင်လန်းဆန်းလာကာ

www.burmeseclassic.com

www.burmeseclassic.com



နှင်းရည်သောက်လျှက် နံနက်ခင်းလေမှာ ကခုန်စပြုသည်။ အိုး တစ်ရာသီ ဆောင်း ပြောင်းခဲ့ပြီပဲ၊ တက္ကသိုလ်ပရဝုဏ်ဟာ ဆောင်းမှာလည်း အလှတစ်မျိုးနှင့် တင့်တယ်နေတာပါပဲလား။

(၇)နာရီတော့ခွဲပြီ သူ အိပ်ရာကထပါ့မလား။

တစ်နေ့ကတောင် ကျော်စွာနှင့်စကားစပ်မိ၍ ဗညီအကြောင်း ပြောဖြစ်သေးသည်။ ကျော်စွာပြောနေစဉ် ကျော့မျက်နှာ အနည်းငယ်နွေးနေခဲ့သည်၊

"ဒီကောင်ဖြစ်နေတာ ငါသိပါတယ်၊ တစ်ခါမှ ဒီလိုပြဿနာမပေါ်ဖူးဘူးဆိုတော့ ငါတောင် အံ့ဩနေတာ၊ သူနဲ့ငါက ငယ်ငယ်ကတည်းကပေါင်းလာတာ၊ သူတို့မိသားစုတွေ ခင်ဖို့ကောင်းတယ်၊ သဘောလည်းကောင်းကြတယ် တော်လည်းတော်ကြပါတယ်၊ သူ့အဒေါ်နဲ့အစ်မတွေက အမေရိကားမှာ သူလည်း စင်္ကာပူမှာ ကျောင်းသွားတက်ဖို့စီစဉ်နေတယ်၊ သူ့အစ်ကိုတစ်ယောက်လည်း အဲဒီမှာရှိတယ်၊ သူက ဗီသုကာကို တော်တော်ဝါသနာပါတာ၊ သူတို့မောင်နှမတွေအားလုံး ရည်မှန်းချက်တော့ ကြီးကြတယ်၊ မိဘကလည်း တတ်နိုင်တယ်လေ၊ ဘဝမှာ အောင်မြင်ဖို့ဆိုတာကလည်း ချမ်းသာပြီး ငွေအရင်းအနှီးနဲ့ ကြီးပွားအောင်လုပ်ရင်လုပ်၊ မဟုတ်ရင်လည်း ပညာရပ်တစ်ခုမှာ ထူးချွန်တတ်မြောက်ထားမှ၊ မိဘချမ်းသာပေမယ့် ဒီကောင်က တခြားကောင်တွေလို မထောင်ဘူး၊ ပြည့်ပြည့်ဝဝရှိတယ်၊ နင့်စိတ်နင့်သဘောနော်၊ ဒါမျိုးက လုပ်ယူလို့ရတာ မဟုတ်ဘူး၊ ဒီကောင့်ကံပေါ့"

"သူသွားဖို့နီးပြီလား၊ ဒီကကျောင်းကို ထားခဲ့မှာပေါ့"

"အင်း၊ အခုတလော သွားမယ့်အကြောင်း သိပ်မပြောတော့ဘူး သူတစ်ယောက်တည်း မသွားချင်လားမှမသိတာ"

တစ်ချိန်လုံးတည်ထားတဲ့ ကျော်စွာ့မျက်နှာ ပြုံးရိပ်သန်းလာသည်။

"ဘာဆိုင်လဲ၊ ရည်မှန်းချက်ဟာ ရည်မှန်းချက်ပဲ"

"ပြောပြလိုက်ပေါ့၊ ကြည့်ရတာ ငူငူငိုင်ငိုင်နဲ့ ပြီးတော့ ဘာမှလဲမပြောဘူး၊ မြုံစိစိနဲ့၊ ငါ့ပယောဂ ဘာမှမပါဘူးနော်၊ သူ့အကြောင်း နင်သိအောင် ပြောတာ၊ ငါ့သူငယ်ချင်းဖြစ်နေလို့ ငါ့မှာတာဝန်ရှိတယ်၊ ဗညီဟာ တစ်သက်လုံး ပေါင်းလို့သင်းလို့ကောင်းတဲ့ အပေါင်းအသင်းကောင်းပဲ၊ ဒီထက်ပိုပြီးလည်း ငါမပြောတတ်ဘူး၊ ယောက်ဖတော်ရရင်တော့..."



"အေးလေ ဒါကတော့တစ်မျိုးပေါ့၊ ငါနားလည်ပါတယ်"

ကျော့စိတ်ထဲ အားငယ်စိတ်တစ်မျိုးဝင်လာသည်။

"အတိုင်းထက်အလွန်ပေါ့လို့ ပြောမလို့"

"ဟင် ဒါနဲ့များ သူ့ပယောဂမပါဘူးလေး ဘာလေးနဲ့၊ ငါသူ့ကို ပြန်ကြိုက်ရင်တောင် နင်စိတ်ချမ်းသာဖို့အတွက် သီးသန့်ပဲ"

"အားကိုးရတဲ့ညီမ"

ကျော်စွာနှင့်ဗညီ သိပ်ခင်ကြတာ ကျော့ရင်ထဲ လှိုက်ကနဲ ဝမ်းသာသွားသည်။ သူတို့နှစ်ယောက် အရုပ်အမောင်းချင်းဆင်သလို ရယ်လိုက်လျှင် ပါးစပ်အနေအထားဆင်တူတာ သတိထားမိသည်။ ဒါပေမယ့် ကျော်စွာက ဗညီလို နှုတ်ခမ်းမနူ။

"ဒါပေမယ့် ထင်လို့ပါဟာ၊ ကိုယ့်ကိုယ်ကိုယ်တောင် ယုံရတာမဟုတ်ဘူး၊ သူ့ကိုကော ဘယ်လောက်ယုံနိုင်မှာလဲ၊ အချစ်ဟာ အားကိုးနိုင်လောက်တဲ့ အရာတော့ မဟုတ်ဘူး"

* *

ကျော့ခြေလှမ်းတွေ သွက်လာသည်။ အစောကြီး ကျော့ရောက်လာတာ တွေ့ရင် အံ့ဩမှာပဲ၊ နှီးထဆူညံစပြုသည့် လှည်းတန်းလမ်းဆုံတဝိုက်ကို ကျော့ စိတ်မဝင်စားနိုင်ဘဲ သူ့ဆီရောက်ဖို့သာ စိတ်စောနေလေသည်။

တိုက်ခန်းအဝင်ပေါက်မှာ သူ့ကို ခပ်လှမ်းလှမ်းကပဲ မြင်ရသည်၊ တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်ဖြစ်သည်။ ခပ်ဝေးဝေးကတော့ သူက သပ်သပ်၊ ကောင်မလေးက သပ်သပ်ဟုထင်သည်။ ကောင်မလေးက ရပ်ထားသည့် ကားဆီလျှောက်သွားသည်။ တစ်ခုခုယူပြီး သူ့ဆီပြန်ရောက်လာကာ နှစ်ယောက်ရပ်စကားပြောနေကြသည်။ ကြည့်ရတာ အပေါကဆင်းလာပြီး တစ်နေရာရာသွားကြမည့်ပုံ။

"ဗညီမှာ ငယ်ငယ်ကပဲ၊ မိဘသဘောတူထားတဲ့သူရှိတယ်၊ မိဘတွေ အသိပ်ရင်းနှီးကြတယ်တဲ့၊ စင်္ကာပူမှာ ကျောင်းတက်နေတယ်၊ ဖြိုးခဲ့ဘာဆင်တွေနဲ့ ဘော်ဒါတွေ၊ သူတို့စုရိုက်ထားတဲ့ပုံတောင် ဖြိုးဆီမှာရှိသေးတယ်၊ ဖြိုးလည်း ဖြိုးအစ်မတွေပြောလို့သိတာပါ၊ သူတို့ကတော့ လိုးရိုးပါတဲ့"

www.burmeseclassic.com



ဖြိုးခြပြာတုန်းက အမှတ်တမဲ့ပင်၊ "ဟုတ်လား" ဆိုပြီး ဘာမှပြန်မပြောလိုက် အခု မျက်မြင်ကိုယ်တွေ့တွေ့လိုက်ရတော့ ခံစားမှုကတစ်မျိုးဖြစ်သွားသည်၊ ကြည့်ရတာ ကောင်မလေးက ဗညိုကို တစ်နေရာသွားဖို့ ခေါ်နေသည့်ပုံ၊ အနားရောက်တော့မှ တော်တော်ချောသည့် မိန်းကလေးမှန်းသိရသည်။ ဖြူဖြူသွယ်သွယ်၊ ဆံပင်စင်းစင်းနှင့် တရုတ်မ၊ ဂျပန်မလေးတွေ ချောပုံမျိုးဖြစ်သည်၊

ဗညိုက မိတ်ဆက်ပေးသည်။

"ဝတ်မှုန်တဲ့၊ ကိုယ့်သူငယ်ချင်း"

ကောင်မလေးက ပြုံးလိုက်သည်။ ပြုံးလိုက်မှ ပိုလှသွားသည်။ အဖြူတမ်း ရွှင်လန်းတက်ကြွ၍ ပြုံးရွှင်နေသောမိန်းကလေးမျိုးဖြစ်သည်။ ကျော့လို အရာရာ စိတ်ပျက်နေသည့် အတွင်းမရှင်းသည့် မိန်းကလေးမျိုးမဟုတ်။

"ဟုတ်ကဲ့ ကျော့ထူးမောင်ပါ၊ တွေ့ရတာဝမ်းသာပါတယ်၊ ကျော့လည်း လမ်းများနေတာနဲ့ ဗညိုဆီကို မရောက်နိုင်ဘူးဖြစ်နေတယ်၊ ဒီမှာ ဗညိုအတွက်၊ ဝဏ္ဏတို့ကိုတော့ ကျောင်းရောက်မှပဲပေးတော့မယ်၊ ဒီနေ့ ကျော့ ကိစ္စလေးတစ်ခုရှိတာနဲ့ စောစောထွက်လာရင်း ဗညိုကိုဝင်ပေးတာ၊ အဲလိုမှ မလာရင် မရောက်တော့ဘူး၊ သွားမယ်ဗညို၊ နောက်ကျနေမှာစိုးလို့၊ သွားမယ်နော်"

"ဟုတ်ကဲ့"

ဝတ်မှုန်ဆိုသည့်မိန်းကလေးက ပြုံး၍ခေါင်းညိမ့်ပြသည်။ ကျော့ပြန်ပြုံးပြကာ ဗညို ဘာမှမပြောနိုင်ခင် ခပ်မြန်မြန် ကျောခိုင်းလှည့်ထွက်ခဲ့သည်။

ချက်ချင်း ကျော့ကိုယ်ကျော့ ဘာမှမဖြစ်ဘူးထင်လိုက်သော်လည်း လမ်းလျှောက်ပြန်လာရင်း တဖြည်းဖြည်း ဝမ်းနည်းလာသည်။ အဆောင်ပြန်ရောက်ပြီးနောက် အိပ်ရာပေါ်လှဲကာ နဖူးပေါ်လက်တင်မိတော့ သူတို့ပုံစံလေးတွေ တစ်ရိပ်ပြီးတစ်ရိပ် မြင်ယောင်မိသည်။

စိတ်ဆိုးတာလည်းမဟုတ်၊ သဝန်တိုတယ်ဆိုတာက ကြောင်လွန်းပါတယ်၊ ကျော့ရင်ထဲမှာ ဟာဆင်းသွားတာ၊ သိပ်ကိုဝမ်းနည်းသွားတာ၊ ဒီအတွက် ကျော့ ဘာကြောင့်မပြင်ဆင်ခဲ့မိတာပါလိမ့်။ ဒါပေမယ့် ကိစ္စမရှိ၊ ကျော့အပြုံးအရယ်တွေနှင့်တော့ အပေါ်ယံကိစ္စတွေ ပြေလည်နိုင်ပါသည်။ အခုလည်း ကျော့ရဲ့ အရေးတကြီးဟန်ကြောင့် ဗညိုတောင် ကျော့မှာ အရေးကြီးကိစ္စတစ်ခု



ပေါ်လာတယ်ထင်ပြီး လိုက်မပို့ရတာကို စိတ်မကောင်းဖြစ်ချင်ဖြစ်နေဦးမှာ၊

သူတို့ကိုကြည့်ရတာ တော်တော့်ကို ရင်းရင်းနှီးနှီးရှိကြတဲ့ပုံပဲ၊ မသိတဲ့ လူတွေကဆို သူတို့နှစ်ယောက်ကို ချစ်စရာကောင်းတဲ့စုံတွဲလေးလို့ မြင်မှာပဲ၊ နောက်ဆုံးတော့ ဘာကြောင့် ငါ့ကိုမှ သူတို့ကြားဝင်ရှုပ်ရတဲ့ အနေအထားဖြစ်ရတာပါလိမ့်ဟုတွေးကာ တစ်နေ့လုံး စိတ်မကောင်းဖြစ်မိသည်။

ကျော့ကိုမတွေ့ခဲ့ရင် တစ်ချိန်ကျ ဗညိုဟာ ဒီမိန်းကလေးကို ချစ်မသွားဘူးလို့ ပြောလို့မရပါဘူး။ ကျော့ကတော့ ဘယ်လိုအရှုပ်အရှင်းမျိုးမှ ပါဝင်ပတ်သက်ဖြေရှင်းချင်သူမဟုတ်၊ ကွယ်ရာမှာငိုချင်ငိုရပါစေ သူ့ကို "ဟင့်အင်း" ဆို့ ခပ်ပြုံးပြုံးနှင့် ပြတ်ပြတ်သားသားငြင်းလိုက်မည်သာ။

ဘာကြောင့်များ ကိုယ့်အတွက်မသိတတ်ပါလိမ့်၊ ဒီလိုသာဆိုရင် တစ်သက်လုံး စိတ်ဆင်းရဲရမယ်ဆိုတာသိလျက်နှင့် အို ကျော့အနားက မခွာပါနှင့်၊ ကျော့တို့တစ်သက်လုံး လက်တွဲကြရအောင်၊ ကျော့တို့နှစ်ယောက် ချစ်ကြတယ်လေ၊ ဗညိုလည်းအသိ ကျော့လည်းအသိ၊ အဲဒါကို ဘယ်မှာသွားထားမလဲ၊ ဒါပေမယ့် ကျော့ဟာ ဘယ်တော့မှ အပြိုင်အဆိုင်ကို စိတ်မဝင်စားဘူး၊ မိန်းကလေးတစ်ယောက်နဲ့ပြိုင်ပြီး မောင့်ကိုယူရမယ်ဆိုရင်တော့ ကျော့ ရယ်မောပြီး ရှောင်ထွက်မှာပဲ၊ မိန်းကလေးတွေကို သနားတယ်မောင်ရဲ့။

နောက် ဝဏ္ဏကို ဖြိုးက "ဗညိုမှာ သူ့ကောင်မလေးပြန်ရောက်နေတယ်ဆို"ဟု နောက်သလိုပြောင်သလိုမေးလိုက်တာပင် ကျော့မကြိုက်ချင်။

ကျော့က သူတို့ပြောကြတာ မကြားယောင်ပြုပြီး "စားကြစမ်းပါ၊ ဟင်းတွေတော့ ကျွန်ကုန်တော့မှာပဲ"ဟု သူတို့ပန်းကန်ထဲ ဟင်းတွေလိုက်ထည့်သည်။

တော်သေးသည်။ ကျော့ ဗညိုကို စကားမလွန်သေးလို့၊ မဟုတ်ရင် ဗညိုလည်း အနည်းနှင့်အများ ခံစားရမှာပဲ၊ ကျော့ကို အားနာတာပဲဖြစ်ဖြစ်ပေါ့လေ၊ ဒါပေမယ့် ကျော့ချစ်နေတာ သူလည်းရိပ်မိနိုင်တာပဲ၊ ဟင်း... မလွယ်ပါလား။

လူဆိုတာ ကိုယ့်ထက်သာတာကောင်းတာကိုပဲ ကြည့်တတ်မျှော်လင့်တတ်ကြတာ ဓမ္မတာပဲ၊ မောင့်ကောင်မလေးသိပ်ချောတာ၊ မိဘတွေက သိပ်ချမ်းသာပြီး နာမည်ကြီးတဲ့လုပ်ငန်းရှင်တွေဖြစ်တာ၊ မောင့်မိဘတွေနှင့်

www.burmeseclassic.com



လင်းနိုးခင်ခင် ကြတာ၊ မောင်တို့ကိစ္စသာ တကယ်မှန်ရင် ဒါတွေကို ထောက်ထားစေသုံ့တာသန် မောင့်မှာရှိတာ၊ ကျော့ကြောင့်တော့ မပျက်စီးစေရပါဘူး။

အို၊ တကယ်သာဟုတ်နေခဲ့ရင် ဗညိုလည်း ကျော့ကို မပြောဘဲမနေဘူးဟု ကျော့ ရီးသားစွာပင် သိနေမိပြန်သည်။ ဒီကြားထဲမှာ ကျော့စိတ်ဖြူဖြောင့်စွာနေနိုင်ဖို့ ကြိုးစားရမှာပေါ့။ ကျော့ ကြည်ဖြူခံစားလိုသေးတဲ့ အချိန်ဆိုတဲ့အရာအတွက် ကျော့ရဲ့မျှော်လင့်ချက်ကလေးကိုတော့ အသေမသတ်ပါနဲ့ မောင်။

* *

ကျော့ကျောင်းမတက်တဲ့ရက်တွေမှာ အတန်းထဲမှာ ဗညို ကျော့ကို လာရှာသည်ဟု ဖြိုးကပြောသည်။ ညနေမှ အချိန်ရရင် အဆောင်ကိုလာခဲ့မယ် ပြောပြီး အချိန်မရပုံနှင့် ပြန်ထွက်သွားသည်တဲ့။ တစ်ရက်လည်း ကော်ရစ်ဒါမှာ လာရပ်ကြည့်ပြီး ဘာမှလည်းမမှာခဲ့ဘဲ ပြန်သွားသည်ဟုဆိုသည်။

"အဆောင်လာလို့ကတော့ ကျော့စာရေးနေတဲ့အချိန်နဲ့တိုက်နေရင် ဆင်းတွေ့မှာမဟုတ်ဘူး"ဟု ကျော့ပြောထားသဖြင့် သူလာရဲပုံမရ။ ညချမ်းချိန်မှာ အဝေးကလှမ်းမြင်ရပြီး သူ့အသံကြားရသည်မှလွဲ၍ အပြင်မှာ သူနှင့်မတွေ့ရဘဲ ရက်တွေအတော်ကြာသွားသည်။

သူလည်း ဘာကိစ္စတွေ အလုပ်များနေသည်မသိ။ သူ နိုင်ငံခြားထွက်ဖို့ ကိစ္စတွေ စီစဉ်နေရလို့ပဲလား၊ ဒါမှမဟုတ် သူ့ကောင်မလေးမပြန်ခင် ဟိုဟိုဒီဒီ လိုက်ပို့သွားလာနေရသလားမသိ။

ကျော့သည် သူငယ်ချင်းတွေကျောင်းသွားပြီးလျှင် အဆောင်ထဲမှာ စာအုပ်ဖတ်နေလျှင် စိတ်သက်သာရာ တော်တော်ရသည်။ နေ့လည်နေ့ခင်း အဆောင်မှာ လူသံသူသံတိတ်ဆိတ်နေချိန်ဆိုလျှင် စာရေး၍အလွန်ကောင်းသည်။ မောင့်ကိုခေါင်းစဉ်တပ်ကာ စာတွေအများကြီးရေးဖြစ်သည်။ သူ ဘယ်တော့မှ ဖတ်ရမှာမဟုတ်သော စာတွေလည်းဖြစ်သည်။ တစ်နေ့နေ့တော့ ပြေလည်နိုင်ကောင်းပါရဲ့။ ဆရာ့ကိုလည်း ပြောပြလို့ကောင်းသည့်ကိစ္စမဟုတ်၊ ဆရာက ဗညိုကို ကျော့တို့နှင့် တွဲပြီးသိနေပြီ။ ဆရာနှင့် လမ်းမှာဖြစ်ဖြစ် ကင်တင်းမှာဖြစ်ဖြစ် မကြာခဏ ဆုံတတ်သည်မဟုတ်လား။



အိပ်မက်ထဲမှာ သူ့ကိုတွေ့ပြီး စကားတွေ အများကြီးပြောဖြစ်သည်၊ ကျော့မသိသော ဘာသာစကားတွေလည်း ပြောသည်တဲ့။ ကျော့တို့ တစ်ချိန်လုံး ကြည်ဖြူရယ်မောနေပြီးမှ မောင်က ဝတ်မှုန်နှင့် ပျော်ပျော်ကြီး မင်္ဂလာဆောင်သည်တဲ့။ ဒါတောင် မောင်က ကျော့ကိုသိပ်ချစ်တယ်လို့ဆိုနေတုန်းဆိုပါလား၊ ကျော့က "မောင် ကျော့ကို ဘယ်လောက်ချစ်ချစ် တစ်နေ့ဒီလိုပဲ လုပ်သွားမှာ သိနေပါတယ်"ဟု ပြန်ပြောခဲ့သည်။

အိပ်ရာကနိုးလာချိန်မှာ သူ့ကိုပြောဖို့စကားတွေ ကျော့မှာ အစီအရီ ရှိနေသည်။ သို့သော် တကယ်တမ်း သူ့ကိုတွေ့တော့ ကျော့သည် သူစကား အေမချင်း နှုတ်ဆိတ်၍နေခဲ့သည်။

သူရောက်လာချိန်မှာ ကင်တင်းမှာ ထမင်းစားပြီး၍ စာသင်ခန်းသို့ ပြန်သွားသောဖြိုးတို့နှင့်လမ်းခွဲကာ ကျော့တစ်ယောက်တည်း အဆောင်အပြန် ဖြစ်သည်။ နောက်မှ တဖုတ်ဖုတ်ပြေးလိုက်လာသည့် ခြေသံကြား၍ လှည့်ကြည့် လိုက်တော့ သူ။ ကိုယ်ရှိန်သတ်ရင်း မောသံနှင့်ပင် သူစကားစဆိုသည်။

"တွေ့ပဲတွေ့ပါ့မလားလို့၊ အဆောင်အောင်းနေတာလား၊ အတန်းထဲ မှာမရှိတော့ အဆောင်သွားကြည့်သေးတယ်၊ မရှိဘူးဆိုလို့ ကင်တင်းမှာ ကြည့်သေးတယ်"

"ကျော့တို့က အဲကိုကင်တင်းမှာ သွားစားတာ"

သူ့ကိုတွေ့တော့မှ ငါတစ်ချိန်လုံး လွမ်းနေရသူပါလားဟု အငြိုးနှင့် စေ့စေ့ကြည့်ပစ်လိုက်သည်။ သူ ဆံပင်ညှပ်ထား၍ ရှင်းရှင်းသန့်သန့်ဖြစ်နေ သည်။ ကျော့ချစ်တဲ့ ဆံပင်ခွေလေးတွေက လှိုင်းတွန့်လေးတွေ ဖြစ်နေသည်။ နုပျိုချောမောသော သူ့မျက်နှာက ပြုံးနေသည်။ အဖြူမှာ မီးခိုးရောင်အစင်းလေး တွေ အရိပ်အပြောက်ကလေးတွေပါသည့် ရှပ်အင်္ကျီကို လက်ခေါက်တင်၍ ဝတ်ထားသည်။ ဂျင်းဘောင်းဘီက အနက်ရောင်၊ လေးလံသည့် သူ့ရှူးဖိနပ်သံ ကို ကိုယ့်ရှေ့တည့်တည့်သာ စိုက်ကြည့်လျက်က သတိထားမိနေသည်။

ကျော့က သူဘာလို့မလာလဲစကားမစမိ၊ ဝတ်မှုန်ဆိုတဲ့မိန်းကလေး အကြောင်း သူစကားစမလား စောင့်သော်လည်း သူက ဘာမှမပြောပါ။

"ကျော့ဝတ္ထုတစ်ပုဒ်ရေးနေတယ်၊ ကျောင်းတောင်မတက်အားဘူး"

"ဟုတ်လား၊ ကျော့နည်းနည်းပိန်သွားတယ်၊ သိပ်အိပ်ရေးပျက်မခံနဲ့

www.burmeseclassic.com

www.burmeseclassic.com



လေး ကုန်းမာရေးလည်း ဂရုစိုက်ဦး။ မနေ့ညက အတော်ကြီးမိုးချုပ်မှ ကျော့ အခန်းရှေ့ကိုလာသေးတယ်၊ မီးရောင်တော့ရှိသေးတယ်၊ ခန်းဆီးချထားတယ် ကျော့က အပြင်လေးတောင် တစ်ချက်ထွက်မကြည့်ဘူး"

"တာထဲ အာရုံရောက်သွားရင် ပတ်ဝန်းကျင်ကို ကျော့ သိပ်မသိတော့ဘူး၊ တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပေါ့၊ ကျော့ကိုတွေ့ချင်လွန်းလို့ မအားတဲ့ကြားက ထွက်လာတာ၊ ဖေဖေ့အလုပ်ကိစ္စတွေ နည်းနည်းကူနေရတယ်၊ ကျော့ ထမင်းစား ပြီးပြီလား၊ ကိုယ့်ကို တစ်ခုခုမကျွေးတော့ဘူးလား၊ ဘာမှမစားရသေးဘူး"

"ဟုတ်လား၊ ကျော့ကလည်း အလိုက်မသိ၊ ဧည့်သည်ကတောင် တောင်းဆိုယူရတယ်၊ အပြင်တော့မထွက်နဲ့တော့နော်၊ ကျောင်းထဲမှာပဲ တစ်ခုခု စားရအောင်"

"ကျော့ စိန်ရတုပွဲတန်းတွေဘက် ရောက်ပြီးပြီလား"

"တစ်ခေါက်တော့ရောက်ပြီးပြီ၊ အရင်က ဖြိုးနဲ့နေ့တိုင်းသွားမယ်လို့ အားခဲထားတာ လူတိုးရလွန်းလို့ မရောက်နိုင်တော့ဘူး၊ သိပ်စည်တာပဲနော်၊ အဆောင်ကလည်း ညပိုင်းကပွဲတွေကြည့်ဖို့ ထွက်ခွင့်ပေးပါတယ်"

"အဲဒီမှာ တိုင်းရင်းသားအစားအစာတွေရတယ် သွားစားမလား"

"လူတွေကြားထဲမသွားချင်ဘူး၊ မွှမ်းကျပ်တယ်၊ အခုတလော ကျော့ နားအေးပါးအေးနေချင်တယ်၊ တိတ်ဆိတ်တဲ့တစ်နေရာရာမှာ သူသီချင်းဆိုတာ တော့ နားထောင်ချင်သေးတယ်"

ကျော့လေသံက အလိုလိုပျော့နွဲ့၍လာသည်။ မငိုမိဖို့ မနည်းထိန်းချုပ် ထားရသည်။ ရင်ထဲက ခံစားရမှုကို မျက်တောင်တဖျပ်ဖျပ်ခပ်၍ သိမ်းဆည်း လိုက်သည်။

"ကိုယ့်ကိုလွမ်းနေတယ်မဟုတ်လား"

သူက ပြုံးရယ်စပြုသည်။

"မသိဘူး၊ သတိမရဘူးလို့ပြောရင် ကျော့လိမ်ရာကျမယ်၊ သတိတော့ ရနေတာပဲ"

"နည်းနည်းနီးစပ်လာပြီ"

"ဘာနဲ့လဲ"



"အချစ်နဲ့၊ ကိုယ်တော့ ဘယ်လိုမှမဟန်နိုင်တော့ဘူး၊ ကျော့ကို သိပ်လွမ်းနေတာပဲ၊ ကိုယ်ဘာလုပ်ရမလဲ၊ ကျော့ပဲပြောပါတော့"

"အချိန်ရှိပါသေးတယ်၊ နောက်မှ အေးအေးဆွေးနွေးကြတာပေါ့"

နေ့လည်စာစားချိန်ကုန်သွားပြီဖြစ်၍ ကင်တင်းမှာ လူရှင်းစပြုသည်။ ကျော့ ထမင်းစားပြီးလည်း သူစားစေချင်တာနှင့် အအေးနှင့်မုန့် မှာရသေးသည်။ သူက ထမင်းပေါင်းစားသည်။

"ကျော့ကို ပြောစရာတွေရှိပေမယ့် တကယ်တွေ့တော့ ပျောက်ပျောက် သွားတယ်၊ အမှန်က လူချင်းတွေ့ဖို့လိုနေတာထင်တယ်နော်"

"ဟုတ်မှာပေါ့"

"ကျော့နော် ဝေ့လည်လည်မလုပ်နဲ့၊ ကိုယ့်ကိုချစ်တယ်လို့ ကျော့ပြော တာ နားထောင်ချင်လှပြီ၊ အစမ်းအရင်ပြောကြည့်ပါလား"

ကျော့ရယ်မောရင်း

"ကျော့ကို ဒါပဲပြောနေရင် နောက် သူနဲ့တွေ့ဖို့မရဲတော့ဘူး"

"အဲဒီလိုတော့မလုပ်ပါနဲ့၊ စကားပြောဆင်ခြင်ပါ့မယ်ဗျာ၊ ကျော့ကို ချစ်တဲ့အကြောင်းကလွဲလို့ ဘာမှမပြောမိပါစေနဲ့"

"ကြည့်"

"ဘာပဲဖြစ်ဖြစ်လေ ကိုယ်သီချင်းဆိုတာ နားထောင်ချင်တယ်ဆိုတာနဲ့ ဒီည အသံဝင်အောင်ဆိုဖို့ တန်သွားပါပြီ"

သူပြန်သွားပြီး အဆောင်တန်းပြန်လာတော့ ဘယ်သူမှမရောက်သေး တာတွေ့ရသည်။ တိတ်ဆိတ်နေသည်။ အသံတွေအားလုံးကို အုတ်နံရံထူထူကြီး တွေက စုပ်ယူထားလား အောက်မေ့ရသည်။ သော့ခလောက်ဖွင့်လိုက်သံက အကျယ်ကြီးဖြစ်သွားသည်။

အခန်းထဲရောက်တော့ သူပေးထားသည့် ကြိုးအလိမ်အလိမ်နှင့် အညို ရောင်လက်ပတ်ကြိုးလေးကို ညာလက်မှာပတ်၍ စာရေးကြည့်သည်။ သူ့ကို ချစ်ကြောင်းတွေပဲ စီဖြစ်မည်ထင်သည်။ သူက "ဘာမှတန်ဖိုးရှိတာမဟုတ်ဘူး" ဆို၍ ကျော့ အပန်းမကြီးသဖြင့် ယူထားလိုက်သည်။ ကျော့ဆီမှာ သူ့ရဲ့ အမှတ် တရပစ္စည်း ဘာမှမရှိဘူးဆိုကာ သူပေးထားခြင်းဖြစ်သည်။ ထိုစဉ်က ကျော့ သိမ်းဆည်းထားသည့် နှင်းဆီပန်းခြောက်ကလေးတွေကို သတိရကာ ပြုံးနေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်၊ ဘာခိနေ့တော့ သူ့ကိုပြရဦးမည်။

ကျောင်းကပြန်လာသော ရဝေက

"ဆရာ ကျွန်တော့်ကိုမေးနေတယ်၊ နေမကောင်းဘူးလားတဲ့၊ ဟိုတစ်ပတ် Practical ကျွန်တော်မသွားတာ ဆရာသိသွားတယ်၊ Practical ဆရာဦးထွန်းမင်းနဲ့ ဆရာက တစ်ခန်းတည်းထိုင်တဲ့ဥစ္စာ"ဟု သတင်းပေးသည်။

ကျွန်တော် ဆရာ့ဆီ ချက်ချင်းမသွားဖြစ်သေးဘဲ အပြင်ထွက်ချင်စိတ်ရှိသည့် တစ်ရက်မှ ဖြိုးနှင့် ကျောင်းသို့လိုက်သွားသည်။

ဆရာက ထမင်းစားသွားရန် ပြင်ဆင်နေချိန်ဖြစ်သည်။

"ကျွန်တော်နေမကောင်းဘူးထင်ပြီး ဆရာစိတ်ပူနေမှာစိုးလို့ လာပြောတာ နည်းနည်းငြီးစီစီဖြစ်နေရုံလောက်ပါ၊ ဘာရယ်မဟုတ်ပါဘူးဆရာ၊ ကျွန်တော် တခြားလုပ်စရာလေးတွေ အာရုံရောက်နေလို့ပါ"

ကျွန်တော် မရေမရာပြောလိုက်သည်။

"ဘာတွေအလုပ်များနေလို့ ပရယ်တီကယ်တောင် မမှန်တော့တာလဲ"

မပြုံးမရယ် ဆရာ့မျက်နှာထားကြောင့် ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းစွာ ဖြေရခက်သွားသည်။

"ဟုတ်လားဖြိုး၊ ကျွန်တော်ဘာတွေလုပ်တာတွေ့လဲ"

ဘေးနားမှာရပ်နေသည့်ဖြိုးကို ဆရာပြုံး၍ လှည့်မေးလိုက်သည်၊ ချောမောသော ဆရာ့မျက်နှာက ရှင်းသန့်နေသည်။ အသားဖြူသဖြင့် မေးရိုးတလျှောက် စိမ်းမြနေသည်။ မျက်ခုံးထင်းထင်း၊ နှာတံပေါ်ပေါ်နှင့် ဆေးလိပ်မသောက်တတ်သည့် နှုတ်ခမ်းများက မိန်းကလေးတွေ မနာလိုစရာနီရဲနေသည်၊

"ကျွန်တော်က ညဆို ညဥ့်နက်နေတော့ မနက်ဆို မထနိုင်တော့ဘူးပေါ့၊ နေ့နဲ့ည ပြောင်းပြန်ဖြစ်နေတယ်"

"ဟုတ်တယ်၊ ကျွန်တော်မှာ ထမင်းစားဖို့တောင် မိရုံရှိတာ၊ ဒီနေ့ဆို ရေးလက်စတွေ ပစ်ထားခဲ့ပြီး ဆရာ့ဆီပြေးလာတာ"

"ဟုတ်လား၊ ကျေးဇူးတင်ရမလိုဖြစ်နေပြီ၊ စာရေးချင်စိတ်တစ်ခုတည်းကြောင့်ဆိုတာ ဟုတ်ရဲ့လား"

ဆရာမေးတော့ ကျွန်တော့်စိတ်ရှုပ်ထွေးတာကို မဖုံးကွယ်ဘဲ ပြုံးနေလိုက်သည်။ ဘာမှတော့မဖြေရှင်း။ ကင်တင်းသို့ရောက်သော် စားစရာတွေမှာပြီးမှ



ဆရာနှင့်ဖြိုး စကားပြောနေတာကို ကျွန်တော်နားမဝင်ဘဲငိုင်နေရာမှ ကြားဖြတ်၍ မေးခွန်းထုတ်လိုက်သည်။

"လူတစ်ယောက်ဟာ လူတစ်ယောက်ရဲ့ဘဝထဲကို ဘယ်လောက်ထိ ထိုးဝင်နိုင်မယ်လို့ ဆရာထင်လဲ"

"ကျွန်တော်ဟာလေ ဘေးနားကလူတွေကို ကြောင်အောင်သိပ်လုပ်တယ်၊ ဘေးကပြောတာလည်း ကြားချင်မှကြားတယ်"

"ဘာတွေတွေးနေတာလဲ"

"ကျွန်တော်တော့ သည်းခံနိုင်မှာမဟုတ်ဘူး"

"ဘယ်သူက ဘယ်သူ့ကိုလဲ ဆရာမသိရဘူးလား"

ကျွန်တော်ပြန်မဖြေနိုင်ဘဲ ထွက်ပေါက်ရှာကာ ဖြိုးကိုပြုံးရယ်ပြရင်း စက္ကန့် ဆော်တော်ကြာ မျက်လုံးချင်းဆုံပစ်လိုက်သည်။ ဖြိုးက "ကျွန်တော်ဟာလေ"ဟု အသံထွက်အောင် ကြိတ်ရယ်ဆဲ၊ ဆရာက စားပွဲထိုးကောင်လေးလာချသော ဟင်းတွေစုံမစုံ လိုက်ကြည့်နေသည်။

"တကယ်တော့ ဘာမှမဟုတ်ပါဘူးဆရာ၊ ကျွန်တော်က ဒီစကားနဲ့ပဲ ဖြေရမှာပဲ၊ ဆရာသိပြီး ကြားပြီးတာတွေပဲပေါ့၊ အခုတလော ကျွန်တော့်ရင်ထဲ တော်တော်လေးလှုပ်ရှားကျပ်နေတယ်၊ အသက်တောင်ရှူလို့မဝသလိုဘဲ၊ တစ်သက်လုံးတော့ အဲလိုကြီးမနေချင်ဘူးပေါ့၊ ကျွန်တော့်ပြဿနာက သာမန်လူမှု ပြဿနာလို လူဖြစ်ပြီးမှ တွေ့ကြုံရတဲ့ စားဝတ်နေရေးပြဿနာမဟုတ်ဘူး၊ သန္ဓေ ဗီဇကပဲပါလာတဲ့ပြဿနာဆိုတော့ ရှင်းရခက်မယ်ထင်တယ်၊ ကျွန်တော့်ကို တစ်ခုခု က ခြောက်လှန့်နေတယ်၊ ကျွန်တော့်အရိပ်ကိုတောင် ပြန်လန့်နေမိတယ်၊ ကျွန်တော် ဘာတွေများ အမှားလုပ်ခဲ့လဲမသိဘူး"

"အဲဒီလို အစွဲအလန်းတွေမထားဖို့ ဆရာ ခဏခဏပြောဖူးသားပဲ"

"ဘုရားမရှိခိုးတာကြာလို့လားမသိဘူး၊ ဘုရားတရားလုပ်ရင် ငြိမ်းချမ်း တယ်ပြောတယ်၊ တရားထိုင်ရင်လည်း ကျွန်တော်ကတော့ ဂနာငြိမ်မှာမဟုတ်ဘူး"

"တရားအသိလေးနဲ့လုပ်တော့ အမှားကင်းတာပေါ့၊ ကျွန်တော်ယုံပါတယ် ဆရာ တယ်၊ ဘဝမှာ လုပ်စရာရှိတာလုပ်ဖို့ ဦးတည်ချက်တွေ မပျောက်စေနဲ့၊ စာရေး ဆရာမဖြစ်အောင်ကြိုးစားမယ်ဆိုလည်း ကြိုးစား၊ ဆရာအားပေးတယ်၊ ကျွန်တော် ရေးပြီးရင် ဆရာ ထုတ်ဝေသူလုပ်မယ်၊ တက္ကသိုလ်ကတော့ ဘွဲ့တစ်ခုခုရအောင်

www.burmeseclassic.com

www.burmeseclassic.com



ယုရမယ် ဒြီးမှ လုပ်ချင်တာဆက်လုပ်၊ အခုချိန်မှာ ကိုယ့်ကို ဘာက အနှောင့်အယှက်ပေးနေလဲ စဉ်းစားပေါ့၊ အရေးမပါတဲ့ သေးသေးမွှားမွှားကိစ္စတွေကို ခေါင်းထဲမထည့်နဲ့ပေါ့၊ ကိုယ့်စိတ်ကို အလေမခံနဲ့"

အဆုံးသတ်ဆရာ့လေသံက အမိန့်ဆန်ဆန် ဆရာလေသံပါနေသည်။ ဆရာအကြည့်က နွေးနွေးထွေးထွေးရှိဆဲ၊ ကျော့က သက်မတစ်ချက်ချ၍ တုံ့ပြန်လိုက်သည်။

"ကျော့စိတ်ကူးမိတယ်၊ ဒီပညာတွေ၊ ဒီအောင်မြင်မှုတွေ၊ ဒီလူတွေကြားမှာ ကျော့မနေချင်ဘူး၊ အောင်မြင်မှုဆိုတာ တကယ်တော့ သံသရာကိုရှည်ကြာအောင်လုပ်တာပဲ၊ ဖေဖေ့ရဲ့ ရာဘာတောင်မှာ သစ်လုံးအိမ်ကလေးဆောက်ပြီး တစ်ယောက်တည်းသွားနေရင် အနေချောင်မလား စဉ်းစားမိတယ်၊ ရာဘာပင်တွေကြားမှာ စိမ့်လို့အေးလို့ သိပ်အေးချမ်းမှာပဲ၊ မိုးရွာရင် မိုးရေချိုးလိုက်မယ်၊ သီချင်းအော်ဆိုမယ်၊ ထမင်းလည်း ကိုယ်စားချင်မှချက်စားမယ်၊ ဘာမှ ထွေထွေထူးထူးမလိုဘူး၊ ဘာပကာသနမှမလိုချင်ဘူး၊ လူတွေနဲ့လည်း ဟန်လုပ်ပြီး ယဉ်ကျေးမှုအရ စကားပြောမနေရတော့ဘူး၊ တောဟင်းတောင်ဟင်းလေးနဲ့စားမယ်၊ ငှက်ကလေးတွေကို အစာကျွေးမယ်၊ ကျော့က ဆားမှုံ့ပေးထားတော့ တိရစ္ဆာန်လေးတွေက ကျော့အိမ်နားမှာ ဝိုင်းနေလိမ့်မယ်၊ ဟုတ်တယ်ဆရာ ကျော့ ရှဥ့်ကလေးတွေဆို သိပ်ချစ်တယ်၊ ရှဥ့်ကလေးတွေ များများလာပါစေ ဆုတောင်းရမယ်၊ ကြက်တူရွေးတော့ နည်းနည်းမုန်းမလားမသိဘူး၊ သစ်ပင်တွေနဲ့ပဲနေရတော့ ကျော့ဟာ လူတွေနဲ့တွေ့သလို နှုတ်ဆက်နေစရာလည်းမလိုဘူး အားနာနေစရာလည်းမလိုတော့ဘူး၊ အဲဒီလို ကင်းကင်းရှင်းရှင်းနေလိုက်တော့ ကျော့သေရင်တောင် ဖေဖေ မေမေကအစ ပူဆွေးခြင်းမရှိတော့ဘူးပေါ့"

ကျော့ စိတ်ပါလက်ပါပြောနေသည်။ ကိုယ့်ကိုယ်ကိုယ် တကယ် တောထဲတောင်ထဲ ဝင်ရောက်သွားသလိုလို။

"ဘယ်လောက်များ အေးချမ်းလိုက်မလဲနော်ဆရာ၊ အိမ်ကိုလည်း မပြန်တော့ဘူး၊ သူတို့ကလည်း ကျော့စိတ်ချမ်းသာသလိုနေတာပဲဆိုပြီး လာကြည့်ကြမှာမဟုတ်ဘူး၊ ကျော့စကားပြောဖို့မလိုတော့ အားလည်းမကုန်တော့ဘူး၊ မဟုတ်ရင် လူတွေနဲ့စကားပြောရတာ သိပ်အားကုန်တယ်၊ လေကောင်းလေသန့်ပါရပြီး ကျန်းမာရေးပါကောင်းလာဦးမှာ ပျင်းလာရင်



တောင်တွေ တစ်တောင်ကျော်တစ်တောင်ဆင်း လျှောက်သွားမယ်၊ ငှက်ကလေးတွေက ကျော့ခေါင်းပေါ်ကနေ အဖော်အဖြစ် လိုက်လာမှာပေါ့၊ မောလာရင် စမ်းချောင်းထဲ ရေဆင်းသောက်မယ်၊ စမ်းချောင်းကလေးထဲကနေ ချောင်းကျယ်ကြီးဆီ ရောက်ရာပေါက်ရာ မျှောလိုက်ချင်သေးတယ်၊ အင်း... ဆရာကတော့ ရယ်မှာပဲ၊ သူများတွေကြားရင်တော့ ကျော့ရူးပြီလို့ပဲ ပြောကြမှာပဲ၊ ကျော့စကားတွေ ဆရာပဲနားထောင်ဖို့ရှိတာ၊ နားထောင်ပေးလို့ ကျေးဇူးတင်ပါတယ်ဆရာ"

"ကျော့နေမယ့်ဘဝက အေးချမ်းပါပြီတဲ့၊ ဘဝမှာ အဲဒီလို အထီးကျန်နေနိုင်ဖို့ ကျော့မှာ သတ္တိရှိလား၊ အဲဒါ ဘဝရဲ့ထွက်ပေါက်မဟုတ်ဘူးကျော့၊ သတ္တလောကမှာ အသိဉာဏ်အကြွယ်ဝဆုံးနဲ့ ထိပ်ဆုံးကိုရောက်နိုင်တာ လူသားတွေပဲရှိတယ်၊ လူတစ်ယောက်ရဲ့အသိဉာဏ်ဟာ အလဟဿဆုံးရှုံးဖို့မဟုတ်ဘူး၊ သူနေရာနဲ့သူ လူသားတွေအတွက် အကျိုးရှိရှိအသုံးချနိုင်ရမယ်၊ လက်တွေ့ကျကျ စဉ်းပါကျော့၊ ဘဝဟာ စိတ်ကူးယဉ်စရာမဟုတ်ဘူး၊ ဘဝမှာတွေ့ရတဲ့ အခက်အခဲတွေကြောင့်ပဲ လူသားတွေဟာ ပြောင်မြောက်အောင်မြင်နိုင်ကြတာ၊ ဒါတွေက ကိုယ့်ကို ရင့်ကျက်အောင်လုပ်ပေးနေတာ၊ ဒါတွေကို ခံနိုင်ရည်ရှိရမယ်၊ ပြီးတော့ ကျော့ဟာ သိပ်ကံကောင်းပါလားဆိုတဲ့အတွေးမျိုး မနက်မျက်လုံးနှစ်လုံးပွင့်တာနဲ့ တွေးတတ်ရမယ်၊ ကျော့မှာ မိဘရှိတယ်၊ ချစ်ခင်ရမယ့် ညီအစ်ကိုမောင်နှမ မိသားစုရှိတယ်၊ ဒါတွေဟာ လောကကြီးမှာ ဘာနဲ့မှ လဲလို့ရတဲ့အရာတွေမဟုတ်ဘူး၊ ကျော့မှာ လူတန်းစေ့နေနိုင်တယ်၊ ဘဝမှာ ပြည့်စုံနေတယ်၊ ဘာကိုမှ မကြောင့်မကျရဘဲ ပညာသင်နေနိုင်တယ်၊ အဲဒီလို ကျော့ သိပ်ကံကောင်းတဲ့အချိန်မှာ ထမင်းနပ်မှန်အောင်မစားနိုင်တဲ့ လူတွေအများကြီးရှိတယ်ဆိုတာ ကျော့သိလား"

"ကျော့ကိုယ်ကျော့တော့ စိတ်ကူးယဉ်တတ်သူမဟုတ်ဘူးထင်တာပဲ"

"ဒီအသက်အရွယ်မှာ လောကကို အမျိုးမျိုးတွေးမြင်တတ်တာ မဆန်းပါဘူး၊ ကျော့မှာ ရင့်ကျက်ဖို့လိုတယ်၊ ဒါပေမယ့် မပူနဲ့ နောက်တစ်နှစ် နှစ်နှစ်လောက်ဆိုရင်တောင် အခု ကျော့ပြောတဲ့စကားတွေကို ပြန်ရယ်ချင်လာလိမ့်မယ်၊ တစ်စုံတစ်ခုကို ကျော့ ကြည်နူးစွာ လက်ခံလာတတ်ရင်လည်း ဘဝဟာ အလိုလို ပြည့်စုံလာလိမ့်မယ်"

ဆရာပြောတဲ့ တစ်စုံတစ်ခုကို ကြည်နူးနစ်သိမ့်စွာ လက်ခံနိုင်ဖို့ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲ ညီမ့်ဘာ ဆရာ့ကို ပြန်မမေးဖြစ်တော့။

"ကျော့ဟာ ခံစားချက်ကြီးလို့လားမသိဘူး၊ တစ်စုံတစ်ခုဆို ပြင်းပြင်းထန်ထန် ခံစားရတယ်၊ နှလုံးရောဂါဖြစ်ပြီး မြန်မြန်သေမလားမသိဘူး၊ ကျော့ အဲဒီအထဲက ရုန်းမထွက်နိုင်ဘူး၊ ကျော့လုပ်ချင်တာကလည်း အနုပညာထဲမှာ အကျုံးဝင်နေတယ်၊ အဲဒီတော့ခက်တာပေါ့"

"စိတ်ကို တစ်ခုခုနဲ့ ဖြေဖျောက်တတ်အောင်တော့ ကြိုးစားရမှာပေါ့၊ ကျော့မှာ လုပ်စရာရှိတာလုပ်သွားဖို့ပဲ၊ သေမှာတော့ တွေးမပူနဲ့. ကလေးမ လုတိုင်း တစ်နေ့သေရမှာပဲ" ဟု ဆရာက အားပေးလေသည်။

"ဪ၊ ဆရာ အယ်လဘတ်ကမြူး (Albert Camus) ရဲ့ စည်းအပြင်ကလူ (Outsider) ကို ဆရာဖတ်ဖူးလား"

"ဖတ်ဖူးတယ်"

"ကျော့ အဲဒီစာအုပ်ကို မရဲတရဲပြန်ကိုင်တာ ရှစ်ခေါက်လောက်ရှိပြီ မဖတ်တော့ဘူး ဆုံးဖြတ်လည်း စွဲလန်းနေတာပဲ၊ အဲဒီထဲက မာဆိုးကို သိပ်အားကျတယ်၊ ဆရာ သူ့ကို ဘယ်လိုမြင်လဲ"

"လူတစ်ယောက်ပေါ့၊ လူတစ်ယောက်ရဲ့ဘဝဟာ ကိုယ်မလိုလားဘဲ ဖြစ်ချင်တိုင်းဖြစ်သွားတတ်တာကို စာရေးဆရာက ပြောထားတာ၊ ပြီးတော့ လူတစ်ယောက်ရဲ့ဘဝဟာ သူ့ကိုယ်တိုင်နဲ့ စပ်ဆိုင်တာထက် အများနှင့် အထူးသဖြင့် လူ့အဖွဲ့အစည်းနဲ့ ပိုပြီးစပ်ဆိုင်နေတာကို ပြောထားတာ"

"အမှန်တော့ မာဆိုးဟာ လူ့ဘဝမှာ အများနည်းတူ သက်တမ်းစေ့ နေခွင့်ရှိတာပဲ၊ လူ့ဘဝမှာ ပျော်ရွှင်နေတဲ့လူတွေ၊ အပြစ်မကျူးလွန်ပါဘူးဆိုတဲ့ လူတွေထက်လည်း သူဟာ အပြစ်ကင်းတယ်၊ သူက ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးဘဲ သူ့ဘဝကို အေးချမ်းစွာ ပျော်ရွှင်စွာခံစားသူပဲ၊ သူ့ကို သေဒဏ်ပေးတာ ကျော့သိပ်ခံစားရတယ်"

"ဟုတ်တယ်၊ မာဆိုးဟာ လူသာမန်ပါပဲ၊ သူ့ဘဝမှာ လိုအပ်တောင့်တချက် ဘာမှမရှိဘူး၊ စိတ်လောကြီးမှုလည်းမရှိဘူး၊ ဘာမှတွေးစရာမရှိဘူး ခပြာချင်နေတာလည်း မရှိဘူး၊ အဆိုးမြင်စိတ်ရှိတဲ့သူလည်း မဟုတ်ဘူး၊ သူ့ဘဝ သုပျော်တယ်၊ ကျေနပ်တယ်၊ နေ့စဉ်ပုံမှန်လည်ပတ်မှုကလွဲပြီး သူ့မှာ ဘာမှ ရေးကြီးခွင်ကျယ်မရှိဘူး၊ ဒါပေမယ့် အများအမြင်မှာ သူဟာ စည်းအပြင်ကလူပဲ၊



သူဟာ သေခါနီးထိ ဘုရားသခင်ကို မယုံကြည်ခဲ့ဘူး၊ ကိုယ့်အသက်လွတ်စေဖို့တောလည်း သူယုံကြည်ပါတယ်လို့ လိမ်မပြောဘူး၊ သူ့အယူအဆခိုင်မာမှုတွေ ဘယ်လိုမှ မယိမ်းယိုင်ဘူး"

"သူ သေဒဏ်ချမှတ်ခံရတော့ သူ့အယူခံမျှော်လင့်ချက် ကုန်ဆုံးသွားတော့ ဘဝနဲ့သေခြင်းတရားကို အမြင်ကြည်လင်ပြီး အဆုံးသတ်တာပဲ ကျော့ သူ့အတွက် စိတ်သက်သာရာ ရတယ်၊ အဲဒီစာအုပ်ဟာ ကျော့စိတ်ကို သိပ်ကို သုပ်ရှားဆွဲဆောင်စေတာပဲ၊ ဒါနောက်ဆုံးပဲဆိုပြီးဖတ်တာ အကြိမ်ကြိမ်ပဲ၊ ဆရာထင်လင်းဘာသာပြန်တဲ့ နောက်ဆုံးပိုဒ်ကစာသားကို ကျော့သဘောကျလွန်းလို့ အလွတ်တောင်ရတယ်"

"ကျွန်တော်ဟာ ဒေါသတွေကို ဒလဟောသွန်ချလိုက်ရလို့ စိတ်ထဲမှာ ရှင်းသွားသလို မျှော်လင့်ချက်ဆိုတာတွေကိုလဲ အားလုံးသွန်ထုတ်ပစ်လိုက်ပါတယ်၊ ပြီးတော့ ကြယ်တွေနက္ခတ်တွေကြဲထားတဲ့ ကောင်းကင်မှောင်မှောင်ကြီးထဲကို ငေးစိုက်ရင်း စကြာဝဠာကြီးရဲ့ ဥပေက္ခာရင်ခွင်ဆီကို ကြည်လင်ပွင့်လင်းတဲ့ နှလုံးနဲ့ အဦးဆုံး ပထမဆုံးအကြိမ် အာရုံပြုလိုက်မိပါတယ်၊ ကျွန်တော် အခုလို ကြည်ကြည်လင်လင်နဲ့ မေတ္တာစိတ်တွေဘာတွေထားမိတော့လည်း ကျွန်တော်ဟာ အရင်လည်း ပျော်ခဲ့သားပဲ၊ အခုလည်းပျော်နေသားပဲဆိုတာ သတိရလိုက်ပါတယ်....တဲ့"

* *

"ကျော့ဘာဖြစ်နေတာလဲ"

ဖြိုးမေးသံကြားမှ ကျော့ ပို၍စိတ်တိုသွားသည်။ ကျော့ကို တွေ့တဲ့လူတိုင်းက "ကျော့ဘာဖြစ်နေတာလဲ" မေးပြီးနေပြီလားဟု အောက်မေ့မိရသည်။

ကိုယ့်ဘာသာကိုယ်တောင် ဘာဖြစ်လို့ဖြစ်မှန်းမသိရတဲ့အထဲ သူတို့မေးမှ ပို၍စိတ်ရှုပ်ထွေးရသည်။ အခုလည်း အနားပေါ်တုတ်ကျသလို ဆတ်ခနဲ ဖြိုးဘက်လှည့်ကာ မာန်ဖီဟန်ပြင်သည်။ အမှန်တကယ်တော့လည်း လေသံပျော့ပျော့လေးနှင့်

"ဘာဖြစ်လို့လဲ" ဟု ခပ်ကြောင်ကြောင် ပြန်မေးလိုက်သည်။

ဖြိုးက မကျေမနပ် တစ်ဖက်လှည့်သွားသည်။ ရုပ်ရှင်ကားကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်ခေါ်လာပြီး ရုပ်ရှင်ရုံထဲရောက်တော့ တစ်ချိန်လုံးအိပ်နေတဲ့ကျော့ကို နားမလည်။

ရုပ်ရှင်ပြီးသည်နှင့် နှစ်ယောက်သား စကားမပြောကြဘဲ တစ်ယောက်လက်တစ်ယောက်ဆွဲကာ လူအုပ်ထဲမှ တိုးထွက်လိုက်သည်။ ဆူးလေဘုရားလမ်းအတိုင်း မြို့တော်ခန်းမဘေးရှိ (၄၅)ကားဂိတ်သို့ လာခဲ့သည်။ ညနေပိုင်းဖြစ်၍ ကားတွေ လူတွေ ရှုပ်ထွေးများပြားနေသည်။ ဘတ်စ်ကားလည်း ကျပ်မှာဝ ဖြိုးက ကျော့ခြေလှမ်းကို အမှီလိုက်လာသည်။

လမ်းဘေးဈေးဆိုင်တွေလည်း ဘာရယ်မဟုတ် ငေးရသေးသည်။ ပလက်ဖောင်းပေါ်မှာ ပန်းချီထိုင်ဆွဲပြီးရောင်းချနေသည့် ပန်းချီကားတွေကိုလည်း ကြည့်ရသေးသည်။ သနားစရာတော့ အကောင်းသား၊ ကျော့ငယ်ငယ်က ဆွဲခဲ့တဲ့ ပန်းချီကားချပ်ကလေးတွေနှင့် ဆင်ဆင်တူနေတာကိုး၊ ဒါပေမယ့် ကျော့လက်ရာက အဲဒီလောက်တော့ ဘယ်ကောင်းမလဲ၊ ကျော့ကလည်း သဘာဝရှုမျှော်ခင်းပုံလေးတွေဆွဲဖို့ ဝါသနာပါတော့ သူတို့ရဲ့ပန်းချီကားလေးတွေနဲ့ သွားတူနေတာပေါ့။

အိမ်မှာ ထင်းရှူးသေတ္တာကြီးထဲမှာ ကျော့ဆွဲခဲ့သည့် ပန်းချီကားပေါင်း ထောင်နှင့်ချီနေမလားမသိ။ ဘယ်သူတောင်းတောင်း မပေးခဲ့၊ ဝမ်းကွဲမောင်လေး တစ်ယောက်က သစ်လုံးဆွဲနေသည့်ဆင်ကိုကြည့်ပြီး "နှာမောင်းကြီးနဲ့နွားကြီးသားကိုပေးနော်"ဟု အားပေးဖော်ရသည်။

မြေနီလမ်းကလေးနှင့် ပင်စည်ဖြောင့်ဖြောင့်တွေ စိမ်းညိုနေသည့် ပုံလေးကိုတော့ လှသည်ထင်ကာ အိမ်ရှေ့ခန်းမှာ မှန်ဘောင်သွင်း၍ ချိတ်ထားသည်။ ဘွားဘွားကြီးကတော့ ကျော့ စာကျက်နေစဉ်လည်း အသံတိတ်သွားပါက ပန်းချီဆွဲတယ်ပဲထင်တာကြောင့် ကျော့လက်ရာ တော်တော်ပြောင်မြောက်သည်ဟု ထင်နေရှာသည်။ လာသမျှလူကို "ကျော့လက်ရာလေ"ဟု ကြွားဖော်ရသည်။

"ကျော့ကတော့ ကျော့ဆွဲတဲ့ပန်းချီကားတွေဆို ဒီလိုဘယ်တော့မှ ချမရောင်းဘူး"

"မထင်နဲ့ ဈေးကြီးတယ်"

"ဘယ်လောက်ရရမလိုချင်ပါဘူး၊ ပြခန်းပြမယ်၊ လက်ရာညံ့ညံ့တွေကို



ရောင်းရန်မဟုတ်လို့ စာကပ်ထားလိုက်မယ်၊ လက်ရာမကောင်းလို့ မစွံပါဘူးလို့လည်း အပြောမခံရတော့ဘူး၊ အမြင်အတိုင်းမဆွဲဘဲ ညဏ်ကွန့်မြူးသလို အရောင်တွေ ထည့်သုံးပစ်မယ်၊ ဆွဲချင်သလိုဆွဲမယ်၊ လူတွေကိုလေ သူတို့ နားမလည်နိုင်တာတွေ များများလုပ်ပြ၊ မြန်မြန်နာမည်ကြီးတယ်၊ စုပ်တံခါချလိုက်တဲ့ အစက်တွေကို ဘောင်သွင်းထားလိုက်ရင်လည်း ခမ်းနားသော၊ ဆန်းကြယ်သော၊ နုံးညံဖွယ်ရာတွေနဲ့ ထင်မြင်ချက်အမျိုးမျိုးကို အပြိုင်အဆိုင်ပေးကြမှာ၊ လူတွေဟာ လူတတ်လုပ်ချင်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး"

ဖြိုးက လက်ချင်းချိတ်ထားလျက်မှ ကျော့ခြေလှမ်းကိုကျော်အောင် သုမ်းခုန်ရင်း မျက်နှာကို မော်ကြည့်၍ အကဲခတ်သည်။

"ကျော့တစ်ခုခုဖြစ်နေပါတယ်ဆို"

ရော်၊ ဒီကလေးမခက်တော့မယ်၊ ဘာကြောင့် ကျော့ကို တစ်ခုခုဖြစ်စေချင်နေပါလိမ့်။

"ကျော့ အမြဲတမ်း တစ်ခုခုဖြစ်နေတာ၊ ဘာမှန်းသာမသိတာ"

"ကျော့ဟာ ဘယ်တော့မှ စကားကို အကောင်းမပြောဘူး"

အမှန်ကိုပြောရင်လည်း လက်မခံချင်ကြပါလား။

"ဖြိုးက ဘာဖြစ်တယ်ထင်လို့လဲ"

"မထင်တတ်ဘူး၊ ကျော့တစ်ခုခုဖြစ်နေမှာ စိတ်ညစ်နေမှာစိုးလို့ပါ"

"ကျော့ကို အရေးမလုပ်စမ်းပါနဲ့၊ ကျော့က ကျော့ကိုဂရုစိုက်တာထက် ဥပေက္ခာပြုတာ ပိုကြိုက်တယ်၊ အဲဒါမှ အနေချောင်သလိုပဲ"

"ဗညိုကြောင့် ကျော့ စိတ်အနှောင့်အယှက်ဖြစ်နေသလားလို့"

"အနေသာကြီးပါ၊ ဘာတွေပဲဖြစ်လာဖြစ်လာ ကျော့အတွက် အနေသာကြီးပါ"

"ကျော့က အသည်းမာသူကိုး"

အင်း၊ ဘာမဟုတ်တာလေးပြောလိုက်တာနှင့် လူတတ်လုပ်ပြီး မှတ်ချက်ချတတ်တဲ့သူတွေ ဒီကမ္ဘာလောကမှာ ရိုက်သတ်လို့ကုန်မှာမဟုတ်ဘူး။

* *

ဗညိုကတော့ ကျော့ပြဿနာထုပ်ကို ဘယ်လောက်သိ နားလည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မလဲ သူက ကျော့ထက် နှစ်နှစ်လောက်ကြီးတယ်၊ လူကြီးလည်းဆန်တယ် ယောက်ျားလေးလည်း ယောက်ျားလေးဆိုတော့ ပိုရင့်ကျက်မှာပဲ၊ ဖေဖေ့သမီးသားနဲ့ကို စိတ်ချမ်းသာစေတဲ့လူမျိုးဖြစ်နိုင်ပါ့မလား။ ကျော့က ကိုယ်ချစ်တဲ့သူကို စိတ်မဆင်းရဲစေချင်၊ သူနားလည်အောင်ထိလည်း ပွင့်လင်းပြောပြနိုင်မည် မဟုတ်၊ ဆရာ့မျက်လုံးတွေက ကျော့ကို နားလည်သလို အမြဲ ထွင်းဖောက်ကြည့်တတ်တာကြောင့် ဆရာ့ကိုတော့ ဘာမဆိုပြောပြနိုင်သည်။

ဆရာက "ကျော့ရဲ့ဟိုကောင်လေးကော" ဟု စကားစပ်လျှင် မကြာခဏ မေးတတ်သည်။

ကျော့နှင့်သူ နှစ်ယောက်တည်းတွေ့ဆုံသည်မရှိဘဲ၊ အင်းလျားကန်စောင်းမှာ ကျောင်းဝင်းထဲရှိ ရေတမာပင်အောက်မှာ လှည်းတန်းက စားသောက်ဆိုင်လိုမျိုးမှာသာ သူငယ်ချင်းတွေနှင့် ရောက်ကာနှောကာ တွေ့ဖြစ်သည်။ ကျော့စိတ်ထဲမှာ သူ့ကို အလေးအနက်မထားပါလေစဟု ဗညို သံသယဖြစ်ကောင်း ဖြစ်မည်။

မောင်ဟာ ကျော့ကို နားလည်ပြီး အားကိုးလောက်တဲ့သူ၊ အနည်းဆုံး ဆရာလိုလူမျိုးဆိုရင်တော့ ကျော့ မောင့်ရှေ့မှာ ဒူးထောက်လိုက်မှာပေါ့၊ အခုတော့ မဖြစ်သေးပါဘူးထင်ပါရဲ့ မောင်ရယ်။

ကျော့ သူ့ကို ရှောင်ချင်လျက်နှင့် သူလာလာနေပြန်တော့လည်း စိတ်ကမဟန်နိုင်။ ဥပက္ခာမပြုနိုင်ပြန်။ သူ့ကို တစ်ယောက်တည်း အဆောင်နောက်ဖေးပေါက်မှာ တွေ့လိုက်ရတော့ ကျော့ ဖြုန်းကနဲ ရင်ခုန်သွားသည်။ သူ ရှက်တတ်တာသိပါရဲ့။ မိန်းကလေးဆောင်နားမှာ အကြာကြီး ဖွဲကောင်းကောင်းနှင့် စောင့်နေတော့ သူ့ကို ကိုယ်ချင်းစာစိတ်နှင့် သနားသွားသည်။

ကျော့ကကော ဘယ်လောက်ဟန်ဆောင်နိုင်မလဲ၊ ကျော့ရှက်လာရင်လည်း အယောင်ယောင်အမှားမှားနဲ့ အမှန်အကန်တွေချည်းလုပ်တတ်ပါဘိခက်လိုက်တာ၊ မိန်းကလေးပဲ လှည့်ပတ်ဟန်ဆောင်မှုတော့ ကျွမ်းဦးမှပေါ့။

အနီးရှိ အုတ်ခုံလေးရှိရာ ကျော့ကပဲ ရှေ့ဆောင်ပြီး လှမ်းလာလိုက်သည်။ အဲဒီတော့မှ သူက "အချိန်ရမယ်ဆိုရင် ခဏထိုင်ရအောင်" တဲ့။

သူထိုင်နေစဉ် ကျော့က မြက်ပင်လေးတွေကို အညွှန့်ဆိတ်ရင်းခြေသည်းရိုး၊ ချုံနွယ်ပေါ်က ပန်းနီနီလေးတွေကို လိုက်ချွေရင်း ထိုင်လိုက်ထလိုက်



လုပ်နေသည်။ ကျော့အမူအရာကပဲ သိပ်ကဗျာဆန်နေသလားမသိ။ သူခုချိန်ထိ စကားတစ်လုံးမှ မစသေး။ သူ့ကို မျက်လုံးပင့်ကြည့်တော့ ကျော့ကိုကြည့်နေတာနှင့် တန်းတိုးသည်။ သူ ကျော့ကို တစ်ခုခုအလစ်ချောင်းနေသလိုပဲ။ ဒီမျက်ဝန်းမျိုး တစ်ခါမှမမြင်ဖူး၊ ပြိုင်လည်းကြည့်ချင်သည်။ ကြည့်လည်းမကြည့်ရဲ၊ ငိုလည်းငိုချင်လာပြီ။ နှုတ်ခမ်းတွေ တုန်ရင်စပြုသည်။ ကျော့မျက်ဝန်းမှာကော ဘာတွေရှိနေမလဲ၊ မလုံမလဲ၊ မျက်တောင်များဖြင့် စိုးထိတ်စွာကာသည်။ ကျော့ သူ့ရှေ့မှ ထွက်ပြေးချင်လာသည်။ သူညို့ယူဖမ်းစားတာမခံချင်၊ သို့သော် လူက နေရာမရွေ့၊ သူ့မျက်ဝန်းအကြည့်နှင့်တင် ကျော့ဟာ တစ်ခါတည်းကြွေကျရတော့မယ့်အတိုင်းပါလား၊ ကျော့လက်ထဲမှာ ကြွေနေပြီဖြစ်တဲ့ ပန်းကလေးကို သက်ဝါးဖြန့်ကြည့်မိသည်။

အင်း တစ်ခုခုတော့လုပ်မှပဲ။

ကျော့ သူ့အနား ဖြုတ်ခနဲရောက်သွားသည်။ စိတ်လက်ကြည်နူးစွာ သူ့ကို လက်ကမ်းပေးလိုက်သည်။ ဒီတော့မှ သူပြုံးရဲတော့သည်။

"ကျော့ကိုသိပ်ချစ်တယ်"

ဘယ်လောက်များ သာယာလိုက်တဲ့ ညနေခင်းလေးပါလိမ့်၊ ငှက်ကလေးတစ်ကောင် ကျီခနဲအော်မြည်သွားတာ၊ ရွက်ညွှန့်လေးတွေ လှုပ်ခပ်သွားတာ၊ ကျော့ အသေးစိတ် ကြည့်ရှုခံစားမိသည်။ ကျော့အတွက် သိပ်အရေးကြီးတဲ့ အခိုက်အတန့်မဟုတ်လား၊ သူက ကျော့ကို အကဲခတ်နေသည်။ ကျော့က လက်ကို ပြန်ဆွဲယူရင်း နောက်သို့ပစ်ကာ ရှက်ရယ်ရယ်မိတော့

"မရယ်ပါနဲ့" ဟု မျက်မှောင်ကုတ်သည်။

မောင့်ကိုလှောင်တာမဟုတ်ဘူး၊ ဒါကျော့ရှက်နေတာ။

ငှက်ကလေးတွေ ရုတ်ခနဲ ထပြန်သွားကြသည်။ ကိုယ့်ကိုယ်ကိုယ် ငှက်ကလေးတွေလိုများ ပျံနေသလားထင်လိုက်ရသည်။

ဘာပဲဖြစ်ဖြစ် မောင့်ကိုချစ်တယ်ဆိုတာတော့ တစ်နေ့နေ့မှာ ပြောဖြစ်အောင် ပြောရမှာပဲ၊

"ကျော့ကို ပြောစရာတွေအများကြီးရှိတာ မသိဘူးလား၊ အနှောင့်အယှက်မရှိ နှစ်ယောက်တည်းတွေ့ရအောင်နော် ကျော့" ဟု သူခပ်တိုးတိုး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကျော့အတွက် အသေးအမွှားဖြစ်ချင်ဖြစ်ပေမယ့် ကိုယ့်အတွက် သိပ်အရေးကြီးနေတယ်၊ နားလည်ပေးပါ၊ ကိုယ့်ကို မကျီစယ်ချင်ပါနဲ့၊ ကိုယ့် ဘဝတစ်လျှောက်လုံး ဘယ်သူ့မှချစ်ခဲ့ဖူးတာမဟုတ်ဘူး၊ အစကတော့ ကျော့ကို အသေ့နပ်သလို ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်အောင်ဖြစ်ရတယ်၊ မကြာခင် ပျောက်သွားမလားထင်ရပေမယ့် ကိုယ့်ရင်ထဲမှာ ဒီပြဿနာဟာ တစတစ ကြီးထွားလာတယ်၊ ကိုယ့်ရင်ထဲက အစိုင်အခဲရဲ့ တစ်စိတ်တစ်ပိုင်းလောက်လေး ကို ခွဲထုတ်ခံစားပြီး နားလည်ပေးပါ ကျော့ရယ်၊ ကြားလား"

အင်း၊ ... ဒါဟာ စီရင်ချက်တစ်ခုလား။ အမိန့်တစ်ခုလား၊ ကျော့ကို အရှည်ပျော်အောင် လာလုပ်နေတာလား။

"အင်းပါ၊ အင်းပါ"

ကျော့လည်း မောင့်ကို ပွင့်လင်းနိုင်ဖို့ ကြိုးစားရမှာပေါ့။

"အိုကေ၊ အိုကေ ညို"

သူမကြိုက်သည့်နာမည်ကို တမင်ခေါ်မိသည်။

"မနက်ဖြန်မနက် အဆောင်မှာပဲစောင့်နေပါ၊ ကျော့သွားချင်တဲ့နေရာ လိုက်ပို့မှာပေါ့၊ ဘယ်တွေသွားချင်လဲ စဉ်းစားထား"

သူကဆိုဆဲ ကျော့က ကာဆာဗလန်ကာ (Casablanca) တေးသွားကို ကောက်ကာငင်ကာ လေချွန်လိုက်သည်။

"တော်တော်ပြောင်မြောက်တဲ့ဂီတ၊ ဘာသီချင်းမှန်းတောင် မသိလိုက်ဘူး" ပြီးတော့မှ သူက "ကာဆာဗလန်ကာကိုကြည့်ရင်း မင်းကို ငါချစ်ခဲ့မိတယ်"

(I fell in love with you watching Casablanca) ပထမတစ်ကြောင်းကို လေချွန်ပြရာ ကျော့က လိုက်ချွန်တော့ နှုတ်ယောက်စလုံး ရယ်မောရသည်။ ကျော့ ချစ်တာပေါ့၊ သူ ကျကျနနလေချွန်တတ်တာကိုး၊ ဆိုင်သလားတော့မသိဘူး၊ ကိုယ်ဆိုင်ချင်ရင် အားလုံးဆိုင်လို့ရတာပဲလေ။

* *

"အေးလိုက်တာ"

ကျော့က အပေါ်ဝတ်အင်္ကျီအတက်ကျိုးရောင်လေးကို ဆွဲစေ့လိုက်သည်၊ ဆံချည်က အညိုရောင်ပေါ်မှာ အဝါရောင်ချိတ်ရေးရေးလေးတွေပါသော ရခိုင်ချိတ်ကိုဝတ်သည်။ လက်ကိုင်ပုဝါ၊ ပိုက်ဆံအခေါက်လိုက်နှင့် ခေါင်းဘီး သေးသေးလေးကို ချိတ်ဆွဲထားသော ရှပ်အင်္ကျီအိတ်ထဲမှာ ပြောင်းထည့်သည်၊ နေ့ညက ဖတ်လက်စစာအုပ်ကို လက်မှာကိုင်၍ ထွက်လာခဲ့သည်။



ကျောင်းဝင်းထဲမှာ မြူတွေဆိုင်းနေသည်။ သူလာခေါ်တော့ ကျော့က အိပ်ရာထဲမှာ ကွေးကောင်းတုန်း သူဘာတွေပြောမှာပါလိမ့်ဟူသောအတွေးနှင့် ညက ကောင်းကောင်းအိပ်မပျော်။ သူရှိရာ အင်းလျားလမ်းရှိ အဆောင်ရှေ့ ဆီသို့ လျှောက်လာရင်း အနည်းငယ်ပွနေသည့် ဆံပင်ကို ခေါင်းဖြီးထုတ်၍ ဖြီးရသည်။

"တော်တော်တက်တက်ကြွကြွ ပြင်ဆင်ထားတာပဲ"

"ညကတည်းက မျက်နှာသစ်ထားတာ"

သူက နှာခေါင်းရှုံ့သည်။ မားနေသည့် ကျော့အရုပ်ကိုကြည့်ပြီး "ကိုယ်တောင်ပုသွားသလိုပဲ" ဟု ရယ်မော၍ဆိုသည်။

"ပုရင်ပုတယ်ပေါ့"

"အိပ်ရေးဝရဲ့လား"

"ဝပါတယ်"

သူဖွင့်ပေးတဲ့ ကားတံခါးမှာ ဝင်ထိုင်ရင်း ကျော့စိတ်ထဲ သက်သောင့် သက်သာဖြစ်ဖို့ ကြိုးစားနေရသည်။ ဆိုင်တစ်ဆိုင်မှာ ကော်ဖီဝင်သောက်ပြီး နာရီဝက်လောက်အကြာမှာ "ပျင်းစရာကြီး" ဟု ကျော့ ညည်းညူစပြုသည်။

"ရည်းစားအစမ်းထားကြည့်မလားလို့၊ မဖြစ်ပါဘူး၊ ပျင်းတယ်"

သူက ကားမောင်းရင်း ကျော့ကို တစ်ချက်လှည့်ကြည့်သည်။

"ကျော့ သဘောပါကျော့ရယ်၊ ကျော့ကို မကန့်သတ်ရဲပါဘူး၊ အခု အချိန်မှာ ကိုယ့်စိတ်ထဲမှာ ကျော့ကို ပျော်စေချင်တာပဲရှိတယ်၊ ဘာလုပ်လုပ် ကျော့အတွက်ပဲ စဉ်းစားဖြစ်နေတယ်၊ ချစ်တာတွေ လွမ်းတာတွေ စာမဖွဲ့တတ်ဘူး၊ ကျော့ ကိုယ့်ကိုရှောင်ပြေးသွားမှာကိုတော့ အကြောက်ဆုံး၊ ကျော့ကိုယ့်ကို ချစ်ပါလို့ မတောင်းဆိုသေးဘူး၊ ကျော့ငြင်းမှာကို ကိုယ်မကြားချင်ဘူး၊ ကျော့ဆီ က ကျော့ပေးနိုင်သလောက် ကျော့ ကိုယ့်ကို ကြည်ဖြူနိုင်သလောက်ကိုပဲ ကိုယ်လိုချင်တယ်၊ တစ်နေ့ကျရင်တော့ ကျော့ချစ်လာမယ်ဆိုတာ ယုံကြည်နေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် အတိတ်တစ်ခုပေးထားရမယ်"

"ကတိ"

သူတော်တော်နှင့် စကားမဆက်နိုင်ဘဲရှိလေသည်။

"ကိုယ့်ကို လက်ထပ်မယ်ဆိုတဲ့ကတိပါ၊ ကျော့နဲ့ တစ်သက်လုံး အတူနေချင်တယ်"

ဘုရားရေ သူပြောမယ့်ပြောတော့လည်း တစ်ခွန်းတည်းပါလား။

ကျော့ တုန်လှုပ်သွားသည်။ နှစ်ယောက်သား တိတ်ဆိတ်သွားသော်လည်း ကျော့နားထဲမှာ သူ့လေသံကို ထပ်ကာထပ်ကာ ကြားနေရကာ ထိုစကားကိုပင် အထာမကျနိုင်ဖြစ်နေသည်။

"ဟင့်အင်း" နှုတ်မှလည်း အလိုလိုထွက်သွားသည်။

"နေဦးကျော့၊ ကိုယ်ချစ်တာကိုတော့ ဘယ်တော့မှမမေ့နဲ့"

သူ့စကားက ကျော့ကို အိပ်မက်မှလှုပ်နှိုးလိုက်သလို၊ ကျော့ဟာ ဒီလောက်တောင် အရွယ်ရောက်ပြီလား၊ သူများနှင့်အတူနေဖို့မပြောနှင့် ကိုယ့်ဟာကိုယ်တောင် အမြဲပြဿနာဖြစ်တတ်တာ၊ ဒါတွေ သူလည်းသိမှဖြစ်တော့မယ်၊ ခက်တာက သူနားလည်နိုင်ပါ့မလား၊ သူ့ရယ်တာတော့ ကျော့မခံနိုင်။

"ငယ်ငယ်လေးပဲရှိသေးတာ၊ ဘဝတစ်သက်တာအတွက် စကားကို နည်းနည်းပိုရင့်ကျက်မှပြောတာ မကောင်းဘူးလား ဗညို၊ မစဉ်းစားမဆင်ခြင်ဘဲ ပြောလိုက်ရင် တစ်ဖက်သားကို စော်ကားရာရောက်မှာပေါ့၊ ဗညို ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်တာဝန်ယူနိုင်လို့လဲ၊ အဓိက ဗညိုရဲ့စိတ်ကိုပေါ့၊ ဗညို စိတ်ကို မပြောင်းလဲပါဘူးလို့ အာမခံနိုင်လား၊ ဒီမှာ ဗညို"

ကျော့ လက်ဖျောက်တစ်ချက်တီးကာ သူ့ဘက်လှည့်လိုက်သည်။

"ဒီလက်ဖျစ်တစ်တွတ်အတွင်းမှာ လူ့စိတ်ဆိုတာ စိတ်ပေါင်းကုဋေတစ်သိန်းမက ပြောင်းလဲနေတာ၊ မျက်တောင်တစ်ခပ်အတွင်းမှာ ကိန်းဂဏန်းမြောက်များစွာ ပြောင်းလဲနေတာ၊ ဒါ ကျော့ပြောတာမဟုတ်ဘူး ဘုရားဟောတာ၊ ဖြစ်ပျက်ပဲရှိတဲ့ လောကကြီးမှာ ဗညို ဘာကိုမှမယုံကြည်လေနဲ့၊ ငါပဲရယ်လို့လည်း အားကိုး တကြီးမယုံလေနဲ့"

"စကားတတ်တိုင်းကပ်မပြောပါနဲ့၊ ကိုယ်တန်ဖိုးထားတဲ့စကားတွေကို ကျော့အောက်ဆုံးထိ ဆွဲချပစ်လိုက်တာပဲ"



ကျော့က တတ်သလောက်မှတ်သလောက်စကားတွေကို စုစည်းသည်။

"ကျော့တို့နှစ်ယောက်နဲ့ပြီးတဲ့ကိစ္စမဟုတ်ဘူး၊ မိဘဆွေမျိုးအသိုင်းအဝိုင်းဆိုတာ ရှိသေးတယ်၊ သူတို့ကိုလည်း တန်ဖိုးထားထည့်တွက်ရမှာပေါ့၊ အခု ကျော့က သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ဗညိုသိက္ခာအတွက် ဆားကပြောပေးနေတာ၊ ကျော့ပြောခဲ့ဖူးသားပဲ၊ ယောကျ်ားလေးတစ်ယောက်ကို အထင်မသေးချင်ပါဘူး၊ အထူးသဖြင့် ဗညိုကိုပေါ့၊ သေသေချာချာစဉ်းစားပါ"

"ကိုယ်ယောကျ်ားပါ"

"စတာလည်း အဲဒီယောကျ်ားတွေပဲ၊ ဖောက်တာလည်း အဲဒီယောကျ်ားတွေပဲ၊ ကိုယ့်စကားတစ်ခွန်းကိုတောင် တာဝန်မယူနိုင်တဲ့ယောကျ်ားတွေ၊ ကိုယ့်ကိုယ်ကိုယ်တောင် ဆန်းစစ်ဖို့ သတ္တိမရှိတဲ့ယောကျ်ားတွေ လောကကြီးမှာတစ်ပုံကြီး၊ ရိုက်သတ်လို့မကုန်ဘူး"

"လွန်ပြီကျော့ မင်းလွန်ပြီ"

သူ မျက်မှောင်ကြီးတွန့်ကာအော်တော့မှ သူတော်တော်စိတ်ဆိုးနေမှန်းသိတော့သည်။ ဘာဖြစ်လို့များ ကျော့ဟာ စိတ်ထဲရှိတာတွေ တည့်တည့်ခွပ်ခွပ်ပြောတတ်သည်မသိ။ ဒီအချိန်မှာ သူ့ကို အလိုက်အထိုက်လေး ယဉ်ကျေးရာလည်းရောက်အောင် ဟန်ဆောင်ပြီးပြောမှပေါ့၊ အင်း... ဒါတွေ ကျော့ ဘယ်တော့မှတတ်မလဲမသိ။

"အို အားလုံးကိုမဆိုပါဘူး"

စကားကို မဖာတတ်ဘဲဖာသေးသည်။

"ကိုယ့်ရင်ထဲ ဘယ်လောက်ပဲလေးနက်လေးနက် ကျော့ဆီမှာ အခြံအလှောင်ခံရတယ်"

သူပြောမှ ကျော့ပြောနေတာတွေ တကယ်ပြောနေတာလား၊ ကျော့ထင်တာတွေ လျှောက်ပြောနေတာလား၊ ပြန်စဉ်းစားမိသည်။ တကယ်ဆော့ ကျော့စိတ်ထဲမှာ စွဲစွဲမြဲမြဲသိနေတာကတော့ ကျော့ သူ့ကိုချစ်တာပဲ။ ဒါ ဆပေမဲ့ ထိန်းချုပ်အားကြီးတဲ့ အလေ့အကျင့်တစ်ခုက အရိုးစွဲကာ ကျော့နှင့်ဘင်္ဂသား တည်းရောမွှေပြီးသားဖြစ်နေပြီ။ ဒါကို အခုမှ သူနှင့်စကားပြောရင်း တာဆိုင်တည်းမှာ တဖြည်းဖြည်း သဘောပေါက်လာသလိုရှိသည်။

"အဲဒီလိုလည်းမဟုတ်သေးပါဘူး ဗညိုရယ်၊ ကျော့မပြောတတ်ဘူး

www.burmeseclassic.com



ကျော့ကိုယ်ကျော့လည်း သိပ်နားလည်လှတာမဟုတ်ဘူး၊ ကျော့စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိပြီး တစ်ခါမှ ရှင်းရှင်းလင်းလင်းမဖြစ်တာ သူမသိဘူး၊ ကျော့ မဆော့ပါဘူး၊ လေးလေးနက်နက်တွေးလို့ တစ်ခါတခါ အတွေးခေါင်သွားတတ်တယ်ထင်ပါရဲ့၊ ကျော့ဟာ လူတွေကို အထင်သေးတဲ့စိတ်လည်း မကြာမကြာ ဆော်တယ်၊ တခြားလူတွေလိုပဲ ထမင်းစားရေသောက် အိမ်ထောင်မှုနဲ့တင် ဘဝ ဟာ ပြီးသွားမလား စိုးရိမ်စိတ်သိပ်များတယ်၊ ငါလည်းလူပဲလေလို့ အခါခါ ဆုံးမပေမယ့်လည်း မရဘူး၊ တစ်ခါတခါ သိပ်ဝမ်းနည်းမိတယ်"

ကျော့ ပြောပြီးမှ ထိတ်ကနဲဖြစ်သွားသည်။ ငါပြောနေတာ ဆရာ့ကို မဟုတ်ပါလားဆိုတာ ချက်ချင်းသတိရသည်။

"သူနားလည်ပါ့မလား"

ကျော့ ရှက်ရွံ့အားပျော့စွာဆိုလိုက်မိသည်။ သူငြိမ်သက်စွာ နားထောင် နေသည်။

"ကျော့က ဘဝင်မြင့်တဲ့နေရာမှာလည်း အဲလိုပဲ ရှာကြံဘဝင်မြင့်တတ် တယ်"

ကျော့ ရယ်မောဖို့ကြိုးစားသော်လည်း မအောင်မြင်ပါ၊ ရုတ်တရက် ဝမ်းနည်းလာသည့်ခံစားချက်ကြောင့် ကျော့အသံ ခပ်အက်အက်ဖြစ်လာသည်။ ဝမ်းနည်းလာလျှင် လည်ပင်းတလျှောက် တင်းမာတစ်ဆို့ပြီး စကားမပြောနိုင် ဖြစ်ရတာကို ဒေါသဖြစ်မိသည်။

ငယ်ငယ်ကပဲ ကျော့ဟာ အမြဲဝမ်းနည်းနေတတ်သည့်ကလေးဆိုတာ မေ့ထားလို့မရပါလား၊ ဒါနဲ့တောင် ဝမ်းနည်းရတာကို မငြီးငွေ့သေးဘူး၊ အမြဲ တမ်း ကျော့ဟာ အထီးထီးဖြစ်နေတတ်တဲ့ခံစားမှုက ယခုတိုင် ရိုက်ခတ်ဆဲ သူ့ကိုချစ်သော်လည်း ကျော့နှင့်နီးစပ်သည်ဟုခံစား၍မရ။ ကျော့ဟာ လူတွေ အပေါ် သံသယကြီးတာလား၊ သူတို့ပေးနိုင်တာဟာ ကိုယ်နဲ့မထိုက်တန်ဘူးရယ် လို့ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်လွန်းနေတာလား၊ ဆန်းစစ်သော်လည်း မရေမရာ ပင်၊ ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်ကလေးကိုတော့ မတွေ့ချင်သော်လည်း သွားတွေ့လေသည်။ သူ့ဆီကတော့ သူပေးနိုင်တာထက် ပိုလိုချင်နေတာ အမှန်ပင်။

ဆရာကတော့ ကျော့ဟာ တစ်ခုခုကို ကျေနပ်နှစ်သိမ့်နေဖို့ကောင်းတာ



ဘဲ၊ ဘာလဲ၊ ဘာကိုနှစ်သိမ့်နေရမှာလဲ၊ အခု ကျော့ ပတ်ဝန်းကျင်မှာ ဖြစ်ပျက် နေတာတွေအားလုံးကို လက်ခံကျင့်သုံးနေနိုင်တဲ့အခါမှာလား။ တစ်နေ့နေ့တော့ ဒါတွေပြေလည်သွားနိုင်ပါလိမ့်မည်ဟု မရဲတရဲတွေးမိသည်၊ သူ ကျော့ကို စိတ်ရှည်ရှည်နှင့်မစောင့်နိုင်ဘူးလား၊ ဒါတွေကို နောင်တစ်ချိန်ကျရင် သူ့ကို အထစ်အငေါ့မရှိ ရယ်မောရွှင်ကြည်စွာ ပြန်ပြောပြနိုင်ဖို့လည်း မျှော်လင့်မိသည်။

ကျော့ အလျှင်အမြန် ကြီးရင့်သွားချင်မိသည်။ သူ့ဘေးနားမှာ ဘာကို မှ ထည့်မတွက်တတ်တဲ့စိတ်နှင့် သူ့ကိုချစ်နေရရင် ဘယ်လောက်ကောင်းလိုက် မလဲ၊ သိပ်ပျော်စရာကောင်းမှာပဲ။ မောင့်အတွက် ရှင်သန်ချင်ပါသေးတယ်ကွယ်၊ မောင်ကူညီဖြေရှင်းပေးနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့။

"ဒါတွေစဉ်းစားဖို့ ငယ်ပါသေးတယ်၊ အသက်လေးဆယ်လောက်ထိ စဉ်းစားလို့ ရသေးတယ်၊ ဗညိုလည်း လုပ်စရာရှိတာလုပ်ပါ၊ ကျော့ကို ခေါင်းထဲ မထည့်ပါနဲ့၊ ကျော့ တစ်စုံတစ်ရာကို ယုံကြည်ချင်လာရင်တောင် ကံကြမ္မာကို မယုံကြည်ဘူး"

"ကိုယ့်ဘက်ကိုတော့ စိတ်ချပါ၊ ကိုယ့်မိဘတွေက သားသမီး ဘာလုပ် လုပ် အားပေးတတ်တဲ့သူတွေပါ"

ဝတ်မှုန်ဆိုသည့်မိန်းကလေးအကြောင်း အရဲစွန့်ပြီး စကားစမလိုလုပ် ပြီးမှ မစဖြစ်တော့။ ဒါတွေကိုသာ စကားလုံးအဖြစ်ပြောင်းလဲလိုက်ရင် ခံစား ချက်ဟာ တကယ်ခိုင်ခံ့တဲ့ ဖြစ်ရပ်မှန်အချက်အလက်တွေလို့ ထင်ရမလား၊ ဒီလို ထင်ရဲတဲ့သတ္တိလည်း မရှိသေးပါဘူး။

"ဗညိုမှာ ကိုယ့်မိသားစုအတွက် လုပ်ပေးစရာတွေ ရှိဦးမှာပါ၊ လောက မှာ မိသားစုလောက် တန်ဖိုးထားစရာမရှိဘူးထင်တာပဲ၊ ဗညိုမှာ မိသားစုကို စိတ်တိုင်းမကျစရာမရှိပါဘူး၊ ဒါကြောင့်ပြောတာ ကံကောင်းပါတယ်လို့"

"ကျော့ကဘာဖြစ်လို့လဲ"

"ဘာမှတော့မဟုတ်ပါဘူး၊ ကျော့က အိမ်နဲ့ပတ်သက်ရင် သိပ်အကဲ ဆတ်လွန်းတယ်၊ မေမေတို့လိုချင်တာ ကျော့ကို အခုလိုပုံစံမျိုးမဟုတ်ဘူးပေါ့၊ အဲဒါတစ်ခုတော့ ကျော့ဝမ်းနည်းမိတာပေါ့"

"ကျော့မိဘတွေက ရှေးဆန်လို့လား"

"ဖေဖေဆို ကျော့တို့ထက်တောင် ပျော်တတ်သေး၊ သားသမီးတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ်ချစ်တာ၊ စကားတောင် မာမာမပြောဖူး၊ ဒါပေမယ့် ဖေဖေက ဖအသီအသာနေတယ် ထင်တာပဲ၊ မေမေက အင်း မေမေကတော့ သားသမီးတို့ ခင်လွန်းလို့ထင်ပါရဲ့၊ သနားစရာတော့ တစ်မျိုးကောင်းတယ်၊ ကျော့တို့ကို ချုပ်ချယ်ပါဘူး၊ သားသမီးအပေါ် ယုံကြည်စိတ်ချမှုပိုတာတစ်ခုနဲ့တင် ကျော့နား ဆပ်မကုန်ပါဘူး၊ ဒါပေမယ့်လေ ဖေဖေ မေမေက သားသမီးအပေါ် ဒီထက် ချစ်တတ်ဖို့တော့ မျှော်လင့်တာပေါ့၊ အခုထက်တော့ စည်ဝေနေစေချင်တာပေါ့"

အမြဲတမ်း ခပ်စူစူဖြစ်နေသည့် ဗညို၏နှုတ်ခမ်းတွေ ဒီနေ့ တစ်ချိန်လုံး ရွှင်မြူးနေတာကြည့်ပြီး သူဟာ ကျော့ကို တစ်သက်လုံးချစ်မည့်သူလား ရတ်ကနဲ တစ်စုံတစ်ယောက်ကို ကျော့ကြောင့် စိတ်ချမ်းသာအောင် ပျော်အောင် လုပ်ပေးချင်လာသည်။ လုပ်ပေးနိုင်မည်ဟုလည်း ထင်လာသည်။ ဒါဟာ ရင့်ကျက်ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် တာဝန်ယူလိုစိတ် စတင်ဖြစ်ပေါ်လာတာ လားမသိ။ နောက်ပိုင်းတော့ ကျော့လည်း ပျော်ရမည်ထင်သည်။

မြို့ထဲမှာ ဟိုဟိုဒီဒီလျှောက်သွားပြီး နေ့လည်လောက်တွင် စားသောက် စရာတချို့ဝယ်ကာ ထွက်ခဲ့ကြပြန်သည်။ များသောအားဖြင့် ကားလျှောက် မောင်းနေတာကများသည်။ သူက လမ်းမှာ စားစရာထူးထူးဆန်းဆန်းတွေ့လျှင် လည်း ဆင်းဝယ်သည်။ အင်းလျားဘက်သို့ တစ်ပတ်ပြန်လည်လာသော် "ပြန်လာတာမဟုတ်သေးဘူးနော်" ဆိုကာ ပြည်လမ်းတစ်လျှောက် မောင်းလာ ပြန်သည်။ ကျော့က သူ့ဘေးမှာထိုင်ရင်း စာအုပ်ဖတ်လာသည်။

"အကြံရပြီ၊ ဒီဘက်မှာ ရှုခင်းတွေကောင်းတယ်၊ နောက်ဆိုရင် ဒီလိုပဲ ပျော်ပွဲစားထွက်ကြမယ်"

"ဘယ်ကိုလဲ"

"အခုလိုပဲလေ၊ အနီးအနားပေါ့၊ အခု ထောက်ကြန့်ဘက်သွားမယ် လမ်းဘေးမှာကားရပ်ပြီး စားတာပေါ့၊ နောက်တစ်ခေါက်ဆိုရင် ချက်ပြုတ်စရာ တွေပါ ယူလာရမယ်၊ ကိုယ်ချက်ကျွေးမှာပေါ့"

သူ့သိပ်ကလေးဆန်တာပဲဟုတွေးကာ ပြုံးမိသည်။ ကစားချင်စိတ် မကုန်သေးတာ ကိုယ့်ကိုယ်ကိုယ် အမြဲသံသယရှိသည့် ကျော့ကလည်း သူပြောတာတွေ နားထောင်ပြီး ပျော်လာသည်။

"ထောက်ကြန့်မှာ ဖေဖေရဲ့ခြံတွေရှိတယ်၊ အဲဒီသွားလည်းရတယ်၊ အရိပ်ကောင်းတဲ့နေရာရောက်ရင် အေးအေးဆေးဆေးဆင်းထိုင်မယ်၊ အဝြန် နေဝင်တာကြည့်ပြီးမှ ပြန်မယ်"



"မရဘူးဆရာ၊ ကျော့ ငါးနာရီမထိုးခင် အဆောင်ပြန်ဝင်ချင်တယ်"

ကျော့ငြိမ်နေလျှင် "စကားပြောလေ"ဟု လှမ်းပြောသည်၊ ကျော့ ဖတ်နေသည့်စာအုပ်ကို မျက်စောင်းထိုးကာ ပိတ်ခိုင်းသည်။

"ဘာစာအုပ်မို့လို့လဲ"

"ဝူးသလင်းဟိုက်စ်၊ ပျင်းလို့ပါ"

"ပျင်းပါ ပျင်းပါ၊ ကားရပ်မှ ကပြမယ်၊ သီချင်းဆိုပြမယ်၊ အဲဒီစာအုပ် ဘာ ဆယ်တန်းတုန်းက ဖတ်ခဲ့ရပြီမဟုတ်လား၊ မငြီးသေးဘူးလား"

"ဆယ်တန်းတုန်းက ကျောင်းစာဆိုတော့ သိပ်မဖတ်ချင်ဘူးပေါ့၊ အခုမှ ဝတ္ထုအနေနဲ့ ပြန်ဖတ်ရတာ"

ထောက်ကြန့်ရောက်ပြီ၊ မနည်းလွန်လာပြီ။

"မှော်ဘီရောက်တော့မယ်"

ကျော့သတိပေးမှ သူ ကားကိုထိုးရပ်သည်။

အရိပ်ကောင်းသောတစ်နေရာတွင် မုန့်ထုပ်ရေဗူးတွေထည့်လာသည့် ဝလပ်စတစ်အိတ်တွေကိုခင်းပြီး ထိုင်သည်။ သူက ဒူးဆစ်အထက်နားမှ ဘောင်းဘီစကိုမ၍ ကျော့ရှေ့တည့်တည့်မှာ ထိုင်ချလိုက်သည်။

"ကိုယ့်အစ်ကိုအငယ်ဆုံးက စင်္ကာပူမှာ အလုပ်လုပ်နေတယ်၊ ကိုယ် လည်း သွားမလို့လုပ်ထားတယ်၊ ကျော့နဲ့ စောစောစီးစီးတွေ့ဖြစ်ရင်တောင် ဒီလောက်လောပြီးသွားဖြစ်မှာ မဟုတ်ဘူး။ လပိုင်းပဲလိုတော့တယ်၊ ကိုယ် အဲဒါ အတွက် အမြဲတွန့်ဆုတ်တွေဝေနေမိတယ်၊ ကျော့နဲ့အတူတူ ကျောင်းသွားတက်ရ ရင် ဘယ်လောက်ကောင်းမလဲ"

ကျော့ကလည်း မလိုက်နိုင်ပါဘူး၊ စိတ်ထဲမှပြောမိသည်၊

"ကျော့ကျောင်းပြီးသွားရင်လည်း အကောင်းသား၊ ဂုဏ်ထူးတန်းပြီး ရင် M.Sc ဆက်တက်ဦးမှာလား၊ နိုင်ငံခြားဘာသာသင်တက္ကသိုလ်မှာ ဘာနဲ့ ရွှေ့ထားပေါ့၊ ဘာသာစကားနှစ်မျိုးသုံးမျိုးလောက် တက်အောင်သင်ထားမှ ကျော့အနေနဲ့ အားလုံးကို သိနိုင်မြင်နိုင် ခံစားနိုင်ရင် ပိုမကောင်းဘူးလား၊ နိုင်ငံ ခြားက အနုပညာတွေလည်း ကျော့လေ့လာမှဖြစ်မှာပေါ့၊ စင်္ကာပူမှာ သုံးနေး

www.burmeseclassic.com



နှစ်နေပြီး အခြေအနေကောင်းရင် ဩစတြေးလျကို ဆက်သွားမယ်၊ အဲဒီအခါ ကျော့ပါလိုက်ခဲ့ရမယ်"

သူက ကောက်ကာငင်ကာစီမံသည်။ ကျော့မျက်ရည်ဝဲလာသည်။ ကျော့ကို တစ်ယောက်ယောက်က နားလည်ပြီး ကြင်နာကြောင်းပြရင် သိပ်ဝမ်းနည်းတာပဲ၊ တစ်ယောက်ယောက်ဆီက လက်ဆောင်တွေဘာတွေရရင်လည်း အဲလိုပဲ၊ ဝမ်းနည်းပက်လက်ဖြစ်တတ်တာ၊ ဒါကြောင့် တစ်ခါတခါ ကျော့ဟာ အဲဒါတွေမလိုလားသလို သိပ်လုပ်တတ်တာ၊ အရေးမကြီးသလို ရယ်မောတာတွေ လုပ်ပစ်တတ်တာ၊ အခုတော့ ကျော့ရယ်လည်း မရယ်နိုင်ပါဘူး။

သူ့မျက်လုံးတွေကိုကြည့်ပြီး သူ့ကို ချက်ချင်းယုံကြည်ချင်လာသည်။ ဘာကြောင့်မှန်းမသိ သူတကယ်ပြောနေတာဟု အလိုလိုသိ၏။ သူ့လောက် ယုံကြည်ရလောက်သူ အခြားမှာမရှိနိုင်ဟု ရှင်းလင်းစွာသိမြင်လိုက်၏။

"ကျော့လည်း ကမ္ဘာပတ်ချင်သေးတယ်၊ တွေ့မှာပါ သူနဲ့ကျော့ ဩစတြေးလျမှာဖြစ်ဖြစ်၊ ပါရီမှာဖြစ်ဖြစ်ပေါ့၊ ဟုတ်ဘူးလား"

နေသည် လျင်မြန်စွာ လျှောကျလာသည်။ အေးလည်းအေးလာသည်။ ဆောင်းနေ့တာသည် တိုတောင်းလှ၏။ အမွှေးထည်ပင်မချွတ်လိုက်ရ၊ လေအေးခြောက်သွေ့၏။ အေးမြ၏။ ကျော့မျက်ဝန်းက စိုစွတ်မှုသည် လေကြောင့်လား သူ့အကြည့်ကြောင့်လားမသိ၊ ချက်ချင်းခြောက်သွေ့သွားသည်။

"ဟုတ်ပါတယ် ကျော့တို့မှာ ရည်ရွယ်ချက်ကိုယ်စီနဲ့ သီးခြားလုပ်စရာတွေရှိပါသေးတယ်၊ ဗညိုမှာလည်း ကိုယ့်ကိုချစ်တဲ့သူတွေအတွက် သူတို့ကို ပြန်ချစ်စရာလည်းရောက်အောင် လုပ်ပေးစရာတွေရှိဦးမှာပဲ၊ ဒီကြားထဲမှာ ကျော့ကိုလည်း မေ့သွားနိုင်တာပဲ၊ ကျော့ထက် အဖက်ဖက်ကသာတဲ့ ကောင်မလေးတစ်ယောက်ကို ဗညိုယူသွားလည်း ကျော့က ဝမ်းသာမှာပဲ၊ ကိုယ်ကောင်းမယ်၊ သင့်တော်မယ်ထင်လို့ ဆုံးဖြတ်တာပဲ၊ ဗညိုမမှားဘူး၊ ကျော့တို့ဟာ သိပ်ခင်တဲ့သူငယ်ချင်းတွေဆိုတာနဲ့တင် ဗညိုကို ကြည်ဖြူပြီးသား၊ သိရဲ့လား"

"ကျော့ကတော့ ဖေဖေ မေမေတို့ ကျော့နောက်ကျောကိုကြည့်ပြီး ကျန်ရစ်မှာကို မလိုလားဘူး၊ ကျော့ဟာ တစ်ခြားတစ်နေရာကို လွင့်သွားခဲ့မယ် ဆိုတာ စဉ်းစားလို့မရသေးဘူး၊ ကြောက်တတ်တဲ့စိတ်နဲ့ အရာရာကို မယုံရဲတဲ့ စိတ်ကလည်း မပျောက်သေးဘူး၊ ဗညိုက လူပီသပါတယ်၊ လက်တွေ့ကျတာ



ကျော့ကတော့ စိတ်ကူးယဉ်တုန်းပဲလားမသိဘူး၊ ဗညိုတို့ဘဝမှာ ကျေနပ်နှစ်သိမ့်စရာဆိုတာ မရှားပါဘူး၊ ကျော့နဲ့မတူဘူး၊ ဗညိုက ကျော့လို သောတွေတောင်တွေထဲမှာ တဲကလေးတစ်လုံးနဲ့ နေချင်မယ့်သူတော့မဟုတ်ဘူး ကျော့ကတော့ တစ်ချိန်မှာ အေးချမ်းချင်တာပဲ"

ဟု ဝမ်းနည်းစိတ်နှင့်ဆိုလေရာ သူက ကျော့ကို နားမလည်သလို ကြည့်လေသည်။ အတန်ကြာတိတ်ဆိတ်နေရာမှ

"အဲဒီတောတွေတောင်တွေထဲမှာ ကျော့နဲ့ကိုယ်နဲ့ နှစ်ယောက်တည်း နေလို့လား နေရမယ်ပေါ့"

သူက ကျော့၏လက်နှစ်ဖက်ကိုဆွဲယူ၍ဆိုလေရာ ချက်ချင်းလက်ငင်းဝင် ဘယ်ကရောက်လာမှန်းမသိသော ပျော်ရွှင်မှုကို တအံ့တဩပင် သတိပြုမိလိုက်သည်။

"ကျော့ချစ်ရင်တော့ ဗညိုကိုပဲချစ်မှာပါ၊ ဗညိုကိုပဲချစ်မှာပါ"ဟု သူ့မျက်လုံးတောက်တောက်များကို ချစ်ခင်စွာကြည့်၍ ပြောမိ၏။

"တော်ပြီ၊ တော်ပြီ စကားတွေလွန်ကုန်မယ်" ဟု ဗညိုက အရွဲ့တိုက်ကာ သူ့လက်ဖဝါးဖြင့် ကျော့နှုတ်ခမ်းတွေရှေ့မှာ လာပိတ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျော့သိရသလောက် ဗညို၏မိသားစုမှာ ခေတ်မှီပွင့်လင်းသည်၊ ဖော်ရွေယဉ်ကျေးကြပြီး ခေတ်ပညာတတ်အသိုင်းအဝိုင်းဖြစ်သည်။

အိမ်မှာပြောပြလျှင် ဘိုးဘိုးနှင့် အရီးနုအပါအဝင် ကျော့မိသားစုတွေကတော့ အစဉ်အဆက်ကပြောလာခဲ့သော စကားကိုဆိုပေမည်။

"တခြားလူတွေဘယ်လောက်ကောင်းကောင်း ကိုယ့်လူတွေလောက်ပဲ ကောင်းနိုင်မလား၊ သူများကောင်းတယ်ဆိုတာ ကိုယ့်လူတွေဆိုးတာလောက်ပဲ ရှိမယ်"

ဗညိုတို့မိသားစုကလည်း ကျော့တို့မိသားစုကိုမြင်လျှင် စိတ်ထဲမှာ တစ်မျိုးဆန်းမလားမသိ၊ ဟော့ရမ်းတယ်၊ ထစ်ကနဲဆို ရန်ဖြစ်ချင်တဲ့ ကျွတ်ဆတ်ဆတ်တွေလည်းမဟုတ်။ ဘဝကို အလေးအနက်မထားသူတွေလည်းမဟုတ်၊ ဖောက်လွဲဖောက်ပြန်လူစားတွေလည်းမဟုတ်၊ ကိစ္စရပ်တိုင်းကို ရေးကြီးခွင်ကျယ် လုပ်နေသူတွေလည်းမဟုတ်၊ အလှမ်းကျယ်သူတွေလည်းမဟုတ်၊ နေ့စဉ် နေထိုင်မှု ဓယားအတိုင်းပဲ ရိုးစင်းစွာနေကြသူတွေ၊ မှင်သေသေနှင့် ဘဝမှာ ဘာသိဘာသာနေကြသူတွေ၊ ပြဿနာရှိကြသူတွေမဟုတ်၊ သူတို့ကတော့ အမြင်ဆန်းနေမလားမသိ၊ သူတို့က ကျော့တို့ကို သဘောကျရုံသာကျပြီး သူတို့က ဒီလိုပဲ နေတတ်ကြတာပဲဆိုတာအပြင် နားလည်၍ ရချင်မှရမည်။



ဗညိုတို့မိသားစုမှာ ကျော့တို့အိမ်မှာလို ဘယ်သူမှမသိသော ဘာမှန်းမသိရသော အလွှာတစ်ခုရှိမနေတာကတော့ အသေအချာပင်။ အိမ်မှာ ဘိုးဘိုး၊ မေမေကအစ အားလုံးကို လွှမ်းခြုံထားသော ဇာပုဝါလို ပါးလွှာမှင်ဖျော့သော အရာတစ်ခု လွင့်ပါးနေတာ တလွန့်လွန့်နှင့် ဘယ်သူမှ ဖမ်းဆုပ်၍မရပေ။ ထိုအမှျင်လေး လွင့်ပါးစုတ်ပြဲသွားမှာစိုးရိမ်သည့်နှယ် ဘယ်သူမှ ဆုပ်ကိုင်မရဲဘဲ တကြည့်ကြည့်နှင့် ထိန်းသိမ်းနေရသလား ကျော့ခံစားမိသည်။ တစ်ခါတစ်ခါ အိပ်မက်မှလန့်နိုးစမှာ ကျော့သိမြင်သလိုရှိလိုက်သော်လည်း မိုးလင်းသည်နှင့် အစရှာမရ ပျောက်ကွယ်သွားတတ်သည်။

ကျော့စိတ်အစဉ်လည်း အိမ်သို့လွင့်ပါသွား၏။ ဖေဖေ့ကားပေါ်မှာ ကျော့တို့ကလေးတစ်သိုက် လိုက်ပါသွားတာမြင်ယောင်သည်။ ဆောင်းတွင်း နက်စောစော၊ မေမေထိုးတဲ့ဆွယ်တာကိုယ်စီ၊ ဘောင်းဘီထူထူထဲထဲတွေ ဝတ်ထားကြသည်။ ကျော့က ကိုကို့ရဲ့ဆွယ်တာအဖြူနှင့် အနက်ကျားလေးကို ချက်စီကျနေသည်။ ကိုကိုနှင့်မတော်လျှင် နောက်နှစ် ကျော့ဝတ်ရမှာပဲတွေးကာ ပျော်နေတာကို အမှတ်ရသည်။

ဘယ်ကိုသွားသည့် ခရီးစဉ်မသိ။ ပေလီကမ်းခြေကိုသွားတာလား၊ ဆွေမျိုးတွေရှိရာ တခြားရွာတွေကိုသွားလည်တာလားမသိ။ ကျော့လက်ထဲမှာ အားလုံးစားရန် မုန့်ထုပ်တစ်ထုပ် ကိုင်ထားသည်။ အခုလိုပဲ ဆောင်းနှင်းတွေ ဆနေသည်။ အေးလွန်းသဖြင့် နားရွက်လုံအောင် ဦးထုပ်တွေကို ဆွဲချသည်။ ဆောလမ်းတလျှောက် နှင်းရည်တွေစိုစွတ်နေသည်။ ဖေဖေက ကားမောင်းတတ်စ ကိုကို့ကို မောင်းခိုင်းတော့ ကျော့ရင်ထဲမှာ တထိတ်ထိတ်နှင့် အဲဒီခရီးတွေက ပျော်စရာ၊ တကယ့်ကိုပျော်စရာ၊ ကျေနပ်စရာပါ။

ဆွေမျိုးတွေရှိရာသို့ရောက်၍ ရွာလမ်းသို့ ကားဝင်သည်နှင့် ကလေးတွေက တသိတတန်း ပြေးလိုက်လာကြသည်။ သူတို့အဖို့ သူတို့ရွာသို့ ဘားတစ်စီးဝင်လာသည်မှာ ထီပေါက်သည်ထက်ပင် ကံကောင်း၏။

ဗိုက်ပူဖင်ကောက်ကိုယ်တုံးလုံးလေးတွေ၊ နပ်ချေးတွဲလောင်းနှင့် မျက်နှာမည်းတူးတူးလေးတွေရဲ့ အပျော်မျက်နှာကို မြင်ယောင်မိသည်။ တချို့က ကြောက်၍ ကားနားသို့မကပ်ရဲ၊ ကျော့တို့လာလည်လျှင် မြို့မှ မုန့်ဆန်းဆန်းတွေစားရ၍ ပျော်ကြသည်။ ထိုကလေးတွေအတွက် မုန့်ဝယ်ဖို့လည်း ဖေဖေပဲ

www.burmeseclassic.com

www.burmeseclassic.com



သတိရတတ်သည်။ ရခိုင်ရိုးမကိုဖြတ်၍ ခရီးသွားလျှင်လည်း တောင်ပေါ်ရွာလေး မှာနေသည့် ကလေးတွေအတွက်လည်း သတိတရယူသွားတတ်သည်။ ကားပေါ် မှ ဝစ်ချခဲ့လျှင် သူတို့ တပျော်တပါး လိုက်ကောက်ကြသည်။ ညအခါမှာ သိပ်ကြောက်စရာကောင်းမယ်လို့ ကျော့ထင်တဲ့ တောနက်ထဲက တောင်စောင်း တွေမှာ ဆောက်ထားသော ဝါးအိမ်ကလေးတွေကို မြင်ယောင်သည်။ သူတို့ရဲ့ နောက်မှာတော့ စိမ်းစိုနက်မှောင်သော ရိုးမရဲ့တိတ်ဆိတ်မှု၊ တောင်စွယ်တွေ စိမ်းရာမှပြာ၊ ပြာရာမှမှိုင်း၊ မှိုင်းရာမှ မှိုင်းမှိုင်းမှုန်သွားကာ မြူတွေနှင့် ရောယှက် သွားသည့် ကောင်းကင်။ ထိုစဥ်တုန်းက အဲဒီနေရာတွေမှာ ဖေဖေမေ့ပြီး ကျော့ ကို ထားခဲ့မှာကြောက်လိုက်သည်ဖြစ်ခြင်း၊ စိမ်းစိုအုံ့မှိုင်း၍ မြူတွေဆိုင်းသော တောင်တန်းများသည် ကျော့အား ခံစားမှုမျိုးစုံပေးဖူးသည်။

ကျော့ဟာ သူစိမ်းတရံစာနှင့် နေရာစိမ်းတွေကို ကြောက်သည်။ ကျော့ ဟာ မိသားစုကိုခွဲထွက်ဖို့ ဘယ်လိုမှ စတင်ရဲမှာမဟုတ်ပါဘူး။ ဘာလုပ်လုပ် မလွယ်ကူပါဘူးမောင်ရယ်ဟု စိတ်ပျက်လက်ပျက် ညည်းညူမိသည်။

ညက အိပ်မက်ထဲမှာ ဘယ်သူ့မှမတွေ့လိုက်တော့ဘဲ ဘိုးဘိုးတစ် ယောက်တည်းသာ တွေ့ခဲ့ရသည်။ ဘိုးဘိုးကိုကြည့်ရတာ ထူးထူးခြားခြား ဝမ်းနည်းသည့်အသွင်ဆောင်နေသည်။ အထီးကျန်ဆန်နေသည်။ သူနှင့် သက်တူရွယ်တူ မိတ်ဆွေတွေ ဆုံးကုန်ကြပြီမဟုတ်လား။ စိတ်မာန်ကြီးပုံရပြီး ကြင်နာဆွေးဆွေးမှုကို ကန့်သတ်ဟန်ရှိသည့် မျက်လုံးများကြောင့် ဘိုးဘိုးထံ စကားအပိုမပြောရဲ။ စကားအပိုပြောခြင်းသည်ပင် ဘိုးဘိုးအား ထိခိုက်သွားနိုင် သလို ဆင်ခြင်ကြရသည်။

သရက်ကင်းနံ့လေးမွှေးနေသောလေကိုလည်းကောင်း၊ ခြံစည်းရိုး တလျှောက် ကွေ့ကာဝိုက်ကာ ပုဝါစလိုလျှောဆင်းလာသည့် တောင်ပေါ်မြေနီ လမ်းကိုလည်းကောင်း၊ ယေင်ယေင်က ကျောင်းမှအပြန် စကားစိမ်းဝင်ကောင်း သည့် စကားစိမ်းပင်ကြီးကိုလည်းကောင်း၊ မွှေးပျံ့သော ဇီဇဝါပင်တန်းအား လည်းကောင်း၊ တောင်ဝှေးမကိုင်လိုဘဲ လက်နှစ်ဖက်နောက်ပစ်ကာ ဆေးတံကြီး ကိုက်၍ ခြံထဲတွင် လှည့်လည်ကြည့်ရှုနေမည့် ဘိုးဘိုးအားလည်းကောင်း သတိရ နေမိသည်။

ကျော့နေခဲ့တဲ့ ရွာကလေးဟာ အခု ကျော့ရောက်နေတဲ့ ရန်ကုန်မြို့နှင့်



ဘာမှမဆိုင်ပါဘူး၊ ဒါပေမယ့် စိတ်ထဲမှမ်းကျပ်လာလျှင်တော့ ကျော့ အိမ်ကိုပဲ အရင်ဆုံးပြေးမှာ၊ အခုတောင် ကျော့ အိမ်၏အငွေ့အသက်ကို တမ်းတမိနေ သည်။ အိမ်ပြန်ချင်နေသည်။ မောင့်ကြောင့်ပဲလားမသိ။ မောင့်ကြောင့် ဒီကို လာချင်ပြီ၊ မောင့်ကြောင့်ပဲ ပြေးချင်ပြန်ပြီလား။

သိပ်မကြာခင်မှာပဲ အိမ်ပြန်ချင်ကြောင်း ဆရာ့ကိုပြောပြတော့ ဆရာ အံ့သြသွားလေသည်။

"စာမေးပွဲတော့ မကျစေရပါဘူး၊ ကျော့တာဝန်ယူတယ်"

ကျော့ ဆရာ့ကိုမကြည့်ဘဲ ပြတင်းပေါက်အပြင်ဘက်သို့ ငေးကြည့် နေ၏။

"ဘာကိစ္စလဲ၊ ပြော်စမ်းပါဦး ခိုင်လုံတဲ့အကြောင်းပြချက်"

"မသိဘူးဆရာ၊ ပြန်ချင်တာပဲသိတယ်၊ ဒီမှာ ကျော့အသက်ရှုမဝ တော့ဘူး၊ တစ်ပတ်လောက်အိမ်ပြန်လိုက်ရင် စိတ်ရောလူပါ အားရှိသွားမယ် ထင်တာပဲ"

ဆရာက မျက်မှောင်ကုပ်၍ စိတ်မရှည်သလိုကြည့်သည်။

"အဓိပ္ပာယ်မရှိတာ၊ ကျောင်းတက်ချိန်မှာ အကြောင်းကြီးငယ်ကိစ္စမရှိ ဘဲ မပြန်ရဘူး၊ ပြန်သွားတော့ အိမ်က စိုးရိမ်နေမှာပေါ့၊ ဘာအကျိုးရှိမှာလဲ၊ လေယာဥ်လက်မှတ်မရရင် ကားနဲ့လာရမှာ၊ တောင်ပေါ်လမ်း ညအိပ်ညနေခရီး ကို လူကြီးတွေက တစ်ယောက်တည်းစိတ်ချမလား၊ လိုက်ပို့ရဦးမယ်၊ သက်သက်ဒုက္ခသွားပေးမှာ၊ စာတွေလည်း လွတ်ကုန်ဦးမယ်၊ အဓိပ္ပာယ်မရှိတာ တွေ မလုပ်စမ်းပါနဲ့"

အဓိပ္ပာယ်မရှိဆိုတဲ့စကားလောက် ကျော့မုန်းတာမရှိဘူး၊ ကိုယ့်အိမ် ကိုယ်ပြန်တဲ့ကိစ္စ ဘာဖြစ်လို့ ကိုယ့်တစ်ယောက်တည်းနှင့်မပြီးရတာလဲ၊ ကျော့ကို ဆို နိုင်ချင်တဲ့လူ တော်တော်များတာပဲ။

"ဆရာမသိပါဘူး"

"ဘာကိုလဲ"

"ကျော့စိတ်ပျက်နေတာ၊ အားလုံးကိုစိတ်ကုန်နေတာ၊ ဒီရန်ကုန်မှာ လည်း မနေချင်တော့ဘူး၊ လုပ်စရာရှိတာကိုတော့ သိပါတယ်၊ ကျောင်းပြီးအောင် တော့ သင်မှာပေါ့၊ အိမ်တစ်ခေါက်လောက်ပြန်လိုက်ရင် အားပြည့်လာမှာ၊ ကျော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျော့သိတယ်၊ အားမွေးပြီးမှ ဒီကအလုပ်တွေ ဆက်လုပ်နိုင်မယ်၊ အ ကျော့ခိုဘ်တွေ ပူလောင်နောက်ကျိပြီး ဘာမှမလုပ်ချင်တာပဲသိတယ်”

ဆရာက ကျော့ကို ရှူးတာပဲဆိုသည့်အကြည့်နှင့် ခပ်လှောင်လှောင် ကြည့်သည်။ ကျော့ ဆရာ့စားပွဲမှာ မေးထောက်စဉ်းစားနေရာမှ ရုတ်တရက် ခေါင်းထဲပေါ်လာတာတွေ ပြောလိုက်သည်။

“ဆရာသတိထားမိလား၊ မြို့ထဲပလက်ဖောင်းပေါ်မှာ တိုးဝှေ့လျှောက် ရရင် ကိုယ့်ရှေ့ကလူတွေရဲ့ ခေါင်းမည်းမည်းတွေဟာ နိမ့်လိုက်မြင့်လိုက်နဲ့ သိပ်စိတ်အနှောင့်အယှက်ဖြစ်တာပဲ၊ စိတ်မရှည်လို့ ကျော်တက်လို့လည်းမရဘူး ပန်းဆိုးတန်းက စာအုပ်အဟောင်းရောင်းသူတွေနဲ့လည်း စကားမပြောချင်တော့ဘူး၊ အဆမတန် ဈေးတင်တောင်းတော့ စိတ်ညစ်တာပေါ့၊ အမှန်က ကျော့ သူတို့ကို သနားပြီးသားပါ၊ သူတို့သာ လျော့လျော့ပေါ့ပေါ့တောင်းရင် မငြိုမငြင် ပေးဖို့ အဆင်သင့်ပဲ၊ ကိုယ်ပိုင်ကားပေါ်ကလူတွေကိုလည်း ကြည့်မရပါဘူး ကိုယ့်ကားကိုယ်စီးသွားတာမဟုတ်ဘူး၊ တချို့ဆို မျက်နှာပေးက သူတို့ဟာ လည်း သာမန်သူလို ကိုယ်လိုလူတွေပါပဲ၊ သူတို့ကားစီးရတာဟာ ဘာမှမဟုတ် ပါဘူး၊ လမ်းလျှောက်ရတဲ့လူတွေကိုလည်း ကိုယ်ချင်းစာပါတယ်ဆိုတဲ့ မျက်နှာ ပေးနဲ့”

“ပြီးတော့ ဘတ်စ်ကားစီးရတာ စိတ်ကုန်တယ်၊ ကားစပယ်ယာတွေ မိုက်ရိုင်းတာလည်း သည်းမခံနိုင်တော့ဘူး၊ လူတွေကို အော်လိုအော် ဟောက်လို ဟောက်နဲ့ ကားစပယ်ယာလုပ်ရတာနဲ့ သူတို့ကိုယ်သူတို့ မိုးပေါ်ရောက်သွား တယ် ထင်နေပုံရတယ်၊ တချို့ လုံးလုံးအလိုက်မသိတဲ့ကောင်တွေ ရှိသေးတယ်၊ လမ်းကျဉ်းကျဉ်းလေးမှာ ခါးလက်ထောက်ပြီး တထောင်ဆစ်ကြီး တရမ်းရမ်းနဲ့ ရပ်နေတဲ့ကောင်တွေ၊ ပလက်ဖောင်းပေါ်မှာ သူတို့တထောင်ဆစ်ရှောင်ရတာက တစ်မျိုး၊ သိပ်ဟန်များတဲ့အကောင်တွေ”

“အဆောင်မှာလည်း သိပ်ဟန်များတဲ့လူတွေကို ကြည့်မရဘူး၊ ကိုယ့် မှာမရှိဘဲနဲ့လည်း ရှိသယောင်ကြွားကြတယ်၊ ပြိုင်ချင်ဆိုင်ချင်ကြတယ်၊ ကိုယ်ပိုင် အနေအထားနဲ့မနေဘဲ သူများအထင်အမြင်နဲ့ ရှင်သန်ချင်ကြသူတွေ၊ သနားစရာ တော့ ကောင်းပါတယ်၊ တချို့ကလည်း မျက်နှာကြီးသားသမီးဆိုရင် မရှက် မကြောက် ခင်အောင်ပေါင်းကြတယ်၊ မျက်နှာမွဲလေးတွေကို ကရုဏာသက်ရ



ကောင်းမှန်းမသိဘူး၊ ဟက်ဟက်ပက်ပက် မဆက်ဆံကြဘူး၊ သိပ်ပေါ်တင်ကျ တာပဲ၊ အဆောင်ကပဲဟင်းတို့ ငါးဟင်းတို့ကိုလည်း စိတ်ကုန်တယ်၊ ဆရာက မိန်းကလေးအဆောင်တွေ ဘာတွေ မနေဖူးလို့”

ဆရာ့မျက်နှာ ပြုံးယောင်သန်းလာသည်။

“ပြောမယ်လို့သာပြောတာမဟုတ်ဘူး၊ မိန်းကလေးတွေဟာ ခပ်တိမ် တိမ်ရယ်၊ သူတို့မှာ လေးလေးနက်နက်ဆိုတာ ဘာမှမရှိဘူး၊ အဆောင်နေပြီး ကျောင်းမှန်မှန်တက်နေတာကိုပဲ အဟုတ်ကြီးထင်နေတာ၊ စာအကြောင်းပြောရ တာလည်း သူတို့မှာ ဟုတ်ပေ့ဖြစ်နေတာ၊ အမှန်က ဘာမှသိတာမဟုတ်ဘူး၊ ဆရာလုပ်ချင်ကြတာလည်း နှစ်ယောက်မရှိဘူး။ ပြီးတော့ သိပ်စပ်စုတယ်၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးမနေနိုင်ကြဘူး၊ သူတို့သိတာတတ်တာထက် ဆယ်ဆလောက်ကို အတတ်လုပ်ပြောတတ်ကြတယ်၊ ပိုပြောတာမဟုတ်ဘူး၊ အဲဒါတကယ်ဆရာ”

“ကဲကဲ ထမင်းသွားစားရအောင်”

ဆရာက အခန်းသော့ခတ်ပြီးထွက်သွားသဖြင့် ဆရာ့နောက်မှ ပြေးလိုက်ကာ စကားဆက်ပြောသည်။ လမ်းလျှောက်ရင်း စကားတွေ ဆက်ကာ ဆက်ကာ ပြောနေသဖြင့် ကျော့မောသွားသည်။

“ကျော့ဘယ်သွားမလဲ၊ ဆရာ ဘယ်ကိုလိုက်ပို့ရမလဲ”

“နေပါစေဆရာ၊ လှည်းတန်းတင်ပါ၊ အဆောင်လည်း ခဏဝင်ချင် သေးတယ်”

“ကျော့ပြဿနာတွေက တော်တော်ကြီးကျယ်နေတာပဲ၊ ဆရာပဲ မမှီ တာလားမသိဘူး၊ အိမ်ရောက်မှ သေသေချာချာ ပြန်စဉ်းစားရဦးမယ်”

ကျော့က ရယ်စပြုသည်။

“အဲဒါကြောင့် ရင်ထဲကစကားတွေ ထုတ်မပြောချင်တာ၊ အပြင်ရောက် ရင် ပေါ့ပျက်ပျက်ဖြစ်သွားတယ်”

အကိုင်းအခက်တွေ ဝေဖြာနေသော သစ်ပုပ်ပင်ကြီးကိုမြင်၍လား၊ ရွယ်တူကျောင်းသူကျောင်းသားတွေကို မြင်၍လားမသိ၊ ကျော့ပြန်ချင်ဦးတော့ ချက်ချင်းမပြန်နိုင်ဘူးဆိုတာ စိတ်ထဲမှာ သေချာသွားသည်။

“အခုထိတော့ ငါးဆယ် ငါးဆယ်ပဲ၊ မနက်ဖြန်ရောက်ရင် ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



သွားလေသေး စောင့်လိုက်ဦးမယ်"

"ကောင်းတာပေါ့၊ လူတစ်ယောက်ရဲ့ ရင့်ကျက်မှုဟာ တစ်ချိန်နဲ့ တစ်ချိန် မတူဘူး၊ သတိထားမိတဲ့လူက တိုးတက်တာမြန်မှာပဲ၊ လောကမှာ နေတတ်ရင် ကျေနပ်စရာချည်းပါ၊ ကျော့ ရင့်ကျက်မှာကို ဆရာစောင့်ကြည့်ရမှာပဲ"

ဆရာ ဘာသဘောနှင့်ဆိုပါလိမ့်၊ ကျော့စိတ်ထဲ တစ်မျိုးခံစားသွားရသည်။ ဆရာ့ကိုကြည့်ရတာ အခါတိုင်းလိုပဲ တည်ငြိမ်နေသည်။ မျက်လုံးတွေက တစ်နေရာတည်းမှာ စူးစိုက်နေသည်။ ထိုစဉ်က ကျော့စိတ်ထဲ ဘာတွေတွေးပြီး ဘာတွေရှိနေသလဲ တကယ်မမှတ်မိတော့၊ စကားမပြောဘဲ တိတ်ဆိတ်နေတာ တော်တော်ကြာသည်။ နှစ်ယောက်အတူရပ်ပြီး စကားမပြောဘဲ အကြာကြီး တိတ်နေတာ တော်တော်ကြောင်တာပဲ၊ ရယ်စရာလည်းကောင်းတာပဲ၊ တွေးရင်း ကျော့ သတိပြန်ဝင်လာသည်။ တစ်ကမ္ဘာလောက်ကြာသွားသလားဟု လန့်တောင်သွားသည်။ ဆရာလည်း တစ်ခုခုကိုတွေးနေမှာ သေချာသည်။ လက်ထဲမှာ ကားသော့ကို လှုပ်ကစားနေသည်။

"ဟိုကောင်လေးရော ကျော့"

"ဗညိုလား"

"သူလည်း သူ့ကျောင်းသူတက်နေရတော့ ဒီဘက်မရောက်ဘူးနဲ့ တူတယ်၊ ကျော့နဲ့လည်း မတွေ့တာ တစ်ပတ်လောက်ရှိပြီ၊ ဟိုတစ်နေ့က ခေမရဋ္ဌမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့သေးတယ်"

"ဒါကြောင့် အိမ်ပြန်ချင်တာကိုး"

"မဟုတ်ပါဘူး"

ဆရာက ကားထဲဝင်ထိုင်ကာ ကားမှန်ကိုချရင်း

"ဘာမဟုတ်တာတွေနဲ့ အချိန်ကုန်ခံမနေစမ်းပါနဲ့"

မောင်းထွက်သွားသည့် ဆရာ့ကားနီလေးကိုကြည့်ပြီး ကျော့မျက်လုံးတို့ စူးစူးရှရှ အရောင်တောက်သွားလေသည်။

ဆရာ ကျော့ကို တော်တော်အထင်သေးတာပဲ၊ ဘာမဟုတ်တာတဲ့လား ဆရာနားလည်နိုင်ပါ့မလား၊ ကျော့ အဆောင်သို့ လမ်းလျှောက်လာရင်း



ဆွေ့သည့်ခဲလုံးလေးတွေကို ကန်ကျောက်လာမိသည်။

လှည်းတန်းသွားဖို့မသေချာတော့၊ အဆောင်မပြန်တော့ဘဲ စာကြည့်တိုက်ထဲ ဝင်လိုက်သည်။ တစ်နေရာသွားမယ်ဆိုပြီး နောက်တစ်နေရာပြောင်း၍ သွားလျှင် စိတ်သက်သာမယ်ထင်တာကြောင့် မကြာခဏ အပြောင်းအလဲ လုပ်တတ်နေပြီ။

တစ်ခါတခါ အဆောင်မှာ ရုပ်ရှင်ကြည့်မယ်ပြောခဲ့ပြီး စာအုပ်ဆိုင် ဝင်မွှေကာ ပြန်လာတတ်သည်။

"ရုပ်ရှင်ကောင်းရဲ့လားကျော့"ဟု မေးကြတာကိုပင် ကိုယ်ပြောခဲ့တဲ့ စကားမေ့ကာ အဖြေပေးဖို့ကို ခေတ္တကြောင်အမ်းနေတတ်သေးသည်။

* *

ကျော့လက်ထဲ ပိုက်ဆံပြတ်ခါနီး၍ အိမ်ကပို့မှာကို မျှော်နေမိသည်။ ဘကြီးအိမ်သွားဖို့လည်း အလှည့်မကျနိုင်ဖြစ်နေ၏။

ဖေဖေက "ငါ့သမီးတွေကို ပိုက်ဆံမပြတ်အောင်ပို့နော်၊ မိန်းကလေးတွေလက်ထဲမှာ ငွေမရှိရင်မဖြစ်ဘူး၊ ယောကျ်ားလေးတွေလက်ထဲမှာဆို အပိုအလျှံမရှိလေကောင်းလေပဲ" ပြောလျှင် မေမေက "သူ့သမီးတွေကျတော့ ချစ်လိုက်တာ၊ ကျွန်မသားနဲ့များကွာပါ့"ဟု အပြန်အလှန်ပြောနေမည်ကို ကြားယောင်မိသည်။

လက်ထဲမှာငွေပြတ်ခါနီးလျှင် စာအုပ်ကြားတွေထဲမှာ အမှတ်တမဲ့ ညှပ်ထားမိသော ငွေစက္ကူတွေတွေ့လျှင် ဝမ်းသာမဆုံး၊ စည်းကမ်းမရှိသည့် ကိုယ့်ကိုယ်ကိုယ်ပင် ကျေးဇူးတင်မိသည်။

"ကျော့သေတ္တာကြည့်လိုက်ရင် အမြဲတမ်း သော့တန်းလန်းနဲ့၊ ပိုက်ဆံတွေကိုလည်း အိတ်ထဲကထုတ်ရင် အခေါက်လိုက်တိုင်း ခုံပေါ်မှာပစ်တင်ထားတယ်၊ တစ်ခုခုလိုရင် ပျာနေအောင်ရှာရပြီ၊ နောက်ဆို လူပါပျောက်ဦးမယ်၊ အဝတ်တွေလည်း အချဉ်ပေါက်အောင်စိမ်လိုက်သေး"

"မမြင်နိုင်တဲ့သူယူလျှော်ပေါ့"

မွေးစားအမေဟု ရင့်ကို ခေါ်လိုက်ချင်သည်။ အင်မတန် အသန့်အပြန့် ကြိုက်၍ စည်းကမ်းရှိချင်သူရဝေမှ ကျော့နှင့် တစ်ခန်းတည်းလာကျ

www.burmeseclassic.com

www.burmeseclassic.com



တာကိုး၊

သူက အပြင်ပန်းကသာ အသန့်အပြန့်ကြိုက်တယ်ထင်ရတာ၊ သူများ ခေါင်းဒီးတို့ လက်သည်းညှပ်တို့ဆို မပြောမဆိုယူသုံးတတ်တာ သူများ စားသောက်နေတာတွေ့လည်း "ဗိုက်ဆာလိုက်တာ" ဆိုပြီး အတင်းဝင်စားတတ် သေး ပြီးတော့ အဝတ်လျှော်တဲ့ ဘရတ်(ချ်)တို့၊ ဖိနပ်တိုက်တဲ့ဘရတ်(ချ်)တို့ဆို တာလည်း ဝယ်သုံးရတာမဟုတ် ငှားသုံးရတဲ့ပစ္စည်းတွေလို့ တစ်နည်းတစ်ဖုံ နားလည်ထားသူ။

တစ်ဖက်ခုတင်မှာ ရစေအိပ်ပျော်စပြုသည်။

"ရစေ"

"ဘာလဲ"

အိပ်ချင်မူးတူးသံနှင့်ထူးသည်။ အခန်းထဲမှာ မီးရောင်ထိန်လင်းနေ သည်။

ကျော့ ပျာပျာသလဲထလာကာ

"ဒုက္ခပဲရစေ၊ ကျော့တော့ပျောက်ပြီ၊ ကျော့ကြောက်တယ်၊ ကျော့ကိုယ် ကျော့ ရှာမတွေ့တော့ဘူး၊ ရစေကော ကျော့ကိုမြင်ရလား၊ ကူရှာပေးစမ်းပါဦး"

ရစေ့ဆီ လက်နှစ်ဖက်ဆန့်ပြီး စမ်းတဝါးဝါးနှင့်သွားတော့ ရစေ အထိတ်တလန့်နှင့် ထလာသည်။ မျက်လုံးအပြူးသားနှင့် ကျော့ကို ကြောင်၍ ကြည့်နေသည်။

"ရစေပြောသလို ကျော့စည်းကမ်းမရှိလို့ လူပါပျောက်သွားပြီနဲ့ တူတယ်"

"ကျော့နော် မလုပ်ကောင်းဘူး"

ရစေ့အသံတွေပါ တုန်ချင်နေသည်။

ကျော့ ပထမတော့ ရစေ့အား စချင်သဖြင့် တမင်လုပ်နေသော်လည်း လုပ်ရင်းလုပ်ရင်း စိတ်ပါလာကာ တကယ်လို့တောင် ထင်ချင်လာသည်။

ရစေလန့်ဖျပ်တာကို ကျေနပ်နေမိသည်။ အသက်တစ်ချက်ရှူလိုက် တိုင်း ကျော့ကို အမှောင်ထုက ဝါးမြိုသွားသလို ခံစားရသည်။ အသက်ရှူရမှာ တောင် ကြောက်လာသည်။ ရုတ်တရက် ကျော့ပါးပြင်ပေါ်သို့ မျက်ရည်စီးကျ လာသည်။ ကျော့ဝမ်းနည်းနေပါလား၊ ဘာအတွက်များပါလိမ့်၊ ငါဆိုတဲ့



အကောင်အတွက် ထင်ပါရဲ့၊ ဘာကောင်လဲ၊ ငါဆိုတာ ဘာကောင်လဲ၊ ကျော့သာ အမှောင်ထုကြီးထဲမှာ တစတစသေးသထက်သေးလာပြီး နောက်ဆုံး မြူမှုန် လောက်တောင်မရှိလိုက်တော့ပါလား၊ ကျော့ရင်ထဲမှာ ကြောက်စိတ်က ကြီးထွား လာသည်။ တစ်ခါမှ ထိုမျှလောက်မကြောက်စဖူး၊ ကျော့ခေါင်းတစ်ခုလုံးလည်း အေးစက်ထုံကျင်နေလိုက်တာ။

ဘုရား၊ ဘုရား ကျော့တစ်ခုခုဖြစ်နေတယ်ဆိုတာ ဘယ်သူယုံမှာလဲ။

ကျော့ ရူးတော့မရူးသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျော့ကိုယ် ကျော့ ရူးနေပြီလို့ ထင်တာကိုး၊ ကိုယ့်ကိုယ်ကိုယ် ရူးနေပြီလို့ တွေးတတ်သေးရင် မရူးသေးလို့ပေါ့၊ အရူးတွေကို အရူးလို့ပြောရင် အပြောမခံနိုင်ကြဘူးမဟုတ် လား။ ကျော့ ရူးနေပြီလို့ ပြောကြည့်တော့ ခံနိုင်သေးသည်။ ရယ်တောင်ရယ်ချင် လိုက်သေး၊ တစ်ယောက်ယောက်က မပြောမချင်းပေါ့လေ။

မနက်ကျတော့ ပွင့်က ကျော့ဆီမှာ ပိုက်ဆံချေးရန် ရောက်လာသည်။

"ငါ့မှာလည်းမရှိတော့ဘူး၊ ဘကြီးဆီသွားယူကြမလား"

ပွင့်က မယုံသလိုကြည့်သည်။ မရှိရင် ဘာသုံးနေလဲဆိုသည့်သဘော ပေါ့၊ အဲဒီလိုဆိုတော့လည်း လိပ်ပြာမလုံ၊ ပွင့်သာဆိုရင် မရှိဘူးပြောပြီး ဖြေရှင်း မည်မဟုတ်။

"ငါ့စာအုပ်ကြားမှာ မေ့ပြီးညှပ်ထားတာလေးတွေ ပြန်တွေ့လို့ အဆင် ပြေသွားတယ်၊ ပြီးတော့ ငါ ဒီတစ်ပတ် ဘယ်မှ သိပ်မသွားဖြစ်တာ"

"နင်က အင်းလျားဆောင်မှာ စိမ်ကျနေတယ်၊ ငါတို့မှာတော့ အပြင် ဆောင်မှာ ကျပ်ပိတ်သိပ်လို့၊ နေရတာ မသက်မသာနဲ့ သိပ်ဒုက္ခရောက်တာပဲ၊ ဆိုင်ထမင်း ဆိုင်ဟင်းတွေလည်း ကြာတော့မစားနိုင်တော့ဘူး၊ အီလာပြီ၊ စရိတ် စကလည်း သိပ်ကုန်တာပဲ"

ဒီဒုက္ခတွေခံချင်လို့ ရန်ကုန်ပြောင်းလာတာမဟုတ်လားဟု ကျော့ပြော မလိုလုပ်ပြီးမှ မပြောဖြစ်တော့။

ပွင့်က ရစေနှင့်တော့ ချက်ချင်းလေပေးဖြောင့်တာ တွေ့ရသည်။

ကျော့အကြောင်းပဲပြောနေကြတာပဲ၊ ရစေ့စကားထဲမှာ ကျော့ကတော့ စံပဲ စံပဲဆိုတဲ့စကား မကြာခဏကြားရသည်။ မချောက သူ့အင်မတန် ပေါင်းသင်းဆက်ဆံရေးကောင်းတဲ့အပေါက်မျိုးနဲ့၊ ဘယ်သူနှင့်မဆို သူဟာ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချက်ချာချာ ပြောတတ်ဆိုတတ်ရှိတယ်ပေါ့လေ။

ပွင့်ကတော့ ရဝေရဲ့ သူ့အား "မမရယ် ... မမရယ်" ဟု ခေါ်ပြောနေသည့် လေသံချိုချိုကို အကြီးအကျယ်သဘောတွေ့နေပုံရသည်။ ပွင့်ကလည်း သူ့ကို တစ်လက်မလောက်နေရာပေးလျှင် ဆယ်ဧကလောက် နေရာယူတတ်သူ။

ကျော့ကို မြန်မြန်အဝတ်လဲဖို့ လောဆော်နေတဲ့ပွင့်က ကျော့အဝတ်လဲပြီးတော့ မသိသလို ရဝေနှင့် ဆက်လေရှည်နေသေးသည်။ ကျော့ရပ်စောင့်ရတာ စိတ်မရှည်တော့၊ အသစ်လဲထားသော အဝတ်အစားနှင့်ပင် အိပ်ရာပေါ်လှဲချလိုက်သည်။ ဒီလိုဆိုတော့လည်း မရွှေပွင့်က မရှုစိမ့်။

"ဒါကဘယ်လိုဖြစ်တာလဲ၊ ထ သွားမယ်၊ အဲဒါသာကြည့်တော့ ရဆေးရေ၊ ကြည့်ရှုပြီး သည်းခံပြီးတော့သာပေါင်း၊ အိမ်မှာလည်း သူက မောင်ညီမတွေထက် အငယ်လုပ်ချင်သေးတာ၊ ကျော့နဲ့တစ်ခန်းထဲအတူနေနိုင်တာ ရဝေ့ချီးကျူးတယ်"

ချီးကျူးမနေနဲ့ တစ်ခါတည်းသာ ထိုင်ရှိခိုးလိုက်၊ ရယ်နေသည့်ရဝေကိုလည်း မျက်စောင်းထိုးပစ်ခဲ့သည်။ ဒီလိုလုပ်နေကျမဟုတ်ပေမယ့် ကြားရသူကိုယ့်အကြောင်း မခံချိမခံသာချည်းပဲဆိုတော့ သွားအကျဲသားနှင့်ရယ်မနေနိုင်ပါဘူး၊ ဒါတော့ ဘယ်သူမှမလုပ်နိုင်ပါဘူး၊ သူတို့နှစ်ယောက်ဆို သာမလုပ်သေးလူတစ်ယောက်ကို ဒါမှမဟုတ် တစ်စုံတစ်ခုကို သဘောထားကြီးဖို့ဆိုတာ လွယ်တာမှတ်လို့။

"နင်ကော ပိုက်ဆံလိုက်ယူမှာလား"

ကျော့ကိုလာခေါ်ပြီး အဆောင်ပြင်ရောက်တော့ ဘာစိတ်ကူးပေါက်သည်မသိ။

"နင့်အတွက်ပါယူခဲ့မယ်၊ နောက်နေ့မှ ငါလာပေးမယ်၊ ငါ့ဘာသာငါ့ဘကြီးတို့အိမ်သွားယူလိုက်တော့မယ်၊ နေခဲ့တော့"

ဒီလိုဆို သာမလိုက်ဘူးပေါ့။

ကျော့တို့မှာ ပြောစရာစကားသိပ်မရှိ။ တစ်ယောက်ကိုတစ်ယောက် အလိုလိုက်၍ ချိုသာကြည်နူးပြောဆိုစရာဆို၍ ဘာမှမရှိ။ တစ်ခွန်းလောက် ကျော့စလိုက်တာနဲ့ နေရာတကာ သူအသိသူအတတ်ဖြစ်သွားသည့် ပွင့်ရဲ့ ကြီးကျယ်တဲ့လေသံကိုလည်း လူအများရှေ့မှာ ကျော့မသဒ္ဒါနိုင်။



"ဒီလိုဆိုရင် ငါအဆောင်ပဲပြန်တော့မယ်"

အဆောင်က ဦးခွေးနီတို့ မုန့်ဟင်းခါးဆိုင်မှာ မုန့်စားပြီးမှ အဆောင်ထဲဝင်တော့မည်။ ပွင့်ကိုလည်း စားဖို့ခေါ်မနေတော့၊ ကျော့လှည့်ကြည့်လိုက်တော့ ပွင့်က ဂျက်ဆင်ဘက်သို့ လျှောက်သွားတာ တွေ့ရသည်။ တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်။

ပွင့် ရန်ကုန်မှာ ပြောင်းတက်တာကလည်း ရည်းစားသည် ရန်ကုန်ရောက်လာ၍ သူပါပြောင်းလာခြင်းဖြစ်ကြောင်း နောက်မှသိရသည်။ ပွင့်ရည်းစားက ကျောင်းပြီးသွားပြီးနောက် သူ့အလုပ်က ရန်ကုန်မှာ အဆင်ပြေသဖြင့် ရန်ကုန်မှာလာနေသည်။ သူတို့အတွဲကို ကျောင်းထဲမှာ ခဏခဏ တွေ့ရသည်။ ခပ်လှမ်းလှမ်းမှတွေ့လျှင် ပွင့်က မျက်ခုံးနှစ်ဖက်ကို ပင့်ပြသည်။ ကျော့က နှုတ်ခမ်းတွန့်၍ မေးဆတ်ကာ နှုတ်ဆက်သည်။ တော့တော့ဆိုင်ဆိုင်တွေ့ကြသည့်တစ်ခါမှာတော့ "ဒါ ညီမလေးလေ"ဟု ကျော့ကို တစ်သက်လုံး ကြင်နာခဲ့သလို မိတ်ဆက်ပေးသည်။ တတ်လည်းတတ်နိုင်ပါ့၊ မျက်နှာက ပြုံးရွှိနေသည်။ ဒီလိုမျက်နှာထားနှင့် ပွင့်ကို အိမ်မှာတစ်ခါမှမတွေ့စဖူး၊ ပွင့်က အိမ်မှာ တော်တော်ဆိုးပေမယ့် ဒီပြင်လူတွေနှင့်ဆိုရင် သူလည်း တော်တော်ကောင်းပါသည်။ ရည်းစားသည်နှင့်ဆို ချောနေတာပဲ၊ ဘာအဖုအထစ်မှမရှိ။

ပွင့် ကျော့ထက် အများကြီးတော်ပါသည်။ ရည်းစားတစ်ယောက်ကို တျကျနနထားတတ်ပြီ၊ ရည်းစားသည်ကိုချစ်ဖို့၊ နီးစပ်ဖို့ပဲ သူတွေးမည်။ ကျော့လို တွေဝေပျော့ညံ့သူမဟုတ်၊ ဘာလုပ်လုပ် သတ္တိကောင်းသည်။ သူလုပ်သမျှသည် သူ့အမြင်မှာ အမှန်တွေချည်းပင်။ ဘယ်လောက်ပျော်စရာကောင်းသည့် အတွေးအမြင်လေးပါလိမ့်။

* *

ဒီစာသင်နှစ်မှာတော့ ကံ့ကော်တောဆိုတာ ကြုံဖူးရသည်။ ဒါကြောင့် တင်စားကြတာကိုး၊ လေလာရှုက်လှုပ်ပင်မှန်သမျှ ကံ့ကော်ပင်တွေ ပွင့်နေသလားအောက်မေ့ရသည်။ ဆောင်းနံ့နက်နှင့် ကံ့ကော်ရနံ့သည် တက္ကသိုလ်တစ်ခွင်မှာ ပန်းတင့်လှသည်။ ဝေလီဝေလင်း ဆောင်းနှင်းမြူတို့ကြား ညင်သာပျော့ပျော့ရောက်လာသည့် နေခြည်မှာလည်း မကြုံစဖူး ချစ်စရာကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နံနက်မှာတော့ ကျော့သည် ကြည်နူးခံစားစိတ်နှင့် တစ်လော လုံးကို မေ့ထားလိုစိတ်တောင် ပေါ်လာလေသည်။ လူမပြောနှင့် တစ်လော ကသုံးရှိရှိသမျှ ပုရွတ်ဆိတ်ပေါင်းများစွာနှင့် ကျော့အရွဲ့ဆုံးကြွက်ဆိုသော သတ္တဝါတွေကိုပင် ချစ်ချင်သလိုလို ဖြစ်မိသေးသည်။

ဆရာ့ကိုတောင် ပြေးပြောချင်မိသည်။ ဆရာကတော့ ကျော့ကို အမြဲ ပြုံးချင်နေသူဖြစ်သည်။ ကျော့ကို ရင့်ကျက်သူဟုလည်း ဘယ်တော့မှမြင်မည့်သူ မဟုတ်။ ကျော့ရဲ့အချစ်ကိစ္စကို ခပ်ပေါ့ပေါ့လို့ ဆရာထင်တာကို နည်းနည်းခံ ခက်သည်။ ကျော့စိတ်ထဲက လေးနက်မှုကို ဘယ်သူမှ မြင်မည်မဟုတ်၊ ဒီထက် တော့ မလေးနက်နိုင်တော့၊ ဒီထက်သာလေးနက်ရရင် ကမ္ဘာကြီးကို ထမ်းထားနိုင် သာ ရှိတော့သည်။ မောင်တစ်ယောက်တော့ ကျော့ကို မြင်စေချင်တယ်ကွယ် တခြားဘယ်သူမြင်မြင် မမြင်မြင် ကျော့ဂရုမစိုက်ပါဘူး။

တစ်ခါတရံမှာ သူ ကျော့ဆီအပြေးရောက်ရှိလာပြီးမှ အဆောင်ပိတ် သွားလို့ မမှီလိုက်ပါက အမှောင်မရောက်သေးတဲ့ညနေမှာ ကျော့အခန်းရှေ့ လမ်းထောင့်က ဓာတ်မီးရောင်အောက်မှာ သူ့ကိုရပ်လျက်သွားတွေ့ရ၏။ သူ့ကို ထိုသို့မြင်ရလျှင် ကျော့ ဘာကို ယူကျုံးမရသည့်စိတ်နှင့်မသိ ကြေကြေကွဲကွဲ ခံစားရသည်။ ထိုတစ်ညကို နှစ်နှင့်ချီကြာသလား အောက်မေ့ရသည်။

မနက်ရောက်လျှင် သူ့ကိုတွေ့ချင်မြင်ချင်ဇောနှင့် သူ့ဆီရောက်သွား စမြဲ။ သူ့အိပ်ရာမှထ၍ တံခါးဖွင့်ပေးလျှင် ကျော့သည် အနည်းငယ်ရှက်ရွံ့စွာ မျက်နှာပူ၏။ ဒါတွေအရေးမကြီးဘူး၊ ကျော့ သူ့ကိုတွန်းဖယ်ကာ မီးဖိုထဲ တန်းဝင်၍ ကော်ဖီဖျော်သည်။ ပေါင်မုန့်မီးကင်သည်။ သူ့အတွက် ထောပတ် သုတ်၊ ကျော့အတွက် ယိုသုတ်၊ သူရေချိုးတာကို ပြီးအောင်မစောင့်ဘဲ ကော်ဖီ သောက်နှင့်သည်။ သူရေချိုးတာက မြန်မှမြန် ခေါင်းမှလောင်းလိုက်သော ရေ ခြေဖျားရောက်ပါလေစဟု အောက်မေ့ရသည်။

"ဘာတွေပြုံးနေတာလဲ"

သူက အသံနှင့်အတူ အနားသို့ရောက်လာသည်။ ခေါင်းမှာ ရေစက် လက်နှင့် သူ့မျက်နှာကို မျက်တောင်တဖျတ်ဖျတ်ခတ်ကာ ငေးကြည့်မိသည်။ ဒီနေ့ဟာ ကမ္ဘာပေါ်က နေ့တစ်နေ့ပဲ၊ ပြီးရင် မနေ့ဖြစ်သွားမယ့်ဒီနေ့ပဲ၊ အခု လက်ရှိတော့ ကြည်နူးနေတာပဲသိသည်။ သူ့ကိုချစ်တာသိနေသည်။ သူ့ကို



လည်း မြင်နေရပြီ၊ ဒီကာလဟာ ကမ္ဘာပေါ်မှာ ဘယ်လောက်ကြာမြင့်နိုင်မှာလဲ ကုန်ဆုံးသွားသော မနေ့မနေ့ကပေါင်းများစွာမှာ ငါဘာရလိုက်ပါလိမ့်တွေးကာ သူ့ကို တော်တော်နာကျည်းချင်သွားသည်။

အင်း… ယောကျ်ားတွေ၊ ယောကျ်ားတွေ မိန်းမတွေကို သက်သက် ဒုက္ခရောက်အောင် မောဟများအောင်လုပ်ဖို့ တမင်များမွေးလာလေသလား။

မျက်နှာချင်းဆိုင်ထိုင်နေသည့် သူ့ကို လက်ပိုက်၍ ခပ်စိမ်းစိမ်းကြည့် ကာ "ဘာဖြစ်လို့ ကျော့ကို အဲလိုလာလုပ်တာလဲ"ဟု မေးလိုက်ချင်သည်။

"ဘာကြည့်နေတာလဲ၊ သိပ်ချောလို့လား"

"သိပ်ပျော်နေတယ်ပေါ့"

ကျော့က ကိုယ့်အမိပ္ပာယ်နှင့် ကိုယ်မေးလိုက်ခြင်းဖြစ်သည်။ ကျော့ ခြေထောက်တွေက အငြိမ်မနေ၊ စားပွဲပေါ် တဒေါက်ဒေါက်ခေါက်နေသည်။

"မင်္ဂလာရှိတဲ့ နံနက်ခင်းပဲ၊ ကိုယ့်ချစ်သူနဲ့ ဒီလိုမျိုး နောင်နှစ်ပေါင်း များစွာဆိုရင် ဘယ်လောက်ကောင်းမလဲနော်"

သူကျေနပ်တာကြည့်ပြီး ကျော့ပျော်လာသည်။ သူတစ်ပါးကို ကျေနပ် အောင် လုပ်ပေးလို့ ကိုယ်ပျော်ရတာဟာ ရင့်ကျက်တာပဲ။ ချက်ချင်း သူ့အိမ်ရှင် မ ဖြစ်ချင်သွားသည်။ မီးဖိုထဲ ဇေ့ဝဲကြည့်ကာ တစ်ထိုင်တည်း ချယ်လှယ်ချင် သွားသည်။ သူကြိုက်တဲ့ဟင်းတွေ ချက်ပြုတ်ကျွေးမွေး၊ သူကျေနပ်အောင်ပြုစု၊ သူ့ကလေးတွေမွေး၊ မနက် မနက်ဆိုရင် သူ ကျော့ကို နမ်းနှုတ်ဆက်ပြီးသွားတာ ကို သူပြန်မလာမချင်း စိတ်တထင့်ထင့်နှင့်စောင့်၊ ညနေ သူပြန်လာတာနှင့် သူ့ရင်ခွင်ထဲ ပျော်ရွှင်စွာပြေးဝင်၊ သူပေးလာတဲ့အနမ်းတွေနှင့်တင် ကျော့တစ်နေ့ တာ မောပန်းသမျှ ပြေပျောက်မည်တဲ့လား၊ ကျော့ အဲဒီလောက် သဘောကြီး နိုင်ပါ့မလားကွယ်။

ကလေးတွေမွေးလာဦးမှာ၊ ကလေးငယ်တွေ တစ်ယောက်က နှစ် ယောက်ဖြစ်လာ၊ ကလေးတွေနှင့် ကျော့တို့အိမ်ကလေး စည်ဝေလာမှာ အမှန်ပဲ။ သူက ကလေးချစ်တတ်တော့ သူ့ရင်သွေးဆို တုန်နေအောင်ချစ်မှာပဲ၊ သူ့ကလေး တွေနှင့်သာဆော့ရရင် သူသိပ်ပျော်မှာ။ ကျော့ကတော့ သူ့ဝေယျာဝစ္စ၊ သားသမီး တွေရဲ့ ဝေယျာဝစ္စ၊ အိမ်ထောင်မှုတာဝန်တွေထဲက ရုန်းထွက်နိုင်မည်မဟုတ်။ ကျော့ပိုင်သမျှအချိန်တွေအားလုံးဟာ သူ့အတွက်ပဲပေါ့။ အဲဒါဟာ ဘာလို့ ကျော့

www.burmeseclassic.com



ပိုင်ပိုင်နိုင်နိုင် စိတ်ရှင်းရှင်းနှင့် လက်ခံနိုင်မလား၊ ကျော့လက်ဖဝါးနှစ်ဖက်ကို ဖြန့်ကြည့်ပြီး ချက်ချင်းဝမ်းနည်းလာသည်။ ဒီလက်နှစ်ဖက်ဟာ အိမ်ထောင်ရှင် အတွက်လား၊ အိုးခွက်ပန်းကန်ဆေးဖို့၊ အဝတ်လျှော်ဖို့လား၊ သူ့ကိုချစ်ပါပြီဆိုပြီး သူ့အတွက် ဒါတွေမလုပ်ပေးဘဲ၊ မလုပ်ပေးချင်ဘဲနေပါ့မလား၊ ကျော့လက်နှင့် သိပ်ကိုဆော့ကစားချင်တဲ့ သူ့ဆံပင်ညိုညိုအခွေလေးတွေကို ကျော့ကိုယ်တိုင် မဖြီးမသင်ပေးဘဲနှင့် နေနိုင်ပါ့မလား၊ ပြောင်မြောက်တဲ့ သူ့အိမ်ရှင်မလည်း ဖြစ်ချင်သား၊ ဒီလိုဆိုရင်တော့ ကျော့ စွန့်လွှတ်ရမှာတွေ အများကြီး၊ သူ့ကို ချစ်မိတာ မှားတာပဲဟု တွေးမိသည်။

"လောကကြီးမှာ အချစ်ဆိုတာမရှိရင် ကောင်းမယ်"

"ဘယ်ဖြစ်မလဲ"

"ရှိရင်လည်း မငဲ့ကွက်တတ်တဲ့အချစ်၊ ငဲ့ကွက်ရင်လည်း မခံစားရတဲ့ အချစ်မျိုး"

"ကိုယ် အခုတလော စဉ်းစားနေမိတာ တော်တော်များတယ်၊ ကျော့ အတွက်ချည်းပဲ စဉ်းစားမိနေတယ်၊ ကိုယ်ဟာ ကျော့အတွက် သိပ်တော်ဖို့ လိုလာ ပြီ၊ ဖြည့်ဆည်းစရာတွေလည်း များလာတယ်၊ ကျော့ကို ပြည့်စုံစွာနဲ့ ကိုယ့်ဘဝ ကို ပေးအပ်ချင်တယ်၊ ကိုယ်ပြောတာနားလည်လား၊ ကိုယ်တို့နှစ်ယောက် ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝတစ်ခုထူထောင်လည်း မိဘတွေက မနေပါဘူး၊ ဖွင့်ပြီး ပေးမှာပဲ၊ ကိုယ့်အတွက်မှာတော့ ကျော့အတွက် ကိုယ်ဟာ သိပ်တန်ဖိုးရှိစေချင် တယ်၊ ကျောင်းမြန်မြန်သွားတက်ချင်လုပြီ၊ ဒါမှလည်း ကျော့နဲ့ မြန်မြန်နီးအောင် လေ၊ ပြောသာပြောရတယ်၊ ကျော့နဲ့လည်း မခွဲနိုင်ပါဘူး၊ တစ်ခါတခါ ကိုယ် ယောကျ်ားပဲဆိုပြီး ဇွတ်အားတင်းနေရတာ၊ ဒါတွေ သိပ်တော့မပြောချင်ပါဘူး မပြောဘဲနဲ့ ကျော့အလိုလိုနားလည်သွားရင်လည်း အကောင်းသား"

သူ့အပြော၊ သူ့အကြည့်တွေက ပိုင်ပိုင်နိုင်နိုင်ရှိလှသဖြင့် တစ်မျိုး အားတက်သလို ခံစားရသည်။ သူ့ကို ကျော့ထက် လေးငါးနှစ်လောက်ကြီးသည့် လူကြီးတစ်ယောက်လို့တောင် ထင်ချင်လာသည်။

"သိပ်သေချာနေတယ်ပေါ့"

"ကျော့ ကိုယ့်ကိုချစ်တာ သိနေသားပဲ"

သူ ကျော့ကိုမကြည့်ဘဲ မပွင့်တပွင့်ဆိုသည်။



"တစ်ခါမှလည်း မပြောဖူးဘူး"

"ဒါမျိုးက အလိုလိုသိနေတာ ပိုကောင်းတယ်၊ ပြောနေရင် သေးသွား တယ်၊ စကားတွေကျုံ့ကုန်မယ်၊ ဟုတ်တယ်မဟုတ်လား"

သူခနဲ့တာ ကျော့ပြုံး၍ နားထောင်နေလိုက်သည်။

"ကျော့ သဘောပါကျော့ရယ်၊ ကျော့ကို မကန့်သတ်ပါဘူး၊ ကျော့ ခေါင်းထဲမှာရှိမယ်ထင်တာတွေတော့ ဆွဲထုတ်ပစ်လိုက်ချင်သား၊ ကျော့ဘက် တော်သားတစ်ယောက်လို ကိုယ့်ကို စိတ်ချယုံကြည်စေချင်တယ်၊ ကျော့ကို နားလည်ဖို့ကြိုးစားတိုင်း ကိုယ့်မှာ စိတ်ရှုပ်ထွေးရတယ်၊ အစကတော့ ကိုယ့် မာနကလည်း ကျော့ကို နည်းနည်းမှ အောက်ကျမခံလိုဘူး၊ ကျော့ကို နားလည် ပေးချင်ပေမယ့် ကိုယ့်သိက္ခာကျမှာ၊ ကျော့လှောင်မှာတွေ သိပ်ကြောက်တာ၊ တဖြည်းဖြည်းနဲ့ ကျော့ကို နားလည်လာတော့ ချစ်ဖို့လည်း တတ်လာတယ် ထင်တာပဲ၊ ကိုယ့်ချစ်သူက ပွင့်လင်းသလိုလိုနဲ့ မြိုစိစိလည်း နေတတ်တယ်၊ မာနလည်း တော်တော်ကြီးတယ်၊ ကိုယ့်ဟာကိုယ် စစ်အေးတိုက်နေမှန်း နောက်မှ တဖြည်းဖြည်းသိလာတယ်၊ ကိုယ်တို့နှစ်ယောက်ဟာ တစ်စိတ်တည်းဆိုတာ ယုံထားနော်"

ကျော့ ယုံချင်တယ်၊ သိပ်ယုံချင်တာပေါ့၊ ကျော့လည်း တခြားလူတွေ ထင်မြင်သလို ဘဝကို ထင်မြင်ချင်တာပေါ့၊ ခံစားချင်တာပေါ့၊ ပျော်ရွှင်ချင်တာ ပေါ့ဟု မျက်ရည်အဝဲသားနှင့် စိတ်ထဲမှ ပြောမိသည်။

"ကျော့ ဘာမှမဖြစ်ဘူး"

သူ့ရှေ့မှာ ကျော့မျက်နှာဝှက်မရနိုင်ဘဲ ရှိနေသည်။ ကျော့ တစ်ခုခု ဖုံးကွယ်ချင်ဟန်ကို သူသိနေမှာပဲ၊ တစ်ခါတစ်ခါ သူ ကျော့ကို အလစ်ချောင်း သလိုကြည့်တာ စူးရှုးစိုက်စိုက်ကြည့်တာ ကျော့ကလည်း အရယ်အမောတွေနှင့် ဖုံးကွယ်တတ်တာတွေကို မြင်ယောင်သည်။ ကျော့ဟာ ကိုယ့်ကိုယ်ကိုပ လိမ်ညာနေသူလား၊ အစစ်အမှန်နှင့် အထင်အမြင်ကြားထဲမှာ သာယာ ပြေလျော့မနေတတ်သူလား၊ သူ့ကို ပွင့်ပွင့်လင်းလင်းချစ်ဖို့ ဘာကများ တွန့်ဆုတ် နေးကွေးစေတာလဲ။ ဘာမှန်းမသိသော ကျော့မှာရှိနေသည်ထင်ရသော အနေ တစ်ခုကို အငြိုးကြီးချင်လာသည်။

"ဘာဖြစ်လဲ၊ မောင့်ရှေ့မှာငိုလိုက်တော့ ဘာဖြစ်လဲ"

www.burmeseclassic.com



သူ့ကိုယ်သူ မောင်လို့ထည့်ပြောတာ ပထမဆုံးအကြိမ်ကြားရသည်။ ကျော့နွေ့ကိုယ်ထဲမှာ ခြေဖျားလက်ဖျားထိ စီးဆင်းနေတဲ့ သွေးကြောလေးတွေ တုံ့ဆိုင်းသွားလား ထင်မှတ်လိုက်ရ၏။ မောင်၊ မောင်၊ ဘယ်လောက်ခေါ်ချင်စရာကောင်းတဲ့ စကားလုံးလေးပါလိမ့်။

သူ့ကို အထင်ကြီးချင်လာပြီ။ ဒါပေါ့ ယောကျ်ားတစ်ယောက်မှာ အထင်ကြီးစရာဆိုတာ မိန်းကလေးတစ်ယောက် ကျကျနနချစ်တတ်ဖို့ပဲ မဟုတ်လား။

ကျော့လည်း ကြိုးစားမှာပေါ့၊ မောင့်အတွက် ကြိုးစားမှာပေါ့။

"ဖေဖေနဲ့မေမေကို ဖွင့်ပြောပြီး မောင်မသွားခင် စေ့စပ်ထားမယ်"

"အို၊ အို မလုပ်ပါနဲ့"

ကျော့ဟာ ဒီကိစ္စမျိုးကိုပြောဖို့ ဘယ်လိုမျက်နှာထားမျိုးနဲ့ ဖေဖေ မေမေကို ရင်ဆိုင်နိုင်မလဲ။ ကျောင်းတောင်မပြီးသေးဘဲ ဒီစကားပြောလာတဲ့ သမီးကို ဘာမှမပြောပေမယ့် ဖေဖေ မေမေ ခံစားရမှာ မလိုလားပါဘူး။

ထိပ်ထိပ်ပျာပျာဖြစ်သွားတဲ့ ကျော့ကိုကြည့်ပြီး သူတော်တော် အံ့ဩနေသည်။ ဒီလောက်လေးစပြောမိရုံနှင့် ကျော့ဒီလောက်ကြီး မှုပျက်ဖို့မကောင်း။

"ဘယ်သူ့ကို တိုင်ပင်စရာရှိသေးလို့လဲ"

"ဘာကိုဆိုလိုတာလဲ"

"မောင့်ကိုချစ်တယ်မဟုတ်လား"

သူ မျက်နှာပျက်လာကာ ကျော့လက်နှစ်ဖက်ကို ဆွဲယူလှုပ်ရမ်းလိုက်သည်။

"မောင့်ကို မတင်မကျမလုပ်နဲ့၊ ဒါကို မောင် တိတိကျကျ သိမှဖြစ်တော့မယ်"

"ကျော့ ကျော့ မပြောရဲသေးဘူး၊ တကယ်တမ်းကျတော့ ဘာကိုမှ ယုံကြည်ရဲတဲ့သတ္တိမရှိသေးဘူး၊ ကျော့ပြောသားပဲ၊ ကျော့ကို ဗညို နားမလည်သေးပါဘူးဆို"

"မောင့်ကို မယုံတာ မောင့်ကိုစော်ကားတာပဲ"

"ကျော့ ဒီလိုမရည်ရွယ်ပါဘူး၊ ကျော့ကို စိတ်ဆင်းရဲရအောင် ဒီလိုတော့ မစွပ်စွဲပါနဲ့၊ ကျော့က လူတွေကို ကျော့ကြောင့် သိပ်စိတ်ချမ်းသာစေချင်



တာပဲ၊ ဒါပေမယ့် ကိုယ့်ဟာကိုယ်တောင် စိတ်ချမ်းသာအောင် မနေတတ်တော့ ကျော့ တစ်ခုခုလုပ်လိုက် ပြောလိုက်ရင် မှားယွင်းသွားမှာ တစ်ခုခုထိခိုက်သွားမှာ အမြဲစိုးရိမ်နေတယ်"

ကျော့ ငိုချလိုက်သည်။

"စိတ်သက်သာရာရတာပေါ့"

သူက ကျော့လက်ထဲ တစ်ရှူးတစ်စထည့်ပေးရင်းပြောသည်။

"ကဲကဲ ဟုတ်ပါပြီ၊ ကျော့မပြေလည်နိုင်သေးရင် မဖြေရှင်းနဲ့တော့"

"ခွင့်လွှတ်ပါ၊ ဒီအရွယ်ထိ ကျော့အတွက် ကျော့ မဆုံးဖြတ်ရဲတာ ကျော့အားနည်းချက်ပါ၊ ဖေဖေ မေမေတို့ကို အိမ်ထောင်ရေးနဲ့ စပြီးလမ်းခွဲစကား ပြောဖို့၊ စတင်ခွဲထွက်ဖို့ ကျော့တွေးလို့မရသေးဘူး၊ ပြီးတော့ ဗညိုမိဘတွေက ကျော့ကို လက်ခံနိုင်ဖို့ မခံနိုင်ဖို့ဆိုတာ အရေးကြီးတယ်၊ ကျော့အကြောင်းကို သူတို့ ကောင်းကောင်းသိကြသေးတာမဟုတ်ဘူး၊ ဗညိုတစ်ယောက်တည်းကို ကြည့်ပြီး ဗညိုတို့အသိုင်းအဝိုင်းကို ကျော့မဝင်နိုင်ဘူး၊ ကျော့ကို သဘောမတူ၊ မကြည်ဖြူခဲ့ဘူးဆိုရင်တော့ ကျော့ ဘယ်တော့မှ တိုးဝင်ဖို့မကြိုးစားဘူး၊ ကျော့ ပြောပြီးပြီ ကျော့အတွက်ကြောင့် တစ်ပါးသူတွေ စိတ်ဆင်းရဲရတယ်ဆိုတဲ့ အကြောင်းတစ်ချက်နဲ့တော့ ကျော့ သိက္ခာအကျမခံနိုင်ဘူး၊ အဲဒါ ကျော့မာန ဗညို မမေ့ပါနဲ့"

"ကျော့ ဘာတွေပြောနေတာလဲ"

"ကျော့သိပါတယ်၊ ဗညိုမှာ အိမ်ကသဘောတူပြီးရှိတာ၊ ဟိုရောက်လည်း တွေ့ကြဦးမှာပဲ"

ကျော့ ဆက်မပြောနိုင်တော့။

"ဒါလား၊ ကြံကြံဖန်ဖန် ကျော့ရယ်၊ သူနဲ့က ငယ်ငယ်ကတည်းက ပြောမနာဆိုမနာသူငယ်ချင်းတွေ၊ တစ်အိမ်နဲ့တစ်အိမ် ဝင်ထွက်နေကျတာ၊ မိဘတွေက တစ်နယ်တည်းသား ဇာတိတွေ၊ ဆွေမျိုးမတော်ရုံတမယ်ပဲ၊ သူ့မှာလည်း ရည်းစားရှိတယ်၊ ကျော်စွာမပြောဘူးလား၊ မေးကြည့်ပါဦး၊ သူနဲ့လည်းခင်တာပဲ"

"ကျော့ဘက်ကတော့ ရှင်းတယ်နော်၊ ကျော့ကို ဘာမှလှည့်ကြည့်စရာ မလိုဘူး၊ လူတစ်ယောက်ရဲ့ဘဝမှာ အားလုံးအစီအစဉ်တကျရှိပြီးသား၊ ကြိုမသိရတာတစ်ခုပဲ၊ ဒါကြောင့် ကျော့ ဘာမှမယုံကြည်တာ မဆန်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျော့က တဖွတ်ထိုးစဉ်းစားတာပဲ၊ မောင့်ကို ထည့်မစဉ်းစားတော့ဘူးလား၊ ကျော့ဟာ မောင့်အချစ်တွေကို တစစီချေဖျက်နေတာပဲ၊ ကျော့လုပ်ပုံနဲ့တော့ တို့နှစ်ယောက်ရဲ့အချစ်တွေ မြောင်းထဲရောက်တော့မယ်၊ ကျော့မညာနဲ့ ကျော့ မောင့်ကိုချစ်တယ်၊ မောင့်ကိုချစ်တယ်ကွာ၊ မလိမ်နဲ့၊ ဖုံးကွယ်ဖို့လည်း မကြိုးစားနဲ့၊ ဘာဆင်ခြင်မှုလည်း မလိုချင်ဘူး"

သူ့ရဲ့ ဖုံးဖိထားတဲ့ ဒေါသနဲ့ ဇွတ်တရွတ်ဟန်ကို မြင်ရသည်။

"ခင်ဗျားမှာ ကျုပ်ကို လက်မခံနိုင်အောင်ဖြစ်နေတဲ့ အဓိကအကြောင်း တစ်ချက်တော့ရှိနေတာပဲမဟုတ်လား၊ ကျော့ရင်ထဲမှာ မောင့်ထက်အရေးပါတဲ့လူ ရှိနေလို့မဟုတ်လား"

လာပြီ၊ ကျော့မကြားလိုတဲ့စကား စလာပြီ။

"ဗညို"

ကျော့ ရုတ်တရက်ထရပ်လိုက်သည်။ စိတ်လှုပ်ရှားမှုနှင့်အတူ ဒေါသက လက်ဖျားထိ ရောက်လာသည်။ လက်သီးကို ကျစ်ကျစ်ဆုပ်၍ သူ့ကိုကြည့်မိတော့ သူ့ဆီမှာ တောင်းပန်တိုးလျှိုးဟန်ကို မြင်ရသည်။ မောင့်ကိုတော့ အဲဒီလို ပုံစံမျိုးနှင့်တော့ မမြင်ချင်ပါဘူး။

အစကတော့ သူ့မျက်နှာ စူတင်းတင်း၊ သို့သော် မျက်လုံးများက တဖြည်းဖြည်း နူးညံ့၍ အခိုးသတ္တိတစ်မျိုးထွက်လာကာ ကျော့ကို လွှမ်းခြုံသွားသည်ကို ခံစားမိလိုက်သည်။ ရုတ်တရက် ကျော့ သူ့အနား ဖြုတ်ကနဲရောက်သွားသည်။ မောင့်ဆီမှာ ကျော့ကို တောင်းပန်တိုးလျှိုးဟန်ကိုတော့ ကျော့မမြင်လိုပါဘူး။

"မောင်"

ငိုသံစွက်နေသဖြင့် ကျော့လေသံက မသဲကွဲ၊ သူက အံ့သြဟန်နှင့် ဆီး၍ပွေ့သည်။ သူ့ကိုဖက်တွယ်ရင်း ကျော့ စကားပြောဖို့ ကြိုးစားသော်လည်း ရှိုက်သံသာထွက်လာသည်။

ကျော့ဆံပင်ကိုလာဖွသည့် သူ့လက်ချောင်းတွေရဲ့ ထိတွေ့မှုကြောင့် ခြေဖျားလက်ဖျားရှိ သွေးကြောလေးတွေထဲထိ နွေးထွေးစီးဆင်းသွားတာကို ပျော်ရွှင်စွာ ခံစားသိလိုက်၏။

အို၊ မောင့်ကို မငြိုငြင်တော့ပါဘူးဟုတွေးမိလျက် ဝမ်းနည်းစိတ်ကို



ဖြေမရသေးပါလား။

ဒါပေမယ့် ကျော့ဟာ အချစ်တစ်ခုတည်းအတွက်နှင့်ပင် မောင့်ကို အားနာတင်နေမယ့်သူပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဒုတိယနှစ်မှာ ဧပြီတစ်လ သင်္ကြန်ပိတ်ရက်ရှိသဖြင့် အိမ်ပြန်ခွင့်ရ သည်။ ကိုယ့်အိမ်ပြန်ရမည်မို့ တစ်မျိုးပျော်ကာ စာမှာပေါ့သွားကြပြန်သည်။ စာမေးပွဲရက်ကို အတိအကျ မကြေညာသေးသော်လည်း တစ်လကျောင်းပိတ်ပြီး ပြန်လာလျှင် စာမေးပွဲတန်းစစ်မည်ဟု ယူဆရသောကြောင့် စာအုပ်တွေပါ သယ်ရသည်။ အိမ်ရောက်လျှင်တော့ ဘယ်သူမှ စာကျက်ဖြစ်မည်မထင်။ ကျောင်းပိတ်ရက်တစ်လဟာ ပြောလို့ဆိုလို့နေလို့တောင် လောက်မည်မထင်။

ဒီတစ်ခေါက်တော့ မေမေက မတွေ့တာကြာပြီဖြစ်တဲ့ သူ့သမီးကို သတိတရရှိနေသည်ထင်၏။ နေရာတကာ အပြစ်သိပ်မမြင်၊ နည်းနည်းလည်း အရေးပေးလာသည်။ ထမင်းပွဲမှာ ဟင်းတွေဘာတွေ ဆားမြည်းခိုင်းကာ "ဘယ်လိုနေလဲကျော့"ဟု တိုင်ပင်ဖော်ရလာသည်။ ကျော့ပဲ လူကြီးနှင့်တူလာလို့လားမသိ။ မေမေတို့နှင့် စကားဝိုင်းဝင်၍ ရလာသည်။ အိမ်မှာ နည်းနည်းလည်း စည်ဝေနေကာ ကိုယ့်အိမ်နှင့် မခွဲမခွာနေချင်လာသည်။ ဘိုးဘိုးနှင့် ဘွားဘွားကြီးတို့ သက်ရှိထင်ရှားရှိနေသေးတာ အိမ်မှာ သူတို့ချောင်းဟန့်သံ ကြားရတာ၊ ဘိုးဘိုးရဲ့ ဆေးတံငွေ့ကိုမြင်ရတာနှင့်တင် စိတ်ကြည်နူးမိသည်။

ကျော့တို့အားလုံး တစ်ယောက်တစ်နေရာရောက်သွားကြရင် ဖေဖေ မေမေလည်း အသက်ကြီးလာတဲ့တစ်ချိန်မှာ သိပ်အထီးကျန်ခြောက်သွေ့နေမှာပဲ



မြင်ရတဲ့ကာလတစ်ချို့မှာ ဖေဖေဟာ နည်းနည်းတောင် အိုစာသွားသလိုပဲ၊ ဒါပေမယ့် ဖေဖေ့အပြုံးက လန်းဆန်းဆဲ၊ မျက်လုံးတွေက ကြင်နာမြဲ၊ သူ့လုပ်ငန်းခွင်မှာ ဘာပြဿနာမှမရှိသလို အလုပ်နှင့်ပတ်သက်လျှင် ရွှင်လန်းမြဲ။

ဖေဖေ့ကို အမောပြေအောင် လုပ်ပေးချင်လာသည်။ ဖေဖေ့အလုပ်တွေ ကူလုပ်ပေးချင်လာသည်။ တောင်သို့ တစ်ရက်လိုက်ကြည့်မည်စဉ်းစားသော်လည်း ချက်ချင်းမပြောရဲသေးဘဲ တစ်ပတ်လောက်နေမှ အရဲစွန့်၍ ပြောဖြစ်သည်။

"ဖေဖေနဲ့ တောင်ကို တစ်ရက်လိုက်မယ်"

"ဘာလုပ်မလို့လဲ သမီးရဲ့၊ အလကားပင်ပန်းနေဦးမယ်၊ စာကျက်ဖို့ရှိတာကျက်ပေါ့"

မေမေက "နင့်အဖေ အလုပ်မဖြောင့်ဘဲနေပါဦးမယ်" ဟုဆိုသည်။

"မေမေကလည်း ကျော့ ငယ်ငယ်ကလို ဟိုအပင်တက် ဒီအပင်တက်မှ မဟုတ်တော့တာ"

ဖေဖေက "လာလိုက်ခဲ့" ဟု မခေါ်မချင်း တောင်သို့လိုက်ရန် စကားစတော့။

မေမေက ရာဘာတွေ မနှစ်ကလောက် အခြေအနေမကောင်းကြောင်း ပြောသည်။

"အပင်တွေက သက်တမ်းရင့်လာပြီ၊ အသစ်ထပ်စိုက်တာတွေကလည်း နောက်လေးငါးနှစ်လောက်တော့ စောင့်ရဦးမှာ၊ နည်းနည်းလောက်သစ်ဟင်းသွားတာနဲ့ အလေအလွင့်သိပ်များတယ်၊ ဖေဖေတစ်ယောက်တည်း သိပ်ပင်ပန်းတာ၊ ဘိုးဘိုးလက်ထက်ကလို ယုံကြည်စိတ်ချလောက်သူတွေလည်း မရှိတော့ဘူး"

ကျော့ရောက်ပြီးမကြာမီ ဖေဖေ ခရီးထွက်ရသည်။ ဖေဖေ့အပြန်ကို စောင့်မျှော်ရင်း (၁၀)ရက်လောက် အချိန်ကုန်သွားသည်။

ဖေဖေမသွားမီမှာ မွှင့်က သူ့ကိစ္စကို ဖွင့်ပြောသည်။ မေမေ့ကို အရင်ပြောသည်။ ကျော့တို့အားလုံး မေမေ့ဆီမှတဆင့် သိရသည်။ တက္ကသိုလ်က ဆောနေပြီဆိုတာ၊ ဒီတစ်ခေါက်စာမေးပွဲဖြေပြီးရင်ယောကျ်ားလေးဘက်က မိဘတွေ လိုက်လာကြတော့မယ်ဆိုတာသာ ကျော့သိလိုက်သည်။ မွှင့်ဟာ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



စကားတွေနှင့် ဘယ်လိုပြောဆိုစီစဉ်ခဲ့တာပါလိမ့်ဟု အံ့ဩမိ၏။

ဘယ်သူမှ ဘာမှမပြောကြ။ ဖေဖေ မေမေတို့ စိတ်မကောင်းဟန် ရှိသော်လည်း မျက်နှာမှာမပေါ်ပြ။ အခုလောက် မြန်မြန်ဆန်ဆန် မျှော်လင့်ထား ဟန်မရှိ။ ပွင့်ပြောတာတွေ ကောက်ချက်ချရသမျှတော့ မကောင်းတာဘာမှမရှိ။

"အေးလေ ကောင်းမယ်ထင်လို့ ကိုယ်ရွေးချယ်တာပဲ၊ မေမေတို့ ဘာပြောစရာရှိမှာလဲ၊ ကိုယ့်သမီး ဒီလောက်အရွယ်ရောက် လူလားမြောက်ပြီ လားလို့ ရုတ်တရက် အံ့ဩသွားတာတစ်ခုပဲ၊ အချိန်တန်တော့ ဒီလိုပဲဖြစ်လာမှာ ပေါ့"

"ကိုယ့်ဆီကလူလည်းမဟုတ်ဘူး၊ သူတို့ဇစ်မြစ်လည်း သိရတာမဟုတ် ဘူး၊ ရေရှည်ဆက်ဆံရမှာ၊ စရိုက်တွေက ဘယ်လိုရှိမှန်းမသိဘူး၊ ကောင်လေးက အဖေနဲ့အမေက ကွဲနေတယ်ဆို၊ အဒေါ်နဲ့နေရတယ်ဆို၊ ဖြစ်ပါ့မလား၊ ငါတို့မှာ ဒါမျိုးမကြားဖူးဘူး"

အရီးနုက မေမေ့ကို တိုးတိုးကြိတ်ပြောသည်။

"ကိုယ့်သမီးကကောပါနေပြီမမနုရဲ့၊ သားသမီးစိတ်ဆင်းရဲအောင် တော့ ဝင်မစွက်ချင်ပါဘူး၊ ပွင့်ဘွဲ့ရရင် တစ်ခါတည်းလက်ထပ်ချင်တယ်တဲ့"

"သမီးတစ်ယောက်လုံး ပေးလိုက်ရမှာနော်၊ နင့်တို့ဟာ သားသမီးထဲ အလိုလိုက်လွန်းတယ်၊ ယုံလွန်းတယ်၊ တယ်လည်း ဘာသိဘာသာနေတတ်လွန်း တယ်၊ ငါတော့မကြိုက်ပေါင်"

ဒီတစ်ခါ မေမေက ဘာမှပြန်မချေပပေ။

ကျော့ကတော့ ဖေဖေဘယ်လိုပြောခဲ့သလဲဆိုတာပဲ သိချင်နေသည်။ မေမေနှင့် နှစ်ယောက်တည်းရှိစဉ် မေမေ့အရိပ်အကဲကိုကြည့်၍ ကျော့မေးလိုက် သည်။

မေမေက ကုတင်ပေါ်မှအဝတ်တွေကို ခေါက်သိမ်းနေရာမှ ကျော့ထံ လှည့်ကြည့်သည်။ မေမေလှည့်ကြည့်လာတဲ့အကြည့်မှာ ကျော့တောင် ဆွေးမြည့် နွမ်းလျသွားသည်။

"ဖေဖေလား၊ ဘာပြောမှာလဲကျော့ရယ်၊ သူ့ရင်ထဲဟာဆင်းသွားတာ ပဲတဲ့"

မေမေသည် အခန်းတံခါးကို အသာအယာပိတ်ကာ အခန်းပြင်သို့



ထွက်သွားလေသည်။ ညင်သာစွာချလှမ်းတတ်တဲ့ မေမေ့ခြေဖျားကိုသာ ကျော့ လှမ်းမြင်လိုက်ရ၏။ ကျော့တစ်ယောက်တည်းကျန်ခဲ့ပြီး ခေါင်းအင့ုံမှာ မျက်ရည် တစ်စက် ကြမ်းပြင်ပေါ်သို့ 'ပေါက်ကနဲ' ကျသွားလေသည်။

မောင်နှမတွေ ကြီးပြင်းလာလျှင် မခွဲမခွာရဘဲ အခုလို သိုက်သိုက် ဝန်းဝန်းနေရရင် တစ်မျိုးကောင်းမှာပဲဟု ကျော့ငယ်ငယ်က တွေးခဲ့ဖူးသည်။ ဘာမှကြိုတင်မှန်းဆထား၍မရ။ အခုဆို ပွင့်တောင် သူ့ကိုယ်ပိုင်အနာဂတ် အတွက် ကြိုတင်ပြင်ဆင်လာပြီပဲ။

ပွင့်ကတော့ ထူးထူးခြားခြား ပျော်ရွှင်နေပုံရသည်။ နည်းနည်းလည်း သိမ်မွေ့လာသည်ထင်သည်။ ကျော့လည်း သူနှင့်ပတ်သက်၍ အနည်းငယ် စိတ်အနှောင့်အယှက်ကင်းသည်။ စာမေးပွဲပြီးလျှင် ပွင့်လက်ထပ်ပြီး သူ့ယောကျ်ား တာဝန်ကျရာနယ်တွေ လိုက်နေပြီး ကိုယ့်အိမ် တော်တော်နှင့် ပြန်မရောက်တော့တာ၊ ရောက်လာလျှင်လည်း ဧည့်သည်လိုဖြစ်နေမှာကိုတော့ တွေးမိတာနှင့်ပင် ဝမ်းနည်း၏။

ကျော့က သူငယ်ချင်းတွေဆီကစာကို မျှော်သည်။ သူ့တို့ဆီကိုလည်း စာရေးထားသည်။ သူတို့စာထဲမှာ မောင့်အကြောင်းများ နည်းနည်းပါးပါး ပါမလားလို့ပေါ့၊ မောင့်ကိုတော့ ကျော့ဆီစာမရေးဖို့ မှာခဲ့သည်။ ဖြိုးနှင့်ချမ်းမြေ့ ဆီက စာတစ်စောင်စီရောက်လာသည်။ ဖြိုးစာထဲမှာ "ယောင်းမရေ"ဟု ပိုင်ပိုင် နိုင်နိုင် အစချီထားသည်။

"ဖြိုး သတိရခြင်းများစွာနှင့် စာရေးလိုက်တယ်၊ နေကောင်းတယ် နော်၊ ဖြိုးကတော့ ကျန်းမာဝဖြိုးအလှတိုးလျက်ပါပဲ၊ ရဲဝေ့ဆီကကော စာလာသေးလား၊ သူလည်း နေနိုင်တယ်နော်၊ ဖြိုးဆီကိုလည်း စာမရေးဘူး၊ မချောက ကျောင်းမပြီးခင် စေ့စပ်တော့မယ် သတင်း ကြားတယ်၊ ဇွတ်ကြာ ပါသွားမှ ဖြိုးတို့မသိလိုက်ဖြစ်နေမယ်"

"သူများတွေတော့ ကျူရှင်ဆက်တက်နေကြတယ်၊ ကျော့ရော စာတွေကျက်ဖြစ်သေးလား၊ ဖြိုးကတော့ စိတ်နှာနှာနှင့် ပစ်ထားတာ ကြာပြီ၊ ဖြိုးလေ အဆောင်ကြီးကို အရမ်းလွမ်းတာပဲ၊ ကျောင်းပြီးမှာ တောင် ကြောက်လာပြီ။ ကျော့ကတော့ စကားများပြီး အစားပုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနဲ့ဆေးရလို့ ပျော်ရွှင်နေမှာပေါ့။ (စိတ်မကောင်းလိုက်တာ)"

"ယောင်းမရေ ဖြိုး မော်လမြိုင်မပြန်ဖြစ်ဘူးသိလား၊ ညီမဝမ်းကွဲ ဘစ်ယောက်ခေါ်ပြီး ရန်ကုန်အိမ်မှာပဲ နေဖြစ်တော့တယ်၊ မပြန်နိုင့်လို့ တားတဲ့ လူကလည်း တားတယ်လေ"

ကျော့ မျက်လုံးအစုံပြူးသွားသည်။ အမလေး လိုရင်းက အခုမှ ရောက်တယ်။

"ဘယ်သူလဲသိလား၊ ယောင်းမရဲ့အစ်ကိုတော်ပေါ့ကွယ်၊ ဖြိုးလည်း ထင်မထားဘူး၊ သူ သတ္တိတော့အရှိသား၊ ဖြိုးအိမ်ကို သူသိတော့ အိမ်လာပြီး ကျကျနနကို ရည်းစားစကားပြောသွားတာ၊ တရိတသေ တလေးတစားပါကွယ်၊ ဖြိုးကတော့ ကျော့သဘောကို စောင့်ဦးမယ်လို့ ပြောလိုက်တယ်၊ သူကရယ်ပြီး ကျော့ကို ချစ်ပြီး သားဆိုရင် သူ့ကိုချစ်ဖို့လည်း သေချာပါတယ်တဲ့၊ ဖြိုးက ဘာလုပ် ရမှန်းမသိဘူး၊ စာလည်းကျက်လို့မရဘူး၊ အိမ်မှာ အချိန်တွေထိုင်ဖြုန်း နေရတာ သိပ်နှမြောတာပဲ"

"ကျော့ကို ယောင်းမတော်ချင်တယ်၊ ဖြိုးမှာ အစ်ကိုမရှိတော့ လည်း ဒီတစ်နည်းပဲရှိတော့တယ်၊ မတတ်သာလို့ပါ ယောင်းမရယ်"

စသဖြင့် စာလွှာရှည်ကြီးတစ်စောင် ရောက်လာလေသည်။ သူတို့ အကြောင်းချည်းပဲ၊ ဒီဖြိုးဟာ ဘာမှ အလိုက်အထိုက်မသိဘူး၊ ကျော့လည်း ဗညိုအကြောင်း သိချင်နေမှာပဲလို့ နည်းနည်းပါးပါး စဉ်းစားမိရမှာပေါ့၊ အခုတော့ ဗညိုအကြောင်း တစ်လုံးမှမပါဘူး။ သိရင်လည်း သိသလောက်ပေါ့၊ မသိရင်လည်း "ဗညိုအကြောင်းလည်း ဘာမှမကြားဘူး"လို့ ထည့်ရေးရင်လည်း ရတာပဲ။

ကျော်စွာက ကျော့မရှိတုန်း ကြိတ်ပုန်းခုတ်နေတာကို၊ ကျော့မရှိတဲ့ တစ်လလောက်နီးနီးမှာ ဒီလောက်တောင် ပြောင်းလဲသွားပြီလား၊ ကျော့မှာလည်း ကော့အကြောင်းနှင့်ကျော့ဆိုတော့ သူတို့နှစ်ယောက်ကို သတိမထားမိတာလည်း ပါသည်။



ရှုပဗေဒမိသားစု အာစရိယပူဇော်ပွဲ တစ်နေ့မှာတော့ ကျော်စွာရော၊ ဗညိုပါ သူတို့မေဂျာ သူတို့ပွဲကို လာသလို လာကြသည်။ ပွဲပြီးလို့ အင်းလျား သွားကြတော့ ကျော်စွာနှင့်ဖြိုးကိုကြည့်ပြီး တစ်မျိုးတစ်မည်ခံစားမိတာကြောင့် "ဘာတွေမှန်းလဲမသိဘူး၊ ကိုယ့်ကျောင်းလည်း ကိုယ်မတက်ကြဘူး"ဟု ကျော်စွာ ကိုရော၊ ဗညိုကိုပါ လှည့်ကြိမ်းရာ ဖြိုးက ကြားကနေ မဆီမဆိုင် မျက်နှာလေး ငယ်သွားတာကို အမှတ်ရသည်။

* *

သင်္ကြန်ရက်တွေရောက်တော့ လည်မြိုထုံးစံအတိုင်း ဖေဖေက ပေလီ သို့ လိုက်ပို့သည်။ ရခိုင်သင်္ကြန်ကတော့ ထုံးတမ်းစဉ်လာအတိုင်း ရွာစဉ် တစ်လျှောက် မဏ္ဍပ်တွေဆောက်ကာ လောင်းလှေထဲ ရေအပြည့်ဖြည့်၍ ရေကစားကြသည်။ ဘယ်သူမဆို ပျော်ပျော်ပါးပါး ရေဝင်ကစား၍ရသည်။

မဏ္ဍပ်တွေကို အုန်းလက်စိမ်းစိမ်း၊ ပိတောက်ပန်းဝါဝါတွေနှင့် အလှ ဆင်ထားသည်။ မဏ္ဍပ်ထဲမှ မိန်းကလေးတွေ ခေါင်းမှာလည်း ပိတောက်ပန်းတွေ ဝေနေသည်။ တစ်ဖက်စင်မြင့်မှာ ဆင်တူဝတ်စုံတွေနှင့် ယိမ်းအဖွဲ့တွေ ကပြ ဖျော်ဖြေနေကြသည်။ ကျော့တို့ကားပေါ်မှာ မိန်းကလေးတွေချည်းပဲဖြစ်သဖြင့် ရေဆင်းပြီးမကစားဖြစ်တော့ဘဲ ပေလီကမ်းခြေတလျှောက် ရွာစဉ်တွေမှာ ရေကစားတာကြည့်ပြီး ပြန်လာကြသည်။

သင်္ကြန်ရက်ကျော်လွန်လာသော် စာမေးပွဲနှင့် ပိုမိုနီးကပ်လာပြီဖြစ် သဖြင့် စာကျက်ဖို့ အားထုတ်ရသည်။ စာကျက်နေကြသဖြင့် မွှင့်နှင့်ကျော့ကို မေမေ သိပ်မခိုင်းတော့၊ မြတ်က ဆယ်တန်းဖြေပြီးထားသဖြင့် လောလောဆည် အားလပ်နေကာ မေမေနှင့် မီးဖိုထဲဝင်နေရသည်။ ကျော့မှာ တစ်ဝမ်းကွဲ မောင်ငယ်များနှင့် ကွင်းပြင်ထွက်ပြီး စွန်လွှတ်တာကိုတောင် မလိုက်နိုင်တော့။

လေထဲတွင် နေ၏ အငွေ့အသက်တို့ ပါလာသည်။ စိမ်းစိုသော ပတ်ဝန်းကျင်သည် အဝါရောင်ပြောင်းလာသည်။ ဆောင်းနှောင်း၏ ရနံ့တစ်မျိုး သည်လည်း နွေ၏အပူကြောင့် စုပ်စမြုပ်စ ပျောက်ပြယ်လေပြီ။ လေသည်ပုရစ် ဖူးတို့၏ ရနံ့၊ သရက်ပွင့်ရနံ့၊ ဇီဇဝါပန်း၏ရနံ့တို့နှင့် မွှေးနေသည်။

ဤဒေသတွင် ဆောင်းရာသီနှင့်ငွေ့များကြားမှ ပြုံကျလာသော

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်၊ ရွာအနောက်ဘက် လယ်ကွင်းများ၏နောက်သို့ နေလုံးကြီး ငုပ်လျှိုးဝင်စ တိမ်နီတို့ တောက်ပရွှန်းလဲ့ချိန်၊ နွေဦး၏ ချစ်စရာပင်လယ်ပြာပြာ လှိုင်းခေါင်းဖြူတို့ကို ချွေးသိပ်ချော့မြူသည့် သဲသောင်ဖွေးဖွေးနှင့် ကမ်းရိုးတန်း ဆွတ်ပျံ့ကြည်နူးဖွယ် မှုန်ပြာပြာကြားမှ ဝင်းလဲ့တောက်ပသော ဆည်းဆာအလှ တို့သည် ကျော့၏ နောက်ကျိရှုပ်ထွေးသောစိတ်ကို ကြည်လင်စေသည်။ ကျော့၏ နားခိုရာက ဒီလေ၊ ဒီအငွေ့အသက်တွေ ရောပြွန်းနေသည့် ပတ်ဝန်းကျင်တစ်ခွင်သာဖြစ်သည်။ မြို့ပြမှာထက် ဘယ်လောက်ပဲတိတ်ဆိတ် အထီးကျန်ပါစေ၊ ကျော့အတွက်မူ အေးချမ်းသော ချောင်ကလေးတစ်ချောင် အမြဲလိုအပ်သည်။ ဒါကြောင့် ကျော့သည် တစ်ခုခုဖြစ်လာလျှင် အိမ်ကို ပြန်ချင်သည့်ဆန္ဒသာ ကြီးစိုးတတ်သည်။

တဝုန်းဝုန်း အဆက်မပြတ်ရိုက်ခတ်နေသော ကမ်းစပ်ရှိ လှိုင်းနှင့် ကျောက်ဆောင်တို့ကို ကျော်လွန်၍ ဟိုးမိုးကုပ်စက်ဝိုင်းအောက်ရှိ ပြာလဲ့ငြိမ်သက်သော ပင်လယ်ပြင်၏ ငြိမ်သက်သော စွမ်းအားကို ကျော့ခံစားတတ်လာသည်။

အိမ်မှာနေရတာ မောင့်ကို လွမ်းဆွတ်သည်မှတပါး ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်လာသည်။ ဒါဟာ ကျော့ ရင့်ကျက်ဖို့စတာလာ မောင့်ကိုချစ်တတ်သွားလို့လား၊ ဒါပေမယ့် နက်မှောင်တဲ့ကောင်းကင်ကိုကြည့်ရမှာတော့ ကျော့ကြောက်တုန်းပင်၊ မောင်သွားရမယ့်ရက်လည်း တဖြည်းဖြည်းနီးလာပြီပေါ့၊ မောင်သွားရင် ကျော့ ဘယ်လိုလွမ်းကျန်ရစ်မှာပါလိမ့်၊ အခုလွမ်းနေတာထက် အဆ တစ်သိန်းမက ပိုမည်ထင်သည်။ အဲဒီအချိန်ရောက်မှ ခံစားရမှာကို အဲဒီအချိန် ရောက်တော့မှပဲ ခံစားတော့မယ်၊ ကြိုတင်စိုးစဉ်တာဟာ နေရာတိုင်းမှာ ကောင်းတာမဟုတ်ဘူး။

ကျောင်းဆောင်ကိုပြန်ရောက်ပြီးနောက်လည်း စာမေးပွဲအတွက် စိတ်မအေးရသေးပေ။ ဗညိုက ကျော့ပြန်ရောက်ပြီဟု သတင်းကြားချင်း ညနေမှာပင် အဆောင်သို့ ပေါက်ချလာလေသည်။ ကျော့ပျော်သွားသည်။ ဒီတစ်ခေါက် ပျော်လွန်းလို့ ကျတဲ့မျက်ရည်ကိုလည်း မဖုံးကွယ်တော့။ ချက်ချင်း သူ့လက်ကို ဆုပ်ကိုင်မိသည်။ ခရမ်းပြာရောင် ဂျင်းဘောင်းဘီနှင့် မဆီမဆိုင် အစိမ်းရင့်မှာ လိမ္မော်ရောင်အစက်ကလေးတွေပါသည့် ရှပ်အင်္ကျီကို တွဲဝတ်ထားတာ တွေ့ရသည်။ မောင်ဟာလေ ဘယ်လိုနေနေ၊ ဘာပဲဝတ်ဝတ် အဆီအငေါ်မတည့်တဲ့



ကလေးလို သိပ်ချစ်စရာကောင်းတာပဲ။

သူ့အင်္ကျီလက်မောင်းစကိုကိုင်ကြည့်ရင်း "သိပ်လှတာပဲ" ဆိုတော့ သူက "ကျေနပ်ပါပြီဗျာ" ဟု ရယ်မော၏။

နှစ်ယောက်သား လက်ချင်းချိတ်ကာ လျှောက်မှန်းမသိလျှောက်လာရင်း ကျောင်းနှင့် တော်တော်ဝေးလာမှ ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်သည်။

"မောင်သွားမယ့်ရက်ဟာ ကျော့တို့ စာမေးပွဲဖြေပြီး သိပ်မကြာတော့ဘူး"

ပြောစရာစကားကုန်သွားသလို တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေကြသည်။ ဒီလောက်မြန်လိမ့်မည်ဟု ကျော့မထင်၊ စာမေးပွဲပြီးရင် ကျော့တို့ ပျော်ရဦးမယ် ထင်ထားတာ၊ ကျော့ ခေါင်းတငြိမ့်ငြိမ့်လုပ်ကာ အအေးပုလင်းမှပိုက်ကို စုပ်လိုက်သည်။ မောင်က ကျော့ကို ထားခဲ့ဦးမှာပေါ့။ အအေးခန်းစားသောက်ဆိုင်ထဲမှာ အအေးသောက်နေပေမယ့် ကျော့ရင်သည် တဖြည်းဖြည်း ပူလာသည်။ မျက်ဝန်းမှာ စို့စွတ်လာတဲ့မျက်ရည်တွေကို မောင်မမြင်စေချင်ဘူး၊ ကျော့နှုတ်ခမ်းတွေပြုံးဖို့ ကြိုးစားပေမယ့် ပြုံးလို့မရတဲ့အပြင် တရှုရှု တုန်ရင်နေသည်။ ပိုက်ကို နာနာဖိကိုက်ထား၍ တော်သေးသည်။

"မောင့်ကို ကျော့လိုက်ပို့နိုင်မယ်တောင် မထင်ဘူး"

ခံနိုင်ရည်ရှိအောင် ကြိုပြီးလေ့ကျင့်ထားမှ မောင်သွားတဲ့နေ့ရောက်ရင် ကျော့အဆင်သင့်ဖြစ်နိုင်မှာ၊ မဟုတ်ရင် ဟန်နိုင်ပါ့မလားကွယ်၊ ကျော့ကိုယ်ကျော့ အသိဆုံးပါ။

"မောင် ဒီအချိန်မှာ ဘာမှစဉ်းစားလို့မရတော့ဘူး၊ ကျော့ကို ခေါ်သွားချင်တာပဲ၊ မောင်လည်း ဘာမှမတတ်နိုင်တော့တာ"

သူ့အပြုံးက နွမ်းလျနေသည်။

"ကျော့လည်း မလိုက်နိုင်ပါဘူး၊ မစွန့်စားရဲသေးဘူး၊ ယောကျ်ားလည်း စောစောမယူနိုင်ပါဘူး"

သူ့ကိုငေးစိုက်ကြည့်ကာ ခပ်သွက်သွက်ပြောလိုက်သည်။

"ဟိုရောက်ရင် မောင်က အလုပ်လုပ်ရင်း ကျောင်းတက်မှာ၊ အလုပ်ကောင်းကောင်းလုပ်ပြီး ငွေများများစုဖို့ပဲ စဉ်းစားတော့တယ်၊ မောင်က မိန်းမမြန်မြန်ယူချင်သူကိုး၊ အလုပ်လည်း ကိုယ်ဝါသနာပါတာလုပ်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပေါ့၊ မသွားမဖြစ်လို့ သွားရမှာ ကျော့ကိုမခွဲနိုင်ဘူး၊ အခုရက်တွေမှာ မောင်ရူးမျှားသွားမလားတောင် ထင်မိတယ်၊ မောင်ရှက်လည်းမရှက်နိုင်တော့ဘူး၊ ကျော့ရှေ့မှာ ဒူးထောက်ဖို့အဆင်သင့်ပဲ၊ မောင့်မှာ မာနဆိုတာလည်း ဘယ်ရောက်လို့ရောက်မှန်းတောင် မသိတော့ဘူး၊ ကျေးဇူးပြုပြီး မောင့်အပေါ် စိတ်မပြောင်းဖို့ အနူးအညွတ်တောင်းပန်ချင်တယ်၊ မောင်ကတော့ ကျော့ကို ဘယ်တော့မှ လက်လွှတ်ခံမှာမဟုတ်ဘူး၊ မောင့်ဘဝဟာ ကျော့ပဲ၊ ကျော့ မောင့်ကိုလွမ်းနေမယ်ဆိုရင် ကျေနပ်ပြီ"

"မောင့်ဘဝအတွက် ကြိုးစားရမှာပေါ့၊ မောင့်ရည်မှန်းချက်တွေ ဘာကြောင့်မှ အပျက်မခံပါနဲ့"

"ကျော့အတွက်ပါ၊ မောင့်ကိုတကယ်ချစ်ပြီလား"

ကျော့မျက်ရည်လည်ရင်း ခေါင်းကို တဆတ်ဆတ်ငြိမ့်ပြလိုက်သည်၊

"မောင်ကလည်း မချစ်ဘဲနဲ့ တစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ ဒီလောက်ခင်ခင်မင်မင်နေမလား၊ ကျော့စိတ်ထဲမှာ မောင်အမြဲ နေ့ခင့်ယှက်နေတာ မောင်မသိဘူး၊ အဲဒါကြောင့် တစ်ဖက်က မောင့်ကို အငြိုးတောင် ကြီးချင်တယ်။ ကျော့က ခေါင်းမာတတ်သူဆိုတော့ သူများကို အမြဲဆန့်ကျင်ရမှ ကျေနပ်တယ်၊ သူများကို မဆန့်ကျင်ရရင် ကိုယ့်ကိုယ်ကိုယ် ဆန့်ကျင်နေရမှ မောင့်ကို လိုက်လျောချင်စိတ်တွေနဲ့ ဆန့်ကျင်ချင်တဲ့စိတ်တွေက အမြဲ ပဋိပက္ခဖြစ်နေတာ ကျော့ကတော့ "ချစ်တယ်" ဆိုတဲ့စကားတစ်ခွန်းကို အဖိုးတန်လွန်းတယ်ထင်ပြီး အမြဲတွန့်တိုတယ်၊ မောင့်ဆီက ဒီစကားဟာ တိုတောင်းတဲ့ကာလမှာ လွယ်လွယ်ကူကူ ထွက်လာတော့ ပထမ အံ့ဩတာအမှန်ပဲ။ နောက် သံသယဖြစ်တယ် ကိုယ့်ကိုယ်ကိုယ် လေးစားတဲ့လူတစ်ယောက်ဟာ ဒီစကားမျိုးကို ပေါ့ပေါ့ တန်တန် မပြောနိုင်ဘူးပေါ့၊ တစ်ဖက်က မိန်းကလေးကိုလည်း မစော်ကားဘူး ဆိုရင်ပေါ့လေ"

"တော်ပြီ၊ တော်ပြီ၊ ကျော့ပြောလိုက်ရင် ဒီကအကောင့်မှာ ဘာသိက္ခာမှ မကျန်တော့ဘူး၊ ဟုတ်တယ် ဘာမှမစဉ်းစားတတ်လောက်အောင် ကျော့က မောင့်ကို ရီဝေစေတယ်၊ မြင်မြင်ချင်း မျက်စိထဲ ဖျောက်ဖျက်မရအောင် ချစ်သွားတယ်၊ မောင်လည်းမတတ်နိုင်ဘူး၊ အဲဒါ ကျော့မှာအပြစ်ရှိတယ်၊ ကျော့အပြစ်တွေကျေအောင် မောင့်ကို တစ်သက်လုံးချစ်ရမယ် ဒါပဲ"



ဟု သူက တင်းမာစူပုပ်စွာဆိုလေရာ ကျော့သည် စိတ်မဆိုးနိုင်ဘဲ ကြည်ကြည်နူးနူးနှင့်ပင်

"မောင့်ကိုချစ်တာပေါ့၊ သိပ်ချစ်တာပေါ့"

ဟု ပြောထွက်သွားလေသည်။ သည့်နောက်တော့ ကျော့တို့ ထွေထွေထူးထူး ပြောစရာမရှိတော့။

* *

နောက်တစ်နေ့တွင် "ကျော့ထူးမောင် ညှော့သည်" ဆို၍ ထွက်လာရာ ညှိခန်းမှာ ထိုင်စောင့်နေသော ဆရာ့ကို တအံ့သဩတွေ့ရလေသည်။ ဆရာ အဆောင်သို့ တစ်ခါမှမလာစဖူး၊ ဆရာတစ်ယောက်အနေနှင့် မိန်းကလေး အဆောင်တွေ လာလေ့လာထမရှိပေ။ ဘာအကြောင်းထူးရှိပါလိမ့်ဟု အံ့ဩ ထိတ်လန့်သော်လည်း ပြုံးချိုနေသော ဆရာ့မျက်နှာထားကြောင့် ဘာမှ မဖြစ် တန်ရာဟု စိတ်သက်သာရာရသည်။

"လာလေ ကျော့"

ဆရာက ကျော့မျက်နှာပေါ်က ဘာအရိပ်အကဲကိုမြင်သည်မသိ မတ်တပ်ရပ်၍ ခေါ်သည်။ ကျော့ဝင်ထိုင်ပြီးမှ ဆရာပြန်ထိုင်သည်။

"လာသာလာခဲ့ရတယ်၊ ကျော့ရှိမယ်တောင်မထင်ဘူး၊ တော်သေးတာ ပေါ့၊ စာကျက်နေရလို့ အဆောင်မြဲနေတာလား"

ဆရာ့နှုတ်ဆက်စကားကို ကျော့ အပြုံးနှင့်ပဲ တုံ့ပြန်လိုက်သည်။ ဆရာ ဘာကိစ္စနှင့် လာတာပါလိမ့်၊ အတွေးက ကြီးစိုးနေသည်။ ဆရာက စကားစရှာ သလို အတန်ကြာ တိတ်ဆိတ်နေသည်။ ကြာကြာနေချင်ပုံလည်းမပေါ်။

"ဆရာလည်း ဒီနေ့မှာ ဘုရားဖူးသွားလိုက်တယ်၊ ဆရာ့အမေ အသက် ကြီးလာပြီဆိုတော့ နောက်ပိုင်းနှစ်တွေမှာ မသွားနိုင်မှာစိုးလို့လေ၊ မြောက်ဦး ကျောက်တော်ဘုရားတွေ ဖူးချင်လို့ ဆရာ့ကို ပို့ခိုင်းနေတာ ကြာပြီ၊ ဒီနှစ်မှ ပို့ဖြစ်တော့တယ်၊ ခရီးတစ်ခေါက်ထွက်တဲ့အတူတူ ကိုယ့်ဇာတိသံတွဲကိုလည်း ဝင်ချင်တယ်ဆိုလို့ စစ်တွေကနေ သံတွဲကိုသွားခဲ့တယ်၊ သံတွဲမှာ တစ်ရက် နှစ်ရက်ပဲ မှန်းတာ၊ ထင်တာထက်ပိုကြာသွားတယ်၊ ကျော့တို့အိမ်ကိုလည်း ရောက်ခဲ့တယ်၊ အဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့စကား တစ်ချက်ဆိုင်းသွားသည်။

"ကျော့ဘိုးဘိုးနဲ့ ဆရာ့ဘိုးဘွားတွေက မိတ်ရင်းဆွေရင်းတွေ၊ အဲဒီခေါ် ကျော့နဲ့ ဆရာ့အမေကလည်း ငယ်ငယ်က သူငယ်ချင်းတွေဖြစ်နေတယ်၊ အရိုးနုက မပြန်ပါနဲ့အတင်းဆွဲထားလို့ ကင်းမော်မှာ တစ်ရက်နေခဲ့ရသေးတယ်၊ ဆရာတို့ရောက်သွားတော့ ကျော့တို့ ကျောင်းပြန်သွားတာ သုံးရက်လောက်ပဲ ရှိသေးတယ်တဲ့၊ ဆရာနဲ့ ကပ်လွဲသွားတယ်၊ ဆရာ့မှာလည်း ခွင့်ရက်ထက်တောင် ပိုသွားတယ်၊ ဒီမှာ ကျော့အတွက်လက်ဆောင်၊ စားစရာတွေပါ ယူလေ"

"ကျေးဇူးတင်ပါတယ် ဆရာ"

ဆရာ ကျော့အတွက်ကို တကူးတက အဆောင်ထိရောက်အောင် လာပေးတာကို အားတုံ့အားနာဖြစ်နေမိသည်။ ကျော့ခန္ဓာကိုယ် ဆရာ့ရှေ့မှာ အလိုလို ကျုံ့ဝင်နေသလို ခံစားရကာ ဆရာ့ကိုလည်း ကျောင်းသူတွေ အဝင်အထွက်မရှုပ်ခင်မှာ ခပ်မြန်မြန် ပြန်စေချင်သည့်ဆန္ဒ ဖြစ်ပေါ်နေသည်။

"ကျော့ ညစာမစားရသေးဘူးလား၊ ဆရာနဲ့ အပြင်မှာ သွားစားရအောင်၊ ဆရာကျွေးပါရစေ၊ လာပါ"

ဆရာ့အမူအရာနှင့် လေသံတို့ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည်။ ဆရာနှင့် ကျော့ကြားမှာ စည်းကြောင်းမျှင်မျှင်လေးတစ်ခုခြားကာ မကြာခင် အဝေးကြီးဝေးကွာတော့မလို ခံစားမိရ၏။ ဆရာက တုံ့ဆိုင်းဆိုင်းနှင့် ခြေလှမ်းပြင်ကာ ကျော့ကို လှည့်ကြည့်သည်။ လာလေဟု အမိန့်ပေးဟန်နှင့်အတူ တောင်းပန်တိုးလျှိုးဟန်ပါ ရောပြွန်းနေသည်။ ပြီးတော့ တံခါးကို အသင့်ဖွင့်ကာ စောင့်နေသည်။

"ဆရာ ကျော့အဝတ်အစားတွေ"

"လာပါ၊ ဒီအတိုင်းလိုက်ခဲ့၊ ကားနဲ့သွားမှာပဲ"

ကျော့ ဆရာ့ကိုမလွန်ဆန်နိုင်စွာ ရှပ်အင်္ကျီဖားဖား၊ မျက်နှာပြောင်နှင့် ပါသွားသည်။

ဆရာက လူငယ်လေးတစ်ယောက်လို နုပျိုရွှင်လန်းနေသည်။ အမြဲ သေသပ်ပိရိစွာ နောက်လှန်ဖြီးထားလေ့ရှိသည့် ဆရာ့ဆံပင်နက်နက်တွေက နဖူးပေါ် ဝဲကျနေသည်။ ဆရာ့နှုတ်ခမ်းတွေ ပြုံးနေသည်။ မျက်လုံးတွေက အဓိပ္ပာယ်တစ်ခုကို ဆောင်နေသည်။ ဆရာ တစ်ခုခုတော့ ထူးနေပြီ၊ ကျော့ကိုလည်း



အေးအေးဆေးဆေး စကားပြောစရာရှိသည်ဟုဆိုသည်။

ဆရာက သူပြောမည့်စကားတွေကို စဉ်းစားနေသည့်အလား ငြိမ်သက်နေသည်။ ကျော့ တဖြည်းဖြည်း စိတ်လှုပ်ရှားလာသည်။ ဒီကိစ္စမျိုးမှာ အလိုလို ဘာတ်သိသည့် မိန်းမတို့ရဲ့အတွင်းသဘောတစ်ခုကို ကျော့ စိတ်ပင်ပန်းစွာ သတိပြုမိသည်။ ဆရာနှင့်ကျော့ စကားတွေ အမြဲတမ်း ပြောစရာရှိပြီး ပြောနေကြတာပဲ၊ အခုမှ ထူးပြီး ဆရာ့မှာ ပြောစရာရှိတယ်လို့ အစချီလာတာဟာ တုန်လှုပ်စရာမကောင်းဘူးလား။ ဝတ္ထုတွေ ရုပ်ရှင်တွေမှာ ဒီစကားနဲ့ပဲ အစချီလေ့ရှိတာပဲ မဟုတ်လား၊ ဟင်း...၊ ဒီလိုသာဆိုရင် ဆရာအစချီတဲ့နိဒါန်းစကားက ရိုးစင်းပြီး တုံးလိုက်တာ၊ ဒါပေမယ့် စကားဆိုတာ အမျိုးမျိုးဖြစ်နိုင်တာပဲဟု ကိုယ့်ဟာကိုယ် လှည့်ပတ်တွေးလိုက်သည်။

စားသောက်စရာတွေ မှာပြီးသည်ထိ ဆရာ ဘာမှမပြောသေး။ လက်ချောင်းများဖြင့် စားပွဲကို တဒေါက်ဒေါက်ခေါက်နေသည်။ ကျော့ အနည်းငယ် ကြောင်အမ်းစပြုသည်။ သို့သော် ကျော့ထင်သလိုမဟုတ်။

ဆရာက ချက်ချင်း သူ့ဟန်အတိုင်း ပြုံးပြုံးရယ်ရယ်ဖြစ်လာကာ ရခိုင်ခရီးစဉ်နှင့် ရခိုင်မှာစားခဲ့ရသည့်ဟင်းတွေအကြောင်း၊ ဆွေမျိုးတွေအကြောင်း ပြောသည်။ နောက်လည်း ဆရာမှာ တခြားပြောစရာတွေ အများကြီးရှိနေတာ တွေ့ရသည်။ ထမင်းစား၍သာပြီးသွားသည် ကျော့စိတ်ထဲ တစ်မျိုးထင်နေတာ ပျောက်ပျက်မသွားဘဲ ပိုက်ပိုက်နိုက်နိုက် မစားနိုင်ပေ။ အပြန်မှာတော့ ဆရာက ထူးထူးဆန်းဆန်း နှုတ်ဆိတ်နေပြန်သည်။

ကျော့ကို အဆောင်ပြန်ပို့ကာ 'ဆရာသွားမယ်နော်'ဟု နှုတ်ဆက်သည်အထိ ဆရာ့ကို ဆရာမဟုတ်ဘဲ တခြားတစ်ယောက်လို မြင်နေမိသည်။ ကျော့ကိုကြည့်၍ နှုတ်ခမ်းကိုစေ့ပိတ်ကာ လုပ်ယူထားသောအပြုံးတစ်ခုကို ပြုံးသည်။ ဆရာ့ကားထွက်သွားသည်ထိ ကျော့ ငူငူငိုင်ငိုင်ရပ်နေမိသည်။

နောက် သိပ်မကြာခင်မှာပဲ မေမေ့ဆီမှ စာတစ်စောင်ရောက်လာသည်။ ကျော့ ဝမ်းသာအားရ ဖောက်လိုက်သည်။ မေမေ့စာကို တစ်ယောက်တည်း အေးအေးဆေးဆေး ဖတ်ချင်တာကြောင့် အခန်းသို့ ပြန်ခဲ့သည်။ ကုတင်ပေါ်တက်၊ အိပ်ရာမှာလှဲပြီးမှ ကျကျနန ဖတ်သည်။

"ကျော့"

www.burmeseclassic.com

www.burmeseclassic.com



မေမေစာရေးလိုက်တယ်။

မေမေစာရေးတိုင်း ဒီလိုပဲ အစချီတတ်သည်။ သတိရတာတွေ အောက်မေ့တာတွေ သိပ်ထည့်ရေးလေ့မရှိပေ။ မေမေ့လက်ရေးက သေးသေး ညီညီလေးတွေဖြစ်သည်။ မေမေ့အငွေ့အသက်တွေပါသည့်စာကို ဖတ်ရသည် နှင့်ပင် ကျော့ရင်ထဲ နွေးသွားသည်။

"နေကောင်းရဲ့လား၊ အိမ်မှာလည်း အားလုံးသူနေကောင်းကြတယ်၊ စာမေးပွဲအတွက် အဆင်သင့်ဖြစ်ပြီလား၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ တော်ကြာ စာမေးပွဲနီးမှ နေထိုင်မကောင်းဖြစ်နေဦးမယ်၊ စာမေးပွဲတုန်း စားရအောင် မေမေ အကြော်အလှော်တွေ လုပ်ပေးလိုက်တယ်၊ ပွင့်တစ်ယောက်ကော အဆင်ပြေတယ်တဲ့လား၊ အိမ်ကိုလည်း စာလေးဘာလေးရေးကြပါဦး"

"ဆရာဦးဘုန်းမြင့်နှင့် သူ့အမေလည်း မေမေတို့ဆီ လာလည် သွားသေးတယ်၊ ဆရာကပြောတယ်ပါလား၊ ကျော့ စာတွေသိပ်ရေး နေတယ်ဆို၊ ကိုယ်လုပ်ချင်တာတွေရှိလည်း စာမေးပွဲပြီးမှပဲလုပ်ပါ ကျော့ရယ်၊ ဆရာက ကျော့ အန္တာ တော်တော်စံမယ့်ပုံပဲ၊ ဆရာ့ အမေက ကျော့ကို သမီးတော်ချင်နေပုံရတယ်၊ ကြည့်ရတာ ဆရာက လည်း ဆန္ဒရှိပုံရတယ်၊ မမနုကတာဆင့်ပြောလာတာ၊ အားလုံးကတော့ ဝမ်းသာအားရပဲ၊ ဘိုးဘိုးနှင့်ဘွားဘွားကြီးကလည်း ကိုယ့်မိတ်ဟောင်း ဆွေဟောင်းတွေထဲကဖြစ်လို့ ပိုလို့တောင်ဝမ်းသာနေသေးတယ်၊ သူတို့ကလည်း စကားအရိပ်အမြွက်လောက်ပဲ ပြောတာပါ၊ ချက်ချင်း ကြီးလည်း မဟုတ်သေးပါဘူး၊ အားလုံးက ကျော့ကို အလေးထားပြီး ကျော့သဘောကိုပဲ စောင့်ကြမှာပါ၊ မေမေတို့ကတော့ ဘာမှပြောစရာ မရှိဘူး၊ ကျော့ဆန္ဒကိုလွန်ပြီး အတင်းလည်း မတိုက်တွန်းဘူး၊ ဒါကို ဆရာကလည်း သဘောတူတယ်၊ ကျော့ သဘောသက်သက်ပါတဲ့"

"ဒီစာကို မေမေ မရေးမဖြစ်လို့ရေးတာပါ၊ စာမေးပွဲနီးမှ စိတ် အနှောင့်အယှက်ဖြစ်နေမှာလည်းစိုးတယ်၊ ဖေဖေကတောင် အိမ်ပြန် ရောက်မှဖွင့်ပြောဖို့ ပြောသေးတယ်၊ မေမေကတော့ ကျော့ စောစော ကြိုသိထားရင် ကောင်းမယ်ထင်လို့၊ ဆရာကပြောလာတဲ့အခါ



မှာလည်း ကျော့ ပြင်ဆင်ပြီးသားဖြစ်တာပေါ့၊ တစ်ချိန်မဟုတ်တစ်ချိန် သိလာမှာပဲလေ"

"ဆရာ့အမေက လော့ချင်ပေမယ့် ဆရာကတော့ ကျော့ ကျောင်းပြီးပြီဆိုရင်တောင် အချိန်ယူဦးမယ့်ပုံပဲ"

* *

စသဖြင့်...စသဖြင့် ဖတ်ရရာ ကျော့သည် အိပ်ရာထဲတွင် ငှမ်းခွေ၍ သွားလေသည်။ စာကို ပြန်ခေါက်ထည့်ပြီးနောက် ရဝေတို့ပြန်လာသည်ထိ လှုပ်မယှက် ငြိမ်နေမိသည်။ အဆောင်မှာ လူစုံတော့ အသံတွေကဆူလာသည်။ နေ့လည်က နေပူရှိန်နှင့် စိတ်ရှုပ်ထွေးမှုတို့ရောကာ ခေါင်းကလည်း အဆမတန် ဆိုးကိုက်လာသည်။ ရေချိုးခန်းထဲဝင်ပြီး ရေပန်းအောက်မှာ ခေါင်းကို အကြာ ကြီးစိမ်ထားမိသည်။ အော်ငိုလိုက်ချင်သည်။ ရေပန်းမှ ရေကျသံတွေနှင့်ရော၍ တစ်ချက်ရှိုက်ကာ ညည်းမိသည်။ သို့သော် ကျော့ငိုလို့မရ။ စိတ်ထဲမှာ ပူလောင် နောက်ကျိပြီး ရှုပ်ထွေးနေတာသာရှိသည်။

ကျောင်းမှာ ဆရာ့ကိုတွေ့ရတာကတော့ ဘာမှထူးခြားမှုမရှိ၊ အခါ တိုင်းလိုပဲဖြစ်သည်။ ကျော့ငိုင်နေတာတွေ့၍တောင် ဆရာက "ဘာဖြစ်လဲ၊ နေမကောင်းဘူးလား"ဟု စိုးရိမ်စိတ်နှင့် မေးသေးသည်။ ဆရာသည် ကျော့၏ စာကျက်ရသည့်အလုပ်အပေါ် များစွာအလေးအနက်ပြုနေတာကို ကျော့သတိ ထားမိသည်။

ကျော့တို့တစ်သိုက်ကို ဆရာက ကျောင်းနှင့်အနီးဆုံးဖြစ်သည့် ဆရာ ဦးထွန်းမင်းအိမ်မှာ စာရှင်းပြသည်။ အပြန်တွင် ဖြိုးတို့က လှည်းတန်းဈေးမှာ ဈေးဝယ်ရန် ကျန်ခဲ့သည်။ ဆရာနှင့်ကျော့ ကျောင်းထဲသို့ပြန်ဝင်ပြီး ဒဂုံဆောင် ရှေ့မှ ဖြတ်လျှောက်ကာ အမိပတိလမ်းအတိုင်း လျှောက်လာခဲ့သည်။ ကျော့သည် ရှေ့သို့ စူးစူးစိုက်စိုက်ကြည့်ကာ လျှောက်လာသည်။ ဘေးမှာ ဆရာပါတာကို မေ့မေ့နေကာ ကိုယ့်အတွေးနှင့်ကိုယ်ရှိနေ၏။ မေမေ့စာပါအကြောင်းအရာများ သည် ကျော့ခေါင်းထဲမှာ လုံးထွေးရစ်ခွေနေတုန်းပင်။

ဆရာက "တစ်ခုခုစားဦးမလား" မေးတာကို ကျော့က "မစားတော့ ဘူး"ဟု ပြောလိုက်သည်။ ဆရာ့မျက်နှာကို လှည့်ကြည့်မိတဲ့ တစ်ခဏမှာတော့

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ဆီက စာလာတယ်"ဟု မပွင့်တပွင့် ပြောဖြစ်သွားသည်။

"ဟုတ်လား"ဆိုပြီး ဆရာလည်း တိတ်ဆိတ်သွားသည်။

"ခဏထိုင်ရအောင်လားဆရာ"

ကျော့က ရေတမာပင်အောက်ရှိခုံကိုညွှန်ပြရင်း ရှေ့ကလျှောက်သွားလိုက်သည်။ ကျော့ထိုင်ပြီးသည်ထိ ဆရာဝင်မထိုင်။ လက်နှစ်ဖက်နောက်ပစ်ကာ ကျော့နှင့် ခပ်လှမ်းလှမ်းမှာရပ်ရင်း တက္ကသိုလ်ရိပ်သာလမ်းဘက်သို့ ငေးကြည့်နေသည်။

"ကျော့တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

"ခဏမေ့ထားလိုက်ပါကျော့" ဆရာက သိနားလည်စွာပြောသည်။

ကျော့အသံက ကြေကွဲဆိုနင့်ကာ "ဟင့်အင်း"ဟုသာ ပြောနိုင်တော့သည်။

"ကျော့ ဘာမှမသိဘူးလို့ပဲ မှတ်ထားလိုက်ပါ၊ ဆရာတောင်းပန်ပါတယ်၊ စာမေးပွဲပြီးမှ ဆရာတို့ ဒီစကားကိုဆက်ရအောင်၊ အဲဒီတော့မှ ဆရာ့ကို စိတ်ဆိုးချင်လည်းဆိုး ဟုတ်ပြီလား"

"ကျော့ ခေါင်းထဲက ဘယ်လိုလုပ်ထုတ်ပစ်လို့ရမှာလဲ၊ စာမေးပွဲလည်း ကျော့ဖြေလို့ရတော့မှာမဟုတ်ဘူး"

"ခက်တာပဲ" ဆရာက သက်ပြင်းတစ်ချက်ချကာ ကျော့ကိုကြည့်သည်။ "လာပါ၊ သွားကြစို့"ဟုခေါ်သည်။ ကျော့ကမလှုပ်၊ ခဏနေတော့ ဆရာက ကျော့နှင့်မလှမ်းမကမ်းမှာ ဝင်ထိုင်သည်။

"ရုတ်တရက်တော့ ကျော့စိတ်ထဲ လက်မခံနိုင်အောင်ဖြစ်နေမှာပေါ့၊ ဆရာတို့က ဆရာတပည့်၊ အသက်လည်းကွာတယ်မဟုတ်လား၊ ကျော့ကို ဆရာ ဘယ်လိုပြောထွက်နိုင်မလဲ၊ ဆရာ့မှာ စဉ်းစားခဲ့ရပေါင်းလည်း များလှပြီ၊ အစတော့ ကျော့ကျောင်းပြီးအောင် စောင့်မလို့ပဲ၊ ကျော့ကို စိတ်အနှောင့်အယှက်မဖြစ်စေချင်တာလည်းပါတယ်၊ သံတွဲမှာ လူကြီးတွေဆုံကြတော့ ဘယ်လိုကဘယ်လို ပြောဖြစ်ပြီး ပေါ်သွားမှန်းတောင်မသိလိုက်ဘူး"

ကျော့ ခေါင်းခါလိုက်သည်။ ဆရာနှင့်ကျော့ကြားက လက်ရှိအပြောင်းအလဲကို မယုံကြည်နိုင်စွာဖြစ်နေတုန်းပင်။ ဆရာ့အသံက နီးလာလိုက်၊ဝေးသွားလိုက် ဖြစ်နေသည်။ နူးညံ့ချိုသာတဲ့ ဆရာ့မျက်လုံးတွေမှာ ကျေနပ်ရောင်တစ်မျိုး



သွှမ်းနေတာ ကျော့မကြည်ဖြူနိုင်ဘဲ ဖြစ်နေသည်။

စိတ်ထဲမှာ ငိုချင်ခြင်းနှင့်အတူ ဆရာ့ကို ဘာမှပြန်မပြောနိုင်ဘဲ ဆွံ့အနေ၏။ ကျော့ဟာ တစ်ယောက်တည်းမပြေလည်နိုင်တဲ့ကိစ္စတွေကို ဆရာပဲ ပြေလည်အောင်ဖြေရှင်းပေးတာ၊ ဆရာဟာ ကျော့အတွက် အားကိုးယုံကြည်စရာ ကောင်းသူပါ၊ အခုကိစ္စကို ကျော့ပြေလည်အောင် မဖြေရှင်းတတ်တာအမှန်ပါ၊ ဆရာ့ကိုတော့ အားကိုးလို့ရမည်မဟုတ်တော့၊ ဆရာနှင့်ပတ်သက်လာတဲ့ကိစ္စမှာ ဆရာ့ဆန္ဒအတိုင်း စီရင်ချက်ချတော့မှာလား၊ ဟင့်အင်း၊ ဆရာ့ကိုတော့ အားနာပါတယ်၊ ဆရာ့ကို လေးစားမှုကတော့ တစ်ပြားသားမှ လျော့မသွားဘူး။

"မဖြစ်နိုင်ဘူးဆရာ"

"ဟုတ်ပါတယ်၊ အခုမဖြစ်နိုင်သေးပါဘူး၊ ကျော့ကို ဆရာအချိန်ပေးမှာပါ"

ဆရာက ယုံကြည်စိတ်ချဟန်အပြည့်၊ ဆရာ့ကို စောဒကမတက်ရဲ၊ အတန်ကြာမှ ကျော့ကိုယ်ကျော့ ပြောသလို ပြောနေမိသည်။

"ကျော့ဟာ ကလေးလိုလုပ်နေလို့ မရတော့ဘူး၊ ကိုယ်တိုင်ဖြေရှင်းမှ ပြေလည်နိုင်မယ့်ပြဿနာတွေ ကျော့ရင်ဆိုင်လာရပြီ၊ လူကြီးတွေကို အားကိုးတဲ့အကျင့်လည်း ဖျောက်တန်သလောက် ဖျောက်သင့်ပြီလို့ထင်တယ်၊ ဒါပေမယ့် ဆရာနဲ့ ကျော့ကြားမှာ အခုလိုအနေအထားမျိုးကြီး ရှိနေတာတော့ ကျော့မလိုချင်ဘူး"

"ဒါလေးများကျော့ရယ်"

ဆရာက သူ့ဟန်အတိုင်း အလွယ်တကူ ရယ်မောရွှင်ပြစပြုသည်။

"ဆရာဟာ ကျော့ရဲ့ဘက်တော်သားပါ၊ ဆရာ့ကိုတောင် အယုံအကြည် မရှိတော့ဘူးလား"

ဆရာက စကားမြန်မြန်ပြီးပြတ်စေချင်ဟန်နှင့်ဆိုသည်။ ကျော့ ဆရာ့ကို အားတုံ့အားနာဖြစ်သွားသော်လည်း စကားအပြတ်မခံနိုင်ဘဲ ဆက်ပြောဖို့ အသင့်ဖြစ်နေတာ တွေ့ရသည်။

"သိပ်အရေးကြီးတာတစ်ခုကို ဆရာ ဘယ်မှာသွားထားလဲ"

ကျော့ အရဲစွန့်၍ ပြောလိုက်သည်။ အားနာစိတ်နှင့် ဆရာ့ကို မကြည့်ရဲ၊ ပြတ်ပြတ်သားသား မပြောရဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာက မျက်ခုံးနှစ်ဖက်ကို မြှင့်လိုက်ပြီး ကျော့ကို အကဲစမ်းသလို ပြောသည်။

"ဘာလဲ ကျော့သိပ်အထင်ကြီးတဲ့ အချစ်ဆိုတာကိုလား၊ စိတ်ကူးယဉ်ချင်တုန်းပဲလား ကလေးမ၊ ကျော့လိုချင်တာကို ကျော့ ကျေနပ်ပျော်ရွှင်တာထက် လွန်အောင် ဆရာပေးနိုင်တယ်ဆိုရင်ကော"

ပြောလေ၊ ပြောလေကျော့၊ ကျော့ဟာ နှစ်ဆယ်ရွှန်းပြီး လူကြီးတစ်ယောက်ဖြစ်နေပြီ၊ ပြီးတော့ မောင့်ကိုချစ်တယ်လေ၊ ဒီကိစ္စပြေလည်မှုဖြစ်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးမိသည်။

"ဆရာက ကျော့အတွက် မစဉ်းစားပေးတော့ဘူးလား၊ ဆရာပေးစွမ်းနိုင်တာကိုတော့ ဆရာ့ကို ရိုသေလေးစားစွာနဲ့ ကျော့လက်ခံနိုင်ပါတယ်၊ ဒါပေမယ့်ဆရာ ကိုယ်ပေးအပ်ထားသလောက် ပြန်မပေးနိုင်စွမ်းတဲ့သူကို ဆရာ ဘယ်လောက်ကြာကြာ ကြည်ဖြူနိုင်မလဲ၊ ဟို ဆရာ့အတွက် ကျော့စဉ်းစားပေးတာပါ၊ ကျော့မှာ သိပ်ချစ်ရတဲ့သူတစ်ယောက် ရှိနေတယ်လေ၊ ဒီနေရာမှာ ဆရာနဲ့ ကျော့တူနေပြီ၊ ဆရာကလည်းပေးချင်သူ၊ ကျော့ကလည်းပေးချင်သူပဲ"

ဆရာက တယ်ဟုတ်ပါလားဆိုသည့်အကြည့်နှင့် ကျော့ကိုကြည့်သည်။ ဆရာဟာ ကျော့ကိစ္စတွေကိုဆို အမြဲတမ်း ကလေးတစ်ယောက် ကစားတယ်လို့ပဲ မြင်သလားမသိ၊ ကျော့နှင့်မောင် ဘယ်လောက်ချစ်ချစ် သူ့အတွက် အရေးမကြီးသည့်ဟန်နှင့်။

"ထင်တယ်ပေါ့၊ သိပ်ချစ်ရတဲ့သူတစ်ယောက်ရှိနေတယ်လို့ ထင်တယ်ပေါ့၊ အထင်အမြင်နဲ့ စိတ်အလိုလိုက်မှုတစ်ခုဟာလည်း အခန့်မသင့်ရင် အထင်ကြီးစရာဖြစ်တတ်တယ်၊ ကိုးကွယ်ချင်စရာဖြစ်တတ်တယ်"

ဆရာသိပ်အထင်သေးတာပဲ၊ အချစ်ကိုမသိလို့ လူပျိုကြီးဖြစ်နေတာ၊

"ဒီအရွယ်မှာ ဒီကိစ္စမျိုးကြုံရတာ မဆန်းပါဘူး၊ သာယာကြည်နူးမှုကိုလည်း အချစ်လို့ထင်တတ်တယ်၊ တကယ်တော့ လက်တွေ့မကျတဲ့အချစ်ပဲ၊ ပေါင်းစပ်လို့မရတဲ့အချစ်၊ နီးစပ်မှုတစ်ခုရှိပြီး ယောက်ျားလေးကစလာရင် မိန်းကလေးဆိုတာ ပါတတ်တာပဲ"

"မဟုတ်ဘူး၊ ကျော့က အရင်စတာ"

ကျော့က အသံကျယ်ကျယ်နှင့် ဝင်ပြောလိုက်တော့ ဆရာက ပြက်လုံး



တစ်ခုကြားရသလို ရယ်ပါသည်။ ဆရာ့ကို စကားပြော၍ ကျော့မနိုင်တော့။

"ချစ်တာနဲ့လက်ထပ်တာဟာ တစ်ခြားစီပါကျော့၊ ချစ်တာက တစ်ခဏအတွက်၊ လက်ထပ်တာက ဘဝတစ်ခုလုံးအတွက်၊ စဉ်းစားပါ၊ ဘဝတစ်ခုလုံးအတွက် စဉ်းစားပါကျော့"

ကျော့ အော်ငိုချင်လာသည်။ ဆရာနှင့်မှ ကျော့ဘဝလုံခြုံမယ် ထင်သလား။

ကျော့ အသက်ဝဝရှူလိုက်သည်။ နောက်ဆုံးတော့ အသံတုန်တုန်လေးနှင့်

"ဆရာ့ကို ကျော့ လေးစားမှုအပြည့်ရှိပါတယ်၊ ဆရာ့ကို ကျော့မချစ်လို့ပါဆိုတဲ့အချက်တစ်ချက်နဲ့တင် ကျော့ ဒီကိစ္စကို လက်မခံနိုင်ပါဘူး၊ ဆရာဟာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပါ၊ ဆရာ့အနားမှာ ဝိုင်းဝိုင်းလည်နေကြတာပဲ၊ ဆရာ လူရွေးမမှားပါနဲ့၊ ကျော့ဟာ ဆရာနဲ့မထိုက်တန်တာတော့ ကျော့ကုသိုလ်ကံပါ၊ ကျော့ အခုလိုကြားရတာ ဝမ်းလည်းနည်းတယ်၊ စိတ်လည်းမကောင်းဘူး၊ ဆရာ့အတွက်ရော ကျော့အတွက်ရောပေါ့၊ ကျော့က ချစ်တဲ့သူနဲ့ မပေါင်းရလည်း အကြောင်းမဟုတ်ဘူး၊ မချစ်တဲ့သူကို လက်ထပ်ရပြီး တစ်ဖက်သားကို သိသိကြီးနဲ့ ဒုက္ခမပေးချင်ပါဘူး"

"ဒုက္ခ အေးလေ ထားပါတော့၊ ကျော့ပြောတဲ့ဒုက္ခဆိုတာ ဆရာချေဖျက်ရမယ့်တာဝန်ပါ၊ ကျော့မပူနဲ့၊ ဆရာပြောပြီးပြီပဲ၊ ကျော့ကို ဆရာအချိန်ပေးမှာပါ၊ ကျော့ ရင့်ကျက်အောင် ဆရာစောင့်နိုင်တယ်၊ ဆရာအသက် လေးဆယ်ကျော်ချင်ကျော်သွားပါစေ၊ ဆရာ့မှာလည်း တရားမျှတစွာ မျှော်လင့်ခွင့်ရှိသလောက် မျှော်လင့်လို့ရပါတယ်ကွယ်၊ ကျော့ကို စိတ်အနှောင့်အယှက်ပေးမိတာတော့ ဆရာ တောင်းပန်တယ်၊ ဒီနေ့ကစပြီး ဒီစကားကို ကျော့ခေါင်းထဲကထုတ်ထားလိုက် ဟုတ်လား၊ ကျော့ ဒီအကြောင်းကို စိတ်အေးအေးနဲ့ ပြန်စဉ်းစားနိုင်တဲ့ တစ်ချိန်ချိန်အထိပေါ့၊ ကျော့ သူ့ကိုမေ့သွားတဲ့ အထိပေါ့"

ဆရာက ကျော့ကို ပြုံးထေ့ထေ့နှင့်ကြည့်ကာ ထိုစကားကို တမင်ထည့်ပြောသည်။

"ဆရာစိတ်ရှည်တယ်၊ ဖွဲကောင်းတယ်ဆိုတာလေးလည်း ကျေး မေ့မထားနဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျော့အံ့ဆမတန် ငိုချင်သွားသည်။ မောင့်ကိုမေ့ဖို့ဆိုတာ ဒီကမ္ဘာပေါ်မှာ ကျော့ စဉ်းစားလို့မရတဲ့အရာတစ်ခုပါ၊ ဒါကို ဘယ်သူနားလည်နိုင်မလဲ၊

အပြန်တွင် ကျော့က "ဟင့်အင်း" ဟုခေါင်းတခါခါနှင့် ငြင်းမြဲဖြစ်သော်လည်း ဆရာကတော့ ရယ်၍သာနေသည်။

"ဆရာပြောတာတွေဟာ ကျော့စဉ်းစားနိုင်ဖို့ ထောက်ပြတာတွေပါ၊ ကျော့ပျော်ရွှင်မှုက ကျော့အပေါ်မှာပဲ တည်ပါတယ်၊ ကျော့ ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် နိုင်မာပြတ်သားတဲ့ကျော့ကိုပဲ ဆရာက ဝမ်းပန်းတသာကြိုဆိုမှာပါ"

ဆရာက သာယာညင်းပြောင်းစွာ ထပ်ဆိုသည်။ ဆရာ့အပြုံးမျက်နှာကို ကြည့်ရင်း ကျော့ကို သတ္တိမွေးပေးသလို ခံစားမိလာသည်။ ဒီလိုဆိုရင်တော့ ဆရာ့ကို ကျေးဇူးတင်ရမှာပဲ။

"ဆရာ ဘာမှမဖြစ်ဘူးနော်"

"ဘာဖြစ်ရမှာလဲ" ဆိုသည့်အဖြေကိုရသည်။

"ကျော့ ဘယ်လိုပဲဆုံးဖြတ်ဆုံးဖြတ်နော်"

ဆရာက အလွယ်တကူပဲ ရယ်မောကာ "ဆရာ့ဘက်က ပြောစရာရှိတာ ပြောပြထားတာ၊ ဆုံးဖြတ်ရမှာက ကျော့ပဲ၊ အချိန်တွေအများကြီး ရှိပါသေးတယ်ကွယ်၊ စိတ်မပူနဲ့ ကလေးမ၊ ဆရာက လောကကြီးမှာပျော်အောင် ဘယ်လိုနေရမယ်ဆိုတာ သိတဲ့သူပါကွယ်၊ ဆရာ့အတွက်မပူနဲ့"

ဆရာက ကျော့ထိပ်ကိုလှမ်းပုတ်လိုက်တော့ ကျော့ ဇက်ပုကာ ပြုံးရယ်စပြုသည်။ ဟုတ်တယ်၊ ဆရာဟာ ဘယ်အချိန်မဆို ခင်မင်နှစ်လိုဖွယ်ကောင်းနေတာပဲ၊ ဆရာနှင့်တစ်သက်လုံး ဒီလို ခင်ခင်မင်မင်နေရဖို့ကို ကြိတ်၍ဆုတောင်းနေမိသည်။

ဆရာ့ဆွေမျိုး ဘိုးဘွားများမှာ သံတွဲမြို့မှ မြို့မျက်နှာဖုံးလည်းဖြစ် ဘိုးဘိုးနှင့် စီးပွားတူမိတ်ဆွေတွေလည်းဖြစ်ပြန်ဆိုတော့ ဆရာ့လို လူ့ယဉ်ကျေးခေတ်ပညာတတ်၊ အခြေအနေကောင်းသူတစ်ယောက်ကို မိသားစုအဖြစ် အလွယ်တကူ လက်ခံမည်မှာမဆန်း၊ ဖေဖေ မေမေက ကျော့သဘောကို မစောဒကတဲ့ စကားလွန်မည်မဟုတ်၊ သို့သော် ကျော့အတွက် စိတ်တစ်မျိုးအေးရတာပဲဟု ဝမ်းမြောက်မှုနှင့် စိတ်ချလက်ချ ဖြစ်နေပေမည်။

ဒေသစွဲ ပုဂ္ဂိုလ်စွဲရှိကြသည့် ကျော့မိသားစုရဲ့ အစဉ်အလာအရတော့



ဗညိုဟာ ဆရာနှင့်စာလျှင် အစိမ်းသက်သက်ဟုသာ မြင်ပေမည်။

မောင်ဟာ ဆရာ့ကို ဘယ်လိုမှ ယှဉ်နိုင်မည်မထင်၊ အင်အားကြီးတွေ နစည်းနေတာကတစ်ဖက်၊ ကျော့တစ်ယောက်တည်းကတစ်ဖက်၊ ကျော့က မောင့်အတွက်နှင့် အိမ်မှာအတိုက်အခံပြောရမည်လား၊ နဂိုကမှ ပစ္စည်းတစ်ခုခု ဝယ်လျှင်တောင် မေမေကြိုက်ပါ့မလား၊ ကျော့ကြိုက်တာ မေမေမလိုလားမှာ အမြဲစိုးရိမ်ပူပန်တတ်တဲ့သူလေ၊ မေမေကကော ကျော့ရဲ့စကားကို အရေးတယူ စဉ်းစားပါ့မလား၊ ကျော့က အိမ်မှာ လူကြီးမိဘတွေကို ဆန့်ကျင်ဖို့ ပြင်ဆင်ရလောက်အောင် မောင်ဟာ ကျော့အတွက် အားကိုးထိုက်သူ ဖြစ်ပါစေကွယ်၊ ကျော့ရဲ့ လူလားမြောက် ရင့်ကျက်မှုကိုပဲ အားကိုးရတော့မယ်၊ သမီးတစ်ယောက်ရဲ့ ရင့်ကျက်ပီပြင်လာမှုကိုတော့ မေမေ လျစ်လျူရှုနိုင်မယ် မထင်ပါဘူး။

* *

စာမေးပွဲတစ်လျှောက်လုံး ဆရာက ကျော့ကို ဂရုတစိုက်ရှိလှသည်။ ကျော့သည် ဆရာဂရုစိုက်လွန်းသည်ကို တစ်ပါးသူတွေသိမြင်မှာ အလိုလို စိုးရိမ်နေ၏။

မိုးမရွာပဲ အိုက်စပ်လှသည့် ဇွန်လ၏ နေ့တစ်နေ့မှာ စာမေးပွဲဖြေ၍ပြီးသည်။ မနှစ်က စာမေးပွဲပြီးသည့်နေ့မှာ မောင်နှင့်အတူ မြို့ထဲလျှောက်လည်ခဲ့တာကို အမှတ်ရသည်။

ကျော့က မောင်သွားမည့်နေ့ရောက်အောင် မစောင့်ဘဲ အိမ်ပြန်ရန် စီစဉ်သည်။ မောင့်ကိုလိုက်မပို့ချင်တော့၊ တကယ်တမ်းတော့ ကျော့မှ ကျန်ရစ်သူ မဖြစ်ချင်ဘဲ။ စိတ်ရောကိုယ်ပါ အနားယူချင်လှပြီ။ မောင့်ကိုလှမ်းဖို့ အတွေးတစ်ချက်နှင့်ပင် ရင်မှာနင့်နေပြီ။ ကျော့တောင့်တနေတာ ကင်းမော်တစ်ခွင်၊ အိမ်နှင့် အေးချမ်းဆိတ်ငြိမ်မှုရှိသော ချောင်ကလေးတစ်ချောင်။

သူသွားအောင်တောင် မစောင့်ဘဲ ကျော့က အရင်ပြန်နှင့်မည်ဆိုတော့ မောင် တော်တော် အံ့သြသွားသည်။

ကျော့လက်နှစ်ဖက်ကို သူ့ပခုံးပေါ်တင်၍ ကျော့ သူ့အားနှစ်သိမ့်ဖို့ စကားအလှပြောဖို့ စဉ်းစားသည်။

"အဲဒီနေ့ဟာ ကျော့ဘဝမှာ မရှိရင်ကောင်းမယ်၊ ကျော့ တစ်နည်းနည်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နဲ့ လှည့်ပတ်ရှောင်ချင်တဲ့ သဘောပါ၊ တစ်ခါတစ်ခါ ကျော့ သိပ်သတ္တိကြောင်တာ၊ ကျော့ရင်မဆိုင်ရဲတာတွေ အများကြီး၊ ကျော့ကို နားလည်ပေးပါ၊ ဒီကမ္ဘာမှာ ကျော့မတောင့်တဆုံးအရာတစ်ခုကိုလည်း မောင်သိလောက်ပါပြီနော်၊ မောင်နဲ့ဝေးရမှာ မောင် ကျော့ကို မေ့သွားမှာကို ကျော့မလိုလားဆုံးပါ"

ကျော့ပါးပြင်မှာ မျက်ရည်စတွေနှင့်၊ မောင့်ရင်ခွင်မှာ အကြာကြီး ရှိုက်ငိုနေမိသည်။ မောင်ပွေ့ဖက်ထားတာ တစ်ကမ္ဘာလောက် ကြာမည်ထင်သည်။ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်၍ စကားမပြောဘဲ ငြိမ်သက်နေကြ၏။ တစ်ယောက်ရင်ခုန်သံ တစ်ယောက်ကြားနေရသည်။ မောင့်ရင်ခွင်ဟာ ဒီလောက်နွေးထွေးလိမ့်မယ်လို့ ကျော့မထင်ခဲ့၊ ဟန်မဆောင်ဘဲ မောင့်ရင်ခွင်မှာ ငိုရဲပါပြီ။

မောင့်လက်ချောင်းတွေ ကျော့ဆံပင်ကို ထိုးဖွလာမှ သတိထားမိသည်။ မောင့်အနမ်းတွေကို ကြည်ဖြူပြီ။ အနည်းငယ်ရှက်သည်မှလွဲ၍ ရင်ခုန်တိမ်းမူးစွာ တုံ့ပြန်နိုင်ပြီ။ စိတ်ဖြူဖြောင့်ကြည်လင်စွာ မောင့်ကို ချစ်နိုင်ပါပြီဟူသော အသိက ဝမ်းနည်းပူဆွေးနေသည့်ကြားမှပင် တစ်ကိုယ်လုံးရှိသွေးကြောမျှင်လေးတွေထဲထိ စီးဆင်းပျော်ဝင်သွားလေသည်။

တကယ်ပါ ကျော့ရင့်ကျက်ဖို့စပြီပဲ။

"မောင့်ဆီ စာမှန်မှန်ရေးနော်၊ မောင်က စာရေးပျင်းပေမယ့် ရောက်တာနဲ့ ကျော့ဆီစာရေးမှာ၊ ကျောင်းပြန်ဖွင့်ရင် ကျော့ အင်းလျားဆောင်က အခုနေတဲ့ အခန်းမှာပဲနေမှာမဟုတ်လား၊ မောင့်ကို ဘာပေးလိုက်မလဲ"

ကျော့ အားနည်းဖျော့တော့စွာ ပြုံးလိုက်သည်။

"မောင့်ကို ချစ်တယ်သိပ်ချစ်တယ်၊ ဒီထက်ပေးဖို့လိုသေးလား"

ကျော့လာသာလာခဲ့ရသည်။ မောင့်ကို ယခုလောက် ဟန်ဟန်ပန်ပန် ပြောနိုင်မည်တောင်မထင်။

"တန်ဖိုးမဖြတ်နိုင်တဲ့စကားတစ်ခွန်းလို့ ပြောမလို့လား၊ ဒီစကားကို မောင်တစ်သက်လုံး မြတ်မြတ်နိုးနိုး သိမ်းထားမယ်၊ ကျော့ချစ်တာကို မောင် သံသယကင်းကင်း ယုံပါပြီ"

"ကျော့လည်း တစ်ခုခုကို ယုံကြည်တတ်လာပြီ။ မျှော်လင့်ချက်လည်း ထားတတ်လာပြီ။ မောင့်အချစ်ကြောင့်ထင်တာပဲ၊ မောင်စိတ်ငြိုငြင်မယ့်စကား



တွေလည်း မပြောတော့ပါဘူး၊ ကျော့အတွက် စိတ်ချပါ"

ဆရာ့အကြောင်းပြောဖို့လည်း ရုတ်တရက် သတ္တိရှိလာသဖြင့်ပြောပြလိုက်သည်။ မောင်က ကျော့ကို ယုံကြည်စိတ်ချဟန်နှင့် ကျော့စကားကိုတောင် ကောင်းကောင်းအရေးမလုပ်ပေ။

ခဏချင်းပင် ဆရာ ကျော့ကို ဘာမှဝင်မစွက်နိုင်တာ သိလိုက်ရသည်။ ဆရာက ကျော့ရင့်ကျက်အောင် စောင့်မည်တဲ့၊ ကျော့ရင့်ကျက်ပြီ၊ မောင့်အချစ်ကြောင့် ရင့်ကျက်ပြီ။ မောင့်အချစ်ကြောင့်ပါ။

ဖေဖေ မေမေတို့ကို ဆန့်ကျင်ရမှာ ကြောက်တာတွေ၊ မကျေနပ်လည်း အမြဲခေါင်းညိတ်ဖို့ အားသန်တာတွေ၊ တစ်ဖက်သားကို အားနာလိုက်လျော့မှုဝိုတတ်တာတွေအတွက်လည်း ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရမဖြစ်တော့။

"အချိန်ရှိသေးတယ်၊ ဒီတစ်ပတ် လေယာဉ်နဲ့ သံတွဲလိုက်သွားမယ်၊ ဖေဖေနဲ့မေမေကိုဖွင့်ပြောပြီးပြီ၊ မောင်မသွားခင် စေ့စပ်ခဲ့ရအောင် ဘယ်လိုလဲဟင်၊ ကျော့သဘောတူတယ်မဟုတ်လား"

သူ ကောက်ကာငင်ကာစီမံတာကို လိုက်လျော့ဖို့ အဆင်သင့်ရှိလေသည်။

"မောင့်သဘော" ဟု ကျေနပ်ပြုံးနှင့် ဖြေလိုက်သည်။

"ကျော့ကို မယုံလို့မဟုတ်ရဘူးနော်၊ ဖေဖေတို့ဆီ ကျော့ စာကြိုရေးလိုက်မယ်"

ကျော့ ပေါ့ပါးသွက်လက်စွာပင် ပြောဖြစ်သည်။ ဆရာ့ဆီသို့လည်း ချက်ချင်း စာတစ်စောင်ကောက်ရေးသည်။

"ဆရာ"

"ဆရာ့ကို ကျော့ ဒီတစ်သက် ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်တော့ဘူး၊ ဆရာဟာ ကျော့ကို အမြဲနားလည်ခဲ့တဲ့သူတစ်ယောက်ဖြစ်လို့ ဒီတစ်ခါလည်း ကျော့ကို ကောင်းကောင်းသိနားလည်မယ်လို့ မျှော်လင့်ပါတယ်၊ ဆရာ့ကို ကျော့ အမြဲအမှတ်ရနေမှာပဲ၊ ကျော့အားမှာ အမြဲရှိနေစေချင်တာလည်း အမှန်ပါပဲ၊ ဆရာ့ကို တိတ်တိတ်ပုန်းများ တွယ်တာမိနေသလား၊ မသိစိတ်က စွဲလန်းနေသလား၊ ကျော့ကိုယ်ကျော့ အကြိမ်ကြိမ် စစ်ဆေးခဲ့ဖူးပါတယ်၊ ဆရာ့ကို ချစ်ခင်

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာတာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ဒီအချစ်မှာ အနှောင့်ပယောဂကင်းတာ၊ တဏှာပေမကင်းတာတော့ ကျော့စိတ်ထဲ ရှင်းရှင်းလင်းလင်း သိပါတယ်၊ တစ်လျှောက်လုံး ဆရာနှင့် နီးနီးကပ်ကပ်နေတာဟာ ကျော့အတွက် အန္တရာယ်ကင်းတဲ့၊ ယဉ်ကျေးသိမ်မွေ့တဲ့၊ စိတ်အလိုမကျဖြစ်စရာမရှိတဲ့ ပိုက်ကွန် ထဲမှာ နေရသလိုပါပဲ၊ ဖေဖေကိုကိုတို့လို ကျော့ကို ကြင်နာနစ်သိမ့်ပေးနိုင်စွမ်းလို့ပါ၊ ဆရာနှင့်အတူတူ တစ်သက်လုံး အခင်အမင်မပျက် ဆရာ့အိမ်အမြဲလာပြီး အမြဲစကားတွေပြောလို့ နေချင်တာအမှန်ပါ"

"နောက်မှ ဆရာနှင့်ကျော့ စကားတွေပြောဆို ရယ်မောကြရအောင်၊ ဒီစာမေးပွဲအပြီးမှာ ဆရာ့ကိုနှုတ်မဆက်ဘဲ အိမ်ပြန်သွားတာကိုတော့ ခွင့်လွှတ်ပါ ဆရာ"

အောက်မှ "ကျော့" ဟု လက်မှတ်ထိုးလိုက်သည်။ ဒီလောက်ဆို ဆရာကျော့ကို ကောင်းကောင်းသိပါပြီ။

ဆရာသာ မဖွင့်ဟခဲ့လျှင် မောင်နှင့် ဒီလောက်မြန်မြန် နီးစပ်မည်မဟုတ်။ အိမ်ကိုလည်း အရေးဆိုဝံ့မည်မဟုတ်။ အခုတော့ ကျော့ သတ္တိရှိပြီ၊

ကျော့မျက်လုံးတွေက မောင့်အခန်းလေးကို ငေးဝဲကြည့်နေမိသည်၊ နောက်ဆို ဒီအခန်းကို ကျော့ရောက်လာမှာ မဟုတ်တော့၊ ဒီတိုက်ခန်းရှေ့က ဖြတ်လျှောက်တဲ့အခါ မောင့်အခန်းရှိရာ လေးလွှာကို မော်မကြည့်မိဖို့၊ ကြည့်မိရင်လည်း ဝရန်တာမှာရပ်ပြီး ကျော့လာမှာကို ငံ့ကြည့်နေတဲ့ မောင့်ပုံရိပ်ကို မမြင်ယောင်မိဖို့ဆိုတာတော့ ဖြစ်နိုင်မည်မထင်။

အို၊ မောင့်အနမ်းတွေ ရှည်လျားလိုက်တာ၊ မောင့်မျက်ဝန်းမှာ စိုလက်လာတဲ့ မျက်ရည်စတွေကို မသိချင်ယောင်ပြုရသည်။ မောင့်မျက်တောင်လေးတွေ လှုပ်ခတ်နေသည်။ ကျော့ မနာလိုချင်စရာကောင်းလောက်အောင် မောင့်မျက်တောင်တွေက ကော့ညွှတ်တုန်း၊ မောင့်မျက်တောင်အခတ်မှာ ကျော့ပါးပြင်ကို ခပ်ရွရွလေး ထိခတ်သွားသည်။ မောင့်မျက်တောင်လေးရဲ့အတွေ့ကိုလည်း ကျော့မေ့တော့မှာမဟုတ်ဘူး။ ကျော့သည် မျက်တောင်ပင် တစ်ချက်မခတ်ရက်သလို၊ မျက်တောင်ဖျားအောက်မှာလည်း အချိန်ကာလသည် ကွယ်ပျောက်သွားတတ်သည်မဟုတ်လား။



"မောင်၊ မောင်..."

အနွမ်းပေါင်းများစွာ ခေါ်မိသည်။

"နောက် အကြာကြီးမခေါ်ဘဲနေရမှာကြောင့်"

"ဩော် ဒီလိုလား"

သူ့ထူးတော့ ကျော့သဘောကျစွာရယ်မောမိသည်။

မောင်နှင့် နောက်ပြန်တွေ့တဲ့အခါ ကျော့ အများကြီးပြောင်းလဲနေမှာပဲ၊ ရင့်ကျက်ပျော့ရွှင်တဲ့ မိန်းမတစ်ယောက် ဖြစ်နေမှာ သေချာသည်။ အချိန်ဆိုတာ အရာရာကို ပြောင်းလဲပစ်နိုင်တာပဲ၊

အင်း... အင်း၊ နောက် မောင့်ဆီစာရေးတော့မှ-

ကျော့ အမှောင်ကိုကြောက်တတ်တာ၊ ကောင်းကင်ကြီး အလင်းမရှိဘဲ မှောင်နေလျှင် သိပ်ကြောက်တာ၊ အခုချိန်မှာ မောင်ဟာ ကျော့ရဲ့ ကောင်းကင်ဖြစ်နေတာ၊ လသာတဲ့ညတွေမှာတောင် စိန်ကြယ်ပွင့်ကလေးတွေကို မြင်ချင်သေးတာတွေ ထည့်ရေးရမည်။

တကယ်ပါ၊ တကယ်ပါ မောင်ရယ်။

**"ညဟာ ပန်းချီကားတစ်ချပ်ဆိုရင် ကျော့က စိန်ကြယ်ပွင့်ကလေးတွေပါ ပါအောင်ထည့်ဆွဲချင်တာ၊**

**အချစ်ဟာ ကဗျာတစ်ပုဒ်ဆိုရင် ကျော့က ခံစားချက်ကင်းကင်းနှင့် ရွတ်ဖတ်ချင်တာ၊**

**ဘဝဟာ ပြဇာတ်တစ်ပုဒ်ဆိုရင် ကျော့ဟာ ပျော်စရာအပေါင်းခညောင်းတဲ့ မင်းသမီးလေးပဲဖြစ်ချင်တာ"**

မောင်ဖြည့်ဆည်းပေးနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့။

"အိုကေ မောင်၊ မောင်သွားမယ့်နေ့မှာ ကျော့က ကင်းမော်အိမ်ဝရန်တာကနေပြီး တိမ်ထူတဲ့မိုးသားထုထဲ ငှက်ကလေးတွေ ပျံသန်းတာကိုကြည့်ပြီး တစ်ယောက်ယောက်နဲ့ မောင့်အကြောင်း ပြောဖြစ်နေမှာပါ"

ဟု ရွှင်ရွှင်လန်းလန်း နှုတ်ဆက်၍ ပြန်ဆင်းလာနိုင်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ရောက်တော့ ပတ်ဝန်းကျင်သည် ရွှေရောင်ပြောင်းစပြုသည်။

ကျော့စိတ်က ဖြုတ်ဆို အိမ်သို့ရောက်သွားသည်။

ပင်လယ်ကလာသည့် ခပ်ရှုရှုလေပြင်း၊ ကျော့ကို လက်ယပ်ခေါ်နေသည့် ခြံထဲက အုန်းလက်စိမ်းစိမ်း၊ ဇီဇဝါနံ့မွှေးမွှေး၊ ဆောင်းငွေ့ဝေဝေ၊ မီးခိုးငွေ့နွေးနွေး၊ ဟင်းနံ့မွှေးမွှေး၊ ဖေဖေ မေမေရှိသည့်အိမ်၊ ဘိုးဘိုးရဲ့ ဆေးတံငွေ့များကြားမှ အိုမင်းနေသည့် မျက်လုံးတွေက တဖျတ်ဖျတ်ခတ်ပြီး သက်ဝင်လှုပ်ရှားနေသည့်အိမ်။

အိမ်ပြန်ချင်လှပြီ။

သင်းစုစုညိမ်း

BURMESE CLASSIC

ရှင်သန်ခြင်း
စာအုပ် (၁)

# အိမ်အပြန်
နှင့်
အခြားဝတ္ထုတိုများ

ထွက်နေပါပြီ။

ရှင်သန်ခြင်းစာပေ
အမှတ် (၄၈)၊ ဒုတိယထပ်၊ ဝါးခယ်မလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် ၁၇၈၇/၂၀၀၃(၁၂)

www.burmeseclassic.com